ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာသဒ္ဒါ
# အတွဲ(၂)၊ အခန်း(၆)
## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာသဒ္ဒါ
# အတွဲ(၂)၊ အခန်း(၆)
## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ (၄၂၂၂၈၂)

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

# အမှာစာ

မြန်မာစာအဖွဲ့ရည်စွာ တည်တံ့ခိုင်မြဲရေးကို ရည်သန်၍ မြန်မာစာအဖွဲ့ဦးစီးဌာနသည် **မြန်မာသဒ္ဒါအခြေပြုကျမ်း** ကိုရှေးဦးစွာပြုစုခဲ့ပါသည်။

ထိုမြန်မာသဒ္ဒါအခြေပြုကျမ်းကို အခြေခံလျက် ကျောင်းများတွင် မြန်မာသဒ္ဒါကို လွယ်ကူစွာ လေ့လာသင်ယူနိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူတို့၏ အသက်၊ ဉာဏ်ရည်နှင့် ဆီလျော်မည့် သဒ္ဒါကျမ်းများကို ဆက်လက်ပြုစုခဲ့ပါသည်။

**မြန်မာသဒ္ဒါ**ကို အတွဲ (၃)တွဲခွဲကာပြုစုပါသည်။ မြန်မာသဒ္ဒါအတွဲ (၁)ကို အခြေခံပညာ အလယ်တန်းအတွက် မြန်မာသဒ္ဒါအတွဲ (၂)ကို အခြေခံပညာအထက်တန်းအတွက် မြန်မာသဒ္ဒါအတွဲ (၃)ကို တက္ကသိုလ်အတွက် ရည်ရွယ်ပါသည်။

မြန်မာသဒ္ဒါအတွဲ (၃)တွဲကိုပြုစုရခြင်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများနှင့် မြန်မာစာ လေ့လာသူများ မြန်မာသဒ္ဒါ၏ အခြေခံသဘောသဘာဝကို နားလည်၍မြန်မာစာ ရေးသားရာ၌ မြန်မာသဒ္ဒါနည်းနှင့်အညီ စည်းကမ်းတကျရေးသားတတ်စေရန်ပင်ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်ကိုအခြေခံလျက် ကျောင်းသား၊ ကျောင်းသူတို့ မြန်မာအက္ခရာအကြောင်း အကျဉ်းချုပ်ကိုသိစေရန်လည်းကောင်း၊ အသံရွတ်ဆိုမှုဆိုင်ရာ အခြေခံသဘောကို သိနားလည်စေရန် လည်းကောင်း၊ ပါဌ်ဆင့်အကြောင်းသိနားလည်စေရန်လည်းကောင်း၊ ဝါစင်္ဂများကိုအကျဉ်းချုပ် ခြုံငုံ လေ့လာနိုင်စေရန်လည်းကောင်း၊ ဝါကျ၏သဘောသဘာဝတို့ကို ပိုမိုနားလည်စေရန်လည်းကောင်း၊ စကားအထားအသို တတ်ကျွမ်းနားလည်စေရန်လည်းကောင်း မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း (၆) ကိုပြုစုပါသည်။

မြန်မာသဒ္ဒါကျမ်းများကိုပြုစုရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ အသက်နှင့် အတန်း ကိုချင့်၍ ဉာဏ်ရည်နှင့်လိုက်အောင် အဆင့်ဆင့်ပိုင်းခြားပြုစုပါသည်။ အခန်းလိုက် အခန်းလိုက် ကျေညက်အောင်လေ့လာကြခြင်းဖြင့် မြန်မာသဒ္ဒါကို အခြေခံခိုင်ခိုင် တတ်မြောက်ကြမည်ဟု ယုံကြည်ပါသည်။

**မြန်မာစာအဖွဲ့**

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | **မြန်မာစာ၊ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်များ** | ၁ |
| | (က) မြန်မာအက္ခရာ | ၁ |
| | (ခ) ဌာန်၊ ကရိုဏ်း၊ ပယတ် | ၁၁ |
| | (ဂ) ပါဠိဆင့်ရေးနည်းနှင့်ဖတ်နည်း | ၁၇ |
| ၂ | **ဝါစင်္ကဆိုင်ရာသိမှတ်ဖွယ်များ** | ၂၄ |
| | (က) နာမ် | ၂၄ |
| | (ခ) နာမ်စား | ၂၇ |
| | (ဂ) နာမဝိသေသန | ၂၉ |
| | (ဃ) ကြိယာ | ၃၃ |
| | (င) ကြိယာဝိသေသန | ၃၅ |
| | (စ) ဝိဘတ် | ၃၇ |
| | (ဆ) သမ္ဗန္ဓ | ၄၀ |
| | (ဇ) ပစ္စည်း | ၄၁ |
| ၃ | **ဝါကျဆိုင်ရာသိမှတ်ဖွယ်များ** | ၅၃ |
| | (က) ဝါကျရိုး | ၅၃ |
| | (ခ) ဝါကျရော | ၅၆ |
| | (ဂ) ဝါကျခွဲခြမ်းစိတ်ဖြာခြင်း | ၆၀ |
| | (ဃ) စကားအထားအသို | ၆၃ |
| ၄ | **စကားလုံးအညွှန်း** | ၇၃ |

# မြန်မာစာ၊ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်များ

## မြန်မာအက္ခရာ

မြန်မာအက္ခရာ

၁။ **မူရင်းအရေးအသားများ။** ။ မြန်မာအက္ခရာ အရေးအသားကို မြန်မာသက္ကရာဇ် ၄၀၀ - ကျော် (အေဒီ - ၁၁ ရာစု) မှစ၍ တွေ့ရှိခဲ့ရသည်။ ထိုအချိန်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော မြန်မာအက္ခရာတို့သည် နှစ်ကာလ ကြာလာသည်နှင့်အမျှ ပုံသဏ္ဌာန်အဆင့်ဆင့် ပြောင်းလဲခဲ့သည်။ ထိုသို့ပြောင်းလဲခဲ့ပုံကို မူရင်းအရေးအသားများကို လေ့လာခြင်းဖြင့် သိနိုင်သည်။ မူရင်းအရေးအသားဆိုသည်မှာ မူလရေးသားခဲ့သည့်အချိန်မှစ၍ ယနေ့တိုင်မူလအတိုင်းတည်ရှိနေသော စာများကိုဆိုလိုသည်။ တစ်နည်းအားဖြင့် တစ်ဆင့်ကူးရေးထားခြင်းမဟုတ်သည့် စာများကိုဆိုလိုသည်။ ရှေးခေတ်မူရင်းအရေးအသားများကို ရှေးဟောင်း အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းစာ စသည်တို့၌တွေ့နိုင်သည်။

၂။ **အုတ်ခွက်စာများ။** ။ ပုဂံခေတ်က ရှေးမြန်မာတို့သည် ရွှံ့စေးပြားပေါ်တွင် ဗုဒ္ဓရုပ်ပွားပုံတော်များပုံနှိပ်၍မီးဖုတ်ပြီး အုတ်ခွက်ဘုရားများ ပြုလုပ်ပူဇော်ခဲ့ကြသည်။ အုတ်ခွက်ဘုရားများ၏အောက်ခြေနှင့် ကျောဘက်တွင် ကုသိုလ်ရှင်၏ဆုတောင်းစာများ ပါတတ်သည်။ ယင်းစာများသည် အလွန်ခိုင်လုံသော မူရင်းအရေးအသားများဖြစ်ပေသည်။ ပုဂံခေတ်အနော်ရထာမင်း၊ စောလူးမင်းနှင့် ကျန်စစ်သားမင်းတို့လက်ထက်တွင် အုတ်ခွက်ပြုလုပ်ခြင်းခေတ်စားခဲ့သည်။ အုတ်ခွက်ပြုလုပ်ပူဇော်သူများတွင် အဆိုပါမင်းတို့ကိုယ်တိုင်ပါဝင်ခဲ့ကြသည်။

၃။ **စဉ့်ကွင်းစာ။** ။ ပုဂံခေတ်က ဘုရားတည်သော ကုသိုလ်ရှင်အချို့သည် မိမိတို့၏ ကောင်းမှုစေတီပုထိုးများကို ၅၅၀ - ဇာတ်နိပါတ် သရုပ်ဖော်ရုပ်လုံး၊ ရုပ်ကြွအုတ်ချပ်များဖြင့် ပတ်ပတ်လည် စီခြယ်ပူဇော်ခဲ့ကြသည်။ အကွက်တစ်ကွက်တွင် ဇာတ်တစ်ဇာတ်ကျသော်လည်းကောင်း၊ ဇာတ်တစ်ဇာတ်ကို အကွက်များစွာဖြင့်သော်လည်းကောင်း ရုပ်ကြွပြုလုပ်ပြီး သက်ဆိုင်ရာဇာတ်နိပါတ်၏ အမည်နှင့် အမှတ်စဉ်၊ ဇာတ်အညွှန်းများကို ကမ္ပည်းအက္ခရာရေးထိုးထားသည်။ ၎င်းရုပ်ကြွများကို စဉ့်ကွင်းဟုခေါ်သည်။ စဉ့်ကွင်း၌ ရေးထားသည့်စာကို စဉ့်ကွင်းစာဟုခေါ်သည်။ စဉ့်ကွင်းများကို အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) မှစ၍ ပုဂံမင်းများပြုလုပ်ပူဇော်ခဲ့ကြသည်။ စေတီပုထိုး၏ကုသိုလ်ရှင်နှင့် သမိုင်းကိုသိလျှင် ထိုစေတီ၌ရှိသည့် စဉ့်ကွင်းစာများ၏ ခုနှစ်သက္ကရာဇ်ကိုတွက်ဆနိုင်သည်။

၄။ **ကျောက်စာ။** ။ သက္ကရာဇ်အခိုင်အမာပါရှိသော တွေ့ရှိရသမျှ မြန်မာကျောက်စာတို့တွင် မြန်မာသက္ကရာဇ် ၄၇၅-ခုနှစ် (အေဒီ ၁၁၁၃-ခုနှစ်)၌ ရေးထိုးခဲ့သည့် ရာဇကုမာရ် ကျောက်စာသည် အစောဆုံးပင်ဖြစ်သည်။ ထို့နောက်တွင်မူ ပုဂံခေတ်တစ်ခေတ်လုံး သာမကပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်ထိအောင် ကျောင်းကန်ဘုရားဒါယကာ၊ ကုသိုလ်ရှင်အချို့သည် မိမိတို့ကောင်းမှုကုသိုလ်နှင့်စပ်လျဉ်း၍ မော်ကွန်းကျောက်စာများ ရေးထိုးထားခဲ့ကြသည်။ ခေတ်အဆက်ဆက်ရေးထိုးထားခဲ့သည့် ကျောက်ထွင်းအက္ခရာများကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် ခေတ်အသီးသီး၌ ရေးသားခဲ့ကြသည့် အက္ခရာပုံသဏ္ဌာန်တို့ကို သိနိုင်သည်။

၅။ **မင်စာ။** ။ ရှေးဂူဘုရားများတွင် အတွင်းဘက်အုတ်နံရံများ၌ မင်ဖြင့်ရေးထားသော စာများရှိတတ်သည်။ ဗုဒ္ဓဝင်၊ ဇာတ်နိပါတ် ပန်းချီသရုပ်ဖော်ပုံများနှင့်ဆိုင်သည့် စာတန်းများ၊ မူလကုသိုလ်ရှင်၏ ဆုတောင်းစာများ၊ နောက်ထပ်ပြုပြင်မွမ်းမံသူတို့၏ ဖြည့်စွက်မှတ်တမ်းများ၊ ထိုခေတ်က မွေးဖွားသူတို့၏ ဇာတာခွင်များစသည်ကို မင်ဖြင့်ရေးခဲ့ကြသဖြင့် ထိုစာတို့ကိုမင်စာဟုခေါ်သည်။ ပုဂံမြို့လောကထိပ်ပန် ဂူဘုရားမှ ဇာတ်ကြီးဆယ်ဘွဲ့မင်စာများမှာ ထင်ရှားကျော်ကြားသည်။ သက္ကရာဇ်အခိုင်အမာပါသော မင်စာများရှိသကဲ့သို့ သက္ကရာဇ်မပါသော မင်စာများလည်းရှိသည်။ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တိုင်အောင် မင်စာများကိုတွေ့ရသည်။ ကျောက်စာများနည်းတူ ထိုမင်စာတို့မှလည်း ခေတ်အဆက်ဆက် အက္ခရာပုံသဏ္ဌာန်တို့ကို လေ့လာနိုင်သည်။

၆။ **ပေစာ၊ ပုရပိုက်စာ။** ။ ပေ၊ ပုရပိုက်တို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမည်ဟုယုံကြည်ရသည်။ သို့သော်နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်၍ ထိုခေတ်ကပေ၊ ပုရပိုက်တို့ကိုတွေ့နိုင်ရန် မလွယ်ကူတော့ချေ။ အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇-ရာစု) ကရေးခဲ့သည့်ပေများကိုမူ တွေ့နိုင်ပေသေးသည်။ ထို့ကြောင့် သက္ကရာဇ် ၁၀၀၀-မှ ယနေ့ ၁၃၀၀- ကျော်အထိ၊ နှစ်ပေါင်း ၃၀၀-ကျော်အတွင်းရေးသားခဲ့သည့် အက္ခရာတို့၏ပုံသဏ္ဌာန်ကို ထိုပေ၊ ပုရပိုက်များတွင်လည်း တွေ့နိုင်သည်။

၇။ **ခေါင်းလောင်းစာ။** ။ ခေတ်အဆက်ဆက် စေတီပုထိုးများတွင် သွန်းလုပ်လှူဒါန်းခဲ့သော သတ္တုခေါင်းလောင်းများ၌ ကုသိုလ်ရှင်၏ ကမ္ပည်းမှတ်တမ်းပါရှိတတ်သည်။ ယင်းစာများသည်လည်း မူလအရေးအသားများဖြစ်၍ အက္ခရာပုံလေ့လာရာ၌ အသုံးဝင်သည်။

၈။ **ပုံနှိပ်စာ။** ။ ပထမမြန်မာပုံနှိပ်စာအုပ်ကို သက္ကရာဇ် ၁၁၃၈-ခု (အေဒီ-၁၇၇၆) တွင် ရောမမြို့၌ ပုံနှိပ်ခဲ့သည်။ အောက်မြန်မာနိုင်ငံရန်ကုန်မြို့တွင် သက္ကရာဇ် ၁၁၇၉-ခု (အေဒီ-၁၈၁၇) ၌ ပုံနှိပ်လုပ်ငန်းစတင်ပြီး အထက်မြန်မာနိုင်ငံ မန္တလေးရတနာပုံ မြို့တော်တွင်လည်း သက္ကရာဇ် ၁၂၂၆-ခု (အေဒီ-၁၈၆၄) ၌ စာပုံနှိပ်လုပ်ငန်းပေါ်ပေါက်လာကာ ပုံနှိပ်စာများထွန်းကားလာသည်။

၉။ **အက္ခရာများ၏ယေဘုယျပုံသဏ္ဌာန်။** ။ မြန်မာစာ အထင်အရှားတွေ့ရသည်မှစ၍ ယနေ့အထိ အနှစ် ၉၀၀-ခန့် ကြာမြင့်ခဲ့သည့်ကာလတစ်လျှောက် အက္ခရာတို့၏ ပုံသဏ္ဌာန်သည် ပြောင်းလဲတန်သရွေ့ ပြောင်းလဲခဲ့ကြသည်။ သို့ရာတွင် ခြုံ၍ကြည့်ပါလျှင်မူ မြန်မာအက္ခရာအများစု၏ ပုံသဏ္ဌာန်သည် ပုံဖမ်းမရလောက်အောင် ပြောင်းလဲခြင်းမရှိချေ။

မြန်မာသက္ကရာဇ် ၄၅၀-၅၀၀ ခန့် (အေဒီ ၁၀၉၀-၁၁၄၀ ခန့်) မှစ၍ လေးထောင့်ဆန်သော အက္ခရာတို့ကို သုံးစွဲခဲ့ကြသည်။ လေးထောင့်အက္ခရာ ခရာထောင့်ကို ကျောက်စာများ၊ မင်စာများတွင် အမြောက်အမြားတွေ့ရသည်။ ပေရွက်ပေါ်တွင် မင်၊ စုတ်တံဖြင့်ရေးသည့် ပေစာများတွင်လည်း ခရာထောင့်ကိုပင် သုံးစွဲခဲ့ကြဟန်တူသည်။

ခရာထောင့်သည် လှပသေသပ်သလိုရှိသည်။ သို့သော် လက်တွေ့ရေးသားရာ၌မူ မထောင့်ထောင့်အောင် အားထုတ်ရသည်။ ထို့အတွက် အချိန်ယူရသည်။ ခပ်သွက်သွက်ရေးလျှင် ထောင့်မကျတော့ချေ။ ဤသို့ဖြင့် ထောင့်မကျသော၊ ခပ်ဝန်းဝန်းသဏ္ဌာန်ရှိသော အက္ခရာတို့ကိုလည်း ပြည်သူများသည် ခရာထောင့်နှင့်ယှဉ်တွဲလျက် သုံးစွဲခဲ့ကြသည်။ သက္ကရာဇ် ၈၁၁-ခု က အက္ခရာဝိုင်းဖြင့်ရေးခဲ့သည့် မင်စာအချို့ကို ပုဂံ၊ မင်းနန်းသူရှိ ဘုရားသုံးဆူတွင်တွေ့နိုင်သည်။ ဤကာလ၌ အက္ခရာအဝိုင်း ခရာဝန်း

နှင့် လေးထောင့်အက္ခရာခရာထောင့်ဟူ၍ နှစ်မျိုးရှိနေသည်ကိုတွေ့ရသည်။

တစ်ဖန်ပေရွက်၊ ထန်းရွက်တွင်-စုတ်၊ ဆေးဖြင့်ရေးသည့်အခါ ထောင့်သော အက္ခရာကို အဆင်ပြေစွာ ရေးနိုင်သော်လည်း ကညစ်ဖြင့်ရေးသားသည့်အခါ ထောင့်သောအက္ခရာတို့ကို ရေးဆွဲရာ၌ အဆင်မပြေလှချေ။ ဝိုင်းဝိုင်းဆွဲမှသာအဆင်ပြေသည်။ ဤသို့ဖြင့်အက္ခရာ အဝိုင်းခရာဝန်းဘက်မှ အားသာလာခဲ့ဟန်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာသက္ကရာဇ် ၄၅၀-၅၀၀ မှ ၁၀၀၀-ခန့်အထိ အက္ခရာအထောင့်သုံးသည်ကို တွေ့ရပြီး မြန်မာသက္ကရာဇ် ၈၀၀-မှစ၍ အက္ခရာအဝန်းသုံးသည်ကို တွေ့ရသည်။ သက္ကရာဇ် ၈၀၀-မှ ၁၀၀၀-အတွင်း၌မူ အက္ခရာအထောင့်ရော အဝန်းပါသုံးကြသည်ဟုဆိုနိုင်သည်။

၁၀။ **သဏ္ဌာန်ပြောင်းအက္ခရာများ။** ။ မြန်မာဗျည်းသရအက္ခရာတို့တွင် မသိမသာ ပြောင်းလဲသောအက္ခရာများနှင့် သိသိသာသာပြောင်းလဲသော အက္ခရာများဟုနှစ်မျိုး နှစ်စားတွေ့ရသည်။ မသိမသာပြောင်းသော အက္ခရာတို့၏ရှေးသဏ္ဌာန်ကို မြင်လျှင်မှတ်မိနိုင်သည်။ သာဓကအားဖြင့် ၊ ကိုမြင်လျှင် က ဟုသိနိုင်သည်။ သိသိသာသာ ပြောင်းလဲသောအက္ခရာတို့မှာ ဆ၊ ဇ၊ ည၊ ဒ၊ န၊ ဘ၊ ရ၊ သ၊ အ၊ ဣ၊ ဤ၊ ဦ၊ ဧ တို့ ဖြစ်ကြသည်။

၁၁။ **ဆလိမ်ပြောင်းလဲပုံ။** ။ **ဆလိမ်**သည် မူလက အကြီးအသေး မညီသော ကွင်းလိမ် သဏ္ဌာန်ရှိသည်။ ထို့နောက်မှရှေ့ပိုင်းသည် ခ သဏ္ဌာန်ပြောင်းလာပြီး ယနေ့ပုံသို့ ရောက်လာသည်။

၁၂။ **ဇကွဲပြောင်းလဲပုံ။** ။ **ဇကွဲ**သည် မူလက င ၏ မျက်နှာဝအလယ်တွင် လျှာတိုကလေးပါသည်။ ယင်းကမှထိုလျှာကလေးသည် အထက်ပိုင်းနှင့်ဆက်မိပြီး တစ်စတစ်စ ရှည်ထွက်လာသည်။ ထို့နောက် ပြန်တိုသွားကာ ယနေ့ပုံမျိုးဖြစ်လာသည်။

၁၃။ **ညပြောင်းလဲပုံ။** ။ **ည**သည် မူလကယနေ့ **သ** နှင့်ဆင်တူသည်။ ဦးခေါင်း၌ အတွန့်ပါတတ်သည်။ ဘယ်ဘက်အောက်တွင် အညှောက်တိုကလေးရှိသည်။ ထိုအညှောက်တိုသည် ရှည်ထွက်လာပြီး ယနေ့ပုံမျိုးဖြစ်လာသည်။

၁၄။ **ဒထွေးပြောင်းလဲပုံ။** ။ **ဒထွေး**ကို ရှေးအုတ်ခွက်စာ၊ စဥ့်ကွင်းစာများ၌ သဏ္ဌာန်ဖြင့် တွေ့ရသည်။ ကျောက်စာများတွင်မူ ၊ ၊ သဏ္ဌာန်သုံးမျိုးဖြင့်တွေ့ရသည်။ ကျောက်စာတစ်ချပ်တည်းမှာပင် သဏ္ဌာန်သုံးမျိုးလုံးတွေ့သည့်အခါတွေ့ရသည်။ နောင်ခရာဝန်းတွင် ကျယ်လာသောအခါ ဒ ပုံတည်တံ့လာခဲ့သည်။

၁၅။ **နငယ်ပြောင်းလဲပုံ။** ။ **နငယ်**သည် မူလကအမြီးတိုသည်။ ခေါင်းရောအမြီးပါ မထင်ရှားလှသော ပုံမျိုးလည်းရှိသည်။ နောင်သော် ခေါင်းထင်ရှားလာပြီး အမြီးရှည်ထွက်ကာ ယနေ့ပုံဖြစ်လာသည်။

၁၆။ **ဘကုန်းပြောင်းလဲပုံ။** ။ **ဘကုန်း**သည် လေးထောင့်ဝငယ်၏ ဘယ်ဘက်ထိပ်၌ အစွန်းငယ်ပါသည့်သဏ္ဌာန်ရှိသည်။ ခရာဝန်းရေးသည့်အခါ ယနေ့ပုံဖြစ်လာသည်။

၁၇။ **ရကောက်ပြောင်းလဲပုံ။** ။ **ရကောက်**သည် မူလက ညာဘက်သို့လှည့်၍ တိုသည့်ပုံရှိသည်။ အမြီး၊ ခေါင်းမထင်ရှားသော တုတ်ချောင်းတိုပုံလည်းတွေ့ရသည်။ သို့သော် အင်းဝခေတ်၌မူ ဤ သဏ္ဌာန် ဖြစ်လာသည်။ ထိုမှခေါင်းအဝိုက်သည် အောက်သို့ဘစ်စတစ်စရှည်ဆင်းလာသည်။ ထိုကမှ ယနေ့ရကောက်ဖြစ်လာသည်။

၁၈။ **သပြောင်းလဲပုံ။** ။ သသည် ခရာထောင့် တွင်ကျယ်ချိန်၌ လေးထောင့် ပတွင် ဘယ်ဘက်အောက်မှ အငုတ်ကလေးပါရုံမျှသဏ္ဌာန်ရှိသည်။ ခရာဝန်းရေးလာသော အခါ ယနေ့ပုံဖြစ်ပေါ်လာသည်။

၁၉။ **အပြောင်းလဲပုံ။** ။ အကိုခရာထောင့်ရေးသည့်အခါ၌ [illegible] ၊ [illegible] ၊ [illegible] ပုံသဏ္ဌာန်ဖြင့် တွေ့ရသည်။ ခရာဝန်းရေးစ၌ [illegible] ၊အ သဏ္ဌာန်မျိုးလည်း တွေ့ရသည်။ ထိုမှတစ်ဆင့်ယနေ့ပုံ ဖြစ်လာသည်။

၂၀။ **အက္ခရာဣပြောင်းလဲပုံ။** ။ **အက္ခရာဣ**သည် မူလက လှိုင်းတွန့်နှစ်ခု သဏ္ဌာန်အက္ခရာ ဖြစ်သည်။ အခြေမပါ။ အခြားအက္ခရာများနှင့် မျဉ်းတစ်ညီတည်းရေးလေ့ရှိသည်။ ထိုပုံမှ ဣ နှစ်ဆင့်သဏ္ဌာန်၊ ထိုမှအခြေထွက်၍ ယနေ့ပုံသို့ကူးပြောင်းလာသည်။

၂၁။ **အက္ခရာဤပြောင်းလဲပုံ။** ။ **အက္ခရာဤ**သည် မူလကလှိုင်းတွန့်တစ်ခုနှင့် ၎င်းအောက်မှ ညာဘက်ကိုဝိုက်၍ တက်သွားသော မျဉ်းတစ်ကြောင်းပါရှိသည်။ ထိုမျဉ်းအစွန်းနှစ်ဘက်ကွေ့ဝိုက်သွားရာမှ ယနေ့ပုံဖြစ်လာသည်။


၂၂။ **အက္ခရာဦပြောင်းလဲပုံ။** ။ **အက္ခရာဦ**သည် မူလကအက္ခရာဥ၏ ဦးခေါင်း၌ အသတ် ပြောင်းပြန်သဏ္ဌာန် အမောက်ငယ်ပါသည်။ ထိုအမောက်ငယ်သည် နောင်သော် လုံးကြီးတင် သဏ္ဌာန်ထိပိတ်သွားပြီး အဆန်ခတ်ကာယနေ့ပုံဖြစ်လာသည်။

၂၃။ **အက္ခရာ ဧပြောင်းလဲပုံ။** ။**အက္ခရာဧ** သည်မူလကအရွယ်ပုံအသေးအကြီး နှစ်မျိုးတွေ့ရသည်။ ခရာဝန်းရေးသည့်အခါ အခြားအက္ခရာများနှင့် အရွယ်တူပြီး အောက်ပိုင်းအစွန်းကွေးဝင်သွားသည်။

၂၄။ မြန်မာအက္ခရာပုံသဏ္ဌာန် အဆင့်ဆင့်ပြောင်းလဲပုံကို အကျဉ်းမျှဖော်ပြခဲ့ပြီ။ ယခု ဖော်ပြခဲ့သော အက္ခရာများ၏ပြောင်းလဲပုံနှင့် အခြားအက္ခရာများ၏ပြောင်းလဲပုံတို့ကို အက္ခရာပုံနှိုင်းယှဉ်ပြ ခေတ်ပုံဇယား၌ လေ့လာကြည့်ရှုနိုင်သည်။ ယခုထက်ကျယ်ကျယ် ဝန်းဝန်းလေ့လာဖွယ်များနှင့် ယခုဖော်ပြမထားသော သရသင်္ကေတများ၊ သံပြောင်း သင်္ကေတများ၊ ဗျည်းတွဲများ၊ ပါဠိဆင့်အက္ခရာများ၊ ဂဏန်းများ၏ ပုံသဏ္ဌာန်ပြောင်းလဲပုံတို့ကို အဆင့်မြင့်မြန်မာစာလေ့လာသူတို့ ဆက်လက်လေ့လာကြရသည်။


# အက္ခရာပုံနှိုင်းယှဉ်ပြခေတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| ဘုတ်ခွက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |




# အက္ခရာပုံနှိုင်းယှဉ်ပြခေတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| အုတ်ခွက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |




## အက္ခရာပုံနှိုင်းယှဉ်ပြဓာတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| အုတ်ခွက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |




# အက္ခရာပုံနှိုင်းယှဉ်ပြခေတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| အုတ်ချက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |




# အက္ခရာပုံနှိုင်းယှဉ်ပြဓာတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| အုတ်ခွက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |



## အက္ခရာပုံနှိုင်းယှဉ်ပြဇာတ်ပုံဇယား

| ပုဂံခေတ် | | အင်းဝခေတ် | ကုန်းဘောင်ခေတ် | | ယခုခေတ် |
|---|---|---|---|---|---|
| အုတ်ခွက်စာ | ကျောက်စာ | ကျောက်စာ | ကျောက်စာ | ပေ၊ ပုရပိုက်စာ | ပုံနှိပ်စာ |



### အနှစ်ချုပ်

မြန်မာအက္ခရာ၊ မူရင်းအရေးအသားများဖြစ်သော အုတ်ခွက်စာ၊ စဉ့်ကွင်းစာ၊ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါ်င်းလောင်းစာ၊ ပုံနှိပ်စာများအကြောင်း၊ အက္ခရာများ၏ ပုံသဏ္ဍာန်များ အဆင့်ဆင့်ပြောင်းလဲပုံတို့ကို ဖော်ပြထားသည်။

# ဌာန်၊ ကရိုဏ်း၊ ပယတ်

**ဌာန်၊ကရိုဏ်း၊ ပယတ်**

၂၅။ **ဌာန်။** ။ စကားသံဖြစ်ပေါ်ရာနေရာကို ဌာန်ဟုခေါ်သည်။

၂၆။ **ကရိုဏ်း။** ။ စကားသံဖြစ်ပေါ်စေရန် အကူအညီပေးသော အသုံးခံဝတ္ထုကို **ကရိုဏ်း** ဟုခေါ်သည်။

၂၇။ **ပယတ်။** ။ စကားသံဖြစ်ပေါ်စေရန် အားထုတ်ရွတ်ဆိုမှုကို ပယတ်ဟုခေါ်သည်။

၂၈။ စကားသံသည် ဌာန်၊ ကရိုဏ်း၊ ပယတ်ရှိမှသာဖြစ်ပေါ်သည်။ စကားသံဖြစ်ပေါ်မှုသည် စောင်းကြိုးကို လက်နှင့်တီးခတ်ခြင်းဖြင့် စောင်းသံဖြစ်ပေါ်မှုနှင့်တူသည်။ စောင်းကြိုးသည် အသံဖြစ်ပေါ်ရာ နေရာဖြစ်၍ ဌာန်နှင့်တူသည်။ လက်သည်စောင်းသံဖြစ်ပေါ်လာစေရန် အကူအညီပေးသော အသုံးခံဝတ္ထုဖြစ်၍ ကရိုဏ်းနှင့်တူသည်။ စောင်းသံဖြစ်ပေါ်လာရန် တီးခတ်မှုသည် ပယတ်နှင့်တူသည်။

၂၉။ စကားသံသည် ခံစားချက်၊ စိတ်ကူးစိတ်သန်းစသည်ကို ထုတ်ဖော်ပြောဆိုလိုသည့် ဆန္ဒတစ်ခုတည်းဖြင့် နှုတ်မှထွက်ပေါ်လာခြင်းမဟုတ်ပေ။ ထုတ်ဖော်ပြောဆိုလိုသည့် ဆန္ဒကြောင့် အဆုတ်အတွင်း၌ စကားသံဖြစ်နိုင်မည့် လေတစ်မျိုးသည် ရှေးဦးစွာဖြစ်ပေါ်လာရသည်။ ထိုလေသည် အထက်သို့တက်လာရာ လည်မျိုရှိအသံအိုးသို့ရောက်သည်။ အသံအိုးသို့ရောက်လာသည်နှင့်တစ်ပြိုင်နက် ထိုလေသည်စကားသံဖြစ်နိုင်မည့်အသံ၊ တစ်နည်းအားဖြင့်မူလသံအဖြစ်သို့ ပြောင်းသွားသည်။ မူလသံသည် ဗျည်းသံ၊ သရသံဟူ၍ မကွဲပြားသေးပေ။ ထိုအခါ ပြောလိုသူကပြောလိုသည့် စကားသံဖြစ်ပေါ်လာစေရန် စကားသံဖြစ်အင်္ဂါအစိတ်အပိုင်းတို့နှင့် တွေ့ထိစေသောအခါမှ မူလသံသည် စကားသံအဖြစ်ထွက်ပေါ်လာသည်။

၃၀။ **စကားသံဖြစ်အင်္ဂါ။** ။ စကားသံများဖြစ်အောင် ဖန်တီးနိုင်သော အင်္ဂါအစိတ်အပိုင်းများကို **စကားသံဖြစ်အင်္ဂါ** ဟုခေါ်သည်။ စကားသံဖြစ်အင်္ဂါကို အောက်ပါအတိုင်း အဓိကအားဖြင့် (၂)မျိုးပိုင်းခြားထားသည်။

(က) မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ

(ခ) လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ

၃၁။ **မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ။** ။ မလှုပ်ရှားနိုင်သောစကားသံဖြစ် **အင်္ဂါမှာဌာန်**ဖြစ်သည်။ မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ (၇)မျိုးရှိသည်။ ယင်းအင်္ဂါ (၇)မျိုးတို့မှာ -

(က) လည်ချောင်း

(ခ) အာခေါင်ပျော့

(ဂ) အာခေါင်မာ

(ဃ) အာထိပ်

(င) သွား

(စ) အထက်နှုတ်ခမ်း

(ဆ) နှာခေါင်း တို့ဖြစ်ကြသည်။


၃၂။ **လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ။** ။ လှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါမှာ ကရိုဏ်းဖြစ်သည်။ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ (၇)မျိုးရှိသည်။ ယင်းအင်္ဂါ (၇)မျိုးတို့မှာ -

(က) လျှာရင်း
(ခ) လျှာနောက်
(ဂ) လျှာလယ်
(ဃ) လျှာရှေ့(လျှာဖျားအနီး)
(င) လျှာဖျား
(စ) အောက်နှုတ်ခမ်း
(ဆ) လျှာခင် တို့ဖြစ်ကြသည်။

၃၃။ **ဌာန်နှင့်ကရိုဏ်း။** ။ ဌာန် (၇)နေရာတို့ ကရိုဏ်း (၇)မျိုးဖြင့် ထိပေးလိုက်ခြင်းဖြင့် သက်ဆိုင်ရာအက္ခရာတို့၏ အသံများဖြစ်လာသည်။ ထို့ကြောင့် ဌာန်ကိုသီးခြားပြလေ့မရှိဘဲ ကရိုဏ်းနှင့် တွဲ၍ပြလေ့ရှိသည်။ အက္ခရာတို့၏အသံများဖြစ်ပေါ်လာစေသော **ဌာန်နှင့်ကရိုဏ်းအတွဲ** (၇)မျိုးရှိသည်။ ယင်းဌာန်နှင့်ကရိုဏ်းအတွဲ (၇)မျိုးတို့မှာ -

(က) လည်ချောင်းဌာန် - လျှာရင်းကရိုဏ်း
(ခ) အာခေါင်ပျော့ဌာန် - လျှာနောက်ကရိုဏ်း
(ဂ) အာခေါင်မာဌာန် - လျှာလယ်ကရိုဏ်း
(ဃ) အာထိပ်ဌာန် - လျှာဖျားအနီးကရိုဏ်း
(င) သွားဌာန် - လျှာဖျားကရိုဏ်း
(စ) နှုတ်ခမ်းဌာန် - နှုတ်ခမ်းကရိုဏ်း
(ဆ) နှာခေါင်းဌာန် - လျှာခင်ကရိုဏ်း တို့ဖြစ်ကြသည်။

## စကားသံဖြစ်အင်္ဂါပြပုံ




၃၄။ **လည်ချောင်းဌာန် - လျှာရင်းကရိုဏ်း။** ။ လည်ချောင်းဌာန်နှင့်လျှာရင်း ကရိုဏ်းတို့ထိရာနေရာကို လည်ချောင်းဌာန် - လျှာရင်းကရိုဏ်းဟုခေါ်သည်။

၃၅။ **အာခေါင်ပျော့ဌာန် - လျှာနောက်ကရိုဏ်း။** ။ အာခေါင်ပျော့ဌာန်နှင့်လျှာနောက်ပိုင်း ကရိုဏ်းတို့ ထိရာနေရာကို **အာခေါင်ပျော့ဌာန် - လျှာနောက်ကရိုဏ်း** ဟု ခေါ်သည်။

၃၆။ **အာခေါင်မာဌာန် - လျှာလယ်ကရိုဏ်း။** ။ အာခေါင်မာဌာန်နှင့်လျှာလယ် ကရိုဏ်းတို့ထိရာနေရာကို **အာခေါင်မာဌာန် - လျှာလယ်ကရိုဏ်း**ဟုခေါ်သည်။

၃၇။ **အာထိပ်ဌာန် - လျှာဖျားအနီးကရိုဏ်း။** ။ အာထိပ်ဌာန်နှင့် လျှာဖျားအနီး (လျှာရှေ့) ကရိုဏ်းတို့ ထိရာနေရာကို **အာထိပ်ဌာန် - လျှာဖျားအနီးကရိုဏ်း** ဟုခေါ်သည်။

၃၈။ **သွားဌာန်-လျှာဖျားကရိုဏ်း။** ။ သွားဖျားဌာန်နှင့် လျှာဖျားကရိုဏ်းတို့ထိရာ နေရာကို လည်းကောင်း၊ သွားရင်းသွားဖုံးဌာန်နှင့် လျှာဖျားကရိုဏ်းတို့ထိရာနေရာကို လည်းကောင်း သွားဌာန်-လျှာဖျားကရိုဏ်းဟုခေါ်သည်။

၃၉။ **နှုတ်ခမ်းဌာန်-နှုတ်ခမ်းကရိုဏ်း။** ။ အထက်နှုတ်ခမ်းဌာန်နှင့်အောက်နှုတ်ခမ်း ကရိုဏ်းတို့ ထိရာနေရာကို **နှုတ်ခမ်းဌာန်-နှုတ်ခမ်းကရိုဏ်း** ဟုခေါ်သည်။

၄၀။ **နှာခေါင်းဌာန်-လျှာခင်ကရိုဏ်း။** ။ သက်ဆိုင်ရာကရိုဏ်းသည် သက်ဆိုင်ရာဌာန်ကိုထိစဉ် လျှာခင်ကို အောက်သို့နှိမ့်ချလိုက်ခြင်းဖြင့် ဖြစ်လာသောဌာန်ကရိုဏ်းသည် နှာခေါင်းဌာန်-လျှာခင် ကရိုဏ်းဖြစ်သည်။ လျှာနောက်ကရိုဏ်းသည် အာခေါင်ပျော့ဌာန်ကို ထိစဉ်၊ လျှာလယ်ကရိုဏ်းသည် အာခေါင်မာဌာန်ကိုထိစဉ်၊ လျှာဖျားအနီးကရိုဏ်းသည် အာထိပ်ဌာန်ကိုထိစဉ်၊ အောက်နှုတ်ခမ်းကရိုဏ်း သည် အထက်နှုတ်ခမ်းဌာန်ကိုထိစဉ် လျှာခင်ကိုအောက်သို့ နှိမ့်ချလိုက်သောအခါ မူလသံသည် နှာခေါင်း ပေါက်မှအပြင်သို့ ထွက်သွားသည်။

၄၁။ ဖော်ပြပါဌာန် (၇)မျိုးနှင့် ကရိုဏ်း (၇)မျိုးတို့ထိ၍ သက်ဆိုင်ရာအသံနှင့်အက္ခရာတို့ ဖြစ်ပေါ်လာ ပုံကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

**ဌာန်နှင့်ကရိုဏ်းထိ၍ဖြစ်ပေါ်လာသော အသံနှင့်အက္ခရာပြဇယား**

| စဉ် | ဌာန်နှင့်ကရိုဏ်း | အသံ | အက္ခရာ | အသံတူ အက္ခရာ |
|---|---|---|---|---|
| ၁ | လည်ချောင်း-လျှာရင်း | အ၊ အာ၊ ဟ။ | အ၊ အာ၊ ဟ။ | |
| ၂ | အာခေါင်ပျော့-လျှာနောက် | က၊ ခ၊ ဂ၊ င။ | က၊ ခ၊ ဂ၊ ဃ၊င။ | ဂ = ဃ |
| ၃ | အာခေါင်မာ-လျှာလယ် | အိ၊ အီ၊ အေ၊ အဲ၊ ည၊ ယ။ | ဣ၊ ဤ၊ ဧ၊အဲ၊ ည၊ ယ၊ ရ။ | ယ = ရ |
| ၄ | အာထိပ်-လျှာဖျားအနီး | တ၊ ထ၊ ဒ၊ န၊ လ။ | ဋ၊ဌ၊ဍ၊ဎ၊ဏ၊ တ၊ထ၊ဒ၊ဓ၊န၊ } လ၊ဠ။ | ဋဝဂ်=တဝဂ် <br> လ = ဠ |
| ၅ | သွား-လျှာဖျား | စ၊ ဆ၊ ဇ၊ သ။ | စ၊ ဆ၊ ဇ၊ ဈ၊ သ။ | ဇ = ဈ |
| ၆ | နှုတ်ခမ်း-နှုတ်ခမ်း | အု၊အူ၊အော၊အော်၊အို၊ ပ၊ဖ၊ဗ၊မ၊ဝ။ | ဥ၊ဦ၊ဩ၊ဪ၊အို၊ ပ၊ဖ၊ဗ၊ဘ၊မ၊ဝ။ | ဗ = ဘ |
| ၇ | နှာခေါင်း-လျှာခင် | င၊ ည၊ န၊ မ။ | င၊ ည၊ဏ၊ န၊ မ။ | ဏ = န |

၄၂။ **ပယတ်။** ။စကားသံဖြစ်ပေါ်စေရန် အားထုတ်ရွတ်ဆိုမှုကို **ပယတ်**ဟုခေါ်သည်။ ပယတ် (၄) မျိုးရှိသည်။ ယင်းပယတ် (၄)မျိုးတို့မှာ -

(က) ပိတ်ရွတ်ပယတ်

(ခ) ဖွင့်ရွတ်ပယတ်

(ဂ) ထိရွတ်ပယတ်

(ဃ) စဉ်းငယ်ထိရွတ်ပယတ်တို့ဖြစ်ကြသည်။

၄၃။ ပယတ် (၄)မျိုးအနက် ပိတ်ရွတ်ပယတ်နှင့် ဖွင့်ရွတ်ပယတ်တို့သည် သရရွတ်ဆိုမှုနှင့် သက်ဆိုင် သည်။ ထိရွတ်ပယတ်နှင့် စဉ်းငယ်ထိရွတ်ပယတ်တို့သည် ဗျည်းရွတ်ဆိုမှုနှင့် သက်ဆိုင်သည်။

၄၄။ အသံအိုးတွင် အဆုတ်မှတက်လာသောလေကို ပိတ်နိုင်၊ ဖွင့်နိုင်သောအသံကြိုး (၂)ချောင်းရှိသည်။ ယင်းအသံကြိုး (၂)ချောင်းကိုပိတ်၍သော်လည်းကောင်း၊ ဖွင့်၍သော်လည်းကောင်း သရများကိုရွတ်နိုင်သည်။ ဗျည်းများကိုမူ ဌာန်နှင့်ကရိုဏ်းတို့ကိုထိ၍သော်လည်းကောင်း၊ စဉ်းငယ်ထိ၍သော်လည်းကောင်း ရွတ်နိုင်သည်။ ဤသို့အားဖြင့် -

(က) ပိတ်ရွတ်သရ

(ခ) ဖွင့်ရွတ်သရ

(ဂ) ထိရွတ်ဗျည်း

(ဃ) စဉ်းငယ်ထိရွတ်ဗျည်း တို့ဖြစ်ပေါ်လာသည်။

၄၅။ **ပိတ်ရွတ်သရ။** ။ အသံကြိုး (၂)ချောင်းကိုပိတ်၍ရွတ်ရာမှ ဖြစ်ပေါ်လာသည့် သရကို **ပိတ်ရွတ်သရ**ဟုခေါ်သည်။

၄၆။ **ဖွင့်ရွတ်သရ။** ။ အသံကြိုး (၂)ချောင်းကိုဖွင့်၍ရွတ်ရာမှ ဖြစ်ပေါ်လာသည့် သရကို **ဖွင့်ရွတ်သရ**ဟုခေါ်သည်။

၄၇။ **ထိရွတ်ဗျည်း။** ။ ဌာန်နှင့်ကရိုဏ်းတို့ကိုထိ၍ရွတ်ရာမှ ဖြစ်ပေါ်လာသည့်ဗျည်းကို **ထိရွတ်ဗျည်း** ဟုခေါ်သည်။

၄၈။ **စဉ်းငယ်ထိရွတ်ဗျည်း။** ။ ဌာန်နှင့်ကရိုဏ်းတို့ကို စဉ်းငယ်ထိ၍ ရွတ်ရာမှဖြစ်ပေါ်လာသည့် ဗျည်းကို **စဉ်းငယ်ထိရွတ်ဗျည်း** ဟုခေါ်သည်။

၄၉။ ပယတ် (၄)မျိုးအလိုက်ဖြစ်ပေါ်လာသည့် သရနှင့်ဗျည်းတို့ကိုအောက်ပါဇယားတွင် ပြထားသည်။

**ပယတ် (၄)မျိုးဆိုင်ရာသရနှင့်ဗျည်းပြဇယား**

| စဉ် | ပယတ် | သရနှင့်ဗျည်း |
|---|---|---|
| ၁ | ပိတ်ရွတ်သရ | - အ၊ အိ၊ အု၊<br>- အေ့၊ အဲ့၊ အော့၊ အို့၊<br>- အင့်၊ အဉ့်၊ အည့်၊ အန့်၊ အမ့်၊<br>- အက်၊ အောက်၊ အိုက်၊<br>- အစ်၊<br>- အတ်၊ အိတ်၊ အုတ်၊<br>- အပ်၊ အိပ်၊ အုပ်။ |
| ၂ | ဖွင့်ရွတ်သရ | - အာ၊အီ၊အူ၊အေ၊အဲ၊အော၊အော်၊အို၊<br>- အင်၊အဉ်၊အည်၊အန်၊အမ်၊<br>- အား၊အီး၊အူး၊အေး၊အိုး။<br>- အင်း၊အဉ်း၊အည်း၊အန်း၊အမ်း။ |

| | | |
|---|---|---|
| ၃။ | ထိရွတ်ဗျည်း | - က၊ ခ၊ ဂ၊ ဃ၊ င၊<br>စ၊ ဆ၊ ဇ၊ ဈ၊ ည၊<br>ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊<br>တ၊ ထ၊ ဒ၊ ဓ၊ န၊<br>ပ၊ ဖ၊ ဗ၊ ဘ၊ မ၊<br>- သ။ |
| ၄။ | စဉ်းငယ်ထိရွတ်ဗျည်း | - ယ၊ ရ၊ လ၊ ဠ၊ ဝ။ |

## အနှစ်ချုပ်

စကားသံဖြစ်ပေါ်ရာဌာန်၊ စကားသံဖြစ်ပေါ်စေရန်ကူညီပေးသော အသုံးခံဝတ္ထုဖြစ်သည့် ကရိုဏ်း၊ ပယတ်တို့ဖြင့် စကားသံဖြစ်ပေါ်စေရန် ရွတ်ဆိုပုံများကို ရှင်းပြထားသည်။

# ပါဠိဆင့်ရေးနည်းနှင့်ဖတ်နည်း

## ပါဠိဆင့်ရေးနည်းနှင့်ဖတ်နည်း

၅၀။ အက္ခရာ (၂)လုံးဆင့်၍ ရေးထားသောအက္ခရာတွဲကို ပါဌ်ဆင့်ဟုခေါ်သည်။

၅၁။ မြန်မာဘာသာစကားနှင့်စာပေ၌ မေတ္တာ၊ ဝိဇ္ဇာ၊ ဒုက္ခ၊ ကိစ္စ စသည့်ပါဠိစကားလုံးများ၊ တက္ကသိုလ်၊ အဓိဋ္ဌာန်၊ သဏ္ဌာန်၊ တိရစ္ဆာန် စသည့်ပါဠိသက်စကားလုံးများ၊ ယောက္ခမ၊ လက်ျာ စသည့် မြန်မာစကားလုံးများပါဝင်ကြသည်။ ဤစကားလုံးတို့၌ တ္တ၊ ဇ္ဇ၊ က္ခ၊ စ္စ၊ က္က၊ ဋ္ဌ၊ ဏ္ဌ၊ စ္ဆ စသည့်ပါဌ်ဆင့်များပါဝင်ကြသည်။ ဤပါဌ်ဆင့်တို့ကို စနစ်တကျမည်သို့ရေးရသည်၊ မှန်ကန်စွာမည်သို့ဖတ်ရသည်ကို သိရှိရန်လိုသည်။

၅၂။ ပါဌ်ဆင့်ရေးနည်းနှင့် ဖတ်နည်းကို မလေ့လာမီ ဃောသ၊ အဃောသ၊ သိထိလ၊ ဓနိတ၊ ဝဂ်ဗျည်း၊ အဝဂ်ဗျည်းတို့အကြောင်းကို ကြိုတင်သိရှိထားရန်လိုသည်။ ဤအကြောင်းတို့ကို မြန်မာသဒ္ဒါ၊ အတွဲ (၁)၊ အခန်း (၄)၌ဖော်ပြခဲ့ပြီးဖြစ်၍ ဤ၌ဇယားဖြင့်ဖော်ပြမည်။

### ဝဂ်ဗျည်းပြဇယား

| | အဃောသ | | ဃောသ | | |
|---|---|---|---|---|---|
| | သိထိလ | ဓနိတ | သိထိလ | ဓနိတ | သိထိလ |
| | ပဌမအက္ခရာ | ဒုတိယအက္ခရာ | တတိယအက္ခရာ | စတုတ္ထအက္ခရာ | ပဉ္စမအက္ခရာ (ဝဂ္ဂန္တ) |
| က-ဝဂ် ၅-လုံး | က | ခ | ဂ | ဃ | င |
| စ-ဝဂ် ၅-လုံး | စ | ဆ | ဇ | ဈ | ည |
| ဋ-ဝဂ် ၅-လုံး | ဋ | ဌ | ဍ | ဎ | ဏ |
| တ-ဝဂ် ၅-လုံး | တ | ထ | ဒ | ဓ | န |
| ပ-ဝဂ် ၅-လုံး | ပ | ဖ | ဗ | ဘ | မ |

### အ-ဝဂ်ဗျည်းပြဇယား

| ဃောသ | | | | အဃောသ |
|---|---|---|---|---|
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

မှတ်ချက်။ ။ 'ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ' အက္ခရာတို့ကိုမြန်မာတို့က 'ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ' တို့နှင့် အတူသံလျော့(သိထိလ)အဖြစ် ရွတ်ဖတ်ပြောဆိုကြသော်လည်း ပါဠိဘာသာ၌ သံတင်း (ဓနိတ)များဖြစ်သဖြင့် ဇယားတွင် 'ဓနိတ' ဟုပြသည်။

၅၃။ ပါဌ်ဆင့်ရေးနည်းနှင့်ဖတ်နည်း (၂)မျိုးရှိသည်။ ယင်း (၂)မျိုးတို့မှာ -

(က) ပါဠိပါဌ်ဆင့်ရေးနည်းနှင့်ဖတ်နည်း

(ခ) မြန်မာပါဌ်ဆင့်ရေးနည်းနှင့်ဖတ်နည်း တို့ဖြစ်ကြသည်။

**ပါဠိပါဌ်ဆင့်ရေးနည်းနှင့်ဖတ်နည်း**

၅၄။ **ပါဠိပါဌ်ဆင့်ရေးနည်း။** ။ ပါဠိပါဌ်ဆင့်ရေးနည်း (၂)မျိုးရှိသည်။ ယင်း(၂)မျိုး တို့မှာ -

(က) အက္ခရာတူနှစ်လုံးဆင့်နည်း

(ခ) အက္ခရာကွဲနှစ်လုံးဆင့်နည်းတို့ဖြစ်ကြသည်။

၅၅။ **အက္ခရာတူနှစ်လုံးဆင့်နည်း။** ။ ဝဂ်ဗျည်း (၂၅)၏ အနက် ပထမအက္ခရာ (၅)လုံး၊ တတိယအက္ခရာ (၅)လုံး၊ င မှတစ်ပါးကျန်ပဉ္စမအက္ခရာ (၄)လုံး (ဉ၊ ဏ၊ န၊ မ) တို့ကို အက္ခရာတူဆင့်နိုင်သည်။

**အက္ခရာတူနှစ်လုံးဆင့်ပြဇယား**

| သိထိလ | | သိထိလ | | သိထိလ |
|---|---|---|---|---|
| ပထမအက္ခရာ | | ပထမအက္ခရာ | | ပဉ္စမအက္ခရာ (ဝဂ္ဂန္တ) |
| က္က | | ဂ္ဂ | | |
| စ္စ | | ဇ္ဇ | | ည |
| ဋ္ဋ | | ဍ္ဍ | | ဏ္ဏ |
| တ္တ | | ဒ္ဒ | | န္န |
| ပ္ပ | | ဗ္ဗ | | မ္မ |

က+က = က္က သာဓက။ ။ တက္ကသိုလ်၊ ဥက္ကဋ္ဌ။

ဂ+ဂ = ဂ္ဂ သာဓက။ ။ ပုဂ္ဂိုလ်၊ မဂ္ဂင်။

စ+စ = စ္စ သာဓက။ ။ သစ္စာ၊ ကိစ္စ။

ဇ+ဇ = ဇ္ဇ သာဓက။ ။ ဝိဇ္ဇာ၊ အာဝဇ္ဇန်း။

ဉ+ဉ = ည သာဓက။ ။ ပညာ၊ အညမည။

ဋ+ဋ = ဋ္ဋ သာဓက။ ။ ဝဋ္ဋ။

ဍ+ဍ = ဍ္ဍ သာဓက။ ။ ခိဍ္ဍာ။

ဏ+ဏ = ဏ္ဏ သာဓက။ ။ အဏ္ဏဝါ၊ ပဏ္ဏာ။

တ+တ = တ္တ သာဓက။ ။ သတ္တဝါ၊ သတ္တိ။

ဒ+ဒ = ဒ္ဒ သာဓက။ ။ သမုဒ္ဒရာ၊ သဒ္ဒါ။

န+န = န္န သာဓက။ ။ သန္နိဋ္ဌာန်။

ပ+ပ = ပ္ပ သာဓက။ ။ ကပ္ပိယ၊ သပ္ပါယ်။

ဗ+ဗ = ဗ္ဗ သာဓက။ ။ နိဗ္ဗာန်၊ ဒိဗ္ဗစက္ခု။

မ+မ = မ္မ သာဓက။ ။ ကမ္မဋ္ဌာန်း။

မှတ်ချက်။ ။ ပါဠိဘာသာ၌ ဉ (ညကလေး)နှစ်လုံးဆင့် ည(ညကြီး)ကို မြန်မာဘာသာ၌ ရိုးရိုး ည အဖြစ်အသုံးပြုသည်။

၅၆။ အဝဂ်ဗျည်း (၈)လုံးတို့အနက် ယ၊ လ၊ သ တို့သည် အက္ခရာတူချင်းဆင့်နိုင်သည်။

ယျ လ္လ ဿ

ယ+ယ = ယျ သာဓက။ ။ ဝေယျ၊ ဥယျာဉ်။

လ+လ = လ္လ သာဓက။ ။ ဒုလ္လဘ၊ သလ္လာဝတီ။

သ+သ = ဿ သာဓက။ ။ ဝဿာန်၊ မနုဿ။

မှတ်ချက်။ ။ ယနှစ်လုံးဆင့်လျှင် အောက်က 'ယ' သည်ယပင့် (ျ) ဖြစ်လာသည်။ သ နှစ်လုံးဆင့်လျှင် ဿ ဖြစ်လာသည်။

၅၇။ **အက္ခရာကွဲနှစ်လုံးဆင့်နည်း။** ။ သိထိလ(သံလျော့)အက္ခရာကို ဓနိတ(သံတင်း) အက္ခရာပေါ်၌ ဆင့်နိုင်သည်။ ထိုသို့ဆင့်ရာ၌ အဃောသအက္ခရာအချင်းချင်း၊ ဃောသအက္ခရာအချင်းချင်းသာ ဆင့်နိုင်သည်။ ထို့ကြောင့်အဃောသအက္ခရာအချင်းချင်းဖြစ်သော သိထိလပထမအက္ခရာကို ဓနိတဒုတိယအက္ခရာပေါ်၌ ဆင့်နိုင်သည်။ ဃောသအက္ခရာ အချင်းချင်းဖြစ်သော သိထိလတတိယအက္ခရာကို ဓနိတစတုတ္ထအက္ခရာပေါ်၌ဆင့်နိုင်သည်။

**အဃောသ၊ ဃောသ၊ ဝဂ်ဗျည်းပြဇယား**

| အဃောသ | | ဃောသ | | |
|---|---|---|---|---|
| သိထိလ | ဓနိတ | သိထိလ | ဓနိတ | သိထိလ |
| ပထမအက္ခရာ | ဒုတိယအက္ခရာ | တတိယအက္ခရာ | စတုတ္ထအက္ခရာ | ပဉ္စမအက္ခရာ (ဝဂ္ဂန္တ) |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ဉ |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

က+ခ = က္ခ သာဓက။ ။ နက္ခတ်၊ စက္ခု။

ဂ+ဃ = ဂ္ဃ သာဓက။ ။ အနဂ္ဃ။

စ+ဆ = စ္ဆ သာဓက။ ။ ပုစ္ဆာ၊ တိရစ္ဆာန်။

ဇ+ဈ = ဇ္ဈ သာဓက။ ။ မဇ္ဈိမ၊ ဥပဇ္ဈာယ်။

ဋ+ဌ = ဋ္ဌ သာဓက။ ။ ဒိဋ္ဌ၊ အဓိဋ္ဌာန်။

ဍ+ဎ = ဍ္ဎ သာဓက။ ။ ဂုဏဝုဍ္ဎိ၊ အာယုဝဍ္ဎန။

တ+ထ = တ္ထ သာဓက။ ။ ဝတ္ထု၊ ဣတ္ထိလိင်။

ဒ+ဓ = ဒ္ဓ သာဓက။ ။ သိဒ္ဓိ၊ သဒ္ဓါ။

ပ+ဖ = ပ္ဖ သာဓက။ ။ ဇာတိပ္ဖိုလ်။

ဗ+ဘ = ဗ္ဘ သာဓက။ ။ အဗ္ဘန္တရ။

မှတ်ချက်။ ။ ဌ တွင် ဋ ဆင့်လျှင် လည်ရစ်ပါသော ဌဝမ်းဘဲ ဋ္ဌ ဖြစ်လာသည်။

၅၈။ ပဉ္စမအက္ခရာ (ဝဂ္ဂန္တဗျည်း) (၅)လုံး (င၊ ဉ၊ ဏ၊ န၊ မ)တို့သည် ယင်းတို့နှင့်ဝဂ်တူ ဖြစ်သော ကျန်အက္ခရာ (၄)လုံးအပေါ်၌ ဆင့်နိုင်သည်။

င သာဓက။ ။ လင်္ကာ၊ သင်္ချိုင်း၊ အင်္ဂါ၊ သင်္ဃာ။

ဉ သာဓက။ ။ ပဉ္စမ၊ လဉ္ဆ၊ ခဉ္ဇ၊ သဉ္ဈာ။

ဏ သာဓက။ ။ ကဏ္ဍကောစ၊ သဏ္ဌာန်၊ ပဏ္ဍိတ။

န သာဓက။ ။ ကန္တာရ၊ ဂန္ထဝင်၊ စန္ဒာ၊ ဂန္ဓမာ။

မ သာဓက။ ။ အလမ္ပာယ်၊ သမ္ဖုပ္ပလာပ၊ ကမ္ဗလာ၊ ကမ္ဘာ။

မှတ်ချက်။ ။ င ကို ဝဂ်တူဖြစ်သော ကျန်အက္ခရာ (၄)လုံးအပေါ်၌ ဆင့်သောအခါ သေည်ကင်းစီး ( င် )ဖြစ်လာသည်။

၅၉။ အက္ခရာတူနှစ်လုံးဆင့်ရာ၌ သိထိလ (သံလျော့)ဗျည်းများသည် အချင်းချင်းလည်းဆင့်နိုင်သည်။ ဓနိတ(သံတင်း)ဗျည်းများအပေါ်၌လည်းဆင့်နိုင်သည်။ သို့ရာတွင် ဓနိတ (သံတင်း)ဗျည်းများကား အချင်းချင်းမဆင့်နိုင်ချေ။

မှတ်ချက်။ ။ (က) အက္ခရာကွဲနှစ်လုံးဆင့်ရာ၌ ဓနိတ(သံတင်း)ဗျည်းသည် အမြဲတမ်း အောက်ကသာနေရသည်။

(ခ) ဝဂ်ဗျည်းနှစ်လုံးဆင့်ရာ၌ဝဂ်တူဗျည်းချင်းသာဆင့်ရသည်။ ဝဂ်မတူကမဆင့်ရ။

၆၀။ **ပါဠိပါဌ်ဆင့်ဖတ်နည်း။** ။ အက္ခရာနှစ်လုံးဆင့်သောအခါ၌ အပေါ်အက္ခရာကို အသတ်အဖြစ်ဖတ်ရသည်။

| | | |
|---|---|---|
| သာဓက။ ။ | ပုဒ် | **ဖတ်နည်း** |
| | (က) တက္က | တက်က |
| | (ခ) သဒ္ဒ | သဒ်ဒ |
| | (ဂ) အညမည | အဉ်ဉ မဉ်ဉ |
| | (ဃ) သစ္စာ | သစ်စာ |
| | (င) သတ္တိ | သတ်တိ |
| | (စ) စက္ခု | စက်ခု |

၆၁။ ဣသရ၏နောက်၌ က-သတ်၊ ဂ-သတ်၊ စ-သတ်၊ ဇ-သတ်ရှိလျှင် ယင်းအသတ်တို့ကို တ-သတ် (တ်)သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) သိက္ခာ သိတ်ခါ<br>
(ခ) နိဂ္ဂဟိတ် နိတ်ဂဟိတ်<br>
(ဂ) ကိစ္စ ကိတ်စ<br>
(ဃ) ဝိဇ္ဇာ ဝိတ်ဇာ

၆၂။ ဥ သရ၏နောက်၌ က-သတ်၊ ဂ-သတ်၊ စ-သတ်၊ ဇ-သတ်ရှိလျှင် ယင်းအသတ်တို့ကို တ-သတ်(တ်)သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) ဒုက္ခ ဒုတ်ခ<br>
(ခ) ပုဂ္ဂိုလ် ပုတ်ဂိုလ်<br>
(ဂ) ဥစ္စ ဥတ်စ<br>
(ဃ) ပုထုဇ္ဇန ပုထုတ်ဇန

၆၃။ ဣ သရ၏နောက်၌ င-သတ်၊ ဉ-သတ်၊ ယ-သတ်ရှိလျှင် ယင်းအသတ်တို့ကို န-သတ်(န်) သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) သိင်္ဂီ သိန်ဂီ<br>
(ခ) ဝိညာဏ ဝိန်ညာဏ<br>
(ဂ) ဘိယျော ဘိန်ယော

၆၄။ ဥ သရ၏နောက်၌ င-သတ်၊ ဉ-သတ်၊ ယ-သတ်ရှိလျှင် ယင်းအသတ်တို့ကို န-သတ်(န်) သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) ပုင်္ဂဝ ပုန်ဂဝ<br>
(ခ) သုည သုန်ဉ<br>
(ဂ) ယေဘုယျ ယေဘုန်ယ

၆၅။ လ-သတ်ကို န-သတ်(န်)သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) ဒုလ္လဘ ဒုန်လဘ<br>
(ခ) သလ္လာဝတီ သန်လာဝတီ<br>
(ဂ) ဝေပုလ္လ ဝေပုန်လ

၆၆။ သ နှစ်လုံးဆင့်ကို သကြီး(ဿ)ဟုရေး၍ရှေ့ သ ကို တ-သတ်(တ်)သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) ကဿပ — ကတ်သပ

(ခ) မနုဿ — မနုတ်သ

(ဂ) နိဿယ — နိတ်သယ

၆၇။ ေ သရပါသော က-သတ်၊ ဋ-သတ်၊ တ-သတ်တို့ကို စ-သတ်(စ်)သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) ဥပေက္ခာ — ဥပစ်ခါ

(ခ) ဇေဋ္ဌ — ဇစ်ဌ

(ဂ) မေတ္တာ — မစ်တာ

၆၈။ ေ သရပါသော င-သတ်၊ ဉ-သတ်၊ ဏ-သတ်၊ န-သတ်၊ မ-သတ်တို့ကို င-သတ်(င်) သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) မေဏ္ဍက — မင်ဍက

(ခ) ဝိနာသမေန္တု — ဝိနာသမင်တု

၆၉။ ဩ သရပါသော စ-သတ်၊ ဇ-သတ်၊ ဋ-သတ်၊ တ-သတ်၊ ဒ-သတ်၊ ပ-သတ်တို့ကို ဝဆွဲ တ-သတ် (ွတ်) သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) အက္ကောစ္ဆိ — အက်ကွတ်ဆိ

(ခ) ပါမောဇ္ဇ — ပါမွတ်ဇ

(ဂ) ဩဋ္ဌ — အွတ်ဌ

(ဃ) ကောဋ္ဌာသ — ကွတ်ဌာသ

(င) ဖောဋ္ဌဗ္ဗ — ဖွတ်ဌဗ်ဗ

(စ) သောတ္ထာနံ — သွတ်ထာနံ

(ဆ) လောဒ္ဒ — လွတ်ဒ

(ဇ) သောပ္ပ — သွတ်ပ

(ဈ) ယောဗ္ဗန — ယွတ်ဗန

၇၀။ ဩ ပါသော ဉ-သတ်၊ဏ-သတ်၊ န-သတ်၊ ပ-သတ်တို့ကို ဝဆွဲန-သတ်(ွန်) သံဖတ်ရသည်။

သာဓက။ ။ ပုဒ် ဖတ်နည်း

(က) သောဏ္ဍ — သွန်ဍ

(ခ) ဘောန္တော — ဘွန်တော

(ဂ) သောမ္မ — သွန်မ

၇၁။ ဟထိုးဗျည်းပေါ်ရှိ အက္ခရာသည် အသတ်သဖွယ် တာဝန်ယူရသည့်အပြင် ဟထိုးနှင့် ပူးတွဲ၍လည်းအသံထွက်ရသည်။

သာဓက။ ။

| ပုဒ် | ဖတ်နည်း |
|---|---|
| (က) အမှ | အမ်မှ |
| (ခ) မယှံ | မယ်ယှံ |
| (ဂ) ပဥှာ | ပဉ်ဉှာ |
| (ဃ) ဒင်္ဂှီ | ဒင်ငှီ |
| (င) ဥဏှ | ဥဏ်ဏှ |
| (စ) တုမှ | တုမ်မှ |

၇၂။ ယပင့်၊ ရရစ်၊ ဝဆွဲပါသောဗျည်းတွဲ၏အပေါ်အက္ခရာသည် အသတ်သဖွယ်တာဝန်ယူရသည့်အပြင် ယပင့်၊ ရရစ်၊ ဝဆွဲတို့နှင့်ပူးတွဲ၍လည်း အသံထွက်ရသည်။

သာဓက။ ။

| ပုဒ် | ဖတ်နည်း |
|---|---|
| (က) သက္ယ | သက်ကျ |
| (ခ) စက္ကြာ | စက်ကြာ |
| (ဂ) သောက္ကြာ | သောက်ကြာ |
| (ဃ) ဒတွာ | ဒတ်တွာ |

**မြန်မာပါဠ်ဆင့်ရေးနည်းနှင့်ဖတ်နည်း**

၇၃။ ရှေးခေတ်မြန်မာတို့သည် ပါဠိဘာသာစာပေနှင့် ရင်းနှီးခဲ့ကြသဖြင့် ပါဠိစကားလုံးများကို ကြားညှပ်ပြောဆိုခြင်း၊ ရေးသားခြင်းပြုခဲ့ကြသည်။ ပါဠိပါဠ်ဆင့်ရေးနည်းများကို အတုယူ၍ မြန်မာနှစ်လုံးဆင့်ရေးသားမှုများကို ပြုလာခဲ့ကြသည်။ ထို့ပြင်ကျောက်စာ၊ ပေစာများရေးသားရာ၌ နေရာအကျဉ်းချုံးရာမှစ၍ မြန်မာနှစ်လုံးဆင့်ရေးနည်းကို သုံးခဲ့ကြသည်။ ယင်းသို့ရေးသားခဲ့ကြသော မြန်မာဝေါဟာရများအနက် အချို့ကို ဤခေတ်တိုင်အောင်နှစ်လုံးဆင့် ဆက်လက်ရေးသားကြ၍ အချို့ကိုဤခေတ်တွင်လက်ခံသုံးစွဲခြင်း မပြုကြတော့ချေ။ အောက်ဖော်ပြပါ မြန်မာဝေါဟာရနှစ်လုံးဆင့်ရေးပုံများကို ဤခေတ်၌ ဆက်လက်လက်ခံ အသုံးပြုလျက်ပင် ရှိကြသေးသည်။

သာဓက။ ။

| ပုဒ် | ဖတ်နည်း |
|---|---|
| (က) ယောက္ခမ | ယောက်ခမ |
| (ခ) လက္ခံ | လက်ခံ |
| (ဂ) လက်ျာ | လက်ယာ |
| (ဃ) မိတ္တူ | မိတ်တူ |
| (င) လိမ္မာ | လိမ်မာ |
| (စ) သေတ္တာ | သစ်တာ |

**အနှစ်ချုပ်**

အက္ခရာ ၂လုံးဆင့်၍ ရေးရသော အက္ခရာတွဲကို ပါဠ်ဆင့်ဟုခေါ်ကြောင်း ပါဠိပါဠ်ဆင့်ရေးနည်းများကို ဖော်ပြထားသည်။

# ဝါစင်ဆိုင်ရာသိမှတ်ဖွယ်များ

၇၄။ မြန်မာသဒ္ဒါ၊ အတွဲ (၁)နှင့် အတွဲ (၂)၊ အခန်း (၅)တို့၌ ဝါစင် (၉)မျိုး၏ အဓိပ္ပာယ်ကို သာဓကများနှင့်တကွ ရှင်းလင်းဖော်ပြခဲ့သည်။ ဝါစင်အချို့ကိုမူ အနက်အဓိပ္ပာယ်အရနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအမည်များခွဲခြားကာ သာဓကများနှင့်တကွ ရှင်းလင်းဖော်ပြထားသည်။ ဤအခန်း၌ အာမေဍိတ်မှတစ်ပါး ကျန်သောဝါစင် (၈)မျိုး ဆိုင်ရာသိမှတ်ဖွယ်များကို ဖော်ပြမည်ဖြစ်သည်။ ဝါစင်ဆိုင်ရာ သိမှတ်ဖွယ်များနှင့် ဆက်စပ်လေ့လာနိုင်ရန် ဝါစင်အသီးသီးအကြောင်းကိုလည်း သာဓကများနှင့်တကွ အကျဉ်းမျှဖော်ပြထားသည်။

၇၅။ နာမ်။ ။ သက်ရှိသက်မဲ့၊ ဖြစ်ရှိဖြစ်မဲ့တို့၏အမည်ဟူသမျှကို နာမ်ဟုခေါ်သည်။

၇၆။ အနက်အဓိပ္ပာယ်အရ နာမ် (၄)မျိုးနှင့်ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးရှိသည်။

၇၇။ အနက်အဓိပ္ပာယ်အရ နာမ် (၄)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) တစ်ဦးဆိုင်နာမ် | မောင်မောင်၊ ရန်ကုန်၊ ဧရာဝတီ။ |
| (ခ) အများဆိုင်နာမ် | လူ၊ မြို့၊ နွား၊ စာအုပ်။ |
| (ဂ) စိတ္တဇနာမ် | ပညာ၊ မေတ္တာ၊ အောင်မြင်ခြင်း။ |
| (ဃ) အစုပြနာမ် | အသင်း၊ အဖွဲ့၊ မိသားစု။ |

၇၈။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ် (၄)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| အမျိုးအစား | သာဓက | | |
|---|---|---|---|
| (က) ပင်ကိုနာမ် | နေ၊ မေတ္တာ၊ ဒါရိုက်တာ။ | | |
| (ခ) ပေါင်းစပ်နာမ် | ပေါင်းစပ်နာမ် | ပေါင်းစပ်ပုံ | ဝါစင် |
| | (၁) ရေအိုး | ရေ+အိုး | နာမ်+နာမ် |
| | (၂) လက်စွပ် | လက်+စွပ် | နာမ်+ကြိယာ |
| | (၃) လူငယ် | လူ+ငယ် | နာမ်+နာမဝိသေသန |
| | (၄) ထမ်းပိုး | ထမ်း+ပိုး | ကြိယာ+ကြိယာ |
| | (၅) လွယ်အိတ် | လွယ်+အိတ် | ကြိယာ+နာမ် |
| (ဂ) ကြိယာနာမ် | အစား၊ စားခြင်း၊ စွမ်းဆောင်ချက်၊ ကူညီမှု၊ စားဖွယ်။ | | |
| (ဃ) ဝုဏ်ရည်ပြနာမ် | အကောင်း၊ ထူးချွန်မှု၊ သက်သာခြင်း။ | | |

၇၉။ **လိင်။** ။ အထီး၊ အမ သဘာဝကို လိင်ဟုခေါ်သည်။ နာမ်၊ နာမ်စားတို့ကို ယောကျာ်း၊ မိန်းမ၊ အထီး၊ အမ စသည်ဖြင့်ခွဲခြားခြင်းသည် လိင်သဘောဖြစ်သည်။

၈၀။ လိင် (၄)မျိုးရှိသည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ပုလ္လိင် | - အဘိုး၊ အဖေ၊ သား၊ ကျွန်တော် |
| | - ဦးမြ၊ ကျောင်းသား၊ ကျီးဖို၊ ကြက်ဖ၊ နွားထီး။ |
| | - ဆရာ၊ ညီ၊ တူ။ |
| (ခ) ဣတ္ထိလိင် | - အဘွား၊ အမေ၊ သမီး၊ ကျွန်မ။ |
| | - ဒေါ်လှ၊ ကျောင်းသူ၊ ကျီးမ၊ ကြက်မ၊ နွားမ။ |
| | - ဆရာမ၊ ညီမ၊ တူမ။ |
| (ဂ) နပုလ္လိင် | - စာအုပ်၊ မျက်မှန်၊ ပေတံ၊ သင်္ဘော။ |
| (ဃ) ဒွိလိင် | - လူ၊ ငှက်၊ ဝတ်ဆံ၊ ငါ၊ သင်၊ ကျုပ်။ |

၈၁။ **ကိန်း**။ ။ အရေအတွက်ကို **ကိန်း**ဟုခေါ်သည်။

၈၂။ ကိန်း (၂)မျိုးရှိသည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ဧကဝုစ်ကိန်း | ဆရာ၊ ကျောင်းသား၊ ဈေးသည်။ |
| (ခ) ဗဟုဝုစ်ကိန်း | ဆရာများ၊ ဆရာတို့၊ ကျောင်းသားများ၊ ကျောင်းသားတို့၊ ဈေးသည်များ၊ ဈေးသည်တို့။ |

**နာမ်ဆိုင်ရာသိမှတ်ဖွယ်များ**

၈၃။ နာမ်သည်အချင်းချင်း ပေါင်းစပ်သောအခါ ရှေ့နာမ်က နောက်နာမ်ကိုဖြစ်စေ၊ နောက်နာမ်က ရှေ့နာမ်ကိုဖြစ်စေ နာမဝိသေသနအဖြစ် အထူးပြုသည်။

သာဓက။ ။

(က) ရေအိုး(ရှေ့နာမ် **ရေ** က နောက်နာမ် **အိုး** ကိုအထူးပြုသည်။)

(ခ) တောင်ကလပ်(နောက်နာမ်**ကလပ်** က ရှေ့နာမ် **တောင်**ကိုအထူးပြုသည်။)

၈၄။ ဂုဏ်ရည်ပြနာမ်အချို့ကို နာမဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

(က) အမြန် (ဂုဏ်ရည်ပြနာမ်)

(ခ) အမြန်ရထား (**အမြန်** သည် **ရထား** ဟူသောနာမ်ကို အထူးပြုသည့် နာမဝိသေသန ဖြစ်သည်။)

၈၅။ ကြိယာနာမ်အချို့ကို နာမဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

(က) အငှား (ကြိယာနာမ်)

(ခ) အငှားကား (**အငှား** သည် **ကား** ဟူသောနာမ်ကို အထူးပြုသည့် နာမဝိသေသန ဖြစ်သည်။)

၈၆။ နာမ်သည် သက်ဆိုင်ရာဝိဘတ်ကိုလိုက်၍ ကတ္တား၊ ကံ စသည့်ပုဒ်အမျိုးမျိုးဖြစ်လာသည်။

**သာဓက။ ။**

| | ပုဒ် | ဝိဘတ် | ပုဒ်အမည် |
|---|---|---|---|
| (က) | မောင်မောင်သည် | သည် | ကတ္တား |
| (ခ) | စာအုပ်ကို | ကို | ကံ |
| (ဂ) | မန္တလေးသို့ | သို့ | ဈေးရှုရာပြ |
| (ဃ) | ရထားဖြင့် | ဖြင့် | အသုံးခံပြ |
| (င) | ညီငယ်အား | အား | လက်ခံပြ |

၈၇။ နာမ်သည် နာမ်အချင်းချင်းဖြစ်စေ၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသနတို့နှင့်ဖြစ်စေ ပေါင်းစပ်ခြင်းဖြင့် ပေါင်းစပ်နာမ်၊ ပေါင်းစပ်နာမဝိသေသန၊ ပေါင်းစပ်ကြိယာ၊ ပေါင်းစပ်ကြိယာဝိသေသန ပုဒ်များဖြစ်လာသည်။

**သာဓက။ ။**

| | | |
|---|---|---|
| **ပေါင်းစပ်နာမဝိသေသန** | **ပေါင်းစပ်ပုံ** | **ဝါစင်္ဂ** |
| မျက်နှာချို(သော) | မျက်နှာ+ချို | နာမ်+နာမဝိသေသန |
| **ပေါင်းစပ်ကြိယာ** | **ပေါင်းစပ်ပုံ** | **ဝါစင်္ဂ** |
| ဆေးခြယ်(သည်) | ဆေး+ခြယ် | နာမ်+ကြိယာ |
| **ပေါင်းစပ်ကြိယာဝိသေသန** | **ပေါင်းစပ်ပုံ** | **ဝါစင်္ဂ** |
| စိတ်မြန်လက်မြန် | စိတ်+မြန်+လက်+မြန် | နာမ်+နာမဝိသေသန+ နာမ်+နာမဝိသေသန |

၈၈။ အချို့သောနာမ်များကို အများပြကိန်းညွှန်းပစ္စည်းတို့နှင့်တွဲ၍သုံးလျှင် ယင်းနာမ်သည် အပေါင်းအစုကို ရည်ညွှန်းဖော်ပြသည်။

သာဓက။ ။

(က) ဦးမြတို့ပြန်လာပြီ။

(ခ) အမေတို့ရောက်ပြီလား။

၈၉။ ကတ္တားဝိဘတ် **မှာ** ကံဝိဘတ် **ကို** ၊ လက်ခံပြဝိဘတ် **အား**၊ အကြောင်းပြဂိဘတ် **ကြောင့်**၊ ရည်စူးချက်ပြဝိဘတ် **အတွက်**၊ **ဖို့** စသည်တို့ကို သံရှည်အဆုံးရှိသောနာမ်တို့နှင့် တွဲ၍သုံးသောအခါ သံရှည်အချို့ကို အောက်မြစ်ထည့်၍ ပြောလေ့၊ ရေးလေ့ ရှိသည်။

သာဓက။ ။

| | **နာမ်** | **နာမ်ဂိဘတ်** | |
|---|---|---|---|
| (က) | မောင်မောင် | မှာ | မောင်မောင့်မှာ |
| (ခ) | အမေ | မှာ | အမေ့မှာ |

၉၀။ မူလက **အ** ပါသော အသီး၊ အခန်း၊ အတွင်း၊ အဖျား၊ အထဲ စသည့်နာမ်အချို့ကို အခြားနာမ်တစ်ခုနှင့်ပေါင်းစပ်သောအခါ **အ** ကိုမြုပ်လေ့ရှိသည်။

သာဓက။ ။

ပေါင်းစပ်ပုံ

(က) စပျစ်+အသီး — စပျစ်သီး

(ခ) ရုံး+အခန်း — ရုံးခန်း

(ဂ) အိမ်+အတွင်း — အိမ်တွင်း

၉၁။ နာမ်စား။ ။ နာမ်၏အစားသုံးသော ပုဒ်ကိုနာမ်စားဟုခေါ်သည်။

၉၂။ နာမ်စား (၄)မျိုးရှိသည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ပုဂ္ဂလနာမ်စား | |
| (၁) ပြောသူနာမ်စား | ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်၊ ငါ။ |
| (၂) ကြားနာသူနာမ်စား | သင်၊ မင်း၊ ခင်ဗျား၊ ညည်း၊ နင်။ |
| (၃) အပြောခံနာမ်စား | သူ၊ သင်း။ |
| (ခ) အညွှန်းနာမ်စား | ဤ၊ ထို၊ ဟို၊ ယင်း၊ ၎င်း၊ သည်။ |
| (ဂ) အမေးနာမ်စား | မည်သည်၊ မည်သူ၊ ဘယ်သူ၊ ဘယ်၊ အဘယ်။ |
| (ဃ) သင်္ချာနာမ်စား | |
| (၁) အရေအတွက်ပြ သင်္ချာနာမ်စား | ငါးခု၊ နှစ်ကောင်၊ သုံးစင်း။ |
| (၂) ပမာဏပြသင်္ချာ နာမ်စား | အချို့၊ အားလုံး၊ အနည်းငယ်။ |

**နာမ်စားဆိုင်ရာသိမှတ်ဖွယ်များ**

၉၃။ ပုဂ္ဂလနာမ်စားများကိုယောကျာ်း၊ သို့မဟုတ် မိန်းမ၊ အသက်အရွယ်၊ အဆင့်အတန်း၊ ယဉ်ကျေးမှုအလိုက် ဆီလျော်အောင်အသုံးပြုရသည်။

သာဓက။ ။

(က) ကျွန်တော် (နှိမ့်ချသည့်သဘော၊ ယဉ်ကျေးသည့်သဘော)

(ခ) ကျွန်မ (နှိမ့်ချသည့်သဘော၊ ယဉ်ကျေးသည့်သဘော)

(ဂ) ငါ (ရိုင်းသည့်သဘော၊ ရင်းနှီးသည့်သဘော)

၉၄။ သူ ဟူသော နာမ်စားကိုယောကျာ်း၊ မိန်းမ၊ တိရစ္ဆာန် စသည့်နာမ်တို့အစားသုံးနိုင်သည်။

သာဓက။ ။

(က) မောင်မောင်သည် ကျောင်းသားဖြစ်သည်။ သူသည် စာကြိုးစားသည်။

(ခ) မမြသည် ကျောင်းသူဖြစ်သည်။ သူသည်လိမ္မာသည်။

(ဂ) အောင်နက်သည် သူ၏သခင်အပေါ် သစ္စာရှိသောခွေးဖြစ်သည်။

၉၅။ ဤ၊ ထို၊ ယင်း၊ ၎င်း၊ သည် တို့ကိုဝါကျ၌အသုံးကိုလိုက်၍ အညွှန်းနာမ်စားအဖြစ် လည်းကောင်း၊ အညွှန်းနာမဝိသေသနအဖြစ်လည်းကောင်းသုံးနိုင်သည်။

သာဓက။ ။

(က) မဟာမြိုင်တောင်၌ ကျားရဲပေါ်၏။ ထိုသို့သွားလျှင် သတိဝီရိယရှိပါ။
(အညွှန်း နာမ်စား)

(ခ) ထိုတောသို့သွားလျှင် သတိဝီရိယရှိပါ။ (အညွှန်းနာမဝိသေသန)

၉၆။ **မည်သည်၊ ဘယ်၊ ဘာ** တို့ကိုဝါကျ၌အသုံးကိုလိုက်၍ အမေးနာမ်စားအဖြစ် လည်းကောင်း၊ **အမေးနာမဝိသေသနအဖြစ်လည်းကောင်း သုံးနိုင်သည်။**

သာဓက။ ။

(က) (၁) **မည်သည်**ကို သင်စားလိုသနည်း။ (အမေးနာမ်စား)
(၂) **မည်သည့်**မုန့်ကို သင်စားလိုသနည်း။ (အမေးနာမဝိသေသန)

(ခ) (၁) သူ **ဘယ်**က ပြန်လာသနည်း။ (အမေးနာမ်စား)
(၂) သူ **ဘယ်**မြို့ ကပြန်လာသနည်း။ (အမေးနာမဝိသေသန)

၉၇။ **နှစ်ခု၊ နှစ်ကောင်၊ သုံးပင်** စသည့်အရေအတွက်ကိုဖော်ပြသည့် ပုဒ်တို့ကိုဝါကျ၌ အသုံးကိုလိုက်၍ **အရေအတွက်ပြသချာနာမ်စားအဖြစ်လည်းကောင်း၊ အရေအတွက်ပြ သချာနာမဝိသေသနအဖြစ်လည်းကောင်းသုံးနိုင်သည်။**

သာဓက။ ။

(က) သူသည်ငါးများဝယ်လာသည်။ **နှစ်ကောင်**သည် ငါးကြင်းများဖြစ်ကြသည်။ (အရေအတွက်ပြ သချာနာမ်စား)

(ခ) **ငါးနှစ်ကောင်**သည်ငါးကြင်းများဖြစ်ကြသည်။ (အရေအတွက်ပြသချာနာမဝိသေသန)

၉၈။ **အချို့၊ အားလုံး၊ အနည်းငယ်** စသည့်ပမာဏကို ဖော်ပြသည့်ပုဒ်တို့ကို ဝါကျ၌ အသုံးကိုလိုက်၍ ပမာဏပြသချာနာမ်စားအဖြစ်လည်းကောင်း၊ ပမာဏပြသချာနာမဝိသေသနအဖြစ်လည်းကောင်း သုံးနိုင်သည်။

သာဓက။ ။

(က) ဥယျာဉ်အတွင်း၌ ပန်းပင်များရှိသည်။ **အချို့**သည် နှင်းဆီပင်များဖြစ်ကြသည်။ (ပမာဏပြသချာနာမ်စား)

(ခ) **ပန်းပင်အချို့**သည် နှင်းဆီပင်များ ဖြစ်ကြသည်။ (ပမာဏပြသချာနာမဝိသေသန)

၉၉။ နာမ်စားကို နာမ်ဝိဘတ်များနှင့်တွဲနိုင်သည်။

သာဓက။ ။

| | **နာမ်ဝိဘတ်** | **နာမ်စားနှင့်နာမ်ဝိဘတ်** |
|---|---|---|
| (က) | သည်၊ က၊ မှာ | သူသည်၊ သူက၊ သူ့မှာ |
| (ခ) | ကို | သူ့ကို |
| (ဂ) | အား | သူ့အား |

၁၀၀။ ကတ္တားဝိဘတ် **မှာ**၊ ကံဝိဘတ် **ကို**၊ လက်ခံပြဝိဘတ် **အား**၊ အကြောင်းပြဝိဘတ် **ကြောင့်**၊ ရည်စူးချက်ပြဝိဘတ် **အတွက်**၊ **ဖို့** စသည်တို့ကိုသံရှည်အဆုံးရှိသော နာမ်စားတို့နှင့်တွဲ၍သုံးသောအခါ သံရှည်အချို့ကို အောက်မြစ်ထည့်၍ ပြောလေ့၊ ရေးလေ့ရှိသည်။

သာဓက။ ။

| နာမ်စား | နာမ်ဝိဘတ် | နာမ်စားနှင့်နာမ်ဝိဘတ် |
|---|---|---|
| ကျွန်တော် | မှာ၊ ကို၊ အား၊ | ကျွန်တော့်မှာ |
| | ကြောင့်၊ | ကျွန်တော့်ကို |
| | အတွက်၊ ဖို့။ | ကျွန်တော့်အား |
| | | ကျွန်တော့်ကြောင့် |
| | | ကျွန်တော့်အတွက် |
| | | ကျွန်တော့်ဖို့ |

၁၀၁။ နာမ်စားကိုအများပြပစ္စည်း တို့ နှင့်တွဲ၍သုံးသည်။

သာဓက။ ။

| | နာမ်စား | ပစ္စည်း | နာမ်စားနှင့်ပစ္စည်း |
|---|---|---|---|
| (က) | ကျွန်တော် | တို့ | ကျွန်တော်တို့ |
| (ခ) | ခင်ဗျား | တို့ | ခင်ဗျားတို့ |
| (ဂ) | သူ | တို့ | သူတို့ |

၁၀၂။ တို့ ဟူသောအများပြပစ္စည်းကို ပြောသူနာမ်စားအဖြစ်သုံးနိုင်သည်။

သာဓက။ ။

(က) တို့ကို သူကအထင်မှားနေတယ်။

(ခ) တို့ ပြန်ရောက်ပြီ။

၁၀၃။ **နာမဝိသေသန။ ။** နာမ်ကိုအထူးပြုသောပုဒ်ကို **နာမဝိသေသန**ဟုခေါ်သည်။ အထူးပြုခြင်းခံရသောနာမ်ကို ဝိသေသျ ဟုခေါ်သည်။

၁၀၄။ အနက်အဓိပ္ပာယ်အရ နာမဝိသေသန (၄)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမဝိသေသန (၂) မျိုးရှိသည်။

၁၀၅။ အနက်အဓိပ္ပာယ်အရ နာမဝိသေသန (၄)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ဂုဏ်ရည်ပြနာမဝိသေသန | လိမ္မာသော၊ ဝေးသော၊ နီသော၊ မြင့်သော၊ ကျဉ်းသော၊ ထူးဆန်းသော။ |
| (ခ) အညွှန်းနာမဝိသေသန | ဤ၊ ထို၊ ယင်း၊ ၎င်း၊ သည်၊ အခြား။ |
| (ဂ) သင်္ချာနာမဝိသေသန | |
| (၁) အရေအတွက်ပြသင်္ချာ နာမဝိသေသန | သုံးယောက်၊ သုံးခု။ |
| (၂) အစဉ်ပြသင်္ချာ နာမဝိသေသန | ဒုတိယအကြိမ်၊ အမှတ် (၃)၊ (၁၀)နှစ်မြောက်။ |
| (၃) ပမာဏပြသင်္ချာ နာမဝိသေသန | အားလုံး၊ အချို့။ |
| (ဃ) အမေးနာမဝိသေသန | ဘယ်၊ ဘယ်လောက်၊ မည်သည့်၊ မည်မျှ၊ မည်သို့သော |

၁၀၆။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမဝိသေသန (၂)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အမျိုးအစား** | **သာဓက** |
|---|---|
| (က) ပင်ကိုနာမဝိသေသန | ကောင်း၊ မြင့်၊ မြန်၊ အေး၊ နီ၊ ချို၊ ကြမ်း။ |
| (ခ) ပေါင်းစပ်နာမဝိသေသန | သတ္တိကောင်း၊ သန့်ရှင်း၊ ယဉ်ကျေးသိမ်မွေ့။ |

၁၀၇။ နာမဝိသေသနအဆင့် (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အမျိုးအစား** | **သာဓက** |
|---|---|
| (က) သာမန်အဆင့် | ကောင်းသော |
| (ခ) သာလွန်အဆင့် | သာ၍/ပို၍ကောင်းသော |
| (ဂ) အသာလွန်ဆုံးအဆင့် | အကောင်းဆုံး |

**နာမဝိသေသနဆိုင်ရာသိမှတ်ဖွယ်များ**

**၁၀၈။** နာမဝိသေသနကို အ၊ မှု၊ ခြင်း ဟူသောပစ္စည်းများနှင့်ဆက်၍ ဂုဏ်ရည်ပြနာမ်အဖြစ် ဖွဲ့စည်းနိုင်သည်။

| **သာဓက။** | **။ နာမဝိသေသန** | **ဂုဏ်ရည်ပြနာမ်** |
|---|---|---|
| | ကောင်း | အကောင်း |
| | | ကောင်းမှု |
| | | ကောင်းခြင်း |

၁၀၉။ နာမဝိသေသနများကို နှစ်ကြိမ်ထပ်ခြင်းဖြင့်လည်းကောင်း၊ ပစ္စည်းဆက်ခြင်းဖြင့်လည်းကောင်း၊ ကာရန်လိုက်ခြင်းဖြင့်လည်းကောင်း ကြိယာဝိသေသနအဖြစ် ဖွဲ့စည်းနိုင်သည်။

| **သာဓက။** | **။ နာမဝိသေသန** | **ကြိယာဝိသေသန** |
|---|---|---|
| | မြန် | မြန်မြန် |
| | ချိုသာ | ချိုသာစွာ |
| | နီ | နီတီတီ |

၁၁၀။ နာမဝိသေသနကို နာမ်၊ နာမ်စားတို့၏ရှေ့တွင် ထားလိုသောအခါ ယင်းနာမဝိသေသနကို သော၊ သည့်၊ မည့် ဟူသောနာမဝိသေသနပုဒ် ပြောင်းပစ္စည်းတစ်ခုခုနှင့် တွဲ၍သုံးနိုင်သည်။

| **သာဓက။** | **။ နာမဝိသေသန** | |
|---|---|---|
| | အေး | အေးသောရေ |
| | ရိုင်း | ရိုင်းသည့်ဆင် |
| | ထူးချွန် | ထူးချွန်မည့်ကလေး |

၁၁၁။ အချို့သော နာမဝိသေသနများသည် နာမ်နောက်တွင်ကပ်လျက် ကြား၌မည်သည့် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓမျှမပါဘဲ ရှေ့နာမ်ကိုအထူးပြုသည်။

| **သာဓက။** | **။ နာမဝိသေသန** | |
|---|---|---|
| | ရိုင်း | ဆင်ရိုင်း |
| | အနည်းငယ် | ရေအနည်းငယ် |
| | တစ်စီး | လှည်းတစ်စီး |

၁၁၂။ အချို့သော ကြိယာတို့ကို နာမဝိသေသနအဖြစ် အသုံးပြုလိုသောအခါ ထိုကြိယာတို့ကို သော၊ သည့်၊ မည့် ဟူသော နာမဝိသေသနပုဒ်ပြောင်းပစ္စည်းတစ်ခုခုနှင့်တွဲ၍သုံးရသည်။

သာဓက။ ။ ကြိယာ

စား — စားသောအစာ၊ စားသည့်အစာ၊ စားမည့်အစာ

၁၁၃။ အချို့သောနာမဝိသေသနတို့ကို ကြိယာအဖြစ် အသုံးပြုလိုသောအခါ ထိုနာမဝိသေသနတို့ကို သည်၊ ၏၊ မည်၊ လိမ့်မည် စသည့်ကြိယာဝိဘတ်တစ်ခုခုနှင့် တွဲရသည်။

သာဓက။ ။

| နာမဝိသေသန | ဝိဘတ် | ကြိယာ |
|---|---|---|
| (က) နီ | သည် | နီသည်။ |
| (ခ) မွှေး | ၏ | မွှေး၏။ |
| (ဂ) စိတ်ချမ်းသာ | မည် | စိတ်ချမ်းသာမည်။ |
| (ဃ) ရိုးသားဖြောင့်မတ် | လိမ့်မည် | ရိုးသားဖြောင့်မတ်လိမ့်မည်။ |

၁၁၄။ နာမဝိသေသနကို (နာမ်၊ နာမဝိသေသန၊ နာမ်၊ နာမဝိသေသန ဟူသောအစဉ်ဖြင့်) ပေါင်းစပ်၍ ကြိယာဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

နာမ် + နာမဝိသေသန+နာမ် +နာမဝိသေသန = ကြိယာဝိသေသန

(က) မျက်စိ + အေး + နား + အေး = မျက်စိအေး နားအေး

(ခ) စိတ် + ရှည် + လက် + ရှည် = စိတ်ရှည်လက်ရှည်

၁၁၅။ နာမ်အချင်းချင်း ပေါင်းစပ်သော ပေါင်းစပ်နာမ်၌ ရှေ့နာမ်၊ သို့မဟုတ် နောက်နာမ်သည် ဝိသေသျဖြစ်သည်။

သာဓက။ ။

| ပေါင်းစပ်နာမ် | အထူးပြုနာမ် နာမဝိသေသန | အထူးပြုခံနာမ် ဝိသေသျ |
|---|---|---|
| (က) ရေအိုး | ရေ | အိုး |
| (ခ) တောင်ကလပ် | ကလပ် | တောင် |

၁၁၆။ က ဝိဘတ်ပါသောနေရာပြပုဒ်နှင့် အချိန်ပြပုဒ်၊ နှင့် ဝိဘတ်ပါသော ယှဉ်တွဲပြပုဒ်၊ ၏ ဝိဘတ်ပါသော ပိုင်ဆိုင်ခြင်းပြပုဒ်တို့သည် ယင်းပုဒ်တို့၏နောက်တွင်ရှိသောနာမ်ကို အထူးပြုကြသည်။

သာဓက။

| အထူးပြုနှင့် အထူးပြုခံပုဒ် | အထူးပြုပုဒ် နာမဝိသေသန | အထူးပြုခံပုဒ် ဝိသေသျ |
|---|---|---|
| (က) မန္တလေးကဆရာသည် | မန္တလေးက | ဆရာ |
| (ခ) ယမန်နှစ်ကပြကွဲဒိန်ကို | ယမန်နှစ်က | ပြကွဲဒိန် |
| (ဂ) မျက်မှန်နှင့်ကျောင်းသားအား | မျက်မှန်နှင့် | ကျောင်းသား |
| (ဃ) သူ၏ကူညီမှုကြောင့် | သူ၏ | ကူညီမှု |

၁၁၇။ အသာလွန်ဆုံးအဆင့် နာမဝိသေသနကို နာမဝိသေသနအဖြစ်သာမက နာမ်အဖြစ်လည်း အသုံးပြုနိုင်သည်။

ဥပမာ။ ။

(က) ဤအတန်း၌ မမြသည်အတော်ဆုံးကျောင်းသူဖြစ်သည်။ (နာမဝိသေသန)

(ခ) ဤအတန်း၌ အတော်ဆုံးသည် မမြဖြစ်သည်။ (နာမ်)

(ဂ) ဤအတန်း၌ မမြသည်အတော်ဆုံးဖြစ်သည်။ (နာမ်)

၁၁၈။ **တစ်ယောက်၊ နှစ်ကောင်၊ သုံးထည်** စသည့်သချာပြပုဒ်တို့ကို အရေအတွက်ပြသချာနာမဝိသေသန အဖြစ်လည်းကောင်း၊ အရေအတွက်ပြ သချာနာမ်စားအဖြစ်လည်းကောင်းအသုံးပြုနိုင်သည်။

သာဓက။ ။

| **အရေအတွက်ပြ သချာနာမဝိသေသန** | **အရေအတွက်ပြ သချာနာမ်စား** |
|---|---|
| (က) နွားနှစ်ကောင် | ဦးမြမှာနွားသုံးကောင်ရှိသည်။ **နှစ်ကောင်**မှာ နို့စားနွားများဖြစ်ကြသည်။ |
| (ခ) ပုဆိုးသုံးထည် | ဦးမြမှာပုဆိုးလေးထည်ရှိသည်။ **သုံးထည်**မှာ ချည်ပုဆိုးများဖြစ်ကြသည်။ |

၁၁၉။ **အချို့၊ အားလုံး၊ အနည်းငယ်** စသည့်သချာပြပုဒ်တို့ကို ပမာဏပြသချာနာမဝိသေသနအဖြစ်လည်းကောင်း၊ ပမာဏပြသချာနာမ်စားအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

သာဓက။ ။

| **ပမာဏပြသချာနာမဝိသေသန** | ပမာဏပြသချာနာမ်စား |
|---|---|
| (က) **စပျစ်သီးအချို့** | စပျစ်သီးအချို့မှာချဉ်သည်။ **အချို့**မှာချိုသည်။ |
| (ခ) **ရွာသားအားလုံး** | ဤရွာ၌ရွာသား(၂၀၀)ရှိသည်။ **အားလုံး** စာတတ်ကြသည်။ |

၁၂၀။ **မည်သည်၊ ဘယ်၊ ဘာ** စသည့်အမေးပုဒ်တို့ကို အမေးနာမဝိသေသနအဖြစ် လည်းကောင်း၊ အမေးနာမ်စားများအဖြစ်လည်းကောင်းအသုံးပြုနိုင်သည်။

သာဓက။ ။

| အမေးနာမဝိသေသန | အမေးနာမ်စား |
|---|---|
| (က) **မည်သည့်မုန့်** | ကြောင်အိမ်ထဲ၌မုန့်မျိုးစုံရှိသည်။ **မည်သည်**ကို သင်စားလိုသနည်း။ |
| (ခ) ဘယ်မြို့ | သူသည်မြို့ကပြန်လာသည်။ သူဘယ်ကပြန်လာသနည်း။ |

၁၂၁။ **ဤ၊ ထို၊ ယင်း၊ ၎င်း၊ သည်** တို့ကိုအညွှန်းနာမဝိသေသနအဖြစ် လည်းကောင်း၊ အညွှန်းနာမ်စားအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

သာဓက။ ။

| အညွှန်းနာမဝိသေသန | အညွှန်းနာမ်စား |
|---|---|
| (က) ယင်းတရားကား ကိုယ်ချင်းစာတရားပင် ဖြစ်သည်။ | ယင်းကားကိုယ်ချင်းစာတရားပင်ဖြစ်သည်။ |
| (ခ) သည်မြက်ခင်းပေါ်မှာ မထိုင်ပါနှင့် | သည်မှာထိုင်ပါ။ |

၁၂၂။ မည်မျှ၊ ဘယ်လောက် စသည့်အမေးပုဒ်တို့ကို အမေး နာမဝိသေသနအဖြစ်လည်းကောင်း၊ အမေးကြိယာဝိသေသနများအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

သာဓက။ ။

| အမေးနာမဝိသေသန | အမေးကြိယာဝိသေသန |
|---|---|
| (က) ဤကျောင်း၌ ကျောင်းသားမည်မျှ ရှိသနည်း။ | မောင်ထွေးသည်စာကိုမည်မျှကြိုးစားသနည်း။ |
| (ခ) သင်သည်တစ်နှစ်လျှင် စာအုပ်ဘယ်လောက် ဖတ်သနည်း။ | သင်သည်တစ်နေ့လျှင် ရေကိုဘယ်လောက် သောက်သနည်း။ |

၁၂၃။ ကြိယာ။ ။ ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ပြသောပုဒ်ကို ကြိယာဟုခေါ်သည်။

၁၂၄။ အနက်အဓိပ္ပာယ်အရ ကြိယာ (၃)မျိုးနှင့်ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ (၃) မျိုးရှိသည်။

၁၂၅။ အနက်အဓိပ္ပာယ်အရ ကြိယာ (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ပြုခြင်းပြကြိယာ | ရေး၊ ဖတ်၊ စား၊ ပြော။ |
| (ခ) ဖြစ်ခြင်းပြကြိယာ | ဖြစ် (သည်)၊ ပြို(၏)၊ ကျက်(ပြီ)။ ပျော် (သည်၊ နီ (သည်)။ |
| (ဂ) ရှိခြင်းပြကြိယာ | ရှိ (သည်)၊ တည်ရှိ (သည်)။ |

၁၂၆။ ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

သာဓက။ ။

| အမျိုးအစား | သာဓက |
|---|---|
| (က) ပင်ကိုကြိယာ | ရေး၊ ဖြစ်၊ ကစား၊ ပူဇော်၊ ရှိခိုး။ |
| (ခ) ဂုဏ်ရည်ပြကြိယာ | လှ (သည်)၊ ချို (သည်)၊ သာယာ (သည်)။ |
| (ဂ) ပေါင်းစပ်ကြိယာ | စားသောက် (သည်)၊ ဆေးခြယ် (သည်)။ လျင်မြန် (သည်)။ |

## ကြိယာဆိုင်ရာသိမှတ်ဖွယ်များ

၁၂၇။ အချို့သောကြိယာကို ကြိယာထောက်ပစ္စည်းအဖြစ်အသုံးပြုနိုင်သည်။

သာဓက။ ။

| | ကြိယာ | ကြိယာထောက်ပစ္စည်း | အဓိပ္ပာယ် |
|---|---|---|---|
| (က) | ကြည့် | စားကြည့်သည်။ | စူးစမ်းသည့်သဘော |
| (ခ) | ပေး | ပြောပေးသည်။ | သူတစ်ပါးကိုကူညီသည့်သဘော |
| (ဂ) | နိုင် | မနိုင်သည်။ | စွမ်းဆောင်နိုင်သည့်သဘော |

၁၂၈။ ကြိယာအချင်းချင်းပေါင်းစပ်ရာ၌ ကြိယာနှစ်ခုမက ပေါင်းစပ်နိုင်သည်။

သာဓက။ ။

| | ဝါစင်္ဂ | ပေါင်းစပ်ပုံ | ပေါင်းစပ်ကြိယာ |
|---|---|---|---|
| (က) | ကြိယာ+ကြိယာ +ကြိယာ | ကြွရောက်+အားပေး +ချီးမြှင့် | ကြွရောက်အားပေး ချီးမြှင့် (သည်) |
| (ခ) | ကြိယာ+ကြိယာ+ ကြိယာ+ကြိယာ | ဝင်+ထွက်+ သွား+လာ | ဝင်ထွက်သွားလာ (သည်) |

၁၂၉။ ကြ၊ ကုန် စသည့်အများပြကြိယာပစ္စည်းတို့ကို ကြိယာနှင့်တွဲ၍ သုံးနိုင်သကဲ့သို့ မြှုပ်၍လည်းသုံးနိုင်သည်။

သာဓက။ ။

(က) (၁) ကျောင်းသားများကစားနေကြသည်။
(၂) ကျောင်းသားများကစားနေသည်။

(ခ) (၁) သူတို့လာကုန်ပြီ။
(၂) သူတို့လာပြီ။

၁၃၀။ လုပ်ငန်းတစ်ခုပြီးတစ်ခုဆောင်ရွက်ကြောင်း ဖော်ပြလိုသောအခါ ကြိယာနှစ်ခုကို တွဲ၍သုံးလေ့ရှိသည်။

သာဓက။ ။

(က) ကလေးသည်ဖခင်ကိုပြေးဖက်သည်။
(ခ) သူသည်ကောင်းကင်ကို မော့ကြည့်သည်။

၁၃၁။ ကြိယာနှစ်ခု၊ သို့မဟုတ် ကြိယာအဖြစ်အသုံးပြုသော နာမဝိသေသနနှစ်ခုတို့၏ ကြား၌ လည်း၊ မြဲ၊ သာ စသည့်ပစ္စည်းတို့ကိုထား၍ ကြိယာအဖြစ်အသုံးပြုနိုင်သည်။

သာဓက။ ။

(က) သူသည်ငွေကိုရှာလည်းရှာသည်။ လှူလည်းလှူသည်။
(ခ) သူသည်လှလည်းလှသည်။ ယဉ်လည်းယဉ်သည်။
(ဂ) သူသည်စာကြိုးစားမြဲကြိုးစားသည်။
(ဃ) သူသည်စာကို ဖတ်သာဖတ်သည်။ အဓိပ္ပာယ်ကိုသဘောမပေါက်ပေ။

၁၃၂။ **ဖြစ်သည်ဟူသော** ကြိယာဖြင့်ဖွဲ့သောဝါကျ၌ တစ်ခါတစ်ရံ ယင်းကြိယာကိုမြှုပ်၍ ဝါကျဖွဲ့တတ်သည်။

သာဓက။ ။

(က) ဤသည်ကားပညာရှိတို့၏အဆိုအမိန့် ( )တည်း။

(ခ) သူသည်လူတော်တစ်ယောက် ( )တည်း။

၁၃၃။ **ကြိယာဝိသေသန။** ။ ကြိယာကို အထူးပြုသောပုဒ်ကို ကြိယာဝိသေသနဟုခေါ်သည်။ အထူးပြုခြင်းခံရသောကြိယာကို ဝိသေသျဟုခေါ်သည်။

၁၃၄။ အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန (၅)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသန (၃)မျိုးရှိသည်။

၁၃၅။ အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန (၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အမျိုးအစား** | **သာဓက** |
|---|---|
| (က) အချိန်ပြကြိယာဝိသေသန | ယနေ့၊ နက်ဖြန်၊ ယခု၊ မကြာမီ၊ အစဉ်။ |
| (ခ) အမှုအရာပြကြိယာဝိသေသန | ဒယိမ်းဒယိုင်၊ တရိုတသေ၊ ညီညီညာညာ၊ အလျင်အမြန်။ |
| (ဂ) အခြေအနေပြကြိယာဝိသေသန | သည်းထန်စွာ၊ ဖရိုဖရဲ၊ စင်စစ်၊ မုချ။ |
| (ဃ) ပမာဏပြကြိယာဝိသေသန | အနည်းငယ်၊အကုန်၊လုံးဝ၊အလွန်၊များစွာ။ |
| (င) အမေးကြိယာဝိသေသန | မည်သို့၊ မည်ကဲ့သို့၊ မည်မျှ။ |

၁၃၆။ ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသန (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အမျိုးအစား** | **သာဓက** |
|---|---|
| (က) နှစ်ကြိမ်ထပ်ကြိယာဝိသေသန | မြန်မြန်၊ ခင်ခင်မင်မင်၊ ချိုချိုသာသာ။ |
| (ခ) ပစ္စည်းဆက်ကြိယာဝိသေသန | ခင်မင်စွာ၊ အလှ၊ တမှိုင်မှိုင်၊ တရွေ့ရွေ့၊ တရကြမ်း၊ ခပ်မြန်မြန်၊ အပူတပြင်း၊ မထိတထိ၊ တက်လိုက်ဆင်းလိုက်။ |
| (ဂ) ကာရန်လိုက်ကြိယာဝိသေသန | စီရရီ၊ ဆာတာတာ၊ နီတီတီ။ |

၁၃၇။ ကြိယာဝိသေသနအဆင့် (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| **အမျိုးအစား** | **သာဓက** |
|---|---|
| (က) သာမန်အဆင့် | ကောင်းစွာ |
| (ခ) သာလွန်အဆင့် | သာ၍/ပို၍ကောင်းစွာ |
| (ဂ) အသာလွန်ဆုံးအဆင့် | အကောင်းဆုံး |

**ကြိယာဝိသေသနဆိုင်ရာသိမှတ်ဖွယ်များ**

၁၃၈။ နာမ်အချင်းချင်းကိုဖြစ်စေ၊ နာမ်နှင့်နာမဝိသေသနကိုဖြစ်စေ၊ ကြိယာအချင်းချင်းကိုဖြစ်စေ ပေါင်းစပ်ခြင်းဖြင့် ကြိယာဝိသေသနဖြစ်လာသည်။

သာဓက။ ။

| ဝါစင်္ | ပေါင်းစပ်ပုံ | ကြိယာဝိသေသန |
|---|---|---|
| (က) နာမ်+နာမ် +နာမ်+နာမ် | ခြေ+(အ)ဆုံး+ ခေါင်း+(အ)ဆုံး | ခြေဆုံးခေါင်းဆုံး (ကြည့်သည်) |
| (ခ) နာမ်+နာမဝိသေ သန+နာမ်+ နာမဝိသေသန | စိတ်+မြန်+ လက်+မြန် | စိတ်မြန်လက်မြန် (ပြုတတ်သည်) |
| (ဂ) ကြိယာ+ကြိယာ | အားရ+ဝမ်းသာ | အားရဝမ်းသာ (ကြိုဆိုသည်) |

၁၃၉။ စကားတစ်လုံးတည်းရှိသော ကြိယာနှင့်နာမဝိသေသနတို့ကို ရှေ့က အ ပစ္စည်း ဆက်၍ ကြိယာဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

| ကြိယာ | ပစ္စည်း | ကြိယာဝိသေသန |
|---|---|---|
| ရ | အ | အရ (ယူသည်) |
| နာမဝိသေသန | ပစ္စည်း | ကြိယာဝိသေသန |
| လှ | အ | အလှ (ပြင်သည်) |

၁၄၀။ ဆိုရိုးစကားတို့ကို ကြိယာဝိသေသနအဖြစ်အသုံးပြုသည်။

သာဓက။ ။

| ဆိုရိုးစကား | ကြိယာဝိသေသန |
|---|---|
| (က) ခရေစေ့တွင်းကျ | ခရေစေ့တွင်းကျ (သိသည်) |
| (ခ) ဆင်ကန်းတောတိုး | ဆင်ကန်းတောတိုး(လုပ်သည်) |

၁၄၁။ မိ-ရာ ဟူသောပစ္စည်းနှင့် တွေး၊ ငေး၊ ထင်၊ ပြော စသည့်အချို့ ကြိယာတို့ကိုပေါင်းစပ်၍ ကြိယာဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

| ကြိယာ | ပစ္စည်း | ကြိယာဝိသေသန |
|---|---|---|
| တွေး | မိ-ရာ | တွေးမိတွေးရာ (တွေးသည်) |

၁၄၂။ အချို့သောနာမ်နှင့်ကြိယာပေါင်းစပ်သောပုဒ်တို့ကို ကြိယာဝိသေသနအဖြစ်အသုံး ပြုနိုင်သည်။

သာဓက။ ။

| ပုဒ် | ပေါင်းစပ်ပုံ | ကြိယာဝိသေသန |
|---|---|---|
| (က) နာမ်+ကြိယာ | အညောင်း+ပြေ | အညောင်းပြေ (လျှောက်သည်) |
| (ခ) နာမ်+ကြိယာ | လက်+တွေ့ | လက်တွေ့ (သင်ပြသည်) |

၁၄၃။ နာမဝိသေသနကိုလည်းကောင်း၊ အသံပြုပုဒ်ကိုလည်းကောင်း ခနဲဟူသောပစ္စည်းနှင့် ဆက်၍ ကြိယာဝိသေသနအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။

| နာမဝိသေသနနှင့် အသံပြပုဒ် | ပစ္စည်း | ကြိယာဝိသေသန |
|---|---|---|
| (က) ပူ | ခနဲ | ပူခနဲ(ဖြစ်သည်) |
| (ခ) ဝုန်း | ခနဲ | ဝုန်းခနဲ(ကျသည်) |

၁၄၄။ သံရှည်ကြိယာနှင့် သံရှည်နာမဝိသေသနတို့ကို မ-တ ပစ္စည်းနှင့်တွဲခြင်းဖြင့် ဖြစ်လာသော ကြိယာဝိသေသနတို့၌ မ ၏နောက်တွင်ရှိသော သံရှည်ကို သံတိုဖြစ်စေရန် အောက်မြစ်ထည့်ပေးရသည်။

သာဓက။ ။

| ပုဒ် | ပစ္စည်း | ကြိယာဝိသေသန |
|---|---|---|
| (က) ယုံ | မ-တ | မယုံ့တယုံ (ဖြစ်သည်) |
| (ခ) နိုင် | မ-တ | မနိုင့်တနိုင် (မသည်) |

၁၄၅။ **မည်မျှ၊ ဘယ်လောက်** စသည့်အမေးပုဒ်တို့ကို အမေးကြိယာဝိသေသနအဖြစ် လည်းကောင်း၊ အမေးနာမဝိသေသနအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

သာဓက။ ။

(က) မောင်ထွေးသည်စာကိုမည်မျှကြိုးစားသနည်း။ (အမေးကြိယာဝိသေသန)

(ခ) ဤကျောင်း၌ကျောင်းသားမည်မျှရှိသနည်း။ (အမေးနာမဝိသေသန)

၁၄၆။ စကားတစ်လုံးပါ အချို့ကြိယာကိုနှစ်ကြိမ်ထပ်၍ ကြိယာဝိသေသနအဖြစ်အသုံးပြုနိုင်သည်။

သာဓက။ ။

(က) သူသည်ကောင်းကင်ကို **မော့မော့**ကြည့်သည်။

(ခ) မစောမြင့်သည် သူ၏မုန့်ကိုသူငယ်ချင်းများအား **ဝေဝေ** ပေးသည်။

၁၄၇။ အသာလွန်ဆုံး အဆင့်ကို ဖော်ပြသော ပုဒ်တို့ကို ကြိယာဝိသေသနအဖြစ် လည်းကောင်း၊ နာမ် အဖြစ်လည်းကောင်း၊ နာမဝိသေသနအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

သာဓက။ ။

(က) မီးသတ်ကားသည် မီးလောင်ရာသို့ **အမြန်ဆုံး** ရောက်လာသည်။ (ကြိယာဝိသေသန)

(ခ) မောင်အေးချမ်းသည် ကျောင်းသားများအနက် **အသွက်လက်ဆုံး**ဖြစ်သည်။ (နာမ်)

(ဂ) မောင်အေးချမ်းသည် **အသွက်လက်ဆုံး** ကျောင်းသားဖြစ်သည်။ (နာမဝိသေသန)

၁၄၈။ **ဝိဘတ်။ ။** နာမ်၊ နာမ်စားတို့၏နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကိုလည်းကောင်း၊ ကြိယာနောက်၌တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံးကို **ဝိဘတ်** ဟု ခေါ်သည်။

၁၄၉။ နာမ်ဝိဘတ်နှင့် ကြိယာဝိဘတ်ဟူ၍ (၂)မျိုးရှိသည်။ နာမ်ဝိဘတ် (၁၇)မျိုး၊ ကြိယာဝိဘတ် (၂)မျိုးရှိသည်။

၁၅၀။ နာမ်ဝိဘတ် (၁၇)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ကတ္တားဝိဘတ် | သည်၊ က၊ မှာ။ |
| (ခ) ကံဝိဘတ် | ကို။ |

| အမျိုးအစား | သာဓက |
| --- | --- |
| (ဂ) ထွက်ခွာရာပြဝိဘတ် | မှ၊ က။ |
| (ဃ) ရွေ့ရှုရာပြဝိဘတ် | သို့။ |
| (င) ဆိုက်ရောက်ရာပြဝိဘတ် | သို့၊ ထိ၊ အထိ၊ ထိအောင်၊ တိုင်အောင်။ |
| (စ) အသုံးခံပြဝိဘတ် | ဖြင့်၊ နှင့်။ |
| (ဆ) အကြောင်းပြဝိဘတ် | ကြောင့်၊ ဖြင့်။ |
| (ဇ) လက်ခံပြဝိဘတ် | အား။ |
| (ဈ) နေရာပြဝိဘတ် | ၌၊ မှာ၊ တွင်၊ ဝယ်၊ က။ |
| (ည) အချိန်ပြဝိဘတ် | ၌၊ မှာ၊ တွင်၊ ဝယ်၊ က။ |
| (ဋ) ပိုင်ဆိုင်ခြင်းဝိဘတ် | ၏။ |
| (ဌ) လိုက်လျောပြဝိဘတ် | အလိုက်၊ အရ၊ အတိုင်း၊ အလျောက်၊ အားလျော်စွာ။ |
| (ဍ) ယှဉ်တွဲပြဝိဘတ် | နှင့်၊ နှင့်အတူ၊ နှင့်အညီ၊ နှင့်အမျှ။ |
| (ဎ) ခွဲထုတ်ရာပြဝိဘတ် | တွင်၊ အနက်၊ အထဲမှ၊ အထဲမှာ။ |
| (ဏ) ရည်စူးချက်ပြဝိဘတ် | ငှာ၊ အလို့ငှာ၊ ဖို့၊ အဖို့၊ အတွက်။ |
| (တ) နေရာဆက်တိုက်ပြဝိဘတ် | တိုင်တိုင်၊ တိုင်အောင်။ |
| (ထ) အချိန်ဆက်တိုက်ပြဝိဘတ် | တိုင်တိုင်၊ တိုင်အောင်၊ ပတ်လုံး၊ လုံးလုံး။ |

၁၅၁။ ကြိယာဝိဘတ် (၂)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
| --- | --- |
| (က) ကာလပြကြိယာဝိဘတ် | |
| (၁) ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ် | သည်၊ ၏၊ ပြီ။ |
| (၂) အတိတ်ကာလပြကြိယာဝိဘတ် | သည်၊ ၏၊ ပြီ။ |
| (၃) အနာဂတ်ကာလပြကြိယာဝိဘတ် | မည်၊ လိမ့်မည်၊ အံ့၊ လတ္တံ့။ |
| (ခ) အမျိုးအစားပြကြိယာဝိဘတ် | |
| (၁) စေခိုင်းဝိဘတ် | လော့။ |
| (၂) ညွှန်ကြားဝိဘတ် | စို့၊ ရအောင်။ |
| (၃) ဆန္ဒညွှန်ဝိဘတ် | ပါစေ၊ ပါရစေ။ |
| (၄) အမိန့်ချဝိဘတ် | စေ။ |

**ဝိဘတ်ဆိုင်ရာသိမှတ်ဖွယ်များ**

၁၅၂။ တ၊ သို့၊ မှာ၊ ဖြင့်၊ နှင့်၊ ၌၊ တွင်၊ ဝယ်၊ တိုင်တိုင်၊ တိုင်အောင် စသည့်နာမ် ဝိဘတ်တို့သည် ဝါကျတွင်အသုံးကိုလိုက်၍ အမျိုးအစားကွဲပြားကြသည်။

သာဓက။ ။

| ဝိဘတ် | အသုံး | ဝိဘတ်အမည် |
|---|---|---|
| (က) က | - သူက ပြောသည်။ | ကတ္တားဝိဘတ် |
| | - ဆိပ်ကမ်းက ခွာသည်။ | ထွက်ခွာရာပြဝိဘတ် |
| | - အိမ်ဝက စောင့်သည်။ | နေရာပြဝိဘတ် |
| | - နံနက်က ရောက်သည်။ | အချိန်ပြဝိဘတ် |
| (ခ) သို့ | - မောင်ချစ်ညိုသည် ကျောင်းသို့ သွားသည်။ | ရှေးရှုရာပြဝိဘတ် |
| | - မောင်ချစ်ညိုသည် (၅)နာရီ၌အိမ်သို့ပြန် ရောက်သည်။ | ဆိုက်ရောက်ရာပြဝိဘတ် |
| (ဂ) တိုင်တိုင် | - (၁၀)မိုင်တိုင်တိုင်မနားဘဲ လျှောက်ကြသည်။ | နေရာဆက်တိုက်ပြဝိဘတ် |
| | - (၂)နာရီတိုင်တိုင် ရေထဲ၌ နေနိုင်သည်။ | အချိန်ဆက်တိုက်ပြဝိဘတ် |

၁၅၃။ သည်၊ ကို၊ က စသည့်အချို့သော နာမ်ဝိဘတ်တို့ကို ဝါကျ၌တစ်ခါတစ်ရံမြုပ် ၍သုံးနိုင်သည်။

သာဓက။ ။ (က) (၁) သူသည်ကား ပညာရှိတည်း။
(၂) သူကားပညာရှိတည်း။
(ခ) (၁) ရွာသားများက လမ်းကိုပြင်ကြသည်။
(၂) ရွာသားများက လမ်းပြင်ကြသည်။
(ဂ) (၁) သူကလည်း ကူညီပါသည်။
(၂) သူလည်း ကူညီပါသည်။

၁၅၄။ နှင့် ဝိဘတ်ပါသော အသုံးခံပြပုဒ်ကို ဆိုလိုသည့်အဓိပ္ပာယ်အပြင် အခြားအဓိပ္ပာယ် တစ်မျိုးမျိုး မဖြစ်ပေါ်စေရန် ကြိယာရှေ့၌ထား၍ သုံးလေ့ရှိသည်။

သာဓက။ ။ - ထန်းသမားသည် လှေကားနှင့်ထန်းပင်ပေါ်သို့ တက်သည်။
-ထန်းသမားသည် ထန်းပင်ပေါ်သို့ လှေကားနှင့်တက်သည်။

၁၅၅။ ကြိယာဝိဘတ် သည်၊ ပြီ၊ မည် တို့သည် အချို့သောအမေးပစ္စည်းတစ်ခုခုနှင့်တွဲ၍ သုံးသော အခါ သည် သည် သ၊ ပြီ သည် ပ၊ မည် သည် မ နှင့် မှာ တို့သို့ ပြောင်းတတ်သည်။

သာဓက။ ။ (က) ပြောသည်။ ပြောသလား။
(ခ) လာပြီ။ လာပလား။
(ဂ) သွားမည်။ သွားမလား။
သွားမှာလား။

၁၅၆။ နာမဝိသေသနကို ကြိယာအဖြစ်အသုံးပြုသောအခါ ကြိယာဝိဘတ်တစ်ခုခုနှင့်တွဲရသည်။

| သာဓက။ ။ | နာမဝိသေသန | ဝိဘတ် | ကြိယာ |
|---|---|---|---|
| | (က) နီ | သည် | နီသည်။ |
| | (ခ) မွေး | ၏ | မွေး၏ |

၁၅၇။ **သမ္ဗန္ဓ။** ။ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကို ဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို သမ္ဗန္ဓ ဟုခေါ်သည်။

၁၅၈။ ဆက်စပ်ပုံအရ သမ္ဗန္ဓ (၃)မျိုးနှင့် အနက်အဓိပ္ပာယ်အရ သမ္ဗန္ဓ (၁၁)မျိုးရှိသည်။

၁၅၉။ ဆက်စပ်ပုံအရ သမ္ဗန္ဓ (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ပုဒ်ဆက်သမ္ဗန္ဓ | နှင့်၊ သို့မဟုတ်၊ မှတစ်ပါး၊ ဖြစ်စေ ... ဖြစ်စေ၊ သော်လည်းကောင်း၊ .... သော်လည်းကောင်း။ |
| (ခ) ဝါကျဆက်သမ္ဗန္ဓ | ၍၊ လျက်၊ လျှင်၊ သကဲ့သို့၊ နှင့်တစ်ပြိုင်နက်။ |
| (ဂ) အဓိပ္ပာယ်ဆက်သမ္ဗန္ဓ | ထို့ကြောင့်၊ ထို့ပြင်၊ ထိုအခါ၊ သို့ရာတွင်။ |

၁၆၀။ အနက်အဓိပ္ပာယ်အရ သမ္ဗန္ဓ (၁၁)မျိုးမှာအောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) ဆန့်ကျင်ပြသမ္ဗန္ဓ | သို့ရာတွင်၊သော်လည်း၊စေကာမူ၊ မ ....ဘဲလျက်။ |
| (ခ) အချိန်ပြသမ္ဗန္ဓ | နှင့်တစ်ပြိုင်နက်၊ တိုင်း၊ မှ၊ ရင်း၊ မ ... မီ။ |
| (ဂ) အကျိုးမျှော်ပြသမ္ဗန္ဓ | အောင်၊ ရန်၊ ဖို့၊ ရန်အလို့ငှာ။ |
| (ဃ) အကြောင်းပြသမ္ဗန္ဓ | ၍၊ နှင့်၊ သဖြင့်၊ ထို့ကြောင့်။ |
| (င) နှိုင်းယှဉ်ပြသမ္ဗန္ဓ | သကဲ့သို့၊ သလို၊ ထက်။ |
| (စ) ပေါင်းစည်းပြသမ္ဗန္ဓ | နှင့်၊ လည်း ... လည်း၊ အပြင် ... လည်း၊ သာမက ... လည်း။ |
| (ဆ) ရွေးချယ်ပြသမ္ဗန္ဓ | သို့မဟုတ်။ |
| (ဇ) ကန့်သတ်ချက်ပြသမ္ဗန္ဓ | လျှင်၊ မှ၊ က။ |
| (ဈ) ကန့်သတ်မဲ့ပြသမ္ဗန္ဓ | ဖြစ်စေ ... ဖြစ်စေ၊ သော်လည်းကောင်း .... သော်လည်းကောင်း။ |
| (ည) တစ်ပြိုင်နက်ပြသမ္ဗန္ဓ | လျှက်၊ ကာ၊ ရင်း။ |
| (ဋ) တစ်ခုပြီးတစ်ခုပြသမ္ဗန္ဓ | ကာ၊ ၍။ |

**သမ္ဗန္ဓဆိုင်ရာသိမှတ်ဖွယ်များ**

၁၆၁။ ၍၊ က၊ နှင့် စသည့်သမ္ဗန္ဓတို့သည် ဝါကျတွင်အသုံးကိုလိုက်၍ သမ္ဗန္ဓအမျိုးအစား ကွဲပြားသည်။

သာဓက။ ။

| သမ္ဗန္ဓ | အသုံး | သမ္ဗန္ဓအမျိုးအစား |
|---|---|---|
| (က) ၍ | - သူကျွေး၍ကျွန်တော်စားသည်။ | အကြောင်းပြသမ္ဗန္ဓ |
| | - လူဆိုးကိုရဲကဖမ်း၍စခန်းသို့ခေါ် ဆောင်သွားသည်။ | တစ်ခုပြီးတစ်ခုပြသမ္ဗန္ဓ |
| (ခ) က | - သီတင်းကျွတ်လရောက်က ကြာပန်း များပွင့်ကြမည်။ | အချိန်ပြသမ္ဗန္ဓ |
| | - လူကငွေကိုချစ်က ငွေကလူကိုချစ်မည်။ | ကန့်သတ်ချက်ပြသမ္ဗန္ဓ |
| (ဂ) နှင့် | - မိုးရွာသည်နှင့် သစ်ပင်များလန်းဆန်း လာသည်။ | အကြောင်းပြသမ္ဗန္ဓ |
| | - ရေနှင့်ကြာသည်ပနံရသည်။ | ပေါင်းစည်းပြသမ္ဗန္ဓ |

၁၆၂။ ဝါကျရိုးတို့ကို ဝါကျဆက်သမ္ဗန္ဓနှင့် ဆက်သောအခါ ရှေ့ဝါကျတို့၏ကြိယာဝိဘတ်သည် တစ်ခါ တစ်ရံကျေပျောက်သွားသည်။

သာဓက။ ။ (က) သီတင်းကျွတ်လရောက်ပြီ။ (ဝါကျရိုး)

(ခ) ကြာပန်းများပွင့်ကြသည်။ (ဝါကျရိုး)

(ဂ) သီတင်းကျွတ်လရောက်၍ ကြာပန်းများပွင့်ကြသည်။

၁၆၃။ ပြီး၊ ပြီးလျှင်၊ ပြီးသော် တို့ကို သမ္ဗန္ဓအဖြစ် အသုံးပြုနိုင်သည်။

သာဓက။ ။ အလောင်းမင်းတရားသည် ဒဂုံမြို့ကို **သိမ်းပြီး/ပြီးလျှင်/ ပြီးသော်** ရန်ကုန်မြို့ဟု အမည်ပေးတော်မူသည်။

၁၆၄။ **တိုင်၊ တိုင်အောင်၊ အခါတိုင်း** စသည့်အချို့သော သမ္ဗန္ဓတို့နှင့် ဝါကျရိုးနှစ်ခုကို ဆက်သော အခါ ရှေ့ဝါကျရှိ သည် ဝိဘတ်တွင်အောက်မြစ်ထည့်လေ့ရှိသည်။

သာဓက။ ။ (က) သူ ပြန်လာသည်။ (ဝါကျရိုး)

(ခ) ကျွန်တော်စောင့်မည်။ (ဝါကျရိုး)

(ဂ) သူပြန်လာသည့်တိုင်/တိုင်အောင် ကျွန်တော်စောင့်မည်။

၁၆၅။ **ပစ္စည်း။** ။ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သောစကားလုံးကို ပစ္စည်းဟု ခေါ်သည်။

၁၆၆။ နာမ်ပစ္စည်း၊ ကြိယာပစ္စည်း၊ ပုဒ်ပြောင်းပစ္စည်းဟူ၍ (၃)မျိုးရှိသည်။ နာမ်ပစ္စည်းကို (၉)မျိုး၊ ကြိယာပစ္စည်းကို (၅)မျိုး၊ ပုဒ်ပြောင်းပစ္စည်းကို (၃)မျိုးခွဲပြထားသည်။

၁၆၇။ နာမ်ပစ္စည်း (၉)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) မျိုးပြပစ္စည်း | (နှစ်)ပင်၊ (သုံး)ယောက်၊ (လေး)ခု။ |
| (ခ) လိင်ညွှန်းပစ္စည်း | (ကျောင်း)သား၊(ကျောင်း)သူ၊(ဝက်ဆံ)ဖို၊ (ဝက်ဆံ)မ၊ ဦး(မြ)၊ ဒေါ်(လှ)။ |
| (ဂ) ကိန်းညွှန်းပစ္စည်း | များ၊ တို့။ |

| အမျိုးအစား | သာဓက |
|---|---|
| (ဃ) သဉ္စာလေးနက်ပစ္စည်း | ကျစ်၊ ခနဲ့၊ ကြိမ်၊ မြောက်။ |
| (င) နာမ်ထောက်ပစ္စည်း | သာလျှင်၊ တော့၊ လည်း၊ ပါ၊ များ။ |
| (စ) ဥပမာပစ္စည်း | ကဲ့သို့၊ နှယ်၊ လို၊ အတိုင်း။ |
| (ဆ) ရူပကပစ္စည်း | တည်းဟူသော။ |
| (ဇ) အာလုပ်ပစ္စည်း | အို၊ ဟယ်၊ ရှင်၊ ခင်ဗျာ၊ ဟေ့။ |
| (ဈ) ဝိစ္ဆာပစ္စည်း | တိုင်း၊ တကာ၊ အ (မြို့မြို့)။ |

၁၆၈။ ကြိယာပစ္စည်း (၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) အမေးပစ္စည်း | နည်း၊ လော၊ လား၊ လဲ၊ တုံး။ |
| (ခ) ကိန်းညွှန်းပစ္စည်း | ကြ၊ ကုန်၊ ကြကုန်။ |
| (ဂ) ကြိယာထောက်ပစ္စည်း | နိုင်၊ ဝံ့၊ ခဲ့၊ မိ၊ ပါ။ |
| (ဃ) အငြင်းပြပစ္စည်း | မ၊ မ .... ဘူး။ |
| (င) ဝါကျနောက်လိုက်ပစ္စည်း | ကွယ်၊ နော်၊ ပေါ့၊ လေ၊ ပေါ့လေ။ |

၁၆၉။ ပုဒ်ပြောင်းပစ္စည်း (၃)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

| အမျိုးအစား | သာဓက |
|---|---|
| (က) နာမ်ပုဒ်ပြောင်းပစ္စည်း | အ၊ ခြင်း၊ ချက်၊ စရာ၊ မှု၊ အ-အ။ |
| (ခ) နာမဝိသေသနပုဒ်ပြောင်းပစ္စည်း | သော၊ သည့်၊ မည့်။ |
| (ဂ) ကြိယာဝိသေသနပုဒ်ပြောင်းပစ္စည်း | စွာ၊ အ၊ တ-တ၊ ချည်-ချည်။ |

**ပစ္စည်းဆိုင်ရာသိမှတ်ဖွယ်များ**

၁၇၀။ နာမ်၊ နာမ်စား၊ ကြိယာတို့ကို အချို့သောပစ္စည်းတို့နှင့် တွဲသောအခါ ပစ္စည်းတစ်မျိုးမက တွဲနိုင်သည်။

သာဓက။ ။ (က) ကလေးတိုင်း သာလျှင်မက။
(ခ) သူတို့သာလျှင်။
(ဂ) မရနိုင်တော့ပေ။

၁၇၁။ အချို့သောနာမ်တို့နှင့် မျိုးပြပစ္စည်းတစ်မျိုးမကတွဲနိုင်သည်။

| သာဓက။ ။ | နာမ် | ပစ္စည်း |
|---|---|---|
| (က) | ထီး | တစ်လက်၊ တစ်ချောင်း၊ တစ်စင်း။ |
| (ခ) | ဆင် | တစ်ကောင်၊ တစ်စီး။ |

၁၇၂။ အချို့သောနာမ်တို့ကို မျိုးပြပစ္စည်းအဖြစ် သုံးလေ့ရှိသည်။

| သာဓက။ ။ | နာမ် | ပစ္စည်း |
|---|---|---|
| (က) | ကျောင်း | ကျောင်းနှစ်ကျောင်း။ |
| (ခ) | မြို့ | မြို့သုံးမြို့။ |

၁၇၃။ ကို ဟူသောစကားလုံးကို ကြိယာတွဲနှစ်ခုကြား၌ ထား၍သော်လည်းကောင်း၊ နာမ်၊ နာမ်စား၏ နောက်တွင် ထား၍လည်းကောင်း ပစ္စည်းအဖြစ်သုံးလေ့ရှိသည်။

သာဓက။ ။

(က) သွားကိုသွားမယ်။

(ခ) ငါ့ကိုကြည့်တာပါ။

၁၇၄။ များပစ္စည်းသည် အချို့နေရာ၌ အရေအတွက်ကို မရည်ညွှန်းဘဲ တွဲဖက်သော နာမ်၊ နာမ်စား၊ ကြိယာ၏လေးနက်မှုကို ရည်ညွှန်းသည်။

သာဓက။ ။

(က) မောင်ဝင်းများ ပထမရလျှင် သူ့မိဘကအံ့ဩလိမ့်မည်။

(ခ) သူများပြန်ရောက်ပြီလားလို့။

၁၇၅။ နာမ်စားကို အများပြုပစ္စည်း တို့နှင့်တွဲ၍သုံးသည်။

သာဓက။ ။

| | နာမ်စား | ပစ္စည်း | နာမ်စားနှင့်ပစ္စည်း |
|---|---|---|---|
| (က) | သူ | တို့ | သူတို့ |
| (ခ) | ယင်း | တို့ | ယင်းတို့ |

၁၇၆။ ပုဒ်ပြောင်းပစ္စည်းသည် ကြိယာနှင့်နာမဝိသေသနတို့ကို နာမ်၊ နာမဝိသေသန၊ ကြိယာဝိသေသန အဖြစ် ပြောင်းပေးနိုင်သည်။

သာဓက။ ။

| | မူလပုဒ် | ပုဒ်ပြောင်းပစ္စည်း | ပြောင်းသောပုဒ် | ပုဒ်အမည် |
|---|---|---|---|---|
| (က) | ကောင်း | မှု | ကောင်းမှု | နာမ် |
| (ခ) | ဝယ် | သော | ဝယ်သော | နာမဝိသေသန |
| (ဂ) | ခင်မင် | စွာ | ခင်မင်စွာ | ကြိယာဝိသေသန |

၁၇၇။ ဝါကျ၌ကြိယာကိန်းညွှန်းပစ္စည်းကိုမြှုပ်၍သုံးလေ့ရှိသည်။

သာဓက။ ။

(က) (၁) ကျောင်းသားများ လာကြပြီ။

(၂) ကျောင်းသားများ လာပြီ။

(ခ) (၁) သူတို့ လာကြကုန်၏။

(၂) သူတို့ လာ၏။

၁၇၈။ သာ၊ ချည်၊ တော့၊ ဝင်၊ တောင် စသည့်အချို့သောပစ္စည်းတို့ကို နာမ်ထောက်ပစ္စည်းအဖြစ်သာမက ကြိယာထောက်ပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်သည်။

သာဓက။ ။

| | | ပစ္စည်းအမျိုးအစား |
|---|---|---|
| (က) | (၁) လူသာ ပဓာနဖြစ်သည်။ | နာမ်ထောက်ပစ္စည်း |
| | (၂) သိသာသိစေ မမြင်စေနှင့်။ | ကြိယာထောက်ပစ္စည်း |

(ခ) (၁) သူသည် စာကိုချည်းဖတ်နေသည်။ နာမ်ထောက်ပစ္စည်း
(၂) သူသည် အိပ်ချည်းနေသည်။ ကြိယာထောက်ပစ္စည်း

## လေ့ကျင့်ခန်းများ

### (က)

၁။ (က) အောက်ပါ နာမ်အသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်နာမ်ဖြစ်သနည်း။
ပြည်သူ၊ သစ္စာ၊ ငါး၊ ရွှေဘို၊ ပန်း၊ အစည်းအရုံး၊ မောင်အေးချမ်း၊ သတ္တိ။
(ခ) အောက်ပါနာမ်အသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ် ဖြစ်သနည်း။
ကောင်စီ၊ ဣန္ဒြေ၊ မှန်တင်ခုံ၊ ပေးကမ်းခြင်း၊ ကြမ်းတမ်းခြင်း၊ လက်ရွေးစင်၊ တွယ်တာစရာ၊ အအေး။
(ဂ) အောက်ပါနာမ်အသီးသီး၏လိင်အမျိုးအစားကိုဖော်ပြပါ။
ဦးအောင်ဇေယျ၊ မဒ္ဒီဒေဝီ၊ ရေ၊ မြွေ၊ ကျွန်မ၊ အစ်ကို၊ မီး၊ ထန်း။
(ဃ) အောက်ပါနာမ်အသီးသီး၏ ကိန်းကိုဖော်ပြပါ။
ဧည့်သည်များ၊ စာအုပ်၊ ထီး၊ ငါးတို့၊ စားပွဲများ။

၂။ အောက်ပါပေါင်းစပ်နာမ်တို့တွင် မည်သည့်နာမ်က မည်သည့်နာမ်ကိုအထူးပြုသနည်း။
ကွမ်းကလပ်၊ ဝါးလက်ခုပ်၊ ဝါးခမောက်၊ မုန့်လက်ကောက်။

၃။ (က) အောက်ပါဂုဏ်ရည်ပြနာမ်အသီးသီးကို ကွက်လပ်တွင်ဆီလျော်အောင်ဖြည့်ပါ။
အထူး၊ အနွေး၊ အနှေး၊ အကျဉ်း၊ အနု။
........ ယာဉ်၊ ....... အစည်းအဝေး၊ ....... ပညာ၊ ........ ထည်၊ ...... ထောင်။
(ခ) အောက်ပါကြိယာနာမ်အသီးသီးကို ကွက်လပ်တွင်ဆီလျော်အောင်ဖြည့်ပါ။
အစုန်၊ အပြန်၊ အမှာ၊ အစမ်း၊ အလုပ်။
........ ခရီး၊ ....... ရထား၊ ....... စကား၊ ........ စာမေးပွဲ၊ ...... သမား။

၄။ အချို့နာမ်သည် မည့်သည့်ပစ္စည်းနှင့်တွဲခြင်းဖြင့် အပေါင်းအစုကိုရည်ညွှန်းဖော်ပြသနည်း။ သာဓက (၂)ခုပြပါ။

၅။ ကို၊ အား၊ ကြောင့်၊ အတွက်၊ ဖို့ ဝိဘတ်တစ်ခုခုနှင့်တွဲခြင်းဖြင့် သံရှည်အဆုံးရှိသောနာမ်တွင် အောက်မြစ်ထည့်လေ့ရှိပုံကို သာဓကပြပါ။

၆။ အောက်ပါနာမ်အသီးသီးကို အခြားနာမ်တစ်ခုခုနှင့် ပေါင်းစပ်သောအခါ အ မြုပ်လေ့ရှိပုံကို သာဓကပြပါ။
အရောင်၊ အပင်၊ အရွက်၊ အသား၊ အရုပ်၊ အနံ့၊ အကြော။

### (ခ)

၁။ (က) အောက်ပါနာမ်စားအသီးသီးသည် နာမ်စား (၄)မျိုးအနက် မည်သည့်အမျိုးအစား ဖြစ်သနည်း။
အချို့၊ အဘယ်၊ ထို၊ ကျွန်ုပ်၊ သည်၊ သင်း၊ အားလုံး၊ မည်သူ။

(ခ) အောက်ပါနာမ်စားအသီးသီးသည် ပုဂ္ဂလနာမ်စား (၃)မျိုးအနက်မည်သည့် အမျိုးအစားဖြစ်သနည်း။
ကျွန်မ၊ သူ၊ သင်၊ ငါ၊ ညည်း၊ သင်း။
(ဂ) အောက်ပါနာမ်စားအသီးသီးသည်သချာနာမ်စား (၂)မျိုးတွင် မည်သည့်အမျိုးအစား ဖြစ်သနည်း။
ခြောက်ယောက်၊ အနည်းငယ်၊ အားလုံး၊ သုံးချပ်။

၂။ သူ ဟူသောနာမ်စားကို ယောကျ်ား၊ မိန်းမ၊ တိရစ္ဆာန်တို့အစား သုံးနိုင်ကြောင်း သာဓကပြပါ။

၃။ အောက်တွင်ပေးထားသောစကားလုံးအသီးသီးကို ကွက်လပ်တွင် ဆီလျော်အောင်ဖြည့်ပါ။ ဖြည့်သောစကားလုံးသည် **အညွှန်းနာမ်စား၊ သို့မဟုတ် အညွှန်း နာမဝိသေသနဖြစ်ကြောင်း** ဖော်ပြပါ။
အချို့၊ ဘာ၊ မည်သည့်၊ ယင်း၊ အားလုံး၊ နှစ်ကောင်၊ ၎င်း။
(က) ခေါင်းဆောင်ဖြစ်ချင်ရင် ........... ကျင့်ဝတ်ကိုစောင့်ထိန်းရမလဲ။
(ခ) ကျွဲ ......... ခတ်ရာမြေစာပင်မခံနိုင်။
(ဂ) ကျောင်းသား ........... အတန်းထဲ၌ ငြိမ်သက်စွာထိုင်နေကြသည်။
(ဃ) .......... သည် ကြွင်နာသနားတတ်သည်။
(င) .......... ကားပညာရှိတို့၏ အဆိုအမိန့်တည်း။
(စ) .......... ကဒူးရင်းသီးကို မကြိုက်ပေ။
(ဆ) မြန်မာနိုင်ငံတွင် ......... အရပ်၌ မိုးအများဆုံးရွာသနည်း။

၄။ နာမ်စား (၅)ခုကို နာမ်ဝိဘတ်တစ်ခုစီနှင့်တွဲပြပါ။

၅။ မည်သည့်ဝိဘတ်နှင့်တွဲလျှင် အောက်ပါနာမ်စားတို့၌ အောက်မြစ်ထည့်လေ့ရှိသနည်း။
(က) ငါ
(ခ) သင်
(ဂ) ရှင်
(ဃ) နင်
(င) သူ

၆။ အောက်ပါဝါကျများ၌ ပါဝင်သော **တို့** ဟူသောစကားလုံးသည် ပစ္စည်း၊ သို့မဟုတ် နာမ်စား ဖြစ်ကြောင်းဖော်ပြပါ။
(က) တို့ကော မလိုက်ရဘူးလား။
(ခ) ငါတို့လဲ ရောက်ဖူးပါတယ်။
(ဂ) တို့ သီသမျှကိုပြောပြမယ်။
(ဃ) ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကြရမယ်။

၁။ (က) အောက်ပါနာမဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရမည်သည့် နာမဝိသေသန ဖြစ်သနည်း။
အခြား၊ ပေါ်များသော၊ စတုတ္ထအကြိမ်၊ ခြောက်ယောက်၊ ထို၊ ရိုးသားသော။
(ခ) အောက်ပါနာမဝိသေသနအသီးသီးသည် မည်သည့်သဏ္ဌာနာမဝိသေသနဖြစ်သနည်း။
များစွာသော၊ အကြိမ် (၂၀)မြောက်၊ နှစ်ခု။
(ဂ) အောက်ပါ နာမဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် နာမဝိသေသန ဖြစ်သနည်း။
နူးညံ့ပျော့ပျောင်း၊ ဖွဲ့ကောင်း၊ နွေး၊ မွေး။
(ဃ) အောက်ပါ နာမဝိသေသနအသီးသီးသည် မည်သည့်နာမဝိသေသနအဆင့်တွင် ပါဝင်သနည်း။
အလှဆုံး၊ သာယာသော၊ ပို၍ဆန်းသစ်သော၊ ကြမ်းတမ်းသော။

၂။ အောက်ပါ နာမဝိသေသနအသီးသီးကို အ၊ မှု၊ ခြင်း ဟူသော ပစ္စည်းတစ်ခုခုနှင့် ဆက်၍ ဝုဏ်ရည်ပြနာမ်ဖြစ်အောင်ဖွဲ့စည်းပြပါ။
ငြိမ်းချမ်း၊ ချော၊ နီ၊ သွက်လက်၊ ဖြောင့်၊ ပါးနပ်၊ ကြမ်း၊ ရှည်။

၃။ အောက်ပါ နာမဝိသေသနအသီးသီးကို နှစ်ကြိမ်ထပ်ခြင်းဖြင့်ဖြစ်စေ၊ စွာ၊ တရ၊ အ-တ၊ ရရွှန်းပစ္စည်းတစ်ခုခု ဆက်ခြင်းဖြင့်ဖြစ်စေ၊ ကာရန်လိုက်ခြင်းဖြင့်ဖြစ်စေ ကြိယာဝိသေသန ဖြစ်အောင် ဖွဲ့စည်းပြပါ။
ပွပြင်း၊ ကောင်း၊ လှပ၊ ကြမ်း၊ ရွှန်း၊ စိမ်း၊ ပြာ။

၄။ (က) အောက်ပါ နာမဝိသေသနအသီးသီးကို သော၊ သည့်၊ မည့် ပစ္စည်းတစ်ခုခု နှင့်တွဲ၍ နာမ် သို့မဟုတ် နာမ်စားတစ်ခုစီ၏ရှေ့တွင်သုံးပြပါ။
မြင့်မား၊ ကျဉ်းမြောင်း၊ လိမ္မာ၊ ရိုးသား၊ ရှည်လျား၊ စိမ်းလန်း။
(ခ) အောက်ပါကွက်လပ်အသီးသီး၌ ဆီလျော်သောနာမ်ကိုဖြည့်ပါ။
......... အချို့၊ .......... ယဉ်ကျေး၊ ........... နှစ်စင်း၊ ........ အားလုံး။
(ဂ) အောက်ပါကွက်လပ်အသီးသီးတွင် ဆီလျော်သောကြိယာကိုဖြည့်ပါ။
(၁) တမာရွက်သည် .................. ။
(၂) ယဉ်ကျေးသောသူ၏အမူအရာသည် .................. ။
(၃) ယနေ့တိုက်ခတ်သော လေမုန်တိုင်းသည် ................ ။
(၄) ဤမြက်ခင်းပြင်သည် .................. ။
(၅) စံပယ်ပန်း၏ရနံ့သည် .................... ။

၅။ (က) အောက်ပါ ပေါင်းစပ်နာမဝိသေသနအသီးသီးတွင် မည်သည်ကနာမဝိသေသန၊ မည်သည် က ဝိသေသျဖြစ်ကြောင်းခွဲခြားပြပါ။
ဆန်အိတ်၊ ခွေးဘီလူး၊ တောဝက်၊ ညောင်မှတ်ဆိတ်။

(ခ) အောက်ပါအသာလွန်ဆုံးအဆင့် နာမဝိသေသနအသီးသီးကိုနာမ်အဖြစ် လည်းကောင်း၊ နာမဝိသေသနအဖြစ်လည်းကောင်း ဝါကျဖွဲ့သုံးပြပါ။
အသွက်လက်ဆုံး၊ အငယ်ဆုံး၊ အလှဆုံး။

၆။ (က) အောက်ပါပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ နာမ်စားအဖြစ်လည်းကောင်း ဝါကျဖွဲ့သုံးပြပါ။
နှစ်ခု၊ အနည်းငယ်၊ ဘာ၊ ဤ။

(ခ) အောက်ပါပုဒ်အသီးသီးကို နာမဝိသေသနအဖြစ်လည်းကောင်း၊ ကြိယာ ဝိသေသနအဖြစ်လည်းကောင်း ဝါကျဖွဲ့သုံးပြပါ။
အဘယ်မျှလောက်၊ မည်မျှ၊ ဘယ်လောက်

(ဃ)

၁။ (က) အောက်ပါကြိယာအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့်ကြိယာဖြစ်သနည်း။
ရှိ၊ ဆွတ်ခြေ၊ တိုက်ခတ်၊ နှိမ်နင်း၊ တည်ရှိ။

(ခ) အောက်ပါကြိယာအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် ကြိယာဖြစ်သနည်း။
ခုန် (သည်)၊ ငြိမ့်ညောင်း (သည်)၊ ပြေးလွှား (သည်)၊ စက်ချုပ် (သည်)၊ ဖြောင့်တန်း (သည်)။

၂။ အောက်ပါကြိယာအသီးသီးကို ကြိယာထောက်ပစ္စည်းအဖြစ် ဝါကျဖွဲ့သုံးပြပါ။
ထား၊ ပစ်၊ သွား၊ သင့်၊ မိ။

၃။ အောက်ပါ ကြိယာတို့မှ ပေါင်းစပ်နိုင်သော ကြိယာတို့ကိုပေါင်းစပ်၍ ဝါကျဖွဲ့ ဆီလျော်အောင် ဖြည့်ပါ။
ဆုံးမ၊ ဝေဖန်၊ ဆင်ခြင်၊ သွန်သင်၊ အားပေး၊ သုံးသပ်၊ ရိုသေ၊ လွမ်းဆွတ်၊ လေးစား၊ တမ်းတ၊ အားထား၊ သတိရ။

(က) ခွဲခွာခဲ့ရသော သူငယ်ချင်းများကို ကျွန်တော် ......... သည်။
(ခ) မိမိပြုခဲ့သည့် အမှားမျိုးကိုနောင်တွင် မပြုမိစေရန် .......... ရမည်။
(ဂ) ဦးကြီးသည် ရပ်ကွက်အတွင်းရှိ လူငယ်များကိုအမြဲပင် .......... သည်။
(ဃ) လူငယ်များက ဦးကြီးကို ........ ကြသည်။

၄။ ကြ၊ ကုန်၊ ကြကုန် ဟူသောအများပြကြိယာပစ္စည်းအသီးသီးကိုဝါကျဖွဲ့သုံးပြပါ။

၅။ လုပ်ငန်းတစ်ခုပြီးတစ်ခု ဆောင်ရွက်ကြောင်းဖော်ပြသည့် ကြိယာနှစ်ခုတွဲကို ကွက်လပ်၌ ဆီလျော်အောင်ဖြည့်ပါ။

(က) မောင်မောင်သည် မုန့်ဟင်းခါး ......... သည်။
(ခ) မစံပယ်ကသူရရှိသောဆုတံဆိပ်များကို ကျွန်တော့်အားဗီရိုထဲမှ ....... သည်။
(ဂ) သူသည်ရေကို ....... သည်။
(ဃ) မိဘကိုသားသမီးများက ....... သည်။

၆။ အောက်ပါကြိယာ (၂)ခုစီကြား၌ လည်း၊ မြဲ၊ သာ ပစ္စည်းတစ်ခုခုကိုထည့်၍ ကွက်လပ်အသီးသီး၌ ဆီလျော်အောင်ဖြည့်ပါ။

- ချစ် ...... ချစ်၊ သနား ....... သနား။
  ကြီး ......... ကြီး။
- သွက်လက် ......... သွက်လက်။
- ဟောင် ....... ဟောင်။
- ကြောက် ........ ကြောက်၊ ရွံ ........ ရွံ။

(က) မလှသည်မြွေကို ...... သည်။ ...... သည်။

(ခ) ဤခွေးသည် ...... သည်။ မကိုက်ပေ။

(ဂ) ဤမာလာသီးသည် ...... သည်။ ...... သည်။

(ဃ) ဘကြီးဖြိုးသည် ငယ်စဥ်ကကဲ့သို့ပင် ....... သည်။

(င) ဒေါ်မြသည် ခြေမသန်သော တူမငယ်ကို ...... သည်။ ....... သည်။

၇။ ဖြစ်သည်ဟူသော ကြိယာဖြင့်ဖွဲ့သောဝါကျ၌ ယင်းကြိယာမပါဘဲ ဖွဲ့နိုင်ပုံကို သာဓကဝါကျသုံးခုဖြင့်ပြပါ။

(င)

၁။ (က) အောက်ပါကြိယာဝိသေသနအသီးသီးသည် အနက်အဓိပ္ပာယ်အရမည်သည့် ကြိယာဝိသေသန ဖြစ်သနည်း။

ယဥ်ကျေးစွာ၊ ပြင်းထန်စွာ၊ များစွာ၊ အဘယ်မျှ၊ ခဏ။

(ခ) အောက်ပါကြိယာဝိသေသနအသီးသီးသည် ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် ကြိယာဝိသေသန ဖြစ်သနည်း။

တိုင်တိုင်ပင်ပင်၊ အုံ့တုံ့တုံ့၊ ခပ်သွက်သွက်။

(ဂ) အောက်ပါ ကြိယာဝိသေသနအသီးသီးသည် မည်သည့်ကြိယာဝိသေသန အဆင့်၌ ပါသနည်း။

သာ၍လေးစားစွာ၊ ပျော်ရွှင်စွာ၊ အခင်မင်ဆုံး။

၂။ အောက်ပါကြိယာဝိသေသနအသီးသီး၌ မည်သည့်ပုဒ်များပါဝင်သနည်း။

မြှောက်ထိုးပင့်ကော်၊ မေးထူးခေါ်ပြော၊ ခုန်ပေါက်ပြေးလွှား၊ ရေဆုံးရေဖျား။

၃။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌သုံးပြပါ။

အမိ၊ အမြင့်၊ အလွတ်၊ အထူး၊ အရောက်။

၄။ အောက်ပါတို့ကို ကြိယာဝိသေသနအဖြစ် ဝါကျ၌သုံးပြပါ။

တောင်စဥ်ရေမရ၊ ကျီးကန်းတောင်းမှောက်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်၊ ခွက်ထိုးခွက်လန်။

၅။ အောက်ပါပေါင်းစပ်ပုဒ်အသီးသီး၌ မည်သည့်ပုဒ်များပါဝင်ကြသနည်း။

ယင်းပေါင်းစပ်ပုဒ်အသီးသီးကို ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌သုံးပြပါ။ မျှောက်ကား၊ မုဆိုးထိုင်၊ ကိုယ်တွေ့။

၆။ (က) အောက်ပါပုဒ်အသီးသီးကို ခနဲဟူသောပစ္စည်းနှင့်ဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌သုံးပြပါ။
အေး၊ လက်၊ ဗုန်း၊ ဝေါ်။
(ခ) အောက်ပါနာမ်အသီးသီးကို လိုက်၊ သို့မဟုတ် အလိုက် ပစ္စည်းတစ်ခုခုနှင့် ဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီ၌သုံးပြပါ။
အိတ်၊ ကျောင်း၊ ရပ်ကွက်၊ အကောင်။
၇။ အောက်ပါကြိယာဝိသေသနအသီးသီး၌ လိုအပ်သောစကားလုံးတွင် အောက်မြစ်ထည့်၍ ဝါကျတစ်ခုစီ၌သုံးပြပါ။
မလုံတလုံ၊ မခိုင်တခိုင်၊ မထင်တထင်၊ မမှောင်တမှောင်။
၈။ အောက်ပါပုဒ်အသီးသီးကို အမေး ကြိယာဝိသေသနအဖြစ်လည်းကောင်း၊ အမေးနာမဝိသေသနအဖြစ်လည်းကောင်း ဝါကျတစ်ခုစီ၌သုံးပြပါ။
ဘယ်လောက်၊ မည်မျှ။
၉။ အောက်ပါ ကြိယာအသီးသီးကို နှစ်ကြိမ်ထပ်၍ ကြိယာဝိသေသနအဖြစ် ဝါကျ၌သုံးပြပါ။
ချောင်၊ ငို၊ သွား၊ တိုင်။
၁၀။ အောက်ပါပုဒ်အသီးသီးကို ကြိယာဝိသေသန၊ နာမ်၊ နာမဝိသေသနတစ်ခုခုအဖြစ် ဝါကျ၌သုံးပြပါ။
အငယ်ဆုံး၊ အနီးဆုံး၊ အလှဆုံး၊ အခါးဆုံး၊ အမြင့်ဆုံး။
၁၁။ အောက်ပါကြိယာဝိသေသနအသီးသီးကို ဝါကျတစ်ခုစီ၌သုံးပြပါ။
ထာဝစဉ်၊ အလွန်၊ ဒယိမ်းဒယိုင်၊ လှိုက်လှဲစွာ၊ ပျူပျူငှာငှာ။

(စ)

၁။ (က) အောက်ပါဝိဘတ်အသီးသီးသည် မည်သည့်နာမ်ဝိဘတ်ဖြစ်သနည်း။
က၊ တိုင်တိုင်၊ ဖြင့်၊ မှာ။
(ခ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့်ကာလပြကြိယာဝိဘတ်ဖြစ်သနည်း။
သည်၊ ၏၊ ပြီ၊ လိမ့်မည်။
(ဂ) အောက်ပါ ဝိဘတ်အသီးသီးသည် မည်သည့်အမျိုးအစားပြကြိယာဝိဘတ် ဖြစ်သနည်း။
စေ၊ ပါရစေ၊ လော့၊ စို့။
၂။ အောက်ပါ နာမ်ဝိဘတ်အသီးသီးကို ဝါကျ၌ဆီလျော်အောင်ဖြည့်ပါ။ ဖြည့်သော ဝိဘတ်သည် မည်သည့်နာမ်ဝိဘတ်ဖြစ်ကြောင်းကို ဝိုက်ကွင်း၌ ထည့်သွင်းပြပါ။
တိုင်အောင်၊ သို့၊ တွင်၊ နှင့်။
(က) သစ်ခုတ်သမားတို့သည် သစ်ပင်ကိုလွှ ....... ဖြတ်ကြသည်။ ( )
(ခ) ကျောက်မျက်ရတနာတို့ ..... စိန်သည် အမာဆုံးဖြစ်သည်။ ( )
(ဂ) ရန်ကုန်-မန္တလေးအမြန်ရထားသည် ပဲခူးဘူတာ ..... ခေတ္တရပ်သည်။ ( )
(ဃ) ကျွန်တော်တို့သည် ည(၆)နာရီ၌ အိမ် ..... ပြန်ရောက်ကြသည်။ ( )

(င) ပင်နီအင်္ကျီ ..... လူကြီးသည် စကားပြောအလွန်ကောင်းသည်။ ( )

(စ) မောင်ချစ်ညိုသည် ည(၁၀)နာရီ ...... စာဖတ်လေ့ရှိသည်။ ( )

၃။ အောက်ပါဝါကျအသီးသီး၌ တစ်ခါတစ်ရံမြုပ်၍ သုံးနိုင်သည့်နာမ်ဝိဘတ်ကို မျဉ်းသားပြပါ။

(က) လသည် သာသည်။

(ခ) ပထမဆုကို သူကချည်းနှစ်စဉ်ရပါသည်။

(ဂ) ကျွန်မသည် နံနက်တိုင်းပန်းကိုခူးသည်။

(ဃ) သည်းခံခြင်းသည်သာလျှင် သင့်အတွက်အားကိုးရာဖြစ်ပါလိမ့်မည်။

၄။ အသုံးခံဖြစ်ကြောင်း ဖော်ပြလိုသည့်အခါတွင် နှင့် ဝိဘတ်ပါသော အသုံးခံပြပုဒ်ကို ဝါကျ၌ မည်သည့် နေရာတွင်ထားလေ့ရှိသနည်း။ သာဓကဝါကျ (၂)ခုပြပါ။

၅။ အောက်ပါကြိယာအသီးသီးရှိ ဝိဘတ်ကိုအမေးပစ္စည်း လား၊ လဲ၊ တုံး၊ နည်း၊ လို့လဲ တစ်ခုခုနှင့်တွဲ၍သုံးပြပါ။ အသွင်ပြောင်းလဲသွားသည့် ကြိယာဝိဘတ်ကို မျဉ်းသားပြပါ။

(က) ပြောသည်။

(ခ) သာပြီ။

(ဂ) လာမည်။

(ဃ) ကစားသည်။

(င) ရောက်မည်။

(ဆ)

၁။ (က) အောက်ပါ သမ္ဗန္ဓအသီးသီးသည် ဆက်စပ်ပုံအရ မည်သည့်သမ္ဗန္ဓဖြစ်သနည်း။
နှင့်၊ ထို့ပြင်၊ သကဲ့သို့၊ ၍။

(ခ) အောက်ပါ သမ္ဗန္ဓအသီးသီးသည် အနက်အဓိပ္ပာယ်အရ မည်သည့် သမ္ဗန္ဓ ဖြစ်သနည်း။
သော်လည်း၊ သဖြင့်၊ နှင့်တစ်ပြိုင်နက်၊ သို့မဟုတ်။

၂။ အောက်ပါကွက်လပ်အသီးသီး၌ ဆီလျော်သော သမ္ဗန္ဓဖြည့်ပါ။ ဖြည့်သော သမ္ဗန္ဓသည် မည်သည့် သမ္ဗန္ဓဖြစ်ကြောင်းကို ဝိုက်ကွင်း၌ဖော်ပြပါ။

(က) အဝါရောင် ....... အပြာရောင်ကိုရောစပ်လျှင် အစိမ်းရောင်ဖြစ် လာသည်။ ( )

(ခ) ကျားသနား ....... နွားချမ်းသာမည်။ ( )

(ဂ) သူသည်ဗီရိုကိုဖွင့် ....... အင်္ကျီကိုရှာသည်။ ( )

(ဃ) လူဆိုးများသည် ရဲများကိုမြင်သည် ....... ထွက်ပြေးကြသည်။ ( )

(င) ဘောလုံးပွဲများကို မိုးရာသီရောက် ..... ကြည့်ကြရမည်။ ( )

(စ) ကြောင်တစ်ကောင်သည် ရေအိုးစင်အနီး၌ဝပ် .... ကြွက်ကိုချောင်း နေသည်။ ( )

၃။ အောက်ပါဝါကျစုံး (၂)ခုစီကို ဆီလျော်သော သမ္ဗန္ဓဖြင့်ဆက်ပြပါ။

(က) (၁) မောင်လှ၏မိဘများသည် ဆင်းရဲကြသည်။
(၂) သူတို့သည် တင်းတိမ်ရောင့်ရဲကြသည်။

(ခ) (၁) မောင်ညိုလှသည် ကျူရီတတ်သည်။
(၂) မောင်နီကလည်း ကျူရီတတ်ပါသည်။
(ဂ) (၁) မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏လက်အောက်သို့တစ်ခါက ကျရောက်ခဲ့သည်။
(၂) မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စာပေတို့သည် မှေးမှိန်ခဲ့ရဖူးသည်။

(ဓ)

၁။ (က) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့်နာမ်ပစ္စည်းဖြစ်သနည်း။
ကဲ့သို့၊ ဖို့၊ ယောက်၊ များ၊ ခန့်၊ ဟယ်၊ တကား၊ တည်းဟူသော၊ ပါ။
(ခ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့်ကြိယာပစ္စည်းဖြစ်သနည်း။
နည်း၊ မ၊ မိ၊ ကုန်၊ နော်။
(ဂ) အောက်ပါ ပစ္စည်းအသီးသီးသည် မည်သည့်ပုဒ်ပြောင်းပစ္စည်းဖြစ်သနည်း။
မှု၊ မည့်၊ ချည်-ချည်။

၂။ အောက်ပါဝါကျအသီးသီးရှိ နာမ်၊ နာမ်စား၊ ကြိယာတစ်ခုခုနှင့်တွဲထားသော ပစ္စည်းအသီးသီးကို မျဉ်းသားပြပါ။
(က) ဤအခန်း၌ လူ (၅၀)ကျော်လောက်သာဆံ့သည်။
(ခ) သူတို့မှုသာမကသေးပေ။
(ဂ) မိဘမေတ္တာသည် မြင်းမိုရ်တောင်မက ကြီးမားလှပါပေတော့သည်။

၃။ အောက်ပါနာမ်အသီးသီးကိုတွဲနိုင်သော မျိုးပြပစ္စည်းနှစ်မျိုးစီနှင့်တွဲပြပါ။
မြွား၊ ဓား၊ လူ၊ စားပွဲ၊ ကြိုး။

၄။ အောက်ပါ နာမ်အသီးသီးကို မျိုးပြပစ္စည်းအဖြစ်သုံးပြပါ။
ရွာ၊ အိမ်၊ ကန်၊ မြစ်။

၅။ ကို ဟူသောစကားလုံးကို ကြိယာတွင် (၂)ခုကြား၌ထား၍လည်းကောင်း၊ နာမ်၊ နာမ်စားတို့၏နောက်တွင်ထား၍လည်းကောင်း ပစ္စည်းအဖြစ်သုံးပြပါ။

၆။ များ သည် နာမ်၊ နာမ်စား၊ ကြိယာအသီးသီး၏လေးနက်မှုကို ရည်ညွှန်းနိုင်ကြောင်း သာဓကဝါကျတစ်ခုစီဖြင့်ပြပါ။

၇။ တို့ ပစ္စည်းကိုနာမ်စား (၄)ခုနှင့်တွဲ၍ သုံးပြပါ။

၈။ ပုဒ်ပြောင်းပစ္စည်းသည် ကြိယာနှင့် နာမဝိသေသနတို့ကို နာမ်၊ နာမဝိသေသန၊ ကြိယာဝိသေသနအဖြစ် ပြောင်းနိုင်ကြောင်း သာဓကပြပါ။

၉။ ဝါကျ၌ ကြိယာကိန်းညွှန်းပစ္စည်းမြုပ်၍ သုံးနိုင်ပုံကိုသာဓက (၃)ခုပြပါ။

၁၀။ အောက်ပါဝါကျအသီးသီး၌ မျဉ်းသားထားသည့်ပစ္စည်းသည် နာမ်ထောက်ပစ္စည်းလော၊ ကြိယာထောက်ပစ္စည်းလောဖြေပါ။
(က) (၁) သူသည် ဆေးကိုတော့ သောက်ရမှာကြောက်သည်။
(၂) ကလေးသည် မုန့်ရမှ အငိုတိတ်တော့သည်။

(ခ) (၁) လူတိုင်းပင် ချမ်းသာလိုကြသည်။
(၂) သူတို့ပြန်သွားသည်ကို သိပင်မသိလိုက်ပါ။
(ဂ) (၁) သူ့ကိုတောင် မှာလိုက်ပါသေးသည်။
(၂) ကော်ဖီတွေ အေးတောင်တုန်ပြီ။

**အနှစ်ချုပ်**

**ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများ**

(က) နာမ် - သက်ရှိသက်မဲ့ ဖြစ်ရှိဖြစ်မဲ့တို့၏ အမည်ဟူသမျှ
(ခ) နာမ်စား- နာမ်၏ အစားသုံးသောပုဒ်
(ဂ) နာမဝိသေသန- နာမ်ကို အထူးပြုသောပုဒ်
(ဃ) ကြိယာ - ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းတို့ကို ပြသောပုဒ်
(င) ကြိယာဝိသေသန - ကြိယာကို အထူးပြုသောပုဒ်
(စ) ဝိဘတ် - နာမ်၊ နာမ်စား ကြိယာတို့၏ နောက်၌ တည်၍ ဝေဖန်ပိုင်းခြားပြသောပုဒ်
(ဆ) သမ္ဗန္ဓ - ပုဒ်ချင်း၊ ဝါကျချင်း၊ အဓိပ္ပာယ်ချင်း ဆက်စပ်ပေးသောစကားလုံး
(ဇ) ပစ္စည်း - နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန တို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင်ကူညီထောက်ပံ့ပေးသော စကားလုံး

ထိုဝါစင်္ဂများ၏ အမျိုးအစားများနှင့် သိမှတ်ဖွယ်ရာများကို ဖော်ပြသည်။

## ဝါကျဆိုင်ရာသိမှတ်ဖွယ်ရာများ

၁၇၉။ မြန်မာသဒ္ဒါ၊ အတွဲ (၁)၊ အခန်း (၂)နှင့် (၃)တို့၌ ကတ္တားတစ်ခုနှင့် ကြိယာ တစ်ခုပါဝင်သော ဝါကျရိုးတို့တွင် သင့်လျော်သောပုဒ်တို့ကိုဖြည့်စွက်၍ ဝါကျရိုးဖွဲ့နည်းများကို သာဓကများနှင့်တကွ ရှင်းလင်းဖော်ပြခြင်း၊ အတွဲ (၁)၊ အခန်း (၄)၌ အနက်အဓိပ္ပာယ်အရ ဝါကျ (၅)မျိုးတို့ကို သာဓကများနှင့်တကွ ရှင်းလင်းဖော်ပြခြင်း၊ အတွဲ (၁)၊ အခန်း (၄)နှင့် အတွဲ (၂)၊ အခန်း (၅)တို့၌ ဝါကျရောဖွဲ့နည်းနှင့် ဝါကျကဏ္ဍများ အကြောင်းကို သာဓကများနှင့်တကွ ရှင်းလင်းဖော်ပြခြင်းပြုခဲ့ပြီး ဖြစ်သည်။ ဤအခန်း၌မူ အောက်ပါဝါကျ ဆိုင်ရာသိမှတ်ဖွယ်များကိုဖော်ပြမည်။

(က) ဝါကျရိုး

(ခ) ဝါကျရော

(ဂ) ဝါကျခွဲခြမ်းစိတ်ဖြာခြင်း

(ဃ) စကားအထားအသို

၁၈၀။ **ဝါကျရိုး။** ကတ္တားတစ်ခုနှင့် ကြိယာတစ်ခုပါဝင်သောဝါကျသည် ဝါကျရိုးဖြစ်သည်။

၁၈၁။ ကတ္တားနှင့်ကြိယာကြား၌ ကံ၊ အချိန်ပြ၊ အကြောင်းပြစသည့်ပုဒ်တို့ကို ဖြည့်စွက်၍ ဝါကျရိုး ဖွဲ့နည်းများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်း၌ အောက်ပါနည်းများဖြင့်လည်း ဝါကျရိုးဖွဲ့လေ့ရှိပုံကို ဖော်ပြမည်။

(က) နာမဝိသေသနနှင့် ကြိယာဝိသေသနထည့်သွင်း၍ဖွဲ့နည်း

(ခ) ပုဒ်စုထည့်သွင်း၍ဖွဲ့နည်း

(ဂ) ပုဒ်များကို ရှေ့နောက်အစီအစဉ်ပြောင်း၍ဖွဲ့နည်း

(ဃ) ကတ္တားမြှုပ်၍ဖွဲ့နည်း

(င) ကြိယာမြှုပ်၍ဖွဲ့နည်း

(စ) ကတ္တားဝိဘတ်မြှုပ်၍ဖွဲ့နည်း

(ဆ) ကံဝိဘတ်မြှုပ်၍ဖွဲ့နည်း

၁၈၂။ **နာမဝိသေသနနှင့်ကြိယာဝိသေသနထည့်သွင်း၍ဖွဲ့နည်း။** ဝါကျရိုး၌ကတ္တား၊ ကံ၊ နေရာပြ၊ အချိန်ပြ၊ အကြောင်းပြစသည့်ပုဒ်တို့၏ရှေ့တွင် နာမဝိသေသနပုဒ်ကို ထား၍လည်းကောင်း၊ ကြိယာ၏ ရှေ့တွင် ကြိယာဝိသေသနပုဒ်ကိုထား၍လည်းကောင်း ဖွဲ့နိုင်သည်။

သာဓက။ ။

(က) **ကတ္တား+နာမဝိသေသန+နေရာပြ+ကြိယာဝိသေသန+ကြိယာ**
**လသည်+ကြည်လင်သော+ကောင်းကင်၌+ရွှန်းရွှန်းပပ+သာနေသည်။**

(ခ) **နာမဝိသေသန+ကတ္တား+နာမဝိသေသန+ကံ+ကြိယာဝိသေသန+ကြိယာ**
**တာဝန်သိသော+ရွာသားများသည်+ပျက်စီးနေသော+လမ်းကို+အင်တိုက် အားတိုက်+ပြင်ကြသည်။**

၁၈၃။ **ပုဒ်စုထည့်သွင်း၍ဖွဲ့နည်း။** ။ပုဒ်စုကို ကတ္တား၊ နေရာပြ၊ အချိန်ပြ၊ အသုံးခံပြ စသည့်ပုဒ်စုတစ်ခုခုအဖြစ် ဝါကျရိုး၌ထည့်သွင်း၍ဖွဲ့နိုင်သည်။

(က) **ကတ္တားပုဒ်စု+နေရာပြပုဒ်+ကြိယာပုဒ်**
ဦးဘ၏သားသည်+ရန်ကုန်မြို့၌+နေသည်။
(ခ) **ကတ္တားပုဒ်+ကံပုဒ်+နေရာပြပုဒ်စု+ကြိယာ**
ကျွန်တော်သည်+အချိန်စာရင်းကို+မှတ်ဖို့စာအုပ်တွင်+ကူးယူမှတ်သားထားသည်။
(ဂ) **ကတ္တားပုဒ်+အချိန်ပြပုဒ်စု+ကြိယာ**
မိန်းကလေးများသည်+လသာသောညတွင်+ထုပ်ဆီးတိုးကြသည်။
(ဃ) **ကတ္တား+ကံပုဒ်+အသုံးခံပြပုဒ်စု+ကြိယာ**
ရွာသားများသည်+ကျွန်တော်တို့ကို+ကျောက်ပန်းတောင်းကထန်းလျက်
ဖြင့်+ဧည့်ခံကြသည်။

၁၈၄။ **ပုဒ်များကိုရွှေ့နောက်အစီအစဉ်ပြောင်း၍ဖွဲ့နည်း။** ။ ကတ္တားကိုဝါကျ၏အစ၌ လည်းကောင်း၊ ကြိယာကို ဝါကျ၏အဆုံး၌လည်းကောင်း၊ အကြောင်းပြ၊ ကံ၊ နေရာပြ စသည့်ပုဒ်တို့ကို ကတ္တားနှင့်ကြိယာကြား၌လည်းကောင်းထား၍ ဝါကျရိုးဖွဲ့လေ့ရှိသော်လည်း ကြိယာမှတစ်ပါး ကျန်သောပုဒ်တို့အနက် အလေးထားလိုသည့်ပုဒ်တစ်ခုခုတို့ကို ဝါကျ၏ အစ၌ထား၍ ဝါကျရိုးဖွဲ့နိုင်သည်။

သာဓက။ ။

(က) (၁) **ကတ္တား+ကံ+အကြောင်းပြ+ကြိယာ**
မဟာဇနကသည်+ထီးနန်းကို+လှံ့လကြောင့်+ရသည်။
(၂) **အကြောင်းပြ+ကတ္တား+ကံ+ကြိယာ**
လှံ့လကြောင့်+မဟာဇနကသည်+ထီးနန်းကို+ရသည်။
(ခ) (၁) **ကတ္တား+ကံ+လက်ခံပြ+ကြိယာ**
ဆရာဝန်သည်+ဆေးကို+လူနာအား+ပေးသည်။
(၂) **ကံ+ကတ္တား+လက်ခံပြ+ကြိယာ**
ဆေးကို+ဆရာဝန်သည်+လူနာအား+ပေးသည်
(ဂ) (၁) **ကတ္တား+နေရာပြ+ကြိယာ**
သူသည်+ရန်ကုန်၌+နေသည်။
(၂) **နေရာပြ+ကတ္တား+ကြိယာ**
ရန်ကုန်၌+သူ(သည်)+နေသည်။

၁၈၅။ **ကတ္တားမြုပ်၍ဖွဲ့နည်း။** ။အချို့သောဝါကျရိုးတို့ကို ကတ္တားမြုပ်၍ ဖွဲ့နိုင်သည်။

သာဓက။ ။

(က) **ကတ္တား+ကံ+နေရာပြ+ကြိယာ**
( )+အဝတ်ကို+ကန်ပေါင်ပေါ်၌+မလျှော်ရ။
(ခ) **ကတ္တား+ကြိယာ**
( )+သွားကြစို့။
(ဂ) **ကတ္တား+နေရာပြ+ကြိယာ**
( )+ဘယ်မှာ+နေသလဲ။

၁၈၆။ **ကြိယာမြှုပ်၍ဖွဲ့နည်း။** ။

(က) ကတ္တားအဖြစ်ထည့်သွင်း၍ ဝါကျရိုးဖွဲ့ရာ၌ ကြိယာမြှုပ်၍ ဖွဲ့နိုင်သည်။ အများအားဖြင့် ဝါကျနောက်လိုက်ပစ္စည်းကိုထည့်၍ ဖွဲ့လေ့ရှိသည်။

သာဓက။ ။

**ကတ္တား+ကတ္တားအဖြည့်+ကြိယာ+ဝါကျနောက်လိုက်ပစ္စည်း**

(၁) သူကား + ပညာရှိ + ( ) + တည်း။

(၂) ဦးလှက + ဆရာဝန် + ( ) + ပေါ့။

(ခ) နေရာပြကိုထည့်သွင်း၍ ဝါကျရိုးဖွဲ့ရာ၌ ကြိယာမြှုပ်၍ ဖွဲ့နိုင်သည်။ အများအားဖြင့် ဝါကျနောက်လိုက်ပစ္စည်းကိုထည့်၍ ဖွဲ့လေ့ရှိသည်။

သာဓက။ ။

**ကတ္တား+နေရာပြ+ကြိယာ+ဝါကျနောက်လိုက်ပစ္စည်း**

(၁) ကျွန်တော်က + ရန်ကုန်က + ( ) + ပါ။

(၂) သူက + မန္တလေးက + ( ) + ပေါ့။

(ဂ) အမေးနာမ်စားကိုထည့်သွင်း၍ ဝါကျရိုးဖွဲ့ရာ၌ ကြိယာမြှုပ်၍ ဖွဲ့နိုင်သည်။ အများအားဖြင့် အမေးပစ္စည်းကို ထည့်၍ဖွဲ့လေ့ရှိသည်။

သာဓက။ ။

**ကတ္တား+အမေးနာမ်စား+ကြိယာ+အမေးပစ္စည်း**

(၁) သင်ကား + မည်သူ + ( ) + နည်း။

(၂) မင်း + ဘယ်သူ + ( ) + လဲ။

(ဃ) အမေးဝါကျရိုးနှင့် အဖြေဝါကျရိုးဖွဲ့ရာ၌ လိုရင်းပုဒ်ကိုထည့်ကာ ကြိယာ မြှုပ်၍ ဖွဲ့နိုင်သည်။

သာဓက။ ။

(၁) **ကတ္တား + ကြိယာ + အမေးပစ္စည်း**

သူ + ( ) + လား။

(၂) **ကံ + ကြိယာ + ဝါကျနောက်လိုက်ပစ္စည်း**

သူ့ကို + ( ) + ပေါ့။

(၃) **အကြောင်းပြ + ကြိယာ + ဝါကျနောက်လိုက်ပစ္စည်း**

မိုးကြောင့် + ( ) + ပေါ့။

၁၈၇။ **ကတ္တားဝိဘတ်မြှုပ်၍ဖွဲ့နည်း။** ။ ကတ္တားတစ်ခုနှင့် ကြိယာတစ်ခုတို့ဖြင့်သာ ဝါကျရိုး ဖွဲ့သောအခါ၌လည်းကောင်း၊ ကတ္တားကိုကြိယာရှေ့၌ထား၍ ကံ၊ အချိန်ပြ၊ နေရာပြ၊ အသုံးခံပြစသည့်ပုဒ်များ ပါသော ဝါကျရိုးဖွဲ့သောအခါ၌လည်းကောင်း၊ ကတ္တား ဝိဘတ်ကိုမြှုပ်လေ့ရှိသည်။ (မြှုပ်နိုင်သောကတ္တား ဝိဘတ်များကိုဝိုက်ကွင်းဖြင့်ပြထားသည်။)

သာဓက။ ။

(က) ကတ္တား + ကြိယာ

(၁) သူ(သည်) + ပြေးသည်။

(၂) ကျွန်တော်(သည်)+အိပ်မည်။

(ခ) ကံ + ကတ္တား + ကြိယာ

(၁) မိဘကို + သူ (သည်) + ကူညီသည်။

(၂) အချိန်ပြ + ကတ္တား + ကြိယာ

သောကြာနေ့၌+ကျွန်တော်တို့(သည်)+လာကြမည်။

၁၈၈။ **ကံဝိဘတ်မြုပ်၍ဖွဲ့နည်း။** ။ ကံကို ကြိယာရှေ့၌ကပ်၍ ဝါကျရိုးဖွဲ့သောအခါ၌ ကံဝိဘတ်ကို တစ်ခါတစ်ရံမြုပ်လေ့ရှိသည်။ (မြုပ်နိုင်သောကံဝိဘတ်များကို ဝိုက်ကွင်းဖြင့် ပြထားသည်။)

သာဓက။ ။

ကတ္တား + ကံ + ကြိယာ

(က) သူသည် + သတင်းစာ(ကို) + ဖတ်နေသည်။

(ခ) ရွာသားများသည် + လမ်း (ကို) + ပြင်ကြသည်။

၁၈၉။ **ဝါကျရော။** ။ ဝါကျရိုး (၂) ခု၊ သို့မဟုတ် (၂) ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်းဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုနှင့် ဆက်၍ ရေးသော ဝါကျသည် ဝါကျရောဖြစ်သည်။

၁၉၀။ ဝါကျရောဖွဲ့နည်းနှင့် ဝါကျကဏ္ဍများအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်း၌ အောက်ပါနည်းများဖြင့်လည်း ဝါကျရောဖွဲ့လေ့ရှိပုံကို ဖော်ပြမည်။

(က) ကတ္တား၊ ကံ စသည်ပုဒ်အချို့ကို မြုပ်၍ဖွဲ့နည်း

(ခ) ဝါကျရိုး (၂) ခုထက်ပို၍ ပါဝင်သောဝါကျရောဖွဲ့နည်း။

၁၉၁။ **ကတ္တား၊ ကံစသည်ပုဒ်အချို့ကို မြုပ်၍ဖွဲ့နည်း။** ။ ဝါကျ၏ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် ကတ္တား၊ ကံစသည်ပုဒ်တို့ကို နေရာတကျထားမှသာလျှင် ဝါကျကောင်းတစ်ခုဖြစ်နိုင်သည်။ သို့ဖြစ်၍ ဝါကျတစ်ခုကိုဖွဲ့ရာတွင် ဝါကျ၌ လိုအပ်သောပုဒ်တို့ကို ပြည့်ပြည့်စုံစုံဖော်ပြရသည်။ တစ်ခါတစ်ရံ၌မူ ဝါကျ၏ဆိုလိုသည့်အဓိပ္ပာယ် မပျက်ပါက ကတ္တား၊ ကံစသည်ပုဒ်အချို့ကို မြုပ်၍ဖွဲ့လေ့ရှိသည်။

၁၉၂။ ဝါကျ၏ဆိုလိုသည့် အဓိပ္ပာယ်မပျက်ပါက ကတ္တား၊ ကံစသည့်ပုဒ်အချို့ကို မြုပ်၍လည်း ဝါကျရောဖွဲ့နိုင်သည်။ ဤသို့ဖွဲ့ရာ၌ အောက်ပါအချက်အလက်များနှင့်ပြည့်စုံမှသာ ယင်းပုဒ်တို့ကို ဝါကျရော၌ မြုပ်ရသည်။

(က) ဝါကျရောတစ်ခု၌ အမှီခံဝါကျကဏ္ဍ၏ ကတ္တားနှင့် အမှီဝါကျကဏ္ဍ၏ ကတ္တားတို့ တူညီနေလျှင် ဝါကျကဏ္ဍတစ်ခုခု၌ ကတ္တားကို မြုပ်နိုင်သည်။

သာဓက။ ။

| အမှီဝါကျကဏ္ဍ | အမှီခံဝါကျကဏ္ဍ |
|---|---|
| (၁) (လှေထိုးသားတို့သည်) လှေကိုကမ်း၌ဆိုက်ကာ | လှေထိုးသားတို့သည်ပျော်ရွှင်စွာ ချက်ပြုတ်စားကြသည်။ |

(၂) ဒေါ်ကြည်ခင်သည်စည့်          (သူသည်)အုန်းထမင်းချက်နေသည်။
သည်များကိုကျွေးရန်

သာဓက(၁)၌ အမှီခံဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍတို့၏ ကတ္တားသည် အတူတူပင်ဖြစ်သည်။ သို့ဖြစ်၍ **လေ့ထိုးသား** တို့သည် ဟူသော ကတ္တားကို အမှီခံဝါကျကဏ္ဍ၌ဖြစ်စေ၊ အမှီဝါကျကဏ္ဍ၌ဖြစ်စေ မြှုပ်နိုင်သည်။

သာဓက (၂)၌ အမှီခံဝါကျကဏ္ဍ၏ ကတ္တား သူသည် သည် အမှီဝါကျကဏ္ဍ၏ ကတ္တား **ဒေါ်ကြည်ခင်သည်** နှင့် အတူတူ ပင်ဖြစ်သည်။ သို့ဖြစ်၍ သူသည် ဟူသော ကတ္တားကို အမှီဝါကျ ကဏ္ဍ၌မြှုပ်နိုင်သည်။ အကယ်၍ အမှီဝါကျ ကဏ္ဍ၏ ကတ္တား **ဒေါ်ကြည်ခင်သည်** ကို မြှုပ်လိုပါက အမှီခံဝါကျကဏ္ဍ၏ ကတ္တား၌ ပါရှိသော သူ ဟူသောနာမ်စားကို **ဒေါ်ကြည်ခင်** ဟူသော တစ်ဦးဆိုင်နာမ်အဖြစ်သို့ ပြောင်းရသည်။

(ခ) ဝါကျရောတစ်ခု၌ အမှီဝါကျကဏ္ဍ၏ ကံသည် အမှီခံဝါကျကဏ္ဍ၏ ကတ္တားဖြစ်လာပါက ယင်းကတ္တားကို အမှီခံဝါကျကဏ္ဍ၌ မြှုပ်နိုင်သည်။ အကယ်၍ ယင်းကတ္တားကို မူလအတိုင်း အမှီခံဝါကျကဏ္ဍ၌ ထားလိုပါက အမှီခံဝါကျ၏ ကံကိုမြှုပ်နိုင်သည်။

သာဓက။ ။

| | အမှီဝါကျကဏ္ဍ | အမှီခံဝါကျကဏ္ဍ |
|---|---|---|
| (၁) | ဆရာဝန်က လူနာကို ဂရုတစိုက် ကုသဖြင့် | (လူနာသည်) (၃) ရက်အတွင်း ကျန်းမာလာသည်။ |
| (၂) | ကျွန်တော်က သူ့ကို ကြိမ်းမောင်းပြောဆိုသော်လည်း | (သူသည်) စိတ်မဆိုးပေ။ |

သာဓက (၁)၌ **လူနာကို** ဟူသော ပုဒ်သည် အမှီဝါကျကဏ္ဍ၏ ကံဖြစ်သည်။ ယင်းပုဒ်သည် အမှီခံဝါကျကဏ္ဍ၌မူ ကတ္တားဖြစ်လာသည်။ သို့ဖြစ်၍ အမှီခံဝါကျကဏ္ဍ၌ **လူနာသည်** ဟူသော ကတ္တားကို မြှုပ်နိုင်သည်။ အကယ်၍ အမှီခံဝါကျကဏ္ဍ၏ ကတ္တားကို မူလအတိုင်း ထားလိုပါက **လူနာကို** ဟူသောကံကို အမှီဝါကျကဏ္ဍ၌ မြှုပ်နိုင်သည်။

သာဓက (၂)၌ **သူ့ကို** ဟူသော ပုဒ်သည် အမှီဝါကျကဏ္ဍ၏ ကံဖြစ်သည်။ ယင်းပုဒ်သည် အမှီခံဝါကျကဏ္ဍ၌မူ ကတ္တားဖြစ်လာသည်။ သို့ဖြစ်၍အမှီခံဝါကျကဏ္ဍ၌ **သူသည်** ဟူသော ကတ္တားကိုမြှုပ်နိုင်သည်။ အကယ်၍ အမှီခံဝါကျကဏ္ဍ၏ ကတ္တားကို မူလအတိုင်းထားလိုပါက **သူ့ကို** ဟူသောကံကို အမှီဝါကျကဏ္ဍ၌ မြှုပ်နိုင်သည်။

(ဂ) ဝါကျရောတစ်ခုတွင် အမှီဝါကျကဏ္ဍ၌ ကတ္တား၊ ကံ၊ ထွက်ခွာရာပြ၊ ရောက်ရှိရာပြ၊ အသုံးခံပြ စသည့်ပုဒ်တို့ပါဝင်ပါက ဝါကျ၏ဆိုလိုသည့် အဓိပ္ပာယ်မပျက်လျှင် အမှီခံဝါကျကဏ္ဍ၌ယင်းပုဒ်တို့ကိုမြှုပ်၍ဖွဲ့နိုင်သည်။

သာဓက။ ။

(၁) (ကက) ကျောင်းသားများသည် နွေရာသီ၌ ချောင်းထဲက ငါးများကို ဖမ်းကြသည်။

(ခခ) ကျောင်းသားများသည် နွေရာသီ၌ ချောင်းထဲက ငါးများကို မြစ်ထဲသို့ လွှတ်ကြသည်။

အထက်ပါ ဝါကျရိုး (၂)ခုတို့ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။

| **အမှီဝါကျကဏ္ဍ** | **အမှီခံဝါကျ** |
| --- | --- |
| ကျောင်းသားများသည် နွေရာသီ၌ ချောင်းထဲက ငါးများကို ဖမ်း၍ | မြစ်ထဲသို့လွှတ်ကြသည်။ |

အမှီခံဝါကျကဏ္ဍ၌ **ကျောင်းသားများသည်** (ကတ္တား)၊ **နွေရာသီ၌** (အချိန်ပြ)၊ **ချောင်းထဲက**(နေရာပြ)၊ **ငါးများကို** (ကံ) ဟူသောပုဒ်တို့ကိုမြုပ်နိုင်သည်။

(၂) (ကက)သူသည် ရန်ကုန်မှ ပဲခူးသို့ ကားဖြင့် နံနက်က သွားသည်။

(ခခ) သူသည် ပဲခူးမှ ရန်ကုန်သို့ ကားဖြင့် ညနေ၌ ပြန်လာသည်။

အထက်ပါ ဝါကျရိုး (၂) ခုတို့ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။

| **အမှီဝါကျကဏ္ဍ** | **အမှီခံဝါကျကဏ္ဍ** |
| --- | --- |
| သူသည် ရန်ကုန်မှပဲခူးသို့ ကားဖြင့် နံနက်က သွား၍ | ညနေ၌ ပြန်လာသည်။ |

အမှီခံဝါကျကဏ္ဍ၌ **သူသည်** (ကတ္တား)၊ **ပဲခူးမှ** (ထွက်ခွာရာပြ)၊ **ရန်ကုန်သို့** (ရှေးရှုရာပြ)၊ **ကားဖြင့်** (အသုံးခံပြ) ဟူသော ပုဒ်တို့ကို မြုပ်နိုင်သည်။

၁၉၃။ **ဝါကျရိုး (၂) ခုထက်ပို၍ ပါဝင်သော ဝါကျရောဖွဲ့နည်း။** ။ ဝါကျရိုး(၂)ခုကို ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုဖြင့်ဆက်၍ ဝါကျရောဖွဲ့နည်းများကို မြန်မာသဒ္ဒါ၊ အတွဲ (၁)၊ အခန်း (၄)နှင့် မြန်မာသဒ္ဒါ၊ အတွဲ (၂)၊ အခန်း (၅)တို့၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤ၌ ဝါကျရိုး (၃) ခု၊ (၄) ခု၊ (၅) ခု စသည်တို့ကို ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တစ်ခုခုနှင့်ဆက်၍ ဝါကျရောဖွဲ့နည်းကို ဖော်ပြမည်။ ဤသို့ ဝါကျရိုး (၂) ခုထက်ပို၍ ပါဝင်သော ဝါကျရောတစ်ခုကို ဖွဲ့ရာ၌ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ အချို့ပုဒ်တို့ကို မြုပ်သင့်သည့်နေရာ၌ မြုပ်ရသည်။

သာဓက။ ။

(က) (၁) ဖခင်က မြန်မာ့သူရဲကောင်းများအကြောင်းကိုပြောပြသည်။

(၂) မြန်မာ့သူရဲကောင်းများအကြောင်းကို ကျွန်တော်က သူငယ်ချင်းများကို ပြန်ပြောပြသည်။

(၃) သူငယ်ချင်းများက အလွန်သဘောကျကြပါသည်။
သာဓက(က)ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။
- ဖခင်ကမြန်မာ့သူရဲကောင်းများအကြောင်းကို ပြောပြ၍ ကျွန်တော်က သူငယ်ချင်းများကို ပြန်ပြောပြရာ သူငယ်ချင်းများက အလွန်သဘောကျကြပါသည်။

(ခ) (၁) ကျောင်းမှမောင်မောင်ပြန်လာသည်။
(၂) သူ့ကို ကျွန်တော်တွေ့သည်။
(၃) သူ့ကို ကျွန်တော်လှမ်းခေါ်လိုက်သည်။
သာဓက(ခ)ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။
- ကျောင်းမှ မောင်မောင်ပြန်လာသည်ကို ကျွန်တော် တွေ့သောအခါ လှမ်းခေါ်လိုက်သည်။

(ဂ) (၁) မောင်အေးချမ်းသည် အိမ်သို့ပြန်ရောက်ပြီ။
(၂) သူသည် နာရီဝက်ခန့် နားသည်။
(၃) သူ ရေချိုးသည်။
သာဓက(ဂ)ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။
- မောင်အေးချမ်းသည် အိမ်သို့ပြန်ရောက်လျှင် နာရီဝက်ခန့်နားကာ ရေချိုးသည်။

(ဃ) (၁) တောတောင်ပတ်ဝန်းကျင် သာယာလှသည်။
(၂) နွေဦးရာသီ၌ လေရူးကလေးများ ဝန်းဝှေ့တိုက်ခတ်လာသည်။
(၃) ရွက်ဟောင်းများကြွေသည်။
(၄) ရွက်သစ်၊ ရွက်ညွန့်၊ ပုရစ်ဖူးကလေးများ အစီအရီထွက်ပေါ် လာကြသည်။
သာဓက(ဃ)ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။
- တောတောင်ပတ်ဝန်းကျင် သာယာလှသော နွေဦးရာသီ၌ လေရူးကလေးများ ဝန်းဝှေ့တိုက်ခတ်လာသည်နှင့်တစ်ပြိုင်နက် ရွက်ဟောင်းများကြွေကာ ရွက်သစ်၊ ရွက်ညွန့်၊ ပုရစ်ဖူးကလေးများ အစီအရီ ထွက်ပေါ်လာကြသည်။

(င) (၁) ဘောလုံးသည် မောင်ချစ်ညို၏ရှေ့သို့ကျလာသည်။
(၂) မောင်ချစ်ညိုသည် ဘောလုံးကိုဂိုးပေါက်ဆီသို့တစ်ရှိန်ထိုးသယ်သွားသည်။
(၃) မောင်ချစ်ညိုသည် ဂိုးဧရိယာအတွင်းသို့ ရောက်သည်။
(၄) သူသည် ဘောလုံးကို ဂိုးပေါက်ထဲသို့ တစ်အားကုန် ကန်သွင်းလိုက်သည်။
(၅) ဘောလုံးသည် ဂိုးပေါက်ထဲသို့ တည့်တည့်မတ်မတ်ဝင်သွားသည်။
သာဓက(င)ကို အောက်ပါအတိုင်း ဝါကျရောဖွဲ့နိုင်သည်။
- ဘောလုံးသည် မောင်ချစ်ညို၏ ရှေ့သို့ကျလာသည်နှင့်တစ်ပြိုင်နက် သူသည် ဘောလုံးကို ဂိုးပေါက်ဆီသို့ တစ်ရှိန်ထိုးသယ်သွားကာ ဂိုးဧရိယာအတွင်းသို့ ရောက်လျှင် ဂိုးပေါက်ထဲသို့ တစ်အားကုန် ကန်သွင်းလိုက်ရာ တည့်တည့်မတ်မတ် ဝင်သွားသည်။

၁၉၄။ **ဝါကျခွဲခြမ်းစိတ်ဖြာခြင်း။** ။ ဝါကျတစ်ခုကို ဝါကျအမျိုးအစား၊ ဝါကျအတွင်းရှိ ပုဒ်နှင့် ပုဒ်စုအမျိုးအစားတို့ကို ခွဲခြားပြခြင်းသည် ဝါကျခွဲခြမ်းစိတ်ဖြာခြင်းဖြစ်သည်။

၁၉၅။ ဝါကျအမျိုးအစား၊ ပုဒ်နှင့် ပုဒ်စုအမျိုးအစားတို့ကို သိရှိမှသာ ဝါကျကိုလည်းကောင်း၊ ပုဒ်နှင့်ပုဒ်စုတို့ကိုလည်းကောင်း ခွဲခြားဖော်ပြနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့ကို အကျဉ်းမျှပြန်လည်ဖော်ပြမည်။

၁၉၆။ **ဝါကျအမျိုးအစား။** ။ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုးရှိသည်။ ယင်းဝါကျ (၅)မျိုးတို့မှာ-

(က) ထုတ်ဖော်ဝါကျ
(ခ) မေးခွန်းဝါကျ
(ဂ) ငြင်းပယ်ဝါကျ
(ဃ) တိုက်တွန်းဝါကျ
(င) ဆန္ဒဝါကျ တို့ဖြစ်ကြသည်။

၁၉၇။ **ဖွဲ့စည်းတည်ဆောက်ပုံအရ** ဝါကျ(၂)မျိုးရှိသည်။ ယင်းဝါကျ(၂)မျိုးတို့မှာ-

(က) ဝါကျရိုး
(ခ) ဝါကျရောတို့ဖြစ်ကြသည်။

၁၉၈။ ဝါကျရောတွင် အမှီခံဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍဟူ၍ ဝါကျကဏ္ဍ(၂)မျိုးရှိသည်။

၁၉၉။ **ပုဒ်အမျိုးအစား။** ။ပုဒ်(၄)မျိုးရှိသည်။ ယင်းပုဒ်(၄)မျိုးတို့မှာ-

(က) ပုဒ်ရိုး
(ခ) ပေါင်းစပ်ပုဒ်
(ဂ) ပစ္စည်းရောပုဒ်
(ဃ) ဝိဘတ်သွယ်ပုဒ် တို့ဖြစ်ကြသည်။

၂၀၀။ ပစ္စည်းရောပုဒ်တွင် နာမဝိသေသနပုဒ်၊ ကြိယာဝိသေသနပုဒ်တို့ ပါဝင်ကြသည်။

၂၀၁။ ဝိဘတ်သွယ်ပုဒ်တွင် အောက်ပါပုဒ် (၁၇)မျိုးပါဝင်သည်။

(က) ကတ္တားပုဒ်
(ခ) ကံပုဒ်
(ဂ) ထွက်ခွာရာပြပုဒ်
(ဃ) ရှေးရှုရာပြပုဒ်
(င) ဆိုက်ရောက်ရာပြပုဒ်
(စ) အသုံးခံပြပုဒ်
(ဆ) အကြောင်းပြပုဒ်
(ဇ) လက်ခံပြပုဒ်
(ဈ) နေရာပြပုဒ်
(ည) အချိန်ပြပုဒ်
(ဋ) ပိုင်ဆိုင်ခြင်းပြပုဒ်
(ဌ) လိုက်လျောပြပုဒ်

(ဍ) ယှဉ်တွဲပြပုဒ်
(ဎ) ခွဲထုတ်ရာပြပုဒ်
(ဏ) ရည်စူးချက်ပြပုဒ်
(တ) နေရာဆက်တိုက်ပြပုဒ်
(ထ) အချိန်ဆက်တိုက်ပြပုဒ်

၂၀၂။ **ပုဒ်စုအမျိုးအစား။** ။ ပုဒ်စု (၃)မျိုးရှိသည်။ ယင်းပုဒ်စု (၃)မျိုးတို့မှာ-
(က) ဝိဘတ်ဆက်ပုဒ်စု
(ခ) ပစ္စည်းဆက်ပုဒ်စု
(ဂ) သမ္ဗန္ဓဆက်ပုဒ်စု တို့ဖြစ်ကြသည်။

၂၀၃။ ပုဒ်စုအသီးသီး၏ နောက်တွင်ဆက်သော ဝိဘတ်ကိုလိုက်၍ ပုဒ်စုတစ်ခုကို ကတ္တားပုဒ်စု၊ ကံပုဒ်စု၊ နေရာပြပုဒ်စု၊ အချိန်ပြပုဒ်စု စသည်ဖြင့်ခေါ်သည်။

၂၀၄။ ဝါကျကို အောက်ပါအစီအစဉ်အတိုင်း ခွဲခြမ်းစိတ်ဖြာရသည်။
(က) အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစား
(ခ) ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျအမျိုးအစား
(ဂ) ဝါကျရိုးဖြစ်ပါက ပုဒ်အမျိုးအစား၊ ပုဒ်စုအမျိုးအစား
(ဃ) ဝါကျရောဖြစ်ပါက ဝါကျကဏ္ဍအမျိုးအစား
(င) အမှီခံဝါကျကဏ္ဍ၌ ပုဒ်အမျိုးအစား၊ ပုဒ်စုအမျိုးအစား
(စ) အမှီဝါကျကဏ္ဍ၌ ပုဒ်အမျိုးအစား၊ ပုဒ်စုအမျိုးအစား

၂၀၅။ ဝါကျခွဲခြမ်းစိတ်ဖြာပုံကို အောက်ပါသာဓကများ၌ လေ့လာနိုင်သည်။

သာဓက။ ။

(က) **သူသည် နံနက်စာကို သူငယ်ချင်းများနှင့်အတူ ကျောင်း၌ စားသည်။**

- သူသည် နံနက်စာကို သူငယ်ချင်းများနှင့်အတူ ကျောင်း၌စားသည်။ -ထုတ်ဖော်ဝါကျ
  - ဝါကျရိုး
- သူသည် - ကတ္တားပုဒ်
- နံနက်စာကို - ကံပုဒ်
- သူငယ်ချင်းများနှင့်အတူ - ယှဉ်တွဲပြပုဒ်
- ကျောင်း၌ - နေရာပြပုဒ်
- စားသည် - ကြိယာပုဒ်

(ခ) **သင် ဘယ်ကပြန်လာသနည်း။**

| | |
|---|---|
| - သင် ဘယ်ကပြန်လာသနည်း။ | - မေးခွန်းဝါကျ |
| | - ဝါကျရိုး |
| - သင် | - ကတ္တားပုဒ် |
| - ဘယ်က | - ထွက်ခွာရာပြပုဒ် |
| - ပြန်လာသနည်း | - ကြိယာပုဒ် |

(ဂ) **စာအုပ်ကို ကျွန်တော် မငှားနိုင်ပါ။**

| | |
|---|---|
| - စာအုပ်ကို ကျွန်တော် မငှားနိုင်ပါ။ | - ငြင်းပယ်ဝါကျ |
| | - ဝါကျရိုး |
| - ကျွန်တော် | - ကတ္တားပုဒ် |
| - စာအုပ်ကို | - ကံပုဒ် |
| - မငှားနိုင်ပါ | - ကြိယာပုဒ် |

(ဃ) **သင်တို့သည် မြန်မာ့သတ္တဝါကို ပြကြလော့။**

| | |
|---|---|
| - သင်တို့သည် မြန်မာ့သတ္တဝါကို ပြကြလော့။ | -တိုက်တွန်းဝါကျ |
| | - ဝါကျရိုး |
| - သင်တို့သည် | - ကတ္တားပုဒ် |
| - မြန်မာ့သတ္တဝါကို | - ကံပုဒ်စု |
| - ပြကြလော့ | - ကြိယာပုဒ် |

(င) **သတ္တဝါအားလုံး ကျန်းမာကြပါစေ။**

| | |
|---|---|
| - သတ္တဝါအားလုံး ကျန်းမာကြပါစေ။ | - ဆန္ဒဝါကျ |
| | - ဝါကျရိုး |
| - သတ္တဝါအားလုံး | - ကတ္တားပုဒ် |
| - ကျန်းမာကြပါစေ | - ကြိယာပုဒ် |

(စ) **သူ ရေကူးနေသည်ကို ကျွန်တော်မြင်သည်။**

| | |
|---|---|
| - သူ ရေကူးနေသည်ကို ကျွန်တော်မြင်သည်။ | - ထုတ်ဖော်ဝါကျ |
| | - ဝါကျရော |
| - ကျွန်တော်မြင်သည်။ | - အမှီခံဝါကျကဏ္ဍ |
| - ကျွန်တော် | - ကတ္တားပုဒ် |
| - မြင်သည် | - ကြိယာပုဒ် |
| - သူ ရေကူးသည် (ကို) | - အမှီဝါကျကဏ္ဍ |
| - သူ | - ကတ္တားပုဒ် |
| - ရေကူးနေသည် | - ကြိယာပုဒ် |

(ဆ) **သူ ပေးသော လက်ဆောင်ကို ကျွန်မ အမြတ်တနိုး သိမ်းထားသည်။**

- သူ ပေးသော လက်ဆောင်ကို ကျွန်မ အမြတ်တနိုးသိမ်းထားသည်။ - ထုတ်ဖော်ဝါကျ
  - ဝါကျရော

လက်ဆောင်ကို ကျွန်မ အမြတ်တနိုးသိမ်းထားသည်။ -အမှီခံဝါကျကဏ္ဍ

- လက်ဆောင်ကို - ကံပုဒ်
- ကျွန်မ - ကတ္တားပုဒ်
- အမြတ်တနိုး - ကြိယာဝိသေသန
- သိမ်းထားသည် - ကြိယာပုဒ်
- သူ ပေး (သော) - အမှီဝါကျကဏ္ဍ
- သူ - ကတ္တားပုဒ်
- ပေး - ကြိယာပုဒ်

(ဇ) **တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှ တိုင်းပြည်တိုးတက်မည်။**

- တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှ တိုင်းပြည်တိုးတက်မည်။ - ထုတ်ဖော်ဝါကျ
  - ဝါကျရော
- တိုင်းပြည် တိုးတက်မည်။ - အမှီခံဝါကျကဏ္ဍ
- တိုင်းပြည် - ကတ္တားပုဒ်
- တိုးတက်မည် - ကြိယာပုဒ်
- တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ် (မှ) - အမှီဝါကျကဏ္ဍ
- တိုင်းရင်းသားအားလုံး - ကတ္တားပုဒ်
- စည်းလုံးညီညွတ် - ကြိယာပုဒ်

၂၀၆။ **စကားအထားအသို။** ။ ဝါကျဖွဲ့ရာ၌ ပုဒ်အသီးသီးကို နေထားတကျစီစဉ် ဖွဲ့စည်းရသည်။ ဝါကျတွင်ရှိသောပုဒ်တို့သည် နေထားတကျမရှိပါက ဆိုလိုသည့် အဓိပ္ပာယ်သို့ မရောက်ရှိမှုမက လွဲမှားသွားတတ်သည်။ သို့ဖြစ်၍ ဝါကျဖွဲ့ရာ၌ ပုဒ်တို့ကို နေထားတကျထားသိုရန်လိုသည်။ ဝါကျဖွဲ့ရာ၌ အောက်ပါအချက်အလက်များကို သတိ ပြုရမည်။

(က) ကတ္တားအထားအသို

(ခ) နာမဝိသေသန အထားအသို

(ဂ) ကြိယာဝိသေသန အထားအသို

၂၀၇။ **ကတ္တားအထားအသို။ ။**

(က) ကတ္တားကို ဝါကျ၏အစ၌ဖြစ်စေ၊ ကြိယာ၏ရှေ့၌ ကပ်လျက်ဖြစ်စေထားလေ့ရှိသည်။

သာဓက။ ။ (၁) **မောင်ညိုလှ**သည် သတင်းစာကို ဖတ်သည်။

(၂) သတင်းစာကို **မောင်ညိုလှ** ဖတ်သည်။

(ခ) ကတ္တားသည် အခြားပုဒ်များကြောင့် ကြိယာနှင့် ကွာလှမ်းသောအခါ ဆိုလိုသည့် အဓိပ္ပာယ်သို့ မရောက်ဘဲလွဲမှားသွားတတ်သည်။ ယင်းသို့သော ဝါကျမျိုးတွင် ကတ္တားကို ကြိယာနှင့်နီးကပ်စွာ ထားရသည်။

**သာဓက။ ။**

(၁) (ကက) ဆရာကြီးက တစ်နှစ်ပတ်လုံး မှန်မှန်ကြိုးစားသောကြောင့် စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်မောင်ကို ချီးကျူးသည်။

(ခခ) တစ်နှစ်ပတ်လုံး မှန်မှန်ကြိုးစားသောကြောင့် စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်မောင်ကို**ဆရာကြီးက** ချီးကျူးသည်။

"ကြိုးစား၍ ဂုဏ်ထူးဖြင့် အောင်မြင်သော မောင်မောင်ကို ဆရာကြီးက ချီးကျူးသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၁) (ကက)တွင် ဖော်ပြထား သကဲ့သို့ **ဆရာကြီးက** ဟူသော ကတ္တားကို ၎င်းနှင့်တိုက်ရိုက် ဆက်စပ်ရမည့် **ချီးကျူးသည်** ဟူသော ကြိယာအနီး၌ မထားခြင်းကြောင့် ကတ္တားသည် ၎င်းနှင့်နီးကပ်သည့် **ကြိုးစား** ဟူသော ကြိယာနှင့်ဆက်စပ်မိသည်။ ထို့ကြောင့် ကြိုးစား၍ ဂုဏ်ထူးဖြင့် အောင်မြင်သူမှာ မောင်မောင် ဖြစ်ကြောင်း အဓိပ္ပာယ်သက်ရောက်ရမည့်အစား ဆရာကြီးဖြစ်သည်ဟု လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်စေရန် သာဓကဝါကျ (၁) (ခခ)တွင် ဖော်ပြထားသကဲ့သို့ ကတ္တားကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ကြိယာနှင့် နီးကပ်စွာ ထားရသည်။

(၂) (ကက) **ဘကြီးက** ဘောလုံးကန်၍ ခြေထောက်နာနေသဖြင့် ကျောင်းမသွားနိုင်သော မြေးငယ်ကို ဆေးလိမ်းပေးသည်။

(ခခ) ဘောလုံးကန်၍ ခြေထောက်နာနေသဖြင့် ကျောင်းမသွားနိုင်သော မြေးငယ်ကို **ဘကြီးက** ဆေးလိမ်းပေးသည်။

"ဘောလုံးကန်၍ ခြေထောက်နာနေသောမြေးငယ်ကို ဘကြီးက ဆေးလိမ်းပေးသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၂) (ကက) တွင် ဖော်ပြထား သကဲ့သို့ **ဘကြီးက** ဟူသော ကတ္တားကို ၎င်းနှင့် တိုက်ရိုက် ဆက်စပ်ရမည့် **ဆေးလိမ်းပေးသည်** ဟူသော ကြိယာအနီး၌မထားခြင်းကြောင့် ကတ္တားသည် ၎င်းနှင့်နီးကပ်သည့် **ဘောလုံးကန်** ဟူသော ကြိယာနှင့် ဆက်စပ်မိသည်။ ထို့ကြောင့်

ဘောလုံးကန်၍ ခြေထောက်နာသူမှာ မြေးငယ်ဖြစ်ကြောင်း အဓိပ္ပာယ် သက်ရောက်ရမည့်အစား ဘကြီးဖြစ်သည်ဟု လွဲမှားစွာအဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့်အဓိပ္ပာယ် သက်ရောက်စေရန် သာဓက ဝါကျ (၂) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကတ္တားကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ကြိယာနှင့်နီးကပ်စွာထားရသည်။

(၃) (ကက) **ဆရာဝန်ကြီးက** ဆေးကို မှန်မှန် မသောက်သည့်အတွက် လူနာများ ဆေးကို မှန်မှန်သောက်ကြရန် သတိပေးသည်။

(ခခ) ဆေးကို မှန်မှန် မသောက်သည့်အတွက် လူနာများ ဆေးကို မှန်မှန် သောက်ကြရန် သတိပေးသည်။

"ဆေးမှန်မှန် မသောက်သည့် လူနာများကို ဆရာဝန်ကြီးက ဆေး မှန်မှန်သောက်ရန် သတိပေးသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၃) (ကက)တွင် ဖော်ပြထားသကဲ့သို့ **ဆရာဝန်ကြီးက** ဟူသော ကတ္တားကို ၎င်းနှင့်တိုက်ရိုက်ဆက်စပ်ရမည့် **သတိပေးသည်** ဟူသော ကြိယာအနီး၌ မထားခြင်းကြောင့် ကတ္တားသည် ၎င်းနှင့် နီးကပ်သည့် **မသောက်**ဟူသော ကြိယာနှင့် ဆက်စပ်မိသည်။ ထို့ကြောင့် ဆေးကိုမှန်မှန်မသောက်သူမှာ လူနာများဖြစ်ကြောင်း အဓိပ္ပာယ် သက်ရောက်ရမည့်အစား ဆရာဝန်ကြီးဖြစ်သည်ဟု လွဲမှားစွာ အဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက် စေရန် သာဓကဝါကျ (၃) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကတ္တားကို ၎င်းနှင့် တိုက်ရိုက် ဆက်စပ်ရမည့် ကြိယာနှင့် နီးကပ်စွာထားရသည်။

၂၀၈။ **နာမဝိသေသနအထားအသို။** ။

(က) သော ပစ္စည်းပါသည့် နာမဝိသေသနကို အထူးပြုခံရမည့် နာမ်၏ရှေ့တွင် ကပ်ထား ရသည်။

သာဓက။ ။(၁) ဆရာသည် လိမ်မာသော တပည့်ကို ချစ်သည်။

(၂) သူသည် လတ်ဆတ်သော အသီးအနှံကို နှစ်သက်သည်။

(ခ) သော၊ သည့် ပစ္စည်းပါသော နာမဝိသေသန၊ နာမဝိသေသနအဖြစ်သုံးသည့် က ဝိဘတ် ပါသော နေရာပြပုဒ်၊ အစဉ်ပြသချ်ာနာမဝိသေသနတို့ကို အထူးပြုခံနာမ်၏ ရှေ့တွင် ကပ်၍ ထားရသည်။

(၁) (ကက) ပေ (၂၀) ရှည်သော ကလေးများ ရေကူးရန် ကန်တစ်ခုကို အမြန် တူးနေသည်။

(ခခ) ကလေးများ ရေကူးရန် ပေ (၂၀)ရှည်သော ကန်တစ်ခုကို အမြန် တူးနေသည်။

"ကလေးများ ရေကူးရန်အတွက် ပေ (၂၀)ရှည်သော ကန်တစ်ခု တူးနေသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၁)

(ကက)တွင် ဖော်ပြထားသကဲ့သို့ ပေ (၂၀)ရှည်သော ဟူသော နာမဝိသေသနကို ၎င်းနှင့်တိုက်ရိုက် ဆက်စပ်အထူးပြုရမည့် ကန် ဟူသော နာမ်၏ ရှေ့၌ ကပ်မထားဘဲ ကလေးဟူသော အခြားနာမ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် ပေ (၂၀) ရှည်သည့် ကန်ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား ပေ (၂၀)ရှည်သည့် ကလေးဟူ၍ လွဲမှားစွာ အဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန် သာဓကဝါကျ (၁) (ခခ)တွင် ဖော်ပြထားသကဲ့သို့ နာမဝိသေသနကို ၎င်းနှင့်တိုက်ရိုက် ဆက်စပ်ရမည့် နာမ်နှင့် နီးကပ်စွာထားရသည်။

(၂) (ကက) ကျွန်တော်သည် **ကြောင်အိမ်ထဲက** အစ်ကိုကြီးအား ငါးကြော် တစ်ကောင်ကို ပေးလိုက်ပါသည်။

(ခခ) ကျွန်တော်သည်အစ်ကိုကြီးအား **ကြောင်အိမ်ထဲက ငါးကြော် တစ်ကောင်**ကို ပေးလိုက်ပါသည်။

"ကြောင်အိမ်ထဲတွင် ရှိသော ငါးကြော်တစ်ကောင်ကို အစ်ကိုကြီးအား ပေးလိုက်ပါသည်" ဟူသော အဓိပ္ပါယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၂) (ကက)တွင် ဖော်ပြထားသကဲ့သို့ **ကြောင်အိမ်ထဲက** ဟူသော နာမဝိသေသနအဖြစ် သုံးသည့် နေရာပြပုဒ်ကို ၎င်းနှင့်တိုက်ရိုက် ဆက်စပ်အထူးပြုရမည့် **ငါးကြော်** ဟူသော နာမ်၏ ရှေ့၌ ကပ်မထားဘဲ **အစ်ကိုကြီး** ဟူသော နာမ်၏ရှေ့၌ ကပ်ထားခြင်းကြောင့် ကြောင်အိမ်ထဲတွင်ရှိသည့် ငါးကြော်ဟု အဓိပ္ပာယ် သက်ရောက်ရမည့်အစား ကြောင်အိမ်ထဲတွင် ရှိသည့် အစ်ကိုကြီးဟူ၍ လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန် သာဓကဝါကျ (၂) (ခခ) တွင် ဖော်ပြထားသကဲ့သို့ နာမဝိသေသနကို ၎င်းနှင့် တိုက်ရိုက် ဆက်စပ်ရမည့်နာမ်နှင့် နီးကပ်စွာထားရသည်။

(၃) (ကက) **ငါးကြိမ်မြောက်** မသန်မစွမ်းသူများ၏ အားကစားပြိုင်ပွဲကို ယနေ့ကျင်းပသည်။

(ခခ) မသန်မစွမ်းသူများ၏ **ငါးကြိမ်မြောက်** အားကစားပြိုင်ပွဲကို ယနေ့ ကျင်းပသည်။

"မသန်မစွမ်းသူများ၏ ငါးကြိမ်မြောက်အားကစားပြိုင်ပွဲကို ကျင်းပသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓက ဝါကျ(၃)(ကက) တွင် ဖော်ပြထားသကဲ့သို့ **ငါးကြိမ်မြောက်** ဟူသော နာမဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်အထူးပြုရမည့် **အားကစားပြိုင်ပွဲ**ဟူသော နာမ်၏ ရှေ့၌ကပ်မထားဘဲ **မသန်မစွမ်းသူ** ဟူသောအခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် ငါးကြိမ်မြောက် အားကစားပြိုင်ပွဲဟု အဓိပ္ပာယ် သက်ရောက်ရမည့်အစားငါးကြိမ်မြောက် မသန်မစွမ်းသူများဟူ၍ လွဲမှားစွာ

အဓိပ္ပာယ်သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်စေရန် သာဓက ဝါကျ (၃) (ခခ) တွင်ဖော်ပြထားသကဲ့သို့ နာမဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် နာမ်နှင့် နီးကပ်စွာ ထားရသည်။

၂၀၉။ **ကြိယာဝိသေသနအထားအသို။ ။**

(က) ကြိယာဝိသေသနကို ကြိယာ၏ရှေ့တွင် ထားလေ့ရှိသည်။

**သာဓက။** ။(၁) သူသည် ဈေးမှ **အမြန်** ပြန်လာသည်။

(၂) သူသည် စက်ဘီးကို **လျှင်မြန်စွာ** စီးသည်။

(ခ) ကြိယာဝိသေသနအဖြစ်သုံးသော က ဝိဘတ်ပါသည့် အချိန်ပြပုဒ်နှင့် နေရာပြပုဒ်၊ တွင် ဝိဘတ်ပါသည့် နေရာပြပုဒ်၊ နှင့် ဝိဘတ်ပါသည့် အသုံးခံပြပုဒ်၊ စွာ ပစ္စည်းပါသည့် ကြိယာဝိသေသနပုဒ်တို့ကို **ကြိယာ၏ရှေ့** တွင်ကပ်၍ ထားရသည်။

သာဓက။ ။

(၁) (ကက) မလှသည် **မနေ့က** ပေါင်မုန့်ကို စားသည်။

(ခခ) မလှသည် ပေါင်မုန့်ကို **မနေ့က** စားသည်။

"မလှသည်ပေါင်မုန့်ကို ယနေ့စားခြင်းမဟုတ်ဘဲမနေ့က စားခြင်းဖြစ်သည်" ဟူသောအဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌သာဓက ဝါကျ (၁) (ကက)တွင် ဖော်ပြထားသကဲ့သို့ **မနေ့က** ဟူသော အချိန်ပြပုဒ်ကို၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့်**စားသည်** ဟူသော ကြိယာ၏ ရှေ့၌ကပ်မထားဘဲ **ပေါင်မုန့်ကို** ဟူသောအခြားပုဒ်တစ်ခု၏ရှေ့၌ကပ်ထားခြင်းကြောင့် မလှသည် ပေါင်မုန့်ကို မနေ့ကစားသည်ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား မလှသည် မနေ့က ကျန်သော ပေါင်မုန့်ကိုစားသည်ဟူ၍ လွဲမှားစွာအဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန် သာဓက ဝါကျ(၁) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ကြိယာနှင့် နီးကပ်စွာထားရသည်။

(၂) (ကက) **လေ့ပေါ်က** ကြာပန်းကို ခူးသည်။

(ခခ) ကြာပန်းကို လှေပေါ်က ခူးသည်။

"ကန်ထဲ၌ ပေါက်နေသော ကြာပန်းကို လှေပေါ်က လှမ်း၍ခူးသည်" ဟူသောအဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၂) (ကက)တွင် ဖော်ပြထားသကဲ့သို့ **လှေပေါ်က** ဟူသော နေရာပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် **ခူးသည်** ဟူသော ကြိယာ၏ ရှေ့၌ကပ်မထားဘဲ **ကြာပန်းကို** ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် ကန်ထဲ၌ ပေါက်နေသော ကြာပန်းကိုခူးသည်ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား လှေပေါ်၌ ပေါက်နေသော ကြာပန်းကိုခူးသည်ဟူ၍ လွဲမှားစွာ အဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်

ဆက်စပ်ရမည့် ကြိယာနှင့် နီးကပ်စွာထားရသည်။

(၃) (ကက) **စာသင်ခန်းတွင်** လိမ်မပြောရန် တပည့်များကိုဆရာက ဆုံးမသည်။

(ခခ) လိမ်မပြောရန် တပည့်များကို ဆရာက စာသင်ခန်းတွင် ဆုံးမသည်။

"လိမ်မပြောရန် တပည့်များကို ဆရာက စာသင်ခန်းတွင် ဆုံးမသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓက ဝါကျ (၃) (ကက) တွင် ဖော်ပြထားသကဲ့သို့ **စာသင်ခန်းတွင်** ဟူသော နေရာပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် **ဆုံးမသည်** ဟူသော ကြိယာ၏ ရှေ့၌ ကပ်မထားဘဲ **လိမ်မပြောရန်** ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် လိမ်မပြောရန် စာသင်ခန်းတွင် ဆရာကဆုံးမသည်ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား အခြားနေရာတွင် လိမ်ပြောနိုင်သည်၊ စာသင်ခန်းတွင်သာ လိမ်မပြောရန် ဆုံးမသည်ဟူ၍ လွဲမှားစွာအဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့်အဓိပ္ပာယ် သက်ရောက်စေရန် သာဓက ဝါကျ (၃) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ကြိယာနှင့်နီးကပ်စွာ ထားရသည်။

(၄) (ကက) မောင်ဘက **တုတ်နှင့်** မောင်လှကို ရိုက်သည်။

(ခခ) မောင်ဘက မောင်လှကို တုတ်နှင့် ရိုက်သည်။

"မောင်ဘက သူ၏ တုတ်ဖြင့် မောင်လှကို ရိုက်သည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၄) (ကက) တွင် ဖော်ပြထားသကဲ့သို့ **တုတ်နှင့်** ဟူသော အသုံးခံပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ရိုက်သည် ဟူသော ကြိယာ၏ ရှေ့၌ ကပ်မထားဘဲ မောင်လှကို ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် မောင်ဘက မောင်လှကို တုတ်ဖြင့် ရိုက်သည်ဟု အဓိပ္ပာယ် သက်ရောက်ရမည့်အစား တုတ်ကိုင်ထားသော မောင်လှကို မောင်ဘကရိုက်သည်ဟူ၍ လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။ သို့ဖြစ်၍ဆိုလိုသည့်အဓိပ္ပာယ် သက်ရောက်စေရန် သာဓက ဝါကျ (၄) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ကြိယာနှင့်နီးကပ်စွာ ထားရသည်။

(၅) (ကက) သူသည် **လျင်မြန်စွာ** ထမင်းစား၍ ကျောင်းသို့သွားသည်။

(ခခ) သူသည် ထမင်းစား၍ ကျောင်းသို့ **လျင်မြန်စွာ** သွားသည်။

"သူသည် ထမင်းစားပြီးမှ ကျောင်းသို့ လျင်မြန်စွာသွားသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ သာဓကဝါကျ (၅) (ကက) တွင် ဖော်ပြထားသကဲ့သို့ **လျင်မြန်စွာ** ဟူသော ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် **သွားသည်** ဟူသော ကြိယာ၏ ရှေ့၌ ကပ်မထားဘဲ **ထမင်းစား၍** ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထား

ခြင်းကြောင့် သူသည် ထမင်းစားပြီးမှ ကျောင်းသို့လျင်မြန်စွာသွားသည်ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား သူသည် ထမင်းကိုလျင်မြန်စွာစားပြီးမှ ကျောင်းသို့သွားသည်ဟူ၍လွဲမှားစွာ အဓိပ္ပာယ် သက်ရောက်သွားသည်။ သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်စေရန် သာဓကဝါကျ (၅) (ခခ) တွင် ဖော်ပြထားသကဲ့သို့ ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့်ကြိယာနှင့် နီးကပ်စွာထားရသည်။ အကယ်၍ "သူသည် ထမင်းကို ရှေးဦးစွာ လျင်လျင်မြန်မြန်စားပြီးမှ ကျောင်းသို့သွားသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့လိုပါက သာဓက ဝါကျ (၅) (ကက) ၏ ပုဒ်အနေအထားသည်မှန်သည်။

## လေ့ကျင့်ခန်း

### (က)

၁။ အောက်ပါ နာမဝိသေသနနှင့် ကြိယာဝိသေသနအသီးသီးကို ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။
အေးမြသော၊ ပျော်ရွှင်စွာ၊ တဖြည်းဖြည်း၊ မြင့်မားသော၊ တရင်းတနှီး။

၂။ အောက်ပါ ပုဒ်စုအသီးသီးကို ဝါကျရိုးတစ်ခုစီ၌ သုံးပြပါ။ မည်သည့်ပုဒ်စုအဖြစ် သုံးသည်ကိုလည်း ဖော်ပြပါ။
ကျွန်တော်၏ အစ်ကို၊ သာယာသောညနေခင်း၊ မြန်မာ့ကျွန်းသစ်၊ ရေးဖို့ခဲတံ။

၃။ အောက်ပါ ဝါကျအသီးသီးရှိ ပုဒ်တို့အနက် မိမိအလေးထားလိုသည့် ပုဒ်ကို ဝါကျ၏အစ၌ ထားပြပါ။
(က) ပုသိမ်သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ နံနက် (၅)နာရီခန့်၌ ဆိုက်ကပ်သည်။
(ခ) မောင်နီသည် ကျောင်းသို့ စက်ဘီးဖြင့် သွားသည်။
(ဂ) လူတို့သည် စားဝတ်နေရေးအတွက် အလုပ်ကို ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်ကြသည်။
(ဃ) မိဘတိုင်းသည် သားသမီးကို လိမ္မာရန် နေ့စဉ်ဆုံးမသည်။
(င) ဝေလငါးသည် ရေသတ္တဝါတို့တွင် အကြီးဆုံးဖြစ်သည်။

၄။ ကတ္တားမြှုပ်၍ ဝါကျရိုးဖွဲ့ပုံကို သာဓကပြပါ။

၅။ ကြိယာမြှုပ်၍ ဝါကျရိုးဖွဲ့ပုံကို သာဓကပြပါ။

၆။ ကတ္တားဝိဘတ်မြှုပ်၍ ဝါကျရိုးဖွဲ့ပုံကို သာဓကပြပါ။

၇။ ကံဝိဘတ်မြှုပ်၍ ဝါကျရိုးဖွဲ့ပုံကို သာဓကပြပါ။

### (ခ)

၁။ အောက်ပါဝါကျရေးများမှ မြှုပ်ထားသည့် ကတ္တားပုဒ်နှင့် ကံပုဒ်တို့ကို ဖော်ပြပါ။
(က) လူတို့သည် ချီးမွမ်းမှုကို နှစ်သက်သော်လည်း ကဲ့ရဲ့မှုကို စက်ဆုပ်ကြသည်။
(ခ) တောင်သူလယ်သမားတို့သည် ယခင်ကထက် စနစ်တကျ စိုက်ပျိုးလာကြသဖြင့် ကောက်ပဲသီးနှံများသည် အထွက်တိုးလာသည်။

(ဂ) ပြည်သူတို့သည် လမ်း၏တစ်ဖက်တစ်ချက်တွင်ရပ်ကာ အောင်ပွဲရစစ်သည်များကို ဝမ်းပန်းတသာ ကြိုဆိုနေကြသည်။
(ဃ) ဦးလေးသည် ကွင်းထဲက ကောက်ရိုးများကို လှည်းပေါ်သို့တင်၍ ရွာသို့ပြန်လာသည်။
(င) သူ အကြိမ်ကြိမ် သွေးသဖြင့် ဓားသည် အလွန်ထက်လာသည်။
(စ) သူငယ်ချင်းများက မကြာခဏ စတတ်သော်လည်း ကျွန်တော်က စိတ်မဆိုးမိပါ။

၂။ အောက်ပါဝါကျရေအသီးသီးရှိ အမှီခံဝါကျကဏ္ဍ၌ မည်သည့်ပုဒ်တို့ကို ချုပ်နိုင်သနည်း။
(က) ငှက်တို့သည် နေ့အခါ၌ အသိုက်မှ အစာရှိသော အရပ်သို့ အစာရှာထွက်ကြ၍ ငှက်တို့သည် ညနေ၌ အစာရှိသောအရပ်မှ အသိုက်သို့ပြန်လာကြသည်။
(ခ) ဗေဒါပင်များသည် မြစ်ထဲမှ ချောင်းအတွင်းသို့ ဒီရေနှင့်အတူမျောပါလာ၍ ဗေဒါပင်များသည် ဒီရေနှင့်အတူ ချောင်းအတွင်းမှ မြစ်ထဲသို့ မျောပါသွားကြသည်။
(ဂ) မလှသည် တောင်းထဲက သရက်သီးများကိုထုတ်၍ မလှသည် တောင်းထဲက သရက်သီးများကို စက္ကူအိတ်ထဲသို့ထည့်သည်။

၃။ အောက်ပါ ဝါကျရိုးတစ်ခုစီတွင် ချုပ်သင့်သည့် ပုဒ်တို့ကိုချုပ်၍ ဝါကျရောတစ်ခု ဖြစ်အောင် ဖွဲ့ပြပါ။
(က) - ရေခိုးရေငွေ့တို့သည် အပူရှိန်ကြောင့် အထက်သို့ တက်ကြသည်။
- ရေခိုးရေငွေ့တို့သည် အအေးဓာတ်နှင့် ထိတွေ့ကြသည်။
- ရေခိုးရေငွေ့တို့သည် တိမ်များဖြစ်လာသည်။
(ခ) - မိုးဥတု ကုန်ဆုံးပြီ။
- ဦးကြီးသည် ဆောင်းရာသီ သီးနှံပင်များကို စတင်စိုက်ပျိုးသည်။
- ဦးကြီးသည် မြက်ပင်ချုံပင်များကို ခုတ်ထွင်ရှင်းလင်းသည်။
- ဦးကြီးသည် မြေကို ပြုပြင်သည်။
(ဂ) - ဖခင် ရုံးမှပြန်လာသည်။
- ဖခင်ကို သားသမီးများက တွေ့ကြသည်။
- သားသမီးများသည် ဖခင်ဆီသို့ ပြေးသွားကြသည်။
- သားသမီးများသည် ဖခင်၏လွယ်အိတ်နှင့် စာအုပ်များကို သယ်ကြသည်။
-သားသမီးများသည် ဖခင်နှင့်အတူ အိမ်ထဲသို့ ပျော်ရွှင်စွာဝင်လာကြသည်။

(ဂ)

၁။ အောက်ပါ ဝါကျအသီးသီးကို ဝါကျခွဲခြမ်းစိတ်ဖြာနည်းအရ ခွဲခြမ်းစိတ်ဖြာပြပါ။
(က) သူတော်စင်တို့သည် တိတ်ဆိတ်အေးချမ်းသော အရပ်ကို နှစ်သက်ကြကုန်၏။
(ခ) ဦးလှသည် ကိစ္စတစ်ခုကြောင့် ရန်ကုန်မှ မန္တလေးသို့ အမြန်ရထားဖြင့် ယမန်နေ့က ရုတ်တရက် သွားသည်။
(ဂ) သူတို့သည် ဘောလုံးကွင်းထိအောင် လမ်းလျှောက်ကြသည်။
(ဃ) ရွာသားများသည် လယ်ကွင်းမှချောင်းတိုင်အောင် ရေနုတ်မြောင်းတူးကြသည်။

( င) တောင်တက်သမားများသည် အေးမြသော နံနက်ခင်း၌ မြင့်မားသော တောင်ထိပ်သို့ ပျော်ရွှင်စွာ တက်ကြသည်။

၂။ အောက်ပါ ဝါကျရောတို့ကို ဝါကျခွဲခြမ်းစိတ်ဖြာနည်းအရ ခွဲခြမ်းစိတ်ဖြာပြပါ။

(က) သူသည် ရန်ကုန်မှ ပဲခူးသို့ ကားဖြင့် နံနက်ကသွား၍ ညဉ့်ပြန်လာသည်။

(ခ) တောတောင်ပတ်ဝန်းကျင် သာယာလှသော နွေဦးရာသီ၌ လေရူးကလေးများ ဝန်းဝှေ့တိုက်ခတ်လာသည်နှင့်တစ်ပြိုက်နက် ရွက်ဟောင်းများကြွေကာ ရွက်သစ်၊ ရွက်နုနှင့်၊ ပုရစ်ဖူးကလေးများ အစီအရီထွက်ပေါ်လာကြသည်။

(ဂ) ဘောလုံးသည် မောင်ချစ်ညို၏ ရှေ့သို့ ကျလာသည်နှင့်တစ်ပြိုင်နက် သူသည် ဘောလုံးကို ဂိုးပေါက်ဆီသို့ တစ်ရှိန်ထိုး သယ်သွားကာ ဂိုးဧရိယာအတွင်းသို့ရောက်လျှင် ဂိုးပေါက်ထဲသို့ တစ်အားကုန် ကန်သွင်းလိုက်ရာ တည့်တည့်မတ်မတ်ဝင်သွားသည်။

(ဃ)

၁။ ဝါကျ၌ ကတ္တားကို မည်သည့်နေရာတို့၌ ထားလေ့ရှိသနည်း။

၂။ ဝါကျ၌ ကတ္တားသည် ကြိယာနှင့် ကွာလှမ်းသောအခါမည်သို့ဖြစ်လာနိုင်သနည်း။

၃။ အောက်ပါ ဝါကျအသီးသီးရှိ ကတ္တားကို အထားအသို အစီအစဉ် သင့်အောင် ပြင်ဖွဲ့ပါ။

(က) ဖိုးသာအောင်က တွေ့ရာကိုချိုဖြင့် လိုက်လံခတ်ကာ ရွာသားများကို အနှောင့်အယှက်ပေးနေသော ကျွဲရိုင်းကို ဖမ်းဆီးလိုက်သည်။

(ခ) ဆရာဝန်ကြီးများက ဆေးလိပ်ကို အလွန်အကျွံသောက်၍ အဆုတ်ရောဂါ ဖြစ်ကြသဖြင့် ဆေးလိပ်ကိုမသောက်ကြရန် တားမြစ်ကြသည်။

(ဂ) ဒိုင်လူကြီးက ကြမ်းတမ်းစွာ ကစားသည့်အပြင် ပြိုင်ဘက်ကစားသမားများကို ဆဲဆိုရန်စတတ်သော ဘောလုံးသမားဖိုးတုတ်ကို ပြင်းထန်စွာ သတိပေးလိုက်သည်။

၄။ အောက်ပါ ဝါကျအသီးသီးရှိ နာမဝိသေသနပုဒ်ကို အထားအသို အစီအစဉ် သင့်အောင် ပြင်ဖွဲ့ပါ။

(က) ပေ (၃၀၀၀)မြင့်သော ပန်းသီးပင်များ စိုက်ပျိုးရန် တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်။

(ခ) ကျွန်တော်သည် မော်လမြိုင်က ဆရာ့ကို ဒူးရင်းသီးဖြင့် ကန်တော့သည်။

(ဂ) (၁၀) ကြိမ်မြောက် ရပ်ကွက်လူငယ်များ စာကြည့်တိုက်၏ စာပေဟောပြောပွဲကို ယခုနှစ်တွင် ကျင်းပမည်။

၅။ အောက်ပါ ဝါကျအသီးသီးရှိ ကြိယာနာမဝိသေသနပုဒ်ကို အထားအသို အစီအစဉ်သင့်အောင် ပြင်ဖွဲ့ပါ။

(က) မလှသည် မမြအား၊ ယမန်နှစ်က သဇင်ပန်းများကို လက်ဆောင်အဖြစ် ပေးသည်။

(ခ) ကျွန်တော်သည် သစ်ပင်ပေါ်က လယ်ကွင်းများကို လှမ်းမြင်ရသည်။

(ဂ) အိမ်တွင် မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းရမည်ဟု မိဘနှစ်ပါးက သင်ကြားသည်။

(ဃ) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။

(င) ဘင်ခရာအဖွဲ့က တေးသီချင်းများကို အောင်မြင်စွာ သီဆိုတီးမှုတ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## အနှစ်ချုပ်

**ဝါကျဆိုင်ရာ သိမှတ်ဖွယ်ရာများ**

(က) ဝါကျရိုး- ကတ္တားတစ်ခုနှင့် ကြိယာ တစ်ခုပါဝင်သော ဝါကျ

(ခ) ဝါကျရော - ဝါကျရိုး (၂) ခု သို့မဟုတ် (၂)ခုထက် ပိုသော ဝါကျရိုးများကို ဝါကျ တစ်ခုတည်း ဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုနှင့် ဆက်၍ ရေးသောဝါကျ

(ဂ) ထိုဝါကျများကို ခွဲခြမ်းစိတ်ဖြာပုံ

(ဃ) စကားအထားအသိုတို့ကို ရှင်းလင်းဖော်ပြထားသည်။

# စကားလုံးအညွှန်း

| | | |
|---|---|---|
| ကြိ = ကြိယာ | န = နာမ် | ဝိ = ဝိဘတ် |
| ကြိဝိ = ကြိယာဝိသေသန | နစ = နာမ်စား | သမ် = သမ္ဗန္ဓ |
| စည်း = ပစ္စည်း | နဝိ = နာမဝိသေသန | |


| | စာမျက်နှာ |
|---|---|
| က | |
| က (ကတ္တားဝိ) | ၃၇။ |
| က (ကန့်သတ်ချက်ပြသမ်) | ၄၀။ |
| က (ထွက်ခွာရာပြဝိ) | ၃၈။ |
| က (နေရာပြဝိ) | ၃၈။ |
| က (အချိန်ပြဝိ) | ၃၈။ |
| ကရိုဏ်း | ၁၁၊၁၂၊၁၃၊၁၄ |
| ကာ(တစ်ခုပြီးတစ်ခုပြသမ်) | ၄၀။ |
| ကာ(တစ်ပြိုင်နက်ပြသမ်) | ၄၀။ |
| ကာရန်လိုက်ကြိယာဝိသေန | ၃၅။ |
| ကာလပြကြိယာဝိဘတ် | ၃၈။ |
| ကဲ့သို့ (ဥပမာစည်း) | ၄၂။ |
| ကံပုဒ် | ၅၄။ |
| ကံပုဒ်စု | ၅၅။ |
| ကံဝိဘတ် | ၃၈။ |
| ကို (ကံဝိ) | ၃၈။ |

| | စာမျက်နှာ |
|---|---|
| ကန့်သတ်ချက်ပြသမ္ဗန္ဓ | ၄၀။ |
| ကန့်သတ်မဲ့ပြသမ္ဗန္ဓ | ၄၀။ |
| ကိန်း | ၂၅။ |
| ကိန်းညွှန်းပစ္စည်း (ကြိစည်း) | ၄၁။ |
| ကိန်းညွှန်းပစ္စည်း (နစည်း) | ၄၂။ |
| ကုန် (ကိန်းညွှန်းစည်း) | ၄၂။ |
| ကျစ်(သဉ္ဇာလေးနက်ပစ္စည်း) | ၄၂။ |
| ကျုပ် (ပြောသူနစ) | ၂၇။ |
| ကြ (ကိန်းညွှန်းစည်း) | ၄၂။ |
| ကြကုန် (ကိန်းညွှန်းစည်း) | ၄၂။ |
| ကြိယာ | ၃၃။ |
| ကြိယာထောက်ပစ္စည်း | ၃၄။ |
| ကြိယာနာမ် | ၂၅။ |
| ကြိယာပစ္စည်း | ၃၆။ |
| ကြိယာဝိဘတ် | ၃၈။ |

| | စာမျက်နှာ |
|---|---|
| ကတ္တားပုဒ် | ၅၄။ |
| ကတ္တားပုဒ်စု | ၅၄။ |
| ကတ္တားဝိဘတ် | ၃၈။ |
| ကတ္တားအထားအသို | ၅၅။ |
| ကြောင့်(အကြောင်းပြဝိ) | ၃၈။ |
| ကြိမ်(သင်္ချာလေးနက်စည်း) | ၄၂။ |
| ကွယ်(ဝါကျနောက်လိုက်စည်း) | ၄၂။ |
| ကျွန်တော်(ပြောသူနစ) | ၂၇။ |
| ကျွန်ုပ် (ပြောသူနစ) | ၂၇။ |
| ကျွန်မ (ပြောသူနစ) | ၂၇။ |
| **ခ** | |
| ခရာထောင့် (လေးထောင့်အက္ခရာ) | ၂။ |
| ခရာဝန်း(အက္ခရာအဝိုင်း) | ၂။ |
| ခဲ့ (ကြိယာထောက်ပစ္စည်း) | ၄၂။ |
| ခင်ဗျာ (အာလုပ်စည်း) | ၄၂။ |
| ခင်ဗျား (ကြားနာသူနစ) | ၂၇။ |
| ခန့် (သင်္ချာလေးနက်စည်း) | ၄၂။ |
| ချက် (နပုဒ်ပြောင်းစည်း) | ၄၂။ |
| ချည်-ချည် (ကြိဝိပုဒ်ပြောင်းစည်း) | ၄၂။ |

| | စာမျက်နှာ |
|---|---|
| ကြိယာဝိသေသန | ၃၅။ |
| ကြိယာဝိသေသနပုဒ် | ၆၀။ |
| ကြိယာဝိသေသနပုဒ် ပြောင်းပစ္စည်း | ၄၂။ |
| ကြိယာဝိသေသန အထားအသို | ၆၃။ |
| **စ** | |
| စကားသံဖြစ်အင်္ဂါ | ၁၀။ |
| စကားအထားအသို | ၆၃။ |
| စရာ(နပုဒ်ပြောင်းစည်း) | ၄၂။ |
| စေ (အမိန့်ချဝိ) | ၃၈။ |
| စေကာမူ(ဆန့်ကျင်ပြသမ်) | ၄၀။ |
| စေခိုင်းဝိဘတ် | ၃၈။ |
| စို့(ညှိနှိုင်းဝိ) | ၃၈။ |
| စဉ်းငယ်ထိရွတ်ပယတ် | ၁၄။ |
| စဉ်းငယ်ထိရွတ်ဗျည်း | ၁၅။ |
| စိတ္တဇနာမ် | ၂၄။ |
| စွာ (ကြိဝိပုဒ်ပြောင်းစည်း) | ၄၂။ |
| **ဆ** | |
| ဆိုက်ရောက်ရာပြပုဒ် | ၆၀။ |
| ဆိုက်ရောက်ရာပြဝိဘတ် | ၃၈။ |

| | စာမျက်နှာ |
|---|---|
| ခြင်း (နပုဒ်ပြောင်းစည်း) | ၄၂။ |
| ခွဲထုတ်ရာပြုပုဒ် | ၆၀။ |
| ခွဲထုတ်ရာပြုဝိဘတ် | ၃၈။ |
| **ဂ** | |
| ဂုဏ်ရည်ပြုကြိယာ | ၃၃။ |
| ဂုဏ်ရည်ပြုနာမဝိသေသန | ၂၉။ |
| **ဃ** | |
| ဃောသ | ၁၇။ |
| **င** | |
| ငါ (ပြောသူနစ) | ၂၇။ |
| ငြင်းပယ်ဝါကျ | ၆၀။ |
| ၎ာ (ရည်စူးချက်ပြုဝိ) | ၃၈။ |
| တော့ (နထောက်စည်း) | ၄၂။ |
| တိုက်တွန်းဝါကျ | ၆၀။ |
| တိုင်တိုင် (နေရာဆက်တိုက်ပြုဝိ) | ၃၈။ |
| တိုင်တိုင် (အချိန်ဆက်တိုက်ပြုဝိ) | ၃၈။ |
| တိုင်အောင် (ဆိုက်ရောက်ရာပြုဝိ) | ၃၈။ |

| | စာမျက်နှာ |
|---|---|
| ဆန္ဒညွှန်ဝိဘတ် | ၃၈။ |
| ဆန္ဒဝါကျ | ၆၀။ |
| ဆန့်ကျင်ပြသမ္ဗန္ဓ | ၄၀။ |
| **ည** | |
| ညည်း (ကြားနာသူစ) | ၂၇။ |
| ညှိနှိုင်းဝိဘတ် | ၃၈။ |
| **ဌ** | |
| ဌာန် | ၁၁။ |
| **တ** | |
| တကာ (ဝိစ္ဆာစည်း) | ၄၂။ |
| တ-တ (ကြိဝိပုဒ်ပြောင်းစည်း) | ၄၂။ |
| ထို့ကြောင့် (အဓိပ္ပာယ်ဆက်သမ်) | ၄၀။ |
| ထို့ပြင် (အဓိပ္ပာယ်ဆက်သမ်) | ၄၀။ |
| ထက် (နှိုင်းယှဉ်ပြသမ်) | ၄၀။ |
| ထုတ်ဖော်ဝါကျ | ၆၀။ |
| ထွက်ခွာရာပြုပုဒ် | ၆၀။ |
| ထွက်ခွာရာပြုဝိဘတ် | ၃၈။ |

| | စာမျက်နှာ |
|---|---|
| တိုင်အောင် (နေရာဆက်တိုက်ပြဝိ) | ၃၈။ |
| တိုင်း (ဝိစ္ဆာစည်း) | ၄၂။ |
| တိုင်း (အချိန်ပြသမ်) | ၄၀။ |
| တစ်ခုပြီးတစ်ခုပြသမ္ဗန္ဓ | ၄၀။ |
| တစ်ပြိုင်နက်ပြသမ္ဗန္ဓ | ၄၀။ |
| တစ်ဦးဆိုင်နာမ် | ၂၄။ |
| တည်းဟူသော (ရူပကစည်း) | ၄၂။ |
| တုံး (အမေးစည်း) | ၄၂။ |
| တွင် (ခွဲထုတ်ရာပြဝိ) | ၃၈။ |
| တွင် (အချိန်ပြဝိ) | ၃၈။ |
| ထ | |
| ထိ (ဆိုက်ရောက်ရာပြဝိ) | ၃၈။ |
| ထိရွတ်ပယတ် | ၁၄။ |
| ထိရွတ်ဗျည်း | ၁၅၊၁၆။ |
| ထိအောင် (ဆိုက်ရောက်ရာပြဝိ) | ၃၈။ |
| ထို (အညွှန်းနစ) | ၂၇၊၂၈။ |
| ထို (အညွှန်းနဝိ) | ၂၉။ |
| ထိုအခါ (အဓိပ္ပာယ်ဆက်သမ်) | ၄၀။ |
| ထို့ကြောင့်(အကြောင်းပြသမ်) | ၄၀။ |

| | စာမျက်နှာ |
|---|---|
| ဒ | |
| ဒွိလိင် | ၂၅။ |
| ဓ | |
| ဓနိတ | ၁၇။ |
| န | |
| နပုလ္လိင် | ၂၅။ |
| နာမဝိသေသန | ၂၉။ |
| နာမဝိသေသနပုဒ် | ၆၀။ |
| နာမဝိသေသနပုဒ်ပြောင်းပစ္စည်း | ၄၂။ |
| နာမဝိသေသနအထားအသို | ၆၃။ |
| နေရာဆက်တိုက်ပြပုဒ် | ၆၁။ |
| နေရာဆက်တိုက်ပြဝိဘတ် | ၃၈။ |
| နေရာပြပုဒ် | ၆၀။ |
| နေရာပြပုဒ်စု | ၆၁။ |
| နေရာပြဝိဘတ် | ၃၈။ |
| နော်(ဝါကျနောက်လိုက်စည်း) | ၄၂။ |
| နင်(ကြားနာသူနစ) | ၂၇။ |
| နိုင်(ကြိထောက်စည်း) | ၄၂။ |
| နည်း (အမေးစည်း) | ၄၂။ |

| | စာမျက်နှာ | | စာမျက်နှာ |
|---|---|---|---|
| နာမ်ပစ္စည်း | ၄၀။ | နာမ်စား | ၂၇။ |
| နာမ်ပုဒ်ပြောင်းပစ္စည်း | ၄၂။ | နာမ်ထောက်ပစ္စည်း | ၄၂။ |
| နာမ်ဝိဘတ် | ၃၇။ | ပါ (ကြိယာထောက်စည်း) | ၄၂။ |
| နှာခေါင်း | ၁၀။ | ပါ (နထောက်စည်း) | ၄၂။ |
| | | ပါစေ (ဆန္ဒညွှန်ဝိ) | ၃၈။ |
| | | ပါရစေ (ဆန္ဒညွှန်ဝိ) | ၃၈။ |
| နှာခေါင်းဌာန် | | ပေါ့ (ဝါကျနောက်လိုက်စည်း) | ၄၂။ |
| လျှာခင်ကရိုဏ်း | ၁၄။ | ပုဂ္ဂလနာမ်စား | ၂၇။ |
| ၌ (နေရာပြပုဒ်) | ၃၈။ | ပင်ကိုကြိယာ | ၃၃။ |
| ၌ (အချိန်ပြပုဒ်) | ၃၈။ | ပင်ကိုနာမဝိသေသန | ၃၀။ |
| နှင့် (ပေါင်းစည်းပြသမ်) | ၄၀။ | ပင်ကိုနာမ် | ၂၄။ |
| နှင့် (ပုဒ်ဆက်သမ်) | ၄၀။ | ပေါင်းစည်းပြသမ္ဗန္ဓ | ၄၀။ |
| နှင့် (ယှဉ်တွဲပြပုဒ်) | ၃၈။ | ပေါင်းစပ်ကြိယာ | ၃၃။ |
| နှင့် (အကြောင်းပြသမ်) | ၄၀။ | ပေါင်းစပ်နာမဝိသေသန | ၃၀။ |
| နှင့် (အသုံးခံပြပုဒ်) | ၃၈။ | ပေါင်းစပ်နာမ် | ၂၄။ |
| နှင့်တစ်ပြိုင်နက် (ဝါကျဆက်သမ်) | ၄၀။ | ပေါင်းစပ်ပုဒ် | ၆၀။ |
| နှင့်တစ်ပြိုင်နက်(အချိန်ပြသမ်) | ၄၀။ | ပိုင်ဆိုင်ခြင်းပြပုဒ် | ၆၀။ |
| နှင့်အညီ(ယှဉ်တွဲပြပုဒ်) | ၃၈။ | ပိုင်ဆိုင်ခြင်းပြဝိဘတ် | ၃၈။ |
| နှင့်အတူ(ယှဉ်တွဲပြပုဒ်) | ၃၈။ | ပစ္စည်း | ၄၀။ |
| နှင့်အမျှ (ယှဉ်တွဲပြပုဒ်) | ၃၈။ | ပစ္စည်းဆက်ကြိယာဝိသေသန | ၃၅။ |
| နှိုင်းယှဉ်ပြသမ္ဗန္ဓ | ၄၀။ | ပစ္စည်းဆက်ပုဒ်စု | ၆၁။ |

| | စာမျက်နှာ |
|---|---|
| နှစ်ကြိမ်ထပ်ကြိယာဝိသေသန | ၃၅။ |
| နှုတ်ခမ်းဌာန်-နှုတ်ခမ်းကရိုဏ်း | ၁၃။ |
| နှယ် (ဥပမာစည်း) | ၄၂။ |
| ပ | |
| ပမာဏပြကြိယာဝိသေသန | ၃၅။ |
| ပမာဏပြသင်္ချာနာမဝိသေသန | ၃၂။ |
| ပမဏပြသင်္ချာနာမ်စား | ၃၂။ |
| ပယတ် | ၁၁။ |
| ပုဒ်ရိုး | ၆၀။ |
| ပုလ္လိင် | ၂၅။ |
| ပြီ (ပစ္စုပ္ပန်ကာလပြကြိ-ဝိ) | ၃၈။ |
| ပြီ (အတိတ်ကာလပြကြိ-ဝိ) | ၃၈။ |
| ပြုခြင်းပြကြိယာ | ၃၃။ |
| ပြောသူနာမ်စား | ၂၇။ |
| ဖ | |
| ဖို့ (ရည်စူးချက်ပြဝိ) | ၃၈။ |
| ဖို့ (အကျိုးမျှော်ပြသမ်) | ၄၀။ |
| ဖြင့် (အကြောင်းပြဝိ) | ၃၈။ |
| ဖြင့် (အသုံးခံပြဝိ) | ၃၈။ |
| ဖြစ်ခြင်းပြကြိယာ | ၃၃။ |

| | စာမျက်နှာ |
|---|---|
| ပစ္စည်းရောပုဒ် | ၆၀။ |
| ပစ္စုပ္ပန်ကာလပြဝိဘတ် | ၃၈။ |
| ပါဠိဆင့် | ၁၇။ |
| ပတ်လုံး (အချိန်ဆက်တိုက်ပြဝိ) | ၃၈။ |
| ပိတ်ရွတ်ပယတ် | ၁၁။ |
| ပိတ်ရွတ်သရ | ၁၅။ |
| ပုဒ်ဆက်သမ္ဗန္ဓ | ၄၀။ |
| ပုဒ်ပြောင်းပစ္စည်း | ၄၂။ |
| မ. . . ဘူး (အငြင်းပြစည်း) | ၄၂။ |
| မ. . . မီ (အချိန်ပြသမ်) | ၄၀။ |
| မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ | ၁၁။ |
| မီ (ကြိယာထောက်စည်း) | ၄၂။ |
| မူလသံ | ၁၁။ |
| မေးခွန်းဝါကျ | ၆၀။ |
| မင်း (ကြားနာသူစ) | ၂၇။ |
| မည် (အနာဂတ်ကာလပြကြိ-ဝိ) | ၃၈။ |
| မည်မျှ (အမေးနဝိ) | ၂၉။ |
| မည်သူ (အမေးနစ) | ၂၇။ |
| မည်သို့သော (အမေးနဝိ) | ၂၉။ |
| မည်သည် (အမေးနစ) | ၂၇။ |

| | စာမျက်နှာ | | စာမျက်နှာ |
|---|---|---|---|
| ဖြစ်စေ. . ဖြစ်စေ(ကန့်သတ်မဲ့ပြသမ်) | ၄၀။ | မည်သည် (အမေးနဝိ) | ၂၈။ |
| ဖြစ်စေ. . . ဖြစ်စေ (ပုဒ်ဆက်သမ်) | ၄၀။ | မည်သည့် (အမေးနဝိ) | ၂၈။ |
| ဖွင့်ရွတ်ပယတ် | ၁၄။ | မည့် (နဝိပုဒ်ပြောင်းပစ္စည်း) | ၄၂။ |
| ဖွင့်ရွတ်သရ | ၁၅။ | များ (ကိန်းညွှန်းစည်း) | ၄၁။ |
| ဗ | | များ (နထောက်စည်း) | ၄၂။ |
| ဗဟုဝုစ်ကိန်း | ၂၅။ | မျိုးပြပစ္စည်း | ၄၁။ |
| ဘ | | မြောက်(သင်္ချာလေးနက်ပစ္စည်း) | ၄၂။ |
| ဘာ (အမေးနစ) | ၂၇။ | မှ (ကန့်သတ်ချက်ပြသမ်) | ၄၀။ |
| ဘာ (အမေးနဝိ) | ၂၇။ | မှ (ထွက်ခွာရာပြဝိ) | ၃၈။ |
| ဘယ် (အမေးနစ) | ၂၇။ | မှ (အချိန်ပြသမ်) | ၄၀။ |
| ဘယ် (အမေးနဝိ) | ၂၉။ | မှတစ်ပါး (ပုဒ်ဆက်သမ်) | ၄၀။ |
| ဘယ်လောက် (အမေးနဝိ) | ၂၉။ | မှာ (ကတ္တားဝိ) | ၃၇။ |
| ဘယ်သူ (အမေးနစ) | ၂၇။ | မှာ (နေရာပြဝိ) | ၃၈။ |
| မ | | မှာ (အချိန်ပြဝိ) | ၃၈။ |
| မ (အငြင်းပြစည်း) | ၄၂။ | မှု (နပုဒ်ပြောင်းစည်း) | ၄၂။ |
| မ. . ဘဲလျက်(ဆန့်ကျင်ပြသမ်) | ၄၀။ | လော့ (စေခိုင်းဝိ) | ၃၈။ |
| ယ | | လို (ဥပမာစည်း) | ၄၂။ |
| ယင်း (အညွှန်းနစ) | ၂၇။ | လက်ခံပြပုဒ် | ၆၀။ |
| ယင်း (အညွှန်းနဝိ) | ၂၇။ | လက်ခံပြဝိဘတ် | ၃၈။ |
| ယှဉ်တွဲပြပုဒ် | ၆၁။ | လိုက်လျောပြပုဒ် | ၆၀။ |
| ယှဉ်တွဲပြဝိဘတ် | ၃၈။ | | |

**ရ**

ရအောင် (ညှိနှိုင်းဝိ) ၃၈။
ရူပကပစ္စည်း ၄၂။
ရင်း (တစ်ပြိုင်နက်ပြသမ်) ၄၀။
ရင်း (အချိန်ပြသမ်) ၄၀။
ရည်စူးချက်ပြပုဒ် ၆၀။
ရည်စူးချက်ပြဝိဘတ် ၃၈။
ရန် (အကျိုးမျှော်ပြသမ်) ၄၀။
ရန်အလို့ငှာ (အကျိုးမျှော်ပြသမ်) ၄၀။
၍ (တစ်ခုပြီးတစ်ခုပြသမ်) ၄၀။
၍ (ဝါကျဆက်သမ်) ၄၀။
၍ (အကြောင်းပြသမ်) ၄၀။
ရွေးချယ်ပြသမ္ဗန္ဓ ၄၀။
ရှိခြင်းပြကြိယာ ၃၃။
ရှေးရှုရာပြပုဒ် ၆၀။
ရှေးရှုရာပြဝိဘတ် ၃၈။
ရှင် (အာလုပ်စည်း) ၄၂။

လိုက်လျောပြဝိဘတ် ၃၈။
လိင် ၂၄။
လိင်ညွှန်းပစ္စည်း ၄၁။
လည်ချောင်း ၁၁။
လည်ချောင်းဌာန်-လျှာရင်းကရိုဏ်း ၁၂။
လည်း (နထောက်စည်း) ၄၂။
လည်း. . လည်း(ပေါင်းစည်းပြသမ်) ၄၀။
၎င်း (အညွှန်းနစ) ၂၇။
၎င်း (အညွှန်းနဝိ) ၂၉။
လတ္တံ့ (အနာဂတ်ကာလပြကြိ-ဝိ) ၃၈။
လိမ့်မည် (အနာဂတ်ကာလပြကြိ-ဝိ) ၃၈။
လုံးလုံး (အချိန်ဆက်တိုက်ပြဝိ) ၃၈။
လျက် (ဝါကျဆက်သမ်) ၄၀။
လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ ၁၁။
လျှာခင် ၁၂။
လျှာနောက် ၁၂။
လျှာဖျား ၁၂။

စာမျက်နှာ

လ

လား (အမေးစည်း) ၄၂။
လေ(ဝါကျနောက်လိုက်စည်း) ၄၂။
လဲ (အမေးစည်း) ၄၂။
လော (အမေးစည်း) ၄၂။
လျှင် (တစ်ပြိုင်နက်ပြသမ်) ၄၀။
လျှင် (ဝါကျဆက်သမ်) ၄၀။

ဝ

ဝါကျခွဲခြမ်းစိတ်ဖြာခြင်း ၅၃။
ဝါကျဆက်သမ္ဗန္ဓ ၄၀။
ဝါကျနောက်လိုက်ပစ္စည်း ၄၂။
ဝါကျရော ၅၃။
ဝါကျရောဖွဲ့နည်း ၅၆။
ဝါကျရိုး ၅၃။
ဝါကျရိုးဖွဲ့နည်းများ ၅၃။
ဝိဘတ် ၃၇။
ဝိဘတ်ဆက်ပုဒ်စု ၆၁။
ဝိဘတ်သွယ်ပုဒ် ၆၀။
ဝိသေသျ ၂၉။
ဝှံ (ကြိယောက်စည်း) ၄၂။
ဝဂ်ဗျည်း ၁၇။

စာမျက်နှာ

လျှာရင်း ၁၂။
လျှာရှေ့(လျှာဖျားအနီး) ၁၂။
လျှာလယ် ၁၂။
လျှင် (ကန့်သတ်ချက်ပြသမ်) ၄၀။
သာလျှင် (နထောက်စည်း) ၄၂။
သိထိလ ၁၇။
သူ (အပြောခံနစ) ၂၇။
သော (နဝိပုဒ်ပြောင်းစည်း) ၄၂။
သော်လည်း (ဆန့်ကျင်ပြသမ်) ၄၀။
သော်လည်းကောင်း. . . .
သော်လည်းကောင်း
(ကန့်သတ်မဲ့ပြသမ်) ၄၀။

သော်လည်းကောင်း. . . .
သော်လည်းကောင်း
(ပုဒ်ဆက်သမ်) ၄၀။
သို့ (ဆိုက်ရောက်ရာပြဒိ) ၃၈။
သို့မဟုတ် (ပုဒ်ဆက်သမ်) ၄၀။
သို့မဟုတ် (ရွေးချယ်ပြသမ်) ၄၀။
သို့ရာတွင် (ဆန့်ကျင်ပြသမ်) ၄၀။
သို့ရာတွင်
(အဓိပ္ပာယ်ဆက်သမ်) ၄၀။

| | စာမျက်နှာ |
|---|---|
| ဝိစ္ဆာပစ္စည်း | ၄၂။ |
| ဝယ် (နေရာပြဝိ) | ၃၈။ |
| ဝယ် (အချိန်ပြဝိ) | ၃၈။ |
| **သ** | |
| သကဲ့သို့ (နှိုင်းယှဉ်ပြသမ်) | ၄၀။ |
| သကဲ့သို့ (ဝါကျဆက်သမ်) | ၄၀။ |
| သဖြင့် (အကြောင်းပြသမ်) | ၄၀။ |
| သလို (နှိုင်းယှဉ်ပြသမ်) | ၄၀။ |
| သာမက. . လည်း (ပေါင်းစည်းပြသမ်) | ၄၀။ |
| သာမန်အဆင့် | ၃၀။ |
| သာလွန်အဆင့် | ၃၀။ |
| သည့် (နဝိပုဒ်ပြောင်းစည်း) | ၄၂။ |
| သမ္ဗန္ဓ | ၄၂။ |
| သမ္ဗန္ဓဆက်ပုဒ်စု | ၆၀။ |
| သွား | ၁၀။ |
| သွားဌာန်-လျှာဖျားကရိုဏ်း | ၁၂။ |
| **ဟ** | |
| ဟော့ (အာလုပ်စည်း) | ၄၂။ |
| ဟို (အညွှန်းနစ) | ၂၇။ |
| ဟယ် (အာလုပ်စည်း) | ၄၂။ |

| | စာမျက်နှာ |
|---|---|
| သင် (ကြားနာသူနစ) | ၂၇။ |
| သချ်ာနာမဝိသေသန | ၂၉။ |
| သချ်ာနာမ်စား | ၂၇။ |
| သချ်ာလေးနက်ပစ္စည်း | ၄၂။ |
| သင်း (အပြောခံနစ) | ၂၇။ |
| သည် (ကတ္တားဝိ) | ၃၇။ |
| သည် (ပစ္စုပ္ပန်ကာလပြကြိ-ဝိ) | ၃၈။ |
| သည် (အညွှန်းနစ) | ၂၇။ |
| သည် (အညွှန်းနဝိ) | ၂၉။ |
| သည် (အတိတ်ကာလပြကြိ-ဝိ) | ၃၈။ |
| အခြား (အညွှန်းနဝိ) | ၂၉။ |
| အခြေအနေပြကြိယာဝိသေသန | ၃၅။ |
| အဃောသ | ၁၇။ |
| အငြင်းပြပစ္စည်း | ၄၂။ |
| အစုပြနာမ် | ၂၄။ |
| အစဉ်ပြသချ်ာနာမဝိသေသန | ၂၉။ |
| အညွှန်းနာမဝိသေသန | ၃၀။ |
| အညွှန်းနာမ်စား | ၂၇။ |
| အတိုင်း (လိုက်လျောပြဝိ) | ၃၈။ |
| အတိုင်း (ဥပမာစည်း) | ၄၂။ |

| | စာမျက်နှာ |
|---|---|
| **အ** | |
| အ (ကြိယာပုဒ်ပြောင်းစည်း) | ၄၂။ |
| အ (နပုဒ်ပြောင်းစည်း) | ၄၂။ |
| အ (ဝိဘတ်စည်း) | ၄၂။ |
| အကျိုးမျှော်ပြသမ္ဗန္ဓ | ၄၀။ |
| အကြောင်းပြပုဒ် | ၆၀။ |
| အကြောင်းပြဝိဘတ် | ၃၈။ |
| အကြောင်းပြသမ္ဗန္ဓ | ၄၀။ |
| အချို့ (ပမာဏပြသချာနစ) | ၂၇။ |
| အချို့ (ပမာဏပြသချာနဝိ) | ၂၉။ |
| အချိန်ဆက်တိုက်ပြပုဒ် | ၆၀။ |
| အချိန်ဆက်တိုက်ပြဝိဘတ် | ၃၈။ |
| အချိန်ပြကြိယာဝိသေသန | ၃၅။ |
| အချိန်ပြပုဒ် | ၆၀။ |
| အချိန်ပြပုဒ်စု | ၆၀။ |
| အချိန်ပြဝိဘတ် | ၃၈။ |
| အချိန်ပြသမ္ဗန္ဓ | ၄၀။ |
| အမေးနာမ်စား | ၂၇။ |
| အမေးပစ္စည်း | ၄၂။ |
| အမိန့်ချဝိဘတ် | ၃၈။ |
| အများဆိုင်နာမ် | ၂၄။ |
| အမျိုးအစားပြကြိယာဝိဘတ် | ၃၈။ |

| | စာမျက်နှာ |
|---|---|
| အတိတ်ကာလပြကြိယာဝိဘတ် | ၃၈။ |
| အတွက် (ရည်စူးချက်ပြဝိ) | ၃၈။ |
| အထိ (ဆိုက်ရောက်ရာပြဝိ) | ၃၈။ |
| အထဲမှ (ခွဲထုတ်ရာပြဝိ) | ၃၈။ |
| အထဲမှာ (ခွဲထုတ်ရာပြဝိ) | ၃၈။ |
| အထက်နှုတ်ခမ်း | ၁၁။ |
| အဓိပ္ပာယ်ဆက်သမ္ဗန္ဓ | ၄၀။ |
| အနာဂတ်ကာလပြကြိယာဝိဘတ် | ၃၈။ |
| အနက် (ခွဲထုတ်ရာပြဝိ) | ၃၈။ |
| အနည်းငယ် (ပမာဏပြသချာနစ) | ၂၇။ |
| အပြောခံနာမ်စား | ၂၇။ |
| အပြင် . . လည်း(ပေါင်းစည်းပြသမ်) | ၄၀။ |
| အဖို့ (ရည်စူးချက်ပြဝိ) | ၃၈။ |
| အဘယ် (အမေးနစ) | ၂၇။ |
| အမူအရာပြကြိယာဝိသေသန | ၃၅။ |
| အမေးကြိယာဝိသေသန | ၃၅။ |
| အမေးနာမဝိသေသန | ၂၉။ |
| အာခေါင်မာ | ၁၁။ |
| **အာခေါင်မာဌာန်လျှာလယ်ကရိုဏ်း** | ၁၂။ |
| အာထိပ် | ၁၁။ |
| **အာထိပ်ဌာန်လျှာဖျားအနီးကရိုဏ်း** | ၁၂။ |

| | စာမျက်နှာ | | စာမျက်နှာ |
|---|---|---|---|
| အမှီခံဝါကျကဏ္ဍ | ၅၇။ | အာလုပ်ပစ္စည်း | ၄၂။ |
| အမှီဝါကျကဏ္ဍ | ၅၇။ | အား (လက်ခံပြဝိ) | ၃၈။ |
| အရ (လိုက်လျောပြဝိ) | ၃၈။ | အားလုံး (ပမာဏပြသင်္ချာနစ) | ၂၇။ |
| အရေအတွက်ပြသင်္ချာနာမဝိသေသန | ၂၉။ | အားလုံး (ပမာဏပြသင်္ချာနဝိ) | ၂၉။ |
| အရေအတွက်ပြသင်္ချာနာမ်စား | ၂၇။ | အားလျော်စွာ (လိုက်လျောပြဝိ) | ၃၈။ |
| အလို့ငှာ (ရည်စူးချက်ပြဝိ) | ၃၈။ | ၏ (ပိုင်ဆိုင်ခြင်းပြဝိ) | ၃၈။ |
| အလိုက် (လိုက်လျောပြဝိ) | ၃၈။ | ၏ (ပစ္စုပ္ပန်ကာလပြကြိ-ဝိ) | ၃၈။ |
| အလျောက် (လိုက်လျောပြဝိ) | ၃၈။ | ၏ (အတိတ်ကာလပြကြိ-ဝိ) | ၃၈။ |
| အဝင်ဗျည်း | ၁၇။ | ဤ (အညွှန်းနစ) | ၂၇။ |
| အသာလွန်ဆုံးအဆင့် | ၃၀။ | ဤ (အညွှန်းနဝိ) | ၂၉။ |
| အသံကြီး | ၁၅။ | ဥပမာပစ္စည်း | ၄၂။ |
| အသံအိုး | ၁၅။ | ဧကဝုစ်ကိန်း | ၂၅။ |
| အသုံးခံပြပုဒ် | ၆၀။ | အံ့ (အနာဂတ်ကာလပြကြိ-ဝိ) | ၃၈။ |
| အသုံးခံပြဝိဘတ် | ၃၈။ | အို (အာလုပ်စည်း) | ၄၂။ |
| အ-အ (နပုဒ်ပြောင်းစည်း) | ၄၂။ | အောက်နှုတ်ခမ်း | ၁၂။ |
| အာခေါင်ပျော့ | ၁၁။ | အောင် (အကျိုးမျှော်ပြသမ်) | ၄၀။ |
| အာခေါင်ပျော့ဌာန်-လျှာနောက်ကရိုဏ်း | ၁၂။ | ဣတ္ထိလိင် | ၂၄။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပင်ရင်းမြန်မာစကားပြေ
# လက်ရွေးစင်
## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံး စာအုပ်ကော်မတီ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ (၄၂၂၂၈၂)

၂၀၁၈- ၂၀၁၉ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည် ။

# အမှာစာ

မြန်မာနိုင်ငံပညာရေးကို အဆင့်အတန်း မြင့်မားစေရန် ပညာရေးအစီအစဉ်သစ်ဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုအစီအစဉ်သစ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာစာအခြေခံခိုင်ခံ့တောင့်တင်း၍ ကျွမ်းကျင်စွာတတ်မြောက်စေရန် မြန်မာစာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံပညာအထက်တန်းမြန်မာစာ သင်ကြားခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ချမှတ်သင်ကြားမည် ဖြစ်ပါသည်-

၁။ စကားပြေလေ့လာရာတွင် အကြောင်းအရာ၊ အရေးအသားနှင့် အလက်ာတန်ဆာဆင်မှုကို သိရှိစေရန်။

၂။ ကဗျာကိုလေ့လာရာတွင် ကဗျာ့အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိနားလည်စေရန်။

၃။ ဝေါဟာရကြွယ်ဝစေရန်နှင့် ကျွမ်းကျင်စွာသုံးနှုန်းတတ်စေရန်။

၄။ စာကို ပြေပြေပြစ်ပြစ်နှင့် တန်ဆာဆင်ရေးတတ်စေရန်။

၅။ စာစီစာကုံးလေ့ကျင့်ပေးရန်။

အထက်ပါ ရည်မှန်းချက်များနှင့်အညီ အခြေခံပညာအထက်တန်း ဒသမတန်းတွင် သင်ကြားနိုင်ရန် မြန်မာစကားပြေလက်ရွေးစင်ကို ရွေးချယ်ပြုစုထားပါသည်။

ဤသို့ ပြုစုရာတွင် မြန်မာစာပေ သမိုင်းစဉ်ကိုလည်းကောင်း၊ ခေတ်အသောက်ဆက် စကားပြေဆရာများ ရေးသားခဲ့သောအကြောင်းအရာများ၏ သဘောသဘာဝကိုလည်းကောင်း၊ စကားပြေဆရာများ၏ ရေးသားပုံကိုလည်းကောင်း ကျောင်းသားများ သိနားလည်စေရန် ရည်ရွယ်၍ ရွေးချယ်စီစဉ်ပါသည်။

စကားပြေအပုဒ်တိုင်းတွင် မိတ်ဆက်နိဒါန်းနှင့် ဖော်ပြသင့်သည့် ခက်ဆစ်အဖွင့်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

စကားပြေဆိုသည်မှာ ပြေပြေပြစ်ပြစ် ဖွဲ့စည်းသုံးနှုန်းထားသောစကားမျိုး၊ စာမျိုးပင်ဖြစ်သည်။ နေ့စဉ်ပြောဆိုရေးသား ဆက်သွယ်မှုကိစ္စများကိုသာမက ပညာသင်ကိစ္စ၊ ရုံးကိစ္စ၊ သိပ္ပံ ဝိဇ္ဇာဘာသာရပ်အမျိုးမျိုးတို့ကိုရေးမှတ်တင်ပြသောကိစ္စ၊တွေးခေါ် ခံစားမှုတို့ကို ဖွင့်ဆိုဖော်ထုတ်သောကိစ္စ စသည်တို့ကိုလည်း စကားပြေဖြင့်ရေးသားကြသည်။

စကားပြေတွင်ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ မှတ်တမ်း၊ အစမ်းစာ၊ ဟောစာ၊ အတ္ထုပ္ပတ္တိ စသည်ဖြင့် စာရေးဆရာ၏ ရည်ရွယ်ချက်ကိုလိုက်၍ အရေးအသားပုံစံအမျိုးမျိုးရှိသည်။

စကားပြေရေးသူသည် မိမိရေးလိုသော အကြောင်းအရာကို ရည်ရွယ်ချက်တစ်ခုခုဖြင့် ရေးမြဲဖြစ်သည်။ ရည်ရွယ်ချက်၏ အထိန်းအကွပ်ဖြင့် အကြောင်းအရာကို ပုံဖော်မြဲဖြစ်သည်။ ရည်ရွယ်ချက်ဆိုရာ၌ (က) မိမိသိထားသော အကြောင်းအရာကို စာဖတ်သူသိလာအောင် အသိပညာဗဟုသုတပေးလိုသော ရည်ရွယ်ချက် (ခ) မိမိစိတ်တွင် ပေါ်ပေါက်လာသော ချစ်ခင်မှု၊ ရွှင်မြူးမှု၊ သနားမှု၊

ကြောက်ရွံ့မှု၊ စက်ဆုပ်မှု စသည့်စေတနာတို့ကိုအခြေခံ၍ စာဖတ်သူ၏ စိတ်တွင်လည်း အလားတူစေတနာမျိုး ပေါ်ပေါက်လာအောင် နှိုးဆော်ပေးလိုသော ရည်ရွယ်ချက်ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးရှိပါသည်။

တစ်ဖန် 'ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေ၌ အလောင်းစည်သူမင်းကြီး၏ စွမ်းရည်သတ္တိကို နှစ်သက်လေးစားလာစေလိုသော ရည်ရွယ်ချက် စသည်ဖြင့် စာတစ်ပုဒ်ချင်း အလိုက်လည်း ရည်ရွယ်ချက် အသီးသီးရှိနိုင်ပါသည်။ ထိုရည်ရွယ်ချက်တို့၏ ပဲ့ကိုင်ထိန်းကွပ်မှုဖြင့် စကားပြေတစ်ပုဒ်၏ ဆိုလိုရင်းအကြောင်းအရာသည်ပုံပေါ်လာရမြဲဖြစ်ပါသည်။ လေ့လာသူတို့သည်စကားပြေတစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်ကို ဖော်ထုတ်တတ်အောင် အားထုတ်သင့်ပါသည်။

အသိပညာ ဗဟုသုတပေးလိုသော ရည်ရွယ်ချက်ဖြင့်ရေးသည့် စကားပြေမျိုးကို ဖတ်ရသောအခါ စာဖတ်သူသည် သိစရာမှတ်စရာများကို တိုက်ရိုက်သိလိုက်မှတ်လိုက်ရသည်။ စိတ်စေတနာနှိုးဆော်လိုသော ရည်ရွယ်ချက်ဖြင့်ရေးသည့် စကားပြေမျိုးကိုဖတ်ရသောအခါ စာဖတ်သူသည် ရသနှစ်သက်မှုကိုခံစားရပြီး ထိုနှစ်သက်မှုနှင့် တစ်ပါးတည်း ပတ်ဝန်းကျင်လောကကိုပါ သတိပြုမိကာ အကောင်းအဆိုး အကျိုးအပြစ်ကို ခွဲခြားသိလာနိုင်သည်။ ဤသို့ဖြင့် စကားပြေနှစ်မျိုး၏ အာနိသင်နှစ်မျိုးကိုလည်း ခွဲခြားသဘောပေါက်အောင် အားထုတ်သင့်ပါသည်။

စကားပြေရေးသူသည် မိမိဖော်ပြလိုသော အချက်အလက်များကို နေရာတကျဖြစ်အောင် စီစဉ်ရမြဲဖြစ်သည်။ ဤသို့ဖြင့် အစီအစဉ်ကောင်းမွန်မှုသည် စကားပြေကောင်းတို့တွင် ရှိအပ်သော လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ အစီအစဉ်ကောင်းမွန်သောစာတွင် အချက်အလက်များသည် အစအလယ်အဆုံး သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေမြဲဖြစ်ပါသည်။ ဆိုလိုရင်းအကြောင်းအရာ ပုံပေါ်လာအောင် အချက်အလက်အားလုံးက ဝိုင်းဝန်းအထောက်အကူပြုနေမြဲ ဖြစ်ပါသည်။ ဤသည်တို့ကို အခြေပြုလျက် စကားပြေတစ်ပုဒ်တွင် အချက်အလက်စီစဉ်ပုံ ကောင်းမကောင်း အကဲဖြတ်နိုင်အောင် အားထုတ်သင့်ပါသည်။

စကားပြေရေးသူသည် အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သည့် စကားလုံးများကို ရွေးချယ်ပြီး ဝါကျဖြစ်အောင်ဖွဲ့ရသည်။ ဝါကျများကို ဆိုလိုလျက်တစ်ချက်လျှင် စာပိုဒ်တစ်ပိုဒ်စီဖြစ်အောင် စာပိုဒ်ဖွဲ့ရသည်။ စာပိုဒ်များကို စာပုဒ်အဖြစ် ဖွဲ့စည်းသောအခါ စကားပြေအဖွဲ့ တစ်ခုဟူ၍ ပုံပေါ်လာသည်။ ဤသို့အားဖြင့် စကားပြေအဖွဲ့တစ်ခုတွင် စကားလုံး၊ ဝါကျ၊ စာပိုဒ်၊ စာပုဒ်ဟူ၍ အဆင့်လေးဆင့် ရှိမြဲဖြစ်သည်။ ဤသို့ စကားပြေအဖွဲ့တစ်ခုအဖြစ် ပုံပေါ်လာအောင် အဆင့်ဆင့်စနစ်တကျစည်းရုံးထားပုံကို လေ့လာသင့်ပါသည်။

ဤသို့အဆင့်ဆင့် စည်းရုံးရာ၌ စကားပြေမှန်သမျှတွင် ရှိမြဲဖြစ်သော အခြေခံလက္ခဏာကား မှန်ကန်မှုပင်ဖြစ်သည်။ သဒ္ဒါမှန်မှု၊ စကားအသုံးအနှုန်းမှန်မှု၊ ဝါကျဖွဲ့ထုံးမှန်မှုတို့ကို အဓိကဆိုလိုခြင်းဖြစ်သည်။ သို့သော် မှန်ကန်မှုရှိကာမျှဖြင့် စကားပြေကောင်းဟု မခေါ်နိုင်သေးပါ။ စာရေးသူကမိမိဆိုလိုချက်ကို ရှင်းရှင်းလင်းလင်း ရေးပြနိုင်မှသာ ဖတ်သူက ရှင်းရှင်းလင်းလင်း နားလည်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ရှင်းလင်းမှုသည် စကားပြေကောင်းတို့တွင်မရှိလျှင် မဖြစ်သောလက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ တစ်ဖန်စာရေးသူသည် မိမိဆိုလိုချက်ကို ကျစ်ကျစ်လျစ်လျစ် ဖော်ပြနိုင်လျှင် ရေးသူရောဖတ်သူပါ အချိန်ကုန်သက်သာပြီး အကျိုးရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျစ်လျစ်မှုသည်လည်း စကားပြေကောင်း

လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ထိုပြင်ရေးသူသည် မိမိဆိုလိုချက်ကို အဖုအထစ် အကွေ့အကောက် မရှိစေဘဲ ပြေပြေပြစ်ပြစ်ဖော်ပြနိုင်လျှင် ဖတ်သူက အလွယ်တကူ နားလည်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ပြေပြစ်မှုသည်လည်း စကားပြေကောင်း လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ စကားပြေတစ်ပုဒ်ကို လေ့လာရာ၌ အခြေခံအားဖြင့် မှန်ကန်မှု ရှိမရှိ၊ ရှင်းလင်းမှု၊ ကျစ်လျစ်မှု၊ ပြေပြစ်မှုဟူသော စကားပြေကောင်း လက္ခဏာတို့နှင့်ညီမညီ အကဲဖြတ်နိုင်အောင် အားထုတ်သင့်ပါသည်။

စကားပြေဆရာတို့သည် နှစ်သက်ဖွယ်ဖြစ်အောင်မိန့်ဆိုရာ၌ သွယ်ဝိုက်အဆင်တန်ဆာဖြစ်သော ဝက်ဝုတ္တိအလင်္ကာများကို အသုံးပြုတတ်ကြပါသည်။ မြည်သံကိုအစွဲပြုဖွဲ့သည့် အဆင်တန်ဆာဖြစ်သော မြည်သံစွဲအလင်္ကာကိုလည်းကောင်း၊ ဝက်ဝုတ္တိအလင်္ကာများထဲမှ ခိုင်းနှိုင်းအဆင်တန်ဆာဖြစ်သော ဥပမာအလင်္ကာ၊ ထပ်တူပြုအဆင်တန်ဆာဖြစ်သော ရူပကအလင်္ကာ၊ လွန်ကဲဖွဲ့အဆင်တန်ဆာဖြစ်သော အတိသယဝုတ္တိအလင်္ကာတို့ကိုလည်းကောင်း လေ့လာသင့်သည်။ အထက်တွင် ဆိုခဲ့သော စကားပြေကောင်း လက္ခဏာများကို အလင်္ကာကျမ်းလာဂုဏ်များအဖြစ် ဖော်ပြရလျှင်ရှင်းလင်းမှုကို ပသာဒဂုဏ်၊ ကျစ်လျစ်မှုကို သြဇဂုဏ်၊ ပြေပြစ်မှုကို မဓုရတာဂုဏ်ဟူ၍ ဖော်ပြနိုင်ကြောင်း သတိပြုသင့်သည်။ ထို့ပြင် သက်မဲ့ကို သက်ရှိပြုခြင်းစသည်ဖြင့် မရှိသည်ကိုရှိသကဲ့သို့တင်စားမှုကို သမာဓိဂုဏ်ဟုဖော်ပြနိုင်သည်။ ထိုအလင်္ကာများ၊ ဂုဏ်များသည် သက်ဆိုင်ရာ စကားပြေကို မည်သို့မည်ပုံ အထောက်အကူပြုနေကြောင်း ဆက်စပ်လေ့လာတတ်အောင် အားထုတ်သင့်ပါသည်။

စကားပြေများသည် စိတ်ကောင်း စေတနာကောင်းများ ထက်သန်နိုးကြားရေး၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိမြင်လာပြီး လေးစားမြတ်နိုးစိတ်ထက်သန်ရေး၊ မြန်မာစာပေ အရေးအသားစွမ်းရည် တိုးတက်ရေးတို့ကို ဦးတည်ရေးသားထားသော စကားပြေများဖြစ်သည်။, မြန်မာစာပေလောကတွင် ထင်ရှားသောစကားပြေဆရာများ၏ လက်ရာများဖြစ်သည်။ ထိုစကားပြေများကို သင်ယူဆည်းပူးခြင်းဖြင့် မြန်မာဘာသာစကားနှင့် မြန်မာစာလေ့လာမှုဆိုင်ရာ အရည်အသွေးများနှင့် စိတ်ဓာတ်အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းပါသည်။

စကားပြေများသည် စိတ်ကောင်း စေတနာကောင်းများ ထက်သန်နိုးကြားရေး၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာပြီး လေးစားမြတ်နိုးစိတ်ထက်သန်ရေး မြန်မာစာပေအရေးအသား စွမ်းရည်တိုးတက်ရေးတို့ကို ဦးတည်ရေးသားထားသော စကားပြေများဖြစ်သည်။ မြန်မာစာပေလောကတွင် ထင်ရှားသောစကားပြေဆရာများ၏ လက်ရာများဖြစ်သည်။ ထိုစကားပြေများကို သင်ယူဆည်းပူးခြင်းဖြင့် မြန်မာဘာသာစကားနှင့် မြန်မာစာလေ့လာမှုဆိုင်ရာ အရည်အသွေးများနှင့် စိတ်ဓာတ်အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းပါသည်။

ယခုဖော်ပြခဲ့သည့်အချက်အလက်များကို အခြေပြုလျက် သိသင့်သိထိုက်သော အသိပညာဗဟုသုတများ ရရှိလာအောင် ပေါ်သင့်ပေါ်ထိုက်သော စိတ်စေတနာကောင်းများ ပေါ်ပေါက်နိုးကြားလာအောင်၊ ကိုယ့်ပတ်ဝန်းကျင်ကို ဂရုပြုဆင်ခြင်မိလာအောင် အားထုတ်သင့်ပါသည်။ ထို့မျှသာမက စကားပြေတစ်ပုဒ်၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စွမ်းရည်မျိုးရှိလာအောင်၊ မိမိကိုယ်ကို စကားပြေကောင်းရေးနိုင်သည့် စွမ်းရည်မျိုးရှိလာအောင်လည်း အားထုတ်သင့်ပါသည်။

အချုပ်အားဖြင့် စကားပြေလေ့လာရာတွင် -

စကားပြေတစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်ကိုဖော်ထုတ်ကြည့်ပါ။

သိမှတ်စရာကိုပေးသော စကားပြေမျိုးလော၊ ရသနှစ်သက်မှုကိုပေးသော စကားပြေမျိုးလော ဟူ၍ ခွဲခြားကြည့်ပါ။

(ဂ) အချက်အလက်စီစဉ်ပုံ ကောင်း မကောင်း ဆန်းစစ်ကြည့်ပါ။

(ဃ) စကားလုံး၊ ဝါကျ၊ စာပိုဒ်၊ စာပုဒ်ဟူ၍ အဆင့်ဆင့်စည်းရုံးထားပုံကိုလေ့လာပါ။

(င) အရေးအသားကို စကားပြေကောင်း လက္ခဏာများနှင့် ချိန်ထိုးလေ့လာပါ။

(စ) အလင်္ကာများ၊ ဂုဏ်များက သက်ဆိုင်ရာစကားပြေကို မည်သို့အထောက်အကူပြုကြောင်း လေ့လာပါ။

ဆရာ၊ ဆရာမများသည် ဒသမတန်း မြန်မာစကားပြေ လက်ရွေးစင်စာအုပ် အမှာစာတွင် လမ်းညွှန်ထားသည့် အချက်များနှင့်အညီ သင်ကြားရန်ဖြစ်ပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | သိယ်သူ့သမီး | သိယ်သူ့သမီး | ၁ |
| ၂။ | မိဖုရားဖွားစော | မိဖုရားဖွားစော | ၅ |
| ၃။ | စီးချင်းတိုက်ပွဲ | ဗညားဒလ | ၉ |
| ၄။ | ဦးပေါင်းကျားနှင့် မြင်းကျားရှင် | ဦးကုလား | ၁၄ |
| ၅။ | မိခင်သောက | ဦးသြဘာသ | ၁၈ |
| ၆။ | သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း | ဦးပုည | ၂၃ |
| ၇။ | ပညာသင်ခါမရှက်ရာ | လယ်တီပဏ္ဍိတ ဦးမောင်ကြီး | ၃၀ |
| ၈။ | မိတဆိုးရှင်ပြု | ဦးဖိုးကျား | ၃၅ |
| ၉။ | အမျိုးသားနေ့ | ဦးဖိုးကျား | ၅၀ |
| ၁၀။ | ပတ္တမြားကျောက်စီဓား | တက္ကသိုလ် မောင်သန့်စင် | ၅၆ |
| ၁၁။ | နိဗ္ဗာန်ဆော် | သိပ္ပံမောင်ဝ | ၆၄ |
| ၁၂။ | အိမ်ရှေ့ကိုယ်တော်ကြီး | နေသူရိန်(မဟာဆွေ) | ၇၀ |
| ၁၃။ | အရာရာတွင်ကျယ် တို့လူငယ် | သူရိယကန္တိ | ၇၅ |
| ၁၄။ | မြန်မာစာအရေးအသား တိုးတက်စေနည်း | ဦးဖေမောင်တင် | ၈၂ |
| ၁၅။ | ခွန်အားရှိသောစာ | ရွှေဥဒေါင်း | ၈၆ |
| ၁၆။ | နေဝင်မြင်သည် ဝရွှေပြည် | တိုက်စိုး | ၉၀ |
| ၁၇။ | မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း | သော်တာဆွေ | ၉၅ |
| ၁၈။ | မြန်မာမှု | ဦးမင်းနိုင် | ၁၀၄ |

## သိဃ်သူ့သမီး

## ပုဂံခေတ်

ဤကျောက်စာ ရေးထိုးသူ၏ အမည်ရင်းကို မသိရ။ သို့သော် ကျောက်စာပါစကားအရ မထိလို၏ မြေးဖြစ်ကြောင်း၊ မြန်မာနှစ် ၆၂၈ ခု (ခရစ်နှစ် ၁၂၆၆) တွင် ပုဂံထီးနန်းစိုးစံလျက်ရှိခဲ့သော မင်း၏မိဖုရား ဖြစ်ကြောင်း၊ သိဃ်သူ့သမီးဖြစ်ကြောင်း တို့ကိုသိရသည်။ မြန်မာနှစ် ၆၂၈ ခုတွင် ထီးနန်းစံလျက် ရှိခဲ့သောမင်းမှာ တရုတ်ပြေးမင်းခေါ် နရသီဟပတေ့ မြန်မာနှစ် ၆၁၈-၆၆၉ (ခရစ်နှစ် ၁၂၅၆-၁၃၀၇) ဖြစ်သည်။ သိဃ်သူမှာ ကျစွာမင်းကြီး၏ သားတော်တစ်ပါးပင်ဖြစ်သည်။ သမက်တော် နရသီဟပတေ့လက်ထက်တွင် မင်းအမတ် အဖြစ်လည်း တာဝန်ယူခဲ့သည်။

သိဃ်သူ့သမီးသည် မြန်မာနှစ် ၆၂၈ တွင် ကျောင်းဆောက်သည်။ ထိုကျောင်းနေ ရဟန်းသံဃာတို့အတွက် လယ်၊ ဥယျာဉ် နှင့် ကျွန်များလှူသည်။ ထို့နောက် ထိုကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရယူလိုသောဆုကို တောင်းသည်။

မိမိအလှူပြုပုံကို ပြောပြရာတွင်လည်းကောင်း၊ ဆုတောင်း စကားဆိုရာတွင်လည်းကောင်း သိဃ်သူ့ သမီး၏စိတ်နေစိတ်ထားမှာ **နစ်သက်လေးစား** ကြည်ညိုဖွယ်ဖြစ်သည်။ ထိုစိတ်နေစိတ်ထားကို ပေါ်လွင်အောင် ပြေပြေပြစ်ပြစ် သိမ်သိမ်မွေ့မွေ့ ဖွဲ့စည်းထားနိုင်စွမ်းသော စကားပြေအရေးအသားမှာလည်း နည်းမှီစံယူဖွယ် ဖြစ်သည်။

# သိယ်သူ့သမီး

နမောဗုဒ္ဓသာ။ ။ သက္ကရာဇ် ၆၂၈ ခု၊ ပိသျက်နှစ်၊ နံကာလဆန်း ၇-ရက်၊ ကြာသပတေးနေ့၊ မထိလိုမြေး၊ မင်းမယား၊ သိယ်သူ့ သမီး၊ ဖြစ်သောဆင်းရဲ၊ အိုမင်းသောဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သောသူနှင့်တကွ နေသောဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းသောဆင်းရဲ၊ လို၍မရသော ဆင်းရဲ၊ ဤသို့ကစသော အတိုင်းမသိသောဆင်းရဲတို့သည် နှိပ်စက်သောခန္ဓာကို စွန့်ထားခဲ့၍ ဆင်းရဲခပ်သိမ်းကင်းသော၊ ချမ်းသာစွာသော၊ မြတ်သောနိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍ ချစ်စွာသော၊ မြတ်သော၊ ရွှေငွေကစသော ဥစ္စာတို့ကိုစွန့်၍ ပြုသော ကျောင်းတွင်နေသော၊ သီလ၊ သမာဓိ၊ ပညာဟူသော ကျေးဇူးသုံးပါးကိုရှာသော၊ သတင်းစင်သောဘုရားတပည့်သား ရဟန်းသင်္ဃာ ချမ်းသာစိမ့်သောငှာ လယ်၊ ဥယျာဉ်၊ ကျွန်ခပင်း အကြွင်းမဲ့လျှင်လှူ၏။ ဤငါတို့ပြုသောကောင်းမှုအကျိုးအတို့ ခပ်သိမ်းသော အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီးလည်းရစေ၏။ ဤကောင်းမှု အာနုဘော်ဖြင့် ပြည်တိုင်းကား ခပ်သိမ်းသော နှိုက်နေသော လူခပ်သိမ်းသော၏ အစီးအပွားချမ်းသာကိုရှာပေလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း။ မိဖုရားစသော မောင်းမတော် ခပ်သိမ်းလည်းရစေ၏။ အချင်းချင်းအမျက် အဏ္ဏတစ်စေ့ မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏။ ယခုရှိသော နောင်ဖြစ်လတ်အံ့ သောမင်းကြီး မင်းသား အမတ်စသော သူခပ်သိမ်းလည်း ရစေတည်း။ အရေးအရာယူပါစေသတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသဟည်း။ အရအမိကိုလိုသောသူကား အရအမိရစေ၏။ ကောင်းမှု ကိုလိုသောသူကား ကောင်းမှုကိုရစေ၏။ ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော မဖြစ်မူ၍ ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိတတ်သော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသေ ၊ မပျက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တသရှိသော ဤသို့သော ကျေးဇူးတို့နှင့်ပြည့်စုံလျက် သံသရာနှိုက်ကျင်လည်၍ မေတ္တေယျဘုရား မျက်မှောက်ကင်္ကာလျှင် မြတ်သောအကျွတ် တရားရလိုသတည်း။

သိယ်သူ့သမီး
မြန်မာတိုင်းရင်းကျောက်စာများ
ပုံအမှတ် ၂၁၆
ရေးထိုးနှစ်၆၂၈

## သိယ်သူ့သမီး

### စကားဆစ်အဖွင့်

၁။ နမောဗုဒ္ဓဿ = ဘုရားအားရှိခိုးပါ၏။
၂။ ပိသျှက်နှစ် = ကဆုန်လ၏ စန်းယှဉ် နက္ခတ်ဖြစ် သော ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောနှစ်။ ဆယ့်နှစ်နှစ်စက်ဝန်းတွင် ဒုတိယမြောက်နှစ်၏ အမည်။
၃။ နံကာလ = ဝါခေါင်လ။
၄။ သိယ်သူ = ခြသေ့်ကဲ့သို့ရဲရင့်သူဟု အနက်ဆောင်သည့် ဘွဲ့အမည်။
၅။ ကျေးဇူး = အကျိုး။ အရည်အသွေး။
၆။ သတင်းစင် = အကျင့်စင်ကြယ်သည်။
၇။ အတို့ = ကျွန်ုပ်တို့။
၈။ အာနုဘော် = ဘုန်းတန်ခိုး။ စွမ်းရည်။
၉။ မောင်းမတော် = ဆောင်ရနန်းရမဟုတ်သော မိဖုရားငယ်။
၁၀။ အမျက်အဤ = အမျက်ဒေါသ။
၁၁။ အရေးအရာယူ = အရေးတယူပြုသည်။
၁၂။ အရအမိ = လက်ငင်းအကျိုး။
၁၃။ ရမ္မက် = တပ်မက်ခြင်း။ လောဘ။
၁၄။ မေတ္တေယျ = ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားနောက် ပွင့်မည့်အရိမေတ္တေယျဘုရား။
၁၅။ ကက်ာ = မျက်မှောက်။
၁၆။ အကျွတ်တရား = သံသရာမှ လွတ်မြောက်စေသော တရား။
၁၇။ ခပင်း = အားလုံး။ ခပ်သိမ်း။

### သင်ခန်းစာအကျဉ်း

သိယ်သူ့သမီးသည် အလှူပြုသော ခုနှစ်၊ လ၊ ရက်၊ နေ့ တို့ကို တိကျစွာဖော်ပြသည်။ အလှူပြုရခြင်းအကြောင်းကိုလည်း မွေစကြာလာ ဒုက္ခသစ္စာတရားကို ရှင်းလင်းပြေပြစ်စွာ ရေးသားထားသည်။ အလှူခံပုဂ္ဂိုလ်နှင့် အလှူပစ္စည်းတို့ကိုလည်း တိတိကျကျ ရေးသားထားသည့်အပြင် အမျှဝေပုံ၊ ဆုတောင်းပုံတို့ကိုလည်းကဏ္ဍာခွဲ၍ဖော်ပြထားသည်။ နောက်ဆုံးတွင် အရိမေတ္တေယျ ဘုရားရှေ့မှောက်၌ မြတ်သောအကျွတ်တရားရလိုကြောင်း ဆုတောင်းထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ သိယ်သူ့သမီးစကားပြေမှ ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော စသည်ဖြင့် အဓိပ္ပာယ်တူသော စကားနှစ်လုံးစီယှဉ်ကာ အစီအစဉ်တကျ သုံးသွားပုံများကို လေ့လာပြီးရှင်းပြပါ။

၂။ ဤစကားပြေတွင် မဖြစ်လိုသော အချက်များနှင့် ဖြစ်လိုသော အချက်များကို ရှေ့နောက်အစီအစဉ် အစပ်အဟပ်တည့်စွာ ရေးထားပုံကိုလေ့လာပြီး ရှင်းလင်းတင်ပြပါ။ (ရမ္မက်ကြီးသော၊ ရမ္မက်နည်းသော၊ အမျက်ကြီးသော၊ အမျက်နည်းသော-- စသည်)

၃။ သိယ်သူ့သမီးအလှုပြုပုံ၊ အမျှဝေပုံ၊ ဆုတောင်းပုံတို့ကို အစီအစဉ် တကျတင်ပြပါ။

၄။ သိယ်သူ့သမီး၏ စိတ်နေသဘောထားကို ဖော်ထုတ်တင်ပြပါ။

**မိဖုရားဖွားစော**

**ပုဂံခေတ်**

ဤကျောက်စာရေးထိုးသူမှာ ဖွားစောဖြစ်သည်။ နရသိင်္ခ ဥစ္စနာမင်း၊ မြန်မာနှစ် ၅၉၂-၅၉၇ (ခရစ်နှစ် ၁၂၃၀-၁၂၃၅) ၏ မိဖုရားဖြစ်သည်။ မတ်တော်ကျစွာမင်း၊ သားတော်ဥစ္စနာမင်း၊ မြေးတော်တရုတ်ပြေးမင်းခေါ် နရသီဟပတေ့တို့ လက်ထက်တိုင် သက်ရှိထင်ရှားနေထိုင် ခဲ့ကြောင်းသိရသည်။ မည်သည့်နှစ်တွင် ဖွားမြင်ခဲ့သည်။ ကွယ်လွန်ခဲ့သည်ကိုကား မသိရသေး။

ကျစွာမင်း၊ ဥစ္စနာမင်း၊ နရသီဟပတေ့မင်းတို့က မိဖုရားကြီးကို 'သခင်ဖွားစော' 'အဖွားစော' 'ဖွားရင်း' 'အဖွားရင်း' ဟူ၍ ရိုရိုသေသေ လေးလေးစားစားခေါ်ကြသည်။ ပုဂံခေတ် ထိုအချိန်တစ်ဝိုက်ဆီတွင် 'ဖွားစော' အမည်ခံ အခြားမိဖုရားကြီးများရှိခဲ့သေးရာ ဤကျောက်စာရှင် မိဖုရားကြီးကို 'မင်းဝိုင်းဖွားစော' ဟုလည်း သုတေသီတို့ ခွဲခြားခေါ်ဆို ကြသည်။

ဖွားစောသည် မြန်မာနှစ် ၆၂၇ (ခရစ်နှစ် ၁၂၆၅ ခန့်) တွင် ဂူဘုရားတည်သည်။ ကျောင်းဆောက်သည်။ လယ်မြေလှူသည်။ ကျွန်လှူသည်။ မြန်မာနှစ် ၆၃၃ (ခရစ်နှစ် ၁၂၆၉) တွင် ကျောင်းဆောက်ပြန်သည်။ အလှူဒါနပြုပြန်သည်။ ထို့နောက်မြန်မာနှစ် ၆၃၆ (ခရစ်နှစ် ၁၂၇၂ ခန့်) တွင် ထိုကျောင်း၌ ကထိန်ခင်းသည်။ ရတနာသုံးပါးအား အလှူကြီးပေးသည်။ ကျောက်စာတွင် ထိုအလှူဒါန အမျိုးမျိုးတို့အကြောင်းကို ဖော်ပြထားသော ဆုတောင်းစကားများ ဆက်လက်ရေးထိုးထားသည်။

ဖွားစော၏ဆုတောင်းစာတွင် ဖွားစော၏ စိတ်နေစိတ်ထားသည် အရိပ်ထင်လျက်ရှိသည်။ ပုဂံခေတ်နှောင်းစကားပြေ၏ အသွင်အပြင် သဘောလက္ခဏာတို့သည်လည်း ထင်ဟပ်လျက်ရှိသည်။ ဖွားစော၏ စိတ်နေစိတ်ထားကိုလည်းကောင်း၊ ပုဂံခေတ်စကားပြေ အရေးအသား၏ သဘောလက္ခဏာတို့ကိုလည်းကောင်း ခန့်မှန်းမိလာအောင်၊ သိရှိလာအောင် စာသင်သားတို့ လေ့လာကြရန်ဖြစ်သည်။

## မိဖုရားဖွားစော

ဤသို့အတုမဲ့လျှင်ငါပြုသောကျောင်းတော်၌ ငါမူသောကောင်းမှု ခပ်သိမ်းသောကို အခါမြင့် မြဲတည်စိမ့်သောငှာ မြေမဟာဒါန်ဥယျာဉ် ငါလှူ၏။ ငါပြုသော ကောင်းမှုခပ်သိမ်းသောကို အခါမြင့်မြဲ ပြုသောဖာသောမှုစိမ့်သောငှာ၊ တန်လင်းလှည်းစိမ့် သောငှာ၊ ဘုရား၊ တရား၊ သင်ပုတ်၊ ကွမ်း၊ ပန်းမပြတ် ဝတ်လုပ်ကျွေးတင်စိမ့်သောငှာ၊ ဆီမီးမပြက် ညှိစိမ့်သောငှာ၊ သည်းခံသောသခင်တို့ကို ဆွမ်းပစ္စည်းဖြင့် လုပ်ကျွေးစိမ့်သောငှာ ကျွန်လည်း ငါလှူ၏။ နို့သစ်၊ နို့လမ်း၊ ရက်တက်၊ ထောပေး၊ ထောပတ်အရသာ ငါးပါးစားစိမ့်သောငှာ နွားလည်းငါလှူ၏။ ဤသို့လျှင် ငါပြုရသာကောင်းမှုအကျိုးကား ရေမြေခပ်သိမ်းသောသခင် ဖြစ်ထသော မြတ်စွာသော ငါ့လင်သခင်မင်းကြီး၊ ငါ့သားမင်းကြီး၊ ငါ့မြေးမင်းကြီး၊ ဤမင်းကြီးသုံးယောက်စသော နောင်လာသတ်အံ့သော မင်းခပ်သိမ်းလည်း ငါ့အတူရစေသတည်း။ မင်းသား၊ မင်းသမီး၊ မိဖုရားစသော မောင်းမခပ်သိမ်း၊ အမတ်စသော ဗိုလ်ပါခပ်သိမ်း၊ အောက်အဝီစိစသော အထက်ဘဝဂ်တိုင်အောင် အတို့ စကြဝဠာ၌နေသော သိကြား ဗြဟ္မာ စတုလောကပါလနတ်မင်း စသော နတ်ခပ်သိမ်း၊ တတော ယမမင်း၊ လူစသော သတ္တဝါခပ်သိမ်းလည်းငါ့ကောင်းမှုအဖို့ ရစေကုန်၏။ သံသရာဆင်းရဲမှ ထွက်မြောက်၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ ရောက်စေကုန်၏။ ဤသို့ကြီးစွာလျှင် ငါမူသော ကောင်းမှုအကျိုးဖြင့် နိဗ္ဗာန်မရောက်သောကြား လူဖြစ်သော်ကား လူတကာထက် မြတ်သော စည်းစိမ်ချမ်းသာ ငါရလို၏။ နတ်ဖြစ်သော်လည်း နတ်တကာထက်မြတ်သော၊ နိုင်ငံသောအဆင်း၊ အရောင်အဝါနှင့် ပြည့်စုံ၍ အထူးသဖြင့်လျှင် အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရပ်လှသော၊ လူနတ်ခပ်သိမ်း၊ ချစ်ခင်ရှိသေသော၊ မြတ်နိုးသော ငါဖြစ်လို၏။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာကစသော အသက်မဲ့သောဥစ္စာ၊ အသက်ရှိသော ဆင်၊ မြင်းကစသော ဥစ္စာရတနာများစွာသော ငါဖြစ်လို၏။ ဘုန်းတန်ခိုးဖြင့် အနိုင်အင် အခြံအရံ အကျော် အစောကြီးစွာသော ငါဖြစ်လို၏။ ဖြစ်လေရာရာအရပ်၌ အလှူသီတင်း သဒ္ဓါပညာကစသော မြတ်သောကျေးဇူးနှင့် ပြည့်စုံလျက် ဆင်းရဲအမှတ်မသိလို။ လူစည်းစိမ် နတ်စည်းစိမ်ခံစားပြီး၍ အဆုံး၌ကား အရဟတ္တဖိုလ်မည်သော မြတ်သောအကျွတ်တရားပွင့်လတ်၍ ငြိမ်သိမ်စွာသော နိဗ္ဗာန်ချမ်းသာ ငါရလို၏။

မိဖုရားဖွားစော
မြန်မာတိုင်းရင်းကျောက်စာများ
ပုံအမှတ် ၂၃၅၊ က၆ – ၂၁
ရေးထိုးနှစ် ၆၃၄

## စကားဆစ်အဖွင့်

| | | |
|---|---|---|
| ၁။ | အတုမဲ့ | = အတုမရှိ၊ အတူမရှိ။ |
| ၂။ | မြင့်မြ | = ရှည်ရှည်ကြာကြာ။ ခိုင်ခိုင်မာမာ။ |
| ၃။ | မဟာဒါန် | = အလှူကြီး |
| ၄။ | တန်လင်း | = မြေကွက်လပ်။ ကွင်းပြင်။ |
| ၅။ | သင်ပုတ် | = ဆွမ်း။ |
| ၆။ | သည်းခံ | = ခြိုးခြံသည်။ ရှောင့်ရဲသည်။ |
| ၇။ | နို့သစ် | = မချက်ရသေးသောနွားနို့။ နို့စိမ်း။ |
| ၈။ | နို့ထမ်း | = နို့ခမ်း။ နို့ချဉ်။ |
| ၉။ | ရက်တက် | = ထောပေး(ထောပတ်စိမ်း) ထုတ်ယူ ပြီးသော နို့ရည်ကြည်။ |
| ၁၀။ | ထောပေး | = နို့မှရသော အဆီခဲ။ အဆီဥ။ မလိုင်။ ထော ပတ်စိမ်း။ |
| ၁၁။ | အဝီစိ | = ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးထပ် ငရဲ။ |
| ၁၂။ | ဘဝဂ် | = အမြင့်ဆုံးဘုံ။ |
| ၁၃။ | စကြဝဠာ | = သမုဒ္ဒရာကြီး ၄ စင်း၊ ကျွန်းကြီး ၄ ကျွန်း၊ မြင်းမိုရ်တောင် တစ်တောင်ပါဝင်သော ဒေသ အပိုင်းအခြား။ (သက္ကတစကား၊ စကြ+ဝါလ)။ |
| ၁၄။ | စတုလောကပါလ | = လောကကိုစောင့်ရှောက်သော နတ်မင်းကြီးလေးပါး။ |
| ၁၅။ | တတောယမ | = ယမမင်းကြီး။ |
| ၁၆။ | နိုင်ငံသော | = အခြားသူတို့ထက် သာလွန်သော။ ပြည့်စုံသော။ |
| ၁၇။ | ငြိမ်သိမ် | = ငြိမ်သက်သိမ်မွေ့သော။ ငြိမ်အေးသော။ |

## သင်ခန်းစာအကျဉ်း

မိဖုရားဖွားစောသည် အတုမဲ့ကျောင်းတော်ကြီးကို လှူဒါန်းခဲ့သည်။ အလှူတစ်မျိုးစီအတွက် ရည်ရွယ်ချက်ကို အသေးစိတ်ဖော်ပြ ထားသည်။ မိဖုရားဖွားစော၏ စိတ်နေစိတ်ထားကိုတွေ့ရှိရပြီး အလှူပြုပုံ၊ ဆုတောင်းပုံ တို့ကိုလည်းတွေ့ရှိရသည်။ အလှူထူးခြားချက်များကို တွေ့နိုင်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ မိဖုရားဖွားစောစကားပြေမှ အောက်ပါတို့ကို သင့်စကားဖြင့် စာတစ်ပိုဒ်စီပြန်ရေးပါ။

(က) ဖွားစော၏အလှူများ

(ခ) အမျှဝေပုံ

(ဂ) ဆုတောင်းပုံ

၂။ အောက်ပါတို့သည် ကျစ်လျစ်သော အသုံးများဖြစ်သည်။ အဓိပ္ပာယ်ကိုရှင်းပြပါ။
အတုမဲ့၊ အခါမြင့်မြဲ၊ သည်းခံသောသခင်၊ နိုင်ငံသော။

၃။ မိဖုရားဖွားစော၏

(၁) အလှူတစ်မျိုးစီအတွက် ရည်ရွယ်ချက်ကိုအသေးစိတ် ဖော်ပြပုံ၊

(၂) အမျှဝေရာတွင် အနီးဆုံးမိမိခင်ပွန်းမှ အဝေးဆုံး သတ္တဝါများအထိ အသေးစိတ်အမျှဝေပုံ၊

(၃) ဆုတောင်းရာတွင် ဖြစ်လိုသောဆန္ဒများကို အသေးစိတ်ဖော်ပြ ဆုတောင်းပုံတို့ကြောင့် ရှင်းလင်းသောစကားပြေ ဖြစ်လာရသည်။ ရှင်းလင်းအောင် အသေးစိတ်အချက်များက မည်သို့ ထောက်ကူကြောင်း လေ့လာပြီးရှင်းပြပါ။

## စီးချင်းတိုက်ပွဲ

## တောင်ငူခေတ်

ဗညားဒလသည် မြန်မာနှစ် ၈၈၀ ခန့်မှ ၉၃၄ ခု (ခရစ်နှစ် ၁၅၁၈ ခန့်မှ ၁၅၇၂) ဟံသာဝတီဆင်ဖြူများရှင် လက်ထက်တွင် အလွန်ထင်ရှားခဲ့သော အတိုင်ပင်ခံ ဝန်ကြီးတစ်ပါးဖြစ်သည်။ မွန်ဝန်ကြီး ဗညားဒလသည် ဆင်ဖြူများရှင်ထံတွင် ပညာရှိသူရဲကောင်း လက္ခဏာနှင့်အညီ တာဝန်ကျေပွန်စွာ အမှုထမ်းခဲ့သည်။

၉၁၆ ခုမှစ၍ ဗညားဒလဟူသောအမည်သည် ရေကြောင်းတိုက်ပွဲ၊ ကြည်းကြောင်းတိုက်ပွဲ၊ ဆင်စီးချင်း တိုက်ပွဲ စသည်တို့တွင် ထင်ရှားလာ၏။ ဝန်ကြီးဗညားဒလသည် ထိုသို့သောတိုက်ပွဲများတွင် အောင်ပွဲရ သူရဲကောင်းကြီး တစ်ဦးဖြစ်သည်။ ထို့ပြင်စာပေဘက်တွင် ထူးချွန်သူဖြစ်သည်။ အရာရာ၌ လိမ္မာချောင်သည် နှင့်အမျှထက်မြက် ထူးချွန်သူဖြစ်၍ မင်းတရားကြီးက အလွန်အားထားသည်။ ၉၂၇ ခု ဇင်းမွှဲအရေး၊ မျက်နှာ မည်းအရေးများပေါ်ပေါက်ရာ မင်းတရားကြီးက အိမ်ရှေ့ဥပရာဇာနှင့်တကွ မှူးမတ်တို့နှင့် တိုင်ပင်သည်တွင် ဝန်ကြီး၏အမြင်သည် မင်းတရားကြီး၏အမြင်နှင့် တစ်ထပ်တည်းကျသည့်အပြင် ထိုအစီရင်အတိုင်း လုပ် ဆောင်အောင်မြင်သဖြင့် မှူးကြီးမတ်ကြီးတို့၏ အဆောင်အယောင် ထက်ထူးကဲစွာ ဆုလာဘ်ပေးသနား တော်မူသည်။

၉၃၄ ခုတွင် ပေါ်ပေါက်ခဲ့သော လင်းဇင်း 'ဗညားသည်' အရေးတွင်ကား မင်းတရားကြီးကဗညား ဒလအပေါ် အမျက်တော် ရှိ၍ 'ဇနက်' ဟူသော ယိုးဒယားကျေးရွာတွင် ကျွန်ငါးယောက်နှင့် ထားတော် မူသည်။ ယိုးဒယားမင်းကခေါ်ယူ၍ 'ကမန်ပိုက်' အရပ်တွင်ထားရာ ထိုအရပ်တွင်ပင် ကံကုန်သည်။

နိုင်ငံရေး၊ စစ်ရေး၊ တိုင်းပြည်ရေးနှင့် ပတ်သက်၍ မှတ်တမ်းတင်ခဲ့သော အရေးတော်ပုံဇာတ်စောင်အနက် ထင်ရှားကျော်ကြားသောရာဇာဓိရာဇ်အရေးတော်ပုံကို မွန်ဝန်ကြီးဗညားဒလသည် မွန်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ခဲ့သည်။ ဘာသာပြန်သည်ဟုသာ အမှတ်အသားမရှိခဲ့လျှင် မွန်ဝန်ကြီး၏ စကားပြေအရေးအသားသည် ပြေပြစ်ကျစ်လျစ်လှသဖြင့် မူလမြန်မာစကားပြေကျမ်းဟုပင် မှတ်ထင်နိုင်လောက်သည်။

မြန်မာနှစ် ၇၀၀ ကျော်ခန့်တွင် ဘုရင်မင်းခေါင်သည် အထက်မြန်မာနိုင်ငံ ခေါင်းဆောင်ဖြစ်၍ ရာဇာဓိရာဇ်သည် အောက်မြန်မာနိုင်ငံ ခေါင်းဆောင်ဖြစ်သည်။ ထိုခေါင်းဆောင်နှစ်ဦးသည် ထိုခေတ်တွင် တန်ခိုးလုခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။ သို့သော် ထိုမင်းနှစ်ပါးလုံးသည် ရတနာသုံးပါးကို ကြည်ညိုသည်။ ပညာရှိကိုလေးစားသည်။ မိန်းမတို့ကိုညှာတာသည်။ သူရဲကောင်းတို့ကို ခံ့မင်နှစ်သက်သည်။ ဗညားဒလသည် ဤအချက်များနှင့်တကွ တိုင်းရေးပြည်ရေး၊ မိဖုရားအရေး၊ သားတော် သမီးတော်အရေး၊ မှူးမတ်သူရဲကောင်း အမှုထမ်းတို့အရေးကို လောကသဘော၊ လူ့သဘော၊ ခေတ်သဘော၊ စစ်သဘောကိုလိုက်၍ မိမိ၏ကြည်လင် ပြတ်သားသော မြန်မာစကားပြေဖြင့် သရုပ်ပေါ်အောင် ရေးသားခဲ့သည်။

ဗညားဒလသည် ရာဇာဓိရာဇ် အရေးတော်ပုံပါ တိုက်ပွဲများကို အံ့ဖွယ်စိတ်ကြွဖွယ်ဖြစ်အောင်ရေး နိုင်သည်။ သူရဲကောင်းတို့၏ သဘောကိုလည်း အံ့ဖွယ်ဖြစ်အောင်ရေးနိုင်သည်။ ဟံသာဝတီပြည့်ရှင် ဘုရင် ရာဇာဓိရာဇ် (ဗညားနွဲ့) နှင့် ဗျည်းနွဲ့တို့ ဆင်စီးချင်းတိုက်ကြသောပွဲသည် အထူးထင်ရှားသော ပွဲတစ်ပွဲတည်း။ ယင်းကို 'ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း' မှထုတ်နုတ် ထားသော စီးချင်းတိုက်ပွဲ တွင် တွေ့နိုင်သည်။

## စီးချင်းတိုက်ပွဲ

ဒေးပသွယ်ကိုရသောကြောင့် ရကြောင်းကို ရှင်ဘုရင်ကြားတော်မူလေလျှင် ဒလမြို့ကသည် မြောင်းမြမြို့သို့ ချီတော်မူ၏။ ရောက်လျှင် အမတ်တိန်ကို အားရတော်မူ၍ ပြည်တော်မူသည်။ အမတ်ကြီးကို နှုတ်ရေးသာ တတ်သည်ထင်သည်။ လက်ရေးလည်း ကောင်းလှပေသည်။ အမတ်ကြီး ဆင်စီးကောင်းသူရဲ ဖြစ်ပြီးသော် ဇမ္ဗူဒိပ်ကျွန်းတွင် ငါ့ကို ဖက်နိုင်မည့်သူမရှိဟု မိန့်တော်မူသည်။

မြောင်းမြမြို့စားလည်း ဒေါင်းပေါင်လုလင်တွင် ပုသိမ်သားတို့ကို လက္ခဏ်းအိမ်နိုင်လေသည်နှင့် စောအဲ ဗညားကိုလည်း အမတ်တိန်နိုင်၍ ဒေးပသွယ်ကို ရလေသည်ကြားလျှင် နတ်လှေစီး၍ ရခိုင်သို့ပြေးတော့မည် ပြုသည်ကို ဗျည်းနွဲ့ကသွားတော် မမူနှင့်ဦး။ ဗညားနွဲ့ကိုစီးချင်း တွေ့ရအောင် ကျွန်ုပ်ကစေမည်။ သို့စေလျှင် စီးချင်းတွေ့လေမည်။ ဗညားနွဲ့ကို စီးချင်းတွေ့၍နိုင်လျှင် မင်းစည်းစိမ်ကို ခံစားတော်မူ။ ကျွန်ုပ်တည်း ရှုံးချေလျှင် နတ်လှေစီး၍ သွားတော်မူဟုဆို၏။ မြောင်းမြမြို့စားလည်း ဗျည်းနွဲ့စကားကိုကြားလျှင် နတ်လှေ ဆယ်စင်းကိုချုပ်၍ ဗျည်းနွဲ့က ရှင်ဘုရင်ဗညားနွဲ့ကို လျှောက်လေ၏။ စာကားဤသို့တည်း။

အရှင့်သားသည် ဆင်စီးကောင်းတော်မူ၍ ဟံသာဝတီကို ရတော်မူသည်။ ကျွန်ုပ်လည်း ဆင်စီးသူရဲ ကောင်းဟု ကိုယ်ကိုယုံ၍ မြောင်းမြမြို့ကို အခိုင်နေသည်။ အောင်တော်မူလိုသော် စီးချင်းတွေ့တော် မူဦး။ အောင်တော်မူလျှင် မြောင်းမြမြို့ ပုသိမ်မြို့များ ကိုသိမ်းတော်မူ။ ကျွန်ုပ်ကိုမနိုင်လျှင် ဟံသာဝတီ သို့ ပြန်တော်မူ။ သစ္စာစကား တစ်ခွန်းအမှန်ဆို၏။ ဝင်တော်မူ။ ဆင်တွင်း မြင်းတွင်း ဆူးငြောင့်ခလုတ် မချ။ ယုံတော်မမူသော် ကျွန်တို့ကိုဝင်၍ ကြည့်စေဟုလျှောက်စေ၏။

သုရှင်လည်း ငါသည်ဆင်ဖြူရှင် ကေရာဇ်မင်းသားတော် မင်းရိုး မင်းဆက်မှန်သသူ၊ သာသနာငါးထောင် စောင့်သည့်နတ် သက်သေဖြစ်စေ၊ ဗျည်းနွဲ့သည်ငါ့ကို ဆင်စီးချင်းသတ်ကြလို၏ ဆိုသည်။ ငါ့အကြိုက်ပေ ကိုကား။ ငါကေရာဇ်၏ စကားမှန်၏။ ဗျည်းနွဲ့နိုင်လျှင် မြောင်းမြမြို့၊ ပုသိမ်မြို့၊ ခဲပေါင်မြို့ နောက်တစ်လွှားကို ပိုင်စေ။ ငါနိုင်တော်မူလျှင် မြောင်းမြစားကို ငါမသတ်။ ဒဂုံဆံတော်ခြေရင်းတွင် နေစေ၍ သီတင်းသုံးစိမ့်မည်ဟု ဗျည်းနွဲ့ကို မိန့်တော်မူလိုက်၏။ ဗျည်းနွဲ့လူလည်း သုရှင်အမိန့်တော်ကို ခွန်းကိုမှတ်၍ ပြန်လေ၏။ ရောက်လျှင် သုရှင်အမိန့်တော် ဗျည်းနွဲ့အား ကြားမှဝမ်းသာအားရ နက်ဖြန်တိုက်မည်၊ ဝင်တော်မူဟု လျှောက်လာစေပြန်၏။

ရာဇာဓိရာဇ်လည်း မိုးသောက်လျှင် စားတော်ခေါ်၍ ဆင်တော် ဧရက်နွဲ့ကိုစီးပြီးလျှင် ဝင်တော်မူ၏။ အမတ်တိန်နှင့် ဗြတ်ဇကလျှောက်သည်။ ဘုန်းကြီးသည့်အရှင်၊ အလောတန်မျှရှိပြီ။ စီးချင်းတိုက်တော်မူသော် အတူတူဖြစ်ချေတော့မည်။ အရေးမဟုတ်ဟု လျှောက်သည်ကို ကြိုက်တော်မမူ။ ကျွန်တော် စောနုသိင်တို့လည်း လက်ဝဲလက်ယာ တစ်စီးစီဝင်မည်ပြု၏။ ဗျည်းနွဲ့ကမဝင်ရ။ မင်းသားဗညားနွဲ့ကိုသာ ငါစီးချင်းတွေ့လို၍ ဝင်စေသည်ကို မင်းတို့အမျုးအမတ် ပသို့ကူလာမည်နည်း ဟုဆို၏။ သင်းပသို့ဆိုသနည်း မေးတော်မူလျှင် ဘုရားကိုသာ စီးချင်းတွေ့လို၍ ဝင်စေသည်။ မင်းတို့ ပသို့ဝင်ကောင်းမည်နည်း ဆိုပါသည်ဟု လျှောက်၏။ မင်းတို့နေလေ၊ ငါသာဝင်မည်မိန့်တော်မူ၍ တွင်းကျင်းဆူး ငြောင့်ရှိမရှိ ကြည့်စေတော်မူသည်။ ကျွန်တော်တို့ လည်းထွက်လာ၍ တွင်းကျင်းဆူးငြောင့် မရှိကြောင်းကိုလျှောက်၏။

ဗျည်းနွဲ့လည်း ဆင်ငရက်နွဲ့ကိုစီးပြီးလျှင် တံခါးကိုကွယ်၍ တစောင်းနေနှင့်၏။ တံခါးကိုဖွင့်စေ၍ ရာဇာဓိရာဇ်လည်း တံခါးရင်းတွင် နေသည်ဟုအမှတ်မရှိ၊ တိုက်မည်ဝင်တော်မူ၏။ တစောင်းနေနှင့်၍ ဆင်ဦး အလွန်ကို ဗျည်းနွဲ့ထွက်၍ တိုက်လေ၏။ ရာဇာဓိရာဇ် ဆင်စွယ်ဖုံးကိုထိုးမိလျှင် ဆင်ချင်းပူးလျက်ရှိသည်။ ဗျည်းနွဲ့က ဓားနှင့်ခုတ်မည်ဟု ဓားကိုချွတ်သည်။ ဓားမကျွတ်သောကြောင့် ချွန်းသီးနှင့်ရိုက်၍ နဖူးကွဲချေသည်။ ဆင်တော် ငရက်နွဲ့လည်း မင်းသားမူးချေ၍ ထွက်ဆုတ်ခဲ့ပြန်သည်။ မြို့ပြင်သို့ ဆယ်တာကျော်စဉ် ဆုတ်ချေ၏။ အမူးပြေမှ ချိတ်သွင်းပြီးလျှင် ဝင်၍တိုက်တော်မူပြန်သည်။ ဗျည်းနွဲ့ဆင်ကို အစွယ်ချင်းယှက်၍ ဝှေ့မိသည်။ ဆင်ချင်းမတန်သောကြောင့် ဆုတ်လေ၏။ အဆုတ်ကိုထပ်၍ တိုက်ပြန်သည်။ တွန်းဝှေ့ဝှေ့၍ ဗျည်းနွဲ့ဆင် လဲလေ၏။ ချွန်းသီးနှင့် ရိုက်တော်မူသည်။ ဗျည်းနွဲ့နားပြတ်လေသည်။ ဆင်လည်းသေလေ၏။ ဗျည်းနွဲ့ကိုရ တော်မူလျှင် မြို့ကထွက်ခဲ့၏။ လောက်ဖျားလည်း ပြေးလေ၍ လိုက်စေသည်။ ရပြန်၏။ မြောင်းမြမြို့တွင် သူဌေးသူကြွယ် များလှသောကြောင့် ရဲမက်တော်များငွေကို မောက်တိုနှင့် ခြင်၍ ဝေကြကုန်သည်ဟူ၏။ သို့လူ လည်း တစ်သောင်းကျော် ရတော်မူ၏။ ရာဇာဓိရာဇ် ထွက်တော်မူလျှင် ဗျည်းနွဲ့ကိုခေါ်၍ မေးတော်မူသည်။ နင်သည် ငါ့ကျွန်သာ။ ငါသို့သောမင်းကို စင်လျက် စီးချင်းတွေ့မည် ဆိုသည်။ နင့်ကိုယ်ကို ယောကျ်ားကောင်းဟု ယုံလှပေသည်ဟူ၍ ဆိုသည်ကို ဗျည်းနွဲ့ကလျှောက်သည်။ ကျွန်ုပ်သည် ကျွန်တော်သာ၊ အမှုထမ်းကောင်း သူရဲကောင်း မြို့စွန် တိုင်းစွန်ပေး၍ ရန်ကွယ်ရန်ကာ ထားမည်သော်ကား မေးတော်မူရှိ၏။ ဆင်စီးချင်းတိုက်မည် ဆိုသည်။ တိုက်လည်း တိုက်သည်ဟု ရန်ငြိုးဖွဲ့၍ မေးတော်မူလျှင် မေးခွင့်မရှိပြီ။ ထားတော်မူ၍ ကျွန်ုပ် မရှင်ပျော်ပြီ။ စီးချင်းလည်း တိုက်ပချေသည်။ ဓားနှင့် ခုတ်မည်လည်းပြုသည်။ ဓားမကျွတ်သော ကြောင့်သာ။ ဓားကျွတ်သော် ချပ်နှင့်တကွပြတ်၍ ဆင်ကိုထိလိမ့်မည်။ ဓားမကျွတ်၍ ချွန်းသီးနှင့်ရိုက်သည်။ နဖူးကွဲလေ၏။ ပတ္တမြားကြေးမုံတွင် ကြည့်၍ မြင်တော်မူလျှင် ဗျည်းနွဲ့ငယ့် လက်ရာဟု မြင်တော်မူတိုင်းသေသည်။ တစ်ခါ သေသေလိုတော့သည်ဟုဆို၏။ ရာဇာဓိရာဇ်လည်း နင့်ဓားဆိုးခန့်သည် ငါ့ကိုခုတ်၍ ပြတ်မည်လောဟု မိန့် တော်မူ၏။ ကျွန်ုပ်ဓားကို ကျောက်အထု သံတောင်တစ်ထောင်ကို ခုတ်စေမှ သိစေမည်ဟုဆို၏။ ကျောက်အထု သံတောင်တစ်ထောင်ကိုယူ၍ ခုတ်စေမှ ပြတ်လေသောကြောင့် ဓားကောင်းပေဟု ချီးမွမ်းတော်မူ၏။ ဗျည်းနွဲ့ သည်သူရဲကောင်းဖြစ်သောကြောင့် ထားတော်မူချင်လျက် ဗျည်းနွဲ့ကပင် မနေလိုပြီ·ဖြစ်သောကြောင့် ကွပ်တော် မူရ၏။

.ဗညားဒလ

## ခက်ဆစ်အဖွင့်

၁။ နှုတ်ရေး = စကားဖြင့်ပြောဆိုဆောင်ရွက်ခြင်း၊ အပြောစွမ်းရည်။
၂။ လက်ရေး = ကာယစွမ်းရည်၊ လက်ရုံးရည်။
၃။ ဇမ္ဗူဒိပ်ကျွန်း = မြင်းမိုရ်တောင်၏ တောင်ဘက်တွင် ရှိသော ဇမ္ဗူသပြေပင်ပေါက်ရာကျွန်း။
၄။ စီးချင်းတွေ့ = တစ်ဖက်လျှင် တစ်ဦးစီဆင်ကိုစီး၍ သော်လည်းကောင်း၊ မြင်းကိုစီး၍ သော်လည်းကောင်း ရင်ဆိုင်စစ်ထိုးသည်။
၅။ ဆင်တွင်းမြင်းတွင်း = ဆင်မြင်းများ ကျွံကျအောင် စီစဉ် တူးဖော်ထားသော တွင်းကျင်း။
၆။ သုရှင် = အရှင်သခင်။
၇။ သီတင်းသုံး = နေထိုင်သည်။ သီလ ဆောက်တည်၍ နေထိုင်သည်။
၈။ အလော့တန် = တော်သင့်ရုံမျှ။
၉။ ချွန်း = ဆင်ကိုချိတ်၍၊ ပေါက်၍ခိုင်းစေအသုံးပြုရန် အဖျားတွင် သံဆူးကောက်တပ်ထားသည့်အချောင်းအတံ။
၁၀။ ချွန်းသီး = လက်ဖြင့်ကိုင်စွဲ၍ တိုက်ခိုက်ရသော လက်နက်တစ်မျိုး ။
၁၁။ တာ = လေးတောင်အကွာအဝေး။
၁၂။ ဆယ်တာ = အတောင်လေးဆယ် အကွာအဝေးရှိသောခရီး။
၁၃။ မောက်တို = ရှေးကမြန်မာစစ်သည်တပ်သားတို့ ဆောင်းလေ့ရှိသည့် ထိပ်ဖူးတပ်ဦးဆောင်းတစ်မျိုး။
၁၄။ သုံ့လူ = စစ်မြေပြင်၌ စစ်ရှုံး၍ဖြစ်စေ၊ လက်နက်ချ၍ဖြစ်စေ၊ ဖမ်းဆီးရရှိသော ရန်သူ့ဘက်သား၊ သုံ့ပန်း။
၁၅။ ချပ် = သံနန်းကြိုး၊ သံကွင်း စသည်တို့ဖြင့် ပြုလုပ်ထားသော စစ်ဝတ်အင်္ကျီ။
၁၆။ ကြေးမုံ = အရိပ်ထင်အောင် အချောပွတ်ထားသော ကြေး စသည့်သတ္တုပြား။ ကြည့်မှန်။
၁၇။ ခားဆိုး = ခားညှံ့။ ခားစုတ်။
၁၈။ သံတောင် = အလျား ၁၉ လက်မရှိသော အတိုင်းအတာ ပမာဏ။

## သင်ခန်းစာအကျဉ်း

ဟံသာဝတီပြည့်ရှင် ဘုရင်ရာဇာဓိရာဇ် (ဗညားနွဲ့) နှင့် ဗျည်းနွဲ့ တို့ စီးချင်းတိုက်ကြသော ပွဲဖြစ်သည်။ ထိုစီးချင်းတိုက်ပွဲတွင် ဘုရင်ရာဇာဓိရာဇ် (ဗညားနွဲ့) က နိုင်၍ဗျည်းနွဲ့ကရှုံးသည်။ ဗျည်းနွဲ့သည် သူရဲကောင်းပီသသဖြင့် ရာဇာဓိရာဇ်က ထားလိုသော်လည်း ဗျည်းနွဲ့ကပင် မနေချင်သောကြောင့် ကွပ်မျက်လိုက်ရသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စီးချင်းတိုက်ပွဲကို သင့်စကားဖြင့် သရုပ်ဖော်တင်ပြပါ။

၂။ အောက်ပါတို့သည် အသုံးကောင်းများဖြစ်သည်။ လေ့လာကြည့်ပြီး ပြန်လည်ရှင်းပြပါ။
တစောင်းနေနှင့်၏၊ တွန်းငွေ့ငွေ့၍၊ တစ်ခါသေ သေလိုတော့သည်၊ စီးချင်းတွေ့။

၃။ စကားပြေကောင်းများတွင် အကြောင်းအရာနှင့် အရေးအသား လိုက်ဖက်မှုရှိသည်ဟုဆိုသည်။ ဤစကားပြေသည် ထိုသို့လိုက်ဖက်မှု ရှိပါသလား။ ကျိုးကြောင်းပြဖြေဆိုပါ။

## ဦးပေါင်းကျားနှင့်မြင်းကျားရှင်

### ညောင်ရမ်းခေတ်

ဦးပေါင်းကျားနှင့် မြင်းကျားရှင် စကားပြေကို ဦးကုလားရေးသားသော မဟာရာဇဝင်ကြီးမှ ထုတ်နုတ်သည်။ ဦးကုလားသည် စဉ့်ကိုင်သူဌေး ဒေဝသေဋ္ဌနှင့် မြို့စားမျိုး စော်ဘွားမျိုးဖြစ်သော မဏိသြဃတို့မှ မွေးဖွားသူဖြစ်သည်။ အင်းဝဇာတိဖြစ်သည်။ မွေးသက္ကရာဇ် အတိအကျ မသိရချေ။ မြန်မာနှစ် ၁၀၄၀ ခန့် (ခရစ်နှစ် ၁၆၇၈ ခန့်) ဟု မှန်းဆကြသည်။

ဦးကုလားသည် မဟာရာဇဝင်ကြီးကို မြန်မာနှစ် (၁၀၇၆-၁၀၉၅) ခုနှစ်အတွင်း အင်းဝဘုရင် တနင်္ဂနွေမင်းလက်ထက်တွင် ရေးခဲ့သည်။ ဦးကုလားသည် ပါဠိအဋ္ဌကထာဋီကာကျမ်းများ၊ ရာဇဝင်မော်ကွန်း၊ ချောင်းများ ကျောက်စာများကိုမှီငြမ်းပြု၍ နောင်လာနောက်သားတို့ အကျိုးငှာ မဟာရာဇဝင်ကြီးကို ကြိုးကြိုးစားစား ရေးသားပြုစုခဲ့သည်။

ရာဇဝင်ကျမ်းသည် မင်းအဆက်ဆက်တို့၏ အကြောင်းအရာ မျိုးစုံကို ဖော်ပြသောကျမ်းဖြစ်သည်။ ရာဇဝင်သည် ခေတ်ပြ ကြေးမုံဖြစ်သည်။ ကြေးမုံနှင့်တူသော ရာဇဝင်ကိုကြည့်၍ ချွတ်ယွင်းချက်များကို ပြုပြင်နိုင်သည်။ ကောင်းသောအချက် များကိုကြည့်၍ အတုယူနိုင်သည်။ ဦးကုလားသည် မဟာရာဇဝင်ကြီး ပြုစုပြီးလျှင် ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကိုလည်း ပြုစုခဲ့သေးသည်။

စကားပြေအရာတွင် ဦးကုလားအရေးအသားကို စံထားခဲ့ကြရသည်။ "ဦးပေါင်းကျားနှင့် မြင်းကျားရှင်" စကားပြေတွင် အရေးအသားပြေပြစ်ခြင်း၊ စိတ်ဝင်စားဖွယ် ကောင်းခြင်းတို့ကို တွေ့ရှိရပေမည်။

ဤကောက်နုတ်ချက်တွင် အလောင်းစည်သူမင်းကြီးသည် အိုမင်းသော်လည်း လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားနိုင်ပုံ၊ မြင်းစီးကျွမ်းကျင်ပုံတို့ကို မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ ဖတ်ရှုရပေမည်။

## ဦးပေါင်းကျားနှင့်မြင်းကျားရှင်

တစ်ရံရောအခါ အလောင်းစည်သူမင်းကြီးသည် ဗိုလ်ရှုသဘင် ခံတော်မူခိုက်တွင် လက်ရုံးတော်ကို ဆန့်၍ကြုံးဝါးတော်မူ၏။ သက်တော်ကြီးပြီဖြစ်၍ လက်ပျဉ်းတော်ကျသည်ကို အမှူးအမတ်တို့မြင်လေသော် ရယ်ခိုးကြ၏။ မင်းကြီးလည်း အမတ်တို့သည် ငါ့ကိုမစွမ်းနိုင်ပြီဟူ၍ ရယ်ခိုးကြလေသည်ဟု အမှတ်ထားတော်မူ၍ တစ်နေ့သ၌ အမတ်တို့ကို ခေါ်ပြီးသော် 'ဟယ်-လက်ဝဲလက်ယာအမတ်တို့၊ ယောကျ်ားတစ်ယောက် ဦးပေါင်းကျားထုပ်နှင့် မြင်းကျားစီး၍ တူရွင်းတောင်ခြေ၌ နေဝင်လျှင် အနိုင်အထက် လုစားသည်ဆိုသည်ကို နင်တို့မကြားကုန်လော။ နင်တို့လေးယောက် ရအောင်ဖမ်းချေ။ မရသော်နင်တို့ကို မျက်အံ့' ဟု မိန့်တော်မူ၏။ စစ်သူကြီးလေးပါးတို့လည်း မြင်းတင်းကုပ်တွင် မြင်းကောင်းလေးစီးကိုယူပြီးသော် ရအောင်ဖမ်းမည်ဟူ၍ အားသန်လျက်သွားလေ၏။ မင်းကြီးလည်း မြင်းရွှေပန်းစာပွင့်ကို ဝမ်းတွင်ဝတ်လဲ ဖြူရစ်ပြီးသော် မြမြံစွာက၍ 'ညရီတရောကို ငါမလာမချင်း တံခါးမပိတ်နှင့်' ဟူ၍ ယုံကျုံသောသူကို တံခါးတွင် နေနှင့်စေပြီးသော် အိမ်ဓား လွယ်လျက် ဦးပေါင်းကျားထုပ်နှင့် တူရွင်းတောင်ယံသို့ မြင်းကို အပြင်းနှင်းတော် မူလေ၏။ စစ်သူကြီး လေးယောက်တို့လည်း သည်သူသည် ခိုးသူဟုအမှတ်ရှိ၍ ရအောင်ဖမ်းမည်ဟု လိုက်ကြလေ၏။ မင်းကြီးလည်း တဖျင့်သုန် ခွာတုံ ချဉ်းတုံပြုပြီးသော် ညောင်ဦးကမ်းပါးချောက်မတွင် ဆင်းလေ၍ မြင်းတော်ပန်းသည်ကို ရေချတော်မူ၏။

စစ်သူကြီး လေးယောက်တို့လည်း ခိုးသူသည် ငါတို့ကိုကြောက်၍ ချောက်တွင်ဆင်း၍ သေလေသည်ဟု တွေးတောကုန်၏။ မင်းကြီးလည်း မြင်းတော်ပန်းသည်ကိုရေချတော်မူ၍ အပန်းဖြေစေပြီးဖသော် ချောက်ကတက် ၍ မြင်းလေးစီးခြံရံနှင့် သည်ကိုလွတ်နိုင်အောင် တိုက်ဖောက်၍ ချဉ်းချေခွာချေပြုပြီးသော် ဖိုးဦးကွင်းပြင်၌ ကစားတော်မူပြန်၏။ စစ်သူကြီးတို့လည်း သည်သူသည်လူမဟုတ်၊ နတ်ဘီလူး ဖြစ်ရာသည်ဟူ၍ကြောက်ရွံ့ ခြင်းပြင်းကုန်၏။ မင်းကြီးလည်း မြင်းလေးစီးသားတို့ကို ရှေ့ကပေါက်တုံ နောက်ကပေါက်တုံ၊ လက်ဝဲပေါက်တုံ၊ လက်ယာပေါက်တုံ သုံးကြိမ်နှင်နှင်စီးပြီးမှ မြို့တော်သို့ ပြန်တော်မူလေ၏။ မိုးသောက်၍ ထွက်တော်မူပြီးသော် ညီလာခံပြု၍ ရှေ့တော်၌ စစ်သူကြီးလေးယောက်တို့ကို ခေါ်တော်မူ၍ 'ဟယ်-အမတ်တို့၊ မြင်းကျားစီးသော ခိုးသူကို နင်တို့တွေ့၏လော' ဟုမေးတော်မူ၏။ 'ရွှေဖဝါးတော်အောက် ရှိခိုးနားတော် လျှောက်ဝံ့သောဘုရား၊ မြင်းကျားစီးသောသူကား လူဖြစ်ဆန်းမဟုတ်။ နတ်ဘီလူးဖြစ်ရာသည်။ လူဖြစ်သော်လည်း လူမည်ကာမဟုတ်၊ ရင့်ပြီးသော ကြီးမြတ်သော ဘုန်းတန်ခိုးရှင်ဖြစ်ရာသည်။ ကျွန်တော်တို့ မြင်းလေးစီးကိုထားဘိ၍ နိုင်ငံတော်ဝယ် ရှိသော မြင်းသည်အပေါင်းတို့ ဝန်းရံဆီးဆို့၍ ဖမ်းငြားသော်လည်းမရနိုင်ရာ' ဟူ၍ နားတော်လျှောက်ကြကုန်၏။ မင်းကြီးလည်း 'ဟယ်-အမတ်တို့၊ နင်တို့ငါ့ကို အိုပြီဟူ၍ မှတ်ကြသည်။ ငါမအိုသေး' ဟုမိန့်တော်မူ၏။ ထိုအကြောင်းကိုကြားသော် မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် အလွန်ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကုန်၏။

ဦးကုလား

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ရှုသဘင် | = | ဗိုလ်ပါအများ၏ ရှုစားဖူးမြော်ခြင်းကို ခံယူသောသဘင်။ |
| ၂။ | ကြုံးဝါး | = | မိမိ၏ဂုဏ်ကျေးဇူးကို မြှင့်မြှောက်ပြောဆို ကြွေးကြော်သည်။ |
| ၃။ | လက်ပျဉ်း | = | လက်မောင်းရင်း၌ အောက်သို့လျော့ တွဲကျနေ သောအရေခွံ။ |
| ၄။ | ရယ်ခိုး | = | တိတ်တိတ်ခိုးရယ်သည်။ |
| ၅။ | ဦးပေါင်းကျား | = | အရောင်အကြောင်းအကျား ခြယ်လှယ်ထားသော ခေါင်းပေါင်း။ |
| ၆။ | မျက် | = | ကွပ်မျက်သည်။ |
| ၇။ | မြင်းတင်းကုပ် | = | မြင်းထားရာအဆောက်အအုံ။ မြင်းဇောင်း။ |
| ၈။ | အားသန် | = | မရမနေ မဖြစ်မနေ အားထုတ်ကြိုးပမ်းသည်။ |
| ၉။ | ညရီတရော | = | ညဦးမှောင်စပျိုးချိန်။ |
| ၁၀။ | ယုံကျုံသော | = | ယုံကြည်စိတ်ချရသော။ |
| ၁၁။ | တဖျင့်သုန် | = | မညီမညွတ်။ မငြိမ်မသက်။ |
| ၁၂။ | ခွာတုံ့ချဉ်းတုံ့ | = | ခွာချေချဉ်းချေ။ ခွာလိုက်ကပ်လိုက်။ |
| ၁၃။ | နတ်ဘီလူး | = | ကြမ်းကြုတ်၍တန်ခိုးရှိသည်ဟု ယူဆကြသော ဒဏ္ဍာရီလာတန်ခိုးရှင်။ |
| ၁၄။ | ရေချ | = | ဆင်၊ မြင်း စသည်ကိုရေချိုး၊ ရေ သောက်ရန် ရေသို့ဆင်းခိုင်းသည်။ |
| ၁၅။ | လူဖြစ်ဆန်း | = | လူဖြစ်ရုံ။ လူဖြစ်ကာမျှ။ |
| ၁၆။ | လူမည်ကာ | = | လူဟုအမည်တွင်ရုံမျှ။ |

## သင်ခန်းစာအကျဉ်း

အလောင်းစည်သူမင်းကြီးသည် အိုမင်းသော်လည်း လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားနိုင်ပုံ၊ မြင်းစီးကျွမ်းကျင်ပုံတို့ကို ဦးပေါင်းကျားနှင့် မြင်းကျားရှင်ဟန်ဆောင်၍ စစ်သူကြီးလေးယောက်ကို ရင်ဆိုင်တိုက်ခိုက်အနိုင်ယူပုံဖြင့် သာဓက ဆောင်ထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ဤစကားပြေတွင် ပြဿနာတစ်ရပ်ကိုအေးချမ်းပိုင်နိုင်စွာဖြေရှင်း နိုင်စွမ်းရှိသော မင်းကောင်းမင်းမြတ်တစ်ပါး၏ စိတ်ဓာတ်နှင့် စွမ်းရည်ကို မည်သို့မီးမောင်းထိုးပြထားသနည်း။

၂။ ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေသည် မည်သည့် စကားပြေအမျိုးအစားဖြစ်သနည်း။

၃။ အောက်ပါဝါကျများတွင် စကားပုံများပါမပါ လေ့လာကြည့်ပြီး ကျိုးကြောင်းခိုင်လုံစွာဖြင့်ရှင်းပြပါ။

(က) အမတ်တို့သည် ငါ့ကိုမစွမ်းနိုင်ပြီဟု ရယ်ခိုးကြလေသည်။

(ခ) မရသော်နင်တို့ကိုဖျက်အံ့။

(ဂ) ရအောင်ဖမ်းမည်ဟု အားသန်လျက်သွားကြလေ၏။

(ဃ) နတ်ဘီလူးဖြစ်ရာသည်ဟု ကြောက်ရွံ့ခြင်းပြင်းကုန်၏။

(င) ဟယ်အမတ်တို့၊ နင်တို့ငါကိုအိုပြီဟူ၍ မှတ်ကြသည်။ ငါမအိုသေး။

## မိခင်သောက

### ကုန်းဘောင်ခေတ်

မိခင်သောက ကောက်နုတ်ချက်ကို မင်းဘူးဆရာတော် ဦးသြဘာသရေးသော 'ဝေဿန္တရာ' ဇာတ်တော်မှ ထုတ်နုတ်ထားသည်။ ဦးသြဘာသသည် ကုန်းဘောင်ခေတ်တွင် စကားပြေအရေးအသား၌ ထင်ရှားသော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်၏ဇာတိမှာ မင်းဘူးမြို့အနီး ရပ်သာရွာဖြစ်သည်ဟု ဆိုကြသည်။ မွေးသက္ကရာဇ်ကို အတိအကျမသိရ။ မြန်မာနှစ် ၁၁၂၀ ခန့် (ခရစ်နှစ် ၁၇၅၈ ခန့်) ဟု ခန့်မှန်းကြသည်။

ဦးသြဘာသသည် ငယ်စဉ်ကပင် မင်းဘူးမြို့လေသာကျောင်း ဆရာတော်ထံ၌ စာပေပညာသင်ကြား လေ့လာဆည်းပူးခဲ့သည်။ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအဖြာဖြာတို့ကို တတ်ကျွမ်းခဲ့သည်။ အသက်နှစ်ဆယ်တွင် ရဟန်းပြု၍ လေးငါးဝါအရတွင် 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဟူသော ဇာတ်ကြီးဆယ်ဘွဲ့အနက် စန္ဒကုမာရ ဇာတ်တော်ကို စတင်ရေးသားသည်။

ဆရာတော်သည် ဇာတ်ကြီးဆယ်ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်တော်နှင့် ဘူရိဒတ်ဇာတ်တော်မှတစ်ပါး ကျန်ဇာတ်ကြီး ရှစ်ဘွဲ့တို့ကို ရေးသားခဲ့သည်။ ဆရာတော်၏ စကားပြေအရေးအသားမှာ ချောမွေ့ပြေပြစ်၍ နှစ်လိုဖွယ်ရှိသည်။ ဆရာတော်၏ ဝေဿန္တရာ ဇာတ်တော်ကြီးသည် နှောင်းလူတို့စံထားရသော စကားပြေဖြစ်သည်။

ဤ 'မိခင်သောက'ကောက်နုတ်ချက်သည် ဝေဿန္တရာဇာတ်တော်ကြီး မဒ္ဒီပဗ္ဗခန်းမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။ ဆင်ဖြူတော်ပစ္စယကို ပုဏ္ဏားတို့အား လှူလိုက်ခြင်းကြောင့် ပြည်သူတို့ကမကျေနပ်၍ ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီ၊ သားတော်ဇာလီ၊ သမီးတော်ကဏှာဇိန်တို့နှင့်အတူ ဝင်္ကပါတောင် သို့ထွက်လာခဲ့ရသည်။ ဝင်္ကပါတောင်တွင် ကျောင်းသင်္ခမ်းတစ်ခု၌ မိသားစုအတူနေကြသည်။ တစ်နေ့သော် မဒ္ဒီဒေဝီ သစ်သီးရှာသွားခိုက်၊ ဝေဿန္တရာမင်းကြီးက ဇာလီ၊ ကဏှာဇိန်မောင်နှမတို့ကို ဇူဇကာပုဏ္ဏားအား လှူဒါန်းလိုက်သည်။ သစ်သီးရှာရာမှပြန်အလာတွင် မဒ္ဒီဒေဝီမှာသားတော် သမီးတော်တို့ကို မတွေ့ရသောကြောင့် ပူပန်သောက ပြင်းစွာဖြစ်ရသည်။ ဤအဖြစ်သနစ်ကို ဆရာတော်ဦးသြဘာသက ပြေပြစ်သောအရေးအသား၊ ပေါ်လွင်သော စကားအသုံးအနှုန်းတို့ဖြင့် ကရုဏာရသမြောက်အောင် ရေးဖွဲ့ထားသည်ကို ဖတ်ရှုလေ့လာနိုင်သည်။

## မိခင်သောက

မဒ္ဒီဒေဝီသည် မိမိနေရာကျောင်းသခ်မ်းသို့ ပြန်သွားရ၏။ ထိုနေ့ကား လပြည့် ဥပုသ်နေ့တည်း။ မဒ္ဒီဒေဝီသည် ကျောင်းသခ်မ်းစကြံဦးသို့ ရောက်လေသော် ထိုထိုသော အရပ်တို့၌ သားသမီးတို့ကိုကြည့်၍ မမြင်လျှင် ဤသို့ဆို၏။

နွားငယ်သည် အမိကိုမြင်လျှင် ရှေ့မှနောက်မှ တွန်မြည်ကြွေးကြော် ကြိုဆိုမြူးထူးဘိသကဲ့သို့ လည်းကောင်း၊ သမင်သားငယ်တို့သည် အမိကိုမြင်လျှင် နားရွက်နှစ်ဖက်ကိုချီ၍ လည်ကိုဆန့်လျက် အမိဆီသို့ရှေးရှုပြေးသဖြင့် ရှေ့မှနောက်မှ နှစ်လိုကြည်ညို ကြိုဆိုမြူးထူးသကဲ့သို့ လည်းကောင်း၊ နေ့တိုင်းလျှင် တောအရပ်မှပြန်လာသော ငါအမိအား ငါ့သား၊ ငါ့သမီးတို့သည် ခရီးရင်ဆိုင်ပြေးလာ၍ ကြိုဆိုမြူးထူးကြကုန်၏။ တော၌ သစ်သီး၊ သစ်မြစ်ရှာမှီး၍ ပင်ပန်းတုံသော်လည်း သားသမီးတို့မျက်နှာကို မြင်ရသဖြင့် အပင်အပန်း ပျောက်ငြိမ်း၏။ ယခုမူကား ငါ့သား ငါ့သမီး၊ ဇာလီ၊ ကဏှာဇိန်မောင်နှမတို့ကို မမြင်ရခဲ့တကား။

သာနုမည်သောတောင်ထိပ်၌ ဆင်တို့၏ ခြေရာမထင်သကဲ့သို့ မြေမှုန့်ဖြင့်ရောသော ဤသဲပြင်၌ ငါ့သား၊ ငါ့သမီးတို့ ခြေရာမထင်ခဲ့တကား။ ငါ့သား၊ ငါ့သမီးတို့သည် ငါလာသည်ကိုမြင်လျှင် မနီးမဝေးကပင် မြေမှုန့်အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် ခရီးဦးကြိုဆိုလာကြကုန်လျက် ရှေ့မှနောက်မှ နံပါးမှ ပြေးခုန်မြူးထူး ကြကုန်၏။ ယခုမူကား ငါ့သား၊ ငါ့သမီးတို့သည် အဘယ်မှာရှိပါလိမ့်နည်း။ နေ့တိုင်းမှာကား ဆိတ်မသည် အစာရှာ၍ ပြန်သည်ရှိသော် ဆိတ်သားငယ်တို့သည် အမိမျက်နှာကို ကြည့်ကုန်လျက် လိုက်သကဲ့သို့ ငါ့သား၊ ငါ့သမီးတို့သည် မြေမှုန့် အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် အမိသို့ကပ်၍နေ၏။ ယခုမမြင်ရခဲ့တကား။

နေ့တိုင်းလျှင် ငါ့သား ငါ့သမီးတို့သည် မိခင်လာသည်ရှိသော် ပြေးလာကြသဖြင့် ကစားစရာအလို့ငှာ ဥသျှစ်သီးမှည့်တို့ကို ပေးရကုန်၏။ ယခု မမြင်ရခဲ့တကား။

ယခု ငါ၏သားမြတ်အစုံတို့သည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏။ ကဏှာဇိန်၊ ဇာလီမောင်နှမတို့ကို မမြင်ရခဲ့တကား။

နေ့တိုင်းမှာမူ ဤကျောင်းသခ်မ်းသို့ ရောက်သောအခါ ရင်ခွင်ပေါ်၌ ငါ့သားငါ့သမီးတို့သည် မြေမှုန့် အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် လူးလည်ပျော်ပါးကြကုန်၏။ ယခုမမြင်ရခဲ့တကား။

နေ့တိုင်းမှာမူ သူတစ်ပါးမရှိသော်လည်း သားသမီးနှင့် နေရခြင်းကြောင့် ဤကျောင်းသခ်မ်းသည် ပွဲသဘင်ကဲ့သို့ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသောငါ့အား ဤကျောင်းသခ်မ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့၏တကား။ အကြောင်း အသို့နည်း။

နေ့တိုင်းကား ကျီး၊ ဥသြ အစရှိသော တောငှက်တို့သည် တွန်မြူးကုန်၏။ ယခုမူကား ထိုငှက်အပေါင်း တို့သည် သေလေကုန်သလော။ ကျောင်းသခ်မ်းတွင် မည်သည့်အသံကိုမျှမကြား။ တိတ်ဆိတ်ဘိ၏တကား ဟု ငိုကြွေးမြည်တမ်းလျက် ဘုရားလောင်းအနီးသို့သွား၍ သစ်သီးတောင်းကို ဦးခေါင်းမှချပြီးသော် ဘုရား လောင်း၏အပါး၌ သားငယ် သမီးငယ်တို့ကိုမမြင်၊ တစ်ယောက်ထီးတည်း ဆိတ်ဆိတ်နေသော ဘုရား လောင်းကိုမြင်လျှင် ဤသို့မေး၏။

အရှင်မင်းကြီး၊ အကြောင်းအသို့နည်း။ အဘယ်ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်နေတော်မူဘိသနည်း။ အကျွန်ုပ်နံနက် မိုးသောက်ထက မြင်မက်သော အိပ်မက်နှင့်ညီစွတကား။ ယခု ဤအရပ်၌ ဥဩငှက်တို့သည်လည်း မတွန်မမြည်ကုန်။ အကျွန်ုပ်၏ သားငယ်၊ သမီးငယ် တို့သည် သေလေကုန်သလော။ သို့မဟုတ် ဆိတ်ညံစွာသော ဤတောရပ်၌ အကျွန်ုပ်၏သားငယ်၊ သမီးငယ်တို့ကို ခြင်္သေ့၊ ဆင်၊ ကျားသားရဲတို့ စားလေကုန်သလော။ အဘယ်သူသည်သားငယ်၊ သမီးငယ်တို့ကို ဆောင်ယူလေသနည်း။ ထိုသို့မဟုတ်မူ အရှင်မင်းကြီးတည်း သားငယ် သမီးငယ်တို့ကို ဘိုးတော်သိဝိုည်းမင်းကြီးထံ စေတုတ္တရာပြည်သို့ စေလွှတ်တော်မူသလော။ ထိုသို့မဟုတ်မူ ချစ်ဖွယ်သောစကားကို ဆိုတတ်သော သားသမီးတို့သည် ကျောင်းသင်္ခမ်းတွင်း၌ အိပ်ပျော်နေသလော။ ပြင်လွင် တစ်ပါးထွက်သွား၍ ကစားမြူးထူးကြလေသလော။

ယခုသားသမီးတို့၏ ဆံပင်ကိုလည်းကောင်း၊ ရွှေကွန်ရက်နှင့်တူသော လက်ကိုမျှလည်းကောင်း၊ အကျွန်ုပ်မမြင်ရခဲ့တကား။ ထိုသို့မဟုတ်မူ သားငယ်တို့ကို ဟတ္ထိလိင်္ဂသကုဏာဟုဆိုအပ်သော ငှက်ဆင်တို့သည်တည်း သုတ်ချီလေသလော။ အဘယ်သူသည် အကျွန်ုပ်၏ သားငယ်၊ သမီးငယ်တို့ကို ဆောင်ယူလေသနည်း။

ဤကဲ့သို့ မဒ္ဒီဒေဝီသည် ကိုးကွယ်ရာမရ၊ ငိုမြည်တမ်းလျက် မေးလျှောက်သော်လည်း ဘုရားလောင်းသည် တစ်ခွန်းသောစကားကိုမျှ ပြန်၍မပြော ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မဒ္ဒီဒေဝီသည် အရှင်မင်းကြီး၊ အဘယ့်ကြောင့် အကျွန်ုပ်နှင့် စကားပြောတော်မူခြင်းကို မပြုသနည်း။ အကျွန်ုပ်၌ အဘယ်အပြစ်ရှိပါသနည်း ဟုဆို၍ ဤသို့မေးလျှောက်ပြန်၏။

အရှင့်သား၊ အကျွန်ုပ်တို့သည် ပြည်မှနှင်ထုတ်သည်ဖြစ်၍ တော၌နေရကုန်သော်လည်း သားသမီးတို့နှင့်ပျော်ပါးရကုန်၏။ ထိုသို့ မိဘတို့၏နှလုံးကို ရွှင်ပြုံးပျော်ပါးစေတတ်သော သားသမီးတို့ကို ယခုမမြင်ရသော အကျွန်ုပ်အား ပြင်းထန်စွာသော ဆင်းရဲခြင်းသည်ဖြစ်၏။ ထိုဆင်းရဲထက်ပင်လျှင် အကျွန်ုပ်နှင့်စကားမပြောဘဲ အရှင့်သားနေတော်မူသဖြင့် အလွန်သာ၍ပင် ဆင်းရဲပြန်ဘိ၏။

စပါးကြီးမြွေကိုက်၍ ပင်ပန်းသောသူကို ပုတ်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ ထန်းပင်ထက်မှ ကျသောသူကို ရိုက်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ သွေးပြည်ယိုစီးလျက် နာကျင်စွာသောအနာကို ထက်စွာသောဆူးငြောင့်ဖြင့် ထိုးဘိသကဲ့သို့လည်းကောင်း သားသမီးတို့ကိုမမြင်ရ၍ ပင်ပန်းသော အကျွန်ုပ်အား အရှင့်သားသည် စကားမပြောဘဲ ဆိတ်ဆိတ်နေသောအားဖြင့် အကျွန်ုပ်၏နှလုံးကို အလွန်နာကျင်အောင် ပြုပြန်ဘိ၏။ အရှင့်သား၊ အကျွန်ုပ်နှင့် ယနေ့ညဥ့်ပတ်လုံး အကယ်၍ စကားမပြောမဆို နေတော်မူသည်ဖြစ်အံ့၊ နက်ဖြန်မိုးသောက်သောအခါ ထွက်သက်ဝင်သက်မရှိဘဲ သေခြင်းသို့ရောက်သော အကျွန်ုပ်၏ အကောင်ကိုသာ အရှင့်သား မြင်တော်မူရလတ္တံ့ဟု ဆို၏။

မင်းဘူးဦးဩဘာသ

၁။ သောက = စိုးရိမ်ကြောင့်ကြခြင်း။
၂။ သခ်မ်း = သူတော်ကောင်းတို့ နေထိုင်ရာ အဆောက်အအုံ။
၃။ ဥပုသ်နေ့ = အထူးတလည် သီတင်းသီလဆောက်တည်ရန် သတ်မှတ်ထားသော လဆန်း (၈)ရက်။ လပြည့်။
၄။ စကြံ = ခေါက်တုံ့ခေါက်ပြန် လျှောက်ရာ နေရာ။
၅။ မြူးထူး = အလွန်အမင်း ပျော်ရွှင်ဝမ်းသာမှုဖြင့် လှုပ်ရှားသည်။
၆။ သာနု = တောင်ထိပ်အပြင်။ တောင်လျှဉ် တောင်ဝှမ်း။
၇။ နံပါး = ဘေးဘက်အရပ်။
၈။ သုသာန် = သင်္ချိုင်း။
၉။ တစပြင် = လူသေကောင်မြှုပ်ရာအရပ်။ သင်္ချိုင်း။
၁၀။ ဆိတ်ဆိတ် = တိတ်ဆိတ်ငြိမ်သက်စွာ။
၁၁။ မိုးသောက် = အရုဏ်တက်သည်။ မိုးလင်းရန်အလင်းရောင် ပေါ်လာသည်။
၁၂။ ဆိတ်ညံ = ငြိမ်သက်သည်။ အသံတိတ်သည်။
၁၃။ ဟတ္ထိလိင်္ဂသကုဏ = ငှက်ဆင်။

## သင်ခန်းစာအကျဉ်း

ဝေဿန္တရာမင်းကြီး၊ မဒ္ဒီဒေဝီ၊ သားတော်ဇာလီ၊ သမီးတော် ကဏှာဇိန်တို့သည် ဝင်္ကပါတောင်တွင် ကျောင်းသခ်မ်းတစ်ခု၌ မိသားစု အတူနေကြသည်။ မဒ္ဒီဒေဝီ သစ်သီးရှာသွားခိုက် ဝေဿန္တရာမင်းကြီးက ဇာလီ၊ ကဏှာဇိန်မောင်နှမတို့ကို ဇူဇကာပုဏ္ဏားအား လှူဒါန်းလိုက်သည်။ သစ်သီးရှာရာမှပြန်လာသော မဒ္ဒီဒေဝီမှာ သားတော်၊ သမီးတော် တို့ကိုမတွေ့ရသောကြောင့် ပူပန်သောကပြင်းစွာဖြစ်ရသည်။ ထိုအဖြစ်ကို ပြေပြစ်သောအရေးအသား၊ ပေါ်လွင်စေသော အသုံးအနှုန်းတို့ဖြင့် ရေးဖွဲ့ထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ပတ်ဝန်းကျင် တစ်မျိုးတည်းသည်ပင် စိတ်ခံစားမှု အပြောင်းအလဲကိုလိုက်၍ တစ်ကြိမ်နှင့်တစ်ကြိမ် မတူဟု ထင်မှတ်သည့်သဘောကို မည်သို့ဥပမာပြ၍ ရေးဖွဲ့ထားသနည်း။ ကျိုးကြောင်းပြ၍ ခိုင်လုံစွာဖြင့်ရှင်းပြပါ။

၂။ မဒ္ဒီဒေဝီ၏သောကကို ဖော်ပြရာတွင် အောက်ပါတို့က မည်သို့ အထောက်အကူပြုသည် ထင်သနည်း။ ဆွေးနွေးပါ။

(က) မဒ္ဒီဒေဝီနှုတ်က တိုက်ရိုက်ပြောနေဟန်ရေးဖွဲ့ပုံ၊

(ခ) 'ယခုမမြင်ရခဲ့တကား' ဟူ၍ ထပ်တလဲလဲရေးပုံ၊

(ဂ) သားသမီးငယ်တို့၏ အမူအရာကို တိရစ္ဆာန်ငယ်တို့၏ အမူအရာနှင့် ဥပမာဆောင်ပုံ၊

(ဃ) အမေးစကားများ ဆက်ကာဆက်ကာမေးပုံ၊

(င) စိတ်ခံစားမှုကို ဥပမာများဖြင့်ပြပုံ။

# သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း

## ကုန်းဘောင်ခေတ်

ဦးပုညသည် စလေမြို့ဇာတိဖြစ်သည်။ စစ်ကိုင်းမင်းလက်ထက် မြန်မာနှစ် ၁၁၇၄ခု (ခရစ်နှစ် ၁၈၁၂) တွင်ဖွားသည်။ ငယ်မည် မောင်ပုတ်စည် ဖြစ်သည်။ ဦးပုည၏ဖခင်မှာ မြို့သူကြီးရိုးဖြစ်သည်။

ဦးပုည၏ ငယ်ဆရာများမှာ စလေမြို့မခင်ကြီးစနှင့် တူမောင်းဆရာတော် ဦးဒီပတို့ဖြစ်သည်။ အမရပူရမြို့ ဗန်းမော် ဆရာတော်ထံ ပညာ ဆက်လက်ဆည်းပူးသည်။ ဦးပုည၏ ရှင်သာမဏေဘွဲ့မှာ ရှင်ပုညာဘိဓဇ ဖြစ်သည်။

ရှင်လူထွက်ပြီးနောက် မင်းတုန်းမင်းညီတော် ကနောင်မင်းထံတွင် ခစားရသည်။ နောင်တွင်မင်းတုန်းမင်းထံခစားရာ လက်ဖက်ရည်တော်ဘက်တွင် မင်းလှသစ်ယာဟူသောဘွဲ့နှင့် ထမ်းရွက်ရသည်။ ရွာစည်ရွာကိုလည်း စားရသည်။ မင်းတုန်းမင်းထံခစားစဉ် မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ ပုန်ကန်သည့်အရေး၌ ဦးပုည အခါပေးသည်ဟု သင်္ကာမကင်းသဖြင့် မြို့ဝန်ဦးသာအိုးအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားရာမှ ကွပ်မျက်ခံရသည်။ မင်းတုန်းမင်းကြီးက နှမြောလှ၍ 'လူကိုခွေးသတ်လေခြင်း' ဟု မိန့်ခဲ့သည်။

ဦးပုညသည် အာဝဇ္ဇန်းရွှင်သည်။ တခ်ဏုပ္ပတ္တိဉာဏ်လျင်သည်။ ပဋိဘာန်ဉာဏ်ရွှင်သည်။ သို့ဖြစ်ရကား သူ့စာများသည် ရွှန်းရွှန်းဝေ၍ နေတော့သည်။ 'ကဗျာဉာဏ်အာဘော်ကလည်း ကလော်တိုင်းထွက်သောကြောင့်'ဟု သူကိုယ်တိုင်ဆိုခဲ့ဖူးသည်။ ဦးပုညသည် လွန်ခဲ့သောနှစ်ပေါင်း ၁၇၀ ကျော်က မြန်မာဝတ္ထုဆရာကြီးလည်းဖြစ်သည်။ ပြဇာတ်ရေးဆရာကြီး လည်းဖြစ်သည်။ သူ့ဝတ္ထုများသည် ဇာတ်ကွက်ဇာတ်လမ်းအဆန်းတကြယ် ဖြစ်မှုကြောင့် ကျော်စောသည်မဟုတ်။ လူ့သရုပ်ကိုပီသအောင် ဖန်ဆင်းပြနိုင်သောဂုဏ်ကြောင့် ကျော်စောခြင်းဖြစ်သည်။ ယခုခေတ် ပညာရှိများက ဦးပုညကို အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယားနှင့် နိုင်းနှိုင်းလေ့ ရှိကြသည်။

'သောနုတ္တရမုဆိုးနှင့်ဆဒ္ဒန်ဆင်မင်း' ကောက်နုတ်ချက်သည် ဦးပုည၏ 'ဆဒ္ဒန်ဆင်မင်း' ဝတ္ထုမှဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် ဦးပုည၏အကောင်းအဆုံး ဝတ္ထုဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် တရားဟောစာ စာရင်းတွင်ပါဝင်သည်။ ဟောစာတို့အနက် ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် ထိပ်တန်းကလိုက်သည်။ ဟောသူတို့ကလည်း အလွန်မြတ်နိုးသည်။ နာသူတို့ကလည်း အလွန်နှစ်ခြိုက်ကြသည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် စာနာ ပရိသတ်တို့အလယ်တွင် အလွန်မျက်နှာပွင့်ခဲ့သည်ဟု ဆိုကြသည်။

ဤဝတ္ထုတွင် ဦးပုညသည် သူတော်ကောင်းကို ချီးကျူးလိုသည်။ သူတော်ကောင်းတို့၏ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်တို့ကို အမွှမ်းတင်လိုသည်။ သူတော်ကောင်းတို့၏ အမူအရာ၊ အပြောအဆိုတို့ကိုလည်း နှစ်သက်သည်။ ဝတ္ထုဖတ်သူ၊ စာနာသူတို့အဖို့လည်း သူတော်ကောင်းတို့၏ စိတ်နေသဘောထား အပြုအမူတို့ကို နှစ်သက်လက်ခံစေလိုသည်။ ဤသည်မှာ ဦးပုညထားသော ရည်ရွယ်ချက်ဖြစ်သည်။

ဤရည်ရွယ်ချက် ပေါ်လွင်ထင်ရှားလာအောင် ဇာတ်ဆောင်များ၊ အခြံအရံများဖြင့် သိုင်းဝိုင်း၍ ဖွဲ့ဆိုခဲ့သည်။ လူ့သဘာဝ၏ အလင်းပိုင်းနှင့် အမှောင်ပိုင်းများကို ဇာတ်ဆောင်များ၏ လှုပ်ရှားပုံတို့ဖြင့်

ထင်ရှားအောင် မီးမောင်းထိုးပြခဲ့သည်။

'ဆဒ္ဒန်ဆင်မင်း' ဝတ္ထုသည် လူ့သဘာဝ ပဓာနဝတ္ထုမျိုးဖြစ်သည်ဟု ဆိုနိုင်သည်။ ဤ သောနုတ္တရ မုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း ဝတ္ထုကောက်နုတ်ချက်တွင် ဦးပုည၏ လူ့သဘာဝအဖွဲ့များကို လေ့လာကြည့်ကြရန် ဖြစ်သည်။

## သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း

အချင်းမုဆိုး၊ လူမျိုးတကာကြံ့ငှာမရဲကြံ့ဝံ့ခဲ့သော အကြံကိုကြံ၍ ငါ့ထံရောက်ဝင်ငါသို့ဆင်ကို အရှင်လတ်လတ် သင်သတ်သည့်အကြောင်းကား ဘယ်အကျိုးထူးကျေးဇူးကြီးမား သင်၌ပွားမည်ကြောင့် ငါ့အား သင်သတ်ရက်သနည်းဟု မေးတော်မူ၏။

မုဆိုးလည်း ဆင်မင်းသခင်ထိပ်ခေါင်တင်၊ လူအိုမုဆိုးကျွန်တော်မျိုးကား ကိုယ်ကျိုးဆန္ဒ ကိုယ့်ကိစ္စကြောင့်သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏ သက်နှင်းတောင်ညာသုဘဒ္ဒါဟု အဆာကျယ်လှ ရှင်ဘုရင်မကြီးက မြမရှားစိန်မရှား အလွန်ပင်များသည်ကို နားလေးလေဟန် ဆင်စွယ်မှပန်လိုသည်။ သာမန်ဂုဏ်ငယ် ဆင်နက်စွယ်များကိုလည်း နားဝယ်လက်မခံ ညှီစော်နံသည်ဟု ရွံ့သတဲ့ဘုရား။ ထိပ်ထားဘုန်းမော်ဆင်မင်း ကျော်၏ စွယ်တော်နှစ်ချောင်း ခြောက်ရောင်မောင်းကိုသာ နားတောင်းပွတ်၍ ဆင်ဝတ်တော်မူလိုသည်။ ဆဒ္ဒန်ဘုန်းကြွယ် ကိုယ်တော်မြတ်အစွယ်ကို နားဝယ်လှလှမဆင်ရလျှင် စိတ်ချပေရော့ သူသေပါတော့မည် ဟု ရွှေနန်းကြော့ရှင် သူ့ချစ်လင်၏ ရင်ခွင်ကြားမှာ ခေါင်းထား၍ အသော့ ငိုပါရော့သည်ဘုရား။ ပင်ပန်းလိုက်ဖို့ သူ့မယားငိုတည့်လျှင် ဟိုလူကြီးက ပျာယီးပျာယာ ပဇာအရေး မတွေးမမျှော် ကျွန်တော်ကိုခေါ်ပြီးလျှင် ဟဲ့နော်လုဒ္ဒက၊ ဆင်စွယ်ကိုမရလျှင် ဇီဝနတ္ထိနင်သေမည် သိစ့်ဟု မင်းသမီးမာန်ဖွဲ့နှင့် အံခဲ၍မိန့်ရာတွင် ခုသေမလောက် ကျွန်တော်မျိုးကြောက်လှ၍ ခေါအောက်ကသာ အနိုင်နိုင်ခွာပြီးမှ တောမှာပင်သေသေ ဖြစ်လိုရာဖြစ်စေဟု မသွေမဖောက်ဆက်ပါမည် လျှောက်သည်တွင် နှစ်ယောက်စလုံးတပြုံးပြုံးနှင့် အသုံးကံကျွေး ငါးရွာစားပေးပြီးလျှင် ကျေးဇူးရှင်မ သူကိုယ်တိုင်လမ်းပြ၍ ဘုန်းဘုရား စွယ်တော်မြတ်ကို အဖြတ်ကျွန်တော် ရောက်ပါသည်။ အစွယ်ကိုလိုသူမိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူဘုရား ကျွန်တော် ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင်မှ ကံကွက်ကျား၍ ငမိုက်သားမုဆိုးလေ နှင့်ချည်းပင်သေပေတော့ ဟု ငွေတောင်ကြီးအဟန် ဆဒ္ဒန်မင်းမြတ် ကျွန်တော်အား သတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်။ ကရုဏာရှေးရှု လွှတ်တော်မူလျှင်လည်း လူမလိမ္မာကျွန်မိစ္ဆာသည် ချမ်းသာရပါတော့မည်ဘုရားဟု တောင်းပန်လျှင် အလောင်းတော်မြတ်ဗောဓိသတ်လည်း လောကတ္တယ ဘဝပါရဂူနီးတော်မူသောကြောင့် ရန်သူပုဂ္ဂိုလ် သောနုတ္တိုရ်အားရွှေကိုယ်တော်ပွား ရင်နှစ်သားကဲ့သို့ သနားစုံမက် အသက်ကို ချမ်းသာပေးတော် မူပြီးလျှင် အသင်မုဆိုး၊ သင့်စကားတွင် မိဖုရားသုဘဒ္ဒါအရိပ်ပါသောကြောင့် ငါစဉ်းစားမိစင်စစ်သိပြီ။ ဤမိဖုရားသည် အခြားသူမဟုတ်။ ငါ၏သက်မျှ စူဠသုဘဒ္ဒါ ရတနာရောင်ချိပ် ဘွဲ့ရွှေလိပ်နှင့် ညောင်ရိပ်စံမြန်းကြင်မခန်းသည့် မြောက်နန်းဒေဝီ သင်းဖြစ်သည်။ ငါ့အစွယ်ကို နားဝယ်သရန် ဆင်လိုဟန်နှင့် ကြံဖန်ပြောသော်လည်း သဘောမဟုတ်လှလေဘူး။ ဆဒ္ဒန်စွယ်ကို အကယ်၍လိုဘိမူ အဟိုရှေးက ဘေးတော်ဘိုးတော် ခမည်းတော်ဘုရား ဆင်မင်းဖျားတို့၏ ခြောက်ပါးရောင်ဟုံ စွယ်တော်စုံကို နိတုံဇမ္ဗူဤရွှေကူ၌ သိမ်းယူလို့ထား ရှိကြောင်းများကို ထင်ရှားသင်း သိလျက်တကား။ ငါ၏ကိုယ်၌ မဆိုလောက်ဖွယ် အပြစ်ငယ်ကို ကြီးကျယ် ဝတ္ထုရန်ငြိုးပြု၍ ယခုငါ့ကိုသေစေလိုသောကြောင့် ထိုထိုပရိယာယ် ဝေဝုစ်လှယ်လျက် ဆင်စွယ်နားပန်ဆင် လိုဟန်များနှင့် ဉာဏ်ဝက်ဩ ယုတ်မာလှသော အမိုက်မအတတ် သင်းကြံ၍ သတ်သည်ကား ဆတ်ဆတ်မုချ

မှန်တော့သည်။ သို့စင်မျှလောက် မထောက်မဆ ကြံရက်သည့်မိန်းမအား မရသရွေ့ သူမမေ့ရာပြီ။ ရှေ့သို့ သံသရာ ဖြစ်တိုင်းမှာပင် လောင်စာရန်ငြိုး မီးဆက်၍ပျိုးမည်ကြောင့် မိန်းမဆိုးအမုန်းသည် ဘဝတွင် သည်မျှနှင့်တုံးစေတော့။ တောပုန်းချုံလျှိုး သင်မှဆိုးအားလည်း ဖြိုးဖြိုးကြွယ်ဝ မင်းဆုလာဘ်ရစေတော့။ နန်းမ တောင်ညာ သုဘဒ္ဒါတို့မလာကြခင် စွယ်တော်ရှင်ကို လျှင်လျှင်ဖြတ်ချိုး၍ သင်မုဆိုးစိတ်ရှိတိုင်း ပြုပါတော့ဟု ခွင့်ပေးတော်မူလျှင် မုဆိုးပေတလူအခေါက်ထူလည်း သူနှင့်ဆင်မင်း ရန်ဘက်ချင်းကဲ့သို့ ချက်ချင်းထကြွ ကမျှားကတည့်၍ လွှကြီးကိုကိုင်လျက် ဖြတ်မည်ဟု တက်သော်လည်း မတက်နိုင်ချေ။ ပန်းဟိုက်၍နေသည်တွင် မြေနှင့်ပွတ်ကာ ဦးခေါင်းတော်ညွတ်ရှာ၍ ဖြတ်သာအောင် ပြုတော်မူပေ၏။

မုဆိုးညစ်ထေး ဝမိုက်ခွေးလည်း လေးစွန်တောင်နှင့် အာပေါင်ကိုလှန် ဒိုင်းထောက်၍ကန်ပြီးလျှင် ထက်သန်မြမြ ကြောက်မက်ဖွယ်လွှကြီးနှင့် အာစကိုဖြတ်တိုက် ဦးနှောက်သို့ခိုက်လုအောင် အလျားလိုက် ထိုးသွတ်စွယ်ရင်းကိုပွတ်သည်တွင် ပေါက်လွတ်ဗရမ်ဟာ ကန်ကျိုး၍လာသကဲ့သို့ အာခံတွင်းမှ သွေးချောင်းကျလျက် ဒုက္ခဝေဒနာကြီးစွာ ဖြစ်တော်မူလေ၏။ အစွယ်တော်မြတ်မူကား ပြတ်မည်ကိုဝေးစွ၊ အရာမျှမထင်။ ပန်းပင်ဖုတ် လှိုက် မုဆိုးလည်းဟိုက်လှုပြီ။ သုံးတိုက်လုံးနတ် ဆင်မင်းမြတ်လည်း ဥပဒ်ကြီးစွာဝေဒနာကို ပညာဖြင့် သိမ်းဆည်း၍ သည်းညည်းခံတော်မူပြီးလျှင် အသင်မုဆိုး၊ ငါကိုယ်တော်လည်း ညိုးရော် ခွန်အားနည်းလှုပြီ။ သင်လည်းလုံးဝ ဖြတ်တိုက်၍ မရပြီ။ ငါ့အစွယ်မြတ် ရိုးတော်ခတ်ကို ငါဖြတ်၍လှူတော့မည်။ ကျူငွေတုံး အလား နှာမောင်းဖျားကို သင်ကားကိုင်ကြွချီပင့်မ၍ လွှကိုငါ့အား ဆက်ပေတော့ဆိုပြီးသော် လွှသံစောင်းကို နှာမောင်းနှင့်ပတ် ကိုယ်တော်တိုင်တိုက်ဖြတ်လျှင် စွယ်တော်မြတ်အစုံသည် နိတုံရောင်စို ရွှေတောင်ကြီးပြိုသကဲ့သို့ ပြတ်တိုတုံး၍ ဗုန်းဗုန်းမြေသို့ကျလေ၏။ ထို့နောက်မှ အစွယ်နှစ်ချောင်းကို နှာမောင်းဖြင့် ပွေ့ယူချီတော်မူပြီးလျှင် ပေးလှူတော်မူအံ့သောငှာ သာယာနာပျော် မုဆိုးကိုခေါ်၍ အမိန့်တော်ဤသို့ရှိ၏။

အဆွေတော်သောနုတ္တိုရ်၊ မောင်မင်းသခင် ပလ္လင်ညာရံ ရွှေဘုံပျံမှာ စံပေသည့်နတ် မယ်သုဘဒ်ကို ဆတ်ဆတ်သဘော ငါမှာတိုင်းပြောပါလေ။ တောဟေမာချောင် အိုင်သာခေါင်တွင် ငွေတောင်ကြီးအသွင် ခင်မလင်ကို အရှင်လတ်လတ် သင်စေ၍ သတ်ခဲ့ပြီ။ စွယ်တော်မြတ်နှစ်ချောင်း ခြောက်ရောင်မောင်းကိုလည်း ရင်းဆင်ကြီး မသေခင်ပြုတ်လှီး၍ သွေးစီးသံထွက်နာကျင်စွာနှိပ်စက်၍ အသက်ဆုံးစေခဲ့ပါပြီ။ ဤ စွယ်စုံကို ရွှေဘုံသူမှန်ကူ သုံးရက်တော်မူသေးလျှင် ရန်သူ၏အစွယ်ကို ရွှေလက်ဝယ်သပါမည်။ အားရစိတ်ရွှင် ကျေနပ် အောင်စီရင်၍ ပြုချင်တိုင်း ပြုတော်မူပါတော့ဘုရားဟု မောင်မင်းသခင် မုန်းပင်စိုက်ပျိုး ပြေချိန်တိုင်၍မှ မပြေနိုင်ငြိုးတတ်သည့် မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးကို ငါမှာတိုင်းပြောပါလေ။ ထိုမှတစ်ပါးလည်း မိဖုရားသုဘဒ္ဒါသည် အိုင်သာဆဒ္ဒန် ဤရေကန်တွင် ညာရံမဟာ သုဘဒ္ဒါနှင့် ဝဲယာရွှေရံစံသည့်ကာလ ဒေါသအပြစ် မဖြစ်မဖြောက် မမုန်းလောက်သည်ကို အဆောက်အဦ အပြစ်ကြီးယူပြီးလျှင် ငြူစူမျက်ဝင် ငါ့ချစ်လင်ကိုသင်မိဖုရားသည် သတ်ဖြတ်နိုင်အားပေ၏။ စိမ်းကားမျက်ငြိုး သစ်ယောင်းခက်ချိုး သကဲ့သို့ ချစ်ကြိုးဖြတ်ဖြေ သင်းသတ်ရက်လေသောကြောင့် သင့်သက်ဝေ ငယ်လင် ငါဆဒ္ဒန်ဆင်သည် မြေတွင်တုံးလုံး မြားချက်နှင့်ဆုံးပါပြီ။ ရွှေသုံးရံခြယ် ကြာရိပ်လယ်မှာ ရယ်ကာမောကာ မျက်နှာငွေလရွှင်ပပ နှင့် ခင်မ

ဝမ်းမြောက်ပါလေတော့ဟူသော ဤစကားကိုလည်း မြားဆိပ်မူး၍ တောင်လူးမြောက်လည်း နာကြည်းဝေဒနာ မချိရာက မှာတော်မူလိုက်သည်ဘုရားဟု ခြားနားအောင်တင်ပါလေ။ သင်မုဆိုးသည် ကြိုးစားအားသစ်၍ ခုနစ်နှစ် ခုနစ်လ လာခဲ့ရသော်လည်း ငါ့စွယ်တော်မြတ် ဣဒ္ဓိပါဒ်ကြောင့် လတ်တလောချင်း ခုနစ်ရက်အတွင်း၌ မောင်မင်းပြည်သို့ ရောက်လိမ့်မည်။ ဘေးရန်ကာသန်း ပရိတ်ပန်းများကို ငါမန်း၍ပေးတော်မူလိုက်မည်။ ဆဗ္ဗဏ္ဏရံသီထိန်ထိန်ကျက်သရေ စွယ်တော်စုံ အမြုတေကို ရိုသေစွာသင်ထမ်း၍ လာလမ်းကိုပြန်လေတော့ဟု စေ့ရေကြောင်းလျှား မှာထားတော်မူပြီးလျှင် မုတ္တာမှုးချိန် စိန်စီမြခဲရွှေလည်ရွဲကဲ့သို့ မခွဲကြချင် လွန်ကဲစွာ ချစ်ခင်သော ညာတင်မဟာ သုဘဒ္ဒါကို မြင်ရှာတော်မူချင်သေး၍ တရေးရေးရမ်းရော် လာနိုးနိုးမျှော်ဆဲတွင် ကြမ်းချော်ခက်ထန် မြားဆိပ်မွှန်၍ ဆဒ္ဒန်ဆင်ကောင်း ဘုရားလောင်းသည် မယားဟောင်း လက်နက်နှင့် အသက်ဆုံးတော်မူရလေ၏။

မုဆိုးလူပျက် ဖုတ်သဘက်လည်း ခြောက်ရက်ခရီးနှင့် ပြည်ကြီး ဗာရာနန်းအောင်ချာသို့ လျင်စွာ ဆိုက်ရောက်တည့်လေလျှင် ဝေယန်ညာဆွယ်ကမ္ဗုလယ်၌ စံပယ်ပျော်ပါးသော မိဖုရားသုဘဒ္ဒါအား ခြောက်ဖြာရောင်ထင် စွယ်တော်ရှင်ကိုဝင်၍ ချက်ချင်းဆက်လေ၏။ ဆက်ပြီးလတ်သော် ဆဒ္ဒန်ဆင်မင်းမှာ ရင်းအကြောင်းများကို မထားမချန်စေ့စုံစွာ ပြန်သည်တွင် ဗိမာန်နန်းဖွား သုဘဒ္ဒါမိဖုရားလည်း စကားရှေ့ နောက်ပြန်လှန်ကာ ထောက်လတ်သော် နောက်နောက်ကျိုကျို နှလုံးတော်ရှိလှ၍ မဏိခြယ်စီ သိဂီရိုးညှောက် အံ့လောက်ဆန်းပြား ရွှေယပ်မားဖြင့် သနားစိတ်ဝင် ခံယူတင်ပြီးလျှင် ရင်ခွင်တော်၌ စွယ်တော်ကိုပိုက်ပြန်၍ တစိုက်စိုက်ရှုရင်းပင် ပြုမိသည့်ဖြစ်ထွေ လင်သေသည့်အကြောင်း ဘဝဟောင်းက ငယ်ပေါင်းပီပီ လည်ချင်းမှီ၍ နာရဏီခိုင်အင်ကြင်းမြိုင်နှင့် မြစိုင်ပညောင် ရွှေဂူချောင်မှာ ဆွေမောင်နှင့်မယ် ကျီစယ်သမ္မုပန်းခိုင်လု၍ ကယု ကယင်ချစ်တဲ့တင်လျက် ကျင်ကျင်လည်လည် ပျော်ဖူးခဲ့သည်များကို ကြံစည်စေ့စေ့ တစိမ့်စိမ့်အောက်မေ့၍ တငွေ့ငွေ့ဆင်ခြင် ပူစကိုင်မိလျှင် ပူပင်လယ်ရေ လှိုင်းဘောင်ဘင်ဝေသောကြောင့် မဖြေနိုင်မဆည်နိုင် သည်းစိုင်လောင်ချစ် ကျမျက်ရည် ချောင်းဖြစ်အောင် အော်ဟစ်၍ငိုဆဲတွင် နဂိုဖောက်လဲ ဗာရာမင်း လည်ဆွဲ သည် ရင်ကွဲနာနှင့် နတ်ရွာစံတော်မူလေ၏။

ဦးပုည

## ခက်ဆစ်အဖွင့်

| | | |
|---|---|---|
| ၁။ | ကြံ့ငှာမရဲ | = ကြံစည်ခြင်းငှာ မဝံ့ရဲသော။ |
| ၂။ | အဆာကျယ် | = စိတ်ဆန္ဒထူးထွေ များပြားသည်။<br>ကြေး(ဂျီး) များသည်။ |
| ၃။ | နားတောင်းပွတ် | = နားတောင်းပုံပေါ်လာအောင် တံစဉ်း စသည်ဖြင့် ညှိတိုက်စားသည်။ |
| ၄။ | ပျာယီးပျာယာ | = အလျင်စလို။ |
| ၅။ | ပဇာ | = အဘယ်။ ဘာ။ |

၆။ လုဒ္ဒက = မုဆိုး။
၇။ ဇီဝနတ္ထိ = အသက်မရှိ။ သေသည်။
၈။ ကံကျွေး = လက်ခရိက္ခာ။ အလုပ်အတွက်ပေးသင့်သောအခ။
၉။ ရွာစား = မြန်မာမင်း လက်ထက်တွင် ကျေးရွာ နယ်မြေ ဒေသသတ်မှတ်၍ အခွန်
အတုတ်ကောက်ခံ ယူပိုင်ခွင့်ပေးအပ် ခြင်းခံရသူ။
၁၀။ ရှေးရှူ = ဦးတည်ချက်ထား၍ အာရုံစိုက်သည်။
၁၁။ မိစ္ဆာ = အယူမှားသောသူ။
၁၂။ ဗောဓိသတ် = ဘုရားလောင်း။
၁၃။ လောကတ္တယ = ဘုံသုံးပါး။
၁၄။ ဘဝပါရဂူ = မြတ်စွာဘုရား။
၁၅။ နိတုံဇမ္ဗူ = ပဒုမ္မာဝတ်ဆံအဆင်းရှိသော ဇမ္ဗူရစ်ရွှေ။
၁၆။ ပရိယာယ် = အကြောင်းအမျိုးမျိုး။
၁၇။ ဝေဝုစ် = စကားလှယ်။ စကားပရိယာယ်။
၁၈။ ဉာဏ်ဝက်န္တ = ကောက်ကွေ့သောဉာဏ်။
၁၉။ ပေတလူ = လူပေလူတေ။ လူပေလူညစ်။
၂၀။ လေးစွန်တောင် = ပြန့်ကားနေသော စွန်တောင်နှင့်သဏ္ဍာန်တူသည့်လေး။
၂၁။ ဒိုင်း = ယိုင်နေသောအိမ်စသည်တို့ကို ကန်ထောက်ရသောတိုင်။
၂၂။ ပေါက်လွှတ်ဗရပွ = အထိန်းအကွပ်မရှိဘဲဖြစ်လျက်။
၂၃။ သုံးတိုက်လုံးနတ် = ဘုရားလောင်း။
၂၄။ ဥပဒ် = ဘေးအန္တရာယ်။
၂၅။ ဟောမာ = တော။
၂၆။ မှန်ကူ = မြတ်နိုးထိုက်သောပုဂ္ဂိုလ် (ဘုရား၊ မင်းစသည်)။
၂၇။ သစ်ယောင်း = သစ်ခြောက်။ ဆွေးမြည့်သောသစ်။
၂၈။ ရွှေသုံး = အသက်ကြီး၊ အသက်လတ်၊ အသက်ငယ်ဖြစ်သော အမျိုးသမီးရံရွေတော်
သုံးမျိုး။
၂၉။ ဣန္ဒိပါဒ် = တန်ခိုး။
၃၀။ လတ်တလောချင်း = မဆိုင်းမတွ။ ချက်ချင်း၊ လက်ငင်း။
၃၁။ ပရိတ်ပန်း = ရဟန်းတော်များ ပရိတ်ရွတ်ဖတ်ပြီးနောက် ပရိတ်၏အာနိသင်ကိန်းဝင်
ကျန်နေသောပန်း။
၃၂။ ဆဗ္ဗဏ္ဏရံသီ = အညို၊ အရွှေ၊ အနီ၊ အဖြူ မောင်းသော အရောင်၊ ပြိုးပြိုးပြက်သော အရောင်
ဟူသည့် အရောင်ခြောက်မျိုး။

| | | |
|---|---|---|
| ၃၃။ | အမြုတေ | = အနှစ်၊ အနှစ်သာရ။ ပုလဲ။ (အချို့သောတိရစ္ဆာန်၊ အချို့သောသစ်ပင် တို့၌ ဖြစ်သော အစွမ်းထက်သည်ဆိုသည့် အခဲမာတစ်မျိုး။) |
| ၃၄။ | မုတ္တာ | = ပုလဲ။ |
| ၃၅။ | မူးချိန် | = ကျပ်ချိန် တစ်ကျပ်သား၏ ရှစ်ပုံတစ်ပုံ အလေးချိန်။ |
| ၃၆။ | ရမ်းရော် | = တမ်းတမှန်းဆသည်။ |
| ၃၇။ | ဖုတ်သဘက် | = မြေစောင့်ပြိတ္တာ။ |
| ၃၈။ | ဝေယန် | = နန်းတော်။ |
| ၃၉။ | ယပ်မား | = နန်းတွင်းသုံးအရိုးရှည်ယပ်ကြီး။ |
| ၄၀။ | နာရဏီ | = ရွှေတစ်မျိုး။ |
| ၄၁။ | ဗာရာမင့်းလည်ဆွဲ | = ဗာရာဏသီမင်းကြီး၏မိဖုရား။ |
| ၄၂။ | ရင်ကွဲနာ | = ပြင်းပြစွာပူဆွေး၍ သေလုမြောပါး ဝေဒနာ ကြီးစွာခံစားရခြင်း။ |

## သင်ခန်းစာအကျဉ်း

ဗာရာဏသီမင်း၏ မိဖုရားသုဘဒ္ဒါသည် ဆဒ္ဒန်ဆင်မင်း၏အစွယ်ကိုယူ၍ နားတောင်းပန်ဆင်လိုသောကြောင့် မင်းကြီးက သောနုတ္တရမုဆိုးအားစေခိုင်းသည်။ မုဆိုးလည်း ဆဒ္ဒန်အစွယ်ကိုရအောင် ယူခဲ့ပြီး သုဘဒ္ဒါမိဖုရားထံ ဆက်သသည်။ ဆဒ္ဒန်ဆင်မင်းမှာကြားသော စကားများကိုကြားသိပြီး သုဘဒ္ဒါမိဖုရားသည် ဘဝဟောင်းက ငယ်ပေါင်းနှင့်ပျော်ရွှင်ခဲ့ပုံကို အောက်မေ့တသပြီး ရင်ကွဲနာကျကာ နတ်ရွာစံလေသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ကာရန်ချိတ် စကားပြေသည် ရိုးရိုးစကားပြေထက်ပို၍ ကျစ်လျစ်သည်ဟု ထင်ပါသလား။ ပို၍ ပြေပြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။ ရှင်းလင်းဖြေဆိုပါ။

၂။ (၁) ဆင်မင်း၊ (၂) မုဆိုး၊ (၃) စူဠသုဘဒ္ဒါ တို့ကို ခေါ်ဆိုရည်ညွှန်းသော စကားများကိုထုတ်နှုတ်ပြီး အဓိပ္ပာယ်ရှင်းပြပါ။

၃။ ဤဝတ္ထုအလင်္ကာများက ဝတ္ထုကိုနှစ်သက်ဖွယ်ဖြစ်အောင် မည်သို့ထောက်ကူကြောင်း လေ့လာတင်ပြပါ။

## ပညာသင်ခါမရှက်ရာ

### ကိုလိုနီခေတ်

ပညာသင်ခါမရှက်ရာစကားပြေကို လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသော 'စာဏကျနီတိ' ကျမ်းမှ ကောက်နုတ်ထားသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို မြန်မာနှစ် ၁၂၃၀ပြည့် (ခရစ်နှစ် ၁၈၇၉) တွင် မုံရွာခရိုင်ချောင်းဦးမြို့အနီး ညောင်ဖြူပင်ရွာ၌ မွေးဖွားသည်။ ငယ်မည်မှာ မောင်သန့်စင်ဖြစ်သည်။

ငယ်စဉ်က ညောင်ဖြူပင်ရွာ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၉ နှစ်အရွယ်တွင် သာမဏေဝတ်သည်။ ၁၈ နှစ်အရွယ်ခန့်တွင် လယ်တီဆရာတော်ကြီးထံရောက်၍ ပညာဆည်းပူးရာ ထူးချွန်လှသဖြင့် အရွယ်ရောက်လျှင် လယ်တီဆရာတော်ကြီးကိုယ်တိုင် ရဟန်းဒါယကာခံ၍ ရဟန်းပြုပေးသည်။ ရဟန်းဘွဲ့မှာ ရှင်ပဏ္ဍိတဖြစ်သည်။

ရှင်ပဏ္ဍိတသည် ပါဠိစာပေကျမ်းဂန်များ၊ ကဗျာလင်္ကာများကို လယ်တီဆရာတော်ထံ၌ သင်ယူဆည်းပူးပြီးလျှင် ဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံတွင် သက္ကတစာပေများကို သင်ယူလေ့လာသည်။ လယ်တီတိုက်မှ လာသူဖြစ်၍ လယ်တီပဏ္ဍိတဟုတွင်သည်။ ရဟန်းကိုးဝါအရတွင် လူဝတ်လဲ၍ စာပေများရေးသားပြုစုသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး ဟုကျော်စောသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ထိုခေတ်က မြန်မာစာပေ ရှေ့ဆောင်ဖြစ်သော မြန်မာ့အလင်းမဂ္ဂဇင်း၊ ပညာ့အလင်း မဂ္ဂဇင်းတို့တွင် အယ်ဒီတာလုပ်၍ မဂ္ဂဇင်းခေါင်းကြီးများ၊ ဆောင်းပါးဝတ္ထုများကို တာဝန်ယူရေးသားခဲ့သည်။ ထို့နောက် ကိုလိုနီခေတ်က အထင်ရှားဆုံးနှင့် ခေတ်အမီဆုံးဖြစ်သည့် ဒဂုန်မဂ္ဂဇင်း၌ အယ်ဒီတာချုပ်လုပ်သည်။ ဒဂုန်မဂ္ဂဇင်း၌ရေးသားသော ခေါင်းကြီးပိုင်းများသည် အမျိုးသားရေး၊ လွတ်လပ်ရေး၊ စီးပွားရေး၊ လူမှုရေးအဖြာဖြာများကို ဝေဖန်တင်ပြ ရေးသားချက်များဖြစ်သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် မြန်မာကဗျာကိုသာမက ပါဠိကဗျာကိုပါ နိုင်နင်းစွာရေးနိုင်သည်။ ပါဠိကဗျာ အသွားကိုမှီး၍ မြန်မာ့ရှစ်လုံးဖွဲ့ ကဗျာပုံစံသစ်ကိုလည်း တီထွင်ခဲ့သည်။ စာဏကျနီတိ၊ နီတိမဉ္ဇရီ၊ နီတိမာလာကျမ်းများ၊ ခင်မြင့်ကြီး၊ သန်းသန်း စသောဝတ္ထုရှည်ကြီးများ၊ ထေရီထေရာ စသောဘာသာပြန်များ၊ ပရမတ္ထသံခိပ်ဋီကာ စသောအဘိဓမ္မာကျမ်းကြီးများ၊ မြန်မာရာဇဝင်သံခိပ်နှင့်ရာဇဝင်ဝတ္ထုများ၊ အလင်္ကာနိဿယ၊ ဆန်းနိဿယစသော နိဿယကျမ်းကြီးများကို ရေးသားခဲ့သည်။ ကျမ်းပေါင်းငါးရာကျော် ပြုစုခဲ့သည်။ ထိုသို့စာပေများ ပြုစုခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ပေးအပ်ခဲ့သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် သခင်ကိုယ်တော်မှိုင်းနှင့် အလွန်ချစ်ခင်ရင်းနှီးသည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် တိုင်းပြည်အကျိုးကို စာပေဖြင့်ထမ်းဆောင်ရာတွင် ဦးနှင့်ပဲ့၊ လက်ဝဲလက်ယာ တစ်နေရာစီက ထမ်းဆောင်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်းက မြန်မာရာဇဝင်ကိုအခြေခံ၍ မြန်မာ့ဇာတိသွေး ဇာတိမာန်များနိုးကြားလာအောင် လေးချိုးကဗျာကြီးများ၊ ဋီကာများဖြင့်နှိုးဆွပေးခဲ့သည်။ ထို့အတူ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကလည်း တပင်ရွှေထီး၊ နတ်ရှင်နောင် စသော ရာဇဝင်ဝတ္ထုကြီးများကို ရေးသား၍ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဇာတိသွေး၊ ဇာတိမာန်တို့ရှင်သန်နိုးကြားအောင် လှုံ့ဆော်ရေးသားခဲ့သည်။ သိပ္ပံမောင်ဝက

'ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အရေးအသား ထက်မြက်ရဲရင့်၍ သရော်စာရေးရာ၌ အစွမ်းထက်သဖြင့် ဘားနဒ်ရှောနှင့်တူသည်။ ဆရာဦးမောင်ကြီးမှာမူ အရေးအသား နူးညံ့သိမ်မွေ့၍ ချစ်ခန်းကြိုက်ခန်းနှင့် ရာဇဝင် ဝတ္ထုများကိုရေးရာ၌ အစွမ်းထက်သဖြင့် ဆာဝါလတာစကော့နှင့်တူသည်' စသည်ဖြင့် မှတ်ချက်ချခဲ့သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် သခင်ကိုယ်တော်မှိုင်း၏ တိုက်တွန်းချက်အရ ၁၃၀၀ ပြည့်နှစ် နတ်တော်လတွင် တို့ဗမာအစည်းအရုံးသို့ဝင်၍ သခင်မောင်ကြီး ဖြစ်လာခဲ့သည်။ တို့ဗမာ အစည်းအရုံးက သခင်ကိုယ်တော်မှိုင်း၊ ထိပ်တင်ကိုယ်တော်ကြီး တို့နှင့်အတူ ဦးမောင်ကြီးကို နာယကအဖြစ် တင်မြှောက်ခဲ့သည်။ ပထမတွင် အမျိုးသားရေးကို လက်စွဲပြုရာက နောက်ပိုင်းတွင် တို့ဗမာအစည်းအရုံးဝင် သခင်ဖြစ်လာပြီးနောက် ဆရာကြီး၏စာများ၌ ဆိုရှယ်လစ်ဆန်ဆန် အတွေးအခေါ်များ ဝင်ရောက်လာသည်ကို တွေ့ရသည်။

ဆရာဦးမောင်ကြီးသည် နိုင်ငံ့တာဝန်၊ စာပေတာဝန်တို့ကို ကိုယ်စွမ်းဉာဏ်စွမ်းအလျောက် ဆောင် ရွက်ရင်း ၁၉၇၉ ခု၊ ဧပြီလ ၂၁ရက်တွင် ကွယ်လွန်သည်။

၎င်း ပညာသင်ခါမရှက်ရာ စကားပြေတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ပညာသင်ရွယ်လူငယ်တို့ အား ပညာသင်ရာတွင် လိုက်နာဆောင်ရွက်သင့်သည်တို့ကို ဆိုထုံး၊ စကားပုံ၊ ဥဒါဟရုဏ်များဖြင့် အသိပညာ ပေးထားသည်။

## ပညာသင်ခါမရှက်ရာ

ပညာသင်ကြားသောအခါ အရှက်ကို ပယ်ဖျောက်ရာ၏။ ပညာဆိုသောအရာသည် မရှက်မကြောက် ရှာမှီးစုဆောင်းမှ ရရှိနိုင်သောအရာဖြစ်၍ ပညာကိုရှာမှီးသောသူသည် ရှက်ကြောက်ခြင်းကို မပယ်နိုင်က ပညာတတ်ဖြစ်ရန် ခဲယဉ်းလေသည်။ ပညာရှာပမာ သူတောင်းစားဟူ၍လည်း ရှေးလူကြီးတို့ ပြောစမှတ်ပြုကြလေကုန်သည်။ သူတောင်းစားတို့ မည်သည့် မျက်နှာကိုအောက်ချ၍ အရှက်အကြောက်မရှိဘဲ နည်းများမဆို တောင်းခံရသကဲ့သို့ ထို့အတူ ပညာဆည်းပူးရှာဖွေရာသည်။

တစ်နည်းအားဖြင့် သူတောင်းစားတို့၏ အိတ်ထဲမှာ တောင်းခံ၍ရသမျှတွေကို အလုံးစုံထည့်သွင်းသကဲ့သို့ ထို့အတူ ပညာရှာမှီးသောသူသည် မည်သူ့ထံမှမဆိုရရှိသော ပညာရပ်များကို မိမိ၏စိတ်နှလုံးတွင်းမှာ အမြဲ သွတ်သွင်းမှတ်ပိုက်၍ ထားရာသည်။ ပညာသင်ကြားသောအခါ မည်သူ့ထံမှာ ပညာမသင်ချင်၊ မည်သူသည် မိမိကဲ့သို့ဂုဏ်ထူးမရှိ စသောအားဖြင့်လည်း အရှက်ကိုငဲ့ဂုဏ်ကိုငဲ့နှင့် တိမ်းရှောင်၍မနေရာ။ မိမိထက် အသက်အရွယ်ငယ်သော သူပင်ဖြစ်စေကာမူ ထိုသူမှာပညာ တစ်စုံတစ်ခုရှိ၍ မိမိဆည်းကပ် သင်ယူထိုက်ပါလျှင် ထိုသူ့ထံမှာကျိုးနွံစွာ ဆည်းကပ်၍ သင်ကြားရာ၏။

ဥပမာ၊ ပျားရည်ကို အလိုရှိသောသူသည် မည်သည့်သစ်ပင်မှာရှိသော ပျားရည်ကိုသာယူမည်ဟု သဘောမထားဘဲ ကြက်ဆူပင်မှာဖြစ်စေ၊ တမာပင်မှာဖြစ်စေ၊ မည်သည့်သစ်ပင်မှာဖြစ်စေ၊ ပျားရှိသော သစ်ပင် သာလျှင် ထိုသူအလိုရှိအပ်ရာ ဌာနဖြစ်လေသည်။

ပညာသင်ကြားသည့်အခါ နှိမ့်ချကျိုးနွံစွာ ပြုလုပ်ရမည့် အချက်ကိုလည်း ရှက်ကြောက်ရမည်မဟုတ်ချေ။ သင်ပြသော ဆရာအပေါ်မှာ ဂါရဝ၊ နိဝါတတရားကိုရှေ့ထား၍ သင်ကြားရာ၏။ မာန်မာနရှိလျှင် ရှက်သလို-ကြောက်သလိုပြုလုပ်၍ နေတတ်လေ၏။ သို့ဖြစ်၍ မာန်မာနသည် ပညာ၏ရန်သူကြီးဟူ၍ ဆိုကြလေသည်။ မာန်မာနခုခံ၍နေလျှင် ပညာသည် တတ်သိသလောက် မတတ်ဘဲရှိတတ်လေ၏။

ပညာသင်ကြားချိန်အခါ အဝတ်အစား အဆောင်အရွက်များကို တခမ်းတနား ကြွားကြွားဝါဝါ မပြုထိုက်ချေ။ အဝတ်အစား မပြောင်လက်သည့်အတွက် ပညာသင်ကြားရန် ရှက်ကြောက်သည်ဟူ၍လည်း မငြင်း ဆန်သာချေ။ ယခုအခါ အင်္ဂလိပ်ပညာသင်ကျောင်းမှာ နေထိုင်ကြသော ကျောင်းသားသူငယ်တို့သည် အဝတ်အစားများကို များစွာဂရုစိုက်၍ အတုအပများပြုလုပ် တတ်ကြကုန်၏။ ပညာရေးထက် အဝတ်တန်ဆာအရေးကို အထူးဂရုစိုက်သလိုပင် ဖြစ်နေကြကုန်သည်။

ထိုအဝတ်အစားများသည် မိဘတို့ကထောက်ပံ့သော အရာများသာဖြစ်ချေ၏။ မိမိတို့အစွမ်းသတ္တိနှင့်ရှာကြံ၍ရသော အရာများမဟုတ်ကြလေကုန်။ မိဘတို့သည် ပညာသင်ကြားရသော စရိတ်အပြင် အဝတ်အစားကိုလည်း ကုန်ကျခံရလေကုန်၏။ အဝတ်အစားဘက်သို့ ပညာသင်ကြားရင်း ဂရုစိုက်နေလျှင်စိတ်မြင့်၍ ပညာဘက်မှာ ဝီရိယလျော့ပါး တတ်လေသည်။ ပစ္စည်းဥစ္စာ များစွာမရှိသောသူတို့လည်း ပစ္စည်းရှိ၍ အဝတ်အစားပြောင်လက်သော သူငယ်တို့ကိုအတုခိုး၍ ဝတ်ချင်စားချင် ဖြစ်တတ်ကြကုန်သည်။ ထို့ကြောင့် ပညာသင်ကြားရင်း အဝတ်အစားကို အထူးဂရုစိုက်ထုတ်၍ ဝတ်ဆင်ခြင်းသည် သူတစ်ပါးတို့အားလည်း ကြွားဝါခြင်း

ကို နည်းပေးသကဲ့သို့ ဖြစ်တတ်လေသည့်အပြင် မိမိတို့၏ မိဘတို့အားလည်း ငွေများစွာကုန်အောင် ပြုလုပ်ခြင်း တစ်နည်း ဖြစ်လေသည်။

ပညာချင်းဂုဏ်ပြိုင်သင်လျှင် တတ်မြောက်လွယ်၏။ အဝတ်အစားချင်း ဂုဏ်ပြိုင်လျှင် ပညာကို ဆုတ်ယုတ်စေတတ်၏။ အဝတ်အစားချင်း ကြွားဝါခြင်းသည် မာန်မာနကိုအားပေး၏။ ထိုမာန်မာနသည် ပညာ၏ အန္တရာယ်ဖြစ်၏။ သို့ဖြစ်၍ မိဘဖြစ်သူတို့ကလည်း ပညာသင်ကြားစဉ်အခါ သားသမီးတို့ အဝတ်အစား စသော မာန်မာနတက်ကြွဖွယ်၊ စိတ်ပြောင်းဖွယ်အရေးဖြင့် အားမပေးကြဘဲ သင့်လျော်စွာနှင့် ပညာတတ်မြောက်ဖို့အရေးကိုသာလျှင် အားပေးသင့်ပေသည်။ ပညာသင်သည့်အချိန်မှာ ကိုယ်နှင့်စိတ်များကို နှိမ့်ချနိုင်သမျှ နှိမ့်ချထားရာ၏။ ထိုသို့နှိမ့်ချမှုအတွက်နှင့် ရှက်သည်ဟူ၍လည်း မရှိစေရာ။ ထိုသို့ပညာသင် ခိုက်မှာ နှိမ့်ချလေသမျှသည် နောင်အခါပညာတတ်မြောက်၍ ကြီးမြင့်ဖို့ရန်သာဖြစ်လေသည်။ သို့ဖြစ် လေသောကြောင့် ကြွားဝါခြင်း မာန်မာနများကို ရှောင်ရှားဖယ်ကြကုန်ရာ၏။

လယ်တီပဏ္ဍိတဦးမောင်ကြီး

## ခက်ဆစ်အဖွင့်

၁။ အလုံးစုံ = အားလုံး။ ခပ်သိမ်း။
၂။ မှတ်ပိုက် = ယူဆသည်။ ခိုင်မြဲစွာခံယူထားသည်။
၃။ ကျိုးနွံ = ရိုသေခန့်ညားသည်။
၄။ ဂါရဝ = အရိုအသေပေးခြင်း။ လေးစားခြင်း။
၅။ နိဝါတ = မိမိကိုယ်ကိုနှိမ့်ချခြင်း။ မာနကိုချိုးနှိမ်ခြင်း။
၆။ မာန်မာန = ထောင်လွှားမောက်မာမှု။ ခက်ထန်မှု။
၇။ စိတ်မြင့် = မိမိကိုယ်ကိုအထင်ကြီးသည်။ စိတ်ကြီးဝင်သည်။

## သင်ခန်းစာအကျဉ်း

ပညာသင်ချိန်တွင်အရှက်အကြောက်၊ မာန်မာနများ ပယ်ဖျောက်သင့်ကြောင်း၊ မိမိထက်အသက် အရွယ်ငယ်သူပင် ဖြစ်စေကာမူ ပညာတစ်စုံတစ်ခုရှိပါက ဆည်းကပ်သင်ယူရမည်။ ပညာသင်ယူသည့်အခါ နှိမ့်ချကျိုးနွံစွာ ပြုလုပ်ရခြင်းကိုလည်း ရှက်ကြောက်ရမည်မဟုတ်ပေ။ အဝတ်အစားအရာ၌လည်း ကြွားဝါ ယှဉ်ပြိုင် မနေသင့်ပေ။ ပညာချင်းဂုဏ်ပြိုင်သင်လျှင် တတ်မြောက်လွယ်သည်။ ပညာသင်စဉ် အရှက် အကြောက်နှင့် ကြွားဝါခြင်းမာန်မာနများကို ရှောင်ရှားသင့်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ဤကောက်နုတ်ချက်ကိုကိုးကားပြီး အောက်ပါတို့ကို စာတစ်ပိုဒ်စီဖြင့် ရှင်းလင်းအောင် ရေးသားတင်ပြပါ။

(က) ပညာသင်စဉ် အချက်အကြောက် ပယ်ဖျောက်သင့်ပုံ

(ခ) ပညာသင်စဉ် ကြွားဝါမှုရှောင်သင့်ပုံ

(ဂ) ပညာသင်စဉ် မာန်မာနမထားသင့်ပုံ

၂။ ဤကောက်နုတ်ချက်တွင် သုံးထားသော ဥပမာအလင်္ကာများကို ဖော်ထုတ်ရှင်းပြပြီး ထိုအလင်္ကာများသည် ပညာသင်ကြားသူတို့ အတွက် မည်သို့အထောက်အကူပြုကြောင်း ရှင်းပြပါ။

## မိတဆိုးရှင်ပြု

## ကိုလိုနီခေတ်

ဦးဖိုးကျားကို မြန်မာနှစ် ၁၂၅၂ ခု(ခရစ်နှစ် ၁၈၉၁) တွင် ဟင်္သာတခရိုင်၊ နိဗ္ဗာန်ရွာ၌ဖွားမြင်သည်။ ငယ်စဉ်ကနိဗ္ဗာန်ရွာ ဦးသာသနကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး အသက် ၂၇ နှစ်အရွယ်တွင် ပုသိမ်မြို့ တိုင်တစ်ရာကျောင်းမှ အင်္ဂလိပ်မြန်မာ ဆယ်တန်းအောင်ခဲ့သည်။ ထို့နောက် ယုဒသန်ကောလိပ်၌ ပညာ ဆက်လက်သင်ယူခဲ့သည်။

၁၉၂၀ ပြည့် ကျောင်းသားသပိတ်ကြီးတွင် ဦးဖိုးကျားသည် ထင်ရှားသောခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အမျိုးသားပညာဝန်အဖြစ် ထက်သန်စွာဆောင်ရွက်ခဲ့သည်။ ဦးဖိုးကျားသည် ကျောင်းသားကြီး ဘဝကပင် စာပေရေးသားမှုအစပြုခဲ့သည်။ မျိုးချစ်စိတ်အရင်းခံဖြင့် ခေတ်ပြင်ဆောင်းပါးများကို ရေးသားခဲ့ရာ မြန်မာစာပေလောက၌ အမျိုးသားပညာဝန် ဦးဖိုးကျားဟူသောအမည်သည် ထင်ရှားခဲ့သည်။

ခေတ်မီ မြန်မာရာဇဝင်အကျဉ်းချုပ်၊ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ၊ ပေါရာဏအဘိဓာန်၊ ပုသိမ်ရာဇဝင်၊ ဦးထွန်းရှိန်အတ္ထုပ္ပတ္တိ၊ ဦးပုညအတ္ထုပ္ပတ္တိ (ရေသည်ပြဇာတ်နိဒါန်း) တို့ကို ရေးသားပြုစုခဲ့သည်။ ရေသည်ပြဇာတ်နှင့် ဝိဇယပြဇာတ်တို့ကို တည်းဖြတ်ခဲ့သည်။ ဦးဖိုးကျားသည် ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးရင်း မြန်မာနှစ် ၁၃၀၃ ခု (ခရစ် ၁၉၄၂) တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၌ ကွယ်လွန်သည်။

ဦးဖိုးကျားသည် အမျိုးသားကျောင်းကိစ္စများနှင့် ပတ်သက်ပြီး အရပ်ရပ်အနယ်နယ်သို့ ရောက်ရှိ တွေ့ကြုံသိခဲ့ရသည်တို့ကို အခြေပြုကာ 'ကိုယ်တွေ့ဝတ္ထုများ' ရေးသားခဲ့သည်။ ဤဝတ္ထုမှာ တစ်ပုဒ်အပါအဝင် ဖြစ်သည်။ ဦးဖိုးကျားသည် ရဲရင့်သောမြင့်မြတ်သောစိတ်၊ တည်ကြည်သောစိတ်၊ တိုးတက်ကြီးပွားလိုသောစိတ်၊ မကောင်းသည်ကိုပယ်၍ ကောင်းရာဘက်သို့ ပြုပြင်လိုသောစိတ် စသည့် စိတ်ကောင်းစိတ်မြတ်များကို ဖြစ်စေမည့် ကိုယ်တွေ့ဝတ္ထုများ၊ သတ္တိနှင့်အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ရေးကို ဦးတည်သည့် ကိုယ်တွေ့ ဝတ္ထုများကို ရေးသားခဲ့သည်။

ဦးဖိုးကျားသည် ကိုယ်တွေ့ဝတ္ထုများအပြင် ထိုစဉ်ကထွက်ပေါ်ခဲ့သော တိုးတက်ရေးမဂ္ဂဇင်း၊ ဆယ်သန်း စာစောင်၊ ဂျင်းသတင်းစာနှင့် မဂ္ဂဇင်း၊ စာဆိုတော်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ အမျိုးသားပညာရေး မဂ္ဂဇင်း စသည်တို့တွင် ဆောင်းပါးများကို ၁၉၃၀ ပြည့်နှစ်မှ စတင်ရေးသားခဲ့သည်။ ၁၉၃၅ ခု၊ ဇန်နဝါရီလ တိုးတက် ရေးမဂ္ဂဇင်းတွင်ဖော်ပြခဲ့သော အမျိုးသားနေ့ဆောင်းပါးကိုလည်း ရွေးချယ်ပြဌာန်းထားပါသည်။

ဦးဖိုးကျားသည် ခေတ်စကားပြေ ရှေ့ဆောင်တစ်ဦးဖြစ်သည်။ လွယ်ကူရှင်းလင်းသော စကားပြေကို ရေးလေ့ရှိသည်။ အရေးအသား၌ ပင်ကိုဟန်ရှိသည်။ သူ့ပင်ကိုဟန်သည် ဖျတ်လတ်သွက်လက်၍ စိတ်ဝင် စားဖွယ်ကောင်းသည်။ တိုတိုနှင့်လိုရင်းသို့ရောက်အောင် ဒိုးဒိုးဒေါက်ဒေါက် ရေးနိုင်သည်။ သူ့အရေးအသားကို မိတဆိုးရှင်ပြု နှင့် အမျိုးသားနေ့တို့တွင် တွေ့ရပေမည်။

## မိတဆိုးရှင်ပြု

လွန်ခဲ့သော ၃ နှစ်လောက်က ရန်ကုန်ပြည် မီးရထားလမ်းရှိ လက်ပံတန်းမြို့သို့ ကျောင်းစစ်ရောက်၏။

ထိုမြို့အမျိုးသားကျောင်း၊ ကျောင်းအုပ်ကြီးမှာ ဦးစံရွှေဖြစ်၍ လွန်ခဲ့သော ၁၂၈၂ ခုနှစ် သပိတ်မှောက်စက ပါရင်းစွဲသပိတ်မှောက် ကျောင်းသားဟောင်းဖြစ်၏။ လက်ပံတန်းမြို့ အမျိုးသားကျောင်းတွင် ၁၇ နှစ်လုံးလူ၊ စိတ်၊ ငွေ အပင်ပန်းအနစ်နာခံ၍ ဆောင်ရွက်ပြီးနောက် ၁၂၉၉ ခုနှစ်ကုန်ခါနီးတွင်မှ မိမိပြုစုပျိုးထောင်ခဲ့သော အမျိုးသားကျောင်းကြီးကို လည်းကောင်း၊ သားမယားအရင်းအချာတို့ကို လည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေရင်းချာတို့ကို လည်းကောင်း စွန့်ပစ်ကာ ဘဝတစ်ပါးပြောင်းသွား ကွယ်လွန်လေသတည်း။ ကောင်းမွန်ရာသို့ရောက်၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေသောဝ်။

ဆိုခဲ့သော ၃ နှစ်က ကျွန်ုပ်၊ ဦးစံရွှေ၊ ဆရာတစ်ယောက်၊ ကျောင်းသား ၅ ယောက်၊ ပေါင်း ၈ ယောက်လူတစ်စုသည် မြို့အရှေ့ဘက်ဆီ၌ရှိသော တောင်ခြေသို့လှည်းနှင့် အလည်အပတ် သွားရောက်ကြ၏။ တောင်ခြေရွာကလေးတစ်ခုဖြစ်သော ကျွဲခြံရွာသို့ရောက်ရှိ၊ သူကြီးဦးလှဖေ၏ အိမ်တွင် စတည်းချကြ၏။

လည်ပတ်ချက်ပြုတ် စားသောက်နေကြ၍ တစ်ညအိပ်ပြီးနောက် ညနေတွင်မလှမ်းမကမ်းရွာငယ်တစ်ခုမှပြောသံကြားရသဖြင့် မေးမြန်းကြည့်ရာ တစ်ခေါ်သာသာလောက်ဝေးသော ဖိုးဝိုင်းအစုခေါ် ရွာငယ်ကလေးမှ ကိုထွန်းကျော်၏သား ရှင်ပြုအလှူဖြစ်ကြောင်း ကြားသိရ၏။

ကျွန်ုပ်သည် ပြောသံကို နှစ်သက်ကြည်ညိုရင်းရှိသည့်ပြင် တောရွာရှင်ပြုသို့လည်း ရောက်လိုသည်နှင့် ဦးစံရွှေနှင့်တိုင်ပင်ကာ ကျွန်ုပ်တို့ သုံးလေးယောက် လျှောက်လာခဲ့ကြ၏။

ဖိုးဝိုင်းအစုမှာ ကျွဲခြံသူကြီးအပိုင် ကျွဲခြံရွာမှခွဲနေသော ခြောက်အိမ် ခုနစ်အိမ်မျှရှိသည့် အိမ်စုကလေးဖြစ်၏။ ထိုအိမ်စုတွင် အကြီးအမှူးဟု အသိအမှတ်ပြုသော ဆယ်အိမ်ခေါင်း ဦးဝိုင်းကိုအစွဲပြု၍ 'ဖိုးဝိုင်းအစု' ဟု ခေါ်ခြင်းဖြစ်သည်။

အလှူအိမ်ဖြစ်သော ကိုထွန်းကျော်၏အိမ်မှာ တဲသာသာမျှရှိသော ဝါးအိမ်ငယ်ဖြစ်၍ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးခင်းဖြစ်၏။

ဘုံပြာသာဒ်၊ မုခ်တို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်အပ်သော မဏ္ဍပ်မလိုချေ။ အိမ်ရှေ့နှင့်အိမ်ဘေးရှိသစ်ပင်ကြီးတို့သည် ဓမ္မတာအလျောက် ပေါ်ပေါက်၍နေသော မဏ္ဍပ်များဖြစ်ပေ၏။

အိမ်ရှေ့ခေါင်းရင်းဘက် သရက်ပင်အောက်တွင် ချုံချာသော သစ်သားခုတင်ဟောင်း တစ်ခုချထားပြီးလျှင် ခုတင်ပေါ်၌ နီးကြောဖျာ တစ်ပတ်နွမ်းထောင့်စုတ်ခင်းရ၏။ ဟိုရှေးကထုံးစံအတိုင်း ပရိက္ခရာတစ်ပွဲ၊ ကွမ်းတောင်တစ်ခု၊ ကန်တော့ပွဲတစ်ခု၊ သပြေရွက်၊ အုန်းရွက်နှင့် တောပန်းတစ်ခက် နှစ်ခက် စိုက်ထားသောပရိတ်အိုးတစ်ခုတို့ကိုထား၏။

ရှင်လောင်းမှာ ၁၁ နှစ် ၁၂ နှစ်သားလောက်ရှိမည် ထင်သည်။ မြေ၊ ရေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါးနှင့်သမလျက် ကျွဲကျောင်းသား၊ နွားကျောင်းသားဖြစ်၍ ကိုယ်လုံးကိုယ်ဖန်ကောင်း၏။ လုံချည်တိုတို တစ်ထည်နှင့်ကြီးခဲ့ရသူဖြစ်၍ အသားမည်းညစ်၏။ အင်္ဂလိပ်ကျောင်းသားကဲ့သို့ ဗိုလ်ဆံတောက်ဖြတ်ခြင်း၊ တို့ပတ်ရိုက်ခြင်း၊

ရေမွှေးဆွတ်ခြင်း စသည်တို့ကို မပြုခဲ့ရ။ ခေါင်းတုံးပြောင်ပြောင်နှင့် ဖြစ်၏။

စွပ်ကျယ်လက်တိုနှင့် ပိတ်လုံချည်အဖြူကို ဝတ်ဆင်ထားသဖြင့် ဖိုးသူတော်အငယ်စားပင်ဖြစ်၏။ ချည်မျှင်စလွယ် တစ်ခုသာ ဖိုးသူတော်ထက် သာလေသည်။

အဆိုပါ 'ခုတင်ကြမ်းပေါက်၊ သုံးချောင်းထောက်' အပေါ်၊ နီးကြောဖျာထက်တွင် အကြွင်ရှင်လောင်းသည် တင်ပျဉ်ခွေလိုက်၊ ဒူးတုပ်လိုက်၊ ဆောင့်ကြောင့်ထိုင်လိုက်၊ ဟိုကြည့်လိုက်၊ သည်ကြည့်လိုက်နှင့် အချိန်ကုန်လွန်စေ၏။ မိမိမွေးပြီးစခုနစ်ရက်လောက်၌ ကင်ပွန်းတပ်သော ပထမမင်္ဂလာ၊ နောက်ယခုရှင်ပြု မင်္ဂလာကြီးသည် ဤရှင်လောင်း ငပုအတွက် ဒုတိယမင်္ဂလာကြီးဖြစ်၏။ သီးသန့်ထားသော နေရာအမြင့်အမြတ်တွင် မိမိတစ်ဦးတည်း အဝတ်သစ်အစားသစ်နှင့် ထိုင်နေရသည့်အပြင် လူအများဝိုင်း၍ကြည့်ရသော လူတစ်ယောက်ဖြစ်လာသည့်အနေဖြင့် ငပုသည် အလွန်နှစ်သက် ဝမ်းမြောက်ပုံလည်းရ၏။ စိတ်ကြွမြောက်နေပုံ လည်းရ၏။

ကွဲနွားကျောင်းဖက်၊ ကျည်းသားရိုက်ဖက်၊ ငှက်ပစ်ဖက်၊ ငါးရှာဖက်လည်းဖြစ်ကြသော ခေါင်းတုံး၊ ရောင်ထုံး၊ ဗိုက်ပူ၊ ရင်ကော့နှင့် အကွက်မပေါ်သော ချည်လုံချည်ထည်ချင်းဖြင့် တန်ဆာဆင်ခြင်းလည်း ရှိထသော၊ နှပ်ကြောင်း၊ ကြေးကြောင်း၊ ကြေးကွက်တို့နှင့် မက်ဖွယ်၊ ချစ်ဖွယ်၊ နှစ်သက်ဖွယ်လည်း ဖြစ်ထသော ထိုထိုငယ်ပေါင်း သူငယ်ချင်းကောင်းများဖြစ်ကြသော ငချစ်၊ ငတေ၊ ငရွှေ၊ ငခွေး၊ ငအေး၊ ထွန်းပေါ်၊ ငကျော် စသောလူတစ်စုသည် ရှင်ပြုမည့်လူထူးကို အဖူးအမြော်၊ အပျော်အပြက်၊ ဝိုင်းလျက်တသောသော၊ အာလာပ သလ္လာပ ပြောဟော၍ နေကြလေသတည်း။

မိန်းမသူငယ်ချင်းများလည်း ရှိကြသေးတမုံ့။ ၎င်းတို့အနက် သွက်လက်သော မိပန်းသည် နားခမ်းပြတ်လုံချည်၊ တစ်ထည်သော ဖျင်အင်္ကျီနှင့် ထိုငချစ်၊ ငတေစသော ယောကျ်ားကလေးတို့ကို တိုးဝှေ့ဖယ်ရှား၍ အနားသို့ကပ်ရောက်ကာ . . . .

'ငပုရယ်၊ နင်တော့ကိုရင်ဖြစ်ရင်၊ ညနေမှာထမင်းသိပ်ဆာမှာပဲနော်။'

'အောင်မယ် . . ၊ မိပန်းရယ်၊ ငါအကျင့်လုပ်ထားပါတယ်ကွယ်။ မဆာပါဘူး။ဆာရင်လည်းလေ၊ ထန်းလျက်တို့၊ သကြားတို့စားရတယ်တဲ့ခင်ဗျ။'

'အေး . . . အေး၊ ဆာရင်လည်းအောင့်ထားတာပေါ့ကွယ်။ နင်လူထွက် တော့လေ၊ ငါလာကြိုမယ်နော်။ တို့အိမ်မှာ ထမင်းစားသိလား။ ပြီးတော့ တို့နွားကျောင်းတဲ့ ထိန်အင်းထဲကို သွားလည်ရအောင်နော် . . . နော်။'

'အေးပါကွယ်၊ လည်တာပေါ့။'

ထိုအခါ ငခွေးကဝင်၍ 'ဟေ့မိပန်း၊ နင်တို့နှစ်ယောက်ထဲလား။ တို့ကောမလိုက်ရဘူးလား။'

'ဟာ၊ လိုက်ရတာပေါ့ကွဲ့။ အကုန်လုံးသွားရင်သာတောင် ပျော်သေးတာပေါ့။'

ငတေ။ ။ 'အမယ် . . . . ၊ နင်ကတို့ကို လိုက်စေချင်မှာ မဟုတ်ပါဘူး' ဟု ရယ်၍ပြောလေ၏။

မိပန်း။ ။'ဟေ့ . . . ၊ငတေဘာပြောတာလဲ။ နင်ပြောင်စရာလား။ ဘာမှတ်လို့လဲ' ဆို၍ ငတေ့ အနားသို့ လက်သီးဆုပ်၍ ကပ်သွားလေ၏။

ငတေကားနောက်သို့ယို့သွားပြီး 'ကျီစားတာပါကွယ်၊ မိပန်းကလည်း စိတ်ချည်းပဲ။'

'ဒီလိုမကျီစားရဘူး။ နောက်တစ်ခါပြောရင်တော့ နားရွက်ကိုဆွဲပြီး အမွှေ့ခံရမယ်သိရဲ့လား။'

မိပန်းစသော သူငယ်မတို့မှာ ယောကျ်ားကလေးများနှင့် အနေအစားအခွင့်တူ၊ တန်းတူဖြစ်ကြ၍ ရဲရင့်သန်မာကြ၏။ အပြေးအလွှား၊ အခုန်အကျော်၊ ထုပ်ဆီးတမ်း၊ ဖန်ခုန်တမ်းတို့မှာလည်း စွမ်းကြ၏။ တစ်ခါတစ်ခါယောကျ်ားကလေးများနှင့် နပန်းပင်လုံးရ၏။ မိပန်းတို့ အောက်မကျပေ။ ထွေခင်းတမ်းကစားရာ၌ မိပန်း၏အစီးကို ထိုယောကျ်ားကလေးများ မခံဖူးသူမရှိချေ။

ကျွန်ုပ်တို့ရောက်လျှင် ညနေ ၅ နာရီလောက်၌ မိဆိုင် ဖဆိုင်နတ်များကို ကန်တော့ရန်ဟု အိမ်ရှေ့ ကုက္ကိုပင်ကြီးအောက်တွင် ကျူထရံဖျာတစ်ချပ်နှင့် ကန်တော့ပွဲတစ်ခုထား၏။ ရှင်လောင်းက ရှေ့ထိုင်၍ ရှိခိုးနေ၏။ အဖလုပ်သူက ဘေးနားကထိုင်ကာ လက်ယှက်နေ၏။

ရှင်လောင်းအဖ ကိုထွန်းကျော်သည်ကား ၃၅ နှစ်ကျော်လောက် ရှိမည်ထင်သည်။ တောသား၊ လုပ်စားကိုင်စားဖြစ်၍ တုတ်ခိုင်သန်မာ၏။ ပုံကြမ်း၏။ အသားမည်းညို၏။ သားရှင်ပြုအလှူတော်ကြီးတွင် ဝတ်စားရန်ဟု မနေ့တစ်နေ့ကမှလက်ပံတန်းဈေးက တစ်ကျပ်မူးတင်းနှင့် ဝယ်ခဲ့သောအနီရောင်လုံချည် အသစ်စက်စက်ကိုဝတ်ထား၏။ ကော်မကျိုးသေး၍ ပွယောင်းကာ ထောင့်ဆွဲပြီးလျှင် မညီမညွတ်အချိုးမကျဖြစ်ရ၏။ အကျီမှာ ငါးပဲတန် အပါးစားစွပ်ကျယ်ဖြစ်၍ ကြီးမားသောကိုယ်နှင့်မလိုက်၊ တင်းကျပ်ကာ အကျီလက်မှာ လက်မောင်းရင်းသို့ကပ်နေ၏။ အကျီပါးလေသဖြင့် အတွင်းကမည်းညိုသော အသားရောင်ကိုလုံးဝ ပျောက်ကွယ်အောင် ဖုံးအုပ်ခြင်းငှာမစွမ်းချေ။ ခေါင်းတုံးပြောင်ပြောင်တွင် တစ်ပတ်နွမ်း မျက်နှာသုတ်ပဝါကို ပတ်ပေါင်းထား၏။

ဤသို့နတ်ကန်တော့ရန် ထိုင်နေကြစဉ် အမိကိုမမြင်၍ မေးမြန်းကြည့်ရာ လွန်ခဲ့သောနှစ်ကသေဆုံးသွားကြောင်း၊ မိတဆိုးဖြစ်ကြောင်း သိရသောအခါ ကျွန်ုပ်တို့ဝမ်းနည်းကြရကုန်၏။

ကန်တော့ကြမည်ဟု ဦးချသောအခါ အိမ်ခြေရင်းဘက်ကျကျ ကြို့ပင်အောက်မှ ပြောဆရာတို့က နတ်ဒိုးတီး၍ ပေးလိုက်ကြလေ၏။ နတ်ဒိုးသံသည် စိတ်ကိုအလွန်ထိခိုက် လှုပ်ရှားသွားစေနိုင်သည်။ ကျွန်ုပ်တို့ ယောကျ်ားများပင် ရှိုးရှိုးရွရွတုန်လှုပ်လာကာ လွမ်းသလိုလို၊ ကြောက်သလိုလို ကြက်သီးများပင်ထ၍ စိတ်တို့သည် ချောက်ချားလွင့်မြောက် ရှိကြရကုန်၏။ မိန်းမတို့ကား ဆိုဖွယ်ရာမရှိ။ လူစိတ်ပျောက်သွားလောက်အောင် နတ်ဝင်ကြသည်ဆိုသည်မှာ ဟုတ်တန်စရာရှိ၏။

ဤသို့ နတ်ဒိုးတီးပေးစဉ် ကန်တော့သောအခါ ကိုထွန်းကျော်သည် မိဘမစုံ မိတဆိုးဖြစ်ရှာသော သားငယ် ရှင်လောင်းကိုကြည့်၍ လည်းကောင်း၊ သွားလေသူ မိမိ၏ဇနီးမသင်၏ နေရာကွက်လပ်ကို ကြည့်၍ လည်းကောင်း၊ ဝမ်းနည်းပက်လက် စိတ်လက်မသာ ဖြစ်ရရှာလေ၏။ ထို့ကြောင့်လည်း မျက်နှာနီလာ၍ မျက်တောင်မြန်မြန်ခတ်ကာ ခေါင်းအောက်စိုက်လိုက်သည်ကို မြင်လိုက်ရ၏။

ကျွန်ုပ်တို့လည်း ဣန္ဒြေမဆည်နိုင်ကြကုန်။ လူ၏စိတ်ကို လှုပ်ရှားစေသော နတ်ဒိုးသံကိုလည်းကောင်း၊ မိတဆိုးမျက်နှာငယ် ရှင်လောင်းကိုလည်းကောင်း၊ မျက်ရည်စက်လက်နှင့် ရှင်လောင်း၏ဖခင်ကိုလည်းကောင်း

ကျွန်ုပ်တို့ကြားရမြင်ရ တွေ့ရသောအခါ အသို့လျှင်စိတ်ကို ချုပ်တည်းနိုင်ကြအံ့တော့နည်း။

ဤတွင်မပြီးသေး။ ကန်တော့ခြင်းကိစ္စပြီး၍ မကြာမီပင်ပြောဆရာတို့က ပြောဆက်၍တီးလိုက်ပြန်သောအခါ နတ်ဒိုးထက်ပင် ဆိုး၍သွားလေတော့၏။ ပြောသံသည် တန်ခိုးကြီးလှ၏။ ကြည်နူးစိတ်၊ ကြည်ညိုစိတ်၊ ယိုဖိတ်စိတ် ဖြစ်ပွားစေသည့်အပြင် လွမ်းစိတ်၊ မျှော်ခေါ်စိတ်၊ လွင့်မြောက်စိတ်တို့ကိုလည်း ဖြစ်စေနိုင်၏။

ဤပြောအတီးတွင်ကား ကိုထွန်းကျော်သည် အိမ်နောက်ဖေးသို့ ထွက်သွားကာ ရှိုက်ကြီးတငင် ပူပင်လှိုက်ဖို၊ ကြိတ်၍ ငိုရှာလေတော့သတည်း။ ‘မယ်သင်ရယ်၊ သားကိုရှင်ပြုပြီးအောင်မှ မစောင့်ဘူးလားကွယ်’ ဟု ကျွန်ုပ်တို့ကြားလိုက်ရ၏။

သားငယ်ငပုသည်လည်း အဖနောက်သို့လိုက်ကာ အဖ၏လက်ကို ကိုင်စွဲမှီတွယ်၍ ဘယ်ဆီဘယ်လမ်း၊ ဘယ်စခန်းမှမျှော်မှန်း၍ မရနိုင်သော အမိကိုတမ်းတလျက် သားအဖနှစ်ယောက် ငိုပွဲ ဆင်ကြလေသတည်း။

ကျွန်ုပ်တို့လူစုလည်း ထိုသားအဖနှစ်ယောက်အနီးသို့ ရောက်မှန်းမသိရောက်သွားကာ မျက်ရည်လည်ရွဲနှင့် ဖြစ်ကြရကုန်၏။

ကိုထွန်းကျော်သည် ကျွန်ုပ်တို့ကို ပြောယောင်ယောင်ဖြင့် ‘မယ်သင်သာရှိရင်တော့ဗျာ . . . ’ ဟူ၍ ဤတစ်ခွန်းကိုသာ ပြောတတ်ရှာ၏။ ဤတစ်ခွန်းကိုသာ ပြောနိုင်တော့၏။

သို့ရာတွင် ဤ ‘မယ်သင်သာရှိရင်တော့ဗျာ’ ဆိုသော စကားတစ်ခွန်းသည် အလွန်ကျယ်ဝန်း များပြားလေးနက်သော အဓိပ္ပာယ်ကို ဆောင်လေတော့၏။

ဤလေးလုံးလေးဖက်ယောကျ်ားကြီးသည် ဖွဲ့နွဲ့ချွဲပျစ်၍ အော်ဟစ်ငိုသည်မဟုတ်ဘဲ လှိုင်းထသောရင်အုံဖြင့် အတွင်းကဆူလှိုက်၍ ကြိတ်ကာငိုကြွေးနေသည်ကို မြင်ကြရသောအခါ မည်သူမျှ စိတ်မတင်းနိုင်တော့ချေ။ ကျွန်ုပ်တို့မိတ်ဆွေဦးစံရွှေမှာ မျက်ရည်စမ်းစမ်းနှင့် တစ်ဖက်သို့လှည့်နေ၏။ ကျွဲခြံသူကြီးသည် ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ မကြာမကြာနှပ်ညှစ်ရလေ၏။ ကြည့်နေသော မိန်းမကြီးငယ်တို့လည်း အင်္ကျီလက်၊ တဘက်စသည်ဖြင့် မကြာမကြာ မျက်ရည်သုတ်ကြ၏။ အဘိုးကြီးများပင် ဟိုလိုလိုသည်လိုလိုလုပ်ကာ ရှောင်ခွာသွားကြရကုန်၏။

ငတေတို့၊ ငခွေးတို့လူစုနှင့် မိပန်းတို့တစ်စုသည်လည်း မိမိတို့၏ကစားဖက်ကို မကြည့်ရက်ကြသကဲ့သို့ မိပန်းက ခေါင်းဆောင်ကာ ငပုလက်ကိုဆွဲခေါ်၍ ရှင်လောင်းနေရာခုတင်သို့ ဆောင်ယူခဲ့ကြလေသတည်း။

ကျွန်ုပ်တို့သည် ဤမိတဆိုးရှင်ပြုကို အလွန်သနား စေတနာရှိလာကြသည်နှင့် ဦးစံရွှေနှင့်တိုင်ပင်ကာ အလှူအိမ်တွင်ညအိပ်၍ တတ်နိုင်သမျှကူညီရန် ဆုံးဖြတ်လိုက်ကြလေသည်။ သို့လျော်စွာ ကျွန်ုပ်တို့၏ဝန်စည်များကို ကျွဲခြံမှပြောင်းယူကာ အလှူအိမ်ရှေ့ ကုက္ကိုပင်အောက်ခြေရင်းတစ်ဝိုက်တွင် ဖျာကြမ်းလေးငါးချပ်နှင့် ကျွန်ုပ်တို့စံရာ ဘုံဗိမာန်ကိုဖန်ဆင်းလိုက်ကြ၏။ အလှူရှင်သည်လည်း အလွန်အားတက် အားရသွားရှာလေ၏။

နံနက်တွင် အလှူလာသူတို့အား ထမင်းကျွေးရန် ပြီးတန်သရွေ့ကို ယခုညကပြင်ဆင်ချက်ပြုတ်ထားကြရမည်ဖြစ်ရာ ကျွန်ုပ်တို့ရှစ်ယောက်သားသည် အပင့်အခေါ်မစောင့်ဘဲ အတင်းဝင်၍ထင်းခွဲခြင်း၊ ရေခပ်ခြင်း၊ ဆေးကြောခြင်း၊ ကြော်လှော်ခြင်း စသည်တို့ကို အားတိုက်လုပ်ကိုင်သောအခါ အလှူရှင်နှင့်ရွာသား

တို့သည် အားနာသမှုတားဆီးကြ၏။ သို့ရာတွင် ခေါင်းမာသော ကျွန်ုပ်တို့ကို လက်လျှော့ကြရကုန်၏။

ထူးသည်ကား ထိုအခါ၌ ကျွန်ုပ်တို့သည် မြို့အရပ်မှ အင်္ဂလိပ်စာတတ် ပေတတ်ဖြစ်ကြောင်း၊ အင်္ဂလိပ်ကျောင်းသား၊ အင်္ဂလိပ်ကျောင်းဆရာ၊ ကျောင်းအုပ်ကြီး၊ ပညာဝန်များဖြစ်ကြောင်းကို သူကြီးက လောကွတ်ချော်ကာ ပြောထားနှင့်လေသည်နှင့် သိကြလေပြီ။ ထို့ကြောင့်လည်း မြို့သားအင်္ဂလိပ်စာတတ်တို့ ထင်းခွဲခြင်း၊ ရေခပ်ခြင်းစသော လက်အလုပ် အလုပ်ကြမ်းတို့ကို အဟုတ်လုပ်ကိုင်သည်ကို မြင်ရသောအခါ အလွန်အံ့သြကြကုန်၏။ အကြောင်းသော်ကား အင်္ဂလိပ်စာတတ်သူများ လက်အလုပ် အလုပ်ကြမ်းကိုလုပ်လျှင် ငရဲကြီးတတ်သည်ဟု ကြားဖူးသောကြောင့် ဖြစ်ဟန်တူလေသည်။

မနေနိုင်သော ရွာသားတစ်ယောက်က 'ခင်ဗျားတို့ အင်္ဂလိပ်စာတတ် မြို့သားများ ထင်းခွဲ၊ ရေခပ်၊ ချက်ပြုတ်၊ ကြော်လှော်လုပ်တတ်တယ်ဆိုတာ ဒီ၌မြင်ရလို့သာယုံရတော့တာပဲ၊ ကျုပ်ဖြင့်သိပ်အံ့သြတာပဲ' ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်တို့နှစ်ယောက် စိတ်မြောက်သွားကာ ကျွန်ုပ်က 'အမယ်၊ ဒါတွင်မကသေးဘူး၊ တံမြက်စည်းလည်း လှည်းတတ်ပါတယ်' ဆို၍ ဟန်ကျပန်ကျ သွက်လက်စွာ လှည်းလိုက်လေသည်။

ဦးစံရွှေကြီးကလည်း အညှံ့မခံဘဲ 'အမယ်ကျုပ်လည်း ပန်းကန်ခွက်ယောက် ဆေးတတ်ပါသေးတယ်' ဆို၍ ခပ်မြန်မြန်နှင့် စင်စင်ကြယ်ကြယ် ဆေးပြလိုက်လေ၏။

အလှူရှင်နှင့် ရွာသူရွာသားတို့လည်း အားရပါးရရယ်မောကြလေသတည်း။

ညဆယ်နာရီလောက်တွင် ညဦးအလုပ်ပြီး၍ အိပ်ရာသို့ဝင်ကြ၏။ မိတဆိုးသားအဖကို တရေးရေး မြင်နေသည်နှင့် ကျွန်ုပ်ကဦးစံရွှေအား ဤသို့စ၍ပြော၏။

'ဒီမိတဆိုးသားအဖမြင်ရတာ ကျုပ်တော့ သိပ်သနားတာ ပဲဗျာ။'

ဟုတ်တယ် ဆရာကျားရယ်၊ ကျုပ်လဲအတော်စိတ်ခိုင်တဲ့လူပဲ။ နို့ပေမဲ့ ဒီသန်သန်မာမာ ယောကျ်ားကြီး လှိုက်လှိုက်လှဲလှဲနဲ့ ရှိုးရှိုးကြီးပူဆွေးတာ မြင်ရတော့ . . . '

'အစစ်ပဲဗျာ၊ ဒီလိုမပြောတတ် မဆိုတတ်နဲ့ ရှိုးရှိုးကြီး နဂိုအတိုင်းပူဆွေးတာဟာ အင်မတန်စိတ်ကို ထိခိုက်စေနိုင်တယ်ဗျ။ စကားစပ်မိလို့ ပြောရအုံးမယ်။ ဟိုဇာတ်သမား၊ ရုပ်ရှင်သမားတွေဟာ အများအားဖြင့် ပီစိပါတာ ဖွဲ့နွဲ့ပြောပြီး ပျာလောင်ခတ် အလွမ်းသယ်တာများ။ အင်း . . . တစ်ခါတလေ ရယ်တောင်ရယ်မိတယ်ဗျာ။'

ထိုအခါ ဦးစံရွှေကပြုံး၍ 'ကျုပ်လည်းသတိထားမိတယ်။ အခုရုပ်ရှင်တွေမှာ အလွမ်းခန်းပြတော့ နဂိုကျအောင် မလွမ်းတတ်တော့ စာကူပေးရတယ်ဗျာ။'

'ဘယ်လိုစာကူတာလဲဗျ'

'ဒီလိုလေ၊ အလွမ်းခန်းမှာ ဖြတ်ဖြတ်ပြီး စာထိုးပြတာ ကောဗျ။ (မင်းသားငိုနေသည်)၊ (မင်းသမီးပူဆွေးညှိုးငယ်နေသည်)၊ အဲဒါမျိုးတွေပေါ့ဗျာ။ ရုပ်ဟန်အမူအရာနဲ့ မလွမ်းနိုင်တော့ စာကူပေးရတာပေါ့။'

'ဪ ဒီလိုလား။ ဒါဖြင့်စာမတတ်တဲ့သူတွေ ဘယ်မှာကောင်းကောင်း လွမ်းရတော့မလဲ။'



6A

'စာမတတ်တဲ့သူလည်း မလွမ်းဘူး၊ စာတတ်သူလည်း မလွမ်းဘူး။ ဩော်ကျူပ်တစ်ခု ကြားဖူးတယ်။ ဟိုနာမည်ကျော် မင်းသမီးမထွေးလေးဟာ သူ့ယောကျ်ားကိုဖိုးကွန်း ဟိုအနောက်ချောင်းမှာဆုံးတော့ ဇာတ်ထဲမှာလိုပဲ ပြောဆိုဖွဲ့နွဲ့ပြီးငိုဆိုပဲဗျ။ တစ်ခန်းတစ်ခန်းအချမှာ ကွမ်းသီးဖက်ဆေးလိပ်ကြီး တစ်တောင် လောက်ကို သောက်သောက်ပြီး နားသတဲ့။ ဝတ်ဆင်လိမ်းကျံ ထားလိုက်တာကလည်း ကြော့လို့တဲ့။ လူတွေ ဝိုင်းကြည့်ကြတာ ပွဲရှုံးလို့ပဲတဲ့ဗျ။'

'နို့ . . . အဲဒီလူတွေ လွမ်းမသွားဘူးလား။'

'ဟာ၊ ဘယ်ကလာပြီးလွမ်းရမှာလဲ၊ အပျော်ကြည့်ရအောင် လာကြတာဗျ။'

'ဩော် . . . ခင်ဗျားလင်သေကိစ္စနဲ့စပ်လို့ ကျုပ်ကြားဖူးတာရှိသေးတယ်။'

'ဘယ်လိုဟာများလဲ၊ ပြောစမ်းပါဦးဗျာ။'

'ဒီလိုဗျ၊ ဥပမာ လင်ယောကျ်ားသေတော့ မိန်းမများငိုတဲ့နေရာမှာ အသံမထွက်ဘဲ ဝမ်းထဲမှာကြိတ်ပြီး၊ မြဲ့ပြီးတွေတွေစိုက်ကြည့်ကာ မျက်ရည်စမ်းစမ်း သို့မဟုတ် မျက်ရည်ပေါက်ကြီးများ တစ်လုံးပြီးတစ်လုံး မှန်မှန် ကျဆင်းနေရင် အဲဒီမိန်းမဟာ အရွယ်ရှိအုံးတော့မုဆိုးမဘဝနဲ့ပဲ အရိုးထုတ်တတ်တယ် တဲ့ဗျ။

အသံထွက်ပြီး ကိုယ်လက်လှုပ်ရှား ခပ်များများ ငိုသူကတော့ လင်သေပြီးနောက် ငါးနှစ်ကဆယ်နှစ်အထိ နောက်ထပ် အိမ်ထောင်မပြုဘဲ နေတတ်သတဲ့။

ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားအော်ဟစ်ပြီး၊ ရင်ဘတ်စည်တီး၊ လက်ပစ်ခြေပစ်ငိုရင် တစ်နှစ်ကသုံးနှစ် အထိ နောက်ထပ်အိမ်ထောင် မပြုတတ်ဘူးတဲ့။

ဘယ်သူ့ယုံလို့ပုံခဲ့သလဲ၊ ဘာလဲ၊ ညာလဲနဲ့ ဖွဲ့နွဲ့အော်ဟစ်ပြီး၊ ရုပ်ပျက်ဆင်းပျက် မြေပေါ် လှဲချလိုက်၊ ထခုန်လိုက်၊ ရင်ထုလိုက်၊ ဆံပင်တွေ ဆွဲဆောင့်လိုက်၊ တစ်ခါတစ်ခါ မေ့လိုက်၊ တက်လိုက်၊ အဲဒီလိုငိုရင်တော့။ အင်း . . . တစ်လကတစ်နှစ်အတွင်း နောက်ထပ်အိမ်ထောင်ပြုတတ်သတဲ့ဗျာ။'

ထိုအခါ ဦးစံရွှေသည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောကာ 'ဟုတ်ကဲ့လား ဆရာကျားရယ်၊ ခင်ဗျားဟာက . . . '

'ဟုတ်မဟုတ်တော့ အသေအချာအာမ မခံဝံ့ဘူး။ ကြားဖူးတာ ပြောရတာပဲ။ နောင်တော့ ခင်ဗျား သတိထားကြည့်ပါလား။'

ထိုသို့ပြောဆိုကြ၍ အိပ်ကြလေသတည်း။

နံနက်လင်းအားကြီးအချိန် ကျွန်ုပ်တို့အိပ်မက်မြင်သလိုလို၊ ဘာလိုလိုရှိစဉ် ပြောသံဖြင့် နိုးကြလေ၏။

အိပ်ရာ၌ မှေးမှေးရှိစဉ် လောကကြီးသည်လည်း တိတ်ဆိတ်ငြိမ်သက်စွာ ရှိသည့်အခိုက် လင်းရောင် ပျို့ပျို့အချိန်၌ ပြောသံစည်သံကို ကြားရသောအခါ ပြောသံဆိုသည်မှာလည်း ရတနာသုံးပါး အလှူအတန်းနှင့် စပ်လေရကား ကြည်နူးစိတ်၊ ကြည်ညိုစိတ်တို့သည် တဖိတ်ဖိတ်လျှမ်း၍ ထွက်ကုန်၏။

တောပြောပင်ဖြစ်သော်လည်း နှဲမှာအတန်ချော၏။ တီးသည့် တေးသွားမှာလည်း ဘွဲ့သံကြိုးသံဖြစ်၍ ဝိုင်းမှအသံ အတန်ကောင်းသော စည်းတီးဆရာက တစ်ခါတစ်ခါလိုက်၍ သီဆိုလေရာ ဤမျှသာတောင့်

သာယာ၊ နာပျော်ဖွယ်ကြည်နူးဖွယ်ကို ကျွန်ုပ်တို့မကြုံခဲ့ဖူးလေ။

ဤသို့အိပ်ရာ၌ ပြောမချမချင်း မလှုပ်မယှက် ပီတိဖြစ်နေကြရာ ပြောချသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့လူစုထက်ကာ ချက်ပြုတ်၊ ပြင်ဆင်၊ ကူညီဖွယ်အရပ်ရပ်တို့ကို ပြုလုပ်ဆောင်ရွက် ကြလေသည်။

ပြောတပြုန်းပြုန်း၊ တအုန်းအုန်းနှင့် ပတ်ကုံးခြိမ့်သဲ၊ ဤမိတဆိုးရှင်ပြု အလှူတော်ပွဲကြီးသို့ ရွာခံမှ လည်းကောင်း၊ ရွာနီးချုပ်စပ်မှလည်းကောင်း လာကြသည်မှာ ကျွန်ုပ်တို့ပါ ကြီးငယ်၊ ကျားမ ပရိသတ် ခြောက်ဆယ်မျှရှိလေ၏။ ထမင်းကျွေးခန်း၌ ကျွန်ုပ်တို့လူစုကာ လုံးဝတာဝန်ယူ၍ ထမင်းဟင်းလိုက်ခြင်း၊ ပန်းကန်ခွက်ယောက် ဆေးခြင်းကိစ္စတို့ကို ပြုလေသည်။

ကောက်ငယ်ဆန်ကြမ်းထမင်း၊ ပဲဟင်း၊ ငါးပိကြော်၊ ပဲတီချဉ်သနပ်၊ ဤမျှသာဖြစ်၏။ ပရိသတ် ခြောက်ဆယ် စားကြသည်မှာ ဆန်တစ်တင်းချက် ချောလေသည်။ တွက်ကြည့်သော် ဆန်တစ်တင်းတွင် နို့ဆီဘူး ၁၂၈ လုံးရှိရာ လူတစ်ယောက်လျှင် နို့ဆီဘူးနှစ်လုံးချက် ကျော်ကျော်တုတ်ကြောင်း ပေါ်လာလေ၏။ ကျွန်ုပ်တို့ လူစုကား ဤမျှလောက်တစ်ခါမျှ မမြိန်ရှက်ဖူးချေ။ ထို့ကြောင့်လည်း စားသောက်၍အပြီး၌ စန့်နေကြလေသည်။

မွန်းလွဲအချိန်၌ ရှင်လောင်းကို ကျောင်းသို့ပို့ရမည့်ကိစ္စ ပေါ်လာလေ၏။ ကျောင်းမှာနှစ်ခေါ်လောက် လှမ်း၏။

ရှင်လောင်းကို ရှေ့ဆုံးကထား၏။ မြင်းမစီးရ၊ ရွှေထီး မဆောင်းရရှာလေ။ နောက်နားက အဖသည် သင်္ကန်းပရိက္ခရာကို ပိုက်၍လိုက်ရ၏။ အမိအဖစုံပါမူကား အဖကသပိတ်ပိုက်၍ အမိက သင်္ကန်းတောင်းကိုရွက် ၍ လိုက်ရန်ဖြစ်၏။ ယခုသော်ကား ဤနေရာတွင် မသင်ကိုသတိရရန် တစ်ချက်ပေါ်ပြန်လေပြီ။ ကိုထွန်းကျော် အတန်မချိပုံရ၏။ မျက်ရည်စမ်းစမ်း နှင့် ညှိုးငယ်ပြန်လေသည်။

သားအဖနောက်က ယောကျ်ားကြီး၊ မိန်းမကြီးများကို လည်းကောင်း နောက်ကဆက်၍ မယ်တုတ်၊ ဗုတို၊ ရွှေမ၊ ညိမ်းဖြံ၊ မိကောက် စသောအပျိုတစ်စုသည် ကန်တော့ပွဲ၊ ကွမ်းတောင်၊ ပရိတ်အိုးစသည်တို့ကို ရွက်၍ လည်းကောင်း၊ ပိုက်၍လည်းကောင်း အကြောင်းအားလျော်စွာ လိုက်ကြကုန်၏။

မယ်တုတ်တို့မှာ ရွာခံအပျိုမျက်နှာဖုံးဖြစ်ကြ၏။ အားလုံးပင် အရပ် အမောင်းကောင်း၍ ပြည့်ဖြိုး၊ ကျန်းမာ၊ သန်မာကြ၏။ ဝတ်ဆင်ထားသော ထဘီတို့မှာပိုးနည်း၏။ ပိုးကြားဖောက် သရက်ထည်လုံချည်၊ ရှုံလုံချည်များ ဖြစ်ကြ၏။ အင်္ကျီကား မြို့သူတို့လောက်မပါးချေ။ ဆံထုံး၊ ဘီးပတ်၊ ဆံတောက်၊ ဆံရစ်အရွယ် အလိုက်တွေ့ရ၏။ စက္ကူပန်းမပန်ချေ။ တောပန်း တောင်ပန်း သင့်တန်ရုံထိုးပန်ကြ၏။ မျက်နှာချေမသုံးကြလှ။ သနပ်ခါး အလိမ်းများ၏။ အချို့မှာ ရွှေစရွှေနဝတ်ဆင်၏။

ဤသို့ ရိုးရိုးစိုက်စိုက် ဝတ်စားနေထိုင်ကြ၍ တောင့်တင်းသန်မာ ထွားကျိုင်းလျက် သားကောင်းသမီး ကောင်း ဖွားနိုင်မည့် မိခင်လောင်းများဖြစ်သော အမျိုး၏ကျက်သရေဆောင် ကျေးတောသူတို့ကို မြင်ရသောအခါ မြို့ပေါ်ကမဟာဝါတို့ မဟိုဒင်းတို့ကို တွေးခေါ်မိ၏။

မြို့သူတို့ကား-

ခင်လှသိန်းမြင့်မေ။

ညွန့်တင်တင်မြမြကျော်ဇံဦး။
မေရီသန်းကြည်တင့်လှ။
လှစီထိပ်ခေါင်တင်မေမမ။
ကျူးရင့်သာဟန် ဂန္ဓမာဗွေမိမိ။
ပဒ္မာကလျာဏီနွဲ့ပါးလျဒေဝီ။
လုပ်လုပ်လဲ့လဲ့သော်မော် အရည်ပျော် . . .

စသောထူးဆန်း၊ ပွေရှုပ်၊ ရှည်လျားသောနာမည်တို့ကို မှည့်ခေါ်ကာ ကိုယ်လုံးပေါ်အဝတ်အစားနှင့် ခုံမြင့်ဖိနပ်ကိုစီးလျက် အင်္ဂလိပ်မျက်နှာချေမှုန့်ကို ထူထူလိမ်းကျံ၊ ပါးနှင့်နှုတ်ခမ်းကို ဆေးနီဆိုးပြီးလျှင် အမျိုးမျိုးသော ဖဲပွဲ၊ မြင်းပွဲ၊ စားပွဲ၊ သောက်ပွဲ၊ ဟော်တယ်ပွဲ၊ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲ အမျိုးမျိုးနှင့်အချိန်ကုန်လေသည်။ ကျန်းမာ၊ ထွားကျိုင်း၊ သန့်ရှင်းစင်ကြယ်ရေးကို ဂရုမစိုက်ကြ။ သို့ကြောင့်လည်း ပိန်ကြုံ၊ ပါးလှို၊ ရှုနာ၊ ရှိုက်ကုန်း၊ ပိချုပ်ပြား၊ ငါးဖောင်ရိုး၊ ကမ္ဘဋ္ဌာန်းရုပ်၊ ဖြူဖပ်ဖြူရော်။ ညောင်ညော်ညော်တွေ များလေသည်။

သို့ကြောင့်လည်း မည်မျှပင်အပေါ်ယံက ဆင်ပြင်လိမ်းကျံထားသော်လည်း မသာကောင်အလောင်းကို ပြင်ဆင်လိမ်းကျံထားသည်နှင့် တူလေတော့သတည်း။

အပျိုစုနောက်က ကာလသားများနှင့် ကွန့်ပ်တို့လိုက်ပါကြ၏။ ကာလသားဝိုင်းတွင် ဒိုးပတ်အတီးအမှုတ်ပါ၏။ ဒိုးပတ်နှင့် ထိုးသော သံချပ်အချို့ကား အောက်ပါအတိုင်းဖြစ်၏။

ကုသိုလ်ရေးမို့ကြိုးစားပါ။ ကျုပ်တို့ကိုယ်မှာချွေးတလုံးလုံး။
ဖန်ပြာခွက်နဲ့ကျောက်စက်ရေ၊ အမောပြေအောင်တိုက်ပါ့ မမ။
ဝက်သားတုံးကြီး ဒူးလောက်ပေါင်လောက်၊ သူများစားတာမြင်ဖူးပါရဲ့။
လေးဖက်မြိတ်နဲ့ ထီးရိပ်ခို၊ ရှေ့ကအပျို ကျုပ်တို့ရည်းစား။
နံ့သာခွက်နဲ့လှအပျို၊ ကျုပ်တို့ကိုယ်ကို ကြည့်စမ်းပါဦး။

ဤသို့ သံချပ်ထိုးကြသောအခါ အချို့အပျိုတို့သည် နောက်သို့လှည့်ကြည့်၍ ပြုံးသွားကြ၏။ အချို့အပျိုကား မျက်စောင်းထိုးသွား၏။

ကာလသားတို့မှာ တောအလိုက်ဝတ်ဆင်ကြ၏။ခေါင်းတုံး၊ ကြက်တောင်စည်း၊ ဆံပင်ရှည်၊ ပဝါပေါင်းဖြစ်ကြ၏။ တစ်ယောက်နှစ်ယောက်မှာ ရုပ်ရှင်ကြည့်ဖူးဟန်တူသည်။ ဗိုလ်ဆံတောက်နှင့် ခေါင်းတွင်လည်ပတ်ကို ရုပ်ရှင်မင်းသားစတိုင် ပတ်ထားလေသည်။

လူထူးတစ်ယောက်ပါ၏။ ထိုသူကား သူကြီး၏ညီ မြတ်သာဒွန်းဖြစ်၏။ ဗိုလ်ဆံတောက်အသစ်ကျပ်ချွတ်ကို ဒုံးခံသူဖြစ်သည်။ သက္ကလတ်အင်္ကျီအသစ်နှင့် ရှပ်အင်္ကျီအဟောင်းကို ထပ်၍ဝတ်၏။ နောက်ပိတ်ဖိနပ်ကို ပြောက်ကျားသော အဆင်းရှိသောမော်ဇာနှင့်စီး၏။ စီးနေကျမဟုတ်၍ ဖိနပ်ပေါက်သည်နှင့် ထော့ကျိုးထော့ကျိုးနင်းရရှာ၏။

'ရှေ့ကခပ်ဆိုင်းဆိုင်းဗျ။ နောက်ကမီအောင်လိုက်လေ။ လမ်းကို ကြည့်လျှောက်နော်၊ ခလုတ်တိုက်

မိမယ်။ ရှင်လောင်းက ရှေ့သွား၊ အဲ-ဟုတ် ကပြီ။ ရှေ့ကသွားတဲ့လူက ရှေ့ကသွား။ နောက်ကလိုက်တဲ့လူက နောက်က ပဲလိုက်ပါ။ အပျိုတွေက ကိုယ့်အစုနဲ့ကိုယ်လိုက်၊ လူပျိုဝိုင်းထဲ မရောက်စေနဲ့' စသည်ဖြင့် သြဇာပေးကာ ရှေ့ပြေး၊ နောက်ပြေးနှင့် အတော်အလုပ်များနေလေ၏။ မိန်းမပျိုဝိုင်းနားသို့ကား မကြာမကြာရောက်၏။

'ဟ. . . ဗုတို၊ ကန်တော့ပွဲကိုတည့်တည့်ရွက်လေ'ဟုသြဇာ သွားပေးမိ ရာ ဗုတိုက'ကျုပ်ရွက်ထားတာ တည့်ပါတယ်။ ရှင်က တည့်တည့်မကြည့်လို့ပါ' ဟုပြန်၍ပက်လိုက်လေ၏။ ထိုအခါ အပျိုဝိုင်းက ဝါးခနဲရယ်ကြလေ၏ မြတ်သာဒွန်းကို ကျွန်ုပ်လှမ်းကြည့်လိုက်ရာ မျက်စိအတန်ငယ် စွေစွေရှိသည်ကို တွေ့ရလေသည်။

'တယ်. . . တိရစ္ဆာန်မ။ နင်နော် . . . နေဦး'ဟု မြတ်သာဒွန်းသည် ကြိမ်းမောင်းပြီးနောက် မယ်တုတ်အား 'ဟဲ့ . . .' မယ်တုတ်၊ ပရိတ်အိုးရွက်ရတာ ညောင်းရင်ငါ့ကိုပေးလေ၊ ငါကူယူခဲ့မယ်' ဟုသွား၍ လောကွတ်ချော်ပြန်လေ၏။

ထိုအခါမယ်တုတ်က 'သူများဟာနေပါဦး ကိုမြတ်သာဒွန်း ရယ်။ ကိုယ့်ဟာကို နိုင်အောင်လုပ်ပါဦး။ ရှင့်မှာ ထော့ကျိုး ထော့ကျိုးနဲ့ အားနာ ပါတယ်' ဟုပြုံး၍ ပြောလိုက်လေ၏။

'ဟာဟဲ့ . . . ထော့ကျိုး ထော့ကျိုးနေတာက ဖိနပ်ပေါက်လို့ ပါဟဲ့ နင်ကလည်း' ဆိုနေစဉ်အပျိုစုက ဝိုင်းရယ်ကြသည်နှင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ ကျွန်ုပ်တို့ကာလသားဝိုင်းသို့ ပြန်ရောက် ခိုဝင်လာလေသတည်း။

ကျောင်းရောက်၊ ရှင်လောင်းကို သက်န်းစည်းထားခဲ့ပြီး ပရိသတ် ပြန်လာကြ၏။

ညနေ ၄ နာရီခန့်တွင် ကျောင်းထိုင်ဘုန်းကြီး ဦးပဥ္စင်း၊ ပြုသစ်စ ရှင်သာမဏေ၊ ပေါင်း ၃ ပါးတို့သည် အလှူအိမ်သို့ကြွ လာကြ၏။

ဟော . . . ပြောစခန်းပေါ် လာပြန်လေပြီ။ အရှင်သုံးပါး ပြောသံနှင့် ကြွလာသည်နှင့် အထူးကြည်နူး ကြည်ညိုဖွယ်ကောင်းလှ၏။

ပရိတ်တရားနာ၊ ရေစက်ချ၊ အမျှဗျို့ဟုဆိုအပြီး ကိုထွန်းကျော်သည်ဆက်၍ 'မယ်သင်ရေ . . . အမျှဟဲ့ . . . အမျှ' ဟု အသံကွဲကြီးနှင့် အမျှဝေလိုက်ရာ ကိုရင်သည်မျက်ရည်ကျ၏။ ဦးပဥ္စင်းသည် မျက်တောင်မြန်မြန်ခတ်၏။ ဘုန်းတော်ကြီးသည် ငေးမော၍ကိုထွန်းကျော်ကို စိုက်ကြည့်နေလေသည်။

သာဓုသံနှင့်ပြောသံသည် အကနိဋ္ဌဘုံတိုင်အောင် တက်လေသတည်း။

နောက်တစ်နေ့ ကျွန်ုပ်တို့ပြန်ခါနီး၌ အလှူပါဝင်ရန်ဟု ကျွန်ုပ်တို့ရှစ်ယောက် ပိုက်ဆံပါသမျှစုရာ သုံးဆယ့်ရှစ်ကျပ်ရ၏။

ပြန်ခါနီး၌ ကျွန်ုပ်တို့ဝိုင်းထိုင်ကြ၍ ကိုထွန်းကျော်ကို မေးမြန်းကြ၏။

'ကိုင်း. . . ကိုထွန်းကျော်၊ အားလုံးအလှူစရိတ်ဘယ်လောက် ကုန်သွားသလဲ'

'ဟုတ်ကဲ့၊ လေးဆယ်လောက်ဆိုပါတော့'

'အကြွေးတင်သေးသလား'

'တင်ပါသော်ကောဗျာ။ အကုန်လုံးချေးငှားလုပ်ရတယ် ဆိုပါတော့။ ဟိုကွဲခြံမှာ စပါးပေးယူတာ နှစ်ဆယ့်ရှစ်ကျပ်၊ မယ်သင်ရဲ့ ခွေနားကပ် ကလေးပေါင်လို့ရတာက ဆယ့်ငါးကျပ်၊ အားလုံးလေးဆယ်ကျော်ပါပဲ'

'စပါးပေး ဘယ်လိုယူရသလဲ'

'စပါးတစ်ရာကို လေးဆယ်ဈေးနဲ့ယူရတယ်။ အခုယူတဲ့ငွေ နှစ်ဆယ့်ရှစ်ကျပ် စပါးပေါ်ချိန်မှာ စပါးခုနစ်ဆယ်ပေးရမယ်'

'ဟယ်. . . လွန်လှပါကလားဗျာ။ နို့ . . . နားကပ်ပေါင်တာ ကတော့ ကော'

'တစ်လကို ငွေတစ်ရာငါးကျပ်တိုး။ ခုနစ်လကြာလို့ မရွေးနိုင်ရင် အဆုံးတဲ့'

'ဒီစပါးတွေ၊ ငွေတွေကိုဘယ့်နှယ်ဆပ်မယ်'

'အင်း . . . ပြေအောင်ဆပ်ဖို့ အခက်သားပဲ။ ကျုပ်လယ်ထွန်၊ ပျိုးနုတ်၊ သူရင်းငှားလုပ်လို့ စပါးလေးဆယ် လောက်ရမယ်။ သားကလေး ရှင်လူထွက်ပြီး ကျွဲနွားကျောင်း၊ ရေခပ်၊ ထင်းခွဲ၊ အင်း . . . နှစ်ဆယ်လောက်တော့ ရကောင်းပါရဲ့။ အားလုံး ခြောက်ဆယ်ရရင် ဆယ်တင်းလိုသေးတယ်။ ဒါလည်း အခုအတောအတွင်း စားသောက်နေသွားဖို့က ရှိသေးတယ်ဗျ။ ဟိုနားကပ် ပေါင်တာကတော့၊ အင်း . . . ရွေးနိုင်ပုံမပေါ်ပါဘူး၊ ဆုံးမှာပါပဲ။ သိပါရဲ့ဗျာ။ နို့ပေမဲ့ ဒီလိုရက်ရွှေ့ရွှေ့နေတာနဲ့ မယ်သင်လည်း သားကိုရှင်မပြုလိုက်ရရှာဘူး။ ဒါကြောင့်လည်း ပြီးရင်ပြီးရောဆိုပြီး ဇွတ်နှစ်ရတာပဲ၊ တခြားဟာတွေထက်ဗျာ မယ်သင်ရဲ့နားကပ်ကလေးကို အနှမြောဆုံးပဲ။ သေသူ့ပစ္စည်းဖြစ်လို့ သိမ်းထားတာလည်းဟုတ်တယ်။ ပြီးတော့ သူ့သားဖို့ သက်သက်လို့ ကျွန်တော်မှန်းပြီး ချန်ထားတာပဲဗျ . . . ခုတော့ဖြင့်' ဆို၍ ဆက်မပြောဘဲ ရပ်နေလေတော့သည်။

ထိုအခါ ဦးစံရွှေကြီးကဝင်တဲ့၍ 'ကိုင်းဆရာကျား ဒီ ဆင်းရဲသားတွေ စားပြတိုက်တာ သူပုန်ထတာ ဘာအံ့သြစရာရှိ သလဲဗျ' ဟု မျက်နှာနီကြီးနှင့် ခပ်ဆတ်ဆတ်ပြောထုတ်လိုက် လေသတည်း။

ကျွန်ုပ်။ ။ မသင်ရဲ့နားကပ် ဘယ်မှာပေါင်ထားသလဲ။

ကိုထွန်းကျော်။ ။ ဒီအစုတွင်ပါပဲ၊ ဟိုဒေါ်ပုကြီးဆီမှာ။

အရင်းဆယ့်ငါးကျပ်၊ အတိုးတစ်ကျပ်၊ ပေါင်းဆယ့်ခြောက်ကျပ်ကို ကျွန်ုပ်တို့စုငွေထဲမှထုတ်ပေး၍ သူကြီးကိုချက်ချင်းအရွေးခိုင်းရ၏။ နားကပ်ပြန်ရသောအခါ ကိုထွန်းကျော်သည် ပြူးကျယ်သောမျက်လုံးများ၊ ပါးစပ်အဟောင်းသားနှင့် အလွန်ဝမ်းမြောက် ကျေးဇူးတင်ရှာလေ၏။

'ကျေးဇူးတင်လိုက်တာ ခင်ဗျာ။ ဒီငွေကို ကျွန်တော်ကျွန်ခံပြီး ပြေအောင်ဆပ်ပေးပါ့မယ်' ဟု စိတ်အားထက်သန်စွာနှင့် ပြောရှာ၏။

ထိုအခါ ကျွန်ုပ်က 'မဆပ်ရပါဘူးဗျ။ ခင်ဗျားအလှူထဲကို ထည့်မလို့၊ ကျုပ်တို့ရှစ်ယောက်သား ငွေစုတာ သုံးဆယ့်ရှစ်ကျပ်ရတယ်။ အခုဆယ့်ခြောက်ကျပ် နားကပ်ရွေးလိုက်ပြီ။ နှစ်ဆယ့် နှစ်ကျပ်ကျန်တယ်။ ခင်ဗျားအလှူငွေ ဆယ့်ငါးကျပ်လောက် ရတယ်ဆိုမဟုတ်လား။ အဲ့ဒီအထဲကပေးစမ်း။ ကိုင်း -သူကြီး၊ ရော့ သုံးဆယ်၊ ခင်ဗျားတို့ ကျွဲခြံကကြွေးရှင်ကို အရင်းနှစ်ဆယ့်ရှစ်ကျပ်။ အတိုးနှစ်ကျပ်လောက်ထားပြီး ဆပ်ပေးပါဗျာ။ ကိုင်းကိုင်း ကိုထွန်းကျော်၊ ဒီမှာကျန်တဲ့ ခုနစ်ကျပ်လောက်ကို ဧည့်သည်တွေဖြစ်တဲ့ ရွှေတာစားပေတော့'

'ဒီလိုဖြင့်ဗျာ ကျွန်တော့်အလှူ ဘယ်မှာကျန်တော့မလဲဗျာ'

'ကျန်ရုံမကဘူး၊ ပိုတောင်ပိုသေးတယ်။ ခင်ဗျားရေစက်ချ ကတည်းက အလှူမြောက်ပြီးလို့ ခင်ဗျား

အကုန်ရပြီးပြီ၊ အခုနောက်ရတဲ့ အလှူငွေတွေက သူ့ကုသိုလ်နဲ့သူလာတာ တခြားစီ' ဆို၍ ပါဋ္ဌိသံလေးငါးခြောက်လုံးထည့်ကာ ခပ်ထွားထွား ပြောရလေသည်။

ဤသို့ အင်္ဂလိပ်စာတတ် မြို့သားလူလည်နှစ်ယောက်က ပါဋ္ဌိသံတွေ ဘာတွေနှင့် ကိုယ်လိုရာဘက်ကို ဆွဲ၍ ရွှန်းရွှန်းဝေအောင် ပြောပြသောအခါ တောသားလူရိုးခမျာမှာ ဟုတ်ကဲ့၊ အင်းဟုတ်ကဲ့နှင့် ခေါင်းညိတ်၍သာ နေရရှာလေသတည်း။

ကျွန်ုပ်တို့သည် ဖိုးဝိုင်းအစုမှ ကျွဲခြံသို့ရွှေ့ခဲ့၍ လက်ပံတန်းပြန်မည်ဟု လှည်းပြင်နေစဉ် ကိုထွန်းကျော်သည် တောင်းတစ်လုံးကိုထမ်း၍ အပြေးကလေး ပေါက်လာလေ၏။ တောင်းတွင် ဖရုံသီး၊ ရုံးပတီသီး၊ ချဉ်ပေါင်ရွက် စသောဟင်းသီးဟင်းရွက် အပြည့်ပါ၏။

'ကျွန်တော်တတ်နိုင်သမျှကလေး ပေးလိုက်စမ်းပါရစေ ခင်ဗျာ' ဆို၍ လှည်းပေါ်တွင်တင်လာ၏။ ကျွန်ုပ်တို့အားလုံးကပင် ကျေးဇူးတင်ကြောင်းပြော၍ လှည်းထွက်ရာ ကိုထွန်းကျော်သည် လှည်းနောက်က လိုက်ပါလာလေ၏။

'ဘယ်ကိုလိုက်မလို့လဲ၊ ကိုထွန်းကျော်'

'လိုက်ပို့ပါရစေခင်ဗျာ'

'ဟာ . . . ကျုပ်တို့ကလှည်းနဲ့။ ခင်ဗျားကအောက်က။ နေကလည်း ပူသနဲ့။ လိုက်ပို့ဖို့မလိုဘူး။ ကိုင်း . . . ကိုင်းပြန်တော့ဗျာ'

'ဝေးဝေးမဟုတ်ပါဘူး။ တစ်ခေါ်လောက်ပါ။ ကျေးဇူးတင်လွန်းလို့ ပါခင်ဗျာ'

သို့နှင့်ခေါင်းမာသော ကိုထွန်းကျော်သည် အတင်းလိုက်ခဲ့၍ အတန်ကွာရောက်သောအခါ ကျွန်ုပ်တို့သည်လှည်းကိုရပ်၍ 'ကိုင်း . . . ကိုထွန်းကျော်၊ ခင်ဗျားပြန်ရင်ပြန်၊ မပြန်ရင်တော့ ကျုပ်တို့လည်းလှည်းမမောင်းတော့ဘူး၊ ဒီမှာပဲရပ်နေတော့မယ် . . . ' ဟု အတင်းကိုင်လေမှ -

ပြည့်တင်း၊ ပြန့်ကျယ်၊ ရိုးသားသောမျက်နှာကြီးဖြင့် အတန်ကြာစူးစိုက်ကြည့်ပြီးမှ ရုတ်တရက်ထိုင်လိုက်ကာ ကျွန်ုပ်တို့ဘက်သို့ ဦးချကန်တော့ ရှာလေသတည်း။

ဦးစံရွှေနှင့်ကျွန်ုပ်တို့သည် ကိုင်ဆွဲထစေ၍ ရွာဘက်သို့ တွန်းပို့လိုက်ရလေ၏။

ဦးစံရွှေ။ ။ တောကလူတွေ သိပ်သနားဖို့ကောင်းတာ ပဲဗျာ။ စိတ်နဂိုအတိုင်း လူရိုးလူကောင်းတွေဗျ။ အခြေ အနေဆိုးဝါး၊ ငတ်မွတ်လာကြတော့လည်း မနေနိုင်တော့ဘူး။ ဆိုး၊ ခိုး၊ တိုက်ဖြစ်ကုန်ရတာပဲ။ ခံနိုင်သမျှတော့ ခံကြတယ်။ မခံနိုင်တဲ့ တစ်နေ့ကျတော့ အသက်စွန့်ပြီး သူပုန်ထပစ်လိုက် ကြတာပဲ။

ကျွန်ုပ်။ ။ ဒါကြောင့်မို့လည်း တောကျေးလက်ကလူတွေ အသိပညာအလိမ္မာတိုးပြီး အနေအစားချောင်လည်၊ ချမ်းသာကြအောင် ပြုပြင်စီမံကူညီပေးဖို့ လိုတာပေါ့ဗျ။ ဒီလိုကျေးလက် ပြုပြင်ရေးတွေဟာ အစိုးရ အကြီးအချုပ်တွေရဲ့ တာဝန်ပဲဗျ။ သူတို့ကို တိုက်တွန်းပေးဖို့ ကောင်းတယ်။

'သူတို့ကို တိုက်တွန်းနေရင် နှောင့်နှေးရုံရှိမှာပဲ ကိုယ့်လူ။ သူတို့ကိုလည်း တိုက်တွန်း၊ ကိုယ့်ဟာကိုယ်လည်းလုပ်ပေါ့ဗျ . . . '

'ကိုယ့်ဟာကိုယ်လုပ်ဆိုတာ မလွယ်ဘူးဗျ။ ကျုပ်တို့မှာ အချိန်လည်း မရှိ၊ ကြေးငွေလည်း မပြည့်စုံဘူး'

'အလုပ်ဆိုတာ နည်းနည်း၊ သေးသေး။ တတ်နိုင်သမျှက စရတာပေါ့ဗျ၊ ခင်ဗျားကမလုပ်နိုင်ဘူးသာပြောတယ်၊ အခုခင်ဗျား လုပ်နေတာပဲ'

'ဘယ်မှာလုပ်ရလို့လဲဗျာ'

'အို . . . အခုဟိုမိတဆိုးရှင်ပြုမှာ ခင်ဗျားတို့ပြုမူ ဆောင်ရွက်ခဲ့တာတွေဟာ ဘယ်လောက်တာသွားတယ်ထင်လို့လဲ'

'ဟာ . . . ဒါကတော့'ဆို၍ ဦးစံရွှေကြီးသည် ဆက်မပြောတော့ဘဲ ပြုံးတုံးတုံးကြီး လုပ်နေလိုက်လေသတည်း။

ဦးဖိုးကျား

**ဓကာ်ဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | ဘုံ | = | ပြာသာဒ်၏အမိုးထက်ရှိအဆောင်ဆင့်။ |
| ၂။ | ပြာသာဒ် | = | အဆောက်အအုံအထက်တွင် ဘုံအဆင့်ဆင့်နှင့် ထုပိကာတင်သောအမိုးဆင့်။ |
| ၃။ | မုခ် | = | အပေါက်ဝ။ တံခါးပေါက်။ |
| ၄။ | မဏ္ဍပ် | = | လူအများစုဝေး၍ တစ်စုံတစ်ရာဆောင်ရွက်ရန် ပြုလုပ်ထားသော ယာယီအဆောက်အအုံ။ |
| ၅။ | ပရိက္ခရာ | = | အသုံးအဆောင်ပစ္စည်း။ |

ပရိက္ခရာရှစ်ပါး

၁။ သင်းပိုင်
၂။ ဧကသီ
၃။ နှစ်ထပ်သင်္ကန်းကြီး
၄။ သပိတ်
၅။ ခါးပန်းကြိုး
၆။ ပဲခွပ် (သင်တုန်းဓား)
၇။ ရေစစ်
၈။ အပ်

၆။ ကွမ်းတောင် = ကွမ်းထည့်ရန် ကလပ်တစ်မျိုး။ (ကွမ်းတောင်ကိုင်=ရှင်လောင်းလှည့်ရာတွင် အမျိုးသမီးတန်း၏ထိပ်မှ ကွမ်းတောင်ကိုင်၍ လိုက်ရသည့်အမျိုးသမီး။)
၇။ ပရိတ်အိုး = ပရိတ်ရွတ်ရာတွင် ပရိတ်၏အကျိုး အာနိသင် ရစေရန်ထားသောအိုး။
၈။ ဓာတ်ကြီးလေးပါး = မြေ၊ ရေ၊ လေ၊ မီး (ဝါ)ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ်။
၉။ သမ = မျှတအောင်ရောနှောသည်။
၁၀။ ဗိုလ်ဆံတောက် = အင်္ဂလိပ်လက်ထက်တွင် မြန်မာ ယောကျာ်းကလေးများ စတင်ထားသောဆံပင်ပုံစံ။
၁၁။ ကင်ပွန်းတပ် = မွေးစကလေးကို ကင်ပွန်းရည် စသည်ဖြင့် ခေါင်းဆေးမင်္ဂလာပြုသည်။ နာမည်ပေးသည်။
၁၂။ အာလာပသလ္လာပ = အချင်းချင်းဝမ်းမြောက် ညီညွတ်စွာ ပြောသည့်စကားစမြည်။
၁၃။ ယို့ = ရှိသေမှုဖြင့် ကိုယ်ကိုညွတ်ကိုင်းကျိုးယုံ့သည်။
၁၄။ ကျီစား = ကစားသည်။ ပြက်ရယ်ပြုသည်။
၁၅။ တစ်ပတ်နွမ်း = အသင့်အတင့် သုံးစွဲပြီးသော အခြေအနေ။
၁၆။ နတ်ဒိုးတီး = ဒိုးသံမြိုင်မြိုင်ဖြင့် နတ်ဆိုင်းတီးသည်။
၁၇။ ချောက်ချား = တုန်လှုပ်သည်။
၁၈။ ချွဲပျစ် = ပျောင်းပျော့တီတာသည်။
၁၉။ လောကွတ်ချော် = လိုအပ်သည်ထက်ပို၍ လောကဝတ်ပြုသည်။
၂၀။ ပီစိပါတာဖွဲ့နွဲ့ = အရေးမပါသည့်အရာကို ချဲ့ထွင်ပြောဆိုသည်။
၂၁။ ပျာလောင်ခတ် = အလျင်စလို ပြုမူလှုပ်ရှားသည်။
၂၂။ လင်းရောင်ပျို့ = အလင်းရောင် ထွက်ပြူစပြုသည်။
၂၃။ အသစ်ကျပ်ချွတ် = အသစ်စက်စက်။
၂၄။ ဒုံးခံ = အကြမ်းပတမ်း အသုံးပြုသည်။ ပေ၍ခံသည်။
၂၅။ မှော်ဇာ = ခြေအိတ်ရှည်။
၂၆။ အဋ္ဌနိဋ္ဌဘုံ = ရှုပဗြဟ္မာတစ်ဆယ်ခြောက်ဘုံတွင် အမြင့်ဆုံးဘုံ။

## သင်ခန်းစာအကျဉ်း

ကိုထွန်းကျော်၏သား ရှင်လောင်းငပု၏ ရှင်ပြုပွဲကို အသေးစိတ် ဖော်ပြထားသည်။ မြန်မာ့ဓလေ့၊ မြန်မာ့စေတနာ၊ မြန်မာ့စိတ်ဓာတ် ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ရှင်ပြုပွဲ၏ နောက်ဆက်တွဲဖြစ်သော အကြွေးတင်ခံ၍ လှူသည့်ပြဿနာနှင့် ပတ်သက်ပြီး သုံးသပ်ထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အောက်ပါတို့သည် ရသမြောက်သော သရုပ်ဖော် အဖွဲ့ကောင်းများဖြစ်သည်။ ထိုအဖွဲ့များတွင် စာရေးသူက မည်သည့်စေတနာဖြင့် ရေးဖွဲ့သည့်အတွက် မည်သို့ရသမြောက်ရခြင်း ဖြစ်ကြောင်း ဆွေးနွေးတင်ပြပါ။

(က) ရှင်လောင်းဖခင် ကိုထွန်းကျော်အဖွဲ့များ

(ခ) ရှင်လောင်းငပုနှင့် သူငယ်ချင်းအဖွဲ့

(ဂ) ရှင်လောင်းကို ကျောင်းပို့ရာတွင်ပါဝင်သော ကျေးတောသူများနှင့် နှိုင်းပြထားသည့်မြို့သူအဖွဲ့

(ဃ) ရှင်လောင်းကျောင်းပို့ပွဲ သရုပ်ဖော်အဖွဲ့။

၂။ စာရေးသူ၏ အောက်ပါစေတနာများ ထင်ဟပ်နေသည့်အဖွဲ့များကို ထုတ်နှုတ်ပြပါ။ ထိုစေတနာ ထင်ဟပ်သော အဖွဲ့ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုနိုင်ကြောင်းကိုလည်း အကြောင်းပြပါ။

(က) ကရုဏာသက်သော၊ စာနာသောစေတနာ

(ခ) ပျော်ရွှင်ကြည်နူးသောစေတနာ

(ဂ) အမြင်မတော်သည်ကို ရယ်သောကြောင့် လျှောင်လိုသောစေတနာ

## အမျိုးသားနေ့

လွန်ခဲ့သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့က ၁၄ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပခဲ့ကြလေသည်။

ထိုနေ့ ဖြစ်ပေါ်လာရခြင်းအကြောင်း အကျဉ်းချုပ်ကို ပြပါအံ့။ ၁၂၈၂ ခု၊ တန်ဆောင်မုန်းလ (၁၉၂၀ ခု၊ဒီဇင်ဘာ) တွင် ကောလိပ်သိပ္ပံကျောင်းများ ဥပဒေသစ်ကို ပြည်သူပြည်သားအလိုနှင့် ဆန့်ကျင်၍ အစိုးရက အတင်းအတည်ပြုလေသည်။ ထိုသို့ပြုခြင်းကို ကန့်ကွက်သည့်အနေနှင့် ကောလိပ်သိပ္ပံကျောင်း နှစ်ကျောင်းက ခေါင်းဆောင်၍ မြန်မာတစ်ပြည်လုံးရှိ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ် မြန်မာနှစ်ဘာသာသင် ကျောင်းသားများတို့ သပိတ်မှောက်၍ ထွက်ကြလေသည်။ ထိုထွက်သောနေ့ကား ၁၂၈၂ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ရက် (၁၉၂၀ ပြည့်၊ ဒီဇင်ဘာ ၅ ရက်) တနင်္လာနေ့ဖြစ်သည်။

ထိုသပိတ်မှောက်သော နှစ်လောက်မှာပင် နဝမမြောက် မြန်မာပြည်လုံးကျွတ် ကွန်ဖရင့်အစည်းအဝေး ကြီးကို မန္တလေးမြို့၌ ကျင်းပလေသည်။ ထိုအခါ ဂိုဏ်းဂဏကွဲပြားခြင်းမရှိ။ အညီညွတ်ဆုံး အချိန်အခါ ဖြစ်သည်။

ထိုအစည်းအဝေး၌ မြန်မာပြည်အတွက် အမျိုးသားအောင်ပွဲနေ့ တစ်နေ့ရွေးကြရာ အကြံအမျိုးမျိုး ပေးကြသည်။ တချို့က ဦးဥတ္တမ ထောင်ကျသောနေ့၊ တချို့က သီပေါမင်း နန်းကျသောနေ့ စသည်ဖြင့် အမျိုးမျိုးအကြံပေးကြရာ ထိုကျောင်းသားများ သပိတ်မှောက် ထွက်လာသောနေ့သာလျှင် ထူးမြတ်မင်္ဂလာရှိသည်။ အောင်ပွဲနေ့အတွက် အသင့်လျော်ဆုံး ဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။

ထိုနေ့ကို ရွေးမိသည်မှာ အလွန်အကွက်ကျသည်။ အမျိုးသား အောင်ပွဲနေ့ဟူသောအမည်ကို ခံထိုက်၏။ အကြောင်းတို့ကို အောက်တွင် အကျဉ်းချုပ်၍ ပြလိုက်ပါ၏။

(၁) မြန်မာတို့သည် ငခွေး၊ ငနွား၊ သစ်တုံးများ မဟုတ်ကြ။ ဇာတိမျိုးရိုးနှင့် လူဖြစ်ကြောင်း၊ မဟုတ်မတရားလျှင် အလကားမခံဟူသော မြန်မာ့မာန်ကို ပြကြသောအချက်တည်း။ ကျွန်နင်းပြားစိတ်မှ သခင်မင်းသားစိတ်သို့ ပြန်လည်လာမှုတည်း။

(၂) မြန်မာတို့ အိပ်မောကျ၍ ရေသာခိုပြီး သူတစ်ပါးကြောင့်ကြကိုခံ၍ ပေါတောတော သွပ်တွပ်တွပ်နေနေကြရာမှ ဖြုန်းခနဲသတိရ၍ ထထကြွကြွဖြစ်ကာ ကိုယ့်ကိုယ်ကိုယ်အားကိုး၍ စွန့်စားသော အချက်ပင်တည်း။

(၃) ထိုကဲ့သို့စွန့်စား၍ သပိတ်မှောက်လိုက်ခြင်းကြောင့် ပညာရေးကိုအမှူးပြု၍ တိုင်းပြည် တိုးတက်ရေးအတွက် ၂၅ နှစ်၊ အနှစ် ၃၀ စာတစ်ခါတည်း ခုန်ကျော်တိုးတက်သွား၏။

(၄) ထိုသပိတ်မှောက်ခြင်းကိုစွဲ၍အမျိုးသားကျောင်းများ ပေါ်လာရာ ယခုအခါ ငါးဆယ်ခန့်ရှိ၏။ ထိုကျောင်းတို့မှာ အမျိုးသားကလေးတို့ကို 'လူ' ဖြစ်အောင် သင်ကြားပေးရာ ဗဟိုဌာနဖြစ်၏။ အမျိုးသား စစ်သည်တော်ကလေးများ ထွက်ရာအရပ်ဖြစ်၏။

(၅) ထိုကျောင်းတို့ကို အုပ်ချုပ်ရန် အမျိုးသားပညာရေးအဖွဲ့ချုပ် တစ်ခုဖြစ်တည်လာရာ တိုင်းပြည် ပညာရေးအတွက် ပြုပြင်စီမံနိုင်သော တန်ခိုးအာဏာ အတော်အတန်ရလေပြီ။ နောင်ခေတ် ကောင်းသောအခါ မြန်မာပြည် ပညာရေး အလုံးစုံကို ကိုင်မည့်အဖွဲ့ဖြစ်၏။

(၆) ပညာသည် တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ ဘာသာရေး၊ သာသနာရေး အလုံးစုံတို့၏ အခြေခံ စင်စစ်ဖြစ်၏။ ထို့ကြောင့်လည်း ထိုသပိတ်မှောက်ရေးသည် တိုင်းပြည်၏ တိုးတက်ကြီးပွားရေး အခြေခံဖြစ်၏။

ထိုမှအကျိုးကျေးဇူးရသည်မှာ အလကားထိုင်နေ၍ရသည်မဟုတ်၊ အနာများများခံ၍ အကျိုးများများ ရသည်ဟုမှတ်လေ။ အနာခံရပုံ ကိုယ်တွေ့တို့ကို ပြောပြပါဦးမည်။

သပိတ်မှောက်ရင်းလူ ကောလိပ်ကျောင်းသား ငါးရာကျော်၊ ခြောက်ရာတို့မှာ အမျိုးသားတို့၏ အညွန့် တက်လူများဖြစ်ကြ၏။ ခေတ်အလျောက်ဆိုရသော် မြို့အုပ်၊ မြို့ချုပ်စသောအာဏာရှင်၊ သူဌေးသူကြွယ် စသောနေရှင်တို့ဖြစ်၏။ ထိုသို့သော အာဏာရှင်နေရှင်အဖြစ်သို့ ရောက်တော့မည့်ဆဲဆဲ အနှစ်နှစ်က ကြိုးစား ခဲ့မှုတို့ကိုမငဲ့ဘဲ တိုင်းပြည်အတွက်ဟူ၍ စွန့်စားထွက်ခဲ့ကြခြင်းဖြစ်၏။ မိဘဆွေမျိုးတော်စပ်သူတို့သည် ကျွန်ုပ်တို့လူစုရှိရာသို့ လာရောက်၍ ရင်ထုကာငိုယိုကြသည်ကို ယခုတိုင် မြင်ယောင်သေး၏။ အချို့ သပိတ်မှောက်ကျောင်းသားတို့မှာ အရေးပိုင်၊ ဝန်ထောက်စသော အစိုးရအရာရှိတို့၏ သားသမီးများဖြစ်ကြရာ အစိုးရက မိမိတို့နိုင်ရာ ၎င်းတို့၏မိဘတို့အပေါ်၌ ဖိနှိပ်လေသဖြင့် ၎င်းအရာရှိတို့က မိမိတို့၏သားသမီးတို့ကို သေခန်းရှင်ခန်း ဖြတ်ကြရလေသည်။ ထိုသို့သောအားကိုးရာမဲ့ ကျောင်းသား၊ ကျောင်းသူတို့ကို သပိတ်မှောက် ကျောင်းသားအဖွဲ့က တာဝန်ယူ၍ ကြည့်ရှုစောင့်ရှောက် ထားရ၏။

ကျွန်ုပ်မှတ်မိသေး၏။ ကျွန်ုပ်နှင့်တစ်ခန်းတည်းနေရသူ ကောလိပ်ကျောင်းသား တစ်ယောက်သည် ထိုနှစ်တွင်စာမေးပွဲကို မြေကြီးလက်ခတ် မလွဲအောင်မည့်သူဖြစ်၏။ မအောင်ဘဲနေပါ ရိုးလား၊ တစ်နှစ်လုံးလုံး နေ့ရောညဥ့်ပါ အလွန်အမင်းစာကျက်၏။ အဘယ်ကြောင့် ဤမျှကြိုးစားပါသနည်း။ အကြောင်းရှိပါသည်။ ထိုနှစ်ဘီအေ စာမေးပွဲအောင်လျှင် မြန်မာအရေးပိုင်တစ်ဦးက မိမိသမီးနှင့်ပေးစား၍ မြို့အုပ်အရာကို ကျောင်း ထွက်ထွက်ချင်း ရနိုင်ရန် စီမံစေ့စပ်ထားသောကြောင့် ဖြစ်ပါ၏။

ဤသို့ပြုံးတုံးတုံး ဒူးတနန့်နန့်နှင့် ပျော်ရွှင်စွာနေထိုင်လျက်ရှိရာ တုန်လှုပ်ကြောက်လန့်ဖွယ်ရာ ကောင်းသော သပိတ်မှောက်ကိစ္စကို ကျောင်းသားတို့ ဆုံးဖြတ်လိုက်ကြသောအခါ ထိုခမျာမှာ ချုံးချုံးချ၍ ငိုလေသည်။

ကျွန်ုပ်မှာလည်း ရယ်ချင်သလိုလို၊ သူနှင့်ရော၍ ငိုချင်သလိုလို များစွာစိတ်ချောက်ချားခြင်းဖြစ်၏။ အသို့နည်း။ စာဖတ်သူမိတ်ဆွေ။ မိတ်ဆွေလည်း ရယ်ချင်သလိုလို ရှိပေလိမ့်မည်။ ဟုတ်ပါသေးရိုးလား။ သူ့ နေရာက ဝင်ကြည့်စမ်းပါ။ အရေးပိုင်သမီး၊ မြို့အုပ်၊ ပိုက်ဆံကြေးငွေ၊ ဒါတွေနည်းသလား။ သာမည လောကီ သားပုဂ္ဂိုလ်တို့အဖို့ အဘယ်မှာ မတုန်လှုပ်ဘဲရှိအံ့နည်း။ တုန်လှုပ်ချောက်ချားမည် စင်းစင်းတည်း။

ကောလိပ်ကျောင်းသားတို့မှာ အထက်တန်းစား နေကြစားကြရ၏။ မွေ့ရာထူထူပေါ်တွင် သက္ကလတ်၊

ကတ္တီပါစောင်တို့ကိုခြုံ၍ ဇာခြင်ထောင် အတွင်းအိပ်လေ့ရှိကြရာ သပိတ်မှောက်လာကြသောအခါ ဗဟန်းရပ်ရှိ ဘုန်းကြီးကျောင်းဇရပ်တန်ဆောင်းတို့၌ နေကြရကုန်၏။ အခင်းမှာ ကြမ်းသက်သက်၊ အချို့နေရာ၌ သစ်သား ခင်းမဟုတ်၊ အင်္ဂတေဖြစ်၏။ နှီးကြောဖျာ၊ ဖျာကြမ်းများ၏။ သင်ဖြူးဖျာအနည်းငယ်သာရှိ၏။ ခေါင်းအုံးမှာ အများအားဖြင့် ဝါးပိုးခေါင်းအုံး၊ သစ်သားခုံ၊ အုတ်ခဲတို့ ဖြစ်ကြ၏။ အချို့ဇရပ်တန်ဆောင်းတို့မှာ အကာလုံခြုံစွာ မရှိ။ စောင်လည်း လုံလောက်စွာမရှိ။ အခါကလည်း ဆောင်းတွင်းဖြစ်၏။ ခြင်ကိုက်လည်း မသက်သာချေ။

အစားအသောက်ဘက်က ကြည့်ပါဦး။ ကောလိပ်တွင် စားပွဲပေါ်၌ အဝတ်ဖြူခင်း၊ ဇွန်းခက်ရင်းတို့နှင့် ဝက်သား၊ ကြက်သား စသော ဟင်းကောင်းများနှင့် အခံ့စားရ၏။ ခိုင်းစရာ ဘွိုင်နှင့်တကွ ဟန်ကြီး ပန်ကြီး စားသောက်ကြရ၏။ ဗဟန်းတွင်သော်ကား ငံပြာရည်ချက်၊ ဆလတ်ရွက်တို့ကိုတို့၍ ဘူးသီး၊ ခရမ်းသီး၊ ရေလုံ ပြုတ်ဟင်းချိုတို့ကို အကောင်းဆုံးထား၍ စားကြရ၏။ သို့ရာတွင် ဝတ်ကြဆာကြသည်လည်း တစ်ကြောင်း၊ စွန့်စား၍ အဆင်းရဲခံရမည်ဟု စိတ်ထားရှိလေသဖြင့် တစ်ကြောင်း၊ တစ်နည်းအားဖြင့် လူစုလူဝေးနှင့် ပျော်ပွဲစားထွက်ခြင်း တစ်မျိုးဟု စိတ်ထားလေသဖြင့် တစ်ကြောင်း အလွန်စားသောက်၍ ကောင်းကြ၏။ ကသေးရိုးလား၊ ထိုအခါကလောက် တစ်ခါမျှမြိန်ရေ ရှက်ရေ မစားရဖူးကြချေ။

စားရာသောက်ရာမှာ ပန်းကန်မပြည့်စုံ၍ သစ်ရွက်၊ စက္ကူ တို့ကိုပင် ထမင်းထည့်၍ စားခဲ့ကြရ၏။

ပုံတစ်ပုံကြားရဖူးသည်ကား အင်းဝကောင်းစားစဉ်က ငလျင်ကြီးလှုပ်ရာ စစ်ကိုင်းဘက်ကစေတီများစွာ တို့ ပြိုပျက်ကျကြ၏။ ထိုအခါ အင်းဝဘက်ရှိ ရုပ်တုတော်များလည်း မသက်သာချေ။ ထိုအင်းဝဘက်ရှိ ရုပ်တုတော်နှစ်ဆူ စကားဆိုဟန်ကား -

ပထမတစ်ဆူ။ ။ ရှင်ပင်၊ စစ်ကိုင်းဘက်က ပွတ်စူးဘုရားတွေ ပြိုလိုက်ကြတာ၊ ဖြာကနဲ ဖြာကနဲ နေတာပဲ။

ဒုတိယတစ်ဆူ။ ။ စစ်ကိုင်းဘက်က စေတီတွေကတော့ ဟုတ်ပါပြီ။ ရှင်ပင်ကော ဘယ့်နှယ်နေ သလဲ။

ပထမတစ်ဆူ။ ။ အင်း၊ ကျုပ်လဲရင်ထဲမှာ အောင့်သွားတာပဲဟု မိန့်ဆိုသောဟူ၏။

အထက်ပါပုံအတိုင်း ကောလိပ်ကျောင်းသားကြီးတွေသာမဟုတ်။ ကျောင်းသားငယ်ခများတို့မှာလည်း ရင်အောင့်ကြရ၏။ ကျွန်ုပ်အထူး မှတ်မိသည်ကား ကျွန်ုပ်ကြည့်ရသော ကျောင်းသားငယ် သုံးဆယ်လောက်ရှိ ၏။ ၎င်းတို့မှာ စောင်လုံလောက်စွာ မရှိချေ။ ရှိသောစောင် အရေအတွက်နှင့် ကျောင်းသားအရေအတွက်ကို ဂဏန်းဖြင့် တွက်ကြည့်သော် တစ်ညလုံးမှာ တစ်ယောက်ကိုလေးနာရီသာ ခြုံခွင့်ရကြသည်။ သို့အားလျော်စွာ သူငယ်တို့ကို ညကိုးနာရီတွင်အိပ်စေ၍ ပထမတစ်စုကို လေးနာရီကြာအောင်ခြုံစေရ၏။ လေးနာရီပြည့်လျှင် စောင်တို့ကိုခွာယူ၍ ဒုတိယတစ်စုကို ခြုံပေးရသည်။

အစားအသောက်မှာလည်း ဆင်းရဲကြရရှာ၏။သို့ပါသော်လည်း သူ့ခေတ် သူ့ကိန်း ကြုံလာ၍လားမသိရ။ အလွန်စိတ်ပျော်ရွှင်ကြရ၏။ မိဘတို့က လာရောက်ခေါ်ငင်သည်ကို မလိုက်လို၍ ပုန်း၍ပင်နေကြ၏။

ဆိုခဲ့သည့်အတိုင်းအနှာခံ၍ အသာစံကြရခြင်းဖြစ်သည်။ ထိုသို့ သပိတ်မှောက်၍ အရက် ၂၀-၂၅

ရက်ခန့်ကြာသော် အစိုးရကလည်း ကျွန်ုပ်တို့ကို ကျေနပ်လောက်အောင် ကောလိပ် သိပ္ပံဥပဒေ ပြင်ဆင်မပေးသဖြင့် ကျောင်းများသို့ မည်သည့်နည်းနှင့်မျှ ပြန်၍မဝင်ရန် ဆုံးဖြတ်လိုက်ကြပြီး ထိုထွက်လာသော ကျောင်းသားတို့နှင့်စ၍ အမျိုးသားကျောင်း တည်ထောင်ရလေသည်။

ထောင်စ၌ ကျောင်းပေါင်း ကိုးဆယ့်သုံး၊ ကျောင်းသားပေါင်း နှစ်သောင်းနီးပါးခန့် ရှိ၏။ နောက်သုံးနှစ်ရှိသောအခါ အစိုးရထံမှ အထောက်အပံ့ယူရန် အရေးပေါ်ပေါက်လာ၏။ ထိုအခါ ကျောင်းပေါင်း လေးဆယ်ကျော်က အထောက်အပံ့မယူလိုဟုဆိုကာ မယူသည့်အပြင် အုပ်ချုပ်နေသော အမျိုးသားပညာရေးအဖွဲ့ချုပ်လက်အောက်မှလည်း ထွက်သွားကြရာ ထိုထွက်သွားကြသောနှစ်၌ပင် ယုတ်လျော့ ပျက်စီးသွားကြလေသည်။ ဝမ်းနည်းဖွယ်ပင်။

ကျန်သောငါးဆယ်က အထောက်အပံ့ယူသည်မှာ ယခုတိုင် တည်တံ့လျက်ရှိသေး၏။ ဤသို့ အမျိုးသားကျောင်းများ တည်ထောင်ရာ၌ အလှူငွေများစွာလိုသည်ဖြစ်ရာ ကျွန်ုပ်တို့သည် သူတောင်းစား အကြီးစား အလုပ်ကို အတန်ပင်လုပ်ခဲ့ရ၏။ အချို့သောသူတို့မှာ အမျိုးသား ကျောင်းသားတို့ကိုလည်းကောင်း၊ ဝံသာနု တို့ကိုလည်းကောင်း အလွန်မျက်မုန်းကျိုးကြ၏။ မှတ်မိသည်ကား-

တစ်ခါသော် မြစ်ဝကျွန်းပေါ်အရပ်ရှိ မြို့တစ်မြို့၌ ၎င်းမြို့ရှိ အမျိုးသားကျောင်းများအတွက် အလှူငွေခံရန် ရပ်ခံကျောင်းကော်မတီ အချို့နှင့်တကွ အတန်ဥစ္စာပြည့်စုံသော လူကြီးတစ်ဦးထံ သို့သွားကြ၏။

ရောက်ကြ၍ အကျိုးအကြောင်းပြောပြ၊ အလှူငွေခံရာ ထိုလူကြီးသည် မျက်နှာခပ်တင်းတင်းထားကာ သူ၏မိန်းမဘက် သို့လှည့်၍ 'ဟဲ့ မယ်ခင်၊ ငွေတစ်ရာထည့်လိုက်'၊ ကျွန်ုပ်တို့ ဘက်သို့လှည့်၍ 'အဲဒါအခု ထည့်တာဟာ စေတနာသဒ္ဓါရှိလို့ မဟုတ်ဘူး။ နားငြီးလို့ထည့်တာ' ဟု မိန့်ဆိုလေသည်။

ထိုအခါ ကျွန်ုပ်တို့နှင့်ပါလာသော ရပ်ခံလူကြီးတစ်ဦးက ကျွန်ုပ်တို့ကိုအားနာ၍ စကားဖာသည့်အနေနှင့် 'ဦးရယ်၊ ဦးဆီက ဒီတစ်ရာ လောက်မှန်းထားလို့ဖြင့် ကျွန်တော်တို့မလာခဲ့ပါဘူး။ အနည်းဆုံး တစ်ထောင်တော့ မှန်းထားပါတယ်။ ငွေမလွယ်သေးရင်လည်း ကတိထားရင်ပြီးတာပါပဲဦးရဲ့'

'အောင်မယ်၊ မင်းက ငါ့ကို ငွေမလွယ်ဘူးများ ထင်နေသလား ကွယ့်။ ဟဲ့ ဟဲ့ မယ်ခင်၊ ဟိုသံသေတ္တာ ဖွင့်ပြလိုက်စမ်းကွယ်။ ငွေတွေငါ့ ဆီမှာမင်းတို့ကိုတောင် ဖို့လောက်သေးတယ်။ စေတနာကို မရှိလို့ မထည့်တာကွယ့်' ဟု ခပ်ရှင်းရှင်း ပြောလိုက်လေသတည်း။

ကျွန်ုပ်တို့မှာ ထိုငွေတစ်ရာလည်း မခါးဘူးဟူသောအနေဖြင့် ရှက်ရှက်နှင့် ယူခဲ့ရလေသတည်း။

တစ်ခါတွေ့ရပုံမှာလည်း အောက်ပါအတိုင်းဖြစ်၏။ မြို့ငယ်တစ်ခုတွင် ထိုသို့ အမျိုးသားကျောင်း ရန်ပုံငွေအလှူခံသွားရာ ကျွန်ုပ်တို့ရောက်သွားသော ခနရှင်တစ်ဦးကား အသက် ၆၀ နီးပါးရှိ အဘိုးကြီးဖြစ်၏။ သို့ရာတွင် မယားငယ်ငယ် ၁၈ နှစ် အရွယ်ကိုယူထားရာ ၎င်းမယားနှင့်တကွ အနီးအနားတစ်ဝိုက်က 'အစ်ကို' ဟုခေါ်ကြ၏။ ထိုအဘိုးကြီး အနုကြိုက်နေကြောင်းကို ကျွန်ုပ်တို့မသိချေ။ ကျွန်ုပ်တို့လည်း လူကဲခတ် များစွာ လိုသွား၏။

သို့နှင့် ကျွန်ုပ်တို့အထဲက တစ်ယောက်ကစ၍ နှုတ်ဆက်လိုက်သည်မှာ-

'ဘယ့်နှယ်လဲဘကြီး၊ မာတော်မူပါရဲ့လား' ဟုဖြစ်လေသတည်း။

ထိုအခါ အနုကြိုက်အဘိုးကြီးသည် များစွာစိတ်ဆိုးသောလက္ခဏာဖြင့် 'ဟေ့ . . . ငါ့ကိုဘကြီး ခေါ်ရအောင် မင်းတို့ဘယ်ကအကောင်တွေလဲ၊ တယ်လေ . . . သွား သွား၊ ငါ့တိုက်ကို မလာကြနဲ့' ဟု မောင်းနှင်၍ ချသဖြင့် ကျွန်ုပ်တို့မှာ မရှုမလှဲ့ဆင်းခဲ့ကြရဖူး၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် အမျိုးသားအောင်ပွဲ နေ့တစ်နေ့ရပုံ၊ ထိုသို့ရနိုင်ရန် မည်မျှကြိုးစား အနစ်နာခံခဲ့ကြရပုံတို့ကို သိမှတ်ကြရန်ဖြစ်ပါ၏။

အထက်က ဆိုခဲ့သည့်အတိုင်း ဤအမျိုးသားနေ့မှာ ဂိုဏ်းဂဏများမကွဲမီ အားလုံးက သဘောကိုက်ညီ သောနေ့ဖြစ်သည့်ပြင် အောင်ပွဲနေ့ခေါ် လောက်အောင် သင့်လျော်ထိုက်တန် အရေးကြီးလေသဖြင့် တစ်နိုင်ငံ လုံးက အသိအမှတ်ပြုကာ ရှိသေလေးမြတ်ထိုက်ပါသတည်း။

ဦးဖိုးကျား

## ခက်ဆစ်အဖွင့်

| | | |
|---|---|---|
| ၁။ | သပိတ်မှောက် | = လိုလားချက်များကို သက်ဆိုင်ရာအာဏာပိုင်တို့က လိုက်လျောစေရန် မိမိတို့ အလုပ်တာဝန်များကို မလုပ်မကိုင် မထမ်းမရွက်ဘဲနေသည်။ အလုပ် မလုပ်ဘဲဆန္ဒပြသည်။ |
| ၂။ | ကွန်ဖရင့် | = မျက်နှာစုံညီအစည်းအဝေး။ ညီလာခံသဘင်။ |
| ၃။ | ဂိုဏ်းဂဏ | = အဖွဲ့အစု။ အအုပ်အသင်း။ |
| ၄။ | အကွက်ကျ | = ထိမိသည်။ နေရာတကျဖြစ်သည်။ ချက်ကျသည်။ |
| ၅။ | ကျွန်နင်းပြားစိတ် | = အဖိနှိပ်ခံရသောကျွန်တို့၏ စိတ်ဓာတ်။ |
| ၆။ | ရေသာခို | = အများနည်းတူ အပင်ပန်းမခံဘဲ သက်သာ အောင်နေသည်။ |
| ၇။ | ခနရှင် | = ငွေအရင်းအနှီးများစွာရှိသောသူ။ ငွေရှင်။ |
| ၈။ | သေခန်းရှင်ခန်းပြတ် | = သေသည်ကာလအထိ အဆက် အဆံမပြု ဘဲနေသည်။ |
| ၉။ | မြေကြီးလက်ခတ်မလွဲ | = (မြေကြီးကို လက်ဖြင့်ပုတ်လျှင် မလွဲတမ်း ထိနိုင်သကဲ့သို့) မလွဲမသွေ။ ကေန်မုချ။ |
| ၁၀။ | ချုံးချုံးချ | = ဖြေမဆည်နိုင်ဘဲ ရှိုက်ကြီးတငင်။ |
| ၁၁။ | စိတ်ချောက်ချား | = စိတ်တုန်လှုပ်သည်။ စိတ်လှုပ်ရှားသည်။ |
| ၁၂။ | ဘွိုင် | = စားပွဲထိုး။ |
| ၁၃။ | မြိန်ရေရှက်ရေ | = နှစ်ခြိုက်စွာ။ အားပါးတရ။ |
| ၁၄။ | ပွတ်စူးဘုရား | = သေးငယ်သောဘုရား။ |

၁၅။ ဝံသာနု = မျိုးချစ်စိတ်ရှိသူ။
၁၆။ မျက်မုန်းကျိုး = ကြည့်ရှုလိုစိတ် မရှိအောင် ရွံရှာစက်ဆုပ်သည်။ ကြာရှည်စွဲမြဲစွာမုန်းတီးသည်။
၁၇။ ရပ်ခံ = ရပ်ရွာဒေသခံ။
၁၈။ စကားဖာ = ပြောမိဆိုမိသောစကားအမှားကိုပြေပြေလည်လည် ဖြစ်အောင်ပြန်လည်ပြောဆိုသည်။

**သင်ခန်းစာအကျဉ်း**

အမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသားနေ့ဟုအမည်ခံထိုက်ပုံ၊ ကောလိပ်ကျောင်းသားများ အနစ်နာခံကြပုံ၊ အမျိုးသားကျောင်းများ တည်ထောင်ကြပုံ၊ အခက်အခဲများကို ရင်ဆိုင်ရပုံ၊ အမျိုးသားနေ့အရေးပါပုံတို့ကို ဖော်ပြထားသည်။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ဤစာကို ဖတ်ချင့်စဖွယ်ဖြစ်အောင် ပေါ့ပါးသွက်လက်အောင် နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများက အထောက်အကူပြုကြောင်း လေ့လာပြီး သုံးနှုန်းပြပါ။
၂။ အောက်ပါတို့အကြောင်းကို လေ့လာတင်ပြပါ။
(က) သပိတ်မှောက် ကျောင်းသားတို့၏ဘဝ
(ခ) အမျိုးသားကျောင်းများအတွက် ကြိုးပမ်းမှုများ

## ပတ္တမြားကျောက်စီဓား
## ကိုလိုနီခေတ်

ပတ္တမြားကျောက်စီဓားသည် မြန်မာစာပါမောက္ခ ဦးဧမောင် (တက္ကသိုလ် မောင်သန့်စင်) ၏ဝတ္ထုတို တစ်ပုဒ်ဖြစ်သည်။

ပါမောက္ခဦးဧမောင်သည် ကျုံပျော်မြို့ဇာတိဖြစ်၍ ၁၉၀၅ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ ငယ်စဉ်က ကျုံပျော်မြို့ အစိုးရမြန်မာကျောင်း၊ ရန်ကုန်မြို့ စိန့်ဂွန်းကောလိပ်ကျောင်း၊ အစိုးရ အင်္ဂလိပ်မြန်မာအထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့များ ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အချိန်ဝက် နည်းပြဆရာအဖြစ် စတင်အမှုထမ်းပြီး ရာထူးအဆင့်ဆင့်တိုးမြင့်ကာ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ပါမောက္ခအဖြစ်မှ အငြိမ်းစားယူပြီးနောက် မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင် (မြန်မာစာအဖွဲ့) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရသည်။ စာပေဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း တာဝန်ယူဆောင်ရွက်ရသည်။ ၁၉၈၅ ခုနှစ်တွင် ကွယ်လွန်သည်။

ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်၍ ကဗျာများ၊ ဝတ္ထုတိုများရေးဖွဲ့သည်။တက္ကသိုလ် မောင်သန့်စင် ကလောင်အမည်ဖြင့် စာပေများရေးသားသည်။ ကျောင်းသူ ကျောင်းသားများအတွက် ကဗျာ၊ စကားပြေကောက်နုတ်ချက်များ ပြုစုခဲ့သည်။ စစ်တက္ကသိုလ်သုံး စကားပြေလက်ရွေးစင်၊ ပုဂံကျောက်စာ လက်ရွေးစင် စာအုပ်များလည်း ပြုစုခဲ့သည်။ မြန်မာစာ၊ အင်္ဂလိပ်စာတို့ဖြင့် ဆောင်းပါးများ၊ သုတေသနစာပေများ ရေးသားခဲ့သည်။ မြန်မာစာဌာနကို နှစ်ပေါင်းများစွာ ကြီးကြပ်လမ်းညွှန်ခဲ့သည်။

ပတ္တမြားကျောက်စီဓား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သောဂုဏ်ရည်ကို ပေါ်လွင်စွာ ရေးဖွဲ့ထားပါသည်။

## ပတ္တမြားကျောက်စီဓား

ညို့ညို့မှိုင်းလျက်ရှိသော အနောက်ဘက်ထိမ်တောတွင် နေသည်ကွယ်ခဲ့ပြီးဖြစ်သောကြောင့် အလင်းရောင်မှာ ညီအစ်ကိုမသိတသိ မှုန်ရီမှုန်ဝါးမျှလောက်သာ ကျန်ရှိချေသည်။ ထိုအခိုက်တွင် ထွားကျိုင်း သန်မာဟန်နှင့် အသက်သုံးဆယ်ကျော်ခန့်ရှိသူ တစ်ယောက်သည် ဖောင်းဖြူဝတ်မြင်းကြီးကိုစီးကာ လက်တစ်ဖက်ဖြင့် ဇက်ကြိုးကိုကိုင်၍ လက်တစ်ဖက်ဖြင့် ခါးထောက်လျက်၊ ဘေးတစ်ဖက်တစ်ချက်ကို အနည်း ငယ်မျှမကြည့်ဘဲ ပုဂံမြို့ဆီသို့ အေးဆေးစွာလာနေလေ၏။ ထိုသူ၌ ထူးခြားသောအရာတစ်ခုမှာ ဘေးတွင် လွယ်ထားသော ကျောက်စီဓားဖြစ်ရာ ဤမျှလောက်မှေးမှိန်၍ မှောင်စပြုသောအချိန်၌ပင် နီလွင်သောအရောင် တို့သည် တရိုးရိုးတရဲရဲ ထွန်းတောက်သဖြင့် ဓားစီခြယ်ထားသော ကျောက်တို့မှာ ပတ္တမြားဖြစ်၍ အလွန်ပင် အဖိုးထိုက်တန်ပေ လိမ့်မည်ဟု ခန့်မှန်းဖွယ်ရာဖြစ်ပေသည်။ သို့နှင့်ထိုသူသည် ချုံအနည်းငယ်ထူထပ်သော စောလှဝန်းဘုရားအနီးသို့ ရောက်သောအခါ ဆယ့်ရှစ်နှစ်ခန့်အရွယ် သူငယ်ပျိုတစ်ယောက်သည် ငှက်ကြီးတောင်ဓားတစ်စင်းကို ဝင့်ကာဝင့်ကာ ချုံကွယ်တစ်ခုမှ ရုတ်တရက်ခုန်လွှားထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက်၊ ကျောက်စီဓားကို စွဲမြဲစွာဆုပ်ကိုင်လိုက်ပြီးလျှင် တောက်ပစူးရှသော မျက်လုံးအစုံနှင့် သူငယ်ပျိုအား ကြည့်လိုက်လေ၏။ ပြေးလာသူလည်း ကိုယ်ရှိန်သတ်ကာ 'ဗိုလ်မိုးသီး နေပါဦးဗျ၊ ဒီလောက်လည်း အရင်မလိုပါနဲ့ဦး၊ ကျွန်တော်ခင်ဗျား မိတ်ဆွေပါ။ ရန်သူမဟုတ်ပါဘူး၊ ပြောစရာကလေးရှိလို့ပါ' ဟု ဟစ်အော် ပြောဆိုရင်း လျင်မြန်ဖျတ်လတ်စွာ ရှေ့ကိုဆက်လက်လာသဖြင့် မြင်းစီးသူ၏အနီးသို့ ခဏချင်းပင် ချဉ်းကပ်မိ လေ၏။

မြင်းစီးလာသူသည် မြင်းကိုရပ်တန့်စေပြီးနောက် ဇက်ကြိုးကို မြင်းကျောပေါ်သို့ အလုံးစုံပုံချလိုက်ကာ လက်နှစ်ဖက်လုံးဖြင့် ခါးထောက်လျက် မထီလေးစားကြည့်ပြီးလျှင် 'ငါ - ဗိုလ်မိုးသီးလို့ မင်းဘယ့်နှယ်သိသလဲ၊ အရင်ကငါ့ကိုမြင်ဖူးလို့လား' ဟုခပ်မာမာ မေးလိုက်လေ၏။

သူငယ်ပျို။ ။ 'အရင်ကတော့ မမြင်ဖူးပါဘူး။ ဒါပေမဲ့ ခင်ဗျား ဗိုလ်မိုးသီးဆိုတာ တပ်အပ်ပြောနိုင် တယ်၊ အခြားလူတွေ လည်းကျွန်တော့်လို ပြောနိုင်ကြမှာပဲ၊ ပြောစရာ ထူးခြားချက်က ရှိတာကိုး'

မြင်းစီးလာသူ။ ။ 'ဘာထူးခြားချက်လဲ'

သူငယ်ပျို။ ။ 'ခင်ဗျားဘေးလွယ်ထားတဲ့ ပတ္တမြားကျောက်စီဓားပေါ့ဗျ၊ ဒီဓားမြင်ရုံနဲ့ ဘယ်သူ မဆို ခင်ဗျားဟာဓားပြဗိုလ် ဗိုလ်မိုးသီး အစစ်ပဲလို့ဆိုတာ မုချသိမှာပေါ့၊ တခြားဓားပြဗိုလ်တွေမှာ ဘယ်တော့ ဒီဓားမျိုးရှိလို့လဲ။ ခင်ဗျားတစ်ယောက်ပဲ အမြဲကိုင်တယ်မဟုတ်လား၊ အင်မတန်စွမ်းပြီး၊ လူစားတဲ့ဓားဆို'

မြင်းစီးလာသူသည် သူငယ်ပျိုမေးသောစကားကို အလျှင်းဂရုမစိုက်သကဲ့သို့ ရှေ့တည့်တည့်သို့ မျက်မှောင်ကြုတ်ကာ စဉ်းစားသည့်ဟန်မျိုးနှင့် ခေတ္တမျှကြည့်ပြီးလျှင် သူငယ်ပျို၏ ဘက်သို့လှည့်၍ 'မင်းခုနက ငါ့ကိုပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ ငါ့မှာအချိန်မရှိဘူး၊ ပြောရင် မြန်မြန်ပြောစမ်း' ဟု အာဏာသံနှင့် ပြတ်တောင်း တောင်းပြောလိုက်လေ၏။

သူငယ်ပျို။ ။ 'တခြားမဟုတ်ပါဘူး၊ ကျွန်တော် ခင်ဗျားတပည့်ခံချင်လို့ပါ။ နောက်ပြီးတော့

တော်တော်ဟန်ကျမည့် ချက်ကောင်းတစ်ခု တွေ့ထားတယ်ဗျာ၊ ဟောဟိုတမာပင်တွေ အုပ်နေတဲ့ လေးထောင့်ကန်နားက အိမ်ကိုတိုက်ရရင် ရွှေငွေ အတော်ရမယ်၊ ဘယ့်နှယ်လဲ'

မြင်းစီးလာသူ။ ။ 'ပစ္စည်းရှိတာကို ဒိဋ္ဌသိသလား'

သူငယ်ပျို။ ။ 'ဒိဋ္ဌသိပါတယ်။ ဒီအိမ်ကို မင်းတုန်းမင်းကြီးရဲ့ အနောက်ဆောင်မှာ ခစားတဲ့ အပျိုတော်ကလေး တစ်ယောက်၊ မန္တလေး နေပြည်တော်ကဆိုလား၊ မနက်ကပဲပြန် ရောက်လာတယ်။ ဆုတွေလာဘ်တွေမနည်းဘူးဗျာ ရလာလိုက်တာ၊ ဒီအိမ်က အဘိုးကြီးတစ်ယောက်နဲ့လည်း ဘာတော်တယ် မသိဘူး။ ပစ္စည်းတွေထုတ်ပြနေတုန်း ကျွန်တော်လေးထောင့်ကန်မှာ ရေဆင်းသောက်ရင်း မြင်လိုက်ရတယ်။ အခုအိမ်မှာ လူတစ်ယောက်မှ မရှိဘူးဗျ။ အဘိုးကြီးရော ကောင်မလေးရော သဗ္ဗညုဘုရားတို့၊ အာနန္ဒာဘုရားတို့၊ ဂေါတော့ပလ္လင် (ကန်တော့ပလ္လင်) တို့ လျှောက်ဖူးရအောင် နေ့လယ်ကတည်းက လှည်းနဲ့ထွက်သွားကြတယ်။ ကျွန်တော့်က ဟောဟိုနားက ချုံကွယ်မှာ တစ်နေ့လုံးချောင်းပြီး စောင့်နေတာပဲ။ ခုတော့ ခင်ဗျားလာတာနဲ့ အဆင်သင့်ပဲ'။

မြင်းစီးလာသူ။ ။'ဒါထားလိုက်ပါဦး . . . မင်းဘယ်သူလဲ'

သူငယ်ပျို။ ။ 'ကျွန်တော် စဥ့်ကူက'

မြင်းစီးလာသူ။ ။ 'မင်းမှာမိဘရှိသေးသလား'

သူငယ်ပျို။ ။ 'အမေသာရှိတော့တယ်'

မြင်းစီးလာသူ။ ။ 'မင်းကငါ့တပည့်လုပ်ချင်တယ်လို့ ပြောရအောင်မင်းမှာသတ္တိရှိလို့လား'

သူငယ်ပျို။ ။'မယုံရင်စမ်းကြည့်တာပေါ့ဗျာ' (မြင်းစီးလာသူကိုလှန်၍ကြည့်ကာ မခံချင်သောမျက်နှာထားနှင့် ပြောသည်)

မြင်းစီးလာသူ။ ။ 'ဟား-ဟား-ဟား တော်တော်လာသားပဲ၊ ဒါပေမဲ့ သတ္တိရှိတာနဲ့ မိုက်တာနဲ့ တခြားစီကွ၊ သတ္တိရှိတယ်ဆိုတာက အကျိုးမြင်လို့ နောက်မတွန့်ဘဲ စွန့်စားတာ၊ မိုက်တာက အကျိုးမဲ့သက်သက်ရမ်းလုပ်တာ၊ ခုနေမင်းကိုယ်မင်း သတ္တိရှိလှပါတယ်ဆိုပြီး ဟောဟို နှံ့ပဲပင်ထိပ်ဖျားပေါ်တက်ပြီး ခုန်ချရင်၊ အရိုးအသား စိစိညက်ညက်ကျေပြီး မုချသေမယ်၊ အဲဒါကို ငါကသတ္တိရှိတယ်လို့မခေါ်ဘူး၊ သိပ်မိုက်တယ်၊ ရူးတယ်လို့ဆိုမယ်၊ မင်းနားလည်ပြီလား ဒါကြောင့် မင်းမှာတကယ့်သတ္တိ ရှိရဲ့လားလို့ ငါမေးတယ်'

သူငယ်ပျိုသည် အမျက်ထွက်လာဘိသကဲ့သို့ မျက်လုံးနှစ်ဖက်တို့မှ အရောင်အလျှံများ ထွက်လာကာ၊ 'ခင်ဗျားဘာမှ စကားရှည်နေစရာမလိုဘူး၊ မယုံရင်ဒီနေရာကစောင့်ကြည့်နေ' ဟုပြောပြောဆိုဆို ဓားကိုဝင့်ကာ လေးထောင့်ကန်အနီးရှိ ယခင်အိမ်ကြီးဆီသို့ ရုတ်တရက်ပြေးသွားသောအခါ မြင်းစီးသူလည်း သူငယ်ပျိုအား စောင့်ကြည့်နေလေ၏။ သူငယ်ပျိုသည် အိမ်တံခါးဝအနီးသို့ ရောက်သောအခါ အပြင်မှသော့ခတ်ထားသည်ကိုတွေ့ရှိသဖြင့် အကြံယူဟန်ဖြင့် ခေတ္တရပ်နားကာ နောက်သို့ဆယ်လှမ်းခန့်မျှ ပြန်ဆုတ်လာပြီးလျှင် တစ်ဟုန်ထိုးပြေး၍ ကိုယ်လုံးနှင့်တံခါးကိုတိုက်လေရာ 'ဝုန်း' ခနဲအသံမြည်၍ တံခါးသည် ချက်ချင်းပွင့်သွားလေ၏။ အထဲသို့ဝင်သွား၍ မှောင်အတိ ရှိနေသဖြင့် ရေနံချေးမီးခွက်ကိုစမ်း၍ရှာဖွေကာ ထွန်းညှိပြီးနောက် ခေါင်းရင်းတွင် တွေ့သောကျွန်းသေတ္တာငယ်ကို ဓားနှင့် အတင်းဖွင့်လိုက်လေ၏။ သေတ္တာတွင်း၌ကား စိပ်ပုတီးသုံးကုံး၊

ကလေးဆွဲသော ငွေ ၁ဃက် ငယ်၊ သံတစ်ခု၊ ဆံစုနှစ်စင်း၊ ဖန်နားတောင်းနှစ်ရန်၊ သစ်သားဘီး နှစ်ချောင်း၊ ကညစ်တံ သုံးချောင်းနှင့် ပေပေါ်တွင်ရေးမှတ်ထားသော ရက်ချုပ်နှစ်ခုတို့ ကိုသာတွေ့ရှိရသဖြင့် သူငယ်ပျိုမှာ များစွာစိတ်ပျက်မိလေ၏။ သို့ရာတွင် စိတ်မကျေသေးဘဲ အိပ်ရာများတွင် ရှာဖွေလေရာ၊ ခေါင်းအုံးအောက်၌ ခါသာပဒုမ္မာနှစ်အုပ်ကို တွေ့ရှိသဖြင့် လှမ်းယူလိုက်လေ၏။ ထို့နောက် အိမ်တစ်ခုလုံးကို ပြောင်းဆန်အောင် နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေပြန်သောအခါ နောက်ဆုံးတွင် ဒေါင်းဒင်္ဂါးပြားတစ်ရာ၊ သွယ်ပျောင်းတစ်ကုံး၊ နော်ဇာကုံးနှစ်ကုံးနှင့် ရွှေဆယ့်ငါးကျပ်သား လောက်ကိုတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ယူဆောင်ပြီးလျှင် မြင်းစီးသူထံသို့ အပြေးလာခဲ့လေ၏။ 'အားလုံးရခဲ့တယ်ဗျ၊ အားလုံးပဲ၊ မနည်းကြီးကိုရှာခဲ့ရတယ်၊ လူကို ဖတ်ဖတ် မောလို့ နောက်ဆုံးဆန်အိုးထဲကျမှ တွေ့တော့တယ်၊ ဟန်ကျတာပဲဗျာ၊ ခင်ဗျားနဲ့ကျွန်တော် တစ်ယောက်တစ်ဝက်စီ ပေါ့' ဟု အားပါးတရပြောရင်း ပစ္စည်းများကိုပြလေ၏။

မြင်းစီးသူ။ ။ 'အဲဒီပစ္စည်းတွေ ငါ့ကိုအကုန်ပေး ငါယူထားမယ်'

သူငယ်ပျို။ ။ 'မြင်းပေါ်မှာ ခင်ဗျားယူထားရင် လေးနေမှာပေါ့ဗျာ၊ ကျွန်တော်ယူလာခဲ့မယ်လေ၊ ကျွန်တော် သတ္တိမနည်းဘူးဆိုတာ ခုသိပြီးမဟုတ်လား၊ အခုကျွန်တော်တို့ဘယ်သွား ကြမှာလဲ'

မြင်းစီးသူ။ ။ 'ပေးဆိုရင်ပေးစမ်းကွာ၊ လျှာရှည်မနေနဲ့၊ အချိန်မရှိဘူးဟုဆိုကာ ပစ္စည်းများကို မြင်းပေါ်မှ အတင်းဆွဲယူလိုက်ပြီးလျှင် လွယ်အိတ်တွင်းသို့ ထည့်ထားလိုက်လေ၏။ ခါသာအုပ်များကိုမူကား မြင်းကုန်းနှီးရှေ့တွင် တင်ထားလိုက် လေ၏။

ထို့နောက် လူသူလေးပါးကိုကြည့်ပြီးလျှင် သူငယ်ပျိုဘက်သို့ တစ်ချက်မျှစောင်းငဲ့ကြည့်ကာ မြင်းကိုသွားရန် အချက်ပေးလိုက်သဖြင့် 'ဘယ်သွားမှာလဲဗျ-ဗိုလ်မိုးသီး၊ ခင်ဗျားကျွန်တော့် ကိုမပြောဘူးလား၊ ပြောမလား' ဟု တင်းမာစွာ သူငယ်ပျိုက မေးလေရာ 'မင်းကလား ငါ့ကို ဟား-ဟား-ဟား၊ ဟိုချုံကွယ်နေတဲ့ သစ်ပင်အောက်ကိုလေ၊ မင်းမှာ သတ္တိတကယ်ရှိတယ်ဆိုရင် လိုက်ခဲ့ပါလား' ဟု မြင်းစီးသူက မခိုးမခန့်ပြောကာ မြင်းကိုနှင်သွားလေရာ 'ဒါဖြင့်လိုက်တာပေါ့' ဆိုကာ ဓားကိုတင်းကျပ်စွာ ဆုပ်ကိုင်၍ သူငယ်ပျိုသည် ထက်ကြပ် မကွာလိုက်သွားလေ၏။

မကြာမီ ချုံပုတ်ကွယ်သို့ ရောက်ကြလေလျှင် 'တခြားမသွားဘဲနဲ့ ဘာကြောင့်ဒီနေရာ လာတာလဲဗျ' ဟု သူငယ်ပျိုက စတင်မေးလိုက်သောအခါ 'စိတ်ကျေနပ်စရာ မြင်ချင်လို့ပေါ့၊ ဟို အဘိုးကြီးနဲ့ကောင်မလေး အိမ်ပြန်လာတော့ သူတို့ပစ္စည်းတွေ လုယူသွားတာတွေ့ရင် အင်မတန်ပူမှာ ငိုမှာပဲ၊ အဲဒါသူတို့ ဘယ်လိုပူကြမလဲ ဆိုတာ ဒီကနေစောင့်ကြည့်ပြီး ရယ်ချင်လို့ပါ။ တယ်ကြည့်ကောင်းမှာပဲကွာ ဟား-ဟား . . .' ဟု ပြောနေစဉ် အတွင်းတွင် လှည်းတစ်စီးသံကို ကြားသဖြင့် နှစ်ဦးသားငြိမ်သက်စွာ စောင့်ကြည့်နေကြလေ၏။ လှည်းသည် အိမ်ရှေ့တည့်တည့် သို့ရောက်သောအခါ ရပ်တန့်ပြီးနောက် အသက်တစ်ဆယ့်ကိုးနှစ်ခန့်ရှိ မိန်းမပျိုတစ်ယောက် ဆင်းလာ၍အိမ်တံခါး သို့လျှောက်သွားစဉ်၊ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိ အဘိုးအိုတစ်ယောက် နောက်ထပ်ဆင်းသက် လိုက်သွားလေ၏။ မိန်းမပျိုလေးသည် တံခါးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် 'ဖေဖေရေ . . ဖေဖေကြီး . . . တံခါးပွင့်နေတယ်၊ သူခိုး ခိုးပြီထင်တယ်' ဟု ကြောက်လန့်တကြား ပြေးလာကာ

အဘိုးအိုရဲ့ လက်ကိုကိုင်လျက် ပြောလေ၏။

'ဟင် . . . မီးထွန်းပြီး သေသေချာချာ ကြည့်ပါအုံး ငါ့မြေးရယ်၊ ဟိုဟာတွေများ ပါသွားသေးလား' ဟု ထိတ်ထိတ်ပျာပျာ အဘိုးအိုက ပြောလေ၏။

မိန်းမပျိုသည် လျင်မြန်စွာ အိမ်တွင်းသို့ဝင်ကာ မီးထွန်းရှာဖွေပြီးသောအခါ 'ဖေဖေကြီးရဲ့ ဟိုဟာတွေ အားလုံး အကုန်ပါသွားပြီ၊ ဆန်အိုးထဲမှာ ဘာမှပရှိတော့ဘူး' ဟု ငိုသံပါနှင့်ပြောလေ၏။

'အမယ်လေး မြေးရယ်' ဖေဖေကြီး ရင်ကွဲရချေရဲ့ . . . ကိုယ်ကျိုးနည်းပြီထင်တယ်၊ အမယ်လေး-ငါ့မြေးသုံးနှစ်လုံးလုံး ရှာဖွေလို့ရတဲ့ပစ္စည်းမို့ ဖေဖေကြီးသိပ်နှမြောတယ်၊ ဖေဖေကြီးရှာ လို့ရတဲ့ပစ္စည်းဆိုရင်တော့ ဒီလောက်တောင် မနှမြောပါဘူး၊ ခုတော့ငါ့မြေးမှာ သုံးနှစ်လုံးလုံးအတွင်းဆောင်ထဲမှာ တံတောင်ဆစ် ပွန်းအောင် ခစားလို့ရတဲ့ ပစ္စည်းမို့လို့ သာပြီးနှမြောတာပါကွယ်။ မနက်က တို့မြေးအဘိုးတော့ တစ်သက်လုံး မခွဲရတော့ဘူး။ ဒါတွေနဲ့ ရင်းနှီးစားရတော့မယ်ကြံတုန်း ခုငါမြေးကလေး ရှာစာကိုမှ ယူရက်တယ်ကွယ် ဒီသူခိုး ကို ဘုရားသိကြားများ ကြည့်မနေပါနဲ့ ဒိဋ္ဌပြတော်မူပါ၊ ပြတော်မူပါ၊ ဒိဋ္ဌပြတော်မူပါ' ဟု အဘိုးအိုသည် ကတုန် ကယင် ပြောဆိုငိုယိုနေလေ၏။

'ဖေဖေကြီး၊ ဖေဖေကြီး ဒီမှာလေကြည့်ပါအုံး၊ မငိုပါနဲ့လေ၊ ဖေဖေကြီး အနွံ့ဘာမှမနှမြောပါဘူး၊ နန်းတော်ထဲမှာ ပြန်ခစားရင် ဒီပစ္စည်းလောက်ကို ပြန်ရမှာပေါ့၊ မငိုပါနဲ့နော်- ဖေဖေကြီးရယ်၊ အနွံ့ရှာနိုင်ပါတယ်၊ မကြာပါဘူး ဖေဖေကြီးရယ်။ ဘဝက အနွံ့တို့ကံကမှ မစင်ကြယ်လို့ပျောက်တာပဲ မနှမြောပါနဲ့နော်' ဟုမိန်းမပျိုက ကနွဲ့ကလျအားပေးချော့မော့ ပြောဆိုလေရာ-

'မြေးကလေးရယ်၊ မင်းပင်ပန်းတာ မကြည့်ရက်နိုင်ဘူး အနွဲ့ရဲ့၊ ဖေဖေကြီးတော့ မချိတော့ဘူးကွယ်' ဟုဆိုကာ အဘိုးအိုသည် သက်ပြင်းရှူ၍ ငိုမြဲငိုယိုလျက်ရှိလေ၏။

ထိုအခိုက်တွင် ချုံကွယ်၌စောင့်၍ နားထောင်နေကြသောသူ နှစ်ဦးအနက် မြင်းစီးသူကစ၍ 'ဘယ့်နှယ် လဲ . . ဟေ့၊ ကြားရတာ ဝမ်းသာစရာမကောင်းဘူးလားကွာ၊ ရယ်စရာ ကောင်းလိုက်တာ၊ အဘိုးကြီးလွမ်းခန်း ဆိုတာ ဒါမျိုးပေါ့၊ မင်းမရယ်ချင်ဘူးလား' ဟုမေးလေ၏။

သူငယ်ပျို။ ။ 'မရယ်ချင်ဘူး၊ ဒါရယ်စရာမှ မဟုတ်ဘဲ၊ သနားတောင် သနားသေးတယ်။ ဟိုပစ္စည်းတွေကို ကျွန်တော့် ပေးစမ်းဗျာ၊ သူတို့ကို ခုပြန်ပေးလိုက်ချင်လို့'

မြင်းစီးသူ။ ။ မင်းပေးချင်တိုင်းရပ့်မလား'

သူငယ်ပျို။ ။ 'ဘာပြုလို့မရဘဲရှိရမှာလဲ။ ကျွန်တော် သွားယူလာတဲ့ပစ္စည်း၊ ကျွန်တော်ပြန်ပေးနိုင် တာပေါ့'

မြင်းစီးသူ။ ။ 'ခုနက တစ်ယောက်တစ်ဝက်စီလို့ မင်းပါးစပ်ကပြောပြီး မဟုတ်လား'

သူငယ်ပျို။ ။ 'ကျွန်တော် အခုစိတ်ပြောင်းသွားပြီ၊ သူတို့ကိုသနားလို့ပဲ၊ ခင်ဗျားကိုလည်း တစ်ဝက်မပေးနိုင်တော့ဘူး၊ ကျွန်တော်လဲ မယူဘူး၊ အကုန်ပြန်ပေးမယ်'

မြင်းစီးသူ။ ။ 'ငါက မပေးရင်ကော'

သူငယ်ပျို။ ။ 'မပေးရင် ပေးအောင်လုပ်ရမှာပေါ့'

မြင်းစီးသူ။ ။'ဟား . . . ဟား . . . ဟား စိတ်သာချ မင်းကိုဘယ်တော့မှ မပေးဘူး' ဟု မထီလေးစားကြည့်ကာ ပြောလိုက်လေလျှင် သူငယ်ပျို့သည် စိတ်မာန်တက်ကြွ၍ အမျက်ထွက်ကာ လျှင်မြန်စွာ ဓားဖြင့်တအားလွှဲ၍ ခုတ်လိုက်လေ၏။ သို့သော်မြင်းစီးသူသည် သူငယ်ပျို့ထက် လျှင်မြန်ဖျတ်လတ်သူ ဖြစ်ရကား တစ်ဟုန်ထိုးလာသောဓားကို ကျောက်စီဓားဖြင့် ဆီးတားကာကွယ်လိုက်ပြီးနောက် သူငယ်ပျို၏ လက်ဆစ်ကိုခြေနှင့် ဆတ်ကန်လိုက်ရာ ဓားမှာမြေပေါ်သို့ လွင့်စဉ်ကျသွားသောကြောင့် သူငယ်ပျို့မှာ လက်နက်မဲ့ဖြစ်သည်နှင့် တစ်ပြိုင်နက် မြင်းပေါ်မှ ခုန်လွှားဆင်းလိုက်ကာ သူငယ်ပျို၏ဓားကိုကောက်ယူလျက် 'မင်းသတ္တိ အကောင်းသားပဲ၊ လာ . . . မင်းငါ့နောက်လိုက်ခဲ့' ဟု အာဏာပေးကာ မြင်းပေါ်သို့ တစ်ဖန် လွှားတက်ပြီးလျှင် အဘိုးအိုအိမ်သို့ ရှေ့ရှုသွားလေ၏။

အဘိုးအိုသည် မြင်းစီးသူကိုတွေ့မြင်လျှင် 'အလို-မြို့စားမင်း၊ ဘယ်ကကြွလာပါသလဲ . . .၊ ကြွပါကြွပါ၊ အဆင်သင့်လိုက်တာဗျာ၊ ရှိစုမဲ့စုပစ္စည်းတွေကို လူခိုးသွားလို့၊ နွဲ့ရေ၊ ဟောဒီမှာ မြို့စားမင်းကို ဖျာခင်းပေးပါမြေးရဲ့' ဟုပြောလေ၏။

'သြော် . . . မြို့စားမင်း၊ ထိုင်ပါရှင့် ထိုင်ပါ' ဟုဆိုကာ ပြုံးရွှင်စွာ ခင်လေးနွဲ့က ဖျာခင်းပေးလေ၏။

သူငယ်ပျို့လည်း မြင်းစီးလာသူ၏ မျက်နှာကိုသေချာစွာ စူးစိုက်ကြည့်ရင်း စဉ်းစားလျက်ရှိနေလေ၏။

မြင်းစီးလာသူ။ ။ 'ဦးမင်းတို့ ပျောက်သွားတဲ့ပစ္စည်းတွေဆိုတာ ဒါတွေမဟုတ်လားခင်ဗျာ၊ တစ်ဆိတ်သေသေချာချာ စစ်ပြီးကြည့်ပါဦး' ဟုဆိုကာ သူငယ်ပျို၏ဘက်သို့ အနည်းငယ်အပြုံးကြည့် ကြည့်ပြီး လျှင် ပစ္စည်းများကို ခင်လေးနွဲ့ရှေ့တွင် ဖြည်းညင်းစွာ ချထားလိုက်လေ၏။

အဘိုးအို၏မျက်နှာမှာ ကြည်လင်ရွှင်ပျလာလေ၏။ ခင်လေးနွဲ့မှာမူကား မြင်းစီးလာသူကို ကျေးဇူးတင် သည့် မျက်လုံးတို့ဖြင့်ကြည့်လျက် 'သြော်-ဒါကြောင့်လည်း ပုဂံမြို့စားမင်း ဇေယျကျော်ထင်၊ ဇေယျကျော်ထင်လို့ နန်းတွင်းနန်းပြင် ကျော်စောနေပေတာပဲနော်။ တစ်သက်မှာ ကျေးဇူးမမေ့နိုင်စရာ မရှိတော့ပါဘူး မြို့စားမင်းကြီး ရှင်' ဟုကြည်လင်အေးမြစွာ ပြောဆိုလေ၏။ သူငယ်ပျို့သည် အလုံးစုံကို နားမလည်ဘိသကဲ့သို့ တွေဝေ ငေးမောနေရာမှ မြင်းစီးလာသူ၏အနီးသို့ ချဉ်းကပ်သွားပြီးလျှင် 'ခင်ဗျား ဗိုလ်-ဗိုလ်မိုးသီးမဟုတ်ဘူးလား' ဟု မေးလိုက်လေ၏။

မြင်းစီးလာသူ။ ။ 'မင်းကိုဟုတ်တယ်လို့ ဘယ်သူပြောလို့လဲ'

ခင်လေးနွဲ့။ ။ 'လူတကာကို ရက်ရက်စက်စက်သတ်တဲ့ ဗိုလ်မိုးသီးနဲ့မှ ကျွန်မတို့မြို့စားမင်း ဇေယျကျော်ထင်ကို မှားတတ်ပလေတယ်ရှင်'

သူငယ်ပျို့သည် 'ဟာ' . . . ဟုပါးစပ်မှထွက်ကာ ဘေးတွင်လွယ်ထားသော ကျောက်စီဓားကို ငေးစိုက် ကြည့်ရင်း 'ဒါဖြင့်ရင်ခင်ဗျာ၊ ခင်ဗျာ့ဘေးမှာလွယ်ထားတဲ့ ဟိုပတ္တမြားကျောက်စီဓားကကောဗျာ၊ ကျွန်တော်ဖြင့် ဘာမှနားမလည်နိုင် အောင်ရှိနေပြီ။ ဓားပြဗိုလ် ဗိုလ်မိုးသီးရဲ့ ဓားမဟုတ်လားဗျာ' ဟုမေးပြန်၏။

'အင်း . . . ဟုတ်တယ်၊ ဒီဓားဟာ ဗိုလ်မိုးသီးရဲ့ ပတ္တမြားကျောက်စီဓား အစစ်ပါပဲ၊ ဗိုလ်မိုးသီးတော့

သေပြီလေ။ သမ္ဘူလဘုရားနားကို ဒီနေ့ညနေလာမယ်လို့ သတင်းရတာနဲ့ သွားပြီးဖမ်းတယ်။ ဒါနဲ့နှစ်ယောက်သားရင်ဆိုင်တွေ့ပြီး ခုတ်ကြရင်း ဟိုနေရာမှာ သူ့အသက်ပျောက်ကျန်ရစ်ခဲ့တယ်။ ကျူပ်ဓားကို သူ့ရင်ဝမှာပဲထားခဲ့တယ်။ သူ့ပတ္တမြားကျောက်စီဓားကိုတော့ ယူလာခဲ့တယ်။ အင်း-လောကကြီးဖြင့် ဒီလောက်မိုက်တဲ့ လူယုတ်မာတစ်ယောက်အတွက်တော့ ကျွတ်လွတ်သွားပြန်တာ ပေါ့လေ /. . . ' ဟု မြင်းစီးသူကပြောလေ၏။

သူငယ်ပျိုသည်လည်း နားထောင်ရင်းပင် ခေါင်းငိုက်စိုက် ကျနေလေတော့သတည်း။ ထို့နောက် ဇေယျကျော်ထင်က ဆက်လက်၍ 'ကဲ- မင်းလည်းဗိုလ်မိုးသီးတပည့် မလုပ်ချင်တော့ ဘူးထင်ပါတယ်။ မင်းစိတ်မျိုးနဲ့လည်း မတန်ပါဘူး၊ ငါ့နောက်လိုက်ခဲ့၊ မင်းကိုငါတပ်ထဲမှာ သင့်သလိုခန့်ထားမယ်' ဟုပြောဆိုကာ သူငယ်ပျိုကိုခေါ်ဆောင်ပြီးလျှင် အဘိုးအိုနှင့် ခင်လေးနွဲ့တို့အိမ်မှ ပုဂံမြို့သို့ နှစ်ဦးသား ထွက်ခွာသွားကြလေသတည်း။

တက္ကသိုလ်မောင်သန့်ဇင်

## ခက်ဆစ်အဖွင့်

၁။ ညီအစ်ကိုမသိတသိ = နေဝင်ခါနီး သဲသဲကွဲကွဲ မမြင်ရသော အချိန်။
၂။ မှုန်ရီမှုန်ဝါး = မသဲမကွဲ။
၃။ ဖောင်းဝတ်ဖြူ = မီးခိုးရောင်သန်းသောအဖြူရောင်။
၄။ ငှက်ကြီးတောင်ဓား = အဖျားကော့ချွန်သောဓားရှည်။
၅။ ဒိဋ္ဌ = မျက်မြင်ကိုယ်တွေ့၊ ဧကန်အမှန်။
၆။ အနောက်ဆောင် = မိဖုရားများစံမြန်းသောအဆောင်။
၇။ ရက်ချုပ် = မွေးဖွားချိန် စသည့်အချက်အလက်များကို ထန်းရွက်စသည်တို့တွင် ရေးမှတ်ထား သောစာ။
၈။ ခါသာ = ပိတ်ချောတစ်မျိုး။
၉။ ပဒုမ္မာ = ပါးလှပ်သော ချည်ချောပိတ်တစ်မျိုး။
၁၀။ ဒေါင်းဒင်္ဂါး = ဒေါင်းရုပ်ပုံ ခတ်နှိပ်ထားသောငွေဒင်္ဂါး။
၁၁။ ပြောင်းဆန် = ဖရိုဖရဲဖြစ်သည်။
၁၂။ သွယ်ပျောင်း = ဆွဲကြိုးတစ်မျိုး။
၁၃။ နော်ဇာကုံး = (နော်ဇာပန်းပွင့်ပုံများဖြင့် အသွယ်အကုံး ပြုလုပ်ထားသည့်) လည်ဆွဲတစ်မျိုး။
၁၄။ မခို = ဖြေဆည်နိုင်စွမ်းမရှိ။

## သင်ခန်းစာအကျဉ်း

သူငယ်ပျို တစ်ယောက်သည် မြင်းစီးပြီး ပတ္တမြားကျောက်စီဓားလွယ်ထားသူကို ဓားပြဗိုလ်မိုးသီးဟု ထင်ပြီး တပည့်ခံမည်ပြုသည်။ နန်းတွင်းအပျိုတော်ကလေးတို့ မြေးအဖိုးအိမ်ကို ဖောက်ထွင်း၍ ပစ္စည်းများ ယူပြီးနောက် အိမ်ရှင်များငိုနေသည်ကို သူငယ်ပျိုကသနားပြီး စိတ်ကောင်းဝင်သွားသည်။ အိမ်ရှင် မြေးအဖိုး နှင့်စကားပြောတော့မှ သူငယ်ပျိုက ဗိုလ်မိုးသီးဟုထင်ခဲ့သူမှာ ဗိုလ်မိုးသီးမဟုတ်ဘဲ ဗိုလ်မိုးသီးကိုသုတ်သင်ခဲ့သော ပုဂံမြို့စားမင်းဖြစ်ကြောင်းသိရသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ သူငယ်ပျိုက မြင်းစီးသူကို အဘယ်ကြောင့် ဗိုလ်မိုးသီးဟု ထင်ရသနည်း။

၂။ မြို့စားမင်းဇေယျကျော်ထင်၏ စိတ်ဓာတ်မှာ မည်သို့ရှိသနည်း။ လေးစားဖွယ်ဖြစ်ပါသလား။ ဆွေးနွေးပါ။



၅၆

## နိဗ္ဗာန်ဆော်
## ကိုလိုနီခေတ်

နိဗ္ဗာန်ဆော်သည် သိပ္ပံမောင်ဝ၏ စာတစ်ပုဒ်ဖြစ်သည်။ မိမိ၏အတွေ့အကြုံနှင့် အတွေးကို ရသပေါ်အောင် ရေးဖွဲ့ထားသော စာတမ်းငယ်တစ်ပုဒ်ဖြစ်သည်။

သိပ္ပံမောင်ဝသည် မော်လမြိုင်ဇာတိဖြစ်သည်။ မြန်မာနှစ် ၁၂၆၁ (ခရစ်နှစ် ၁၈၉၉) တွင်ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်စိန်တင်ဖြစ်သည်။ ငယ်စဉ်က မုပ္ပွန်ရပ်ဆရာဦးချစ်လှ ကျောင်းတွင် ပညာသင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် (၁၀) တန်း စာမေးပွဲကို မြန်မာနှင့်ပါဠိ ဘာသာဂုဏ်ထူးဖြင့် အောင်ခဲ့သည်။ ထိုစဉ်ကပင် 'ဝဇီရာတင့်' အမည်ဖြင့် သတင်းစာများတွင် ဆောင်းပါးများရေးနေလေပြီ။

ရန်ကုန်ကောလိပ်တွင် ပညာသင်ယူနေဆဲ ပထမကျောင်းသားသပိတ် အရေးတော်ပုံကြီး ပေါ်ပေါက်လာရာ ၁၉၂၃ ခုနှစ်အထိ အမျိုးသားကျောင်းဆရာအဖြစ် တာဝန်ထမ်းခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ဥပဒေစာမေးပွဲကို မြန်မာနှင့်ပါဠိဘာသာအတွက် ဆုများရရှိအောင်မြင်ခဲ့သည်။ ဝိဇ္ဇာတန်းတွင် မြန်မာစာဂုဏ်ထူးတန်း၏ ပထမဆုံးကျောင်းသားဖြစ်ကာ ဂုဏ်ထူးတန်းကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ 'နေရပ်ချောင်က၊ လူမည် မောင်ဝ' ဟု ကလောင်အမည်ခံလိုက်ရာကစ၍ မောင်ဝအမည် တွင်ခဲ့သည်။ ဘွဲ့ရပြီးတွင် နိုင်ငံဝန်ထမ်း ပညာတော်သင်အဖြစ် အင်္ဂလန်အောက်စဖို့တက္ကသိုလ်သို့ စေလွှတ်ခြင်းခံရသည်။ အောက်စဖို့တက္ကသိုလ်မှတ်တမ်းတွင် ပညာတော်သင်ဘဝ အတွေ့အကြုံကို မိမိတိုင်းပြည်၏ ပညာရေးနှင့်ယှဉ်၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ဦးစိန်တင်သည် သိပ္ပံကျောင်းသား မောင်မြသွင်၊ သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်သံချောင်း၊ ကောလိပ်ခင်ခင် စသောကလောင်အမည် အမျိုးမျိုးဖြင့် ဂန္ထလောက၊ ဒဂုန်၊ သူရိယ၊ ကြီးပွားရေးနှင့် ကောလိပ်မဂ္ဂဇင်း စသည်တို့တွင် ဆောင်းပါး၊ ပြဇာတ်၊ ပေးစာစသည့် စာဟန်အမျိုးမျိုးရေးခဲ့သည်။ ဦးစိန်တင်၏ အကြီးဆုံးသော ဆန္ဒတစ်ရပ်မှာ မြန်မာစာပေတိုးတက်အောင် ဆောင်ရွက်လိုခြင်းဖြစ်သည်။ ရှေးရိုးမြန်မာ့အကြိုက်ဖြစ်သော ကာရန်နဘေစာဟန်ရှည်သည့် စကားပြေအရေးအသားမျိုးမှ လမ်းခွဲထွက်ကာ ဝါကျတိုများဖြင့် ရှင်းရှင်းလင်းလင်း ရှိလှသော သွက်လက်သည့် စကားပြေအရေးအသားမျိုးဖြင့် 'ခေတ်စမ်း စာပေ' ကို ဦးဆောင်ခဲ့သူဖြစ်သည်။ ကိုလိုနီခေတ်တွင် မှေးမှိန်နေသော မြန်မာစာကို ရှေ့တန်းရောက်လာအောင် ပြန်လည် ဖော်ထုတ်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။

ဦးစိန်တင်သည် အုပ်ချုပ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း စာပေတိုးတက်မှုကို မရပ်မနား ဆောင်ရွက်ခဲ့သည်။ ကွယ်လွန်သည့်အချိန်အထိ အဆက်မပြတ်စာရေးခဲ့သူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးဘဝဖြင့် မြန်မာနှစ် ၁၃၀၄ ခု (ခရစ်နှစ် ၁၉၄၂) တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့အနီး ဂါးဒါဆည်ကြီးရွာတွင် ကွယ်လွန်ခဲ့သည်။

သိပ္ပံမောင်ဝသည် ဗြိတိသျှတို့၏ နိုင်ငံ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေရစေကာမူ မျိုးချစ်စိတ်ဓာတ် မပျက်သူဖြစ်သည်။ ရောက်လေရာအရပ်တိုင်း၌ တွေ့မြင်ကြားသိသမျှတို့ကို ထိုမျိုးချစ်စိတ်အခြေခံကာ

ရေးသားလေ့ရှိသည်။ ရောက်ရာအရပ်တိုင်း၌ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့ရာဇဝင်တို့ကို စိတ်အားထက်သန်စွာ လေ့လာဖော်ထုတ်လေ့ရှိသည်။ သူရေးသမျှစာတို့၌ မျိုးချစ်စိတ်အငွေ့အသက်များ တစ်နည်းနည်းဖြင့် ပါဝင်နေတတ်ပေသည်။

ဤစာတမ်းငယ်တွင် စာရေးသူ၏ မြန်မာ့ရိုးရာဓလေ့ထုံးတမ်း ခံယူချက်တို့ဖြင့် ဖွဲ့ယှက်နေသော သိမ်မွေ့လှပသောအတွေးနှင့် ထိုအတွေးကို ဖတ်ချင့်စဖွယ်ရေးဖွဲ့ထားသော အရေးအဖွဲ့တို့ကို လေ့လာနိုင်ပါသည်။

## နိဗ္ဗာန်ဆော်

မောင်လူအေးကား အအိပ်ကြီးသူတစ်ယောက် ဖြစ်လေသည်။ တက္ကသိုလ်ကျောင်းမှာတုန်းက နံနက်လက်ဖက်ရည်ကို ဘယ်အခါမျှ မသောက်ရချေ။ နံနက်စာစားရန် ခေါင်းလောင်းထိုးမှ အိပ်ရာမှထလေ့ရှိသည်။ သူတကာနံနက်စာစားပြီးမှ ထမင်းစားပွဲသို့ရောက်၏။ မကြာမကြာ နံနက်စာငတ်လေသည်။ ခေါက်ဆွဲနှင့်သာ ကျေနပ်ရသည်များသည်။

မောင်လူအေး ၄-၅-၆ တန်းမှာတုန်းကမူကား ဘွားဒွေးကြီး သုံးကြိမ်တိုင်တိုင်နှိုးမှ အိပ်ရာမှထ၍ ကျောင်းသို့ သွားလေ့ရှိသည်။

ပထမအကြိမ်နှိုးလျှင် မထသေး။ ကိစ္စမရှိ။

ဒုတိယအကြိမ်နှိုးလျှင် မထသေး။ ဘွားဒွေးကြီး ဆူလေသည်။

တတိယအကြိမ်နှိုးလျှင် မထဘဲမနေဝံ့တော့ပြီ။ တတိယအကြိမ် နှိုး၍မှ မထဘဲနေလျှင် ဘွားဒွေးကြီး စိတ်ဆိုးသဖြင့် ဝါးခြမ်းဖြင့် ဆော်လေတော့မည်။

ဤကားမောင်လူအေး အအိပ်ကြီးသော ဂုဏ်ထူးဝိသေသပေတည်း။

မောင်လူအေးကျောင်းမှထွက်၍ အလုပ်အကိုင်နှင့်ဖြစ်လာသောအခါ ထိုဂုဏ်ထူးကြီးမှာ အနည်းငယ် လျော့၍ သွားလေသည်။ ကျောင်းသားဘဝတုန်းက တာဝန်တွေမှာ မများသေးပေ။ ယခုကား တာဝန်တွေမှာ များလာလေပြီ။ ငယ်ငယ်တုန်းက ဘွားဒွေးကြီးဝါးခြမ်းကို ကြောက်သောကြောင့် အိပ်ရာမှစောစော ထခဲ့ရ၏။ ယခုမူကားတာဝန် ဝါးခြမ်းကိုကြောက်သောကြောင့် စောစောအိပ်ရာမှ ထလေ့ရှိပေသည်။ တာဝန်ဝါးခြမ်းက ဘွားဒွေးကြီး၏ ဝါးခြမ်းထက်အဆတစ်ရာမက တန်ခိုးကြီးမားပေသေး၏။ အိပ်မောကျနေရင်း ဆတ်ခနဲလန့်၍ နိုးအောင်ပင် တတ်နိုင်သော တာဝန်ဝါးခြမ်းပေတည်း။

မနက်ဖြန် နံနက်စောစော ၅ နာရီထွက်သော သင်္ဘောဖြင့် မြန်မာပြာသာဒ်ရွာသို့ မောင်လူအေးသွားရပေမည်။ နံနက်စောစော ၄ နာရီအချိန်တွင် အိပ်ရာမှထရမည် ဖြစ်သည်။ စောလွန်းလှသည်။ မထချင်။ သို့သော် သင်္ဘောမမီမည်ကို စိုးရလေသည်။

နံနက်စောစော ၄ နာရီထိုးသည်နှင့် တစ်ပြိုင်နက် နာရီနှိုးစက်၏ ပယောဂကြောင့် မောင်လူအေး အိပ်ရာမှထရ၏။ အိပ်ရာမှထ၍ မကြာမီမှာပင် အနီးအနားရှိ ဘုန်းကြီးကျောင်းမှ ကလတက်သံကို ကြားရလေသည်။

အသံကား လက်ဦးတွင် ခပ်လေးလေး၊ ထို့နောက် တဖြည်းဖြည်း မြန်၍မြန်၍လာ၏။ နောက်ဆုံး၌ တစ်ချက်နှင့် တစ်ချက်ဆက်၍ သွားလေသည်။

ပြီးပြန်လျှင် လေးသောအသံများပေါ်၍ လာပြန်၏။ ယခင်နည်းအတိုင်း မြန်၍မြန်၍လာပြီးလျှင် တစ်ချက်နှင့် တစ်ချက် ဆက်၍သွားပြန်၏။

မောင်လူအေးမှာ မျက်နှာမသစ်နိုင်သေးဘဲ ထိုကလတက်၏တူရိယာသံကို စိုက်ကာနားထောင်နေ၏။ မည်မျှသာယာသော အသံပေနည်း။ မည်မျှ ကြည်နူးဖွယ်ကောင်းသော အသံပေနည်း။ မည်သည့် တူရိယာ

သံသည် ဤကလတက်သံထက် သာနိုင်ပါအံ့နည်းဟု တွေးတောကာနေမိ၏။

ယခင်အခါက ကလတက်အသံများကို ကြားခဲ့ဖူးသည်မှာ မရေတွက်နိုင်ပြီ။ သို့သော် မည်သည့်အခါကမှ ကလတက်သံ သာယာသည်ဟု မထင်မှတ်မိခဲ့ပေ။ နားငြီးစရာကောင်းသော အသံဟူ၍ပင် ကဲ့ရဲ့မိခဲ့ပေသည်။

'ဒေါင်ဒေါင်' ဟူသော ကလတက်သံ၏ သာယာခြင်းမှာ မဆိုလောက်သေး။ ထိုအသံတွင်ပါ၍လာသော အဓိပ္ပာယ်ကား မည်မျှနက်ပါသနည်း။ မည်မျှလေးပါသနည်း။ မည်မျှနက်ပါသနည်း။ စဉ်းစားကြည့်ပါက ကောင်းစွာသိရပေလိမ့်မည်။

ထို 'ဒေါင်-ဒေါင်' အသံကား နေမင်း၏ ရှေ့တော်ပြေးကြီး ပေတည်း။

'နေမင်းကြီးမကြာမီထွက်ပေါ် လာတော့မည်။ အို-သတ္တဝါ အပေါင်းတို့၊ ထကြလော့၊ ထကြလော့။ နေမင်းကြီးကိုထ၍ ဖူးမြော်ကြ ပါကုန်လော့။ ရောင်ခြည်တစ်ထောင် အလင်းကို ဆောင်ကာ နေမင်းကြီးထွက်ပေါ် လာပုံကား ဆန်းကြယ်လှပေ ၏။ ဤသို့ဆန်းကြယ်စွာထွက်ပေါ် ၍လာပုံကိုမမြင်လိုက်မ ရှိရလေအောင် ထကြကုန်လော့၊ ထကုန်လော့' ဟူ၍ တိုက်တွန်းနေသော ကလတက်သံကိုကြားရလျှင် မည်သူမကြည်နူးဘဲ နေအံ့နည်း။

ကလတက်သံနှင့်အတူ ပါ၍လာသော အဓိပ္ပာယ် တစ်မျိုးလည်းရှိသေး၏။ 'ဒေါင်-ဒေါင်' ဟူသော အသံကို စေ့စေ့နားထောင်ကြည့်ကြပါဘိ။ ဤသို့ဆိုနေပေသည်။

'အို - သတ္တဝါအပေါင်းတို့။ ထကြလော့၊ ထကြလော့။ အလုပ်ခွင်သို့ ဝင်ကြလော့။ သူတကာထက်အလျင် အလုပ်ခွင်သို့ဝင်လျှင် သူတကာထက်ပို၍ ကြီးပွားတိုးတက်ပေလိမ့်မည်။ ဤခေတ်သည် သူတကာနှင့်အပြိုင် ဆောင်ရွက်လုပ်ကိုင်နေရသော ခေတ်ဖြစ်၏။ ဤအချိန်တွင် အိပ်နေလျှင် သူတကာဦးသွားပေမည်။ ဤခေတ်ကား မသိသူကျော်သွား၊ သိသူဖော်စားသော ခေတ်ဖြစ်၏။ ထိုသူတို့သာ စားကြရပေလိမ့်မည်။ ထကြလော့။ သိသူများဖြစ်ကြကုန်လော့။ လောကီအလုပ်ကို အားမထုတ်လိုလျှင် လောကုတ္တရာအလုပ်ကို အားထုတ်ကြကုန်လော့။ နိဗ္ဗာန်သို့ သူတကာထက်အလျင်ရောက်အောင် ကြိုးစားကြကုန်လော့။ ကမ္မဋ္ဌာန်းကို စီးဖြန်းကြပါကုန်လော့။ အိပ်နေခြင်းက အကျိုးမရှိ၊ ကျန်းမာခြင်းကိုလည်းမရ လောကီစီးပွားလည်း မဖြစ်ထွန်း။ လောကုတ္တရာ စီးပွားလည်းမဆောင်။ အိုသတ္တဝါအပေါင်းတို့။ အိပ်ရာမှထကြ၍ အလုပ်ခွင်သို့ ဝင်ကြကုန်လော့။ ဝင်ကုန်လော့။'

ဤသို့နိုးဆော်နေသည့် ကုလားတက်သံကို ကြားရသော မောင်လူအေး၏စိတ်မှာ လှုပ်လှုပ်ရှားရှား၊ ထထကြွကြွဖြစ်၍ လာ၏။ မောင်လူအေးတွင် တက်ကြွသောစိတ်များ တဖွားဖွားပေါ် ၍ လာကြကုန်၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေခဲ့သည်များကို နှမြောမိပေ၏။ ရှေးအခါက ဤအချိန်တွင် အိပ်ပျော်နေတုန်း ဖြစ်သောကြောင့် ကုလားတက်သံ၏ နိုးဆော်ချက်များကို မကြားခဲ့ရပေ။ တစ်ခါတစ်ရံ ကြားခဲ့ရဖူးသော်လည်း 'ဒေါင်-ဒေါင်' ဟူသောအသံကိုသာ ကြားခဲ့ရ၏။ နိုးဆော်သော အဓိပ္ပာယ်ကိုကား မစဉ်းစားမိခဲ့ပေ။ ယခုမှသာ ထိုနိုးဆော်သော အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း ကြားရပေသည်။

'ဒေါင်-ဒေါင်' ဟူသော ကလတက်သံကား အဓိပ္ပာယ်ကင်းမဲ့သော အသံမဟုတ်။ ခြောက်သွေ့သော

အသံလည်း မဟုတ်။ အဓိပ္ပာယ်နှင့်ပြည့်စုံ၍ စိုပြည်သော အသံဖြစ်လေသည်။ ဤအသံကား စင်စစ်အားဖြင့် 'နိဗ္ဗာန်ဆော်ကြီး' ဖြစ်၏။ မည်သည့် တေးကဗျာသည် ကလတက်သံထက် လေးနက်ပါအံ့နည်း၊ သာယာပါအံ့နည်း၊ နူးညံ့ပါအံ့နည်း။

ထိုကလတက်သံ၏အပေါ်တွင် စဉ်းစားခန်းထုတ်နေသည်နှင့်ပင် အချိန်အတော်နှောင်းသွား၏။ ခရီးသွားစရာမရှိဘဲ ထိုအသံပေါ်တွင်သာ ကြာကြာကလေး စဉ်းစားခန်းထုတ်နေမည်ဆိုပါမူ မည်သို့သော စိတ်ကူးမျိုးပေါ်လာဦးမည်မသိ။ သို့သော် သွားစရာကိစ္စရှိနေသေးသောကြောင့် စဉ်းစားခန်းကို ဖြတ်လိုက်ရလေသတည်း။

ထိုနောက် အဝတ်အစားလဲ၊ ကော်ဖီသောက်ပြီးလျှင် သင်္ဘောဆိပ်သို့ ထွက်လာခဲ့၏။ လမ်းထိပ်သို့ ရောက်သောအခါ၊ 'နောင်-နောင်'ဟူသော ကြေးစည်သံကို ကြားရလေသည်။ ထိုအသံနှင့်အတူ ခပ်လေးလေး ဆွဲကာ ရွတ်လိုက်သောသူတစ်ယောက်၏ အသံကိုကြားရသဖြင့် စိုက်ကာနားထောင်မိ၏။ ဘုရားကိုးဆူ ဆရာ၏အသံနှင့် ခပ်ဆင်ဆင်တူ၏။ သို့သော် ဘုရားကိုးဆူဆရာ၏ အသံလည်းမဟုတ်ပေ။ နံနက်စောစော အိပ်ရာမှထကာ ဘုရားရှိခိုးသော အဘိုးကြီးများ၏ အသံမျိုးနှင့်လည်း မတူပေ။

ဟိုမှာရှုလော့။ ဝတ်ဖြူစင်ကြယ်ကိုဝတ်ကာ လျှောက်လာလေသည်။ လက်ကကြေးစည်ကို ဆွဲထား၏။ နှုတ်ကမူကား သာယာကြည်နူးဖွယ်ရာ ရွတ်ဆို၍ လာလေသည်။

ဤသူကား နိဗ္ဗာန်ဆော်ပေတည်း။ စောစောစီးစီး ၄ နာရီအချိန်တွင် သူတကာ၏အကျိုးအတွက် ဆောင်ရွက်၍နေပေ၏။ ကောင်းပေစွ။ ကောင်းပေစွ။ သာဓု ။ သာဓု။

ထိုအခိုက်ထိုအချိန်၌ ထိုသူတွင်မကောင်းသောစိတ်ထား ရှိမည်မဟုတ်။ သူသည် မည်မျှစိတ်ကြည်နူး နေပေမည်နည်း။ ထိုသူ၏စိတ်ထဲသို့ ခေတ္တမျှဝင်၍ ကြည့်ကြပါကုန်လော့။ အလွန်ကြည်နူးနေသည်ကို သိရပေလိမ့်မည်။ သူကားအပျော်ကြီး ပျော်နေပေလိမ့်မည်။

ထိုသူနှင့် ကြေးစည်တို့၏ နှိုးဆော်သောအသံတို့ကြောင့် နံနက်ဆွမ်းချက်ရန် အိပ်ရာထဲမှလူးလိုမ့်၍ ထကြလေပြီး လမ်းထောင့်အိမ်မှ ဒေါ်စာဥကြီး မျက်နှာသစ်နေ၏။ အိမ်ရှေ့အိမ်မှ ဦးဂေါ်ရာကြီးလည်း အော်ကျယ်အော်ကျယ်နှင့် ဘုရားရှိခိုး စပြုလေပြီ။

ထိုသူနှင့် ကြေးစည်တို့၏အသံကား မင်္ဂလာရှိသောအသံများ ဖြစ်ကြကုန်၏။ မကြာမီက ကြားခဲ့ရသော ကလတက်သံကဲ့သို့ပင် နေမင်း၏ ရှေ့တော်ပြေးများပေတည်း။

သူတို့၏အသံကို ကြားရသောကြောင့် အိမ်ဖောက်ထွင်းရန် ကြံစည်နေကြသောသူတို့ အိမ်ပြန်ကြ လေပြီ။ ထိုအသံတို့ကား မကောင်းမှုကို တားဆီးသောအသံတို့ ဖြစ်ကြလေသည်။ ထိုသူခိုးလောင်းတို့၏ စိတ်တွင် ရုတ်တရက်သော် ငှက်ဆိုးသံကဲ့သို့ ထင်မိကြပေလိမ့်မည်။ သို့သော် စေ့စေ့တွေးကြည့်မည်ဆိုလျှင် ထိုအသံတို့ကို ကျေးဇူးတင်ကြမည်ကား မလွဲတည်း။ ထိုအသံများကြောင့်သာ မိမိတို့မကောင်းမှုကို မပြုမိခြင်း ဖြစ်လေသည်။ ထိုအသံများကယ်သောကြောင့်သာ ထောင်နှုတ်ခမ်းသို့ရောက်ပြီးမှ ထောင်ထဲသို့ မရောက်ဘဲရှိရ လေသည်။

ထိုသာယာသောအသံတို့ကား ဝေးသည်ထက်ဝေးသွား လေပြီ။ မောင်လူအေးမှာ စဉ်းစားရင်းလျှောက်၍ လာလေသည်။ မြစ်ဘက်မှ လေပြည်ကလေးကလည်း တိုက်ခတ်လျက်နေ၏။ ဤအခါမျိုးကို မကြုံဖူးသူသည် လူဖြစ်ကျိုးမနပ်ဟူ၍ စဉ်းစားမိ၏။ သို့နှင့်သင်္ဘောဆိပ်သို့ ရောက်လေသတည်း။

သိပ္ပံမောင်ဝ

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| နိဗ္ဗာန်ဆော် | = ကောင်းမှုကုသိုလ် ပြုလုပ်ရန် ဆော်သြသူ။ |
| ပယောဂ | = အားထုတ်မှု၊ လှုံ့ဆော်မှု။ |
| ကလတက် | = တီးခေါက်အချက်ပေးရန်သုံးသော အခေါင်းထွင်း သစ်လုံး၊ အုံးမောင်း။ |
| ကမ္မဋ္ဌာန်း | = ဈာန်အဘိညာဉ်နှင့် မဂ်ဖိုလ်ရကြောင်းဖြစ်သော လုပ်ငန်း။ |
| စီးဖြန်း | = တရားသဘောကို ထပ်တလဲလဲ ဆင်ခြင် ပွားများသည်။ |
| ဘုရားကိုးဆူ | = ဘုရားနှင့် ရဟန္တာရှစ်ပါးကို ပူဇော်သည့်ပွဲ။ |

**သင်ခန်းစာအကျဉ်း**

မောင်လူအေးငယ်စဉ်က အအိပ်ကြီးသဖြင့် ဖွားဒွေးကြီး၏ ဝါးခြမ်းပြားနှင့်အရိုက်ခံရ၏။ မောင်လူအေး အလုပ်အကိုင်နှင့် ဖြစ်လာသောအခါ တာဝန်ဝါးခြမ်းကို ကြောက်ရသောကြောင့် အိပ်ရာမှစောစောထခဲ့ရသည်။ နံနက်စောစော လေးနာရီထိုးသည်နှင့် ကလတက်သံကြားရ၏။ ကလတက်သံမှာ နိဗ္ဗာန်ဆော် ပင်ဖြစ်၏။ ထိုမှတစ်ဆင့် ကြေးစည်သံကြားရ၏။ ထိုအသံရှင်မှာ ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ လျှောက်လာ၏။ လက်က ကြေးစည်ကိုဆွဲထားကာ နှုတ်မှသာယာကြည်နူးဖွယ် ရွတ်ဆိုလာသူသည် နိဗ္ဗာန်ဆော်ပေတည်း။ ဤအခါမျိုးကို မကြုံဖူးသူသည် လူဖြစ်ကျိုး မနပ်ပေ။

**လေ့ကျင့်ခန်းမေးခွန်းများ**

၁။ ကလတက်သံကို သင်ကြားဖူးပါသလား။

၂။ အရုဏ်တက်ချိန်တွင် မည်သည့်အတွေ့အကြုံများကို မြင်တွေ့နိုင်သနည်း။ ထိုအတွေ့အကြုံများအရ သင့်ခံစားချက်များကိုဖော်ပြပါ။

## အိမ်ရှေ့ကိုယ်တော်ကြီး

## ကိုလိုနီခေတ်နှောင်း

မြန်မာနိုင်ငံကိုလိုနီခေတ် နိဂုံးချုပ်ခါနီးဖြစ်သော ၁၃၀၀ ပြည့်နှစ် တစ်ဝိုက်တွင် အလုပ်သမား၊ လယ်သမား၊ ကျောင်းသား လူငယ်တို့အုံကြွ ဆူပူလျက်ရှိရာ မျိုးချစ်စာရေးဆရာတို့သည် ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ်၊ ကဗျာ အစရှိသည့် စာပေပုံသဏ္ဌာန် အမျိုးမျိုးကိုအသုံးပြုပြီး ဇာတိမာန် လှုံ့ဆော်သည့်စာများကို အဆက်မပြတ် ရေးသားခဲ့ကြသည်။ နိုင်ငံကျော် ဝတ္ထုရေးဆရာတစ်ဦးသည် လူငယ်များကို ဝတ္ထုများဖြင့် လှုံ့ဆော်ရေးသားရုံဖြင့် အားမရဘဲ ကလောင်အမည်ဝှက် တစ်ခုကိုယူကာ ဆောင်းပါးများဖြင့်လည်း ရေးသား လှုံ့ဆော်ခဲ့လေသည်။

ကြီးပွားရေးမဂ္ဂဇင်းတွင် 'နေသူရိန်' ကလောင်အမည်ခံ စာရေးဆရာတစ်ဦးသည် လူငယ်များ၏ ဇာတိမာန်ကို လှုံ့ဆော်သောဆောင်းပါးများ အဆက်မပြတ်ရေးသားခဲ့သည်။ ယင်းဆောင်းပါးတို့တွင် 'အိမ်ရှေ့ ကိုယ်တော်ကြီး' ဆောင်းပါးလည်း တစ်ပုဒ်အပါအဝင်ဖြစ်သည်။

အိမ်ရှေ့ကိုယ်တော်ကြီး ဆောင်းပါးကိုရေးသူ နေသူရိန်ကားအခြားမဟုတ်။ သူပုန်ကြီး၊ သူပုန့်အိမ်၊ ဒို့မေမေ၊ စစ်ထွက်သူ၊ အကျိုးဆောင်ကြီး အစရှိသည့်ဇာတိမာန်လှုံ့ဆော်သော ဝတ္ထုများကိုရေးသားခဲ့သူ စာရေး ဆရာကြီး မဟာဆွေ ပင်ဖြစ်လေသည်။

မဟာဆွေသည် စစ်ကိုင်းဇာတိ၊ အမည်ရင်း ဦးဘရှိန်ဖြစ်သည်။ မြန်မာနှစ် ၁၂၆၂ ခု (ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်) တွင် မွေးဖွား၍ ၁၃၁၅ ခု၊ (ခရစ်နှစ် ၁၉၅၃) တွင် ကွယ်လွန်သည်။ ငယ်စဉ်က စစ်ကိုင်းမြို့တွင် ပညာသင်ကြားခဲ့သည်။ စစ်ကိုင်း အစိုးရအထက်တန်းကျောင်းမှ ရှစ်တန်းအောင်ပြီးနောက် မန္တလေး ဆရာ အတတ်သင် နော်မန်ကျောင်းကို ဆက်လက်တက်ရောက်ခဲ့သည်။ ဆရာဖြစ်သင်တန်း အောင်သောအခါ ဟိုပင်၊ မြောင်၊ ဝက်လက်၊ ခင်ဦး၊ ရွှေဘို စသောမြို့များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။

'မဟာဆွေ' ဟူသော ကလောင်အမည်ကို အဓိကသုံး၍ စာအမြောက်အမြားရေးခဲ့သည်။ ဟာသဝတ္ထု များ ရေးသောအခါတွင် မွန်းသော်တာ ကလောင်အမည်ဖြင့်ရေးသည်။ လူငယ်တို့ကို သွေးထိုးလှုံ့ဆော်သော နိုင်ငံရေး ဆောင်းပါးများကိုမူ 'နေသူရိန်' ဟူသော ကလောင်အမည်ဝှက်ဖြင့် ရေးသည်။ ဝတ္ထုရှည် ၆၀ ကျော်၊ ဝတ္ထုတို ၆၀၀ ခန့်နှင့် ဆောင်းပါးပေါင်း များစွာရေးခဲ့သည်။

ဝတ္ထုများမှာ နိုင်ငံရေး ဝတ္ထုများအပြင် 'ဈေးချိုသူ'၊ 'ပျို့တောင်ပြုံး'၊ 'ဝါဝါဝင်း' စသောအချစ်နှင့် လူမှု ပြုပြင်ရေးဝတ္ထု များကိုလည်းရေးခဲ့သည်။ 'ဖိုးဝဇီရ' ၏အတ္ထုပ္ပတ္တိကိုလည်း ပြုစုခဲ့ဖူးသည်။ သမိုင်းနောက်ခံ ဝတ္ထုများကိုလည်းရေးခဲ့ရာ စာဆိုတော် နဝဒေးအတ္ထုပ္ပတ္တိကိုအခြေခံ၍ ရေးသားသော 'စစ်ထွက်သူ' ဝတ္ထုမှာ ထင်ရှားသည်။

အိမ်ရှေ့ကိုယ်တော်ကြီး ဆောင်းပါးကို နေသူရိန်၏ 'မကြောက်တရား' ဆောင်းပါးများမှ ရွေးထုတ်ထား ပါသည်။

## အိမ်ရှေ့ကိုယ်တော်ကြီး

ကျွန်ုပ်၏အဘိုးအရင်း၏ အစ်ကိုအရင်းသည် တိုင်တား မင်းကြီးဖြစ်၏။ သို့ကြောင့် ကျွန်ုပ်တို့မှာ ငယ်စဉ်ကတည်းက လက်ရုံးအားကိုးသော စိတ်ရင်းများပါခဲ့သည်ဟု ဓာတ်သိများ အပြောခံခဲ့ရ၏။ သို့ရာတွင် ကျွန်ုပ်မှာ ခေတ်ပညာ အတော်ကလေးသင်ဖူးသဖြင့် မိုက်ရူးရဲအလုပ်မျိုးကို စိတ်မကူးခဲ့ဖူးချေ။ သို့သော် ပါးစပ်သမား ကလောင်သမား သက်သက်ဖြင့် ရည်မှန်းသည့်အတိုင်း အထမြောက်မည်ဟု ကျွန်ုပ်ဘယ်အခါမှ မထင်မြင်ခဲ့ချေ။

ကမ္ဘာပေါ်၌ တန်ခိုးအကြီးဆုံးသော နိုင်ငံသည် လက်ရုံးတည်းဟူသော စစ်မက်လက်နက် အားကောင်းသောနိုင်ငံများ ဖြစ်ကြ၏။ ပါးစပ်သမား လူခရာတွေကို လက်နက်သမား လက်ရုံးသမားများက ရယ်မောကာ မခန့်လေးစားပြုမူရဲကြ၏။ အကြင်နိုင်ငံသည် စစ်သားဖြစ်၏။

လက်နက်မရှိနေခဲ့အံ့။ သူ့ကျွန်မဖြစ်သေးသော် တစ်နေ့နေ့ ဖြစ်လတ္တံ့။ ဖြစ်ခဲ့သော် လွတ်လပ်ရေးနှင့် ဝေးလတ္တံ့။ ကျွန်ုပ်သည် ထိုအကြောင်းများကို တွေးမိသောအခါ ငယ်စဉ်က မိဘဘိုးဘွားတို့ပြောပြသည့် အိမ်ရှေ့ကိုယ်တော်ကြီးအကြောင်းကို သတိရမိပေ၏။

အိမ်ရှေ့ကိုယ်တော်ကြီးကား အခြားမဟုတ်။ မင်းတုန်းမင်းတရားကြီး၏ ညီတော်အရင်းတည်း။ နောင်တော်ပုဂံမင်းသည် တိုင်းပြည်တစ်ဝက် သူများလက်ပါအောင် ပေါ့လျော့သည်ဟုဆိုကာ ပုန်ကန်ထကြွရာတွင် မင်းတုန်းမင်း၏ အစွမ်းဖြင့်မရ။ အိမ်ရှေ့ကိုယ်တော်ကြီး အစွမ်းကြောင့်သာ ရရှိခဲ့ခြင်းဖြစ်၏။ ကိုယ်တော်ကြီးမှာ ပိဋကတ်ကျမ်းတတ် စာပေတတ်ဖြစ်သော်လည်း စာပေထက်လက်နက်ကို အားကိုးတော်မူ၏။ ကိုယ်တော်ကြီးမှာ အရပ်အမောင်းသန်မာထွားကျိုင်း၍ ဘိုးတော်ဦးအောင်ဇေယျ၏ သွေးများကူးစက်လာသည်ဟု ထင်မှတ်ရ၏။

ကျွန်ုပ်တို့သည် ကုန်းဘောင်ရာဇဝင်တွင် အိမ်ရှေ့ကိုယ်တော်ကြီး၏ ကုသိုလ်ကောင်းမှုကို မတွေ့ရချေ။ ရှေးလူကြီးများကလည်း ဘုရားတစ်ဆူတည်ရမှာကို ဗုံးတစ်လုံးလုပ်ရမှာလောက် နှစ်ခြိုက်တော်မမူဘူးဟု ပြောစမှတ်ပြုကြ၏။ အမှန်အားဖြင့် ကိုယ်တော်ကြီးမှာ ဝတ်ကျောင်းဝတ်ကုန်၊ ဇရပ်ကလေး သုံးဆောင်မျှသာ ဆောက်လုပ်ဖူးကြောင်း သိခဲ့ရဖူးသူတို့ ပြောကြားသဖြင့် တစ်ဆင့်ကြားသိရ၏။

ကိုယ်တော်ကြီးမှာ ငါတို့လက်နက်မရှိ၍ သူများအောက် ကျခံရသည်ဟု လက်နက်လုပ်သောအတတ်ကို နိုင်ငံခြားသို့လူလွှတ်၍ သင်ကြားစေတော်မူခဲ့၏။ ခေတ်အလျောက် ကြီးပွားသောစက်ရုံအမျိုးပေါင်း ၅၀ လောက်မှာ အိမ်ရှေ့ကိုယ်တော်ကြီး၏လုံ့လကြောင့် မန္တလေးမြို့တွင်ဖြစ်ပေါ်ခဲ့သေး၏။ ပန်းကန်စက်၊ ပိတ်စက်၊ ကော်ဇောအထည်၊ ကမ္ဗလာမကျန် မြန်မာလူမျိုး စက်ဆရာအလုပ်သမားတို့နှင့် မြိုင်မြိုင်ကြီးဖြစ်ခဲ့၏။

စစ်ကိုင်းမြို့တွင် လက်နက်ရုံတစ်ရုံ၊ မန္တလေးမြို့တွင် လက်နက်ရုံတစ်ရုံ တည်ဆောက်ထား၏။ စစ်ကိုင်းဘူတာဟောင်း အနီးတွင် ယနေ့အထိ မြင်နိုင်သေး၏။ မန္တလေးဒိုင်ယာမီကင် ဗျစ်စက်ရုံသည် ရှေးက အိမ်ရှေ့ကိုယ်တော်ကြီး၏ လက်နက်ရုံ ဖြစ်ခဲ့၏။ အိမ်ရှေ့ကိုယ်တော်ကြီးမှာ အေးချမ်းသောဆောင်းရာသီ ပင်ဖြစ်စေကာမူ အချိတ်ဝတ်လဲတော်ကိုခြုံလျက် စောစောစီးစီး လက်နက်ရုံသို့ ရောက်ရှိတော်မူ၏။

ကိုယ်တော်တိုင် တံစဉ်း၊ ပြုတ် တူတို့ကို ကိုင်တော်မူပြီးလျှင် ဟိုတိုက်သည်စားနှင့် ပြုတော်မူ၏။

အနောက်နိုင်ငံက လက်နက်များ ဝယ်ယူထားပြီးဖြစ်၍ ထိုလက်နက်များထက်သာအောင် အနောက်နိုင်ငံ၏စနစ်အတိုင်း လုပ်ဆောင်တော်မူ၏။ ရိုင်ဖယ်သေနတ်၊ ဗထက်ချိုက် သေနတ်၊ ဗုံးလက်နက်တို့လည်း ဖြစ်မြောက်ခဲ့လေပြီ။

အိမ်ရှေ့ကိုယ်တော်ကြီးမှာ ရေမြှုပ်ဗုံးကို ကိုယ်တော်တိုင်စီမံပြီးလျှင် နောက်ပါစစ်သားသတ္တိခဲများ၊ အခြွေအရံများနှင့် ရေကြီးချိန်တွင် အောင်ပင်လယ်သို့ ထွက်ကြွလေ့ရှိ၏။ အောင်ပင်လယ် ရေပြင်လယ်ကောင်တွင် ရေမြှုပ်ဗုံးများကို အသင့်မြှုပ်ထား၍ ကန်ကြီး၏ဟိုဘက်သည်ဘက် ကြိုးတန်းကာ ကြီးမားသော လှေသမ္ဗာန်ကြီးပေါ်တွင် ငါးပိသာ၊ ခွက်တစ်ဆယ်ရှိ ကျောက်ခဲကြီးများတင်လျက် ရွက်ဖွင့်၍လွှတ်တော်မူ၏။ ကြိုးနှင့်ထိန်းထားသဖြင့် လှေကြီးမှာရေမြှုပ်ဗုံးရှိရာသို့ တန်းတန်းကြီးပြေးသွားရာ မိုးကြိုးအချက်ပေါင်းသိန်းသောင်းပစ်ခတ်သကဲ့သို့ အလွန်မြည်ဟိန်းသော အသံကြီးများကြားရပြီးလျှင် လှေကွဲကာ ပျဉ်တိုပျဉ်စများသည် ကောင်းကင်တွင် မီးခိုးများနှင့်ရောနှောလျက် ငှက်ပျံသလိုဖြစ်၍နေပေ၏။ ကျောက်ခဲကြီးများမှာ ကောင်းကင်သို့ မြောက်ပါပြီးလျှင် ရေထဲကန်ဘေးသို့ လွင့်ပါကျလေ၏။ ကမ်းနားမှတစ်ခဲနက်သော ကြွေးကြော်သံများကိုလည်း ကြားရလေ၏။ အိမ်ရှေ့ကိုယ်တော်ကြီး ဗုံးခွဲလေ့ကျင့်သော အလုပ်သည် မြန်မာတို့တွင် ပျော်ပွဲ၊ အားတက်ပွဲကဲ့သို့ အထူးစည်ကားလျက် ရှိလေသည်။

ကိုယ်တော်ကြီးက ကျေနပ်ပြုံးရွှင်သော အမူအရာတော်ဖြင့် 'ရန်သူတွေ တို့ကိုတိုက်မယ်ဆိုရင် ရေလမ်းကသင်္ဘောနှင့်သာ လာနိုင်တာ။ ဒါမျိုး မြစ်ကြောင်းကဆို့ထားရင် ဘာတတ်နိုင်မှာလဲ' ဟု အားပါးတရ မိန့်မြွက်တော်မူ၏။

'ကွာ . . . ဇမ္ဗူဒီပါမှာ မြန်မာကိုနိုင်မည့်လူမပေါ်သေးပါဘူး' ဟု မိန့်မြွက်တော်မူ၏။ အိမ်ရှေ့ကိုယ်တော်ကြီးမှာ အနောက်တိုင်းသားတွေ၏ အောက်ကျနောက်ကျမခံလိုသဖြင့် ပညာတော်သင်လူရွှစ်ဆယ်ရွေးရာ၌ပင်အရပ်အမြင့်လေးတောင် (ခြောက်ပေ) ကျော်သူ၊ ဉာဏ်ပညာထက်မြက်သူများမှ ရွေးချယ်တော်မူ၏။

မြန်မာသည် လူပုကလေးတွေမဟုတ်၊ ဉာဏ်နည်းသူ မဟုတ်ဟု သိုးဆောင်းတို့ အထင်သေးခံလိုတော်မမူချေ။ အိမ်ရှေ့ကိုယ်တော်ကြီး ယနေ့တိုင်ရှိလျှင်လည်း နိုင်ငံခြားသားများ လက်ထဲပါမည်မဟုတ်ဟု ရှေးမြန်မာကြီးတွေ အယူရှိကြ၏။ အကျွန်ုပ်တို့လည်းယုံ၏။ ထိုစကားမှန်၏။ နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံက တိုက်ခိုက်သိမ်းယူလိုသောအခါ မိမိတို့တိုက်ခိုက်၍ ကုန်ကျသောစရိတ်နှင့် ကာမိမှယူလိုကြ၏။ မိမိတို့စရိတ် မကျေလျှင်မည်သူမျှတိုက်ခိုက်မည် မဟုတ်ချေ။ နိုင်ငံတစ်နိုင်ငံသည် အမှန်အားဖြင့် မိမိတို့စစ်ထွက်လျှင် နိုင်မည်ကားမှန်၏။ သို့ရာတွင် အဆိုပါနိုင်ငံကလေးက အေးအေးနှင့်မခံ၊ လူတစ်ယောက်နှင့် ဓားတစ်စင်းကျန်တောင် မလျှော့ဆိုလျှင် အထက်ပါအတိုင်း စစ်စရိတ်တွက်ချက်ကာ အမြတ်ရှိမှ တိုက်မည်ဖြစ်၏။

ဥပမာ-အီတလီသည် အဘစ်ဆီနီယာပြည်ကလေးကို မုချနိုင်မည်ဖြစ်၏။ သို့ရာတွင် ထိုပြည်ကလေးက စစ်မတိုက်ဘဲ ကျွန်တော်တို့ ဘုရင်ကိုဖမ်းသွားပါ။ နိုင်ငံကိုလည်း သိမ်းပါတော့ဟု အသာတကြည်အပ်မည်မဟုတ်။ ရှုံးမှရှုံးစေတော့ ခုခံတိုက်ခိုက်မည်ကားမလွဲ။ တိုက်မည်ဟုလည်း ကြိမ်းဝါး၏။ အီတလီသည်

အဘစ်ဆီနီယာကို မကြောက်။ အီတလီလူမျိုးမဟုတ်သော ၎င်းတို့လက်အောက်ခံ စစ်သားရလျှင်တိုက်မည် လောမပြောတတ်။ သို့သော် စစ်စရိတ်နှင့် ရရှိသောအကျိုးကိုချိန်ဆ၍ ယနေ့တိုင် ညာဝါးနေကြခြင်းဖြစ်၏။ ဘေးကညာဏ်ရည်တူ အကြံသမားလောဘသား တိုင်းပြည်များကို ကြည့်ရသောကြောင့်ဟူ၍လည်း ဆိုနိုင်၏။

ထို့ကြောင့် ကျွန်ုပ်တို့ ထင်မြင်ချက်ကား အိမ်ရှေ့ကိုယ်တော်ကြီးရှိလျှင် တော်တော်နှင့်သိမ်းဖြစ်မည် မဟုတ်ချေ။

သို့ရာတွင် ကျွန်ုပ်တို့နောက်ပေါက်တွေ ကံကြမ္မာဆိုးရွားသဖြင့် တူတော် မြင်ကွန်းမြင်းခုံတိုင်တို့၏ လက်ချက်ကြောင့် ကိုယ်တော်ကြီး နတ်ရွာလားခဲ့၏။ ထိုစဉ်အခါကလည်း ကိုယ်တော်ကြီးမှာ တူတော်မောင်များ အား 'ဟေ့ . . . မင်းတို့သူပုန် ထမယ်လို့ကြားတယ်၊ ဟုတ်ကဲ့လား။ မင်းတို့ထကြရင် ငါ့ဆီကစစ်သား ဘယ်လောက်ယူမလဲ' ဟု မေးတော်မူ၏။ တူတော်မောင်များက 'မဝံ့ပေါင်ပါဘုရား' ဆိုလျှင် 'အိမ်း . . . ကောင်းကောင်းနေကြ' ဟု မိန့်တော်မူ၏။ နန်းကြမ်းပြင်တွင် တူတော်မောင်များလာစဉ်က အိမ်ရှေ့ ကိုယ်တော်ကြီးတွင် လက်နက်မရှိ။ ပြေးလျှင် လွတ်၏။ ပြေးခြင်းကိုဝါသနာမပါ။ ကြောက်ခြင်းကိုစက်ဆုပ်သဖြင့် တူတော်မောင်များ၏ ဓားလက်နက်နှင့် ကံကုန်တော်မူရရှာ၏။

အမောင်တို့ . . . ကျွန်ုပ်ဆိုလိုရင်းကို နားလည်ကြပြီ မဟုတ်လော။ အမောင်တို့နိုင်ငံကောင်းစား ရေးအတွက် သေနတ်ပစ်တတ်မှ၊ လက်ပစ်ဗုံးပစ်တတ်မှ၊ လေယာဉ်ပျံမောင်းတတ်မှ၊ ဝိုင်ယာလက်၊ ရေမြှုပ်၊ ကြေးနန်းဘာမဆို ခေတ်နှင့်အညီ ပေါ်ထွက်လာသော လက်ရုံးအားကိုး လက်နက်မျိုး လုပ်ကိုင်နိုင်မှ အဆင့် အတန်းမြင့်ကြမည်ကို သတိပြုကြလော့။ အနာဂတ်အုပ်ချုပ်ရေး၌ အမောင်တို့တိုင်းပြည်ကို အမောင်တို့ကာကွယ် ရမည်။ အမောင်တို့သည် ယခုကတည်းက ကာယဗလဖွံ့ဖြိုးရေး၊ စစ်အတတ်သင်ကြားရေးတို့ကို လေ့လာကြ ပါလော့။ စစ်သားမရှိသော တိုင်းပြည်သည် ခြေထောက်နှစ်ဖက်ပြတ်သော တိုင်းပြည်နှင့်တူ၍ သူများကို တိုက်ရည်လည်းမရှိ။ ခံရည်လည်းမရှိ။ အဘက်ဘက်ကရှုံး၍ နေတော့၏။ အမောင်တို့ အပျော်အပါးကို တန်းချိတ်ထားပြီးလျှင် အမောင်တို့ သားစဉ်မြေးဆက် ကောင်းစားရေးအတွက် ကြိုးစားကြစမ်းပါလော့။ ပဇာကြောင့် လူပေါ်ကြော့ လူပျော်လူရွှင် ကလေးတွေအဖြစ်နှင့် နေလိုကြသနည်း။ ငါတို့လူမျိုးသည် သူများကို အရှုံးပေးလိုသော လူမျိုးမဟုတ်။ သွေးနက်အောင် ပြုပြင်ကြလော့။

နေသူရိန်(မဟာဆွေ)

**ခက်ဆစ်အဖွင့်**

၁။ လက်ရုံး = တိုက်မှုခိုက်မှုစွမ်းရည်။
၂။ ခတ်သိ = အခြေအနေ၊ စိတ်သဘောကို သိပြီးသူ။
၃။ မိုက်ရူးရဲ = ရမ်းရမ်းကားကား၊ မဆင်မခြင် စွန့်စားသော။
၄။ လူခရာ = လူသနားဖွယ်ရာ၊ ချစ်ခင်ဖွယ်ရာ ချွဲနွဲ့၍ ပြောဆိုပြုမူတတ်သူ။

၅။ အိမ်ရှေ့ကိုယ်တော်ကြီး = ထီးမွေနန်းမွေကို ဆက်ခံရန် လျာထားခြင်းခံရသူ၊ ဥပရာဇာ၊ ကနောင်မင်းသားကြီး။

၆။ ပိဋကတ် = ဗုဒ္ဓအဆုံးအမဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကသုံးပုံ။

၇။ ဘီ = မိမိအထက် စတုတ္ထဆွေဆက် (အဘ၊ အဘိုး၊ အဘေး၊ အဘီ၊ အဘင်၊ အဘဲ၊ အဘော ဟူ၍ ရေတွက်သည်။)

၈။ ကမ္ဗလာ = သားမွေးဖြင့်ရက်သောခင်းနှီး။

၉။ လက်နက်ရုံ = ဓား၊ လှံ၊ သေနတ်၊ အမြောက် စသည်တို့ပြုလုပ်ရာ အလုပ်ရုံ။

၁၀။ ဝတ်လဲတော် = မြင့်မြတ်သူတို့ ဆင်မြန်းသည့် အဝတ်အထည်။

၁၁။ တံစဉ်း = သံကိုတိုက်စားရန် မျက်နှာပြင်တွင် အသွားစိပ်စိပ်ဖော်ထားသော ကိရိယာ။

၁၂။ ပြုတ်တူ = တစ်စုံတစ်ရာကို မြဲမြံစွာ ထိန်းညှပ်ထားနိုင်သော ကိရိယာ။

၁၃။ တစ်ခဲနက် = အကြားအလပ်မရှိ၊ တစ်စိုင်တစ်ခဲ၊ တစ်စု တစ်ဝေးတည်း။

၁၄။ သိုးဆောင်း = ဥရောပတိုက်သား။ မျက်နှာဖြူလူမျိုး။

၁၅။ ကာမိ = ထေမိသည်။ လုံလောက်သည်။

၁၆။ ကံကုန် = အနိစ္စရောက်သည်။ ကွယ်လွန်သည်။

၁၇။ တန်းချိတ် = အရေးယူဆောင်ရွက်ခြင်းမပြုဘဲ ဖယ်ချန်ထားသည်။

## သင်ခန်းစာအကျဉ်း

အိမ်ရှေ့ကိုယ်တော်ကြီး (ကနောင်မင်းသားကြီး) သည် လက်ရုံးရည်ကိုအားကိုး၍၊ လက်နက်မရှိ၍ သူတစ်ပါး အောက်ကျခံရသည်ဟုဆိုကာ လက်နက်လုပ်သောအတတ်ကို နိုင်ငံခြားသို့ လူလွှတ်၍သင်ကြားစေခဲ့သည်။ စက်ရုံပေါင်း (၅၀) ခန့်ကို မန္တလေးမြို့တွင် တည်ဆောက်ခဲ့သည်။ ရေမြှုပ်ဗုံးကို ကိုယ်တော်တိုင်စီမံခဲ့၍၊ တူတော်မြင်ကွန်းနှင့် မြင်းခုံတိုင်တို့၏ လက်ချက်ကြောင့် နတ်ရွာလားခဲ့သည်။ ကြောက်ခြင်းကိုစက်ဆုပ်သူဖြစ်သည်။ ကိုယ့်တိုင်းပြည်ကို ကိုယ်ကာကွယ်ပြီး သူတစ်ပါးကို အရှုံးပေးလိုသော လူမျိုးမဟုတ်ကြောင်း ရေးထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အိမ်ရှေ့ကိုယ်တော်ကြီး၏ ကြိုးပမ်းမှုများသည် အတုယူ ဖွယ်ဖြစ်ပါသလား။ ရှင်းပြပါ။

၂။ သင်သာ အိမ်ရှေ့အိမ်တော်ကြီး ဖြစ်ပါက တိုင်းပြည်အတွက် မည်သို့ကြိုးပမ်းမည်နည်း။

၃။ နေသူရိန်ကလူငယ်များကို မည်သို့လှုံ့ဆော်သနည်း။ ဤလှုံ့ဆော်မှုများကြောင့် သင့်စိတ်တွင် မည်သို့ခံစားရသနည်း။

## အရာရာတွင်ကျယ်တို့လူငယ်
## လွတ်လပ်ရေးခေတ်

အရာရာတွင်ကျယ်တို့လူငယ် စကားပြေကို သူရိယကန္တိရေးသားသော 'စေတနာမွန်' ဝတ္ထုမှကောက်နုတ်သည်။

သူရိယကန္တိသည် ဟင်္သာတမြို့ဇာတိဖြစ်၍ မြန်မာနှစ် ၁၂၆၃ (ခရစ်နှစ် ၁၉၀၁) တွင် မွေးဖွားသည်။ ဖခင်မှာဦးမင်းနောင်၊ မိခင်မှာ ဒေါ်ဝါနုဖြစ်သည်။ အမည်ရင်းမှာဦးစိန်ဘန်းဖြစ်သည်။ ငယ်စဉ်က စိန်ပေါ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ဆယ်တန်းစာမေးပွဲအောင်သောအခါ ဆေးတက္ကသိုလ်သို့ တက်ရောက်သင်ကြားခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရသည်။

သူရိယကန္တိသည် အသက် ၁၅ နှစ်ကစ၍ ဆောင်းပါးများ၊ ဝတ္ထုများကို ရေးသားခဲ့သည်။ သူရိယမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင် မြန်မာဝတ္ထုတိုများ၊ စာပေ ဆောင်းပါးများနှင့် ရောဂါကုထုံး၊ အိမ်တွင်းသူနာပြုစုနည်း စသော ကျန်းမာရေး ပညာပေးဆောင်းပါးများကို ရေးသားခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ကဗျာများ၊ စာများရေးသားခဲ့သည်။ 'ဝတ္ထု ရေးလိုသော်' စာအုပ်အတွက် ၁၉၅၇ ခုနှစ်တွင် စာပေဗိမာန်ဆု ရခဲ့သည်။ သူရိယကန္တိသည် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကွယ်လွန်သည်။

# အရာရာတွင်ကျယ်တို့လူငယ်

နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းခဲ့ပြီ။

နှစ်စဉ်နှစ်တိုင်း မြန်မာလူမျိုးတို့ ကျင်းပမြဲဖြစ်သော ပွဲလမ်းသဘင်တို့တွင် အပျော်ရွှင်ဆုံး၊ အူအမြူးဆုံးဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကြီးမှာ စိတ်လက်မပါညှိုးငယ်စွာနှင့် ခြောက်သွေ့သွေ့ ကျန်ရစ်ခဲ့လေပြီ။ မြန်မာပြည်ကြီးမှာလည်း စစ်တလင်းဖြစ်ခဲ့သည်မှာ တစ်နှစ်ကျော်လေပြီ။

၁၉၄၃ ခု၊ မေလအတွင်း စလင်းမြို့၌ အရှေ့အာရှ လူငယ်များအစည်းအရုံး ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ရာ မြို့ရှိ အမျိုးသားအမျိုးသမီး လူငယ်လူရွယ်လူလတ်တို့သည် အားတက်သရောကြိုးစားကာ မြန်မာနိုင်ငံတော်၏ အကျိုးကို သယ်ပိုးရွက်ဆောင်ကြကုန်၏။ ရှေးအခါကလူငယ် လူရွယ်တို့တွင် သွေးစည်းမှု မရှိခဲ့ကြသော်လည်း စစ်ကြီးအတွင်းဝယ် ဦးဘဂျမ်း (အာရှလူငယ် အစည်းအရုံးဥက္ကဋ္ဌ) ၏ မနားမနေကြိုးစားမှုကြောင့် တစ်နိုင်ငံလုံးရှိ အမျိုးသားအမျိုးသမီးတို့ နိုးကြားထကြွမှုမှာ လွန်စွာတိုးတက်လာသဖြင့် အစည်းအရုံးအဖွဲ့ဝင်အပေါင်းတို့၏ ညီညွတ်မှု၊ သမာဓိတည်ကြည်မှု၊ လုံ့လဥဿာဟနှင့်ပြည့်စုံမှု၊ ထိုးထွင်းဉာဏ်ထက်သန်မှု၊ ပေါင်းသင်းဆက်ဆံရေးချောင်ပြေပြစ်မှု၊ လိုသောဌာနများ၌ အကူအညီလွယ်လင့်စွာပေးမှု စသည်တို့ကို မြင်ကြရသူ မိဘတို့မှာလက်ဖျားခါကာ ချီးမွမ်းကြရလေသည်။

စစ်ဆိုသည်မှာ လူငယ်တို့၏ ပယောဂကြောင့်ဖြစ်ရသည် မဟုတ်။ အသက်အရွယ် ကြီးမားလျက်လူတို့၏အကြောင်းကို သိသင့်သလောက် သိရှိပြီးဖြစ်ကြသော သူတို့၏လုံးပန်းမှုကြောင့် သာဖြစ်ပေါ်လာရသည်။ တစ်ကမ္ဘာလုံးကို သုသာန်တစပြင်အလား လူသေအလောင်းပုံနေရန် ကြံစည်အားထုတ်သူတို့မှာ သူရူးများဖြစ်တန်ရာသည်။ ထိုအရူးတို့၏ ပယောဂကြောင့် ဤပျော်စရာကောင်းလှသော ကမ္ဘာကြီးကို လူတို့၏သွေးဖြင့်ဆေးကြောပြီးသည့်နောက်အဖို့တွင် လူငယ်တို့၏ လုံ့လအားဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာအောင်ဖန်တီးမည်ဟူသည့် စိတ်မျိုးကို မွေးမြူနေကြသော ဤလူငယ်တို့ကို မည်သူမချီးမွမ်းဘဲ နေနိုင်ချိမ့်မည်နည်း။

အမျိုးသားစိတ်ကို ဖြစ်ပေါ်လာစေသော စစ်ကြီးကိုပင် ကျေးဇူးတင်လိုပါက လူငယ်တို့၏ နိုးကြားမှုကိုကြည့်ရှုကာ ကျေးဇူးတင်နိုင်ကြ ပေလိမ့်သတည်း။

ကဆုန်လအတွင်း မြေသင်းပျံ့ပျံ့မိုးနံ့နံ့ ဆိုသောစကားအတိုင်း မြေငွေ့ပျံအောင် မိုးအနည်းငယ်ရွာသွန်းသဖြင့် အလွန်ပူအိုက်သည့်ရာသီတွင် အအေးဓာတ်ကလေးကို ခိုလှုံရသည့်အခါ စိတ်ပျော်ရွှင်လာတတ်ကြသည်နှင့်အညီ သီချင်းမဆိုဖူးသူတို့ပင် တေးသီတတ်ကြကုန်သည်။ ထိုနေ့နံနက် မေညွန့်သည်ဆေးစပ်ခန်းထဲ၌ ဆေးပုလင်းကြီးငယ်တို့ကို ဖုန်သုတ်ကာ နေရာတကျထားသိုနေရင်း -

'ရာဇဝင်တွင် ထင်ရှားအောင်ကွယ်။ လူငယ်တွေကြိုးစား မောင်မယ်။ အစည်းအရုံးဖွဲ့ကာထောင်တယ်၊ ဆောင်ရွက်ပါမယ်။

တစ်စိတ်ထဲတစ်ဝမ်းထဲ အာရှတိုက်မှာ ငါတို့လိုက်ပါမယ်။ ဂုဏ်သတင်းပျံ့ဖို့၊ လက်ရုံးမြားမြောင်၊ ဉာဏ်လဲမြား မြောင်တယ် မြန်မာနိုင်ငံခေတ်သစ်ဝယ်၊ အရာရာတွင်ကျယ် တို့လူငယ်၊ နောင်တစ်ခေတ်မှာ ခေါင်းဆောင် ဖြစ်နိုင်တယ်။

တို့တစ်ကိုယ်ကောင်း စိတ်ထားပယ်။ အများအကျိုးတွက် ထမ်းရွက်မယ်၊ နေမင်းရောင် လမင်းရောင်၊ တို့အစွမ်းပြ ရမယ်။

တို့အာရှပြည် အသွယ်သွယ်၊ ပေါင်းသင်းမှုပြုရတယ်။ ကောင်းကျိုး အရသာထူးကိုကွယ် ခံစားကြပါမယ်။

ညီစေနော်၊ ညီပါတယ်၊ မောင်မယ်များ တွေကြုံဆောင်မယ်။ တည်စေနော်၊ တည်ပါတယ်။ လူငယ်များ တွေကြုံဆောင်မယ်။ အင်အားပြဖို့၊ ဇာတိသွေးလည်း မွေးမြူချိန်သင့်တယ်။'

ဟူသော အာရှလူငယ်သီချင်းကို ကျယ်တစ်လှည့်တိုး တစ်ခါသီဆိုနေလေ၏။

မေညွန့်၏အသံမှာ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ရှိသည်သာမက အသံကြားသနားပါစေ ဟူသော ရှေးဆုတောင်း ပြည့်စုံမှုကြောင့် ကြားရသူတိုင်းတွင် သာယာနာပျော်ခြင်းရှိပြီး သနားစိတ်များ တဖွားဖွားပေါ်လာရလေသည်။ မေညွန့်၏သီချင်းသံကို တစ်ဖက်ခန်း၌ စာရေးနေသူ ကိုတင်နွယ်ကြားရလျှင် မိမိရေးနေသည်ကို ရပ်တန့်လျက် နားစွင့်ကာနေမိလေသည်။ သီချင်းဆုံးသောအခါ ကိုတင်နွယ်သည် ဆေးစပ်ခန်းသို့လာခဲ့၍ တံခါးဝ၌ ရပ်ပြီးသော်-

'ညွန့်အသံက သိပ်ကောင်းပါကလား။ သီချင်းကလည်း စာသားကောင်းတယ်။ ဘာသီချင်းလဲ' ဟုမေးလျှင် မေညွန့်သည် ရှက်ပြုံးပြုံးလျက်-

'အာရှလူငယ် သီချင်းနံပါတ် ၂ ဆိုတာပဲ။ လူစုလူဝေးနဲ့ အားရပါးရ ဒေါနဲ့မောနဲ့ဆိုလိုက်ရရင် အင်မတန်စိတ်ကို တက်ကြွစေပါတယ်'

'အာရှလူငယ် အစည်းအရုံးကဖြင့် သိပ်အားကျစရာ ကောင်းနေတာပဲ။ ညီညီညွတ်ညွတ်လည်း ရှိကြတယ်။ အလုပ်လည်း လုပ်ကြတယ်။ ယောကျ်ားကလေးတွေနဲ့ မိန်းကလေးတွေ ရောရောနှောနှော သွားလိုက်လာလိုက်ကြ လုပ်နေတာတော့ ဘယ်လိုဖြစ်ကြမယ်မသိဘူး'

'ဆရာက ဘယ်လိုထင်လို့လဲ'

'အရင်တုန်းက အခုလိုရောရောနှောနှော မနေကြရပါဘဲနဲ့တောင် မိဘများက သမီးမိန်းမကလေးတွေကို စိတ်မချသေးတာ။ အခုလို ရောနှောနေထိုင် သွားလာနေကြတာ စိတ်ချနိုင်ကြလိမ့် မယ်မထင်ဘူး'

'လူကြီးတွေ စိတ်ချတာမချတာကို အခုကာလသားသမီးတွေက ဂရုမစိုက်ကြပါဘူးဆရာ။ ကိုယ့်လုပ်ငန်းတာဝန်ဝတ္တရား ကျေပွန်မှုကိုသာ ကြိုးစားကြပါတယ်။ ဒါ့အပြင် အခုကာလသား ကာလသမီးတွေဟာ အရင်ကလို မဟုတ်တော့ဘူးဆိုတာကိုလည်း လူကြီးတွေ သတိပြုဖို့လိုပါတယ်။ ညွန့်တို့ မိန်းကလေးတွေနဲ့ ရောရောနှောနှော နေကြရလို့လည်း အာရှအစည်းအရုံးမှာပါတဲ့ ယောကျ်ားကလေးတွေက စည်းကမ်းစောင့်ရင် ပြီးတာပါပဲ။ စည်းလည်းစောင့်ကြပါတယ်။ မိန်းကလေးတွေကလည်း မကလက် ကြပါဘူး'

'ဒီလိုဆို ဝမ်းသာစရာပေါ့ညွန့်ရယ်။ အဲသလိုတိုင်းကြီးသား ပြည်ကြီးသူတွေပီပီ တစ်ယောက်ကို တစ်ယောက် လေးစားရှိသေကြ၊ စောင့်ရှောက်ကြ၊ ကူညီကြဆိုရင် တိုင်းပြည်ကောင်းစားဖို့ပါပဲ။ အခုအာရှလူငယ်တွေ ဘာလုပ်နေကြသလဲ'

'မြို့ထဲက အမှိုက်သရိုက်ရှင်းတယ်။ ဈေးထဲမှာအေးကျင်း တူးပေးတယ်။ တောကျွာတွေသွားပြီး အချုပ်အလုပ်သင်ပေးတယ်။ ဒီကနေ့ညနေတော့ ဝက်သည်းကန်ထဲမှာ ပေဒါပင်တွေ ဆယ်ပစ်မလို့ဆရာ'

'အင်မတန်ကောင်းတဲ့ အလုပ်တွေပဲ။ ရှေးကဆိုရင် ဒီအလုပ်တွေဟာ အောက်ကျနောက်ကျ အလုပ်တွေဆိုပြီး ဘယ်သူမှမလုပ်ကြဘူး။ လုပ်ရမှာကိုလည်း ရှက်ကြတယ်။ အခုတော့ တယ်ဟန်ကျတာပဲ။ အစည်းအရုံးထဲရောက်ရင် အကုန်တန်းတူဖြစ်ပြီး သူဌေးသားရော ကူလီသားရော အလုပ်လုပ်ကြတယ်။ ဒါဟာ မြန်မာပြည် ရှေ့ကိုကြီးပွားဖို့ နိမိတ်ပဲ'

'ညွန့်တို့အဖွဲ့ လူအများကောင်းစားဖို့ ကြီးပွားဖို့ တိုးတက်ဖို့ဆိုရင် အကုန်လုပ်မှာပဲ။ ဆရာလည်း ရှေးဦးသူနာပြုအတတ် သင်ပေးရလိမ့်မယ်'

'ညွန့်လည်း အတတ်သားကပဲ။ ညွန့်ပဲ သင်ပေးရင် ပြီးရောမဟုတ်လား'

'ဆရာဝန်သင်ပေးတာက သာမကောင်းပါလား ဆရာ။ ပြီးတော့ ညွန့်လည်း ပတ်တီးစည်းတာတွေ တောင် မေ့ကုန်ပြီ'

'ဒီလိုဆို သင်ပေးရတာပေါ့လေ။ ညွန့်ကအမှုဆောင်ထဲကလား'

'ဟုတ်ပါတယ်'

'ဘာလဲ'

'ကာယဗလမှူးပါဆရာ'

ညွန့်ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့တော့ ကာယဗလမှူးပဲ ကောင်းပါတယ်။ ငါးမြွေထိုးခြောက်မတွေကို ညွန့်လိုဖြစ်လာအောင် လုပ်ပေးလိုက်စမ်းပါ။ အကြည့်ရဆိုးကြလွန်းလို့'

'အံမယ် . . . ဆရာက ဝတဲ့လူတွေလည်း ပါပါသေးတယ်'

'ဝတာကတခြား လှတာကတခြားပါ။ ဝတိုင်းလည်းလှ သလား။ ဟိုဘယ်သူတဲ့။ ဈေးနားက ပုပုကွကွ ဝဝကြီးဟာ'

'မထွေးဆွေကို ပြောနေတာလား'

'သူပဲထင်ပါရဲ့။ ဝလိုက်တာပုတ်လောက်ပဲ။ လှမလှတော့ ပြောတောင် မပြောနိုင်ဘူး။ ဒါနဲ့ ညနေ ဘယ်အချိန်လောက် ဝက်သည်းကန်ထဲက ပေဒါတွေဆယ်ကြမှာလဲ'

'၃ နာရီလောက်က စကြလိမ့်မယ်'

'ကျွန်တော်လည်း လိုက်ခဲ့ပါအုံးမယ်။ အစည်းအရုံးဝင်တွေကိုလည်း ပြောလိုက်ပါ။ ဆရာက အားလုံးကိုဖျော်ရည်နဲ့ တရုတ်ဆိုင်က မုန့်ကျွေးမလို့'

'နည်းနည်းကလေးတော့ မလုပ်နဲ့နော်ဆရာ။ လူတွေက အများကြီးပဲ။ အစားမလောက်မငတော့ မဖြစ်ပါစေနဲ့။ စားမည့်လူတွေကလည်း အစားကြီးချည်းပဲ'

'မလောက်မှာတော့မစိုးရိမ်နဲ့။ မကုန်နိုင်မှာသာစိုးပါ'

'ဘယ်လောက်များများ ကုန်မှာပါပဲဆရာ။ လူတွေကလည်း ကျန်းကျန်းမာမာဝဝဖြိုးဖြိုး၊ အလုပ်လုပ်လို့

ဗိုက်ကလည်း ဟာဆိုတော့ စားသမျှဝင်မှာပဲ ဆရာရဲ့။ မကုန်နိုင်ဘူးလို့တော့ မအောက်မေ့နဲ့'

'ကဲလေ၊ ဘယ်လောက်စားနိုင်စားနိုင် ဆရာကနိုင်အောင် ကျွေးရင်ပြီးရောပေါ့'

ထိုနေ့ညနေတွင် ဝက်သည်းကန်ကြီး၌ အာရှလူငယ်တို့သည် သီချင်းသံတကြော်ကြော်နှင့် ပျော်ရွှင်မြူးထူးစွာ ပေဒါပင်များကို ကန်တွင်းမှဆယ်၍ ကုန်းပေါ်သို့တင်လျက် နေကြကုန်၏။ အချို့ယောကျ်ားကလေးတို့မှာ လှေငယ်များဖြင့်ပေဒါပင်တို့ကို ဆယ်တင်ယူကာ ကမ်းသို့ပို့ကြ၏။ အချို့ကမူ လည်ပင်းအထိ ရေထဲသို့ဆင်းကာ ပေဒါပင်တို့ကို ဝါးလုံးရှည်များဖြင့် သိမ်းစုလျက် ကမ်းဘက်သို့ တွန်းလာကြကုန်၏။ မိန်းကလေးများတို့က ကမ်းပေါ်မှနေ၍ ပေဒါပင်တို့ကို ပွေ့ပြီးသော်လည်းကောင်း၊ တောင်းဖြင့်သော်လည်းကောင်း ဝေးရာအရပ်သို့ သယ်ပိုးယူဆောင် စုပုံထားကြကုန်၏။ ဤသို့သီချင်းတို့ကို ဟစ်အော်သီဆိုကြရင်း တစ်ယောက်မကျန် ပျော်ပျော်ပါးပါး အလုပ်လုပ်နေကြသူ အာရှလူငယ်များအား လာရောက်ကြည့်ရှု အားပေးကြသည့် မြို့သူမြို့သားများမှာ ကမ်းညွတ်မျှရှိလေသည်။

ပင်ပန်းသည်ဟုလည်း မထင်ကြ။ မောရမှန်းလည်းမသိ။ ချွေးတဒီးဒီးနှင့် တကုန်းကုန်းတအုန်းအုန်း၊ တလှုပ်လှုပ်တရွရွ၊ တကြွေးကြွေး တကြော်ကြော်၊ တပျော်ပျော်တပြုံးပြုံး လုပ်ကိုင်နေကြသူ လူငယ်တို့ကို မြင်ကြရသူအပေါင်းတို့မှာ ထိုလူငယ်တို့နှင့်အတူရောချ၍ ပျော်ပါးလိုက်ချင်သောစိတ်များပင် ပေါ်ပေါက်လျက်လာလေသည်။

ရေလယ်ဘုရား၊ ရွှေမုဋ္ဌောစေတီရင်ပြင် အာရုံခံတန်ဆောင်းအတွင်း၌ကား ကိုတင်နွယ်၊ ဒေါ်မြရှင်၊ မောင်ခင်လတ် နှင့် ကိုတင်နွယ်၏ တပည့်များဖြစ်ကြသူ မောင်စိန်ဦး၊ မောင်အုန်းနှစ်တို့သည် ပေဒါပင်သယ်သူတို့အား ဖျော်ရည်နှင့်မုန့်များတို့ကို လက်မလည်နိုင်အောင် တိုက်ကျွေးလျက်ရှိကြကုန်၏။ မိန်းကလေးဂိုဏ်းမှ တစ်ခေါက်သာ လာရောက်စားသောက်ကြသေးသော်လည်း ယောကျ်ားကလေးဂိုဏ်းကမူ တစ်ခေါက်ပြီး တစ်ခေါက် လာရောက်တိုးဝှေ့ စားသောက်ကြကုန်၏။

'ဟေ့ . . . ဟေ့၊ မင်း ၅ ခေါက်တောင်ကျပြီ' စိန်ဦးက လူငယ်တစ်ယောက်အား ရယ်မော၍ပြောရာ

'ကျွန်တော်တို့က မောတယ်ဗျ။ ဒီတော့အစားကလေး တစ်ခါစားပေးမှ တစ်ခါအလုပ်လုပ်နိုင်တယ်။ ပြီးတော့ ကျွန်တော်တို့လှေက အကြီးဆုံး'

'အကြီးဆုံးမို့ အနည်းဆုံးသယ်တယ်ထင်ရဲ့'

'ဘယ်ဟုတ်မလဲ၊ ဟိုဘက်ကမ်းစပ်မှာ မမြင်ဘူးလား။ ကျွန်တော်တို့ပုံထားတဲ့ ပေဒါပင်တွေကို အာရှမယ်တွေ သယ်လို့မကုန်နိုင်ဘူး၊ ကျွန်တော်တို့လှေသူကြီး အာရှလူငယ်အစည်းအရုံး စက်ကတ်ကြေးကိုဖိုးမှူကို မေးကြည့်ကြပါဗျာ . . .'

အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူး မောင်ဖိုးမှူမှာ လှေထဲမှမတက်။ အသံကောင်းသည်နှင့် လှေထဲ၌ပင်နေရင်း ဖျော်ရည်တောင်းသောက်ကာ သီချင်းဆိုလျက်ရှိလေသည်။

'လုပ်လှဲ့တဲ့လုပ်လီ။ ယိမ်းနွဲ့ကာ ဟန်စုံချီလို့၊ နီလွင်လွင် လွှာရုံ ဆန်းငယ်နဲ့၊ ပဒုမ္မာဆိုတဲ့ ပန်းတွေက၊

လန်းပွင့်လို့စီ။ ငွေရောင်မှာ နို့သာလူးပါတဲ့၊ ပေဒါမောင် အပြာဖူးတွေက'

'ကိုဖိုးမူ၊ ဒါဘာသီချင်းလဲဗျ။ အာရှသီချင်းလား'

'အာရှသီချင်း မဟုတ်ပါဘူး။ တို့စလင်းကျောင်းဆရာ ကိုမြဆက်စီကုံးရေးသားထားတဲ့ ဝက်သည်းကန် သီချင်းပါကွဲ့ . . . '

'ကဲ . . . ဆက်ဆိုစမ်းပါအုံးဗျာ'

'ငွေရောင်မှာနို့သာလူးပါတဲ့၊ ပေဒါမောင်အပြာဖူးတွေက၊ လာဖူးအောင်လာပါလို့၊ တစာစာခေါ် ရှိသော်လဲ၊ ခေါ်ဘိသလိုလိုနဲ့၊ ပိုကရိုကြိုဆိုလင့်ရှာကြ၊ ထူးတင့်ပွေလီ။

စိမ်းလဲ့လဲ့ရီ၊ မြသွေးရောင်ဇာကတီ၌၊ ရွှေပန်းချီစုံမင်ဆေးငယ်နဲ့၊ အကြံစုံညာဏ်ကုန်ထွေးပါလို့၊ ခြယ်ရေး သည် ထင်ယောင်မှန်းရှာရ၊ ဝက်သည်းကန် ရေပြင်နန်းမှာဖြင့်၊ ပန်းတွေကပြာဝါနီ၊ ခါတော်မီရယ်လို့ ပွင့်ရှာဆဲ။

မူရာငယ်ကြွယ်၊ သူဇာမယ်အနွယ်ရင်းပေထင့်၊ စလင်းသူ ဝင်းဖြူ ညက်ကယ်တို့၊ အောင်သပြေ ညောင်ရေခက်တွေနဲ့၊ နံနက်ခါ ညနေခင်းမှာတော့၊ ကန်တွင်းစေတီရှင်သို့၊ ကေသီမှင် ဆံခွေသပါလို့၊ ဦးချစမြဲ'

'ခင်ဗျားသီချင်းက ဆီလျော်တယ်ဗျို့။ စလင်းလည်းပါတယ်၊ ပေဒါပင်တွေလည်းပါတယ်။ ဘုရားလည်း ပါတယ်။ သတင်းကြူတဲ့ စလင်းသူတွေလည်းပါတယ်။ ကောင်းသဗျို့ . . . ကောင်းသဗျို့၊ ဝမ်းစမိုး၊ တူးစမိုး၊ ဟိုး . . . ဟိုး'

'ဘာလဲကွဲ့ ဝမ်းစမိုး၊ တူးစမိုးနဲ့ ဟိုး . . . ဟိုးဆိုဒါက'

'ခင်ဗျား သီချင်းကောင်းလွန်းလို့ ချီးယား (Cheer) တာဗျို့။ ဆုတော်လာဘ်တော်လိုချင်ရင် ဖျော်ရည် နဲ့မုန့်သွားစား၊ အလကားရလိမ့်မယ်'

'တော်ပါပြီ ဝေသန္တရာရဲ့။ ကျွေးချင်မွေးချင်လိုက်တာ။ ဆရာ့ဖျော်ရည်နဲ့မုန့်ကို'

'တို့ကမှမတတ်နိုင်ဘဲကိုးကွဲ့။ ဒါတော့တတ်နိုင်တဲ့နေရာ လက်ညှိုးထိုးကြရတာပ။ လက်ညှိုးထိုးပြ တာလည်း ကုသိုလ်ရဆို မဟုတ်လား။ ဟိုဘယ်သူလဲလေ၊ လက်ညှိုးထိုးပြတာနဲ့ နတ်ဖြစ်တော့ လက်ညှိုးက ရွှေတွေငွေတွေထွက်ဆိုတာ'

'တော်ပါတော့ ဖိုးစောရ။ စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီး မှန်းသိပါတယ်'

ဤကဲ့သို့ပျော်ရွှင်စွာ ပြောကြဆိုကြ၊ သီကြဟစ်ကြ စားကြသောက်ကြ၊ ပေဒါပင်တို့ကိုဆယ်ကြနှင့် နေဝင်သွားရာ အလုပ်ကိုရပ်စဲကြလေ၏။ အချို့မှာ အအေးမိမည်ကိုစိုးသောကြောင့် ချက်ချင်းအိမ်သို့ ပြန်သွား ကြ၏။ အချို့မှာ နောက်ဆုံးပ်ပ်တ် အိတ်နှင့်လွယ်မည်ဟု အစားအသောက်ရှိရာသို့သွားရင်း အနားယူနေကြကုန် ၏။

အင်္ကျီလုံချည်လဲ၍ပေ၊ ရေစိုလျက် မေညွန့်သည် ကိုတင်နွယ် ရှိရာသို့လာခဲ့ရာ -

'ဘယ့်နှယ်ညွန့်၊ တော်တော်မောသလား' ဟု ကိုတင်နွယ်ကမေးလျှင် -

'မမောပါဘူး။ ပျော်တာနဲ့မောရမှန်း မသိဘူးဆရာ'

'ညွန့်တစ်ခါမှလည်း လာစားတာမမြင်ပါကလား'

'မဆာတာနဲ့ မစားတာပါ'

'တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေလိုက်တာ။ အိမ်မြန်မြန်ပြန်ပြီး အဝတ်အစားလဲရင်ကောင်းလိမ့်မယ်'

'ဒေါ်ဒေါ်တို့နဲ့ ပြန်မယ်လေ။ ဆရာကော'

'မပြန်သေးဘူး။ ဘုရားအာရုံပြု နေရစ်ခဲ့အုံးမယ်။ ညွန့်သာ ဒေါ်ဒေါ်တို့ မောင်စိန်ဦးတို့နဲ့အတူ ပစ္စည်းတွေနဲ့ ပြန်လိုက်သွားပါ'

'ဒါဖြင့်ညွန့်တို့အိမ်ပြန်ပြီး ရေမိုးချိုးထမင်းစားသောက်ပြီး ပြန်လာခဲ့မယ်။ လလည်းသာတယ်။ အေးအေးလူလူ ဘုရားအာရုံ ပြုရအောင်'

'ကောင်းပြီလေ။ လာခဲ့တာပေါ့။ စောင့်နေပါအုံးမယ်'

ပန်းကန်ခွက်ယောက် စသည်တို့ကို သိမ်းဆည်းလျက် ဒေါ်မြရှင်နှင့် မေညွန့်တို့လူစုသည် မြင်းလှည်းတစ်စီးဖြင့်ပြန်သွားကြသောအခါ ကိုတင်နွယ်သည် ဘုရားကိုအာရုံပြုရင်း နေရစ်ခဲ့လေသတည်း။

**သူရိယကန္တီ**

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | စစ်တလင်း | = | စစ်တိုက်ရာနေရာအရပ်။ စစ်မြေပြင်။ |
| ၂။ | လှံ့လဥဿာဟ | = | အားထုတ်ခြင်း။ လုံ့လဝီရိယ။ |
| ၃။ | ချောင် | = | ယဉ်ကျေးသိမ်မွေ့သာယာနူးညံ့သည်။ |

## သင်ခန်းစာအကျဉ်း

အာရှလူငယ်အစည်းအရုံးတွင် မေညွန့်နှင့်ကိုတင်နွယ် တို့ပါဝင်သည်။ အာရှလူငယ်များ ဗေဒါဆယ်သည့် လုပ်အားပေးပွဲကို သရုပ်ဖော်ပေးသည်။ အာရှလူငယ်များ၏ အပြန်အလှန် ပြောဆိုဆွေးနွေးချက်များနှင့် လုပ်ဆောင်ချက်များကို ဖော်ကျူးထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အာရှလူငယ်များ၏ လုပ်ဆောင်ချက်များနှင့် သဘောထားများကို မည်သို့သိရသနည်း။ သင့်သဘောထားကိုလည်း ထုတ်ဖော်ပြပါ။

၂။ လူငယ်တစ်ယောက်အနေနှင့် မည်သည့်လုပ်အားပေးပွဲများတွင် သင်ပါဝင်ခဲ့သနည်း။ မည်သို့ခံစားရသနည်း။

## မြန်မာစာအရေးအသားတိုးတက်စေနည်း

## လွတ်လပ်ရေးခေတ်

မြန်မာစာအရေးအသား တိုးတက်စေနည်းသည် ဆရာကြီး ဦးဖေမောင်တင် ဟောပြောချက် ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။

ဦးဖေမောင်တင်သည် အင်းစိန်ပေါက်တောရပ် ဇာတိဖြစ်၍ ၁၈၈၈ ခုနှစ်တွင် ဖွားမြင်သည်။ အမည်အရင်းမှာ မောင်တင်ဖြစ်သည်။ ငယ်စဉ်ကပင် ပညာထူးချွန်သူဖြစ်သည်။ ရန်ကုန်ကောလိပ်တွင် ပါဠိဘာသာသင်ယူပြီး ဝိဇ္ဇာဘွဲ့ရသည်။ ကလကတ္တားတက္ကသိုလ်မှ မဟာဝိဇ္ဇာစာမေးပွဲကို အလွတ်ဖြေဆို အောင်မြင်သည်။ အသက် ၂၄ နှစ်တွင် ရန်ကုန်ကောလိပ်၌ ပါဠိပါမောက္ခ ဖြစ်လာသည်။ အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်၊ အိပ်ဇိတာကောလိပ်တွင် ဆက်လက်ဆည်းပူးရာ စာပေဝိဇ္ဇာ (ဘီလစ်) ဘွဲ့ရသည်။ အမည်တူရှိနေ၍ အမည်ရှေ့တွင် ဖခင်အမည်ဦးဖေ မှ 'ဖေ' ကိုယူပြီး 'ဖေမောင်တင်' ဟုပြောင်းသည်။

ဦးဖေမောင်တင်သည် ရန်ကုန်တက္ကသိုလ်တွင် အရှေ့တိုင်း ဘာသန္တရပါမောက္ခအဖြစ် ဆောင်ရွက်သည်။ ထိုစဉ် မြန်မာနိုင်ငံသုတေသနအသင်း၏ အကူအညီဖြင့် ရှေးဟောင်း မြန်မာစာပေများကို ရွေးချယ်တည်းဖြတ်ပုံနှိပ်ကာ တက္ကသိုလ်တွင် မြန်မာစာကို အဆင့်မြင့်မြင့်သင်နိုင်စေရန် ဆောင်ရွက်ခဲ့သည်။ မြန်မာစာဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာတန်းများကို ဦးဆောင်ဖွင့်လှစ်ပေးခဲ့သည်။ ထိုနောက်ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ရသည်။ အငြိမ်းစားယူပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ စာပေဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း တာဝန်ယူဆောင်ရွက်သည်။ ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုလည်းရရှိသည်။ ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်သည်။

ဆရာကြီးသည် ပါဠိနှင့် မြန်မာဘာသာ စာပေဆိုင်ရာ စာအုပ်စာတမ်းနှင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ယင်းတို့တွင် မြန်မာစာပေသမိုင်း၊ မြန်မာဝါကျဖွဲ့ထုံးကျမ်း၊ မြန်မာသဒ္ဒါ၊ ဘာသာလောကကျမ်း၊ မြန်မာဝတ္ထုသမိုင်းအစနှင့် သုတေသနစာတမ်းများ စသည်တို့ပါဝင်သည်။ မြန်မာကျောက်စာကျမ်းများ ပြုစုခြင်း၊ မွန်ကျောက်စာများကို မြန်မာပြန်ဆိုခြင်း၊ မြန်မာစာပေများကို တည်းဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာစာ၊ အင်္ဂလိပ်စာတို့ဖြင့် ဆောင်းပါးများ၊ သုတေသနစာတမ်းများ၊ ရေးသားခဲ့ပါသည်။ ခေတ်စမ်းစာပေလှုပ်ရှားမှုကို ခေါင်းဆောင်ပြီး ခေတ်စမ်းကဗျာ၊ ခေတ်စမ်းပုံပြင်တို့ကို ကြီးကြပ်ထုတ်ဝေခဲ့သည်။

ဤဆောင်းပါးတွင် မြန်မာစာအရေးသားတိုးတက်စေရန် လမ်းညွှန်ထားသော ဆရာကြီး၏ လမ်းညွှန်ချက်များကို လေ့လာနိုင်ပါသည်။

## မြန်မာစာအရေးအသားတိုးတက်စေနည်း

မြန်မာစာအရေးအသားတိုးတက်စေနည်းကို ဆရာအကြံပေးလိုသည်။ ရှေးကမြန်မာတို့၏ စာအရေးအသားမှာ ကဗျာလင်္ကာနှင့် စကားပြေအရေးအသားဟူ၍ ၂ - မျိုးရှိခဲ့ပေသည်။ ပုဂံခေတ် ဗုဒ္ဓသာသနာရောက်လာသည်တွင် ပိဋကတ်သုံးပုံကို ပါဠိနိဿယဖြင့် ဘာသာပြန်ရေးထိုးခဲ့ပြီး၊ စကားပြေဖြင့် ဘာသာပြန်မရေးထိုးခဲ့ကြသည်မှာ အနည်းငယ် ချွတ်ချော်သွားသည်ဟု ဆိုချင်ပါသည်။

မြန်မာစာပေတွင် ကောင်းသည့်စကားပြေဟူ၍ များများမရှိပါ။ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀ ခန့် အင်းဝခေတ် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့ ခေတ်ရောက်ပြန်တော့လည်း လင်္ကာအရေးအသားတို့သာ ပိုမိုအလေးဂရုပြုခဲ့ကြပေသည်။ ထိုအချိန်မှစ၍ ပျို့များ၊ လင်္ကာများကိုသာ အရေးအသားများခဲ့သဖြင့် ပျို့လင်္ကာအရေးအတွက်သာများပြီး စကားပြေဘက်တွင် အရာထင်ကျန်ရစ်ခဲ့သည်ဟူ၍ မရှိလှပါ။ ရှင်မဟာသီလဝံသ ရေးခဲ့သည့် ပါရာယနဝတ္ထုနှင့် ရာဇဝင်ကျော်လောက်သာ စကားပြေသက်သက် ရေးခဲ့သည်ကို တွေ့ရပေသည်။

လင်္ကာအရေးအသားနှင့် စကားပြေအရေးအသားတို့မှာ မည်သို့ကွာခြားသနည်းဟု အကျိုးကိုရှာကြည့်ပါလျှင် လင်္ကာဆိုသည်မှာ အဆင်တန်ဆာ အလှအပမျှဖြစ်၍ ထာဝစဉ်မသုံးရဘဲ လူထုနှင့် ကင်းကွာတတ်ပါသည်။ စကားပြေမှာ နေ့စဉ်အလုပ်နှင့်တူသဖြင့် လူတိုင်းလူတိုင်း သိနားလည်နိုင်သည့် အကျိုးရှိပေသည်။ ထို့ကြောင့် စကားပြေသာလျှင် လူအများအတွက် အရာရောက်လှပါသည်။

ဥပမာပြောရလျှင် လင်္ကာမှာမိန်းမများ အဆင်တန်ဆာ ဆင်ယင်သည်နှင့်တူပြီး၊ အလှကြည့်ရန်အတွက် သင့်လျော်ပေသည်။ စကားပြေမှာ စားဝတ်နေရေးအတွက် အလုပ်မလုပ်ဘဲ မနေနိုင်သည့်ယောကျာ်းနှင့်တူပြီး ကျန်းမာသန်စွမ်းတောင့်တင်းရန်သာ လိုပေသည်။

ကဗျာမှာ အရေးလည်းကြီး၊ နုလည်းနုညံ့လှပါသည်။ ပညာသားပါသဖြင့် လူတိုင်းကဗျာမရေးနိုင်ပါ။ ရေးသားပြန်တော့လည်း လူတိုင်းနားလည်အောင် ဘာသာပြန်ရန်မလွယ်ပါ။ ထို့ကြောင့်ကဗျာမှာ တန်ဆာဆင်ဖို့လောက်သာ သင့်လျော်ပါသည်။ စကားပြေမှာ လူတို့၏နေ့စဉ်အလုပ်ကဲ့သို့ ကျန်းမာသန်စွမ်းစွာနှင့် အလုပ်လုပ်နိုင်မှ အောင်မြင်နိုင်ပေမည်။ စကားပြေကိုလူတိုင်း နားလည်လွယ်အောင် ရေးကတ်ပါမှ ကိုယ်ဆိုလိုချင်ရာကို အကျိုးသက်ရောက် ပေလိမ့်မည်။ ထို့ကြောင့် စကားပြေအရေးအသားတွင် ကတ္တား၊ ဝါစက၊ ကံမှန်မှန်၊ လိုရင်းအဓိပ္ပာယ်ကို အလွယ်နှင့် နားအလည်နိုင်ဆုံး ရေးတတ်ရန်မှာ အဓိကအချက် ဖြစ်ပေသည်။

ထိုအတွက် စကားပြေကို လွယ်လွယ်နှင့် စကားလုံး နည်းနည်းရေးတတ်ဖို့ ကြိုးစားကြစေလိုသည်။ စကားချီးတွေနှင့် ကဗျာဆန်ဆန် စကားပြေရေးသားခြင်းမျိုးမှာ ကောင်းပင် ကောင်းငြားသော်လည်း နားလည်နိုင်ဖို့မလွယ်လျှင် ယောကျာ်းတို့ပတ်ရိုက်ပြီး အလှပြင်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ထိုစကားပြေမျိုးကို ဆရာမကြိုက်ပါ။ စကားပြေကို ရှင်းရှင်းနှင့် လူအများ နားလည်လွယ်အောင် ရေးတတ်သွားနိုင်ရန် မြန်မာစာအရေးအသား တိုးတက်စေရေးမှာ အရေးကြီးဆုံးဖြစ်သည်ဟု ဆရာဆိုချင်ပေသည်။

လောကမှာ တိုင်းပြည်နှင့်လူထုကို ကြီးပွားစေချင်လျှင် စကားပြေကို များများရေးကြဖို့လိုသည်။ ဥပမာ အင်္ဂလိပ်တွေ ကိုကြည့်ပါ။ အင်္ဂလိပ်တို့မှာ ဿခုဆိုလျှင် သူတို့ပညာအရပ်ရပ်တွေကို စကားပြေဖြင့် ရေးသားခဲ့ခြင်းကြောင့် လူတိုင်းသိနားလည်နေကြသည့် ကျေးဇူးကိုခံစားရသည်မှာ ထင်ရှားပါသည်။ လူတို့

လည်းဟိုရှေးရှေးတုန်းက ခရစ်ယာန်တွေမဟုတ်ပါ။ နတ်ကိုးကွယ်သည့် လူမျိုးတွေပင်ဖြစ်ပါသည်။ သို့သော်လည်း ခရစ်ယာန်သာသနာရောက်လာ၍ ၎င်းကိုကိုးကွယ်လျှင် ကိုးကွယ်ချင်း ခရစ်ယာန်သမ္မာကျမ်းစာကို လူအများနားလည်နိုင်အောင် ဘာသာပြန်လိုက်ကြပါသည်။ နောက်တစ်ဆင့်ထက်တစ်ဆင့် ပြင်ဆင်မွမ်းမံသွားသဖြင့် ယခုဆိုလျှင်သမ္မာကျမ်းစာမှာ အင်္ဂလိပ် စကားပြေအရေးအသားတွင် အကောင်းဆုံးဖြစ်နေသည်ကို တွေ့ကြရပါသည်။

မြန်မာမှာလည်း ပိဋကတ်သုံးပုံကို မြန်မာစကားကလေးနှင့် ကျကျနန မပြန်ခဲ့မိခြင်းမှာ အင်မတန်နာစရာကောင်းသည့် ချွတ်ယွင်းချက်ဖြစ်နေပါသည်။ မြန်မာစကားပြေမှာ အနှစ် ၇၀၀ လောက်ပုပ်သွားသကဲ့သို့ဖြစ်ရပါသည်။ ဤသို့ဆရာဆိုခြင်းမှာ ဓမ္မဓိဋ္ဌာန်သက်သက်သာ ဖြစ်ပါသည်။ စကားပြေရေးဖို့ အခွင့်အရေးရသည်ကို မသုံးမိသည့်အတွက် နစ်နာသွားသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ယခုမောင်တို့ခေတ်မှာလည်း လောကီပညာ၊ သိပ္ပံ၊ ဝိဇ္ဇာ၊ ပညာတွေနှင့်ပတ်သက်ပြီး ဘာသာပြန်ရေးနေကြရပေသည်။ ၎င်းလုပ်ငန်းမှာ အလွန်အဖိုးတန်ပြီး အခွင့်အရေးကောင်းဖြစ်သည့်အတွက် ၎င်းအခွင့်အရေးကို အသုံးချကြစမ်းပါဟု တိုက်တွန်းလိုပါသည်။ ရေးသားသည့် စာအုပ်တွေမှာ စကားလုံးပေါ်ပေါ်လွင်လွင်နှင့် ဝါကျမများအောင်ရေးမှလည်း တန်ဖိုးရှိပါမည်။ တန်ဖိုးရှိရှိရေးသားထားလျှင် နောင်လာနောက်သားများအတွက် အဖိုးတန် အကျိုးများပါလိမ့်မည်။

စာရေးသားရာမှာ ပေါ့ပေါ့ဆဆမရေးဘဲ ဝါကျတစ်ခုမှန်ကန်အောင် သေသေချာချာဝေဖန်ပြီးမှ ရေးဖို့ကောင်းပါသည်။ ဝါကျမှန်မမှန်ကိုလည်း စာဖတ်သည့်အခါတိုင်း အဓိပ္ပာယ်သိရရုံ သဘောမထားဘဲ စာအရေးအသား၊ ဝါကျအထားအသို၊ မှန်မမှန် ကိုသိနိုင်အောင် ထပ်ဖတ်ဖို့လိုပေသည်။ ဆရာ့သဘောက ယခုကာလဝတ္ထုတွေကို ဖတ်မည့်အစား သုသောမိတရာဇဝင်လို၊ ဦးကုလားရာဇဝင်လို ရာဇဝင်တွေကို ထပ်ကာထပ်ကာဖတ်ပြီး ကတ္တား၊ ကံ၊ ဝါစက၊ ညီတာတွေကို မှတ်သားဖို့ကောင်းသည်ဟု ဆိုချင်ပေသည်။ ယင်းကဲ့သို့ ဖတ်သည့်အခါမှာ ပမာဒလေခဆိုသည့် ပါဠိစကား၊ မြန်မာလို သတိချော်ပြီး စကားအသုံးအနှုန်း မှားယွင်းသွားတတ်တာမျိုးကို စေ့စေ့စပ်စပ် ရှာထုတ်ရန်လိုပေသည်။ အရေးတော်ပုံစာအုပ်တွေ၊ ဓမ္မသတ်တွေကိုလည်းဖတ်ပြီး အပြစ်ရှာဝေဖန်ရပါမည်။ ၎င်းစာအုပ်တွေကိုဖတ်ပြီး ဝေဖန်လိုက်လျှင် အင်မတန်အဖိုးတန်လာတာကို တွေ့ပါလိမ့်မည်။

စာဖတ်သည့်အခါမှာ ဝေဖန်သည့်လုပ်ငန်းကို လူတိုင်းလုပ်စေလိုသည်။ သို့မှသာ မည်သည့်နေရာတွင် ချွတ်ယွင်းနေသည်၊ မည်သည့်နေရာ၌ စာကျနေသည်၊ ကျန်နေသည်တို့ကို ပေါ်လွင်သိရှိလာပေလိမ့်မည်။ မောင်တို့ရေးပြီးသား စာတွေကိုလည်း အချင်းချင်းဝေဖန်ကြည့်ကြ စေလိုပေသည်။

ဝေဖန်ခြင်းဆိုသည်မှာ တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာခြင်းပင်ဖြစ်သည်။ သို့အတွက် ရင်းနှီးသူကိုဖတ်စေပြီး အပြစ်ရှာခိုင်းသည်ထက် ကိုယ်နှင့်ပဋိပက္ခဖြစ်သူကို ဝေဖန်ခိုင်းသည်က ပိုပြီးအပြစ်ပေါ်လာတတ်ပါသည်။ သို့ပေမဲ့တရားသဖြင့် အပြစ်ရှာမှ ဖြစ်နိုင်ပါလိမ့်မည်။ ကိုယ်နှင့်မတည့်သည့်အတွက် မတရားအပြစ်ပြောတာမျိုးတော့ မဖြစ်စေသင့်ပါ။ ဆရာဆိုလိုသည့်အတိုင်း လိုက်နာလုပ်ဆောင်ပါလျှင် မြန်မာစာအရေးအသားအမှန် တိုးတက်လာပါလိမ့်မည်။

ဦးဖေမောင်တင်

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ကဗျာ | = | စည်းမျဉ်းများနှင့်အညီ စာလုံးအပိုဒ်အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေ အထားစသည်တို့ဖြင့် စီကုံးထားသောအဖွဲ့အနွဲ့။ |
| ၂။ | စကားပြေ | = | စာလုံးအရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား စသည်တို့ဖြင့် စည်းမျဉ်း မသတ်မှတ်ဘဲ ပြေပြစ်စွာ ရေးသားပြောဆိုသောစာ။ |
| ၃။ | နိဿယ | = | ပါဠိတစ်ချက်၊ မြန်မာပြန်အနက်တစ်ချက် ဘာသာပြန်ဆိုမှု။ |
| ၄။ | ပျို့ | = | ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည်။ |
| ၅။ | လင်္ကာ | = | ကဗျာ။ |
| ၆။ | စကားချီး | = | အဓိကအကြောင်းအရာ မရေးမီ ရှေ့ပြေးအဖြစ် ရေးသားချက်။ |
| ၇။ | ပိဋကတ်သုံးပုံ | = | ဗုဒ္ဓ၏ အဆုံးအမ ဒေသနာအစုအပေါင်း။ (သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော အစုသုံးခု) |
| ၈။ | သမ္မာကျမ်းစာ | = | ခရစ်ယာန်ဘာသာရေးကျမ်းစာ။ |
| ၉။ | ဓမ္မဓိဋ္ဌာန် | = | ပုဂ္ဂိုလ်ကိုမရည်စူးဘဲ၊ ပုဂ္ဂိုလ်ရေးမပါဘဲ။ |
| ၁၀။ | ပမာဒလေခ | = | မေ့မှားရေးမိသောအရေးအသား။ |
| ၁၁။ | ပဋိပက္ခ | = | ဆန့်ကျင်ဘက်။ |

## သင်ခန်းစာအကျဉ်း

မြန်မာတို့၏ စာအရေးအသားမှာ ကဗျာလင်္ကာနှင့် စကားပြေအရေးအသားဟူ၍ နှစ်မျိုးရှိသည်။ ပျို့လင်္ကာများ အရေးများခဲ့သည်။ လင်္ကာအရေးအသားနှင့် စကားပြေ အရေးအသားကွာခြားသည်။ စကားပြေက ကဗျာထက်ပို၍ အသုံးကျယ်ပြန့်သည်။ စကားပြေကို လူတိုင်းနားလည်လွယ်အောင် ရေးတတ်ပါမှ ကိုယ်ဆိုလိုချင်ရာကို အကျိုးသက်ရောက်နိုင်မည်။ စကားပြေရေးသားရာတွင် ကတ္တား၊ ဝါစက၊ ကံမှန်မှန်ဖြင့် လိုရင်းအဓိပ္ပာယ်ကို အလွယ်ဆုံးနှင့်နားလည်နိုင်အောင် ရေးတတ်ရန်မှာ အဓိကအချက်ဖြစ်ပေသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ဘာသာပြန်ခြင်း၏ အရေးပါပုံကို သင်မည်သို့နားလည်ပါသနည်း။ ရှင်းလင်းရေးသားပါ။

၂။ စာအရေးအသား တိုးတက်ရေးတွင် စကားပြေသည် အရေးပါကြောင်း ရှင်းပြပါ။

## ခွန်အားရှိသောစာ

## လွတ်လပ်ရေးစေတ်

ခွန်အားရှိသောစာသည် ရွှေဥဒေါင်း၏ 'တစ်သက်တာ မှတ်တမ်းနှင့်အတွေးအခေါ်များ' စာအုပ်မှ ကောက်နုတ်ချက် ဖြစ်သည်။

ရွှေဥဒေါင်းသည် မန္တလေးမြို့ဇာတိဖြစ်သည်။ ၁၈၈၉ ခုနှစ်တွင် ဖွားမြင်သည်။ အမည်အရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

မန္တလေးမြို့ ဗုဒ္ဓဘာသာသီလရှင်ကျောင်းတွင် ပညာသင်ကြားသည်။ ကလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့် စာမေးပွဲအောင်မြင်သည်။

ကျောင်းဆရာ၊ သစ်တောစာရေး၊ တောလိုက်စာရေး တာဝန်များကို ဆောင်ရွက်ပြီးနောက် သူရိယမဂ္ဂဇင်းအယ်ဒီတာ၊ မြန်မာဗျူဟာဂျာနယ် တွဲဖက်ထုတ်ဝေသူ၊ နယူးဘားမားသတင်းစာတိုက်၊ စက္ကရီတေရီ၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ၊ သူရိယသတင်းစာအယ်ဒီတာ၊ လူထုသတင်းစာအယ်ဒီတာချုပ်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ် စသည်ဖြင့်ဆောင်ရွက်ခဲ့သည်။

ရွှေဥဒေါင်း၏ပထမဆုံးဝတ္ထုမှာ 'ရန်ကြီးအောင်' ဖြစ်သည်။ မှိုင်ပြမ်းပြုဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုများ ရေးသားခဲ့ရာ စုံထောက်မောင်စံရှား၊ ဂျမဒါကိုကိုကြီး၊ ရှုပနန္ဒီ၊ ရှုပကလျာဏီ၊ ပထမံဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန် စသည်တို့မှာ ထင်ရှားသော မှိုင်ပြမ်းပြုဝတ္ထုများဖြစ်သည်။ ရတနာသိုက်၊ မျှော်တလင့်လင့်၊ သူရဲကောင်းသုံးယောက်၊ သွေးစုပ်မြေ စသည်တို့မှာ ထင်ရှားသော ဘာသာပြန်ဝတ္ထုများဖြစ်သည်။ ဘာသာရေး ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ကြီးပွားရေးစာအုပ်များ လည်းပြုစုခဲ့သည်။ 'မျှော်တလင့်လင့်'၊ 'သွေးစုပ်မြေ' တို့ဖြင့် စာပေဗိမာန်ဘာသာပြန်ဆုများ၊ 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဖြင့် စာပေဗိမာန် သုတပဒေသာဆုတို့ကို ရခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်သည်။

'ခွန်အားရှိသောစာ' တွင် စကားပြေ အရေးအသားကောင်း၏ လက္ခဏာများကိုဖော်ပြလျက် ခွန်အားရှိသောစာသည် မည်သို့သောစာမျိုးဖြစ်ကြောင်း လမ်းညွှန်ဆွေးနွေးထားသည်။

## ခွန်အားရှိသောစာ

ဤလက်ထက်၌ များစွာသော စာရေးဆရာတို့သည် 'ခွန်အားရှိသောစာ' (Forceful Language) ဟူသည်မှာ ဘာကိုဆိုလိုသည်ဟု နားလည်ရှာကြပုံမရချေ။ 'ခွန်အားရှိသောစာ' မျိုးရေးတတ်ဖို့မှာ (၁) ရေးလိုသည့်အကြောင်းအရာကို ကောင်းစွာနားလည်ခြင်း (၂) အချက်ကျကျ ရေးတတ်ခြင်း (ဝါ) သင့်တော်သောစကားလုံးကို ရွေးချယ်တတ်ခြင်း၊ (၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်ဖို့လိုအပ်ပေသည်။

(၁) အချို့လူများသည် အကြောင်းအရာတစ်ခုကို ကောင်းစွာနားမလည်ပါဘဲလျက် ကိုယ့်ဟာကို နားလည်ပြီအထင်နှင့် ရေးချင်ပြောချင်တတ်ကြ၏။ သာမန်ကာလျှံကာမျှလောက် သိထားခြင်းကို တကယ်သိထင်ကြ၍ ဖြန်းသန်းကာ ရေးတတ်ပြောတတ်ကြ၏။ မိမိတို့ကိုယ်၌က 'ဝိုးတိုးဝါးတား' ဖြစ်နေသေးသော အသိမျိုးကိုပင် အဟုတ်သိထင်ပြီး မပိုင်နိုင်ဘဲလျက်နှင့် ပိုင်နိုင်လေဟန် ရေးတတ်ပြောတတ်ကြ၏။ ထိုအခြေမျှလောက်နှင့် ရေးထားသည့်စာမျိုးသည် 'ခွန်အားရှိသောစာ' သို့မဟုတ် စဉ်းစားတတ်သော စာဖတ်ပရိသတ်အား ကျေနပ်စေလောက်သည့်စာမျိုး ဖြစ်မလာနိုင်ချေ။ ထိုသူတို့သည် အမှုအကြောင်းကို တကယ်သိသည်မဟုတ်ဘဲ ကြေးစားလိုက်သော သက်သေအား ကျင်လည်သောရှေ့နေက စစ်ကြောမေးမြန်းလိုက်သည့်အခါ ယောင်ချာချာနှင့် ဖရိုဖရဲဖြစ်ကုန်တတ်သကဲ့သို့ စဉ်းစားတတ်သော စာဖတ်ပရိသတ်မျိုးက (သိပ်တော့မများလှ) ဉာဏ်ဖြင့်မွှေနှောက်ဆင်ခြင်လိုက်သည့်အခါ ဖြန်းသန်းရေးသားထားသော လူ၏စာသည် အလကားဖြစ်သွားတတ်လေသည်။

(၂) သူ့နေရာနှင့်သူ တိကျမှန်ကန်သောစကားလုံး ရွေးချယ်သုံးနှုန်းတတ်ခြင်းသည် အချက်ကျအောင် ရေးတတ်ခြင်းပင်ဖြစ်၍ 'ခွန်အားရှိသောစာ' မျိုးဖြစ်လာနိုင်၏။ ဤပညာမှာ လွယ်ကူသည်မဟုတ် စာကောင်းများများကြီးဖတ်ထားပြီး စကားလုံးတော်တော်များများ တတ်ထားသည့်ပြင် ရွေးချယ်တတ်သော အသိဉာဏ်မျိုးလည်းရှိဖို့လို၏။ အဘိဓာန်ကဲ့သို့ စကားလုံးတွေ တတ်ထားသော်လည်း အရွေးမတတ်လျှင် ခွန်အားရှိသောစာမျိုးရေးတတ်သေးသည် မဟုတ်ချေ။ အချို့သော ပုဂ္ဂိုလ်များမှာမူ စကားလုံးများများကြီး မတတ်ဘဲလျက်နှင့် တတ်သ၍ စကားလုံးများအနက်မှ အထိရောက်ဆုံးသော အလုံးကို ရွေးချယ်သုံးနှုန်း တတ်သည်ဟူ၍ရှိပါ၏။ သို့ရာတွင် ထိုသူတို့ကား ပါရမီထူးသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ကျွန်ုပ်ကိုယ်တိုင် ကြုံရဖူးသည်မှာ ၁၀နှစ်သားကျော်ကျော်မျှရှိ၍ 'ထမင်းစားရေသောက်' စကားလုံးမျှသာ တတ်သေးသည်ဖြစ်ပါလျက် သူတတ်သော စကားလုံးများအနက်မှ ကျွန်ုပ်ကိုယ်တိုင် တအံ့တသြဖြစ်ရလောက်အောင် ထိရောက်သော စကားလုံးများ ရွေးချယ်သုံးနှုန်းတတ်သော လူငယ်ကလေးကို တွေ့ရဖူးလေသည်။ ဤသူငယ်ကား ကြီးပြင်းလာသောအခါ၌ အပြောကောင်းသော်လည်းကောင်း၊ အရေးကောင်းသော်လည်းကောင်း၊ ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ရာ အရွယ်မရောက်မီ ဓသေဆုံးသွားသဖြင့် ကျွန်ုပ်နှမြောမိပါသည်။ သာ၍အံ့သြဘို့ကောင်းသည်မှာ ထိုသူငယ်သည် မြို့ကြီးသားမဟုတ် ရွာသားကလေး တစ်ယောက်မျှသာဖြစ်လေသည်။

(၃) ကြံ့ခိုင်ကျစ်လစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းသည် 'ခွန်အားရှိသောစာ' မျိုးအတွက် နံပါတ် (၃) နေရာ၌ ဖော်ပြထားသော်လည်း အရေးကြီးရာ၌မူ နံပါတ် (၃) မဟုတ်။ (၁)နှင့်(၂)တို့ကဲ့သို့ပင်

တန်းတူထားထိုက်သည်ထင်၏။ စကားလုံးပြောင်လျှင် 'ခွန်အားရှိသောစာ' မျိုးဖြစ်လာတတ်သော်လည်း ဝါကျတည်ဆောက်ပုံက ပွစိစိချည့်နဲ့နဲ့ လျော့ရဲရဲနှင့် ခနော်ခနဲ့ ဖြစ်နေသည်ဆိုလျှင် စကားလုံး'ပြောင်' ခြင်းကြောင့် 'နား' ကိုထိခိုက်သော်လည်း စာဖတ်သူ၏ဦးနှောက်နှင့် နှလုံးသို့မထိခိုက်ဘဲရှိ နေတတ်သည်။ (ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကိုနားလည်ကြ စေခြင်းငှာ အခြားလူများရေးကြသည့် စာကောင်းနှင့်စာဆိုးများမှ ဥဒါဟရုဏ်များ ရှာဖွေစုဆောင်းပြီး သီးသန့်စာတစ်အုပ်အဖြစ်နှင့် တင်ပြရလျှင်သာ၍ ပေါ်လွင်ထင်ရှားမည်ဖြစ်သော်လည်း မကောင်းသောစာကို နမူနာအဖြစ်တင်ပြရလျှင် ကာယကံရှင်များ၏ ရန်သူကြီးဖြစ်လာနိုင်သည်တစ်ကြောင်း၊ ကြီးပြင်းလာပြီဖြစ်သော ဤအရွယ်၌ ကျန်ရှိသော တသက်တာကလေးကို ထို့ထက်အရေးကြီးသော အလုပ်များတွင် အသုံးချရမည်ဖြစ်သည် တစ်ကြောင်းကြောင့် တသီးတခြား စာအုပ်ရေးသားဘို့ ကြံရွယ်ချက်မရှိတော့ပါ။) 'ဝါကျလက်သမား' ၏အလုပ်မှာ စကားလုံးများကို သူ့နေရာနှင့်သူ အစီအစဉ် ပြုလုပ်ရခြင်းပင်ဖြစ်၏။ ဤအလုပ်ကို နားလည်ရန်မှာ ဆရာနှင့်သင်ပြ၍ ဖြစ်သည်မဟုတ်။ 'လက်သမား' ကောင်းများ စာပေတို့ကို ကြိုက်တတ်အောင်လေ့လာပြီး ပီတိနှင့်တကွ အထပ်ထပ်ဖတ်ရှုရခြင်းပင် ဖြစ်ပေသည်။

စာချောအောင် ရေးတတ်ချင်လျှင် ဝိဘတ်များကိုလည်း တစ်လှည့်စီသုံးတတ်ဖို့ အလေ့အကျင့်ပြုလုပ်သင့်၏။ ယခုတလော၌ 'ကို' ဟူသော ဝိဘတ်အစား 'အား' ဟူသောဝိဘတ်ကို ထပ်ခါ ထပ်ခါသုံးကြသောအလေ့အကျင့်တစ်ခုဖြစ်ပေါ်လာ၏။တစ်လုံးစီ ကြည့်လိုက်လျှင်'ကို' ဟူသောဝိဘတ်သည် 'အား' ဟူသော ဝိဘတ်ထက် အဓိပ္ပာယ်ထိရောက်၍ တိုက်ရိုက်သဘောမျိုးလည်း ပါရှိရာ၏။ သို့နှင့်လည်း 'ကို' ကို ဖယ်ထားပြီး 'အား' ကို သဘောကျသည့်လက္ခဏာနှင့် အထပ်ထပ်သုံးကြခြင်းကို တွေ့ရ၏။ ဝိဘတ်နှစ်ခုသည် အဓိပ္ပာယ်တူသယောင် ထင်ကြသော်လည်း ခြားနားခြင်းရှိ၏။ ဥဒါဟရုဏ်ကား 'မောင်ဘသည် စာတစ်အုပ်ကို ကျွန်ုပ်အားပေး၏' ဟုရေးသင့်ပါလျက် 'မောင်ဘသည် စာတစ်အုပ်အား ကျွန်ုပ်ကိုပေး၏' ဟုရေးပါမူ မှားသည်ဟု ဆိုသင့်သည်။ မောင်ဘသည် စာတစ်အုပ်အား ကျွန်ုပ်အားပေးသည်ဟု ရေးပါမူကား မှားရုံသာမက (ကျွန်ုပ်အဖို့) နားကလောလှသည်။ သို့နှင့်လည်း 'အား' နှစ်လုံးထပ်ရေးကြသူ အတော်များလာ၍ အထူးသဖြင့် 'မြန်မာ့အသံ' သည် ကျွန်ုပ်၏နားကို ခဏခဏနှိပ်စက် တတ်လေသည်။ မြန်မာဘာသာ၌ အဓိပ္ပာယ်ခပ်ဆင်ဆင်ရှိသည့် ဝိဘတ်မျိုးရှိလေရာ (အထက်ပါ ဥဒါဟရုဏ် ကဲ့သို့) '၌' 'မှာ' 'တွင်' 'ဝယ်' တည်းဟူသော ဝိဘတ်များကို ထပ်လည်းမထပ် အသုံးလည်းတတ်အောင် လေ့ကျင့်ထားခြင်းသည် အဆင်ပြေသောစာမျိုးရေးလိုသူများအဖို့ လိုအပ်လှပေသည်။

နာမဝိသေသနနှင့် နာမ်ကိုလည်းကောင်း၊ ကြိယာဝိသေသနနှင့် ကြိယာကိုလည်းကောင်း နီးကပ်စွာထားခြင်းသည် အဓိပ္ပာယ်ရှင်းစေဖို့ အထောက်အပံ့ပြု၏။ 'လှပသောမောင်ဖြူ၏အိမ်' ဟုရေးခြင်းထက် 'မောင်ဖြူ၏ လှပသောအိမ်' ဟု ရေးခြင်းသည်လည်းကောင်း၊ 'လျင်မြန်စွာတိုက်ပေါ်သို့ တက်သွားသည်' ဟုရေးခြင်းထက် 'တိုက်ပေါ်သို့လျင်မြန်စွာ တက်သွားသည်' ဟု ရေးခြင်းသည်လည်းကောင်း အဓိပ္ပာယ်ရှင်းခြင်းကို နားလည်သင့်ပါလျက် ဤစည်းကမ်းကို ချိုးဖောက်သူ အတော်များလျက်ရှိခြင်းကို တွေ့ရ၏။ ကျွန်ုပ်အဖို့မှာ ဤမျှလောက် လူသိများသော စည်းကမ်းကိုသာမက ဝါကျတစ်ခုအတွင်း မည်သည့်စကားလုံးကို

မည်သည့်နေရာတွင် ထားသင့်သည်ဟု ချက်ချင်းသိမြင်ဖို့ အလေ့အကျင့် ပြုထားသည့် ကျေးဇူးကြောင့် ကျွန်ုပ်၏ခက်ခဲနက်နဲသော လောကုတ္တရာ ဆောင်းပါးမျိုးသည်ပင် ရှင်းပါပေသည်ဟု ပြောကြရခြင်းဖြစ်ပါသည်။

ရွှေဥဒေါင်း

## စကားဆစ်အဖွင့်

၁။ သာမန်ကာလျှံကာ = အပေါ်ယံမျှ။
၂။ ဝိုးတိုးဝါးတား = မသဲမကွဲ၊ ကွဲကွဲပြားပြားမရှိ။
၃။ ကြေးစားလိုက် = အခကြေးငွေယူ၍ အလုပ်လုပ်သည်။
၄။ ထမင်းစားရေသောက် = ပြုရိုးပြုစဉ် သာမန်ကိစ္စ။
၅။ ခနော်ခနဲ့ = တောင့်တင်းခိုင်မာခြင်းမရှိဘဲ။
၆။ ဥဒါဟရုဏ် = သိသာထင်ရှားစေရန်ပြသော ပုံစံ၊ ပြယုဂ်။
၇။ လောကုတ္တရာ = လောကမှလွန်မြောက်ကြောင်း ဖြစ်သောတရား။

## သင်ခန်းစာအကျဉ်း

ခွန်အားရှိသောစာမျိုး ရေးတတ်ရန်အတွက် ရေးလိုသည့်အကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ အချက်ကျကျရေးတတ်ခြင်း၊ သင့်လျော်သော စကားလုံးကိုရွေးချယ်တတ်ခြင်း၊ ကြံ့ခိုင်ကျစ်လစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းဟူသော အရည်အသွေးများနှင့် ပြည့်စုံရန်လိုအပ်ကြောင်း ဆွေးနွေးထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ခွန်အားရှိသောစာရေးသားရန် မည်သည့်အချက်များ လိုအပ်သနည်း။
၂။ 'ဝါကျလက်သမား' ဟူသောစကားကိုရှင်းပြပါ။
၃။ ဝိဘတ်အရေးပါပုံကို သာဓကများဖြင့် တင်ပြပါ။

## နေဝင်မြင်သည် ဝန္ဓေပြည်
## လွတ်လပ်ရေးခေတ်

နေဝင်မြင်သည် ဝန္ဓေပြည်သည် တိုက်စိုး၏ စာတစ်ပုဒ် ဖြစ်သည်။ အင်းဝနေပြည်တော်နှင့် ပတ်သက်သည့် မိမိ၏အတွေ့အကြုံနှင့် အတွေးတို့ကို ရသပေါ်အောင် ရေးဖွဲ့ထားသောစာတမ်းငယ် တစ်ပုဒ်ဖြစ်သည်။

တိုက်စိုးသည် ဖျာပုံမြို့နယ် သမိန်ထောရွာဇာတိဖြစ်၍ ၁၉၂၀ ပြည့်နှစ်တွင် ဖွားမြင်သူဖြစ်သည်။ အမည်ရင်းမှာ ဦးသန်းထွတ် ဖြစ်သည်။

သမိန်ထောရွာ မြန်မာအလယ်တန်းကျောင်း၊ ဖျာပုံအစိုးရ အထက်တန်းကျောင်း၊ ရန်ကုန်မြို့ အမျိုးသားကျောင်းတို့တွင် ငယ်စဉ်က ပညာဆည်းပူးခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့၊ အင်္ဂလန်နိုင်ငံ လပ်ဗရာကောလိပ် စာကြည့်တိုက် သင်တန်းကျောင်းမှ အေအယ်လ်အေဘွဲ့တို့ကို ရခဲ့သည်။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၊ အချိန်ပိုင်းနည်းပြ၊ ဌာနဆိုင်ရာ စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ် လက်ထောက်စာကြည့်တိုက်မှူး၊ အမျိုးသားစာကြည့်တိုက် အထူးအရာရှိ၊ ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ စာပေဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့သည်။

ဆရာတိုက်စိုးသည် စာအုပ်စာတမ်းနှင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ဆရာမင်းယုဝေနှင့်တွဲဖက်၍ မြန်မာစာမိတ်ဖွဲ့၌ စာဆိုနှင့်သုတေသီတို့ကို ရေးသားခဲ့သည်။ ဆရာ၏စာများတွင် မင်းနှင့်စာဆို၊ အမျိုးသားပညာဝန်ဦးဖိုးကျား၊ မင်းတုန်းမင်း၊ မှော်ဘီဆရာသိန်း၊ စာကိုးစကားကိုး၊ တိုက်စိုးစာတိုနန့်နန့်၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ ဂျူဗလီဟောမြင်ကွင်း၊ ဧရာဝတီ၊ ယဉ်ကျေးမှု အထိမ်းအမှတ်များ၊ မင်္ဂလာပါဆရာမ စသည်တို့ ပါဝင်သည်။

'နေဝင်မြင်သည် ဝန္ဓေပြည်' တွင် ဆရာတိုက်စိုး၏ လေးနက်သောအတွေးနှင့် ထိုအတွေးကို အေးချမ်းတည်ငြိမ်စွာ ဖွတ်ချင်စဖွယ် ရေးဖွဲ့ထားသော အရေးအဖွဲ့တို့ကို လေ့လာနိုင်ပါသည်။

## နေဝင်မြင်သည် ဝရွှေပြည်

ကျွန်တော်တို့အဖွဲ့သည် လူနည်းနည်းနှင့်စုံလှပေ၏။ ထိုအထဲတွင်အမတ်ပါသည်။ ပန်းချီဆရာများပါသည်။ ကျောက်စာသမားပါသည်။ ဒေးတတ်တွေးတတ်သူပါသည်။ ပါဝင်သူတို့သည် တစ်ဦးနှင့်တစ်ဦး အလုပ်မတူ၊ စရိုက်မတူဖြစ်သော်လည်း အင်းဝမြို့ဟောင်းကို မြင်လိုသောစိတ်တွင်မူ အားလုံးအတူတူပင် ဖြစ်လေသည်။ အင်းဝမြို့တည်နှစ်သည် ခြောက်ရာနီးနီး ရှိခဲ့ပြီဖြစ်၏။ ထို့အပြင် မြန်မာမင်းတို့သည် ကိန်းခန်းအရ မင်းနေပြည်ကို တစ်နေရာမှတစ်နေရာသို့ ရွှေ့တတ်ကြသော်လည်း အင်းဝကား လေးကြိမ်တိုင်တိုင် မင်းနေပြည် အဖြစ် ရပ်တည်ခဲ့လေသည်။ သို့ဖြင့် ထည်ဝါသော ထိုအမည်ကို နားတွင်စွဲနေကြသော ကျွန်တော်တို့သည် တစ်ခုသောညနေခင်း၌ ခေတ္တခဏတည်းခိုနေသော မန္တလေးမှ ဂျစ်ကားတစ်စီးဖြင့် ထွက်ခွာခဲ့ကြလေသည်။

ကားသည် အမရပူရကိုဖြတ်၍ သွားရလေသည်။ ထိုမှအလွန် လက်ပံပင်အတန်းလိုက်စီ၍ သွားရလေသည်။ ထိုမှအလွန် လက်ပံပင် အတန်းလိုက်စီ၍ပေါက်နေသော လမ်းအတိုင်းလာခဲ့ရာ ကွမ်းတစ်ယာ ညက်ခန့်အကြာတွင် အင်းဝတံတားအစကို ကျွန်တော်တို့ မြင်ရလေတော့သည်။ တံတားသည် ဧရာဝတီကိုခွ၍ စစ်ကိုင်းဘက်သို့ ဦးတည်ထားသည်။ ဧရာဝတီနှင့် မြစ်ငယ်တွေ့ဆုံရာသည် အင်းဝတည်း။ 'ရွှေဝ-ဝနေတည် မယ်တို့ပြည် သာသည်ကျွန်းထိပ်တက်' ဟူသော ယမကသံပေါက်သည် အင်းဝတည်နေဟန်ပြသည့် အညွှန်းတည်း။ ကားသည် တံတားသို့မရောက်ခင် ဘယ်ဘက်သဲသောင်ပြင်သို့ ကွေ့ဆင်းကာ သောင်စပ်အထိ သွားရ၏။ ထိုမှတစ်ဆင့်ကူးတို့ဖြင့် တစ်ဖက်သို့ကူးရလေသည်။ တစ်ဖက်ကမ်းသို့ရောက်ချိန်၌ နေအတော် စောင်းလေပြီ။ ကျွန်တော်တို့လူသိုက်လည်း လာလမ်းကို ပြန်လှည့်ကြည့်မိ၏။ ကျန်ခဲ့သည့် သောင်စပ်တွင် ထီးမယိုင့်တယိုင်၊ ထုံးမဖြူ့တဖြူနှင့် မြေစိုက်စေတီနှစ်ဆူရှိသည်။ နောက်နားကျကျတွင် ကျောင်းအိုအိုနှင့် ထန်းပင်ရှိသည်။ ရှေ့ရေစပ်တွင် ငှက်(သမွန်)ကလေးများ ကပ်လျက်ထားရှိသည်။ ရေပေါ်တွင် ငှက်တစ်စင်း နှစ်စင်း တကျိုကျိုနှင့် လှော်ခတ်သွားလာနေကြသည်။ ဤသည်တို့ကို နောက်ကနေရောင်ရိုက်နေသည့် ရှုခင်း၌ ကျွန်တော်တို့ ငေးနေမိကြသည်။ အတန်ကြာမှ ကျွန်တော်တို့အထဲရှိ ပန်းချီဆရာများ လှုပ်လှုပ်ရွရွဖြစ်ကာ ပန်းချီဆွဲရန် သူတို့နေရစ်မည်ဟု ဆိုလေသည်။ ကျန်လူတို့လည်း နေလုံးမပျောက်ခင် အင်းဝနန်းတော်ရာသို့ ရောက်အောင်ဟု ခရီးဆက်ကြပြန်လေသည်။

နန်းတော်ရာဟု ကျွန်တော်ဆိုလိုက်သည်။ ဆိုလိုက်ရခြင်းမှာ အင်းဝသည် ရာဇဝင်သက်တွင် အလွန် ကြာညောင်းခဲ့သော်လည်း မြို့လက္ခဏာဟူ၍ အလွန်ရှားပါးသောကြောင့် ဖြစ်လေသည်။လှည်းလမ်းကြောင်း အတိုင်း ကားတဖြည်းဖြည်းမောင်းရင်းက ကျွန်တော်တို့၏ မျက်စိဝန်းသို့ဝင်လာသော ကျုံးအို၊ မြို့ရိုးအို၊ မျှော်စင်အို၊ အုတ်ကျောင်းအိုတို့သည်သာလျှင် မင်းနေပြည်ဟူ၍ ထွန်းကားခဲ့ကြောင်း အမှတ်အသား ဖြစ်လေတော့သည်။ ကျုံးမှာလည်းရေကင်းလေပြီ။ မြို့ရိုးမှာလည်း မြေ၌ပေါ်တချို့မြုပ်တချို့ ဖြစ်ပြီ။ မျှော်စင်မှာလည်း ငလျင်ဒဏ်ဖြင့် တစ်ဖက်ယိုင်နေပြီ။ အုတ်ကျောင်းမှာလည်း သံဃာဟူ၍မရှိပြီ။

သတိရမိပါသေး၏။ သတိုးမင်းဖျားသည် အင်းဝကို မင်းနေပြည်အဖြစ် စတင်ရွေးချယ်ခဲ့လေသည်။ ကြံဆကြည့်လျှင် မြစ်ရေဝိုင်းရံနေသည့် အခြင်းအရာသည် ထိုခေတ်ထိုအခါအတွက် သဘာဝအကာအကွယ်

သဘောရောက်သောကြောင့်လည်း ဖြစ်တန်ရာ၏။ ဥတုရာသီလည်းကောင်း၍၊ ဆန်ရေ စပါးလှိုင်သည့် လယ်ကွင်း တစ်ဆယ့်တစ်ခရိုင်နှင့် စပ်နေသောကြောင့်လည်း ဖြစ်တန်ရာ၏။ မြေကောင်းရေကောင်းကိုအမှီ ရထားသော မင်းအဆက်ဆက်တို့သည် အင်းဝမြို့ကို ပြုပြုပြင်ပြင်လုပ်ခဲ့ ကြလေသည်။ လုပ်ဆောင်ခဲ့သည့်အတိုင်း မြို့ပြတန်ဆောင်းလည်း ပြည့်စုံလာသည်။ မျိုးရိက္ခာလည်း ဖြိုးခိုင်လာသည်။ ပျိုအိုမရွေး ပါဝင်ပျော်ရွှင်သော ရာသီပွဲတွေလည်း အစဉ်အလာရှိလာသည်။ စာဟော၊ စာပြော၊ စာပြိုင်၊ စာနိုင်လုပ်ကြသော အခြင်းအရာတို့ လည်း နန်းတွင်းနန်းပြင် နှံ့လာသည်။ အလှအပ အယဉ်အကျေးလည်း အဘက်ဘက်က တိုးပွားလာသည်။ ဤသို့သော အလုပ်အဆောင် အစီအရင်တို့တွင် သတိုးမင်းဖျား၏အနွယ် ရွှေနန်းကြော့ရှင် နရပတိဆောက်လုပ် ခဲ့သည့် နန်းတော်လည်းပါလေသည်။ ထိုမင်းနန်းတည်ခဲ့ပုံကို ယခုထက်တိုင်အုတ်ကျောင်း တံတိုင်းအပြင် ဘက်တွင်ရှိနေသော ရွှေနန်းတည်ကျောက်စာကပင် သက်သေခံလျက်ရှိပေသည်။ ထိုကျောက်စာကို ရှေးဟောင်းသုတေသနဌာနက စောင့်ရှောက်ထားလေသည်။ ကျောက်စာကား အတန်ပင်ပျက်စီးခဲ့ပြီ။ ကျောက် အလွှာလွှာက ကွာကျကာ စာလုံးများပင်မထင်တော့ပြီ။ ကျောက်စာသမားလည်း ကြိုးစား၍ ဖတ်ပါလေ၏။ ဖတ်၍ရသော နန်းတည်အစီအရင်တွင် နတ်ပူဇော်၍၊ ပရိတ်ရေဖြန်း၍၊ နွားချေး၊ နွားနို့၊ ထောပတ်၊ တင်လဲ စသည်ဖြင့် မြေကိုကျုံ၍၊ ငြမ်းဆင်၍၊ တံပိုးခရာသံလွင်တီးမှုတ်၍၊ ရွှေကနက်၊ ငွေကနက် နှက်စေခဲ့သည်ဟူ၍သာ အမြွက်မျှ သိရလေသည်။

အုတ်ကျောင်းဝင်းသို့ ကျွန်တော်တို့ဝင်ခဲ့ပြန်၏။ ကျောင်းအမကား မိဖုရားခေါင်ကြီး မယ်နုဖြစ်လေသည်။ ကျောင်းကား လျှောင်ဒဏ်ကိုလည်း ခံခဲ့ရသည်။ ရာသီဥတုဒဏ်ကိုလည်း ခံခဲ့ရသည်။ သို့ပင်လည်း မုခ်ဦး ပြာသာဒ်မှမျှော်ကြည့်သော် မန်ကျည်းပင်တွေကြား၌ ဘုံသုံးဆင့်နှင့် ပုံပန်းမပျက်ဘဲ ရှိနေသေးသည်ကို မြင်ရလေသည်။ အဆော်၊ စိုင်ပေါင်၊ တုရင်၊ စုလစ် စသည့် အလုပ်အဆောင်များနှင့်တကွ ခံ့ခံ့ထည်ထည်ရှိနေသေး သည်ကို မြင်ရလေသည်။ ပမာဆိုရသော် ပျိုရွယ်စဉ်အခါက အလုံးအရပ်ကောင်းခဲ့သူ အသရေရှိခဲ့သူတစ်ဦးကို အိုဆင်းရဲ၊ နာဆင်းရဲ၊ လူမှုဆင်းရဲတို့ ကြုံခဲ့ရပြီးသည့်နောက်တွင် မြင်တွေ့ရသည့်အခါ ငယ်ရိပ်ငယ်ယောင် ကျန်နေသေးသကဲ့သို့ပင်တည်း။

ကျွန်တော်တို့လည်း ရှေ့နောက်မကျန် လှည့်ပတ်ကြည့်ရှု ကြသည်။ ကျွန်တော်တို့နှင့်အတူပါသော အမတ်မင်းလည်း ခေါင်းတညိတ်ညိတ်နှင့် 'လူထုအားကိုအများကြီးသုံးခဲ့ရမှာပဲ' ဟု ထင်မြင်ချက်စ၍ပေးလေ သည်။ သူ့ထင်မြင်ချက်ကိုဆက်ရသော် ဤသို့ဖြစ်၏။ ရှေးမင်းတို့သည် မင်းထိုက်စိုးတန် ရွှေနန်းအဆောင် ဆောင်လည်း တည်ခဲ့ကြသည်။ အလှူဒါန အကြီးအကျယ်လည်း ပြုခဲ့ကြသည်။ တစ်ဖန်အင်းဝ၏ အာဏာ စက်သည် နယ်ကျဉ်းကျဉ်းမျှသာ ပြန့်ခဲ့သည့်အခါလည်းရှိ၏။ ထိုအခါ၌သော် ပြည်တိုင်းကားချဲ့ထွင်ရင်း အနီး အစပ်ပြည်များ၊ မင်းများနှင့် စစ်မက်ဖြစ်ပွားခဲ့လေသည်။ အင်းဝ၏အာဏာစက်သည် မြန်မာနိုင်ငံ တစ်ဝန်းလုံး ကို လွှမ်းမိုးခဲ့သည့်အခါလည်းရှိ၏။ ထိုအခါ၌သော် အင်းဝနန်းပလ္လင်ကို အရယူသူများ ပေါ်ပေါက်ခဲ့လေသည်။ ထိုပလ္လင်ပေါ်တွင် မြန်မာလည်းထိုင်ခဲ့၏။ ရှမ်းလည်းထိုင်ခဲ့၏။ ထိုသို့သော ကိစ္စအဝဝတို့၌ ရွှေနန်းသခင်တို့သည် လူထု၊ (ဝါ) တောသူတောင်သားတို့၏ အားအပေါ် အလွန်အမှီသဟဲပြုခဲ့မည် ဟူသတည်း။

ဟုတ်၏။ ကျွန်တော်တို့ရပ်နေရာမှ လှမ်းမျှော်ကြည့်လျှင် ချုံပုတ်၊ ညောင်ပင်တို့ကိုလည်းကောင်း၊ ပဲခင်း၊ ပြောင်းခင်း၊ ငရုတ်ခင်းတို့ကိုလည်းကောင်း၊ သက်ငယ်မိုး ဝါးထရံကာနှင့် အိမ်စုကလေးများကိုလည်းကောင်း မြင်ရလေသည်။ ထိုမှလွန်သော် ထန်းတော၊ ယာတော၊ လယ်တောများကို ရေးရေးမြင်ရပြန်လေသည်။ ထိုလုပ်ခင်းတို့တွင် မှီတင်းနေထိုင်ကြသူများကား တောသူတောင်သားတို့ပင် ဖြစ်လေသည်။ သူတို့သည် ဤမြေ၌ပေါက်ဖွားကာ ဤရေမြေ၌လယ်ထွန်၍လည်းကောင်း၊ ထန်းတက်၍လည်းကောင်း၊ လှေဖြင့်ဆား၊ ငါးပိတင်ကာ ကုန်သွယ်၍လည်းကောင်း ဝမ်းစာရှာခဲ့ကြလေသည်။ ရှာရသမျှမှ စည်းကြပ်သည်အလိုက် အခွန်သွင်းခဲ့ရ၏။ ထို့အပြင်အသည် (လူလွတ်) ဖြစ်ခဲ့မူ တစ်ဆယ့်နှစ်မှုမင်းတိုင်းဟူသော တမာစေး၊ လျှော် အုံတုံခေါက်၊ ဥသျှစ် စသည်ကိုဆက်ရ၏။ အစုသားဖြစ်ခဲ့မူ တာဝန်ခွဲဝေသည့်အလိုက် ကိုယ့်အစုနှင့်ကိုယ် မင်းမှုထမ်းရ၏။ ထိုအသည် ထိုအစုသားတို့၏ လုပ်အားဖြင့် အင်းဝနန်းမြေသည် ထည်ဝါခဲ့လေသည်။ သူတို့၏ အရောင်ကြောင့် အင်းဝမြို့သားတို့သည် ပါးပြောင်ခဲ့လေသည်။

အမှောင်ရိပ်လည်း သန်းလာလေပြီ။ စစ်ကိုင်းတောင်ရိုးဘက်၌လည်း မီးတလက်လက်ရှိလေပြီ။ လာလမ်းအတိုင်း ကျွန်တော်တို့ပြန်ခဲ့ကြရာ သောင်စပ်တွင် ပန်းချီဆရာများအလုပ် လက်စသိမ်းနေသည်ကို တွေ့ရလေသည်။ သူတို့သည် သူတို့၏ ကသိုဏ်းဝန်းထဲသို့ဝင်ခဲ့သော ရှုခင်းကိုပိတ်ကားပေါ်သို့ အမိဖမ်း၍ တင်လိုက်နိုင်သည့်အတွက် ဝမ်းသာ၍မဆုံးရှိနေကြသည်။ သူတို့သည် နန်းတော်ရာသို့ မရောက်ခဲ့ရသည်ကို နှမြောတသခြင်းဖြစ်ပုံမရ။ အင်းဝနန်း ပြောင်လက်ခဲ့သည်ဖြစ်စေ၊ အင်းဝနန်း မှေးမှိန်ခဲ့သည်ဖြစ်စေ၊ ပြည်ထဲရေးအပြောင်းအလဲ၌ သူတို့၏အာရုံသည်မရောက်။ ဆောင်းရာသီညနေစောင်းတို့တွင် ထာဝရမြင်နေရမည့် ဤရှုခင်း၊ နှလုံးမွေ့လျော်စရာ ဤသဘာဝ၌သာ သူတို့၏အာရုံသည် ကျက်စားခဲ့သတည်း။

တိုက်စိုး

**ခက်ဆစ်အဖွင့်**

၁။ ဝရွှေပြည် = အင်းဝနေပြည်တော်။

၂။ ထည်ဝါ = ခံ့ညားကြီးကျယ်သည်။

၃။ ကွမ်းတစ်ယာညက်= ကွမ်းတစ်ယာကိုဝါး၍ ညက်လောက်သည့်အချိန်။

၄။ ကျုံး = နန်းတော်တည်ရှိရာမြို့ပတ်လည်တွင် တူးဖော်ကာရံထားသည့်မြောင်းကြီး။

၅။ မျှော်စင် = အဝေးသို့လှမ်းကြည့်ရန် အဆောက်အအုံမြင့်။

၆။ ပရိတ်ရေ = ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်တတ်သော ပရိတ်တော်များကို ရွတ်ဆို၍ ပရိတ်အာနိသင်ရှိအောင် ထားရှိသောရေ။

၇။ တံပိုး = မှုတ်ရသော တူရိယာတစ်မျိုး။

၈။ ခရာ = မှုတ်ရသော တူရိယာတစ်မျိုး။

| | | |
|---|---|---|
| ၉။ သံလွင် | = | လင်းကွင်းပုံ၊ ကြေးတူရိယာငယ်တစ်မျိုး။ |
| ၁၀။ ကနက် | = | ပန္နက်၊ အဆောက်အအုံဆောက်မည့် မြေနေရာ၌ ဦးစွာစိုက်သောငုတ်။ |
| ၁၁။ အမြွက်မျှ | = | အကျဉ်းမျှ။ |
| ၁၂။ ကျောင်းအမ | = | ကျောင်းဆောက်လုပ်လှူဒါန်းသော ဒါယိကာမ။ |
| ၁၃။ အဆော် | = | စုလစ်တွင်ပါဝင်သော အစိတ်အပိုင်းတစ်မျိုး။ |
| ၁၄။ စိုင်ပေါင် | = | မုခ်ဝအထက်တွင် တပ်ဆင်ထားသော ပန်းထောင်တစ်မျိုး။ |
| ၁၅။ တုရင် | = | ပြာသာဒ် အထောင့်အချိုးတို့တွင် ထောင်လျက်တပ်ဆင်ထားသော အဆင်တန်ဆာ တစ်မျိုး။ |
| ၁၆။ စုလစ် | = | အထွတ်အဆင်တန်ဆာ။ |
| ၁၇။ ပြည်တိုင်းကား | = | တိုင်းပြည်ကြီး။ |
| ၁၈။ တစ်ဆယ့်နှစ်မှူ မင်းတိုင်း | = | မြန်မာမင်းလက်ထက်တွင် မင်းမှုထမ်းမဟုတ် သူ (အသည်) များက မင်းကိုဆက်သရသော အသေးအဖွဲ့ ပစ္စည်း (၁၂) မျိုး (တမာစေး၊ လျှော်၊ ဥသျှစ်သီး၊ ရေနံစသည်) |
| ၁၉။ ကသိုဏ်းဝန်း | = | အာရုံစူးစိုက်ကြည့်ရှုသောမြင်ကွင်း။ |

## သင်ခန်းစာအကျဉ်း

အင်းဝခရီးတွင် တွေ့မြင်ရသော မြင်ကွင်းတစ်ခုစီကို စီကာစဉ်ကာ ဖော်ပြထားသည်။ အင်းဝတွင် စာရေးသူအတွေ့အကြုံနှင့် စာရေးသူတွေးမိသော အတွေးအမြင်တို့ကို ဖော်ပြထားသည်။ အတိတ်ကအင်းဝနှင့် မျက်မှောက်ခေတ် အင်းဝတို့ကို ဆက်စပ်ဖော်ပြထားသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အင်းဝသို့ သင်ရောက်ဖူးပါသလား။ အင်းဝတွင်ထင်ရှားသော မြင်ကွင်းတစ်ခုကားအဘယ်နည်း။

၂။ သင်သွားရောက်ခဲ့ဖူးသော ခရီးတစ်ခု၏ မြင်တွေ့ရသော ပတ်ဝန်းကျင်မြင်ကွင်းကို သရုပ်ဖော် ရေးသားပါ။

## မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း
## လွတ်လပ်ရေးစေတ်

'မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း' သည် သော်တာဆွေ၏ဝတ္ထုတို တစ်ပုဒ်ဖြစ်သည်။ သော်တာဆွေသည် ပေါင်းတည်မြို့နယ် ကြို့ပင်ရွာဇာတိဖြစ်သည်။ ၁၉၁၉ ခုနှစ်တွင် ဖွားမြင်သည်။ အမည်အရင်းမှာ ဦးကျင်မောင် ဖြစ်သည်။ ဦးကြင်ဆွေဟုလည်း ခေါ်တွင်သည်။

မြန်မာ့ဆယ်တန်းအောင်မြင်ပြီး အထက်တန်းဆရာဖြစ် အောင်လက်မှတ်ရသည်။ ငယ်စဉ်က မြင်းလှည်းသမားဘဝ၊ ဆန်ကုန်သည်ဘဝ စသည်ဖြင့် ကျင်လည်ခဲ့သည်။ ရှုမဝမဂ္ဂဇင်းတွင် ဟာသဝတ္ထုများ ရေးသားပြီး စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ နောက်ပိုင်းတွင် ဘဝသရုပ်ဖော် စာပေများရေးသားခဲ့သည်။ မဂ္ဂဇင်းဝတ္ထုတိုများ၊ ဝတ္ထုရှည်များသာမက 'ကျွန်တော့် ဘဝဇာတ်ကြောင်း' ခေါင်းစဉ်ဖြင့် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို လည်းရေးသားခဲ့သည်။

'ဘဝထိုထို' ဝတ္ထုတိုပေါင်းချုပ်ဖြင့် စာပေဗိမာန်ဆု 'သတ္တဝါတို့၏သံသရာ' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အနုပညာစာပေဆု၊ 'ဤလောကမြေမဟီဝယ်' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေ ဆုများရခဲ့သည်။

## မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း

သတ္တိနှင့်သစ္စာ၊ မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်းတို့သည် ဒွန်တွဲနေ၏။ သစ္စာမဲ့သူသည် သတ္တိမဲ့သူဖြစ်၏။ သစ္စာရှိသူသည် သတ္တိရှိသူဖြစ်၏။ သစ္စာကိုသတ္တိနှင့် စောင့်ထိန်းရ၏။ သတ္တိဆိုရာ၌ မှန်ကန်သောကိစ္စကို ရဲဝံ့စွာပြုလုပ်ခြင်းသာမဟုတ်သေး၊ မကောင်းမှုကိုစောင့်ထိန်းနိုင်ခြင်း၊ မှားယွင်းသော ဆန္ဒလောဘကိုချုပ်တည်းနိုင်ခြင်း၊ အောင့်အည်း သည်းခံနိုင်ခြင်းတို့သည်လည်း သတ္တိမည်၏။

မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းလည်း ထိုနည်းအတူ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေ၏။ ပင်ကိုယ်မူလက မည်မျှပင်ရဲရင့်သူ ဖြစ်နေစေကာမူ မမှန်ကန်သောအမှုကို ပြုလိုက်မိပြီဟု မိမိကိုယ်ကို မိမိသိလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူ၏ရဲရင့်ခြင်းတို့သည် ပျောက်ကွယ်သွား၍ ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားလေတော့၏။

ဝတ္ထုတစ်ခုနှင့်သာဓကပြပါမည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၅ နှစ်ကျော်က ဖြစ်ပါသည်။ ကာယကံရှင်များမှာမူ လူ့ဘောင်၌ မရှိကြတော့ပြီ။

ဦးအောင်ဒွန်း . . . .

ကျွန်တော်တို့ရွာမှာ ရွာသူကြီး ဦးအောင်ဒွန်း၊ အင်မတန်မှရဲရင့်သတ္တိရှိသည်ဟု ကျော်ကြားသည်။ သူခိုးဓားပြကိုလက်ရဖမ်းဖူး၍ နာမည်ကောင်းလက်မှတ်နှင့် ဆုတော်ငွေများရခဲ့ဖူးသည်။ နှလုံးပြူးသေနတ်ကိုင်ရသည်။ ဆယ်ခိုင်သူကြီးခန့်အပ်ခြင်းခံရ၍ ရွာဆယ်ရွာကို အုပ်ချုပ်ရသည်။ ထိုရွာများ၌ ဖြစ်ပေါ်သော အမှုကြီးငယ်တို့သည် ဆယ်အိမ်ခေါင်းများမှတစ်ဆင့် သူ့ဆီရောက်ရသည်။ ကြီးသောအမှုဆိုလျှင် ရုံးဝတ်ပို့၍ ငယ်သောအမှုဆိုလျှင် သူပင်စီရင်ချက်ချလိုက်သည်။ တစ်ညချုပ်နှောင်ခွင့်နှင့် ငါးကျပ်အထိ ဒဏ်ငွေတပ်နိုင်သောအာဏာရှိသည်။

လူကောင်ကြီးမားခံ့ညား၍ ဥပဓိရုပ်လည်း ကောင်းလှသည်။ အားအင်ဗလလည်း ပြည့်စုံလှသည်။ နွားထီးတစ်ကောင်ကို လက်ပြင်ရိုးလက်သီးနှင့်ထိုး၍ လှဲနိုင်သည်ဟုပြောကြသည်။

သူ့အိမ်နှင့်ကျွန်တော်တို့အိမ်မှာ မျက်စောင်းထိုး ဓားလွယ်ခုတ်အိမ်နီးချင်း ဖြစ်ပါသည်။

ကျွန်တော် အမှတ်သညာ ထားတတ်သောအရွယ်မှ သူ့အသက်သည် ၅၀ မျှဟုခန့်မှန်းမိပါသည်။ ဆွေမျိုးမတော်သော်လည်း သူ့ကိုကျွန်တော်က 'ဘိုး' ဟုခေါ်ပါသည်။

ဘိုးသည် ကျွန်တော့်ကိုငယ်စဉ်က ချီပိုးလာခဲ့သူဖြစ်သည်။ ဘိုးသည် အသားဖြူရာဝယ် သူ့တစ်ကိုယ်လုံးမှာ ဆေးနီဆေးနက်များထိုးထား၍ အလွန်လှသည်ဟု ကျွန်တော်ယူဆခဲ့ပါသည်။ ကျွန်တော့်အဖေ ကိုယ်မှာလည်း ဆေးရုပ်များရှိပါသည်။ သို့သော် သူ့လောက်မများ။ ထို့ပြင်အနက်ရုပ်သာရှိ၍ အနီရုပ်မရှိ။ ဘိုး၏ကျောပြင်ကိုကား ကျွန်တော်က အရုပ်ကားဟုခေါ်ပါသည်။

'ဘိုးရယ်၊ ဝမ်းလျားမှောက်စမ်းပါဦး၊ ကျွန်တော်အရုပ် တွေကြည့်ချင်လို့ပါ'

'အို . . . အခုထိုင်ရင်းကြည့်လည်း မြင်နေရသားပဲမြေးရဲ့'

'မဟုတ်ဘူး . . . မဟုတ်ဘူး မှောက်ကြည့်ရမှ ပိုကောင်းတယ်'



-13A

ဘိုး၏ ကျယ်ပြန့်သော ကျောပြင်ဝယ် နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဇော်ဂျီရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ ခြသေ့ရုပ် စသည်တို့မှာ ဆေးနီ ဆေးနက်တို့ဖြင့် ယခုမျက်စိဖြင့်ကြည့်သော် လွန်စွာမှ လက်ရာမြောက်လှပါပေသည်။ အချိုးစားနားကျ၍ ပီပီသသရှိပါပေသည်။

'ဘိုးရယ် . . . ဒီအရုပ်တွေ ဘိုးကိုဘယ်သူထိုးပေးတာလဲ ဟင်'

'ဘိုးဟာဘိုး ထိုးတာပေါ့ကွ'

'အောင်မယ် မဖြစ်နိုင်တာချည်းကို၊ ဘိုးညာတယ်၊ ကဲ . . . ဘိုးကျောကုန်းမြင်ရလို့လား'

'မှန်ထဲနောက်ပြန်ကြည့်ထိုးတာပေါ့ကွ'

'အောင်မယ် . . . ဘိုးအိမ်မှာ ဘိုးကျောကုန်းလောက်ကြီးတဲ့ မှန်တစ်ချပ်မှမရှိဘဲနဲ့'

ဘိုးသည်ရယ်မောကာ

'အလကားပြောတာပါကွာ၊ ဆရာဦး ထိုးပေးတာပေါ့ကွ၊ ဆရာဦးကို မင်းသိတယ်မဟုတ်လား'

ဆရာဦးသည် ဘိုးအိမ်ခေါင်းရင်းက ထိုးကွင်းဆရာဖြစ်ပါ၏။ ထို့ပြင် ရုပ်သေးရုပ်တွေထုသော ပန်းပု ဆရာလည်းဖြစ်ပါ၏။

'ဘိုး ဒီအရုပ်တွေထိုးတော့ မနာဘူးလားဟင်'

'နာတာပေါ့မြေးရဲ့၊ဒါပေမယ့် ယောက်ျားဆိုတာ ဆေးထိုးခံနိုင်တဲ့သတ္တိ ရှိရမယ်ကွယ့်၊ ငါ့မြေးလည်း ကြီးရင် ထိုးကွင်းထိုးရ မယ်ကွယ့်'

သို့သော် ကျွန်တော်တို့ အချိန်ရောက်သောကာလတွင် ထိုးကွင်းထိုးခေတ်ကုန်၍ ကံကောင်းသည်ဟု ဆိုရမည်။ သို့ရာတွင် အချို့လူကြီးများက မကြိုက်ကြ။ ကျွန်တော် ၁၄ နှစ်သားလောက်၌ ဆရာဦးက ကျွန် တော့်ပေါင်မှာ အရုပ်ထိုးပေးသည်။ ထိုးရသည်မှာ အနီစင်း အနက်စင်းနှင့် တကယ့်ကျားရောင်ထွက်ရမည်။ အသက်လည်းပါရမည်။ သို့သော် ဤဖေကိုယ်သတ္တိခဲက အဖေချုပ်ကိုင်ထားသည့်လက်ထဲမှ ကုန်းအော် ရုန်းထွက်သဖြင့် ပထမဆုံးတစ်ကြောင်းမျှ သွားရသေးရာ ကျားရုပ်မဖြစ်၊ ကြွက်ရုပ်ကလေးလိုလို ရေးရေးမျှ ထင်တော့၏။ သည်တော့ ဆရာဦးက ကျွန်တော့်အဖေအား ဘာပြောသည်ထင်သနည်း။

'မောင်ဆယ်ရေ . . . ခုခေတ်ကလေးတွေတော့ သတ္တိသုဉ်းကုန်ပါပြီကွာ၊ ငါ့သားတွေလည်း အတူ တူပဲကွ၊ မင်းတို့လို ငါတို့လို ဆယ်နှစ် ဆယ့်တစ်နှစ်သားလောက်က ထိုးကွင်းထိုးခံလာခဲ့လို့ရှိရင် ဒီကျားရုပ် လောက် ဘယ်ဖြုံလိမ့်မလဲကွာ၊ ခံနိုင်ရည်ရှိနေမှာပဲ၊ သွား . . . သွား'

ဆရာဦးက ကျွန်တော့်ကို နှင်လွှတ်ပါသည်။ ကျွန်တော်သည်ပေါင်ကလေး ထော့နဲ့ထော့နဲ့၊ မျက်ရည် ကလေးစို့စို့နှင့်။

ဘယ်မျက်ရည်မစို့ဘဲ ခံနိုင်မလည်းဗျ။ လေးခွရှိတဲ့ ကြေးစုတ်ကြီးနဲ့ တစ်ချက်ထိုးလိုက်ရင်း သွေး တစ်ပေါက်ထွက်လာရင်း။

ဤအခါ၌ ကျွန်တော်သည် ထိုးကွင်းမျှမက ဆေးရုပ် တစ်ကိုယ်လုံးတွင်ရှိသော အဖေတို့ ဘိုးတို့သတ္တိကို ချီးကျူးမိပါသည်။ ဘိုးကပို၍များပါသည်။ ဘိုးသည်ခေါင်းဖြူဖြူ ခေါင်းတုံးရိတ်ထားသူဖြစ်လေရာ ငယ်ထိပ်မှစ၍

ခြေဖမိုးအထိ ကျောကုန်း၊ လက်ပြင်၊ ခြေသလုံး၊ ခြေကျင်းဝတ်ပါမကျန် ဆေးတွေအပြည့်ရှိ၏။

ဘာရည်ရွယ်ချက်နှင့် ဘာအစွမ်းထက်သည်တော့ ကျွန်တော်မပြောတတ်ချေ။ သို့သော် ခံနိုင်ရည်ရှိသော ယောကျ်ားကောင်းဖြစ်ကြောင်းတော့ ထင်ရှား၏။

ဘိုးသည် နေ့စဉ်နံနက်တိုင်း ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်တွင်ထ၍ ဘုရားရှိခိုးပြီး စာရွတ်၏။ သူစာရွတ်သည်ကို ဘေးသုံးလေးအိမ်က ကြားရ၏။ သို့သော် ဘာမျှနားမလည်နိုင်ပေ။ သူ့အသံ 'ဟာနံနံ-ဟာနံနံ' ဟူ၍သာကြားနေရ၏။

'အဖေ ... ဘိုးက ဟာနံနံ-ဟာနံနံနဲ့ ဘာလုပ်နေတာလဲ အဖေရ'

ကျွန်တော်ငယ်စဉ်က အိပ်ရာထဲတွင် အဖေ့အားမေးခဲ့၏။

'စာဝါးတာခေါ်တယ်သားရဲ့'

'ဘာလို့စာဝါးတာလဲအဖေရ'

'သူရထားတဲ့စာတွေကို မမေ့မပျောက်အောင် နှုတ်က မြန်မြန်ရွတ်တာပေါ့ကွာ'

'ကျွန်တော်လည်း ဘိုးလိုစာဝါးချင်တယ်အဖေ'

'ဒါဖြင့် စာများများတတ်အောင်သင်ပေါ့ကွ၊ ထမင်းစားချင်တော့ ထမင်းရှိမှစားဖြစ်သလို စာဝါးချင်တော့ ကိုယ်တတ်ထားတဲ့ စာရှိမှပေါ့ကွ'

ကျွန်တော်သည် ဘိုးကို အစစအရာရာ ချီးကျူးအားကျသူဖြစ်ခဲ့၏။ ကျွန်တော်သည် ဘိုးကိုအတုယူကာ ကကြီး ခခွေးက စ၍ စာဝါးခဲ့၏။ နို့ပြီး ဘိုးက (အဆက်ဆက်က အစဉ်သာယာတဲ့ သရက်တစ်ပင်ရွာက အထူးအကျိုးပြုတဲ့ ဦးဖိုးနု) ဟုရှင်ပြုဖိတ်စာ တွင်ရေးလျှင် ကျွန်တော်ကလည်း (မချို့အစဉ်သာတဲ့ ကြို့ပင်ရွာက အထူးအကျိုးသယ်တဲ့ ဦးဖိုးဆယ်) ဟု ကျွန်တော့်အဖေနှင့် ရွာနာမည်ကို နဘေထပ် ဆိုလိုက်သောအခါ ဘိုးက လွန်စွာသဘောကျလှ၏။

'မောင်ဆယ် မင်းသားကြီးရင် ငါ့ခြေရာနင်းလိမ့်မယ်' ဟုဂုဏ်ယူပြောဆို၏။ သို့သော် ဘိုးခြေရာနင်းဖို့ ဘိုးကိုမီဖို့က ခဲယဉ်းလှပါ၏။

ဘိုးသည် ရပ်ရွာ၌အုပ်ချုပ်စီမံရာတွင် သူ၊ မင်္ဂလာဆောင်၌ ဘိသိက်သွန်းရာတွင် သူ၊ ရှင်ပြုပဥ္စင်းခံတို့၌ ဩဘာစာများ ရေးသားဖတ်ကြားရာတွင် သူ၊ ရပ်သူရွာသားတို့ အပျင်းလည်းပြေ ပညာဗဟုသုတလည်းရအောင် ဇာတ်နိပါတ်တော်တို့ကို သံနေသံထားနှင့် ဟောပြောရာတွင်လည်းသူ။

သူ ... သူ ... သူ ထိုသူသည် အသက်ငါးဆယ်ကျော်၌ ကံချော်၍ အကြဲတော်တလွဲကို လိုက်မှားမိချေသည်။

မချောဖြူ ...

သူသည် နာမည်နှင့်လိုက်အောင် ဖြူသည်၊ ချောသည်၊ လှသည်၊ ချောသည်လှသည်နှင့်အမျှ ကမြင်းကြောထ၍ လင်ငယ်နေတတ်သူ။

သူ၏ ပထမဆုံးယောကျ်ားသည် သူ မျှောက်မထားတာ ပက်ပင်းမိ၍ သူ့အား လယ်ကွင်းထဲခေါ်သွားကာ

ဓားနှင့်ခုတ်သတ်ပြီး သူ့ကိုယ်သူတော့ မီးရထားအနင်းခံ၍ ပွဲချင်းပြီးစီရင် ပစ်လိုက်သည်။

သို့သော် မကောင်းမှုပြုရန် အကုသိုလ်ကံကျန်နေသေးသော မဟာဝါကားမသေ၊ လည်ပင်း ဓားဒဏ်ရာတွေနှင့် မေ့မျောနေရာမှ သတိပြန်ရလာခဲ့သည်။

ဘိုးနှင့် အခင်းဖြစ်ပွားရန် အချိန်မှာ ထိုမိန်းမသည် အသက် ၃၀ ခန့်၊ လည်ပင်းမှ ဓားဒဏ်ရာနှစ်ချက်ရှိသည်။ အသားရောင် ဖြူဖြူဝင်းဝင်းနှင့် ပြည့်ပြည့်တင်းတင်း၊ ထိုအချိန်၌ သူ၏ဒုတိယလော၊ တတိယလော မပြောတတ်သည့် လင်ယောကျ်ားမှာ ဘိန်းစားဖိုးဆိုင်။

ကျွန်တော် သတိပြုမိသောအချိန်မှာ မချောဖြူသည် ရွာထဲမှာ ခံတောင်းရွက်၍ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား စသော ကုန်စုံရောင်းသည်။ ဘိုးသည် ထိုကုန်စုံဝယ်ရင်းမှ စတင်သည်။

ကျွန်တော်သည် အမှတ်သညာထားတတ်သောအရွယ်မှစ၍ ဘိုးအိမ်မှာ အနေအစားများသည်။ အကြောင်းမှာ ဘိုးအိမ်မှာ ဘယ်တော့မှ ဟင်းကောင်းမပြတ်ချေ။ မပြတ်ခြင်းမှာ ကျေးရွာဓလေ့ထုံးစံရှိ၏။ ရွာတွင် ကျွဲနွားသေ၍လည်းကောင်း၊ သတ်၍လည်းကောင်း အမဲသားပေါ်လျှင် သူကြီးအိမ်ကို တစ်တွဲပို့ရသည်။ ဝမ်းတွင်းသားအစုံလည်းပါသည်။ ဘိုးအုပ်ချုပ်သောရွာက ဆယ်ရွာဆိုတော့ ဘိုးအိမ်မှာ အမဲဟင်းလျာ ပြတ်သည်မရှိချေ။

ဘိုးကိုယ်တိုင်ကတော့ အမဲသားမစားချေ။ ကျွဲ၊ နွားအားဖြင့် အသက်မွေးရသော ကျေးရွာတို့တွင် အမဲသားမစားခြင်းသည် လူကြီးလူကောင်းတို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်ပေသည်။

ဘိုးတို့ဂေါ်ပုံတစ်ရပ်ကို တွေးရယ်ချင်ပါသေးသည်။

ဝါတွင်းမိုးရာသီဆိုတော့ ကျွန်တော်တို့လယ်တောဒေသမှာ ငါးပေါသည်။ သည်တော့ မချောဖြူက ကုန်စုံရောင်းခြင်းကို ရပ်ဆိုင်း၍ မုန့်ဟင်းခါးရောင်းသည်။ ထိုအခါ ဘိုးကကျွန်တော့် ကိုခုတုံးလုပ်၍ မနက်တိုင်း မချောဖြူ မုန့်ဟင်းခါးလာတိုင်း . . .

'ဟော့ . . . ဒီနေ့ မုန့်ဟင်းခါးစားဦးမလား' မေးသည်။ ကျွန်တော်ကတော့ ဆယ်နှစ်သားအရွယ်လောက် ဘယ်သိလိမ့်ဦးမှာတုံး။ အမြဲတမ်း ခေါင်းညိတ်သည်ပေါ့။ ဘိုး၏အိမ်သားများကတော့ နှာခေါင်းရှုံ့ကြပြီး၊ ရိပ်မိနေကြပြီ။ ထိုအခါ ဘိုးမှာ ဇနီးအမယ်ကြီးနှင့် သမီးနှင့်သမက်ရှိသည်။

ကျွန်တော့်ကို မုန့်ဟင်းခါးကျွေးတော့ ဝါတွင်းမှာ သက်သတ်လွတ်သမားတို့က မုန့်ကိုဘယ်လို စားပါသနည်းဟုမူ ဟင်းရေမဆမ်းစေဘဲ သူ့အိမ်က နို့ဆီနှင့်ဆမ်း၍ စားပါသည်ခင်ဗျား။

ဩော် . . . အာဂဘိုး၊ လူကြီးလူကောင်း ဂေါ်ပုံမဆိုးဘူး နော်၊ ဦးကြီးတို့ နည်းယူကြ။

ထို့ပြင် ဘိုးတွင် သူများနှင့်မတူသော ထူးခြားချက် တစ်ရပ်ရှိသေးသည်။ ဘိုးသည်ထမင်းစားပြီး ပါးလုတ်ကျင်းသော အခါ၌လည်းကောင်း၊ တစ်ခုခုစားသောက်ပြီး ပါးလုတ်ကျင်းသော အခါ၌လည်းကောင်း ဘယ်တော့မှ ထွေးမပစ်ချေ။ ပါးလုတ်ရေကို မျိုချလိုက်သည်သာဖြစ်၏။

ကျွန်တော်က 'ဘိုးလုပ်ပုံဟာ သူများနဲ့မတူဘူး၊ မရွံဘူးလား' ဟုမေးသောအခါ 'ဟ . . . ကိုယ့်ပါးစပ်ထဲကဟာ ကိုယ်ရွံနေမှဖြင့် လည်ပင်းလှီးပစ်ဖို့သာ ရှိတော့တာပေါ့ကွာ' ဟု ပြန်ဖြေပါသည်။

ဟုတ်တုတ်တုတ်။

ယင်းသို့လျှင် မချောဖြူသည် ကုန်စုံရောင်းရင်းဖြင့် လည်းကောင်း၊ မုန့်ဟင်းခါးရောင်းရင်းဖြင့် လည်းကောင်း ဘိုးအိမ်နေ့တိုင်းလိုလို ဝင်ထွက်နေရာမှ လေးငါးလမျှကြာသော် မချောဖြူယောကျ်ား ဘိန်းစား ကိုဖိုးဆိုင်မှာ အိတ်ထဲဘိန်းငါးကျပ်သားခန့်နှင့် လက်ပူးလက်ကြပ် ဘိုးကဖမ်းမိလေ၍ ခမျာထောင်ကျသွား ရှာလေ၏။

ဘိုးက သူ့နောက်လိုက် မတရားသက်သေများနှင့် သက်သက်အမှုဆင်တာ ဖြစ်ကြောင်းကို တစ်ရွာလုံးကသိကြ၍ တဖျစ်တောက်တောက်နေကြ၏။ ကိုဖိုးဆိုင်သည် ဘိန်းစားသော်လည်းမခိုးတတ်၊ မဝှက်တတ်၊ လူကောင်းတစ်ယောက်ဖြစ်၏။ သူ့ဟာသူထန်းတက်၍စား၏။ ပိုး - မြှုံးထောင်၍စား၏။

ထိုမှ အရပ်ထဲကလူကြီးများသည် ဘိုးကိုဝိုင်း၍ကြဉ်စ ပြုလာ၏။ သည့်နောက်မကြာမီတွင် ဘိုးသည် သူ့အိမ်သူ့အိမ်သားများနှင့် ရန်ဖြစ်ကြလေ၍ အမယ်ကြီးသည် သမီးနှင့်သမက်ကိုခေါ်ကာ သူ့ဇာတိရွာသို့ ပြန်သွားလေတော့သည်။

ဘိုးကား မည်သူမျှတရားချ၍ မရတော့ပြီ။ ယခင်တုန်းက ရပ်ရွာအိမ်ထောင်ရေးကိစ္စတို့မှ သူကသာ ဖျန်ဖြေစီမံခန့်ခွဲပေးခဲ့သည်။ သူ့ဇာတ်ကားတွင်ကား သူသာဇာတ်ဆရာ၊ အခြားဇာတ်ဆရာကို လက်မခံတော့ပြီ။

နောက်ဆုံးနေ့၌ကား မချောဖြူသည် ဘိုး၏အိမ်ပေါ်သို့ ရောက်လာလေသတည်း။ သို့သော် ဤအရပ်တွင် ဘိုး၏ရလဒ်ကား ကျဆုံးခြင်းပင်တည်း။

မချောဖြူ ဘိုးအိမ်ရောက်ပြီး ဒုတိယမြောက်နေ့နံနက်တွင် အသက် ၆၀ မျှရှိမည်ဖြစ်သော အမယ်ကြီး တစ်ယောက် ဆောင်ဓားရှည်ကြီးတစ်လက်ကိုကိုင်ကာ ဘိုး၏အိမ်ဝင်း ရောက်နေလျက် ဓားတလက်လက်နှင့် ဆဲရေးကြိမ်းမောင်းနေပေတော့သည်။

'ဟဲ့ အောင်ဒွန်း၊ နင် ဗလကောင်းလှတယ်၊ သတ္တိကောင်း လှတယ်ဆို၊ ကြိုက်တဲ့လက်နက်ကိုင်ပြီး တံခါးဖွင့်ဆင်းခဲ့စမ်း'

ချလွမ် . . .

အိမ်ရှေ့နံရံအကာကို သူ့ဓားနှင့်ပစ်လိုက်သည်။ ထို့နောက် ပြန်ကောက်ကာ . . .

'ဟဲ့ အောင်ဒွန်း၊ နင် သတ္တိနည်းလှချေလား၊ ငါလို အမယ်ကြီးနဲ့မှ ရင်မဆိုင်ဝံ့တော့ဘူးလား၊ လူချင်း ကြောက်ရင် နင့်မှာ နှစ်လုံးပြူးသေနတ်ရှိတယ် မဟုတ်လား၊ ဟောဒီမှာ ပစ်လိုက်စမ်းဟေ့'

ရင်ကိုကော့ပြပြီး သူ့ဓားတစ်ဖန် ပစ်လိုက်ပြန်လေသည်။ အိမ်ပေါ်ကတော့ ဘာသံမျှမကြားရ။ ဆိတ်ငြိမ်လှသည်။ လူ တစ်ယောက်မျှမရှိဘူးထင်ရသည်။ သို့သော် ဘိုးနှင့်မချောဖြူ ရှိတာအမှန်။ ညကပင် မီးအိမ်ထွန်းတာမြင်ရသေးသည်။ ယခု မနက်အစောကြီးမှ စောစောစီးစီး ဒီအမယ်ကြီးက ကျွန်တော် အိပ်ရာမနိုးမီပင် လာရောက်ဆူပူနေခြင်းဖြစ်သည်။

ဘိုးအိမ်သည် တစ်ထပ်အိမ်မြင့်၊ အောက်ဆင့်မရှိ၊ မြေကြီးပေါ် စားပွဲကုလားထိုင်ထားသည်။ အိမ်အကာမှာ နှစ်တစ်လက်မ သစ်သားတန်းတွေကို ကြက်ခြေခတ်ရိုက်ကပ်ထားသည်။ ထိုနေ့နံနက်၌

အပေါ်ထပ်ရော အောက်ထပ်ရော တံခါးတွေအားလုံး ပိတ်ထားသည်။

ကျွန်တော်သည် အိပ်ရာမှထကာ ပြတင်းမှအုံ့သြစွာနှင့် လှမ်း၍ကြည့်နေသည်။ အမယ်ကြီးသည် ပိန်သော်လည်း စိတ်ကဆောင်နေ၍ တော်တော်ပဲ မာကျောပုံပေါ်သည်။ သူသည် အော်ဟစ်ဆဲရေးရင်း ခြေအောက်နံရံကို ဓားနှင့်ခုတ်လိုက် အိမ်အပေါ်ထပ်ကိုလှမ်းပစ်လိုက်၊ မောလျှင်ထိုင်နားလိုက်၊ နောက်ပြီး ဘစ်စခန်းထလိုက်နှင့် အရှယ်နှင့်မလိုက်အောင်ပင် ဒေါသနှင့် သတ္တိကကြီးလှပါသည်။

'ဟေ့အောင်ဒွန်း မယားခိုးရဲ့၊ လူ့တိရစ္ဆာန်ရဲ့၊ နင်ငါ့ သမက်အိတ်ထဲ အတင်းဘိန်းထည့်ပြီး နင့်ခြေနောက်တော်ပါ သက်သေလိမ်တွေနဲ့ အမှုဆင်ပြီး ထောင်ချတယ်ဆိုတာ လူတိုင်းကသိကြတယ်ဟဲ့'

ချလွမ်. . .

ဓားနှင့်တစ်ချက်ပစ်လိုက်ပြန်သည်။

'နင်ဟာ ဆယ်ခိုင်သူကြီး၊ ဘုရားကိုးဆူဆရာကြီး၊ ဘိသိက်ဆရာကြီး၊ ရတုသြဘာဆရာကြီး၊ ဘွက်စိပ်ဆရာကြီးဆိုတဲ့ ဂုဏ်တွေမှမထောက်ဘူး ငအောင်ဒွန်းရယ်၊ ဟိုမျောက်မထားမ ရောဆင်းခဲ့ နင့်ပါငါ နုတ်နုတ်စင်းမဟဲ့၊ နင့်အတွက် ငါတစ်ခါက နှစ်ခါရှက်၊ နှစ်ခါကသုံးခါရှက်၊ တစ်သက်လုံးရှက်နေရမှာလားဟဲ့၊ နင်တို့သတ်ပြီး ငါပါသေပစ်မဟဲ့'

ဤအချိန်၌ ကျွန်တော်မှာ အသက် ၈ နှစ်၊ ၉ နှစ်မျှဦး မည်ဖြစ်၍ အဖေအနားသို့ချဉ်းကပ်သွားကာ-

'အဖေရယ်၊ ဘိုးက ဒီအမယ်ကြီးပိန်ပိန်ကလေးများ ဘာလို့ကြောက်နေရသလဲ၊ အောက်ဆင်းပြီး ဖမ်းလိုက်ရောပေါ့၊ ဘိုးကအားအများကြီး ကြီးတာပဲမဟုတ်လား၊ နို့ပြီးဘိုးက သူကြီး'

'ဟဲ့ . . . ဘာကြီးဖြစ်နေနေ၊ ကိုယ့်အမှားလုပ်မိတဲ့အခါမှာ မှန်သူကို ရင်မဆိုင်ဝံ့တော့ဘူး၊ ကြောက်နေရော၊ ဒါဟာတရား သဘောပဲ'

'ကျွန်တော်နားမလည်ပါဘူး အဖေရာ'

'အေး. . . ငါ့သားကြီးတော့ နားလည်ပါလိမ့်မယ်'

ထိုအချိန်၌ ကျွန်တော်သည် ဘိုးကိုသာသနားနေတော့သည်။ ဘိုးဘက်က ဘယ်သူမျှကူညီမည့်သူလည်း မရှိပါလား။ ဒီအမယ်ကြီးကိုလာတားခြင်း၊ ဆွဲငင်ခြင်းလည်း မည်သူမျှမပြုကြ၊ အကယ်၍ အခြားအိမ်၌သာ ဤသို့ဖြစ်နေပါမူ ဘိုးကိုယ်တိုင် သွားရောက်စီစဉ်ဖျန်ဖြေချေမည်။

စင်စစ် သူကြီးဦးအောင်ဒွန်း၏ မတရားပြုမှုကို တစ်ရွာလုံးက မုန်းတီးရွံရှာနေခြင်းဖြစ်သည်။ ဖြစ်နိုင်လျှင် အမယ်ကြီးဘက်ကပင် အကူအညီပေးကြဦးမည်။ သို့သော် ကူညီစရာပင်မလို။ အမယ်ကြီးက အံ့သြဖွယ်ကောင်းလောက်အောင်ပင် ဇွဲ သတ္တိကြီးလှပါဘိ။ ဤနေ့ပထမနေ့က နံနက်ဝေလီဝေလင်း၌ ယမန်နေ့ကအတိုင်း ပြန်ရောက်လာပြီး ယမန်နေ့ကအတိုင်း ပြုမူ ပြန်တော့သည်။

အမယ်ကြီးသည် ဤသို့ချည်း မနက်တိုင်းလာလုပ်၏။

ပဥ္စမမြောက်နေ့ဝယ် ဦးအောင်ဒွန်းနှင့် မချောဖြူတို့သည် ပစ္စည်းပစ္စယများကို လှည်းတစ်စီးနှင့်တင်၍ ထွက်ခွာသွားကြ တော့သည်။

ဤအခင်းဖြစ်နေချိန် ဘိုးအိမ်သို့မသွားရန် ကျွန်တော့်အား တားမြစ်ထား၍ ယင်းညနေလှည်းပေါ် ပစ္စည်းတွေတင်နေတုန်းမှာ ဘိုးကိုကျွန်တော် နောက်ဆုံးမြင်လိုက်ရခြင်းပင်ဖြစ်သည်။ ထိုအချိန်၌ သူ့အား မည်သူကမှလည်း လာ၍နှုတ်မဆက်ကြချေ။

ရွာတွင် သူကြီးမရှိတော့ကြောင်း ကြားသိရသောအခါ၌ ဆယ်အိမ်ခေါင်းတွေခေါ်၍ဖြစ်ပုံကို စစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှချလိုက်ကာ နောက်ထပ်သူကြီး အသစ်ရွေးကောက်ပွဲ လုပ်လိုက်လေသည်။

ဦးအောင်ဒွန်းကား ဂုဏ်သိက္ခာ အဖတ်ဆယ်မရလောက်အောင် ကျဆင်းလေ၍ ရွာသို့ပြန်ပြီး မချဉ်းကပ်ရဲတော့ပေ။ သူ့အိမ်ကို သူ့အမယ်ကြီးနှင့် သမီးတို့ပြန်၍နေကြသည်။

ဦးအောင်ဒွန်းသည် ဤမှမကြာမီတွင် စိတ်ရောလူရော ပင်ပန်းဆင်းရဲလှစွာဖြင့် သေဆုံးသွားသည်ဟု ကြားသိရလေသည်။

**သော်တာဆွေ**

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဒွန်တွဲ | = | နှစ်ခုယှဉ်တွဲနေသည်။ |
| ၂။ | အမှီသဟဲ | = | မှီခိုရာ။ |
| ၃။ | ဆယ်ခိုင်သူကြီး | = | ရွာဆယ်ရွာကိုအုပ်ချုပ်ရသော သူကြီး။ |
| ၄။ | ဆယ်အိမ်ခေါင်း | = | သူကြီး၏လက်အောက်တွင် ဆယ်အိမ်ကိုကြီးကြပ်ရသူ။ |
| ၅။ | ဂတ် | = | ရဲစခန်း။ |
| ၆။ | ဓားလွယ်ခုတ် | = | မျက်စောင်းထိုး၊ ခပ်စောင်း စောင်းအနေအထား။ |
| ၇။ | ထိုးကွင်း | = | ကိုယ်ခန္ဓာပေါ်တွင် မင်ဖြင့် ထိုးရသောအကွင်းအကွက်။ |
| ၈။ | သုဉ်း | = | ကုန်သွားသည်၊ ပျောက်သွားသည်။ |
| ၉။ | စာရွတ် | = | စာကိုအသံထွက်၍ဆိုသည်။ |
| ၁၀။ | မျောက်မထား | = | ခင်ပွန်းရှိလျက် နောက်တစ်ယောက်နှင့်ဖောက်ပြန်သည်။ |
| ၁၁။ | ပက်ပင်းမိ | = | မျက်မြင်တွေ့သည်၊ ရင်ဆိုင် တွေ့သည်။ |
| ၁၂။ | ဝေါ် | = | ပိုးပန်းသည်။ |
| ၁၃။ | လက်ပူးလက်ကြပ် | = | လက်ဆုပ်လက်ကိုင်၊ မျက်မြင် ထင်ရှား။ |
| ၁၄။ | တဖျစ်တောက်တောက် | = | တတွတ်တွတ်(ပြောသည်) |
| ၁၅။ | ကြဉ် | = | ရှောင်သည်၊အပေါင်းအသင်း မလုပ်။ |
| ၁၆။ | တရားချ | = | ဖျောင်းဖျပြောဆိုသည်၊ အမှားအမှန်ခွဲခြားနိုင်အောင် ပြောဆိုသည်။ |

## သင်ခန်းစာအကျဉ်း

မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်းသည် ဒွန်တွဲနေကြောင်း၊ မှန်ကန်သူသည် သတ္တိရှိရှိလုပ်ရဲကြောင်း၊ မူလက မည်မျှရဲရင့်စေကာမူ မမှန်မကန်ပြုမိပြီဟု မိမိကိုယ်မိမိသိလိုက်သည်နှင့် ရဲရင့်ခြင်းပျောက်ကွယ်ပြီး ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရကြောင်း ဝတ္ထုတစ်ပုဒ်ဖြင့် သာဓကပြသည်။ ရွာသူကြီးဦးအောင်ဒွန်းသည် ရဲစွမ်းသတ္တိရှိပြီး အများလေးစားရသူဖြစ်သည်။ ဦးအောင်ဒွန်းသည် မချောဖြူဆိုသောမိန်းမကို တပ်မက်မိ၍ ထိုမိန်းမ၏ လင်ကိုသိမ်း အမှုဆင်ဖမ်းကာ ထောင်ကျအောင်လုပ်ပြီး မချောဖြူကို သိမ်းပိုက်သည်။ ဦးအောင်ဒွန်း၏ မတရားမှုကို တစ်ရွာလုံးက ရွံမုန်းကြသည်။ ဦးအောင်ဒွန်းကို မချောဖြူ၏ မိခင်အမယ်အိုကြီးက လာရောက်ဆဲဆို ကြိမ်းမောင်းရာတွင် ဦးအောင်ဒွန်း ဘာမျှမတုံ့ပြန်ဝံ့ဘဲ မချောဖြူကိုခေါ်ပြီး ရွာမှတိတ်တဆိတ် ထွက်ပြေးကာ ဆင်းဆင်းရဲရဲနှင့် ကွယ်လွန်ရသည်။ ဤဝတ္ထုကို သာဓက ဆောင်ထားခြင်းဖြစ်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ 'မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း' ဟူသောဝတ္ထုခေါင်းစဉ်ကို အဓိပ္ပာယ်ရှင်းပြပြီး မမှန်မကန်လုပ်မိ၍ ရဲရင့်ခြင်းကွယ်ပျောက်ရသော ဦးအောင်ဒွန်း၏ ဇာတ်လမ်းကို တင်ပြပါ။

၂။ ဤဝတ္ထုမှ မည်သည့်သင်ခန်းစာ ရသနည်း။

# မြန်မာမှု

## လွတ်လပ်ရေးခေတ်

မြန်မာမှုသည် ဦးမင်းနိုင်၏ 'ယဉ်ကျေးမှုမိတ်ဆက်' စာအုပ်မှ အခန်းတစ်ခန်းဖြစ်သည်။

ဦးမင်းနိုင်သည် ပုတီးကုန်းမြို့ဇာတိဖြစ်၍ ၁၉၂၈ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ ငယ်စဉ်ကပင် စာပေနှင့်ပန်းချီပညာကို အထူးဝါသနာထုံသူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ပြည်ထောင်စု ယဉ်ကျေးမှုဌာနတွင် ယဉ်ကျေးမှုအရာရှိအဖြစ် စတင်အမှုထမ်းခဲ့ပြီး၊ ပြည်နယ်အသီးသီးသို့ သွားရောက် လေ့လာ၍ ဓာတ်ပုံရိုက်ခြင်း၊ ပန်းချီရေးဆွဲခြင်းများ ပြုလုပ်ခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသား ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များကိုရေးသားပြုစုခဲ့သည်။

ပြည်ထောင်စု အကပဒေသာ၊ တို့တိုင်းရင်းဖွား ပြည်ထောင်စုသား၊ မနော၊ ကူထိုးဗိုး၊ ရခိုင်ဝတ္ထုပုံပြင်၊ ရခိုင်တေးသံ၊ သွေးချင်းတို့ ပျော်သည့်မြေ၊ တို့သွေးတို့သား တိုင်းရင်းသား၊ မြန်မာနှင့် တိုင်းရင်းသားစကားပုံ၊ ယဉ်ကျေးမှုမိတ်ဆက် စသည့်စာအုပ်များ ပြုစုခဲ့သည်။ ပန်းပညာရှင်များအဖွဲ့တွင် ဦးဆောင် ဦးရွက်ပြုခဲ့သည်။

'မြန်မာမှု' တွင် မြန်မာမှုအထွေထွေကို သာဓကများဖြင့် ရှင်းလင်း ဖွင့်ဆိုထားသည်။

# မြန်မာမှု

မြန်မာတို့ အစဉ်အလာအရ ဝတ်စားဆင်ယင် ပြောဆိုကျင့်ကြံနေထိုင်မှု အားလုံးတို့သည် မြန်မာမှု ဖြစ်သည်။ မြန်မာတို့သည် ရှည်လျားသော သမိုင်းကြောင်း အစဉ်အလာရှိသည်။ ထိုအစဉ်အလာကောင်းတို့ကို လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ခြင်းဖြင့် မြန်မာမှုတို့သည် ယနေ့တိုင် တည်တံ့နေခြင်းဖြစ်သည်။

အရှေ့ဘက်တွင် တရုတ်၊ အနောက်ဘက်တွင် အိန္ဒိယ နိုင်ငံကြီးနှစ်နိုင်ငံ၏ အကြားတွင်ရှိခဲ့သော မြန်မာသည်အိမ်နီးချင်း နိုင်ငံတို့၏ယဉ်ကျေးမှုတို့ကို ကျင့်သုံးခဲ့ပြီးနောက် တဖြည်းဖြည်း တစ်စတစ်စ မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီအောင် ပြုပြင်နေထိုင်ခဲ့ရာမှ မြန်မာမှုတို့ ပီပီပြင်ပြင်ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

ရှေးအခါက လူတို့သည် ရေကြည်ရာမြက်နုရာဒေသများတွင် ကိုယ့်အစုအဝေးနှင့် ကိုယ်စုစည်း နေထိုင်ခဲ့ကြရာမှ အဖွဲ့အစည်းငယ်များ ဖြစ်ပေါ်လာခဲ့သည်။ ကြီးသူတို့၏ ဆိုဆုံးမရာကို ငယ်သူတို့ကနာခံကာ ကျင့်ဝတ်နှင့် စည်းကမ်းအသီးသီးကို လိုက်နာကျင့်သုံးခဲ့ခြင်းဖြင့် အဖွဲ့အစည်းသည် ခိုင်မာသည်ထက် ခိုင်မာလာခဲ့သည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်လာခဲ့ခြင်းကြောင့်လည်း ကြာသော်မြန်မာ့လူဘောင်အဖွဲ့အစည်းဟူ၍ ပီပီပြင်ပြင်ပေါ်ထွန်းလာခဲ့သည်။ ယဉ်ကျေးမှု အဆင့်အတန်းလည်း မြင့်မားလာခဲ့သည်။

အိန္ဒိယတောင်ပိုင်းမှ အက္ခရာကိုအခြေခံ၍ အဆင့်ဆင့် ပြုပြင်ပြောင်းလဲလာခဲ့ရာ မြန်မာအက္ခရာသည် ပုဂံခေတ်မှစ၍ ပေါ်ထွက်လာခဲ့သည်။ မြန်မာစာပေဟူ၍လည်း သီးသီးသန့်သန့် ပေါ်ထွန်းလာခဲ့သည်။ ထိုမှတစ်ဆင့်တက်၍ မြန်မာ့ဆိုတီးက အနုသုခုမဟူ၍လည်းဖြစ်ထွန်း ပေါ်ပေါက်လာခဲ့သည်။ စာပေ၊ ဂီတအနုသုခုမများနည်းတူ မြန်မာ့ဆင်ယင်ထုံးဖွဲ့မှုဟူ၍လည်း တစ်မျိုးတစ်ဘာသာ ဆန်းသစ်လာခဲ့သည်။

ဘာသာအယူဝါဒအားဖြင့်လည်း ဗုဒ္ဓယဉ်ကျေးမှုကို လက်ကိုင်ပြုထားကြသော မြန်မာတို့သည် သဒ္ဓါကြည်ညိုစိတ်၏ လှုံ့ဆော်မှုအရ မြေစိုက်စေတီ၊ ပုထိုးအမျိုးမျိုးကို တည်ထားကိုးကွယ်လာခဲ့ကြပြီး ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ပြာသာဒ်အမျိုးမျိုးကိုလည်း စေတီပုထိုးများနည်းတူ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ယင်းဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင်လည်း အပြောက်အမွမ်းအမျိုးမျိုးဖြင့် တန်ဆာဆင်ကြသည်။ ပန်းချီ၊ ပန်းပု၊ ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွအမျိုးမျိုးကိုလည်း တပ်ဆင်မွမ်းမံအလှခြယ်ခဲ့ကြသည်။

ထို့ပြင်စေတီပုထိုးအမျိုးမျိုးကို တပ်ထားကြရာဝယ် ရုပ်တုအမျိုးမျိုး၊ ရတနာအမျိုးမျိုး၊ ဝတ္ထုပစ္စည်းအမျိုးမျိုးကို ဌာပနာကြသည်။ ရုပ်တုရုပ်လုံးအချို့ကို ရွှေဖြင့်သွန်းလောင်းပြီး အချို့ကို ရွှေပိန်းချသည်။ အချို့ကို ရုပ်ကြွသဘောထုသွင်းပြီး အချို့ကို ရုပ်ခွက်သဘော ထုထွင်းသည်။ အုတ်ခွက်ဘုရားအမျိုးမျိုးကို မြေဖြင့် ပြုလုပ်ပူဇော်ကြသည်။ ခေါင်းလောင်းကြီးငယ် အရွယ်ရွယ် အစားစားကိုလည်း သွန်းလောင်းလှူဒါန်းသည်။ တံခွန်တိုင် အမျိုးမျိုးကို စိုက်ထူကြသည်။

တန်ဆောင်း ပြာသာဒ်အမျိုးမျိုးကို ဆောက်လုပ်လှူဒါန်းကြရာ၌ သဒ္ဓါတရား၏ စေ့ဆော်ချက်အရ ဘုံသုံးဆင့်၊ ငါးဆင့်၊ ခုနစ်ဆင့် စသည်ဖြင့် ပြာသာဒ်များဆောက်လုပ် လှူဒါန်းခြင်းများပေါ်ထွန်းခဲ့သည်။

ပြာသာဒ်ဆောင်များတွင် ကနုတ်ချက်သွင်း၍ ပန်းခက်အမျိုးမျိုးကို ထုထွင်းကြရာ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ်၊ ငါးထပ် စသည့်လက်ရာမြောက် အထပ် ပန်းများဖြစ်ပေါ်လာသည်။

ဂူခံ၍ တည်ဆောက်သော ဘုရားပုထိုးတို့၏ နံရံမျက်နှာကြက်၊ တိုင်ဖုံးနှင့် နဖူးစည်းတို့တွင် အကွက်ဆိုက်သလို ပန်းချီများကိုရေးခြယ်ခဲ့ကြရာမှ နံရံပန်းချီဟူ၍ ပညာတစ်ရပ် သီးသီးသန့်သန့် ပေါ်ထွက်လာသည်။

နံရံပန်းချီသည် ဗုဒ္ဓဝင်၊ မဟာဝင်နှင့် ၅၅၀ အစရှိသည့် ဇာတ်နိပါတ်တို့မှ ကောင်းနိုးရာရာကိုရွေးထုတ်၍ ရေးခြယ်ခြင်းဖြစ်ရာ ဗုဒ္ဓယဉ်ကျေးမှု ရုပ်ပြဇာတ်လမ်းသဖွယ် ဖြစ်လာသည်။ ထိုခေတ်က စာမတတ်သူတို့အား ပန်းချီပညာဖြင့် ပညာပေး အသိကြွယ်စေရာ၌ ထိရောက်သော လက်နက်ကောင်းတစ်ရပ်ဟု ဆိုရမည်။ ဗုဒ္ဓယဉ်ကျေးမှု ပြန့်ပွားရေးအတွက် အထောက်အပံ့ ကောင်းတစ်ရပ်လည်းဖြစ်သည်။

ဘာသာတရားအပေါ် ယုံကြည်ချက် စိတ်စေတနာနှင့် သဒ္ဓါတရားတို့ကို ပေါင်းစပ်လုပ်ကိုင်သည့်အခါ မွမ်းမံမှုအနု ပညာရပ်တို့လည်း လမ်းစစိတ်ကူးရှိလျှင်ရှိသလောက် အဆင့်ဆင့် ပြန့်ပွားထွန်းကားလာခဲ့သည်။

အုတ်ကိုစီသည့် ပန်းရန်ပညာဖြင့် အင်္ဂတေပန်းအမျိုးမျိုး၊ ရုပ်ထုရုပ်လုံးအမျိုးမျိုးကို ထုလုပ်သည်။ ပန်းတော့နှင့် ကျောက်ကိုထုထွင်းသည့် ပန်းတမော့ပညာလည်း ထွန်းကားလာသည်။ ပွတ်လုံး၊ ပွတ်ခြမ်း၊ လှည်းပုံတောင်း၊ ဆွမ်းအုပ်၊ ကလပ်၊ လက်ရန်းတို့ကို ဖန်တီးပြုလုပ်သည့် ပန်းပွတ်ပညာလည်း ပေါ်ထွက်လာသည်။

သံကိုမီးဖုတ်ပြီး ဓားလှံစသည်တို့ကို ပြုလုပ်သည့် ပန်းပဲပညာရပ်နှင့် ဘုရား၊ ထီး၊ ခေါင်းလောင်း၊ ကြေးစည်၊ ဆည်းလည်း၊ မောင်း၊ သံလွင် စသည့်ဝတ္ထုပစ္စည်းများအတွက် ကြေးနှင့်သံတို့ကို ကျိုချက်သွန်းလောင်းလုပ်ကိုင်ရသည့် ပန်းတဉ်းလုပ်ငန်းတို့လည်း ထွန်းကားလာသည်။

ထို့အတူ ဆင်းတုအမျိုးမျိုးကို ဆင်ယင်သည့် မကိုဋ် အမျိုးမျိုး၊ စလွယ်အမျိုးမျိုး၊ နားပန်တော်အမျိုးမျိုးနှင့် စည်းပုံ၊ လက်ကြပ် စသည့်လက်ဝတ်ရတနာအမျိုးမျိုး၊ အသုံးအဆောင် အမျိုးမျိုးကိုပြုလုပ်သည့် ရွှေပန်းထိမ်၊ ငွေပန်းထိမ်လုပ်ငန်းများလည်း ထွန်းကားလာပြန်သည်။

ထို့ပြင် နှီး၊ ဝါးတို့ကိုအခြေခံ၍ ပြုလုပ်သည့် ပန်းယွန်းပညာရပ်နှင့် ရွှေဆိုင်းခတ်သည့်လုပ်ငန်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုး လုပ်ငန်း၊ မှန်စီရွှေချလုပ်ငန်းနှင့် ဘော်ကြယ်စီသည့် လုပ်ငန်းများလည်း နောက်ဆက်တွဲ အနုပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့သည်။ ထိုထိုသော မွမ်းမံမှုအဖုံဖုံကို နတ်၊ သိကြား၊ ဗြဟ္မာ၊ ယက္ခ၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ မနုသီဟ၊ ခြင်္သေ့၊ ဟင်္သာ၊ ဒေါင်း၊ ကရဝိက်၊ ဂဠုန်၊ နဂါး၊ နရား၊ ဆင်၊ မြင်း၊ ကိန္နရီ၊ ကိန္နရာ၊ မကန်း စသည့်သတ္တဝါအမျိုးမျိုးကို အသွင်အမျိုးမျိုးဖြင့် မြင်ကြရပါသည်။

ဆင်းတုအသီးသီးမှ မုဒြာအမျိုးမျိုးကို ဖူးတွေ့ကြရသည်။ ပဒုမ္မာကြာ၏ ဖူးဟန်၊ ငုံဟန်၊ ပွင့်ဟန်တို့ကို အခြေပြုထားသည့် သမင်အမျိုးမျိုးနှင့် ပန်းခက်၊ ပန်းနွယ်အမျိုးမျိုးကို အဆန်းတကြယ် တွေ့ကြရသည်။

စဉ့်တွင်သွန်းလောင်းထားသည့် ရုပ်လုံး၊ ရုပ်ကြွအဖုံဖုံကို မြင်ကြရသည်။

အာရုံခံ တန်ဆောင်းကြီးများအတွင်း မျက်နှာကြက်ကို ရွှေချပြီး တိုင်လုံးကြီးများတွင် ရွှေဇဝါရေးထားရာ

ပန်းအမျိုးမျိုးနှင့် နဝ ၊ သိကြား၊ မြင်းကျား ရုပ်အမျိုးမျိုးမှာ မျက်စိပသာဒကို ရှုမငြီးဖွယ်ဖြစ်စေသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့သည် မြန်မာ့ယဉ်ကျေးမှု အနုလက်ရာတို့ စုဝေးရာနေရာဖြစ်ခဲ့သည်။ ထိုအဆောက်အအုံ အဖုံဖုံသည် ဗုဒ္ဓယဉ်ကျေးမှု ပြတိုက်ကြီးများ သဖွယ်ဖြစ်သည်။ လယ်သမား၊ ယာသမားတို့သည် ကျွဲကျောင်းရင်း၊ နွားကျောင်းရင်း၊ လယ်ထွန်ရင်း၊ ထင်းခွေရင်း၊ ယာခုတ်ရင်းဖြင့် ကျယ်ပြန့်သော အာရုံခံတန်ဆောင်း၊ ပြာသာဒ်၊ ဂူ၊ ကျောင်းများအတွင်း ဝင်ရောက်၍ အပန်းဖြေသည့်အခါ ဖြေကြသည်။ နေမိုးခိုသည့်အခါ ခိုကြမည်။ သဒ္ဓါကြည်ညိုစိတ်ဖြင့် ဇာတ်နိပါတ် ရုပ်ထုရုပ်လုံးနှင့် ဆင်းတုပုထိုးအမျိုးမျိုးကို ဖူးမြော်သည့်အခါ ဖူးမြော်ကြသည်။ ထိုသောအခါ ဗုဒ္ဓ၏ရေအစုံ၊ မီးအစုံဖြင့် တန်ခိုးပြာဋိဟာ ပြခန်းတို့ကို ဖူးတွေ့ရသော် အံ့သြခြင်းဖြစ်ကြသည်။ ဘုရားအလောင်း သုမေဓာသူဌေးသား၏ အလှူပေးခန်းကိုမြင်ရသော် ဒါနပါရမီ၏ ကြီးကျယ်မြင့်မြတ်ပုံကို အားကျကြပေမည်။

ဘူရိဒတ်နဂါးမင်း၏ ဇာတ်နိပါတ်ကို ရှုမြင်ကြရသော် သီလစောင့်ထိန်းခြင်း၏ အကျိုးအာနိသင်ကို သဘောပေါက်သူတို့ ပေါက်ကြပေသည်။ ထို့အတူ သုဝဏ္ဏသျှံမြားမှန်ချက်ကိုကြည့်ပြီး သစ္စာတရား၏ လေးနက်ပုံကို ဆင်ခြင်တွေးတောသူတို့ တွေးတောမိကြပေမည်။

သားသေ၊ လင်ဆုံးပြီး အရူးတစ်ပိုင်း ဖြစ်ရရှာသည့် ပဋာစာရီ၏ ဇာတ်ရုပ်လုံးရုပ်ကြွများကို မြင်ကြရသည့်အခါတွင်မူ ကရုဏာသက်ပြီး တရားရသူတို့ရကြပေမည်။ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း၊ နန္ဒောပနန္ဒနဂါးမင်းအား ချွတ်ခန်းနှင့် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူခန်းတို့ကို ရှုမြင်ကြရသော် ဝမ်းမြောက်၍ ဓမ္မာရုံ၌ပျော်မွေ့ကြဖွယ်ရာ ရှိသည်။ ထိုမှတစ်ဆင့်တက်ပြီး သန္တရသခေါ် စိတ်တည်ငြိမ် အေးချမ်းမှုကို ရသူတို့ရကြပေမည်။

လယ်သမား၊ ယာသမား၊ ထန်းသမား၊ အိုးဖုတ်သမား၊ အလုပ်သမားစသည့် ပြည်သူလူထုသည် မြန်မာမှုအနုပညာတို့၏ အရသာကို နည်းအမျိုးမျိုးဖြင့် လေ့လာခံစားခွင့် ရခဲ့ကြပေသည်။ အပန်းလည်းပြေ ပညာလည်းရ ကုသိုလ်လည်းရသည့် မြန်မာမှု အနုပညာရပ်များဟုဆိုရမည်။

ထိုမြန်မာမှု အနုပညာရပ်တို့သည် မနေ့တစ်နေ့ကမှ ပေါ်ပေါက်ခဲ့သည်မဟုတ်ပေ။ နှစ်ပေါင်း ရာထောင်မက ကြာမြင့်ခဲ့သည်ဖြစ်သော မြန်မာ့သမိုင်းကြောင်းတွင် ရှေးမြန်မာတို့ကာယ၊ ဉာဏ၊ စွမ်းအားဖြင့် ဖန်တီးခဲ့သော မြန်မာမှုများအနက်မှ 'ပန်း' နှင့်စပ်ဆိုင်ရာ မြန်မာမှုအချို့အဝက်ကို မိတ်ဆက်သဘော တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ဦးမင်းနိုင်

## ခက်ဆစ်အဖွင့်

၁။ မြန်မာမှု = မြန်မာတို့ အစဉ်အလာအရ ဝတ်စားဆင်ယင် ပြောဆိုကျင့်ကြံ နေထိုင်မှုများ။
၂။ ဝီဝီပြင်ပြင် = ထင်ထင်ရှားရှား။
၃။ အနုသုခုမ = ဂီတ၊ ကဗျာ၊ ပန်းချီ၊ ပန်းပု စသောအနုပညာ။
၄။ မြေစိုက်စေတီ = အောက်ကအုတ်တိုက်အဆောက်အအုံမခံဘဲ မြေပေါ်တွင်တည်ထားသောစေတီ။
၅။ ပုထိုး = ဘုရားစေတီ။
၆။ ဂူ = ဂူဘုရား၊ အောက်က အုတ်တိုက်ခံ၍ တည်ထားသောဘုရား။
၇။ ဌာပနာ = ထည့်သွင်းသည်။
၈။ ရွှေပိန်းချ = တစ်ပြင်လုံး ရွှေအပြည့်ချသည်။
၉။ ရုပ်ကြွ = ဖောင်းကြွအောင်ပြုလုပ်ထားသောရုပ်ပုံ။
၁၀။ ရုပ်ခွက် = အတွင်းသို့ချိုင့်ခွက်နေသည့် ပုံစံဖြင့်ပြုလုပ် ထားသောရုပ်ပုံ။
၁၁။ အုတ်ခွက်ဘုရား= ရွှံ့ပျော့တွင် ဘုရားပုံစံကို ပုံစံခွက်ဖြင့်နှိပ်၍ ပြုလုပ်ပြီး မီးဖုတ်ထားသောဘုရားပုံ။
၁၂။ တံခွန်တိုင် = ဘုရား၊ ကျောင်းတို့အနီးတွင် တံခွန်အဖြစ် စိုက်ထားသောတိုင်။
၁၃။ ကနုတ် = အနွယ်၊ အခက်၊ အရွက် စသည်တို့ရစ်ပတ် ထွေးယှက်နေသော ပုံသဏ္ဍာန်ရှိသည့် အဆင်တန်ဆာ အမွမ်းအမံ။
၁၄။ နံရံပန်းချီ = ဂူဘုရားစသည်တို့၏ အတွင်းနံရံတွင်ရေးဆွဲထားသော ပန်းချီပုံများ။
၁၅။ ပန်းရန် = အုတ်အင်္ဂတေတို့ဖြင့် အဆောက်အအုံ ဆောက်လုပ်သည့်အတတ်ပညာ။
၁၆။ ပန်းတမော့ = ကျောက်ဆစ်အတတ်ပညာ။
၁၇။ ပန်းပွတ် = သစ်သား၊ ဆင်စွယ် စသည်တို့ကိုပွတ်ခံ၍ ပုံဖော်သည့်အတတ်ပညာ။
၁၈။ ပန်းပဲ = သံထည်အမျိုးမျိုး သွန်းလုပ်သည့်အတတ်ပညာ။
၁၉။ ဆည်းလည်း = လှုပ်လျှင် အသံမြည်သော ခေါင်းလောင်းငယ်။
၂၀။ အပြောက်အမွမ်း= ရုပ်လုံးရုပ်ကြွ ခြူးပန်းခြူးနွယ် စသည်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ဗိသုကာ လက်ရာ။
၂၁။ လက်ရန်း = လှေကား စသည်တို့ဘေးမှ တပ်ဆင်ထားသော ထိန်းကိုင်စရာတန်း။
၂၂။ လှည်းပုံတောင်း= ဝင်ရိုးစွပ်ရာ လှည်းဘီးအစိတ်အပိုင်း။
၂၃။ ပန်းတဉ်း = ကြေးထည်အမျိုးမျိုးသွန်းလုပ်သည့် အတတ်ပညာ။
၂၄။ မကိုဋ် = ဘုရင်စသော မြင့်မြတ်သူတို့ ဆောင်းသည့် ဦးခေါင်းအဆင်တန်ဆာ။
၂၅။ ပန်းယွန်း = ယွန်းထည်ပြုလုပ်သော အတတ်ပညာ။
၂၆။ ရွှေဆိုင်းခတ် = ဘုရားတွင်ရွှေချရသည်။ရွှေဆိုင်းပြုလုပ်သည်။
၂၇။ ရွှေချည်ထိုး = ရွှေနန်းကြိုး ငွေနန်းကြိုးတို့ဖြင့် အဝတ်အထည်ပေါ်တွင် ပုံအမျိုးမျိုးထိုးချုပ်သည်။

၂၈။ မုဒြာ = လက်ဟန်အမူအရာ။
၂၉။ စဥ္စု = မြေထည်ကို သုတ်လိမ်းရသော ချော်ရည် တစ်မျိုး။
၃၀။ ဗုဒ္ဓဝင် = မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်ကိုရေးသား ထားသည့်ကျမ်း။
၃၁။ မဟာဝင် = မဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက် အကြောင်းအရာများကို ရေးသားထားသည့်ကျမ်း။
၃၁။ ငါးရာ့ငါးဆယ် = ဂေါတမဘုရားအလောင်း၏ အတိတ်ဘဝ ဖြစ်စဉ် ၅၄၇ ဇာတ် (၃ ဇာတ်ဖြည့်၍ ၅၅၀ ဟု မှတ်သားကြသည်။)
၃၂။ နိပါတ် = ဘုရားဖြစ်တော်စဉ် ဇာတ်တော်များကို ကာလအရေအတွက်အလိုက် စုစည်းထားသော ဇာတ်ဝတ္ထုအစု။
၃၃။ စလွယ် = ပခုံးတွင်သိုင်း၍ လွယ်ထားရသော အဆင်တန်ဆာ။
၃၄။ နားပန်တော် = နားတွင်ပန်ဆင်ရသော အဆင်တန်ဆာ။
၃၅။ စည်းပုံ = အမျိုးသမီးများဦးခေါင်း၌ ဝတ်ဆင်ရသော အဆင်တန်ဆာ။
၃၆။ ယက္ခ = ဘီလူး။
၃၇။ ကုမ္ဘဏ် = နတ်ဘီလူးတစ်မျိုး။
၃၈။ ဂန္ဓဗ္ဗ = နတ်သီချင်းသည်။
၃၉။ မနုဿသီဟ = လူမျက်နှာတစ်ခုနှင့် ခြင်္သေ့ကိုယ်နှစ်ခုပါသော ရုပ်သဏ္ဌာန်။
၄၀။ နရား = ခြေလေးချောင်းပါသောနဂါးရုပ်။
၄၁။ မကန်း = ကိုယ်အကြေးခွံ၊ နှာမောင်း၊ ခြေလေးဖက်၊ အမြီး စသည်တို့ပါသော ရေသတ္တဝါ။
၄၂။ ရွှေဇဝါ = ရွှေမင်ဖြင့် ရေးခြယ်ထားသော ပန်းခက်အရုပ် စသည်။

## သင်ခန်းစာအကျဉ်း

မြန်မာမှုဆိုသည်မှာ မြန်မာ့အစဉ်အလာအရ ဝတ်စားဆင်ယင် ပြောဆိုကျင့်ကြံနေထိုင်မှု အားလုံးပင်ဖြစ်သည်။ မြန်မာတို့သည် အစဉ်အလာကောင်းတို့ကို လက်ဆင့်ကမ်းထိန်း သိမ်းခဲ့ကြသည်။ မြန်မာအက္ခရာသည် ပုဂံခေတ်မှစတင်ပေါ် ထွန်းခဲ့ပြီး မြန်မာစာဟူ၍လည်း သီးသီးသန့်သန့် ပေါ်ထွန်းလာခဲ့သည်။ ပန်းချီ ပန်းပု၊ရုပ်ထု၊ ရုပ်လုံး၊ ရုပ်ကြွအမျိုးမျိုးဖြင့် ဘာသာရေးအဆောက် အအုံများတွင် တန်ဆာဆင်ကြသည်။ စေတီပုထိုး အမျိုးမျိုးပြုလုပ် ပူဇော်ခဲ့ကြသည်။ ဘုရား၊ ဂူ၊ ပုထိုး၊ နံရံပန်းချီများကိုလည်း ပြုလုပ်ပူဇော်ခဲ့ကြသည်။ မှန်စီရွှေချ လက်ရာများနှင့်၊ ရုပ်လုံးရုပ်ကြွများကို မြင်ရသောအခါ သဒ္ဓါရသ ကိုခံစားကြရသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ မြန်မာမှုဆိုသည်မှာအဘယ်နည်း။ သင်သိသော မြန်မာမှု အမျိုးမျိုးကို ထုတ်ဖော်ရှင်းပြပါ။

၂။ မြန်မာတို့အတွက် မြန်မာမှုဖြစ်သော ပန်းပညာရပ်များသည်အရေးပါ ပါသလား။ ရှင်းပြပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာကဗျာလက်ရွေးစင်

## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊
သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာကဗျာလက်ရွေးစင်

## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊
သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်ကော်မတီ
၂၀၁၈-၂၀၁၉

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ - ၁၃၅၀၀၀

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

## အမှာစာ

မြန်မာနိုင်ငံပညာရေးကို အဆင့်အတန်း မြင့်မားစေရန် ပညာရေးအစီအစဉ်သစ်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုအစီအစဉ်သစ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာဘာအခြေခံ ခိုင်ခံ့တောင့်တင်း၍ ကျွမ်း ကျင်စွာ တတ်မြောက်စေရန် မြန်မာစာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံအထက်တန်း မြန်မာစာသင်ကြားခြင်း ရည်ရွယ်ချက်ကို အောက်ပါ ၊တိုင်း ချမှတ်သင်ကြားမည် ဖြစ်ပါသည်။

၊ စကားပြေလေ့လာရာတွင် အကြောင်းအရာ၊ အရေးအသားနှင့် အလက်ာတန်ဆာဆင်မှုကို သိရှိ စေရန်။

၊ ကဗျာကိုလေ့လာရာတွင် ကဗျာအဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိ နားလည်စေရန်။

၊ ဝေါဟာရကြွယ်ဝစေရန်နှင့် ကျွမ်းကျင်စွာသုံးနှုန်း တတ်စေရန်။

။ စာကိုပြေပြေပြစ်ပြစ်နှင့် တန်ဆာဆင် ရေးတတ်စေရန်။

။ စာစီစာကုံး လေ့ကျင့်ပေးရန်။

အထက်ပါ ရည်မှန်းချက်နှင့်အညီ အခြေခံအထက်တန်း ဒသမတန်းတွင် သင်ကြားနိုင်ရန် မြန်မာ ဗျာလက်ရွေးစင်ကို ရွေးချယ်ပြုစုပါသည်။

ကဗျာများကို ရွေးချယ်ရာတွင် ကဗျာဖွဲ့နည်းပုံစံများ စုံလင်စေရန် ကဗျာအကြောင်းအရာများ လင်စေရန်နှင့် ခေတ်အစဉ် ပေါ်လွင်စေရန် ရွေးချယ်ခဲ့ပါသည်။

ကဗျာဆိုသည်မှာ ခံစားမှုရသပေါ်လွင်အောင် ကာရန် စည်းကမ်းနှင့်ဖွဲ့ဆိုသီကုံးရသောစာဖြစ်သည်။ ခကြောင်းအရာကိုလိုက်၍ ကဗျာဖွဲ့နည်း ပုံစံအမျိုးမျိုးရှိသည်။ လင်္ကာ၊ တောလား၊ ရတု၊ အန်ချင်း၊ ဘျာချင်း၊ ခိုင်ချင်း၊ တေးထပ်၊ သံချို၊ လေးချိုးကြီးစသည်ဖြင့် ကဗျာဖွဲ့နည်းပုံစံများ ကွဲပြားသည်။ ကဗျာဖွဲ့နည်းပုံစံများ ဉ် အကြောင်းအရာနှင့် လိုက်ဖက်အောင် ရေးဖွဲ့ရမြဖြစ်သည်။ ဇာတ်တော်အကြောင်း ကိုပျို့လင်္ကာပုံစံ၊စစ်ရေး ငင်ရေးအကြောင်းကို ဧချင်း၊ မော်ကွန်းပုံစံ၊ တောတောင်ရေမြေရာသီဥတုအကြောင်းကို ရတုပုံစံဖြင့် ဖွဲ့နွဲ့ လှရှိသည်။ ကြွယ်ဝသော မြန်မာကဗျာပုံစံ အမျိုးမျိုး၏အလှကို ခံစားသိမြင် နိုင်စိမ့်သောငှာ ဤသို့ စီစဉ် ထားခြင်းဖြစ်သည်။

ကဗျာများသည် ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက် မြကန်သာယာပုံမှ အင်္ဂလိပ်လက်ထက် ခညာယာသမားတို့ ဆင်းရဲဒုက္ခရောက်ကြပုံအထိ အကြောင်းအရာစုံ ဖြစ်သည်။ မြန်မာ့လူမှု ဘဝပတ်ဝန်းကျင် င့် ဓလေ့ထုံးတမ်းစဉ်လာကို နှစ်သက်ဖွယ် နည်းလမ်းဖြင့်ခံစားမြင်သိ သတိမူစိမ့်သောငှာ ဤသို့စီစဉ် ထားခြင်းဖြစ်သည်။

ကဗျာအပုဒ်တိုင်း၏ အဖွင့်တွင်လည်း စာဆိုအကြောင်း၊ ကဗျာအကြောင်းနှင့် ကဗျာပုံစံအကြောင်း တို့ကို ကဗျာ၏နောက်ခံကားအဖြစ် မိတ်ဆက် လမ်းခင်းပေးထားပါသည်။ တပည့်များ၏နားနှင့် သင့် အကျဉ်းမျှ နိဒါန်းခင်းပေး လိုက်ခြင်းဖြစ်သည်။ အလေ့အလာ၊ အဖတ်အရှု ဗဟုသုတ ဆည်းပူးသော ဆရာ သည် မိမိတပည့်များအား ယခုထက် ပိုမိုပြည့်စုံစွာ မိတ်ဆက်ပေးလိုလျှင်လည်း တပည့်များ၏ အခြေအနေ ကိုလိုက်၍ မိတ်ဆက်ပေးနိုင်ပါသည်။ မြန်မာစာကို ပိုမိုစိတ်ဝင်စားလာစေမည့် အကျိုးရနိုင်ပါသည်။

ထို့ပြင် ကဗျာတစ်ပုဒ်ဆုံးတိုင်း ခက်ဆစ်အဖွင့်များကို ထည့်သွင်းပေးထားပါသည်။ ဆရာနှင့်တကွ တပည့်များအဖို့ ကဗျာလေ့လာရာ၌ လွယ်လွယ်ကူကူ လေ့လာနိုင်စေရန် ဖြစ်သည်။

ခက်ဆစ်ဖွင့်ရာတွင် မြန်မာအဘိဓာန် အကျဉ်းချုပ်လာ အဘိဓာန်အနက်ကို ကဗျာထွက်အနက်နှင့် ညှိ၍ ကဗျာ့သဘောနှင့် လိုက်လျောအောင် ဖွင့်ပြထားပါသည်။

ဤကဗျာများကို သင်ကြားပို့ချရာတွင် ဆရာများအား အကြံပေးမှာကြားလိုသော အချက်များ ပါသည်။

ကဗျာကို အဖြတ်အတောက်၊ အရပ်အဆိုင်းမှန်မှန်၊ ဌာန်ကရိုဏ်းကျကျ ရွတ်ပြပါ။ ကဗျာသည်ရွတ် ဆိုဖို့ ရေးသောစာဖြစ်သည်။ ရတု၊ တေးထပ်၊ အိုင်ချင်း၊ လေးချိုး၊ သံချို စသည်တို့ကို ရှေးပညာရှင်တို့သည် စနစ်တကျ ရွတ်ဆိုခဲ့ကြသည်။ စာနာသူတို့ကလည်း ကဗျာရွတ်ဆိုသံကို အရသာခံ၍ ကြားနာခဲ့ကြသည့် အစဉ်အလာရှိသည်။

ကဗျာသည် ဘာသာစကားကို အကောင်းဆုံး၊ အထူးခြားဆုံး ဖန်တီးထားသော စာပေလက်ရာဖြစ် သည်။ စာဆိုသုံးထားသည့် စကားလုံးများသည် ကဗျာတွင်နေရာတကျ သင့်လျော်ညီညွတ်မှု ရှိနေတတ်သည်။ ထိုသို့ရှိနေတတ်ပုံကို ခက်ဆစ်အဖွင့်၏ အကူဖြင့်ရှင်းပြပါ။ သို့မှသာ စကားလုံးတို့ကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် တိတိကျကျ၊ ကျစ်ကျစ်လျစ်လျစ် သုံးတတ်သော စာဆိုတို့၏စွမ်းရည်ကို အကဲခတ်နိုင် ပေလိမ့်မည်။

ကဗျာတွင်ပါဝင်သော ဇာတ်ဆောင်တစ်ဦး သို့မဟုတ် ဇာတ်ဆောင်များကို ဖော်ထုတ်ပါ။ 'ဘုန်းနှင့် ကံနှင့် ရွှေသဇင်' ကဗျာတွင် ကဗျာ၏ဇာတ်ဆောင်သည် သဇင်ပန်းပင်ဖြစ်သည်။ ဤသဘောအတိုင်းပင် အခြားကဗျာ တို့တွင်လည်း ဇာတ်ဆောင်တို့ကို ဖော်ထုတ်ပါ။

ကဗျာနှင့်ဆိုင်သော အခါကာလ၊ ကဗျာနှင့်ဆိုင်ရာ နေရာဒေသတို့ကို မှန်းဆပါ။ နေ့၊ ညာ၊ လ၊ နှင့် ရာသီ စသော ကာလကိုလည်းကောင်း၊ နန်းတွင်း၊ နန်းပြင်၊ လယ်တောယာတော၊ မြစ်ကမ်း၊ ကျောင်း သောနေရာဒေသ ကိုလည်းကောင်း မှန်းဆပါ။ ကာလဒေသ နောက်ခံကြောင့် ကဗျာ၏ ရုပ်ပုံကားသည် မိုကြွတက်လာဖွယ်ရှိပါသည်။

ကဗျာပါအဖြစ်အပျက်၊ ကဗျာပါအရေးကိစ္စ၊ ကဗျာပါ အကြောင်းအရာကို ဖော်ထုတ်ကြည့်ရင်း ကဗျာဆို၏အာဘော်၊ စာဆို၏ ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်း သိနိုင်စေရန်ဖြစ်သည်။

ကဗျာ၏ရည်ရွယ်ချက်သည် အဘယ်နည်း။ စာသင်သားများကို ဆုံးမလိုသည့် ရည်ရွယ်ချက်ဖြစ်သည်ဟုလည်းကောင်း၊ ရှေးခေတ်လယ်သမား ယာသမားတို့၏ဘဝကို သိမြင်စာနာစေလိုသည့် ရည်ရွယ်ချက်ဖြစ်သည်ဟုလည်းကောင်း ရည်ရွယ်ချက် အမျိုးမျိုးရှိတတ်သည်။ ထိုရည်ရွယ်ချက်တို့ကို ဖော်ထုတ်ကြည့်လျှင် ကဗျာ၏အဓိပ္ပာယ်ကို ပို၍ပြည့်ပြည့်စုံစုံ နားလည်နိုင်ပေမည်။

ကဗျာသည်ခံစားမှုပေးသော အဖွဲ့အနွဲ့ဖြစ်သည်။ ချစ်ခင်ခြင်း၊ ကြည်ရွှင်ခြင်း၊ လွမ်းဆွတ်ခြင်း၊ အားတက်ခြင်း စသောခံစားမှုအမျိုးမျိုးကို ပေးနိုင်စွမ်းရှိသော အဖွဲ့အနွဲ့ဖြစ်သည်။ ထိုခံစားမှု၏အစွမ်းဖြင့် ဘဝအသိ၊ ဘဝအမြင်ကို မြင့်မြင့်လာစေနိုင်သည်။ ထို့ကြောင့် ကဗျာ့အရသာကို တပည့်များ ခံစားတတ်အောင် သင်ပေးဖို့လိုသည်။

ခံစားရာတွင် ဘဝအတွေ့အကြုံအလျောက်၊ ခံစားနိုင်သော စွမ်းအားအလျောက် ခံစားပုံအမျိုးမျိုး ကွဲပြားနိုင်သည်။ ယင်းသို့ ခံစားပုံမတူလျှင်လည်း သင့်လျော်သော အကျိုးအကြောင်းကို စစ်မေး၍ ကဗျာ့အရသာခံစားတတ်သော စွမ်းရည်မြင့်လာအောင် ဆရာကကူညီသင့်သည်။

ထို့နောက် ကဗျာဖွဲ့နွဲ့ပုံတို့ကို ဆက်လက်လေ့လာသင့်သည်။ ဖွဲ့နွဲ့ပုံကို သင်ကြားပေးရာတွင် တပည့်များသိသင့် သိထိုက်သော အလင်္ကာအချို့နှင့် ဂုဏ်အချို့ကို နားလည်သဘောပေါက်အောင် ရှင်းပြရန်ဖြစ်သည်။

ကဗျာကိုတန်ဆာဆင်ရာတွင် စာဆိုတို့သည် ဝေါဟာရတ္ထိအလင်္ကာကိုသုံးလေ့ရှိကြသည်။ အသံအဆင်တန်ဆာဖြစ်သော မြည်သံဖွဲ့အလင်္ကာကို လည်းကောင်း၊ ဝေါဟုတ္ထိအလင်္ကာ အမျိုးအစားတို့အနက် ခိုင်းနှိုင်းအဆင်တန်ဆာဖြစ်သော ဥပမာအလင်္ကာ၊ ယှဉ်တွဲ အဆင်တန်ဆာဖြစ်သော ရူပကအလင်္ကာ၊ လွန်ကဲဖွဲ့အဆင်တန်ဆာဖြစ်သော အတိသယုတ္တိအလင်္ကာ တို့ကိုလည်းကောင်း၊ ရေရေလည်လည် သဘောပေါက်အောင် သင်ကြားပေးသင့်သည်။ ယင်းသို့ အလင်္ကာအကြောင်းကို သင်ကြားပေးရာတွင် ကဗျာ၏အာဘော် ကဗျာ၏ဆိုလိုချက်ကို ထက်ထက်မြက်မြက်ဖြစ်အောင် ပို့ဆောင်ပေးသော အဆင်တန်ဆာအဖြစ် သင်ကြားသင့်သည်။ ကဗျာ့အာဘော်နှင့် အဆက်အစပ်မရှိဘဲ အလင်္ကာစကားချည်း သက်သက်ကိုကွက်၍ သင်ကြားလေ့လာခြင်း မဖြစ်သင့်။

ထို့ပြင် ကဗျာ့ဂုဏ်အချို့ကိုလည်း ရှင်းလင်းသင်ကြားပေးသင့်သည်။ ကာရန်ထပ်သော နဘောထင်ဂုဏ်၊ ချိုသာသော မဓုရတာဂုဏ်၊ သိလွယ်ရှင်းလင်းသော ပသာဒဂုဏ်၊ ကျစ်လျစ်သိပ်သည်းသော ဩဇဂုဏ် သက်မဲ့ကို သက်ရှိ၊ ပုံသဏ္ဌာန်မဲ့ကို ပုံသဏ္ဌာန်ရှိ စသည်ဖြင့် မရှိကိုအရှိပြုကာ တင်စားသော သမာဓိဂုဏ် ဟူသော ဂုဏ်အချို့ကို သိနားလည်စေပြီးလျှင် ကဗျာဖွဲ့နွဲ့ပုံကို အကဲခတ်စေသင့်သည်။ တပည့်များနှင့် ဆွေးနွေးခြင်း၊ မေးမြန်းခြင်းပြု၍ တပည့်တို့နားလည်အောင် အားထုတ်သင်ကြား ပေးသင့်သည်။

ကဗျာများသည် ဇာတိမာန်နိုးကြားရေး၊ နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးလိုစိတ်ထက်သန်ရေး စိတ်ဓာတ်ကြံ့ခိုင်ရေး၊ အလှတရားကို မြင်တတ်၊ ကြည့်တတ်၊ ခံစားတတ်သည့် စိတ်ထက်သန်ရေးတို့ကို ဦးတည်ရေးဖွဲ့ထားသော ကဗျာများဖြစ်သည်။ မြန်မာစာပေလောကတွင် ထင်ရှားသော ကဗျာဆရာများ၏

လက်ရာများဖြစ်သည်။ ထိုကဗျာများကို သင်ယူဆည်းပူးခြင်းဖြင့် မြန်မာဘာသာစကားနှင့် မြန်မာ လေ့လာမှုဆိုင်ရာ အရည်အသွေးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးလာမည် မျှော်မှန်းပါသည်။

ဤနည်းအားဖြင့် တပည့်တို့၏စိတ်ကူးဉာဏ်ကို ဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးရာသည်။ အချုပ်အားဖြင့်-

(က) ကဗျာကို ရသပေါ်လွင်အောင် ဖတ်ရွတ်သီဆိုပါ။

(ခ) အဘိဓာန်ကို အသုံးချ၍ ကဗျာပါ ခက်ဆစ်စကားလုံးများကို အနက်အဓိပ္ပာယ် ဖွင့်ကြည့်ပါ။

(ဂ) ကဗျာတွင်ပါဝင်သော ဇာတ်ဆောင်ကို ဖော်ထုတ်ပါ။ ကာလဒေသကို မှန်းဆပါ။

(ဃ) ကဗျာပါ အကြောင်းအရာကို မိမိစကားဖြင့် စကားပြေ ပြန်ကြည့်ပါ။

(င) ကဗျာ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ပါ။

(စ) ကဗျာတွင် ပါဝင်သော ရသ၊ အလင်္ကာနှင့် ဂုဏ်တို့ကို ဖော်ထုတ်လေ့လာပါ။

ဆရာ၊ ဆရာမများသည် ဒသမတန်း မြန်မာကဗျာ လက်ရွေးစင်အမှာစာတွင် လမ်းညွှန်ထားသေ အချက်များနှင့်အညီ သင်ကြားရန်ဖြစ်ပါသည်။

## မာတိကာ


| စဉ် | ကဗျာအမည် | စာရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရွှေနှင့်ယိုးမှား ပန်းစံကား | ရှေးစာဆို | ၁ |
| ၂။ | မြင်စိုင်းရွှေပြည် | ငါးစီးရှင်ကျော်စွာ | ၅ |
| ၃။ | ဝိဇ္ဇာသိပ္ပလူ့ကိစ္စ | ရှင်မဟာရဋ္ဌသာရ | ၉ |
| ၄။ | ရွှေဦးကာလ မြူထသောခါ | ဝန်ကြီးပဒေသရာဇာ | ၁၃ |
| ၅။ | စစ်မှာတစ်မူ | ရှင်ငြိမ်းမယ် | ၁၇ |
| ၆။ | ဘုန်းနှင့်ကံနှင့်ရွှေသဇင် | ဦးတိုး | ၂၁ |
| ၇။ | တပေါင်းညာကျင် | ဦးယာ | ၂၅ |
| ၈။ | ဗျာနီပြည်ကြီးကဝေးသနှင့် | ဦးကြင်ဥ | ၂၈ |
| ၉။ | တောင်သူကြီး | ဖိုးသူတော်ဦးမင်း | ၃၂ |
| ၁၀။ | ဆောင်းရတုပွဲ | အချုပ်တန်းဆရာဖေ | ၃၆ |
| ၁၁။ | လေးမောင့်စံကျောင်း | ဦးပုည | ၄၀ |
| ၁၂။ | အကျွန်တို့လယ်ကောက်စိုက်တုန်းက | ကျေးလက် ရှိုးရာတေး | ၄၃ |
| ၁၃။ | သင်သေသွားသော် | ဇော်ဂျီ | ၄၇ |
| ၁၄။ | သူရဲကောင်းသုံးယောက်နှင့်ခရီးလာည် | ဌေးတာရီ | ၄၉ |
| ၁၅။ | နှင်းကိုမြင်ခိုက် | နေဘင် | ၅၂ |
| ၁၆။ | အနုပညာသည်၏အားမာန် | ထီလာစစ်သူ | ၅၅ |

## ရွှေနှင့်ယိုးမှားပန်းစိကား
## ပုဂံခေတ်

ပုပ္ပားတောင်သည် စံကားဝါပန်းပွင့်ရာ အရပ်ဖြစ်သည်။ တစ်တောင်လုံး စံကားဝါပန်းများ ဖုံးနေသဖြင့် ရွှေတောင်ကြီးဟုပင် ထင်ရသည်။

ပုပ္ပားတောင်က စံကားဝါပန်းသည် ပုဂံခေတ်ကတည်းကပင် ထင်ရှားခဲ့ဟန်တူသည်။ စံကားဝါပန်းနှင့် ပတ်သက်၍ လွမ်းစရာဇာတ်လမ်းကလေးများကိုလည်း ဒဏ္ဍာရီသဖွယ် ပြောလေ့ရှိကြသည်။ ပုဂံသူရဲကောင်း ဗျတ္တသည် ပုပ္ပားကစံကားဝါပန်းကိုခူး၍ ပုဂံနန်းတော်သို့ နေ့စဉ်ပန်းဆက်သရသတတ်။ ထိုသို့ ပန်းတော်ဆက် တာဝန်ကိုထမ်းရင်း ပုပ္ပားသူ မယ်ဝဏ္ဏနှင့်တွေ့၍ ချစ်ကျွမ်းဝင်သတတ် စသည်ဖြင့် ပုပ္ပားတောင်သည် ဒဏ္ဍာရီတည်းဟူသော ပန်းများဖုံးနေသည့် တောင်လည်းဖြစ်သည်။

၎င်း "ရွှေနှင့်ယိုးမှား ပန်းစံကား" လင်္ကာသို့မဟုတ် အချင်းငယ်သည် ပန်းပဲမောင်တင့်တယ်၏ နှမငယ်အကြောင်း ဖွဲ့ဆိုသောလင်္ကာဟု ကဗျာဗန္ဓသာရကျမ်းဆရာ ပုဂ်ဝန်ထောက် ဦးတင်ကဆိုသည်။ ကဗျာတွင် မိန်းမပျိုတစ်ဦးက မိမိ၏မေတ္တာ ဇာတ်လမ်းအကြောင်း ပြောပြနေဟန် ဖွဲ့ထားသည်။

ရှေးမြန်မာအမျိုးသမီးတို့၏ ကိုယ်ကျင့်တရား မေတ္တာတရားတို့ကို လေးစားဖွယ်တွေ့ရသည်။

၎င်းလင်္ကာသို့မဟုတ် အချင်းငယ်သည် ပုဂံခေတ်က ပေါ်ပေါက်ခဲ့သော တေးကဗျာဟူ၍လည်းကောင်း၊ သေဥ်လည်ကြောင်မင်း လက်ထက်တွင် ပေါ်ပေါက်ခဲ့သော တေးကဗျာဟူ၍လည်းကောင်း အမှတ်အသားရှိသည်။

## ရွှေနှင့်ယိုးမှား ပန်းစံကား

သိုးကလေ
ပုပွားနတ်တောင်
အခေါင်မြင့်ဖျား၊ စုံတောပြား၌
နှံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်
ရွှေနှင့်ယိုးမှား၊ ပန်းစံကား။

သိုးကလေ
စံကားပွင့်နှင့်
နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး
မောင်ကြီးနှမ၊ ညက်လှပြာစင်
မယ့်သည်ပင်သည်၊ ခရီးသား
သိုးကလေ
မြိတ်လွတ်စုလည်း
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်
နှလုံးမခြား၊ စောင့်တရား။

ဆွေမိမင်း
မျက်သုတ်နီစင်
ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ
မတ်ကြီးလျာကို
မယ်သာကြိုက်မိ၊ တုမရှိ။

သက်ာ

ရေးစာဆို

## ခက်ဆစ်အဖွင့်

၁။ ယိုးမှား = ဆင်တူသည်။

၂။ သိုး = ဦးထုပ် သို့မဟုတ် ခမောက်။ (သိုးကလေဆိုသည်မှာ သိုးကို လေဟူသော အာလုပ်စကားတည်း။ ဆိုလိုသည်မှာ ဦးထုပ်သို့မဟုတ် ခမောက်ဆောင်းထားသော မင်းမဟာဂီရိနတ်ကို ခေါ်ဝေါ်တိုင်တည်သောစကားဖြစ်သည်။)

၃။ စုံတောပြား = သစ်ပင်ချုံနွယ်များ ထူထပ် များပြားစွာ ပေါက်ရာတော။

၄။ နံ့ရှား = ရနံ့မွှေးကြိုင်သည်။

၅။ ခါတန် = အချိန်သင့်။ အခါသင့်။

၆။ ညက်လှပြာစင် = နူးညံ့စင်ကြယ်သော အသားအရေရှိသူ။

၇။ မယ့်သည်ပင် = မယ့်ချစ်သူ။

၈။ မြိတ်လွတ် = တစ်ပတ်လျှို တစ်ပတ်ရစ် ဆံထုံး။

၉။ စုလည်း = ဦးစွန်းကိုကြက်တောင်စည်း၍ ထုံးသောဆံထုံး။

၁၀။ မျိုးသည်မင်း = လင်ယောကျ်ား။

၁၁။ မျက်သုတ်နီစင် = စင်ကြယ်သော မျက်နှာသုတ်ပဝါအနီ။ ရွှေခါးစည်းပဝါ။

၁၂။ ရထည်း = နံကြီးပိတ်ချောအထည်။

၁၃။ ဖျင် = အကျႌ။

၁၄။ ကျိုင်းစင်မြဝါ = ဖွံ့ဖွံ့ထွားထွား စင်ကြယ် စိုပြည်သူ။ ချစ်ခင်ကြင်နာသူ။

၁၅။ မတ်ကြီးလျာ = အမတ်ကြီးအဖြစ် လျာထားခြင်းခံရသူ။ (အတိုင်းအရှည်ကို သိတတ်ဆုံးသော ဘုရင်မင်းမြတ်ဟုလည်း အချို့က အနက်ဖွင့်သည်။)

## သင်ခန်းစာအကျဉ်း

စကားဝါပန်းတလေးနှင့် နှိုင်းယှဉ်တင်စားအပ်သော မိန်းကလေးမှာ ရဲရင့်သောအမျိုးအနွယ်မှ ပေါက်ဖွားသူ ဖြစ်သည်။ သူတွင်ချစ်သူရှိနေပါပြီ။ သူချစ်သူမှာ ခရီးထွက်နေပါသည်။ သူနှင့် သူချစ်သူတို့မှာ ငယ်စဉ်ကတည်းက ချစ်ကျွမ်းဝင်ခဲ့သူများဖြစ်သည်။ သူချစ်သူမှာ ဖွံ့ဖွံ့ထွားထွား စင်ကြယ်စိုပြည်သူကလေး ဖြစ်သည်။ မိန်းမပျိုကလေးက ဤအကြောင်းကို ပုပ္ပားတောင်ရှိ မဟာဂီရိနတ်မင်းအား တိုင်တည်လျှောက် ထားပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ရွှေနှင့်ယိုးမှားပန်းစကားကဗျာတွင် မိန်းမပျိုကလေး တစ်ဦးက မိမိ၏မေတ္တာဇာတ်လမ်းအကြောင်း ပြောပြဟန်ဖြင့် ရေးဖွဲ့ထားပုံကို သင့်စကားဖြင့်ပြန်ရေးပါ။

၂။ အောက်ပါဝေါဟာရများကို ဝါကျဖွဲ့ပါ။

နံ့ရှား၊ ခါတန်၊ ညက်လှပြာစင်၊ မျက်သုတ်နီစင်၊ ကျိုင်းစင်မြဝါ။

## မြင်စိုင်းရွှေပြည်
### ပင်းယခေတ်

'တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလော' ချီကာချင်းကဗျာကို မြန်မာနှစ် ၇၀၄ (ခရစ်နှစ် ၁၃၄၂) တွင် ပင်းယ၌နန်းတက်သော မြင်းစိုင်းငါးစီးရှင်ကျော်စွာ ကိုယ်တိုင်ရေးဖွဲ့သည်ဟု ပညာရှင်များ မိန့်ဆိုကြသည်။

ပင်းယခေတ်မတိုင်မီ ပုဂံခေတ်ပျက်သုဉ်းခါနီးတွင် ပြည်ပရန် နှောင့်ယှက်မှုများရှိခဲ့သည်။ တရုတ်ပြေးမင်း နရသီဟပတေ့လက်ထက် ပုဂံပြည်ကြီးပြိုကွဲကာ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယဟူ၍ ပြည်ငယ်များပေါ်ပေါက်ခဲ့သည်။ ထိုပြည်ငယ်များတွင် မြန်မာ့ယဉ်ကျေးမှုကို နှစ်သက်မြတ်နိုးသော ရှမ်းညီနောင်သုံးဦးတို့အသီးသီး မင်းပြုခဲ့ကြသည်။ ညီငယ် သီဟသူသည် ပင်းယကို မြန်မာနှစ် ၆၇၄ ခုတွင်တည်ခဲ့သည်။ သီဟသူ၏သားတော်ငယ်ကျော်စွာသည် မြင်စိုင်းကိုစားရာမှ နောင်တွင်ပင်းယ၌ မင်းဖြစ်လာသည်။ ဆင်ဖြူငါးစီးရ၍ ငါးစီးရှင်ကျော်စွာဟုတွင်သည်။

ထိုခေတ် ပြည်ပရန်ကာကွယ်မှု၊ ပြည်တွင်းအင်အား တောင့်တင်းမှုအတွက် စစ်ရေးလေ့ကျင့်ခဲ့ကြသည်။ ပြာသိုလ မြင်းခင်းသဘင်ပွဲတွင် ဆင်ရေး၊ မြင်းရေး၊ ဓားရေး၊ လှံရေး ပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။ ထိုအထဲတွင် ဗန်းငယ်ကဲ့သို့ ခပ်ဝိုင်းဝိုင်း ပုံသဏ္ဍာန်ရှိ 'ကာ' ကိုကိုင်၍ ကသောဓားရေးပြပွဲများ ပါဝင်ခဲ့သည်။ 'ကာရေး' ပြသည်ဟုလည်း ခေါ်ကြသည်။ အထူးသဖြင့် မြင်စိုင်းသားတို့သည် 'ကာရေး' ပြရာတွင် ထူးချွန်ခဲ့ပုံရသည်။ 'ကာရေး'အတွက် 'ကာချင်း'များကိုရေးဖွဲ့သီဆိုကြသည်။ စစ်သွေးစစ်မာန်များ တက်ကြွခဲ့ကြသည်။ ငါးစီးရှင်ကျော်စွာသည် ခမည်းတော်လက်ထက် မိမိငယ်ရွယ်စဉ်က ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံးမျှောင်းသုံး၊ မလိုသာချမ်းအေးမြ ချီကျာချင်းကို အထူး နှစ်ခြိုက်ခဲ့သည်။ ထို့ကြောင့်ငါးစီးရှင်ကျော်စွာ ဘုရင်ဖြစ်လာသောအခါ မိမိ၏ငယ်သားတို့ စိတ်အားတက်ရေးအတွက် အားပေးအားမြှောက်ပြုလို၍ 'မြင်စိုင်းရွှေပြည်' ကာချင်းကို ကိုယ်တိုင်စပ်ဆိုကာ ကိုယ်တိုင် 'ကာ' ရေးအစွမ်းကို ပြခဲ့သည်ဟုဆိုကြသည်။

ကာချင်းဆိုသည်မှာ လက်ယာလက်က ဓား၊ လက်ဝဲလက်က 'ကာ' ကိုကိုင်ကာ တစ်ဖက်ကတိုက်ခိုက်လာသည်ကို ကာကွယ် ဟန်၊ ဓားခုတ်ဟန်၊ ဓားဝင့်ဟန်များဖြင့် ခြေကိုသိုင်းကွက်ကျနင်း၍ ကရာတွင် သီဆိုသော သီချင်းဖြစ်သည်။ စစ်သွေးစစ်မာန် အားမာန်ဇာက်ကြွစေသော သီချင်းတစ်မျိုးဖြစ်သည်။

## မြင်စိုင်းရွှေပြည်

တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလော။
ဟုတ်တည်း ရှင်ချင်း ရှင်ချင်း။
ဟုတ်တည်း ဆွေရင်း ဆွေရင်း။
ဟုတ်တည်း သည်ရင်း သည်ရင်း။
မြင်စိုင်းဟူသည်၊ ရွှေပြည် ရွှေပြည်။
မြင်စိုင်းရွှေမြေ၊ ပန်းသင်းခွေ
ပင်ခြေချုံထက်နွယ်၊ ချုံထက်နွယ်။
တောင်လေရှုန်းရှုန်း၊ မိုးခတ်အုန်း
ကင်ပုန်းပွင့်ချီချယ် ပွင့်ချီချယ်။
နွယ်ပန်းခွာညို၊ ပွင့်ပေလို
ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။
တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ
သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။
ယာဆီမြေကောင်း၊ ဘျှသည့်ပြောင်း
မနှောင်းမှည့်ဆောလွယ်၊ မှည့်ဆောလွယ်။
ခါနှင့်ဘုတ်ချိုး၊ ကြက်တောမျိုး
လိုစိုးကျက်မြေကျယ်၊ ကျက်မြေကျယ်။
ယှဉ်ဖော်မဝေး၊ ဖော်ရွှေကျေး
စာနွေးစားလိုဖွယ်၊ စားလိုဖွယ်။
ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း
လုံ့ချွန်းတွန်းတက်ပယ်၊ တွန်းတက်ပယ်။
စောလူးစီးတန်၊ မျိုးဆက်ဒန်
လျင်ထန်မြင့်မဆွယ်၊ မြင့်မဆွယ်။
မြှောက်စည်လတီး၊ ဝင်ခါနီး
စောထီးနန်းထက်ကျယ်၊ နန်းထက်ကျယ်။
သာသည့်မြေပြင်၊ စောနတ်ရှင်
နန်းခွင်ရှုတင့်တယ်၊ ရှုတင့်တယ်။
အထူးလော၊ တက်တိမ်လော၊ နေရောင်လော။

ကာချင်း

ငါးစိုးရှင်ကျော်စွာ

# ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | တာဝတိံသာ | = | နတ်ပြည်ခြောက်ထပ်တွင် နှစ်ထပ်မြောက်သော နတ်ပြည်။ ၃၃ ဦးသော နတ်မင်းတို့ အုပ်စိုးသောနတ်ပြည်။ |
| ၂။ | ပန်းသင်းခွေ | = | သင်းခွေပန်း။ |
| ၃။ | ချီချယ် | = | ချီချီကြွကြွ။ |
| ၄။ | ရွှေစာတီ | = | ရွှေစေတီ။ |
| ၅။ | သရီရဓာတ်စွယ် | = | ကိုယ်ခန္ဓာမှဖြစ်သောဓာတ်တော် စွယ်တော်။ |
| ၆။ | မှည့်ဆောလွယ် | = | အမြန်ရင့်မှည့်လွယ်သည်။ |
| ၇။ | လိုစိုး | = | အလိုရှိတိုင်းအစိုးရသည်။ လိုတိုင်းရနိုင်သည်။ |
| ၈။ | ကျက်မြေ | = | ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းပြီးသောမြေ။ |
| ၉။ | စာနွှေး | = | အစာကိုနွှာသည်။ နွှင်သည်။ ခွာသည်။ |
| ၁၀။ | ယရည်း | = | ဆင်ထိန်း။ |
| ၁၁။ | သွန်းသွန်း | = | မြင့်မြင့်စွင့်စွင့်။ |
| ၁၂။ | စောလူး | = | မြင့်မြတ်၊ ပျို့ရွယ်သောမင်း။ |
| ၁၃။ | ဆက်ဒန် | = | ဆဒ္ဒန္တ။အရောင်ခြောက် ပါးနှင့်ပြည့်စုံသော အစွယ်ရှိသည့်ဆင်ဖြူ။ |
| ၁၄။ | မြောက်စည် | = | မင်းကေရာဇ်တို့ ဝင်တော်မူရန် တီးသည့်စည်။ |
| ၁၅။ | တက်တိမ်လော | = | ကောင်းကင်သို့တက်နေသော တိမ်လော။ |

## သင်ခန်းစာအကျဉ်းချုပ်

မြင်စိုင်းရွှေပြည်သည် တာဝတိံသာနတ်ပြည်နှင့် တူသည်။ မြင်စိုင်းရွှေပြည်တွင် မိုးရာသီ၌ ကင်ပုန်ပန်း၊ ဆောင်းရာသီတွင် ခွာညိုပန်း၊ နွေရာသီတွင် သင်းခွေပန်းများ ပွင့်ကြသည်။ တောင်ထွတ်ဖျားတွင် စေတီတစ်ဆူ တည်ထားသည်။ မြေဩဇာကောင်းသည့်အတွက် သီးနှံများမှည့်လွယ်သည်။ ကျေးငှက်များ အချိန်မရွေး လာရောက်စားသုံးနိုင်သည်။ နန်းတော်ကြီးထဲတွင် ဆင်ထိန်း၊ မြင်းထိန်းများသည် လှံ၊ ချွန်းများ ကိုကိုင်၍ ဆင်၊ မြင်းတို့ကို ထိန်းသိမ်း လေ့ကျင့်နေကြသည်။ သာယာသည့် နန်းတော်ကြီးထက်တွင် ဘုရင်မင်းမြတ် စံမြန်းလျက်ရှိပြီး မြင်စိုင်းပြည်တစ်ခွင်လုံး သာယာလှပနေပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ 'မြန်မာပြည်ရွှေပြည်' သာယာကြောင်းကို စာဆိုက မည်ကဲ့သို့ ဖွဲ့ဆိုပြသနည်း။

၂။ အောက်ပါ အလင်္ကာတို့သည် မည်သည့်အကြောင်း နှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြောင့် ထို အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

မြင်စိုင်းရွှေမြေ (ရူပက)၊ တောင်လေရှုန်းရှုန်း (မြည်သံစွဲ)၊ မိုးခတ်အုန်း (မြည်သံစွဲ)။

## ဝိဓူရသိပ္ပ လူ့ကိစ္စ
### အင်းဝခေတ်

'ဝိဓူရသိပ္ပလူ့ကိစ္စ' ကဗျာကို အင်းဝခေတ် စာဆိုကျော် ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ခဲ့သော ကိုးခန်းပျို့မှ ထုတ်နုတ်ထားသည်။

ရှင်မဟာရဋ္ဌသာရကို မြန်မာနှစ် ၈၃၀ ပြည့်နှစ် (ခရစ်နှစ် ၁၄၆၈) တွင် အင်းဝမြို့၌ မွေးဖွားသည်။ ငယ်မည်မှာ မောင်မောက် ဖြစ်သည်။ မင်းဆွေစိုးမျိုးဖြစ်၍ နန်းတွင်းမှာ ကြီးပြင်းခဲ့သည်။ ဝရစက္ကာပါလမထေရ်နှင့် သီဟိုဠ်ရောက် ဆရာတော်ကြီးတို့ထံတွင် နက္ခတ်၊ ဗေဒင်၊ ဆန်း၊ အလင်္ကာ၊ ပျို့ကဗျာနှင့် ပါဠိသက္ကတ စသည်တို့ကို သင်အံလေ့လာခဲ့သည်။ ၁၂ နှစ်သားအရွယ်ကပင် ကဗျာရေးဖွဲ့ခဲ့သည်။ ဘူရိဒတ်လင်္ကာကို ၁၆ နှစ်သားက ရေးဖွဲ့ခဲ့သည်ဟု ဆိုသည်။

ရှင်မဟာရဋ္ဌသာရသည် အင်းဝခေတ် ပျို့ကဗျာလောကကို ဦးဆောင်ပျိုးထောင်ခဲ့သူ တစ်ဦးဖြစ်သည်။ ဘူရိဒတ်ဇာတ်ပေါင်း ပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့သည် ရှင်မဟာရဋ္ဌသာရ၏ လက်ရာများ ဖြစ်သည်။ တံတား ဦးတည် မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရွှေစက်တော်သွား တောလားနှင့် ဆုံးမစာများ၊ ရတုများကိုလည်း ရေးဖွဲ့ခဲ့သည်။ သံဝရပျို့သည် နောက်ဆုံးရေးဖွဲ့ခဲ့သော ပျို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် မြန်မာနှစ် ၈၉၂ ခန့် (ခရစ်နှစ် ၁၅၃၀ခန့်) သက်တော် ၆၂ နှစ်တွင် ပျံတော်မူသည်။

'ဝိဓူရသိပ္ပ လူ့ကိစ္စ'ကဗျာ (ပျို့ကောက်နုတ်ချက်) ကို လေးလုံးစပ်လင်္ကာပုံစံဖြင့် ရေးဖွဲ့ထားသည်။ ထိုကိုးခန်းပျို့သည် ဘုရားဟော ဝိသတိနိပါတ် ဟတ္ထိပါလဇာတ်ကို ရေးဖွဲ့ထားသောကြောင့် ဟတ္ထိပါလပျို့ဟု လည်းကောင်း၊ အခန်းကြီး ကိုးခန်းပါဝင်သောကြောင့် ကိုးခန်းပျို့ဟု လည်းကောင်း၊ ညီနောင်လေးပါးက ပေးကြားအပ်သော တရားအဆုံးအနှစ်နှင့် ပြည့်စုံခြင်းကြောင့် စတုဓမ္မသာရပျို့ဟုလည်းကောင်း အမည်သုံးမျိုးဖြင့် ထင်ရှားသည်၊

ဤကောက်နုတ်ချက်တွင် ဟတ္ထိပါလသတို့သားက တောထွက်၍ ရဟန်းပြုချင်ပါသော်လည်း ငယ်ရွယ်သေး၍ ရဟန်းမပြုပါနှင့်ဦး။ လူ့ကိစ္စဖြစ်သော၊ တတ်သင့်တတ်အပ်သော ပညာများကိုသင်ပါဦး။ ငယ်စဉ်ကပညာမသင်လျှင် နောင်အခါမည်သို့ မည်ပုံဖြစ်တတ်သည် စသည်ဖြင့် ဖခင်ဖြစ်သူက တောထွက်ရဟန်း ပြုချင်နေသော ဟတ္ထိပါလသတို့သားအား ကျိုးကြောင်းပြသ ဆိုဆုံးမထားသော အကြောင်းအရာများကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။

## ဝိဇ္ဇာသိပ္ပလူ့ကိစ္စ

သကျ ရှုပ်၊ ကြံကြံသမျှ
တောင့်တ ရာရာ၊ တတ်ကောင်းစွာသား
ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို
ငယ်ကမသင်၊ ပျော်ပါးလွင်မှု
အကြွင်သူအား၊ စကားချေတင်
သဘင်မပြု၊ ခံတွင်းမဲ့သို့
ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်
ရွံရှာလန့်ထိတ်၊ အသံဆိတ်၏။

တိတ်တိတ်မနေ၊ ဆိုပါချေလည်း
မပြေမပြစ်၊ အထစ်ထစ်လျှင်
ကျစ်လျစ်မရှိ၊ အငြိငြိတည့်။
ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့
အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်
သမ္မာန်ပါငြ်လျှောက်၊ ရှေ့နောက်မညီ
အစီအလျဉ်၊ အစဉ်မသင့်
တဖျင့်တစ်ပါး၊ ရယ်ဖွယ်များခဲ့။
ဘိုးဘွားမိဘ၊ သူကြီးမ၍
မလျှမညှိုး၊ မစိုးမရိမ်
နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်
ခုနစ်ဆင့်ထက်၊ နေလင့်ကစား
ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ
ပမာကျလိမ့်။

အင်္ဂပစ္စင်
သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း
နှံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမှု
အဆင်းလှဆန်း၊ လှပေါက်ပန်းဟု
သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့လေအံ့။

လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး
မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ
လိုခါမရ ကြောင့်ကြစိုးရိမ်
ဖန်ကြိမ်များစွာ၊ အိုသောခါလည်း
မဟာဒုက္ခ၊ တွင်းဆုံးကျသည်
နောင်တနှလုံး မငြိမ်တည်း။



## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဝိဇ္ဇာသိပ္ပ | ။ | အသိပညာ အတတ်ပညာ။ |
| ၂။ | သကျရှုပ် | ။ | စွမ်းနိုင်သောသဘော။ |
| ၃။ | ပျော်ပါးလွင် | ။ | ပျော်ပါးပေါ့တန်စွာနေသည်။ |
| ၄။ | သဘင် | ။ | အစုအဝေး။ |
| ၅။ | မပြဲ | ။ | မထင်ရှား။ |
| ၆။ | ခံတွင်းမဲ့ | ။ | ပြောစရာခံတွင်းမရှိ။ |
| ၇။ | ရွံ့ရှာ | ။ | လန့်ထိတ်။ |
| ၈။ | ကျစ်လျစ် | ။ | သိပ်သည်းပိပြားသည်။ စည်းကမ်းရှိသည်။ |
| ၉။ | ဟုတ်လိနိုးနိုး | ။ | ဟုတ်လိမ့်မည်ဟု ထင်မှတ်လျက်။ |
| ၁၀။ | သမ္ဗန် | ။ | စကားအဆက်အစပ်။ |
| ၁၁။ | ပါဌ်လျောက် | ။ | စကားအစီအစဉ်အလျောက်။ |
| ၁၂။ | တဖျင့်တစ်ပါး | ။ | မညီမညွတ်။ ယွင်းယွင်း ချွတ်ချွတ်။ |
| ၁၃။ | ပြာသာဒ်ဖျား | ။ | ဘုံအဆင့်နှင့် ထုပိကာပါသော အဆောက်အအုံ၏ ထိပ်ဖျား။ |
| ၁၄။ | အဂ်ပစ္စင် | ။ | အင်္ဂါကြီးငယ်။ |
| ၁၅။ | လူ့ပေါက်ပန်း | ။ | အဆင်းသာရှိ၍ အချင်းမရှိသူ။ |
| ၁၆။ | သွမ်းမှန်းသိထွေ | ။ | အကျင့်ဆိုးသွမ်းကြောင်းကို သိ၍။ |
| ၁၇။ | မကျင့်သီး | ။ | မကျင့်ကြံ။ |
| ၁၈။ | မဟာဒုက္ခ | ။ | ကြီးမားသောဆင်းရဲ။ |
| ၁၉။ | တွင်းဆုံးကျ | ။ | အဆင်းရဲကြီး ဆင်းရဲသည်။ |
| ၂၀။ | နောင်တ | ။ | ပြုသင့်သည်ကိုမပြုမိ၊ မပြုသင့်သည်ကို ပြုမိသည့်အတွက် အချိန်လွန်မှပူပန်ခြင်း။ |

## သင်ခန်းစာအကျဉ်း

ဝိဇ္ဇာသိပ္ပလူကိစ္စကို ငယ်စဉ်ကမသင်ဘဲ ပျော်ပါးပေါ့တန်စွာနေလျှင် တစ်ပါးသူနှင့် စကားအချေအတင်ပြောသောအခါ ပါးစပ်မပါသူကဲ့သို့ မျက်နှာညှိုးငယ်စွာနှင့် နေရမည်။ ပြန်ပြောလျှင်လည်း ပြေပြစ်မှုမရှိနိုင်ပါ။ သူတစ်ပါး ရယ်စရာဖြစ်လိမ့်မည်။ ဘိုးဘွားမိဘကမစ၍ ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း ပညာမတတ်လျှင် ပြသာဒ်ဖျားတွင် နားသည့်ကျီးနှင့် တူလိမ့်မည်။

အဆင်းလှသော်လည်း ရနံ့မရှိသောပေါက်ပန်းနှင့် တူလိမ့်မည်။ အိုမင်းသောအခါလည်း ဆင်းရဲဒုက္ခရောက်ပြီး နှလုံးမငြိမ်မသက် ဖြစ်နိုင်ပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ငယ်စဉ်ကပညာမသင်လျှင် ကြီးသောအခါ မည်သို့ဆင်းရဲဒုက္ခ ရောက်တတ်သနည်း။

၂။ အောက်ပါဝေါဟာရတို့ကို ဝါကျတစ်ခုစီဖွဲ့ပြပါ။

လူ့ပေါက်ပန်း၊ မဟာဒုက္ခ၊ ပျော်ပါးလွင်၊ ခွံ့ရှာ၊ ကျစ်လျစ်၊

၃။ အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြောင့် ထိုအလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

ခံတွင်းမဲ့သို့ (ဥပမာ)၊ ဆင်ကန်းတိုးသို့ (ဥပမာ)၊ နတ်စည်းစိမ်သို့ (ဥပမာ)၊ ဂုဏ်နံ့ (ရူပက) လူ့ပေါက်ပန်း (ရူပက)။

**နှေဦးကာလ မြူထသောခါ**
**ညောင်ရမ်းခေတ်**

စာဆို ဝန်ကြီးပဒေသရာဇာ (မြန်မာနှစ် ၁၀၄၅ ခန့် ၁၁၁၆) (ခရစ်နှစ် ၁၆၈၃ ခန့် ၁၇၅၄) သည် စနေမင်း၊ တနင်္ဂနွေမင်းတို့ထံတွင် စတင်၍မင်းမှုထမ်းခဲ့သည်။ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီ ရောက်မင်းလက်ထက်တွင် အထူးချီးမြှောက်ခံရသည်။ ဟံသာဝတီရောက်မင်းသည် ကိုယ်တိုင်ကပင် စာပေ ဂျမ်းဂန် လေ့လာလိုက်စားသော စာဆိုတစ်ဦး ဖြစ်သည့်အလျောက် စာဆိုဝန်ကြီးကို ကြည်ညိုယုံမှတ်သော အားဖြင့် 'ပဒေသရာဇာ' ဟူသောဘွဲ့ဖြင့် ချီးမြှင့်ကာ 'စာဆိုကြီး' ဟုလေးမြတ်စွာခေါ်ခဲ့သည်။ နတ်ရှင် နောင်ဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့၊ မြို့တွင်းဘုရင်ဘွဲ့စသော ဘွဲ့ထူးဂုဏ်ထူး အမျိုးမျိုးတို့ဖြင့်လည်း ချီးမြှင့် မြှောက်စားခဲ့သည်။ စာဆိုဝန်ကြီးသည် 'စာနုကိုလည်းမချစ်နှင့်၊ သူဇာကိုလည်းမပစ်နှင့်' ဟု ကျော်ကြားသော သူဇာပျို့နှင့်တကွ အခြားပျို့ ၁၃ စောင်ကိုလည်းကောင်း၊ ချေင်း၊ ရတု၊ လင်္ကာနှင့် သီချင်းများစွာတို့ကိုလည်း ကောင်းရေးခဲ့သည်။ ထံတျာတေရှင်ဟု လူသိများသော ပုစဉ်းတောင်သံကြိုးနှင့် နတ်သံအဲတို့ကိုလည်း ရေး ခဲ့သည်။ အင်းဝပျက်၍ ဟံသာဝတီသို့ ဘုရင်ပါတော်မူသောအခါ စာဆိုကြီးလည်းအတူပါခဲ့၍ သန်လျင် ကွယ်လွန်သည်။

စာဆိုကြီးသည် လယ်သမား၊ ထန်းတက်သမား၊ လှေသူငယ်၊ တောင်ပေါ်တက်၊ ဆင်ဖမ်းသမား၊ တျာချင်းများကို ဖွဲ့ဆိုခဲ့သည်။

တျာချင်းဆိုသည်မှာ မြန်မာ့ဂီတတွင် ထံ၊ တျာ၊ တေး၊ ဧတျာစသော အသံများရှိရာ သာယာနာပျော် ဖွယ် 'တျာသံ' ဖြင့်သီဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။ ပဒေသရာဇာ၏ တျာချင်းများတွင် အစုတ် မင်းမှုထမ်း မဟုတ်သည့် ဆင်းရဲသားပြည်သူတို့၏ဘဝကို ရေးဖွဲ့ထားသည်။ ဤသို့ရေးဖွဲ့ရာတွင် ဆင်းရဲသ ပြည်သူတို့ကို ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း အလျှင်းမပါ။ သနားချစ်ခင်ခြင်း၊ ချီးကျူးဂုဏ်တင်ခြင်း တို့သာပါသည် ထို့ကြောင့် ယခုခေတ် မြန်မာစာပေပညာရှင်တို့က ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများသည် မြန်မာစာပေ ယဉ် ဟာစ်ခန်းလှစ်ခဲ့သည်ဟု ဆိုစမှတ်ပြုကြခြင်းဖြစ်သည်။

## နွေဦးကာလ မြူထသောခါ

နွေဦးကာလ၊ မြူထသောခါ
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။

ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နုမျစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။

ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ကြွာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောခါ
ပုတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ
ငုံး ကြက်ကယ် ဖွတ် မြွေ၊ ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး။

ဝမ်းသာအားရ၊ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်
လင်ကတစ်သွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ
အိတ်မှာသာယူ၍ ချသည်နှင့်လေး။

သို့နှင့်ရောက်က၊ ခဏအောင့်လျှင်
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လျှော်၊ ရေနှင့်ကြော်
မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။

နှီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ
သမီးနှင့်သား၊ များလို့မဝင်သာ
ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်
သူ့ထက်ငါလေ၊ စားတော့မည်စေ
စားပေသာလှဲ့အုန်းခွက်ကယ်နှင့်လေး။

ငံ့လျက်ကိုယ်စီသာ
ဆုပ်ကာ လွေးတော့သည်။
ပြီးလျှင်ရေမရှာ
ခွေးသာကျွေးတော့သည်။

တျာချင်း

ဝန်ကြီးပဒေသရာဇာ

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | မြို | = | မြေလွှာအထက်ဝန်းကျင်၌ ရစ်ဆိုင်းနေတတ်သော အခိုးအငွေ့။ |
| ၂။ | ရင်းထောင် | = | ထန်းပင်၏အောက်ခြေအရင်းမှ ထောင်တက်ရသော လှေကားငယ်။ |
| ၃။ | ရင်းဆွဲ | = | ထန်းပင်အထက်မှ အောက်သို့တွဲလျားချ၍ ထန်းပင်နှင့် ကပ်ချည်ထားသောထန်းတက်လှေကားငယ်။ |
| ၄။ | ခားနှီး | = | ထန်းလှီးဓား။ |
| ၅။ | ကလိုင် | = | ထန်းပြင်ရာတွင်ထန်းလက်ကို ထန်းပင်လုံးမှကွာအောင် ထိုးကလန့်ပြီး ထန်းသမားထိုင်ရသော တုတ်ချောင်း။ |
| ၆။ | ထန်းလျှော် | = | ထန်းလက်မှ ခွာယူထားသော အခေါက်ကြော။ |
| ၇။ | ယုန်ပိုက်စည်း | = | ယုန်ထောင်ရန် ပိုက်တန်းစည်း။ |
| ၈။ | ရှိုက်ဟည်း | = | ဟိန်း၍ပျံ့နှံ့သည်။ |
| ၉။ | သောင်းပြောင်း | = | အရောရော။ အနှောနှော။ |
| ၁၀။ | တံစို့ | = | မီးကင်ရန် သားငါးထိုးလျှိုရသော အဖျားချွန် အချောင်းအတံ။ |
| ၁၁။ | နှီးဒေါင်းလန်း | = | ဝါးနှီးကို ရက်လုပ်ထားသော ခြေထောက်တပ်ဗန်းကြီး။ |
| ၁၂။ | လွေး | = | အားရပါးရ စားသောက်သည်။ |

## သင့်ခန်းစာအကျဉ်း

ထန်းတက်သမားသည် နွေဦးကာလမြူခိုးများ ထချိန်တွင် ရင်းထောင်၊ ရင်းဆွဲ၊ မြူအိုး၊ ဓား၊ ကလိုင်တို့ကိုလွယ်ကာ ထန်းပင်ပေါ်သို့တက်ပါသည်။ ထန်းတက်သောအခါ ထန်းရည်သိမ်းဆည်းရန် ဇနီးကလိုက်ပါသည်။ သားမြေးခွေးဝက်တို့ကို အပါခေါ်သွားသည်။ ထန်းတက်ပြီးအပြန်တွင် ပုတတ်၊ ယုန်၊ ခါ၊ ငုံး၊ ကြွက်ဖွတ်၊ မြွေ၊ ဝံပုလွေ တို့ကိုဖမ်းကြသည်။ အိမ်သို့ယူဆောင်သွားပြီး ဟင်းရွက်သောင်းပြောင်းနှင့် ရောချက်သည်။ ပြီးနောက် မိသားစု လက်ရည်တစ်ပြင်တည်း အားရပါးရ ခေါင်းမဖော်အောင် စားကြသည်။ ပြီးလျှင် ခွေးဒေါင်းလန်းကြီး ချကျွေးလိုက်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ‘နွေဦးကာလမြူထသောအခါ’ ကဗျာတွင်စာဆိုသည် ထန်းတက်သမားတို့၏ဘဝကို မည်ကဲ့သို့ရုပ်ဖော် ရေးဖွဲ့ထားသနည်း။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ဖော်ပြပါ။

ရင်းထောင်၊ ရင်းဆွဲ၊ ဓားနှီး၊ ကလိုင်၊ ထန်းလျှော်၊ ယုန်ပိုက်စည်း၊ တံစို့၊ နှီးဒေါင်းလန်း။

၃။ အောက်ပါဝေါဟာရတို့ကိုဝါကျဖွဲ့ပါ။

မြူ၊ ရိုက်ဟည်း၊ လွေး၊ သောင်းပြောင်း။

အိုင်ချင်း သည် ပထမအင်းဝခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့သော ကဗျာအမျိုးအစားဖြစ်သည်။ ညောင်ရမ်းခေတ် (ဒုတိယအင်းဝခေတ်) နှင့် ကုန်းဘောင်ခေတ်တို့တွင် ဆက်လက်ထွန်းကားခဲ့သည်။ ကြဋ္ဌန်းသံ ကျမ်းသံမပါဘဲ ကျေးတောသံပါသည့် တေးကဗျာများဖြစ်သည်။

အိုင်ချင်းများသည် ကျေးလက်ရိုးရာ တေးတစ်မျိုးဖြစ်၍ မူလသီဖွဲ့သူ စာဆိုတို့၏အမည်ကို အသိရနည်းသည်။ အိုင်ချင်းအချို့ကို တောင်တွင်းရှင်ငြိမ်းမယ် ဖွဲ့ဆိုကြောင်း သိရသော်လည်း ရှင်ငြိမ်းမယ်၏ အတ္ထုပ္ပတ္တိကိုမူ ပြည့်ပြည့်စုံစုံ မသိရသေးချေ။ လက်ဝဲသုန္ဒရနှင့် ကင်းဝန်မင်းကြီးကဲ့သို့သော နန်းတွင်းစာဆိုဘို့သည်လည်း အိုင်ချင်းများ ရေးခဲ့ကြသေးသည်။

အိုင်ချင်းဆိုသည်မှာ အသံအိုင်အိုင် အသံမြိုင်မြိုင်ဖြင့် အများဝိုင်းဖွဲ့သီဆိုရသော တေးကဗျာတစ်မျိုးဖြစ်သည်။ အိုင်ချင်းတို့၏အစတွင် 'ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း ယောက်မတို့လေ' ဟူသော အာလုပ်စကားဖြင့် အစချီလေ့ရှိသည်။ ရှေ့ဘိုမြောက်လက်တွင် အိုင်ချင်းကို 'ကောက်စိုက်အိုင်' ဟူ၍လည်းကောင်း၊ 'ကောက်စိုက်မ အိုင်ချင်း' ဟူ၍လည်းကောင်း ခေါ်ရိုးရှိခဲ့သည်။

နန်းတွင်း၌ ရတု၊ တေးထပ်တို့တွင် ကျယ်ခဲ့သည်။ ကျေးလက်၌ အိုင်ချင်း၊ အဲချင်းတို့တွင် ကျယ်ခဲ့သည်။ ရတု၊ တေးထပ်တို့တွင် နန်းမှုနန်းရာကို တွေ့နိုင်သည်။ အိုင်ချင်း အဲချင်းတို့တွင် တောမှုတောရာကို တွေ့နိုင်သည်။ 'စစ်မှာတစ်မူ' သည် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းတစ်ပုဒ်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၀၀၀ လောက်ကပေါ်ခဲ့သော အိုင်ချင်းကဗျာတစ်မျိုးဖြစ်၍ 'ရာပြည့်အိုင်' ဟုခေါ်သည်။ ဤအိုင်ချင်းတွင် စစ်သည်တစ်ဦး စစ်ထွက်ခါနီးတွင် ချစ်သူနှင့် အပြန်အလှန်ပြောဆိုကြပုံကို ရေးဖွဲ့ထားသည်။ ရှေးခေတ် ရင်ချည်တစ်ဦး၏ ဘဝတစ်စိတ်တစ်ပိုင်းကို ထင်ဟပ်သော အိုင်ချင်းဖြစ်သည်။

**စစ်မှာတစ်မူ**

ချစ်တဲ့ သူငယ်လေ
သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။

သူများမောင်မှာ
စစ်သံကြားလျှင်၊ နာဖျားဥပါယ်ခိုကြတယ်။

နှမလေး မယ်တို့မောင်မှာ
စစ်သံကြားလျှင်၊ ရွှေစားပိုက်ကာ
အိုးစားဖက်ကို၊ လိုက်လို့ရှာသည်
ရိက္ခာကနည်း (နဲ)၊ မိုးကသည်း (သဲ) နှင့်
သင်းတွဲကို ကူးပါလိမ့်မလားတော်။

စစ်မှာတစ်မူ
နှမလေး မယ့်ထက်ဖြူကို၊ ယူမလားတော်။

စစ်မှာယွန်းမ
နှမလေး မယ့်ထက်လှကို၊ ရမလားတော်။

စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ ရှိသလားတော်။
စစ်မှာ တစ်မူ
နှမလေး မယ့်ထက်ဖြူကို၊ မယူဘူးဗျာ။

စစ်မှာယွန်းမ
နှမလေးမယ့်ထက်လှကို၊ မရဘူးဗျာ။

စစ်မှာဆွေမျိုး
ဘိုးဘွားမောင့်မှာ၊ မရှိဘူးဗျာ။

ရေမြေ့သခင်၊ ရှင်ဘုရင်က
မိန့်တော်စာနှင့်၊ အပါချသည်
လိုက်ရတော့မယ်။

မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား၊
ဓားမှာမိုးကြိုး၊ ယွန်းပုဆိုးနှင့်၊
အိုးစားဖက်စုံ၊ စစ်သည်ပုံမှာ
ကျွန်ယုံစားမို့၊ မောင်ကလေးငယ်
မောင်သာလိုက်တဲ့၊ တောင်ပတ်လည်နှင့်
ဇင်းမယ်ဆိုသည်၊ ညိုတဲ့မြို့မှာ
ပျို့လွမ်းဖွယ်လေး။

**အိုင်ချင်း** **ရှင်ငြိမ်းမယ်**

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | နာဖျားဥပါယ် | - | ဖျားနာသည်ဟု ဉာဏ်ဆင်သည်။ |
| ၂။ | ဥပါယ် | - | နည်းပရိယာယ်။ ဉာဏ်ဆင်မှု။ |
| ၃။ | အိုးစား | - | ရှေးခေတ် မြန်မာ့တပ်မတော်တွင် စစ်သည်ငါးယောက်ပါသော အစု |
| ၄။ | အိုးစားဖက် | - | စစ်ချီတက်ရာတွင် တစ်အိုးတည်း စားဖော်စားဖက်။ |
| ၅။ | ယွန်းမ | - | ဇင်းမယ်သူ။ |
| ၆။ | အပါချ | - | စစ်ချီရာတွင် ပါဝင်ရမည်ဟု အမိန့်ချသည်။ |
| ၇။ | အုန်းခွံ | - | အုန်းခြောက်ခွံရောင် အမွေးရှိသော (မြင်း)။ |
| ၈။ | ဓားမှာမိုးကြိုး | - | အသွားတွင် မိုးကြိုးထည့်၍ ပြုလုပ်သော ဓားကောင်းတစ်မျိုး။ |

## သင်ခန်းစာအကျဉ်း

သူများမောင်မှာစစ်သံကြားလျှင် ဖျားနာယောင်ဆောင်ပြီး ပုန်းခိုနေကြသည်။ နှမလေးမောင်စစ်သံကြားလျှင် ရွှေစားပိုက်ကာ တစ်အိုးတည်း စားဖော်စားဖက်ကို လိုက်၍ရှာပါတော့သည်။ မောင်စစ်သို့လိုက်ပါသွားခြင်းမှာ မယ်နှမလေးထက် အသားဖြူသူကိုယူချင်၍လား၊ နှမလေးထက်လှသည့် ဇင်းမ သူကိုယူချင်၍လား၊ မောင်လိုက်ပါရတဲ့စစ်ထဲမှာ ဘိုးဘွားမိဘဆွေမျိုးရှိလားဟု နှမလေးကမေးပါသ စစ်သည်မောင်ကလည်း ဤသို့မဟုတ်ကြောင်း ဘုရင့်အမိန့်အရ သွားရခြင်းဖြစ်ကြောင်း ပြန်လည်ဖြေ ပါသည်။ မောင်လိုက်ပါသွားရသည့် ဇင်းမယ်မြို့လေးမှာ ညို့မှိုင်းအုံ့ဆိုင်းနေသဖြင့် နှမလေးအဖို့ စိတ်မှန်း လွမ်းနေရပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ‘စစ်မှာတစ်မှု’ ကဗျာတွင် စစ်ထွက်သူတစ်ဦးနှင့် သူ၏ချစ်သူတို့မှာ ကြားစကားဆိုကြပုံတို့ သင်မည်ကဲ့သို့ ခံစားရသနည်း။

၂။— အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ဖော်ပြပါ။

ဥပါယ်၊ အိုးစားဖက်၊ ယွန်းမ၊ အပါချ၊ မြင်းမှာအုန်းခွံ၊ ဓားမှာမိုးကြိုး။

## ဘုန်းနှင့်ကံနှင့် ရွှေသဇင်
## ကုန်းဘောင်ခေတ်

'ဘုန်းနှင့်ကံနှင့်ရွှေသဇင်' ကဗျာကို ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ဦးတိုးရေးသားသည့် ရာမရကန်မှ ထုတ်နုတ်ထားသည်။

ဦးတိုးကို မြန်မာနှစ် ၁၁၁၃ (ခရစ်နှစ် ၁၇၅၁) တွင် ရွှေဘိုမြို့ အနောက်ခရီးတစ်တိုင်ကွာ ဆီးတောရွာ၌ ဖွားမြင်သည်။ ငယ်စဉ်ကပင် စာပေကျမ်းဂန်များကို ဆည်းပူးခဲ့သည်။ ထို့နောက် ရဟန်းပြုသည်။ ရဟန်းဘဝမှထွက်၍ ဆင်ဖြူရှင်မင်း၊ စဉ့်ကူးမင်းတို့ထံခစားကာ ရတုကဗျာများအပြင်၊ ဆောင်းပါးများကို ရေးသားသည့်အတွက် 'ဆောင်းပါးမောင်တိုး' ဟု ကျော်ကြားသည်။ ဘိုးတော်ဘုရားလက်ထက် သားတော် အိမ်ရှေ့မင်းထံခစား၍ ချောင်း၊ ရတု၊ ရကန်များကို ရေးဖွဲ့သည်။ ရာမရကန်ကိုရေးဖွဲ့သဖြင့် ဆောင်းပါးမောင်တိုးမှ 'ရာမရကန်ဦးတိုး' ဟုတစ်ဟုန်ထိုး ကျော်စောလာသည်။ အိမ်ရှေ့ သံတော်ဆင့်အရာ၊ ရွှေတိုက်စိုးအရာတို့၌ 'ဇေယျကျော်သူ' ဘွဲ့နှင့် ထမ်းရွက်ခဲ့သည်။ မြန်မာနှစ် ၁၁၅၈ (ခရစ်နှစ် ၁၇၉၆) တွင် ကွယ်လွန်သည်။

ဦးတိုးသည် ကျေးစေစစ်ချီရတုများ၊ စစ်ကိုင်းမင်း ချောင်း၊ ရိုးတော်ယူချောင်း၊ ဆွတ်ပျံ့ဖွယ်အောင်ချီ နတ်ရှင်နောင် ရတုအဖြေနှင့် ရာမရကန်တို့ကို ပြုစုရေးသားခဲ့သည်။ ဦးတိုး၏ ရာမရကန်သည် ရကန်များအနက် အကောင်းဆုံးရကန် ဖြစ်သည်ဟု ပညာရှင်များက မှတ်တမ်းတင်ကြသည်။

ရကန်ဆိုသည်မှာ အနံကာရန်ကို ကြားပါဒခံပြီးမှ ပြန်၍အုပ်သော ခွာထောက်စပ်နည်းကို အများဆုံးသုံးသော ကဗျာဖြစ်သည်။ အခြားစာဆို၊ အခြားအရာများကို နှိပ်နင်းကျောက်ကန်ပြီး မိမိစာ၊ မိမိဖွဲ့ဆိုမှုကို အလွန်အမင်း ဂုဏ်တင်ဖွဲ့နွဲ့လေ့ရှိသော အဖွဲ့အနွဲ့တစ်မျိုးဖြစ်သည်။ အချုပ်အားဖြင့် ကာရန်ကို ကန်ခြင်း၊ အခြားအရာ၊ အခြားသူများကို မိမိရရ ကန်၍ဖွဲ့ဆိုခြင်းကြောင့် ရကန်ဟု ဆိုကြသည်။

'ဘုန်းနှင့်ကံနှင့်ရွှေသဇင်' အပွဲ့တွင် သဇင်ပန်းကို အလွန်အမင်း ဂုဏ်တင်ချီးကျူးထားသော သဘောကို တွေ့နိုင်သည်။ ထိုသို့လွန်ကဲစွာ ချီးမြှောက်ခြင်းသည်ပင် ရကန်၏သဘောဟု ဆိုနိုင်သည်။

## ဘုန်းနှင့်ကံနှင့် ရွှေသစင်

စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်
နေရောင်မခံ၊ ပန်းပျံပင်ဆင့်
မြေနှင့်ရနံ့ဖက်၊ ခက်လက်စိမ်းမြ
မိုးမခဘူး၊ နွေလသန်ပေါက်
ယဉ်ချိန်ရောက်ခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်
ပွင့်ဖူးတွေဆင်ကြသည်။

ရွှေပင်ဆင့်ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်
ဂမုန်းအင့်အဖက်
ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ဆိုတော့မည်။

လက်တံတိုတစ်မည်၊ လက်တံရှည်နှင့်
နေရောင်ခြည် လရောင်ဝါ
မိုးလုံးပြာ မိုးလုံးမှိုင်း
ပုလဲဆိုင်း ပုလဲနှစ်
ချစ်စရာလိပ်ပြာတောင်
နီလာရောင်တောင်လုံးမြိုင်
သုံးပွင့်ဆိုင်ခိုင်လုံးဆန်း
ပင်လုံးလန်းနွဲ့တန်းယိမ်း
ညာတံစိမ်းများတို့
လေသိမ်းတိုင်းလှ၊ ကိန္နရီကသည့်နှယ်
တချို့ကနီပြာပြာ၊ တချို့ကဖြူဝါဝါ
တချို့မှာချိပ်ပွင့်၊ တချို့မှာပန်းရင့်ကို
ပင်ဆင့်ပန်းပျံ၊ ဘွဲ့မည်ရည်ခံချင်းတွင်
ဝေယန်နန်းမြင့်၊ ပန်တိုင်းတင့်မို့
မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ
ကွယ်ရာဈေးပြင်၊ ရောင်းလို့များမြင်မလား။

သေချင်သေ၊ ရှင်ချင်ရှင်
အင်မတန့်အင်မတန်၊ ရာဇဝတ်တော်ခံရမည်။
မြတ်ပန်တော်ပန်း၊ ခိုင်လုံးလန်းကို
ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့်ဝင့်မတုံး
ဘုန်းနှင့်ကံနှင့်ရွှေသဇင်။

ရကန် ဦးတိုး

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ပန်းပျံပင်ဆင့် | = | အခြားသစ်ပင်ကြီးများအပေါ် မှာဆင့်၍ အထက်သို့ပျံတက် ဖူးပွင့်နေသောပန်း။ |
| ၂။ | မြေနှင့်ရန်ဖက် | = | မြေကြီးနှင့်မတည့်။ မြေပေါ်မှာမပေါက်။ |
| ၃။ | မိုးမခ | = | မိုးရေမစွတ်။ |
| ၄။ | နွေလသန်ပေါက် | = | နွေလမိုးလတို့ ကုန်ဆုံးပြီးချိန်။ |
| ၅။ | နှင်းသောက် | = | နှင်းရည်စိုစွတ်သည်။ |
| ၆။ | ဆောင်းစက်ရိပ်ခို | = | ဆောင်းရာသီ၏ အရိပ်ကိုခိုလှုံ၍ ပွင့်သည်။ |
| ၇။ | ကိန္နရီ | = | ငှက်ကိုယ်နှင့်လူခေါင်း၊ တစ်နည်းလူကိုယ်နှင့် မြင်းမျက်နှာရှိသော သတ္တဝါအမ (ကိန္နရာမ)။ |
| ၈။ | ဝေယန်နန်းမြင့် | = | သိကြားမင်းစံရာ မြင့်မားသော ဝေဇယန္တာနတ်နန်း။ |
| ၉။ | မြို့ဝန်မင်းလိပ်စာမပါဘဲ | = | မြို့ဝန်မင်းထံမှ ခွင့်ပြုစာ မပါဘဲ။ |
| ၁၀။ | လှောင်ပန်းပွင့် | = | နေလောင်သောပန်း၊ နေလောင်ပန်း၊ အဖိုးမတန်သောပန်း အညံ့ပန်း။ |

## သင်ခန်းစာအကျဉ်း

သဇင်ပန်းသည် စိမ့်မြိုင်ထဲတွင် နေရောင်မခံဘဲ အခြားသစ်ပင်ကြီးများပေါ်တွင် ဆင့်၍ပွင့်သ မြေပေါ်မှာ မပေါက်ပါ။ မိုးရေကိုလည်း မကြိုက်ပါ။ နှင်းရည်ကိုသောက်သုံးပြီးမှ ပွင့်ပါသည်။ ဂမုန်းပန်း ဇဖော်အဖက် ဖြစ်ပါသည်။ 'ပန်း'ဟူသည့်ဘွဲ့အမည် အရည်ချင်းတွင် သဇင်ပန်းသည် ဝေယံနန်းမြင့် န်တိုင်းတင့်သဖြင့် မြို့ဝန်မင်း၏ ခွင့်ပြုချက်မပါဘဲ ကွယ်ရာဈေးပြင်တွင် ရောင်းချခွင့်မပြုပါ။ မြတ် းတော်ဝင်ကို အခြားနေလောင်ပန်းတို့က အဘယ်ကြောင့် ဂုဏ်ပြိုင်ဝံ့ကြသနည်း။ သဇင်ပန်းကား ဘုန်းနှင့် နှင့်ရွှေသဇင် ဖြစ်ပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ သဇင်ပန်းသည် အဘယ်ကြောင့် 'မြတ်ပန်းတော်ဝင်' ဖြစ်ရကြောင်းကို အကျိုးအကြောင်းပြဖြေဆို

၂။ အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြေ ထိုအလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

ပန်းပျံပင်ဆင့် (ဝက်ဝုတ္တိ)၊ ဆောင်းစက်ရိပ်ခို (ဝက်ဝုတ္တိ)၊ မြေနှင့်ရန်ဖက် (ဝက်ဝုတ္တိ)၊ လောင်ပန်း (ဝက်ဝုတ္တိ)၊ နွေလသန်ပေါက် (ဝက်ဝုတ္တိ)၊ ကိန္နရီကသည့်နှယ် (ဥပမာ)။

၃။ အောက်ပါဝေါဟာရတို့ကို ဝါကျဖွဲ့ပါ။

နှင်းသောက်၊ ဆောင်းစက်ရိပ်ခို၊ မိုးမခ။

## တပေါင်းညာကျင်
## ကုန်းဘောင်ခေတ်

'တပေါင်းညာကျင်' အဲချင်းကို ကုန်းဘောင်ခေတ်တွင် ထင်ရှားသော စာဆိုတော်ဦးယာ၏ ဆယ့်နှစ်ရာသီ အဲချင်းများမှ ထုတ်နုတ်သည်။

ဦးယာကို မြန်မာနှစ် ၁၁၁၀ ခန့် (ခရစ်နှစ် ၁၇၄၈ ခန့်) တွင် ဖွားမြင်ခဲ့သည်။ စဉ့်ကူးမင်းနှင့် ဘိုးတော်ဘုရားလက်ထက် အဲချင်းအရေးများသောကြောင့် 'အဲမောင်ယာ'ဟု ထင်ရှားသည်။

ရှေးဦးစွာ ဦးယာသည် နေမျိုးမင်းလှကျော်သူဘွဲ့ဖြင့် စဉ့်ကူးမင်း၏ မိဖုရားမအူသူကြီးသမီး၏ အကြီးတော်အဖြစ် ထမ်းရွက်သည်။ ထို့နောက် ဘိုးတော်ဘုရား၏ သားတော်ကြီး အိမ်ရှေ့မင်းထံ ခစားရ၍ ဘွမ်းရေတော်ကိုင်အဖြစ် ချီးမြှင့်ခံရသည်။ ပင်းတလဲမင်းထံတွင်လည်း ခစားဖူးသည်။ ဘိုးတော်ဘုရားက ဦးယာကို မုတ္တမမြို့ဝန်ခန့်၍ ချီးမြှောက်သည်။ မြန်မာနှစ် ၁၁၄၇ (ခရစ်နှစ် ၁၇၈၅) တွင် ကွယ်လွန်သည်။

ဦးယာသည်မင်းနန်ပျို့၊ ဆယ့်နှစ်ရာသီလူးတား၊ ဆယ့်နှစ်ရာသီ အဲချင်းများ၊ ရတုများနှင့် သင်္ဂါယနာတင် အန်ချင်းများကို ရေးသားခဲ့သည်။

အဲချင်းဆိုသည်မှာ 'အဲ' ဟူသော အသံချိကာ 'အဲ' ဟူ သောအသံချ၍ သီဆိုရသော ကဗျာသီချင်းဖြစ်သည်ဟု မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ဆိုသည်။ ဝေါဟာရဗျုပ္ပတ္တိ သနိကျမ်းတွင် အဲဟူသည်ကား အပျော်စုပေါင်းစုဝေး ရပ်နေသည်ကိုဟူသည်။ ထိုသို့စုဝေးရပ်နေ၍ ဆိုမိန့်သောအရာ ဖြစ်၍လည်း "အဲ" ဟူသော အခေါ် အဝေါ်ဖြစ်ကြောင်း၊ ထိုအမည်တွင်ပြီးဖြစ်၍ တစ်ယောက်ချင်း ဆိုမိန့်သော်လည်း တွင်ဟောင်းအတိုင်းသာ 'အဲ' ဟူ၍ ခေါ်သင့်ကြောင်း ဖော်ပြထားသည်။

အဲချင်းအမျိုးမျိုးရှိသည်။ နတ်သံအဲ၊ ဆယ့်နှစ်ရာသီအဲ၊ သုံးထောင့်အရပ်တွင် ပေါ်ထွန်းခဲ့သော သုံးထောင့်အဲ၊ မြန်မာနှစ် ၁၀၈၀ ပြည့်နှစ်တွင် ပေါ်ထွန်းခဲ့သောရှစ်ဆယ် ပေါ်အဲ၊ လသာသာတွင် သီဆိုကြသော လပအဲ၊ ကောက်စိုက်ရာတွင် ပုံရှည်နှင့် သီဆိုရသောပုံအဲ စသည်ဖြင့် ဖွဲ့ဆိုကြသော အကြောင်းအရာ ပေါ်ထွန်းသော ကာလဒေသတို့ကိုလိုက်၍ အမျိုးမျိုးခေါ်ကြသည်။

'တပေါင်းညာကျင်' အဲချင်းတွင် ဦးယာ၏ တပေါင်းလစာပန်းချီကို လေ့လာနိုင်သည်။ ရှင်ဥတ္တမကျော်၏ တောလား၊ ရှင်အုန်းညို၏ဂါထာ ခြောက်ဆယ်ပျို့၊ ဆီသည် ရွာစားဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဘွဲ့ လူးတား၊ မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့ အဲချင်း၊ ဦးကြင်ဥ၏ ဆယ့်နှစ်ရာသီဘွဲ့ ညည်းချင်း၊ ဦးမင်း၏ ဆယ့်နှစ်ရာသီဘွဲ့ လေးချိုးကြီး စသည်တို့နှင့် နှိုင်းယှဉ်လေ့လာသင့်သည်။

## တပေါင်းညာကျင်

တပေါင်းငယ်မှ ညာကျင်
နွေဦးဆန်းသစ်၊ ရွက်ရော်လှစ်လို့
ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည်
နုညိုစင်ငယ်တဲ့လေ။

ဝန်းကျင်ငယ်မှပတ်ကုံး
တွန်ထူးဘာသာ၊ ငှက်တို့မှာလည်း
စုကာရုံးလို့၊ မြိမ့်အုန်းငယ်ကျူးသီ
အမယ်သံညောင်း၊ သိုက်နန်းငယ်အောင်းလို့
သာပေါင်းငယ်ချီသည်
သရဖီရွှေခိုင်က၊ လှိုင်ရှာလေကော။

ညာကြောငယ်မှဖူးသစ်
ရဂုံတစ်ခွင်၊ သာဖပေါင်းငယ်ရှင်သည့်
မင်းလွင်လှစ်လို့၊ မူးမြစ်ကယ်ကမ်းယံ
ငါးထွေငါးမြင်း၊ ငါးပူတင်းတို့
သောင်ရင်းငယ်ဆန်သည်၊ ငါးတန်ငယ်ဝဲခိုလို့
ပိုက်ခြေတိုဆင်း။

ပျော်ခင်းငယ်မှသာလှ၊ သည်ချိန်ကျလျှင်
တောဝဂနိုင်၊ စုံသာမြိုင်မှာ
မခိုင်ရွက်ညောင်း၊ ကြွေကျပြောင်းလို့
ထောင်းထောင်းငယ်လျှံငွေ့၊ လောင်ဓလေ့နှင့်
လွမ်း၍ငယ်တစေ၊ အလိုသေရချည့်
စိတ်ဖြေလို့မရနိုင်၊ ဘယ့်နှယ်လူခိုင်ပါ့မယ်
ယုဂန်ပိုင်ရှင်သိကြားတို့၊ မာန်ထားရင်းလေ။

အဲချင်း ဦးယာ

## စကားဆစ်အဖွင့်

| | | |
|---|---|---|
| ညာကျင် | - | အချိန်ကြာညောင်း၍ သစ်ရွက်အညာများ ရင့်ရော်ဟောင်းနွမ်းသည်။ |
| ရွက်ရော်လှစ် | - | ရော်ရွက်ဝါများကို ခြွေသည်။ |
| ပုရစ် | - | ထွက်ခါစအရွက်။ ထွက်ခါစအဖူး။ |
| ပတ်ကုံး | - | အနီးတစ်ဝိုက်နယ်ပယ်ဒေသ။ |
| သံညောင်း | - | သာယာငြိမ့်ညောင်းသောအသံ။ |
| သောင်ရင်း | - | သောင်၏အနီးဆုံးနေရာ။ သောင်စပ်။ |
| ယုဂန် | - | အာဒိကပ္ပကျမ်းများအရ မြင်းမိုရ်တောင်၏အရန်ဖြစ်သော တောင်ခုနစ်လုံးအနက် နေလသွားရာလမ်းနှင့် တစ်ညီတည်းမြင့်သည်ဟု မှတ်ယူသော တောင်ရန်တစ်လုံး။ |
| တခေ | - | အမြဲ။ |
| ထောင်းထောင်း | - | အရှိန်အဟုန်ပြင်းစွာ။ |
| ပိုက်ခြေတို | - | ခြေတိုပိုက် (ငါးဖမ်းပိုက် တစ်မျိုး)။ |

## သင်ခန်းစာအကျဉ်း

တပေါင်းလတွင် ရွက်ဟောင်းကြွေ၍ ပုရစ်ဖူးကလေး များ ထွက်လာကြသည်။ ကျေးငှက်တို့မှာလည်း [illegible]ရိုးနှင့် သီကျူးနေကြသည်။ သရဖီပန်း ပွင့်သောလဖြစ်သည်။ မြစ်ယံတွင် ငါးထွေ၊ ငါးမြင်း၊ ငါးပူတင်းတို့ သောင်ရင်းသို့ ဆန်တက်ကြသည်။ ငါးတန်တို့မှာ မြစ်တွင်း၌ ဝဲခိုစီးလျက်ရှိသည်။ ရွက်သစ်ပြောင်း ရွက်ဟောင်းကြွေချိန်တွင် တောင်ခိုးတောင်ငွေ့များဖြင့် လွမ်းစရာကောင်းလှပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

တပေါင်းလသို့ရောက်သောအခါ သင့်စိတ်တွင်မည်သို့ ခံစားရသနည်း။ သင့်စိတ်ထဲတွင် ခံစားရသည့် တပေါင်းလ၏ သာယာပုံကို စာပန်းချီဖွဲ့ပြပါ။

အောက်ပါဝေါဟာရတို့ကို ဝါကျဖွဲ့ပြပါ။

ရွက်ရော်လှစ်၊ ပတ်ကုံး၊ ထောင်းထောင်း၊ ပိုက်ခြေတို၊ ပုရစ်။

အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြောင့် ထိုအလင်္ကာမြောက် ကြောင်းရှင်းပြပါ။

သိုက်နန်း (ရူပက)၊ ပုရစ်ကယ်ရွှေဥ (ရူပက)၊ သရဖီရွှေခိုင် (ရူပက)၊ ယုဂန်ပိုင် (ဝက်ဝုတ္တိ)။

## ဠာနီပြည်ကြီးက ဝေးသနှင့်
### ကုန်းဘောင်ခေတ်

'ဠာနီပြည်ကြီးကဝေးသနှင့်' သည် ဦးကြင်ဥရေးသည့် ပဒေသာသီချင်းမှ ကောက်နုတ်ထားသေ တောဘွဲ့ညည်းချင်းနှင့် လေးချိုးသဖြန်တို့ဖြစ်သည်။

ညည်းချင်းဆိုသည်မှာ ချစ်သူနှင့်ကွေကွင်းခြင်း၊ မိမိချစ်မြတ်နိုးရာဒေသနှင့် ဝေးကွာခြင်းစသေ လွမ်းဆွတ် တမ်းတဖွယ်ရာများကို ရေးဖွဲ့ထားသော ကဗျာမျိုးဖြစ်သည်။ နဘေ၊ ပြန်ဂဟပ်စပ်နည်းတို့ဖြ ညည်းညူသံပါပါ ကရုဏာရသပေါ်အောင် ရေးဖွဲ့ရသည်။ လေးချိုးသဖြန်ဆိုသည်မှာ အချိုးလေးချိုးပါသေ လေးချိုးကဗျာမျိုးပင်ဖြစ်သည်။ သို့ရာတွင် ထိုလေးချိုးကိုပင် သီချင်းကြီး သီချင်းခံ စသည်တို့ကို သီဆို( နောက် မူလအသံမှန်ရောက်အောင် အသံကိုဖြန်ဖြေ သီဆိုရသောကြောင့် သံဖြန် (ဝါ) သဖြန်ဟုခေါ်ကြော မိန့်ဆိုကြသည်။

၎င်းကဗျာကိုရေးသူ ဦးကြင်ဥသည် မြန်မာနှစ် ၁၁၃၅ -၁၂၀၀ (ခရစ်နှစ် ၁၇၇၃-၁၈၃၈) အတွ ပေါ်ပေါက်ခဲ့သော စာဆိုဖြစ်သည်။ ဆင်ပေါင်ဝဲဇာတိဖြစ်သည်။ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရ လက်ထက်မှစ၍ ရွှေဘိုမင်း၊ ပုဂံမင်း လက်ထက်တို့၌ ထင်ရှားခဲ့သည်။ ငယ်စဉ်ကပင် ကဗျာလင်္ကာများ( ဖလှလာဆည်းပူးခဲ့သည်။ ရှေးကရေးခဲ့သော နန်းတွင်းဇာတ်တော်ကြီးများနှင့်မတူ၊ တစ်မူခြားသည့် ပြဇာ( များကို ရေးခဲ့သောကြောင့် အထူးထင်ရှားသည်။

ဘုရားဟော ဇာတ်နိပါတ်တော်များကိုရေးဖွဲ့သော ဝေဿန္တရာပြဇာတ် နှင့် မဟော်ပြဇာတ်များအပြ ဒေဝကုမ္ဘဏ်၊ ပါပဟိန်၊ ဝင်္ကန္တ၊ ကာလကဏ္ဏိပြဇာတ်များကို ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးဖွဲ့ခဲ့သည်။ ဒွေးချိ လေးချိုး၊ မှုဆိုး စကား၊ ဇော်ဂျီစကား၊ ဆိုင်းဆင့်ပတ်တိုက်စကား စသည်တို့ပါဝင်သော ပဒေသာသီချင်းများ( ရေးဖွဲ့ခဲ့သည်။

၎င်းညည်းချင်းတွင် တောအတွင်းပတ်ဝန်းကျင် သဘာဝတရားတို့ ဖြစ်ပျက်ပြောင်းလဲနေပုံ၊ ရွှေပြ( ကြီးနှင့်ဝေးကွာကာ တစ်ကိုယ်တည်းဖြစ်၍ လွမ်းဆွေးရပုံ ၊ တောတောင်သဘာဝတို့ သာယာပုံတို့ကို ရေး ထားသည်။

## ဌာနီပြည်ကြီးက ဝေးသနှင့်

ချောဘ်တစ်ကိုယ်ဆွေးဖွယ်
မြောင်ခင်တန်းနှင့်၊ တောင်ကမ်းကွယ်
လမ်းဘယ်ဝယ်ရှိ
နယ်ရှစ်ခွင်လုံး၊ တိမ်မင်တုံး
မိုးလုံးအိသို့၊ အို သိတတ်ပြီ။

မြိုင်ခြေအုပ်က၊ ရွှေဘုတ်ကယ်အီသည်
ဌာနီပြည်ကြီးကလည်းဝေးသနှင့်။
ငုံကင်းငယ်ပန်းမန်၊ ရွက်ရှင့်လျှောလို့
ရွက်ကြောငယ်လှန်သည်
တောင်ပြန်လေညင်းကလည်း သွေးသနှင့်။

သူရကန်စက်၊ ဖန်ဂယက်လည်း
လယ်ချက်ဗဟို
ယုဂန်စွန်းက၊ ထိမ်ကွန်းငယ်ခိုသည်
ချိန်ညှိနေမင်းကလည်းအေးသနှင့်။
နောင့်ဆွေးငယ်ဗျာဝှန်၊ လွန့်ထက်လွန်ကို
တစ်သွန်ကူလှောက်
ဘယ်ဖြေဆည်ဖျောက်နိုင်လိမ့်။

**သဖြန့်**

တောမျောက်ကကြိုးခွေ။
စိမ့်ကြိုးမြိုင်ချောင်က
ရွှေဖိုးခေါင် သံချိုညောင်း
ဒေါင်းကအိုးဝေ။

တောင်တံပြက်၊
ကျောက်စက်ကျစမ်းရေ
တွေတွေစိမ့်ကြည်အေး။

**ဘို နောင့်တည်းဟာမို့**
**ရွှေသည်းမှာ ကြေကြေဆွဲလှတယ်**
**နန်းသူကြောင့်လေး။**

**ညည့်ရှင်း** **ဦးကြင်ဦး**

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | မြောင် | = | ကုန်းမြင့်နှစ်ခုကြား အလျားရှည်၍ အနံကျဉ်းသော ချိုင့်ဝှမ်း |
| ၂။ | ခင်တန်း | = | မိုမောက်ပြန့်ပြူးနေသော မြေတန်း၊ ကုန်းတန်း။ ကုန်းရိုး။ |
| ၃။ | နယ်ရှစ်ခွင် | = | အရပ်ရှစ်မျက်နှာတစ်ခွင်။ |
| ၄။ | တိမ်မင်တုံး | = | မင်တုံးမင်ခဲကဲ့သို့ မည်းမှောင်သောတိမ်။ |
| ၅။ | ရွှေဘုတ် | = | စွတ်စိုချိုထူသောဒေသ၌ အနေများသော ကိုယ်ထည် မည်းနက်၍ အုန်းခွံရောင်နီကြင့်ကြင့် အတောင်ရှိသော ငှက်တစ်မျိုး။ |
| ၆။ | အီသည် | = | ဘုတ်ငှက်အော်မြည်သည်။ |
| ၇။ | ငုံကင်း | = | အငုံအကင်း။ |
| ၈။ | ရွက်ရင့်လျှော | = | အရွက်ရင့်များမြေသို့ သက်လျှော ကြွေကျသည်။ |
| ၉။ | တောင်ပြန်လေညင်း | = | တောင်အရပ်မှ ပြန်တိုက်လာသော လေပြည်လေညင်း။ |

၁၀။ သူရကာန်စက် = နေမင်း

၁၁။ ဗျာဝှန် = ပူပန်ကြောင့်ကြများသည်။

၁၂။ ကြိုးခွေ = မျောက်အော်သံ။

၁၃။ စိမ့် = စိမ့်ရေပေါက်သောတော။

၁၄။ မြိုင် = စိမ်းစိုအုပ်မှိုင်းသော တောကြီး။

၁၅။ ဖိုးခေါင် = ဖိုးခေါင်၊ ဖိုးခေါင်ဟု သူ၏အမည်ကိုထုတ်ဖော် မြည်ကြွေးတတ်သောငှက်။

၁၆။ ညောင်း = သာယာငြိမ့်ညောင်းသည်။

၁၇။ အိုးဝေ = ဒေါင်းငှက်မြည်သောအသံ။

၁၈။ တောင်တံခြက် = တောင်ကျရေတံခွန်။

၁၉။ ကျောက်စက်ကျစမ်းရေ = ကျောက်ကြို ကျောက်ကြားမှ စိမ့်ထွက် ကျဆင်းသောရေ၊

၂၀။ နေဝင့်တည်း = နေဝင်တစ်ယောက်တည်း။

## သင်ခန်းစာအကျဉ်း

ဥာနိပြည်ကြီးနှင့် ဝေးကွာနေရသူမှာ တစ်ကိုယ်တည်း ဆွေးနေရပါသည်။ အရပ်ရှစ်ခွင်လုံး အုံ့မှို နေသောကြောင့် လမ်းဘယ်ဝယ်ရှိမှန်းမသိနိုင်ပါ။ မြိုင်ခြေအုပ်ဆိမ့် ရွှေဘုတ်ငှက်က အီနေပါသည်။ တော ပြန်လေညှင်းကလည်း ဆော်သွေးနေပါသည်။ နေညိုချိန်ရောက်လာလျှင် ပို၍လွမ်းဆွေး လာပါသ အလွမ်းအဆွေးဓာတ်ကို မည်သူမျှမဖြေဖျောက်နိုင်ပါ။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ 'ဥာနိပြည်ကြီးကဝေးသနှင့်' ကဗျာကိုဖတ်ရှုလေ့လာ၍ တစ်ကိုယ်ဆွေးဖွယ်ကောင်းသော ဧ တောင် ရေမြေရာသီဥတုတို့၏ အခြေအနေကို သရုပ်ဖော်ပြပါ။

၂။ အောက်ပါစကားလုံးတို့၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

မြောင်၊ ခင်တန်း၊ နယ်ရှစ်ခွင်၊ တိမ်မင်တုံး၊ ခွက်ရင့်လျှော၊ တောင်ပြန်လေညင်း။

၃။ အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြေ ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

တိမ်မင်တုံး (ရူပက)၊ မိုးလုံးအိသို့ (ဥပမာ)၊ သူရကာန်စက်၊ ဖန်ဂယက် (ဝဏ်ဝုတ္တိ)၊ ထိမ်ကွန်းငေ (ဝဏ်ဝုတ္တိ)၊ ကြိုးခွေ (မြည်သံစွဲ)၊ အိုးဝေ (မြည်သံစွဲ)။

## တောင်သူကြီး
## ကုန်းဘောင်ခေတ်

ဘကြီးတော်လက်ထက်တွင် ဦးမင်းအမည်ဖြင့် စာဆိုနှစ်ဦး ပေါ်ပေါက်ခဲ့သည်။ တစ်ဦးကို ဖိုးတော်ဦးမင်း၊ အခြားတစ်ဦးကို လူဦးမင်းဟု ခွဲခြားခေါ်ကြသည်။

ဖိုးသူတော်ဦးမင်းကို မြန်မာနှစ် ၁၁၆၀ ခန့် (ခရစ်နှစ် ၁၇၉၈ ခန့်) တွင် ဖွားမြင်သည်။ မြန်မာနှစ် ၁၂၁၀ ခန့် (ခရစ်နှစ် ၁၈၄၈ ခန့်) တွင် ကွယ်လွန်သည်။ ဇာတိမှာ မိတ္ထီလာမြို့အနီး ရေဝေရွာဖြစ်သ ရတု၊ သဖြန်၊ လေးချိုး၊ ဆယ့်နှစ်ရာသီဘွဲ့ လေးဆစ်များ၊ တေးထပ်၊ လွမ်းချင်း၊ ဒိုးချင်း စသည့်ကဗျာ အမျိုးတို့ကို ရေးဖွဲ့ခဲ့သည်။ 'ဒိုးချင်းအရာတွင် ငါ့ကို မယှဉ်ကြနှင့်။ ငါ လူလွန်ပေလပဲ' ဟုဆိုဖူးသည်။

စာဆိုသည် ဘကြီးတော်လက်ထက်တွင် ဆမွန်းကြီး ခေါ် စာမှန်းကြီးရွာကိုစားရသည်။ ရွှေဘို လက်ထက်တွင် အမတ်ကြီး ဦးပေါ်ဦး၊ ဝက်မစွတ်နဝဒေးတို့နှင့်အတူ ဦးမင်း နှစ်ယောက်စလုံး စာဆိုတော် အဖြစ် ဆက်လက်ကျော် ကြားသည်။ ရွှေဘိုမင်း၏ ဘုန်းတော်ဘွဲ့များကို ယှဉ်ပြိုင်ဖွဲ့ဆိုခဲ့ကြသည်။

မီးကျည်မီးပန်း ရှို့လွှတ်ခြင်းကို ရှေးကစစ်ရေး မက်ရေးတွင်လည်းကောင်း၊ ပျော်ရေးရွှင်ရေး လည်းကောင်း အသုံးပြုသည်။ စစ်ရေးအတွက်ဖြစ်လျှင် မီးကျည်မီးပန်းတို့ကို မြို့ရိုးအနီး အသင့်ထားရသ ရန်သူဆင်မြင်းများ ချဉ်းကပ်လာလျှင် ထိတ်လန့်ထွက်ပြေးစေရန် ရှို့လွှတ်ပစ်ဖောက်ကြသည်။ ပျော် ရွှင်ရေးအတွက်ကား ဘုရားပွဲ၊ ရှင်ပြုပွဲ၊ ဘုန်းကြီးပျံ ပွဲမှစ၍ အခွင့်အခါသင့်သလို မီးကျည်မီးပန်းတို့ ရှို့လွှတ်ပစ်ဖောက်ကြသည်။ ကုန်းဘောင်ခေတ်နှောက်ပိုင်းတွင် မီးရှူးမီးပန်းတို့ ရှို့လွှတ်ပစ်ဖောက်ခေ အလေ့သည် အထူးခေတ်စားခဲ့ကြသည်။ ပွဲလမ်းရှိလျှင် မြို့ရွာ ရပ်ကွက်အလိုက် မိမိတို့အင်အားအလျော မီးရှူးဒိုးကျည်များပြုလုပ်၍ ဒိုးကျည်ရှို့လွှတ်ရာ ကွက်လပ်သို့ ဒိုးချင်းများ၊ သံချပ်များ သီဆိုကခုန်၍ လူဝေးဖြင့် တပျော်တပါး ပို့ဆောင်ကြသည်။ မိမိတို့ထမ်းလာသော ဒိုးပေါ်တွင် တောင်သူကြီးရုပ်၊ ဖိုးသူတေ ရုပ်၊ ဇီးကွက်ရုပ်၊ တောက်တဲ့ရုပ် စသောအရုပ်တို့ကို ဒိုးစီးရုပ်အဖြစ် ပြုလုပ်၍ ထမ်းယူသယ်ဆောင်ခဲ့ကြသ

ဒိုးဆိုသည်မှာ သစ်တုံး၊ ထန်းတုံးစသည်တွင် ပါဝင်သည့် 'တုံး' မှ အသံပြောင်းလာခြင်းဖြစ်သ သစ်တုံး၊ ထန်းတုံး စသည်တို့ကို အခေါင်းထွင်း ယမ်းသွတ်၍ ကနုတ်တပ်ကာ မီးပစ်ရှို့လွှတ်ခြင်းကို ဒိုးလွှ သည်ဟုဆိုသည်။ ဤသို့လွှတ်ရာတွင် အဝေးလွှတ်၊ အမြင့်လွှတ် ဟူ၍ နှစ်မျိုးရှိသည်။ အဝေးလွှတ်လိုသောအ ဒိုးကိုဘီးတပ်၍ လွှတ်ရသည်။ အမြင့်လွှတ်လိုသောအခါ ငြမ်း ဆင်၍ မိုးသို့ရွယ်ကာ လွှတ်ရသည်။ ဒိုးလွှတ် တွင် ဒိုးချင်းများကို သီဆိုကခုန်ကြသည်။ ဒိုးချင်းကခုန် သူတို့သည် လက်သီးလက်မေ တန်းလျက် ခြေသိုင်းကွက်ကျနင်း၍ ရှေ့တိုးနောက်ဆုတ် ပြုလုပ်ရသည်။

ဒိုးချင်းတွင် မိမိတို့ဒိုးစီးရုပ်အကြောင်းကို ချယ်ပြုံး ယ်ပြ၍၊ တစ်ဖက်သားကို ချိုးနှိမ်၍၊ မိမိကိုယ် ချီးမြှောက်၍ စီကုံးစပ်ဆိုကြသည်။ ဒိုးချင်းစပ်ဆိုရာတွင် စကားလုံးခြောက်လုံး၊ ခုနစ်လုံး စသည်ပါေ စာပိုဒ်များကို မြင့်သံတစ်လှည့်၊ နိမ့်သံ တစ်လှည့်ဖြင့် ရှစ်ပိုဒ်ကိုးပိုဒ် စပ်ဆိုသည်။ တောင်သူ ည် ဒိုးချင်း အင်းဝမြို့ ဘကြီးတော်ဘုရားလက်ထက် အောင်မြေလောကဘုရား တပေါင်းလပွဲတော် ဆို ဖိုးသူတော် ဦးမင်းရေးဖွဲ့သည်။

## တောင်သူကြီး

ခက်ရင်းစွယ်စုံ စိန်တောင်ကြီးနှင့်
ငါးစီးဆင်ပြောင် အားပေကို။

ဇမ္ဗူစိုးရ နတ်ရှင့်ကျွန်
တုလို့ချွန်လျှင် ခန္ဓာစဲမယ်
ရဲရန်ညွှန့်ဖြိုး။

ကိုးပိဿာစီး ဓားမကြီး
ရန်မီးသတ္တရှ ငေါက်လျှင်ပြို
ကုန်းဘောင်ရွှေဘို ထောင်ကနက်က
ဘေးဘိုးစဉ်ဆက် ခုတိုင်အောင်
ရေးတော်မရှောင် ထမ်းတဲ့ယောက်ျား။

ယာလယ်လုပ်လို့ တောမှာပျော်
စီးပွားထင်ပေါ် ပြောင်းနှင့်စပါး။

ပဲမျိုးအပြားဘူးသခွား
ကယားမြို့မ နယ်တစ်ခွင်
ဝါနှမ်းစုံလင် ချဉ်ပေါင်ခင်းနှင့်
မကြွင်းခရမ်း သီးမျိုးလျှမ်း
ပိုက်တန်းစည်းဝိုက် ရွှေယုန်ထောင်ကာ
ချိုးနှင့်ငုံး စာငယ်ကိုလေ
ပုတတ် မွေးကြိုင်စွာ
ငှက်လုံး ထိန်ထိန်ဝါ။

ရေယဉ်စီးတဲ့ တောမြိုင်သာ
ပြောင်းပဲရောရာ ဆန်တစ်ဝက်နှင့်
စပျစ်ကျင်းလျက် ပြည့်အနှက်

လူပျိုချက်တဲ့ ဟင်းလျာကို
ရောရာစုံ ချိုလှချည့်
အပျိုငယ် ရွှေနံကားအောင်
စားပါလှည့် ပုန်းဘော။

ခုံးချင်း

ဖိုးသူတော်ဦးမင်

## ခက်ဆစ်အဖွင့်

၁။ စိန်တောင်ကြီး - စိန်တောင်ကဲ့သို့ ချွန်ထက်သော ခက်ရင်းအစွယ်။
၂။ ဇမ္ဗူ - မြင်းမိုရ်တောင်၏ တောင်ဘက်၌ ဇမ္ဗူသပြေပင်ပေါက်ရာကျွန်း။
ဇမ္ဗူဒိပ်ကျွန်း။
၃။ ဇမ္ဗူ့ဒိုးရ - ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသူ။
၄။ ခန္ဓွဲ - သေသည်။
၅။ နံ့သထ္ထူရှ - ရန့်သူ။
၆။ ထောင်ဂနက် - ရွှေဘိုကုန်းဘောင်နန်းတော်ကို တည်ထောင်သည်။
၇။ ရေးတော် - ဘုရင့်အရေး။ နိုင်ငံ့အရေး။
၈။ ပိုက်တန်း - ယုန်ထောင်သောပိုက်တန်း။
၉။ ပုတတ် - ဗဒတ်ဟုအသံထွက်သည်။ ကိုယ်၌ အပြောက်အစက်များ ပါသည့်
တွင်းအောင်းတွားသွား သတ္တဝါတစ်မျိုး။
၁၀။ နွှန့်လုံး - ပုစွန့်လုံး။
၁၁။ စပျှစ် - နှီးဖြင့်ရက်လုပ်သော အခင်း အချပ်တစ်မျိုး ဒေါင်းလန်းကြီး တစ်မျိုး
၁၂။ စပျှစ်ကျင်း - ဒေါင်းလန်းကြီးတွင် ခင်းကျင်းသည်။
၁၃။ ပုန်ဘော - ပေါ်များစွာ။

## သင်ခန်းစာအကျဉ်း

စွယ်စုံခက်ရင်းကြီးနှင့် အလေးချိန်ကိုးပိဿာစီးသော ဓားမကြီးကို တစ်ဖက်စီကိုင်စွဲထားသေ တောင်သူကြီးသည် ဆင်ပြောင်ငါးစီးကဲ့သို့ အားမာန်ကြီးသည်။ ရန်အပေါင်းကို ဖြိုဖျက်နိုင်သည်။ ဘေးဘ အစဉ်အဆက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ယခုအခါတွင် ယာလယ်လုပ်၍ သက်မွေးနေသည် သီးနှံမျိုးစုံစိုက်ပျိုးသည်။ မိမိချက်ပြုတ်ထားသော ထမင်းဟင်းများကို အပျိုကလေးများ လာစားပါဟု ဖိတ ခေါ်ပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အောက်ပါစကားတို့၏ အဓိပ္ပာယ်ကိုတင်ပြပါ။

ပုန်းဘော၊ စပျစ်၊ ပုတတ်၊ ခန္ဓာစဲ၊ စိန်တောင်ကြီး။

၂။ တောင်သူကြီးကဗျာသည် ဝီရ ရသ၊ ကရုဏာရသ၊ ဟာသရသတို့ဖြင့် ရသစုံဖွဲ့စည်းထားသည်ဆိုလျှ မှန်ပါမည်လား။ ဤကဗျာတွင် မည်သည့်ရသသည် အဓိကပန်းတိုင်ရသ ဖြစ်သည်ဟုထင်ပါသနည် အကြောင်းပြ၍ဖြေပါ။

၃။ အောက်ပါအလင်္ကာတို့သည် မည်သို့သော အကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြော ထိုအလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

ရန်မီး (ရူပက)၊ ငါးစီးဆင်ပြောင်အားပေကို (အတိသယဝုတ္တိ)။

## ဆောင်းရတုပွဲ

## ကုန်းဘောင်ခေတ်

အချုပ်တန်းဆရာဖေကို မြန်မာနှစ် ၁၂၀၀ ပြည့်နှစ် ဝါဆိုလဆန်း၂ ရက် (ခရစ်နှစ် ၁၈၃၈ ခု ဇွန်လ ၂၄ ရက်) တွင် အင်းဝ၌ ဖွားမြင်သည်။

ဆရာဖေ၏ဖခင်သည် ပုဂံမင်းလက်ထက်တွင် အသုံးတော်ခံရာထူးဖြင့် အတွင်းတော်၌ ထမ်းဆောင်ရသူဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ဆရာဖေ၏ဖခင်သည် မန္တလေးတောင်ပြင် မင်္ဂလာတံခါး အနောက်ဘက် ကျုံးထိပ်အပ်ချုပ်တန်းတွင် ဘုရင့်မြင်းတပ်တော်အတွက် မြင်းကုန်းနှီးများချုပ်လုပ် အသက်မွေးသည်။ မိခင်မှာ ဘသင်ပညာသည် မျိုးရိုးဖြစ်သည်။

ဆရာဖေသည် စာဆိုကျော် စလေဦးပုညနှင့် ခေတ်ပြိုင်စာဆိုဖြစ်သည်။ အချုပ်တန်းဆရာဖေဟု သင်ရှားသူဖြစ်သည်။ သီပေါမင်းလက်ထက်တွင် အမည်တူစာဆိုတစ်ယောက် ပေါ်လာခဲ့သည်။ ယင်းစာဆိုမှာ တောင်သမန် လယ်စားမောင်ဖေငယ် ဖြစ်သည်။

အချုပ်တန်းဆရာဖေသည် မင်းတုန်းမင်းလက်ထက်တွင် မက္ခရာမင်းသားကြီး၏ အိမ်တော်ဦး အဆောင်ကိုင်အဖြစ် အမှုထမ်းရသည်။ မင်းတုန်းမင်းကို နန်းလုရန်ကြံသော မြင်ကွန်းမြင်းခုံတိုင်မင်းသားများ ပုန်ကန်မှုအရေးတော်ပုံတွင် ဆရာဖေသည် မက္ခရာမင်းသားကြီး၏ နောက်တော်ပါးမှ မခွဲမခွာလိုက်ပါ၍ ချုပ်ရှုပ်ချုံချုံ တိုက်ခဲ့သည်။ နောက်ထပ် ပေါ်ပေါက်လာသော ပတိမ်းမင်းသား ပုန်ကန်မှုတွင်လည်း မက္ခရာမင်းသားကြီး အမိန့်တော်ဖြင့် ပါဝင်တိုက်ခိုက်ခဲ့သည်။ ညောင်ရမ်းမင်းသား ရှမ်းပြည်သို့ တပ်တော်ချီရာတွင်လည်း အောင်ပန်းထိအောင် လိုက်ပါခဲ့သည်။ အင်္ဂလိပ်လက်အောက်ရှိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားကို မင်းတုန်းမင်းကြီးက ထီးတော်တင်ရာတွင် ကပြဖျော်ဖြေရန် သွားရောက်ရသော ဇာတ်သဘင် အဖွဲ့များကို ဆရာဖေ အုပ်ချုပ်လိုက်ပါသွားရသည်။

ဆရာဖေသည် မျိုးချစ်စိတ်ထက်သန်သည်။ အင်္ဂလိပ်ဒေ့မျိုးဘုရင်ခံ ရန်ကုန်သို့ တိုင်းခန်းလှည့်လည်လာရာတွင် မြန်မာမင်းတို့၏ အဆောင်အယောင်ဖြစ်သော ထီးဖြူများမိုး၍ အကြိုဆိုခံသည်ကို မအပ်မရာ လုပ်သည်ဟု ဆရာဖေက ခံပြင်းသည်။ ရန်ကုန်မှထွက်ခွာ၍ ဘုပ္ပလိကျွန်းသို့အရောက်တွင် ထိုဘုရင်ခံအား ထိုးခံရပြီး ကွယ်လွန်သည်ကို ဆရာဖေ ကြားသိရလျှင် 'မင်းတုဂ ခွေးသေသေ၊ သွေးတွေတွေယိုဘိ' ဟူသည့် အပိုဒ်များပါဝင်သော တေးထပ်တစ်ပုဒ်ကို ဝမ်းသာအားရ ဖွဲ့ခဲ့လိုက်ရာ အများပြည်သူတို့ နှစ်သက်စွာ သီဆိုခဲ့ကြသည်။ ဆရာဖေသည် ယင်းတေးထပ်ကြောင့် မင်းဖော်သင့်၍ အချုပ်ခံခဲ့ရသည်။ မြန်မာဘုရင် ပါတော်မူသော အခါတွင်လည်း 'ရွှေဆီးဖြူသဘောဘိ၊ စလေ့နှင့်လို့မှ်သလို' ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ နေပြည်တော်တွင် မြန်မာအချို့က အင်္ဂလိပ်လက်အောက် ကျွန်ယပေါက်အဖြစ် သာယာနေကြသည်ကို တွေ့ရသောအခါ 'တွေးမိတိုင်း အရှိုးနာသည်၊ အမျိုးပါဓားချင်ပေ့လေး' ဟူသောတေးထပ်ဖြင့် ပြစ်တင်ဆိုးမခဲ့သည်။ မြို့တော်တွင်အင်္ဂလိပ်များ သွားလာဝင်ထွက်နေသည်ကို မရှုမြင်သဖြင့် သူငယ်ချင်းတစ်ဦးနှင့်

ရှမ်းပြည်သို့ သွားရောက်ကာ သုံးဆယ်စော်ဘွားကြီးထံတွင် ခိုလှုံကြသည်။ ဆရာဖေသည် ရှမ်းပြည်၌ရှိစဉ် မြန်မာနှစ် ၁၂၅၆ ခုနှစ် (ခရစ်နှစ် ၁၈၉၄ ခုနှစ်) တွင် ကွယ်လွန်ခဲ့သည်။ မန္တလေးဆောင်းရာသီ အချမ်းကဲပုံကိုရေးဖွဲ့သော 'ဆောင်းရတုပွဲ' လေးချိုးကဗျာသည် ဆရာဖေရေးဖွဲ့ခဲ့သော လေးချိုးများအနက် ထင်ပေါ်ခေတ်စားခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။

**ဆောင်းရတုပွဲ**

ခန်းဆောင်ရွှေ ရဝေတွင်းမှာလ
ချမ်းပေါင်လေ တဖေတင်းသော်လည်း
ဖြေရင်းရယ်တဲ့ ခိုက်ခိုက်တုန်။

မျက်တစ်ခတ်၊ ပြက်လျှပ်ကယ် တစ်ဗိဇနာမျှ
ထည်အလွှာ အကုန်ထွေးသော်လည်း
ကြည်အသာ မလုံသေးပါဘု
မှိတ်ပါလျှင် လိပ်ပြာကအေးတာမို့
သွေးလန့်လို့ခုန်။

ယမ်းယောင်ကာ တလျက်ညည်းမိတော့
သန်းခေါင်မှာ မြကြက်သီးတွေက
တဖီးဖီး ပွံ့လို့ငယ်အဲ့
ဗျာဆိုတဲ့ရာသီပဲ။
ငွေနှင်းငယ်မှုန်
လေညင်းရယ် တသုန်သုန်နှင့်
ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့
မန်းတုန်အောင် လမ်းဆုံကဟစ်ချင်တော့
သည်ခေတ်မှာ သည်လိုဟာဖြင့်
သည်ကိုယ်မှာ သေသေလုပါပေါ့
ကမ္ဘာကို ပြဟွာတို့ပြုခဲ့တယ်
ဆောင်းရတုပွဲ။

## စကားလုံးအဖွင့်

| | | | |
|---|---|---|---|
| ၁။ | ရဝေ | = | နန်းတော် အိမ်တော်တို့၏အဆောင်။ မြင့်မြတ်သောတိုက်ခန်းနေ |
| ၂။ | မျက်တစ်ခတ် | = | မျက်တောင်တစ်ခါခတ်မျှသော ကာလ။ တစ်ခဏ။ |
| ၃။ | တစ်ဗိဇနာ | = | မြန်မာနာရီ၏ ခြောက်ဆယ်စိတ် တစ်စိတ်မျှသော အချိန်။ (စက်နာရီ ၂၄ စက္ကန့်နှင့်ညီသည်။) မြန်မာနာရီ သတ်မှတ်ပုံ |
| | တစ်မိုက် | = | တစ်လျှပ် |
| | ဆယ်လျှပ် | = | တစ်ခဏ |
| | ဆယ်ခဏ | = | တစ်ခရာ |
| | ဆယ်ခရာ | = | တစ်ပြန် |
| | ခြောက်ပြန် | = | တစ်ဗိဇနာ |
| | ဆယ့်ငါးဗိဇနာ | = | တစ်ပါဒ် |
| | လေးပါဒ် | = | တစ်နာရီ |
| | ခြောက်ဆယ်နာရီ | = | တစ်ရက် |
| ၄။ | သိပ်ပြွာ | = | ဗိတ်ဝိညာဉ်။ |
| ၅။ | သွေးလန့် | = | အကြောင်းတစ်စုံတစ်ရာကြောင့် ရုတ်တရက်ကြောက်ရွံ့တုန်လှုပ်သည်။ |
| ၆။ | ဗျာဆို | = | ပူပန်ကြောင့်ကြ စိုးရိမ်မှုပေါင်းဆုံသည်။ |
| ၇။ | ကမ်းကုန် | = | အစွမ်းကုန်။ |
| ၈။ | ရဟု | = | ရာသီဥတုအခြေအနေ။ ပွဲသဘင်။ အခမ်းအနား။ |

## သင်ခန်းစာအကျဉ်း

မန္တလေးနန်းတော်ဆောင်အတွင်း၌ မချမ်းပါဘူးဟု အားတင်းထားသော်လည်း စိတ်ဖြေရင်းနှင့် ခိုက်ခိုက်တုန်နေပါသည်။ မျက်စိမှိတ်၍ အိပ်မည်ပြုသည်နှင့် ချမ်းလွန်း၍မအိပ်နိုင်ဘဲ သွေးလန့်၍ ခုန်ပါသည်။ လေညင်းကလည်း တသုန်သုန်တိုက်နေသဖြင့် ချမ်းပုံမှာကမ်းကုန်ပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အချုပ်တန်းဆရာဖေကချမ်းပုံမှာ ကမ်းကုန်ရစ်သော မန္တလေးဆောင်းရာသီအကြောင်းကို မည်သို့ဖွဲ့ခဲ့သနည်း။ ရှင်းပြပါ။

၂။ အောက်ပါခက်ဆစ်တို့ကို အဖွင့်ရေးပါ။

ရဝေ၊ ဗိဇနာ၊ ဗျာဆုံ၊ လိပ်ပြာအေး၊ ရတု။

## လေးမောင့်စံကျောင်း
## ကုန်းဘောင်ခေတ်

ဦးပုညသည် စလေမြို့ဇာတိဖြစ်သည်။ ဘကြီးတော်ဟု အမည်တွင်သည့် စစ်ကိုင်းမင်းလက်ထ မြန်မာနှစ် ၁၁၇၄ ခု ဝါခေါင်လဆန်း ၁၃ ရက် ကြာသပတေးနေ့ (ခရစ်နှစ် ၁၈၁၂ ခု ဩဂုတ်လ ၂၀ရ တွင်ဖွားမြင်သည်။ ယေမည်မှာ မောင်ပုတ်စည် ဖြစ်သည်။ ဦးပုည၏ဖခင်မှာ မြို့သူကြီးရိုး ဖြစ်သည်။

ဦးပုည၏ငယ်ဆရာများမှာ စလေမြို့မခင်ကြီးစနှင့် တူမောင်းဆရာတော် ဦးဒိပတို့ဖြစ်သည်။ အ ပူရမြို့ ဗန်းမော်ဆရာတော်ထံ ပညာဆက်လက် ဆည်းပူးသည်။ ဦးပုည၏ ရှင်သာမဏေဘွဲ့မှာ ရှင်ပုညာဘိ ဖြစ်သည်။

ရှင်လူထွက်ပြီးနောက် မင်းတုန်းမင်း၏ညီတော် ကနောင်မင်းထံတွင် ခစားရသည်။ နောင်‹ မင်းတုန်းမင်းထံ ခစားရာ လက်ဖက်ရည်တော်ဘက်တွင် မင်းလှသခ်ယာ ဟူသောဘွဲ့နှင့် ထမ်းရွက်ရသ ရွာစည်ရွာကိုလည်း စားရသည်။ မင်းတုန်းမင်းထံခစားစဉ် မြင်ကွန်းမြင်းခုံတိုင် မင်းသားတို့ ပုန်ကန်သ အရေး၌ အခါပေးသည်ဟု သင်္ကာမကင်းသဖြင့် မြို့ဝန်ဦးသာအိုးအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထား‹ ကွပ်မျက်ခံရသည်။ မင်းတုန်းမင်းကြီးက နှမြောလှ၍ 'လူကို ခွေးသတ်လေခြင်း' ဟု မိန့်ခဲ့သည်။

ဦးပုညသည် မော်ကွန်း၊ ပြဇာတ်၊ တေးထပ်၊ ဟောစာ၊ မေတ္တာစာ စသည်တို့ကို အများအ ရေးဖွဲ့ခဲ့သည်။ ဦးပုည၏စာများမှာ ထင်ရှား၍ လူကြိုက်များခဲ့သည်။ ဦးပုညသည် မင်းတုန်းမင်းလက်ဝ တွင် လျှမ်းလျှမ်းတောက် ကျော်ကြားသော စာဆိုကြီးဖြစ်သည်။ ဦးပုညကို မြန်မာပြည်၏ ရှိတ်စပီးယားဟု နှောင်းပညာရှိများက တင်စားခေါ်ဝေါ် ခဲ့ကြသည်။

ဦးပုညသည် အများအားဖြင့် တေးထပ်များကို ဖွဲ့လေ့ရှိသည်။ ထိုတေးထပ်များမှာ ခ...ဖွဲ့ မိုး မယ်ဘွဲ့၊ မောင်ဘွဲ့၊ သစ္စာတိုင်၊ နိဗ္ဗန္ဒ၊ အစောင်းအချိတ်၊ အမြှောက်အပင့် မှုစ၍ ဓေဒင်၊ သင်္ဂြိုဟ်အထိ ပ သည်။

တေးထပ်ဟူသောအဖွဲ့မှာ မင်းတုန်းမင်း၊ သီပေါမင်းကို...ကက် မန္တလေးခေတ်တွင် ထွန်း‹ ကျယ်ပြန့်လာသော အဖွဲ့တစ်မျိုးဖြစ်သည်။ ရှေးရိုးတေးအချို့များကို အဆင့်ဆင့် ထပ်ဆင့်၍ ရေးဖွဲ့ရ‹ ကြောင့် တေးထပ်ဟုခေါ်သည်။ တေးထပ်တွင် ၁၈ ပိုဒ်ပါ၍ 'လႈ' ဟူသော စာလုံးဖြင့် အဆုံးသတ်ရသ 'မုလေးရုံတောအစ' ချီ တေးထပ်မှာ ဦးပုညရေးဖွဲ့သော ...တေးထပ်များအနက် နိဗ္ဗန္ဒဘွဲ့ဖြစ်၍ စိတ်‹ လက်အေးနေလိုသော ကျောင်းသခ်မ်းကို စိတ်ကူးဖြင့် ...ကင်းခဲ့ခြင်းဖြစ်သည်။ ကျောင်းသခ်မ်းကို စ‹ အလှအပဖြင့် ပသာဒဖြစ်အောင် ဖွဲ့ဆိုထားရာ ဦးပုည၏ ...ကားကြွယ်ဝပုံနှင့် စိတ်ကူးဉာဏ်ကောင်းပုံ‹ လေ့လာနိုင်သည်။

## လေးမောင့်စံကျောင်း

မုလေးရှဲ့ တောအစ
ဒေါနလမ်း မြေညီ
လျှောကျစမ်း ရေသင်းကြည်တယ်
ရွှေနှင်းဆီ ကန်ချောင်း။

လွှမ်းမတတ် စကားဝါငူမှာ
နံ့သာဖြူ လေးမောင့်စံကျောင်း။

စံပယ်ချပ် သရဖီချောင်မှာ
ခွာညိုတောင် ခိုအောင်း။

မွှေးနံ့သာ စုပေါင်းလို့
နုညောင်စောင်း ထက်မှာ။

ပဒုမ္မာ ကြာသက်နီးငယ်နှင့်
ခါဆင်မြန်း တောမွှေ့ပျော်ရာ။
ပန်းသော်က တံတိုင်းကာသည်
ဇီဇဝါ မုန်ခြားလို့
တံခါးက ချရားကြိုင်
သင်းတဲ့ ဂန္ဓိုင်။

ယုဇန မဟာမြိုင်မှာ
ကမ္ဘာတိုင် မှီးမယ်ပလေး။

တေးထပ် ဦးဖုညွှ

## စကားလုံးဆန်းများ ဝေါဟာရအဖွင့်

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | မုလေးရှုံ | = | မြတ်လေးပန်းရုံ။ |
| ၂။ | ညောင်စောင်း | = | ခြေလေးချောင်းတပ်သောအိပ်စင်။ခုတင်။ |
| ၃။ | ကြာသက်န်း | = | ကြာပင်မှကြာမျှင်များကို ခဲရာခဲဆစ်ရယူပြီး အမြတ်တနိုး ရက်လုပ်သော သင်္ကန်း။ |
| ၄။ | ချုရား | = | ခရေ။ |
| ၅။ | ဂနိုင် | = | သစ်ပင်ကြီးများ ထူထပ်များပြားစွာ ပေါက်နေသောတော။ |
| ၆။ | မဟာမြိုင် | = | စိမ်းစိုအုပ်မှိုင်းပြီး ကြီးမားသည့်တော။ |

## သင်ခန်းစာအကျဉ်း

လေးမောင့်စံကျောင်းတွင် တောအစဥ္ မုလေးပန်းရုံ မြေညီပေါ်တွင် ဒေါနပန်း၊ ကန်ချောင်းတွင် နှင်းခါပန်းများ ဝေဆာနေပါသည်။ လေးမောင့်စံကျောင်းကို နံ့သာဖြူနှင့် ဆောက်ထားပါသည် ကျောင်းတွင် ပဒ္မာကြာသက်န်းကို ဆင်မြန်းပြီး ယုဇနမဟာမြိုင်တောတွင် ကမ္ဘာတိုင်အောင် တရားဘာအားထုတ်ပါမည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ လေးမောင့်စံကျောင်းသည် တကယ့်ကျောင်းလော။ စိတ်ကူးယဉ် ကျောင်းလော၊ သင့်ထင်မြင်း ရှင်းပြပါ။

၂။ လေးမောင့်စံကျောင်းတွင် ပန်းနံ့သာမျိုးတို့သည် မည်သို့သောနေရာ အသီးသီး၌ပေါက်၍ တန်ဆာဆင်နေ ကြသနည်း။

၃။ အောက်ပါခက်ဆစ်တို့ကို အဖွင့်ရေးပါ။
မုလေးရှုံ၊ ညောင်စောင်း၊ ကြာသက်န်း၊ ချုရား၊ ဂနိုင်၊ မဟာမြိုင်။

## အကျွန်တို့လယ် ကောက်စိုက်တုန်းက
## ကုန်းဘောင်ခေတ်

'အကျွန်တို့လယ် ကောက်စိုက်တုန်းက' ကဗျာသည် ဟန်ချင်းကဗျာ ဖြစ်သည်။ ဟန်ချင်းကဗျာ ဆိုသည်မှာ လှေပွဲ၊ ရေပွဲ၊ မီးပွဲ၊ ကောက်စိုက်ပွဲ၊ လွန်ဆွဲပွဲ စသည်တို့၌ တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု တစ်ရပ်နှင့်တစ်ရပ်၊ တစ်နယ်နှင့်တစ်နယ် သူထက်ငါအသာရရေးအတွက် အပြိုင်အဆိုင် အနိုင်လုရာတွင် မိမိဘက်တော်သားတို့ ဟန်ကိုယ်ဖို့ ဖြစ်နိုင်စေရေးအတွက် စပ်ဆိုထားသော ဂုဏ်ရည်ပြကဗျာ တစ်မျိုးဖြစ် သည်ဟုဆိုသည်။ တစ်နည်းအားဖြင့် ကိုယ်ရည်သွေး ကဗျာဟုဆိုနိုင်သည်။ ယခုဟန်ချင်းမှာ ကောက်စိုက်သ များ ကိုယ်ရည်သွေး၍ ဟန်ရေးပြသော ကောက်စိုက်အဖွဲ့ ဟန်ချင်း ဖြစ်သည်။

ပညာရှင်အချို့ကမူ ဟန်ချင်းကဗျာသည် သီချင်းသဘောနွယ်သည်။ ဟန်ချင်းကိုဆို၍ ကလေ့ သည်။ နန်းတော်ရှိ လက်သုံးတော်လူငယ်များသည် အစုလိုက် (သူရဲအစု၊ မြင်းစု၊ ရွှေပြည်မှန်ကင်းအ စသည်) အဖွဲ့လိုက် ရဲရည် ရဲသွေးကြွဖွယ် ဆိုကြကကြသည့် သီချင်းမျိုးဖြစ်သည်။ ဟန်ကသည့်အ လူ ၂၀၊ ၂၅၊ ၃၀ အထိ အဖွဲ့လိုက် ကလေ့ရှိသည်ဟုဆိုကြသည်။

တစ်ဖန် 'ဟန်ချင်းအစ၊ ရွှေဘိုက' ဟူ၍ ဆိုရိုးရှိခဲ့ရာ ဟန်ချင်းသည် ရွှေဘိုမြို့တွင် အလောင်းဘုရ ဘုန်းမီးနေလတောက်ပချိန် ကုန်းဘောင်ခေတ် ပထမပိုင်း (၁၁၁၅ - ၁၁၄၃) ခန့်တွင် စတင်ပေါ်ပေါက်ခဲ့ခြင် ဖြစ်မည်ဟု မှန်းဆကြသည်။ ထို့ပြင် ဟန်ချင်းကဗျာများတွင် ယောကျ်ားဟန်ချင်း၊ မိန်းမဟန်ချင်းဟူ၍ရှိရ ယခုဟန်ချင်းမှာ ကောက်စိုက်သူ အမျိုးသမီးများသီဆိုသော မိန်းမဟန်ချင်းဖြစ်သည်။ ရေးဖွဲ့ပုံမှာ 'ဒုံချင် ကိုမှီ၊ ရေးဖွဲ့သီ၊ တေးဂီဟန်ချင်းဝယ်' ဆိုသောကြောင့် ဒုံချင်းပုံစံနှင့်ဆင်သည်။

ယခုဟန်ချင်းတွင် 'အောင်ပင်လယ်ရွာမရိုင်း၊ တိုင်းရွှေပြည့်လက်နား' ဟူ၍ ရေးသားစပ်ဆိုထားရ အောင်ပင်လယ်မှာ မန္တလေးမြို့၏အရှေ့ဘက်တွင် တည်ရှိသော ရွာတစ်ရွာဖြစ်သည်။ ပုသိမ်ကြီးမြို့နယ်တွ ပါဝင်သည်။ အောင်ပင်လယ်တစ်ဝိုက်တွင် လယ်အများအပြားစိုက်သည်။

ထိုဟန်ချင်းတွင် ကောက်စိုက်သမတို့၏ အဆင်အပြင်၊ အဝတ်အစား၊ အနေအထိုင်၊ ဟန်အမူအ စသည့် ဘဝသရုပ်ကိုတွေ့နိုင်သည်။

## အကျွန်တို့လယ်ကောက်စိုက်တုန်းက

အေးကောင်းပျို့ရွယ် သူငယ်ချင်းတို့
လယ်တော်တွင်းက များတစ်တွေ။

ကိုယ်စီကလို့ လှစရာ
တို့မျက်နှာမှာ နံ့သာပြောက်လို့
လှည်းစာခေါက်ကို အိုင်အိုင်အေးအောင်
သွေးကြပါအေ။

ပန်းထိမ်လက်ခ မပေးရ
ထန်းပင်ကြီးက ဖြစ်သည့်ရွှေကို
ဆူးပန်းကုံးတွေ သွယ်ဘယက်နှင့်
ပေရွက်လိပ်ကြီး နားတောင်းဆင်
ယဉ်နိုင်အောင် ယှဉ်လိုက်ချည့်
အောင်ပင်လယ် ရွာမရိုင်း
တိုင်းရွှေပြည့် လက်နား။

လေးရာ့နှ်ဆယ်
အနံ့ငယ် တိုထဘီနှင့်
ဖျင်အကျီ သစ်ခေါက်ဆိုးမို့
ချုပ်ရိုးတွေ သီတစ်တန်းမှာ
သန်းကိုက်လို့ မယား။

ကျွဲခတ်သည့်ဟန်
ချဗျာဆံ စုံပါးရိုက်ကို
ခါလိုက်ချည့် တို့အဖို့မှာ
ယဉ်နကို မူကြမို့
ခုရိုးဖြူ ဆံခွေထုံးမှာ
ကုံးပန်လို့ခြားခြား။

အကျွန်တို့လယ် ကောက်စိုက်တုန်းက
ပြုံးလိုက်တဲ့ အကောင်ဟာရယ်
သင်း ပါရဲလားအေ့။

ပုံးဖာမှောက်ဆင်
တို့ လှတုန်းကို မြင်ပတဲ့အောင်
ငါးမျိုးဆင် ပဝါပြောက်မှာ
အဖာတွေ တစ်ရာလောက်ကို
ဟော မြှောက်လို့ပြစမ်း။

ဟန်ချင်း

ကျေးလက်ရိုးရာတေး

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | လယ်တော်တွင်း | = | လယ်ယာထွန်ယက် စိုက်ပျိုး ရာမြေ။ လမိုင်းလယ်ကော်။ |
| ၂။ | ပြောက် | = | အစက်အကွက် စွန်းထင်း သည်။ |
| ၃။ | လှည်းစာခေါက် | = | လှည်းစာပင်၏ အခေါက်။ |
| ၄။ | ဆူးပန်း | = | တပို့တွဲလတွင်ပွင့်သော အပင်တစ်မျိုး။ |
| ၅။ | အောင်ပင်လယ် | = | မန္တလေးအရှေ့ဘက်ရှိ အောင်ပင်လယ်ကန်။ |
| ၆။ | လေးရာ့နှစ်ဆယ် | = | ရက်ကန်းစင်တွင်အတိုင်ချည် အထက်လေးပင်၊ အောက်လေးပင်ဧ တစ်ရေခေါ်သည်။ အရေ ၃၀ ကို အကြမ်းအားဖြင့် အပင်တစ်ရ ခေါ်သည်။ ထိုကဲ့သို့ အပင် ၄၀၀၊ အရေ ၂၀ ဖြင့်ရက်သော ချည်ထဉ ကို လေးရာ့နှစ်ဆယ်ချည် ထည်ဟုခေါ်သည်။ |
| ၇။ | သစ်ခေါက်ဆိုး | = | သစ်ခေါက်တစ်မျိုးမျိုးကို ပြုတ်၍ရသော ဖန်ရည်ဖြင့်ဆိုးထားသော အထည်။ |
| ၈။ | စုံပါးရိုက် | = | ('စုံပရိုက်' ဟု အသံထွက်ပါ) နှစ်စုခွဲ၍ ထုံးထားသည့် ဦးချို ဟန်ဆံစတို့က ပါးနှစ်ဖက်ကို အပြိုင်ထိခတ်ခြင်း။ |
| ၉။ | မုရိုး | = | အပူပိုင်းဒေသတွင် အလေ့ကျ ပေါက်ရောက်သောအရွက် ထိပ်ဝိုင်း အစေးဖြူထွက်သော ရိုးတံရှည်နှင့် ပင်စုလိုက် ပေါက်တတ်သော အပင်တစ်မျိုး။ |
| ၁၀။ | ပုံးဖာမှောက်ဆင် | = | ရှိသမျှနှင့်လှအောင် အစွမ်းကုန် ပြင်ဆင်သည်။ |

## သင်ခန်းစာအကျဉ်း

အောင်ပင်လယ်ရွာမှ ကောက်စိုက်သမလေးများသည် ဘုရင့်လယ်တောအတွင်း၌ ကောက်စိုက် ပြင်ဆင်ရာတွင် မျက်နှာကို လှည်းစာခေါက်များသွေး၍ လိမ်းကြသည်။ ထန်းရွက်ဖြင့်လုပ်ထားသည့် ဆွဲ လက်ကောက်များ ဆင်မြန်းကြသည်။ ပေရွက်လိပ်ကို နားတောင်းအဖြစ် ပန်ဆင်၍ ဆူးပန်းများကုံးထားသ ဘယက်စသည်တို့ကို ဝတ်ဆင်ထားသည်။ ထဘီမှာ တိုင်ချည်လေးရာနှစ်ဆယ်ဖြင့် ရက်လုပ်ထားသည့် တိုထဘီဖြစ်ပြီး ဖျင်အကျီမှာ သစ်ခေါက်ဆိုး ထားပါသည်။ ဗျာပါဆံများချထားပြီး ဆံထုံးမှာ မုရိုးပန်း ပန်ဆင်ထားသည်။ ပိတ်စငါးမျိုး စပ်ထားသော အဖာတစ်ရာ စပ်ပဝါကိုမြောက်ပြီး အလှပြကြပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အောက်ပါစကားလုံးတို့၏ အနက်ကိုဖော်ပြပါ။

မုရိုး၊ ပုံးဖာမှောက်ဆင်၊ စုံပါးရိုက်၊ လယ်တော်တွင်း၊ ဟန်ချင်း။

၂။ အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်း နှင့် ဆက်စပ်သုံးထားပြီး အဘယ်ငြေ ထိုအလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

ပုံးဖာမှောက်ဆင် (ဝဏ်ဏုတ္တိ)၊ ကျွဲခတ်သည့်ဟန် (ဥပမာ)၊

၃။ ၎င်းကဗျာကိုလေ့လာ၍ အောင်ပင်လယ် ကောက်စိုက်သမတို့၏ ဘဝနှင့်စရိုက်တို့ကို မည်သို့သ ဖော်ထားကြောင်း တင်ပြပါ။

## သင်္ချိုင်းအောက်

## ကိုလိုနီခေတ်

'သင်သေသွားသော်'ကဗျာသည် ကိုလိုနီခေတ်တွင် ရေးဖွဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။ ရေးဖွဲ့သူမှာ 'ဇော်ဂျီ' ဖြစ်သည်။

ဆရာဇော်ဂျီသည် ၁၉၀၇ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ ဖျာပုံမြို့ဇာတိဖြစ်သည်။ အမည်ရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ငယ်စဉ်က ဖျာပုံအမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန်မြို့မအမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ မြန်မာစာမဟာဝိဇ္ဇာဘွဲ့နှင့် အင်္ဂလိပ်စာ မဟာဝိဇ္ဇာဘွဲ့တို့ကိုလည်းကောင်း၊ လန်ဒန်တက္ကသိုလ်နှင့် ဒပ်ဗလင်တက္ကသိုလ်တို့မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့တို့ကိုလည်းကောင်း ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးတာဝန်များကို နှစ်ပေါင်းများစွာထမ်းဆောင်ခဲ့သည်။ စာပေဆိုင်ရာ၊ ပညာရေးဆိုင်ရာ တာဝန်အမျိုးမျိုးကိုလည်း ထမ်းဆောင်ခဲ့သည်။ ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ စာပေ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ သုတေသနစာတမ်း စသည်ဖြင့် စာပေအမျိုးမျိုး ရေးသားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ကွယ်လွန်သည်။

ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်သူတစ်ဦး ဖြစ်သည်။ ပိတောက်ရွှေဝါကဗျာများ၊ ဗေဒါလမ်းကဗျာများ၊ ဇော်ဂျီကဗျာပေါင်းချုပ်၊ ရှေးခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ၊ မဟာဆန်ချင်သူပြဇာတ်၊ သခင်ကိုယ်တော်မှိုင်းဋီကာ၊ သိန်းနှင့်ကျားဋီကာ၊ ပလေးတိုး နိဒါန်း၊ ရသစာပေအဖွင့်၊ ရသစာပေနိဒါန်း၊ မိုးကြယ်မှိုလား (နိုဘယ်ဆုဝတ္ထုတိုများ)၊ လမ်းသစ်နှင့် အခြားဝတ္ထုတိုများ၊ နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ စသည့်စာအုပ်များသည် ဆရာဇော်ဂျီ၏ ထင်ရှားသောလက်ရာများဖြစ်သည်။

သင်သေသွားသော်ကဗျာတွင် နိုင်ငံနှင့်လူမျိုး၏အကျိုး၊ ဘာသာစာပေ၏အကျိုးကို မိမိသေဆုံးသည့်အချိန်အထိ သယ်ပိုးဆောင်ရွက်သင့်ကြောင်း မိမိသေဆုံးပြီးချိန်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး မိမိ၏ဘာသာစာပေ တိုးတက်ကြီးမားလျက် ကျန်နေသင့်ကြောင်း စာဖတ်သူအား တိုက်ရိုက်ဦးတည်ပြောဆို၍ ဆွေးနွေးဟန်ဖြင့်ရေးဖွဲ့ကာ နိုင်ငံသားတစ်ဦး၏ တာဝန်ကို ဖော်ညွှန်းထားပါသည်။

## 'သင်သေသွားသော်'

ဩော်. . . . လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်
မှန်ပေသည်တည့်။

သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက်ကျန်စေသတည်း။

ဇော်ဂျီ

## သူရဲကောင်း သုံးယောက်နှင့် ခရီးသည်
## လွတ်လပ်ရေးခေတ်

'သူရဲကောင်းသုံးယောက်နှင့် ခရီးသည်' ကဗျာသည် ငွေတာရီ၏ ကဗျာတစ်ပုဒ်ဖြစ်သည်။ လွတ်လပ်ရေးခေတ်တွင် ရေးဖွဲ့သည်။

ငွေတာရီသည် ရန်ကုန်မြို့ဇာတိဖြစ်၍ ၁၉၂၅ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်ရီဖြစ်သည်။ ငယ်စဉ်က ရန်ကုန်မိန်းကလေးအထက်တန်းကျောင်းတွင် ကိုးတန်းအထိ ပညာသင်ခဲ့ပြီး၊ ကျန်းမာရေးမကောင်းသဖြင့် ကျောင်းထွက်ခဲ့သည်။ မြန်မာစာပေနှင့် နိုင်ငံခြားစာပေကို ပညာရှင်များထံတွင် ဆက်လက်လေ့လာ ဆည်းပူးခဲ့သည်။ ကဗျာပုဒ်ရေ (၈၀၀) ကျော်ရေးဖွဲ့ခဲ့သည်။ ဝတ္ထုရှည်များ၊ ပုံပြင်များလည်း ရေးသားခဲ့သည်။ ၁၉၅၈ ခုတွင် ကွယ်လွန်သည်။

ငွေတာရီ၏ ထုတ်ဝေပြီး စာအုပ်များတွင် မာလာမြိုင် ကဗျာများ၊ ခင်ပွန်းဖြစ်သူ မင်းယုဝေနှင့် တွဲဖက်ထုတ်ဝေသော ရတနာကဗျာများ၊ ငွေတာရီကဗျာ ၁၀၀၊ ငွေတာရီကဗျာ ပေါင်းချုပ်၊ မင်းဆေးရည်ပဲ မှုန်သလားနှင့် ကဗျာရှင်ဝတ္ထုဆုနှင့် အခြားဝတ္ထုတိုများ စသည်တို့ပါဝင်သည်။ မင်းယုဝေနှင့် တွဲဖက်၍ ကမ္ဘာကျော် အီစွပ်ပုံပြင်များကိုလည်း ဘာသာပြန်ခဲ့သည်။

ငွေတာရီ ကွယ်လွန်ပြီးနောက် ငွေတာရီအထိမ်း အမှတ်အဖြစ် ငွေတာရီမဂ္ဂဇင်းနှင့် ငွေတာရီစာစဉ်တို့ကို ထုတ်ဝေခဲ့သည်။

သူရဲကောင်းသုံးယောက်နှင့် ခရီးသည်ကဗျာတွင်၊ သတ္တိ၊ ဇွဲ၊ လုံ့လတို့ကို သူရဲကောင်းသုံးယောက် အဖြစ်လည်းကောင်း၊ လူသားကို ခရီးသည်အဖြစ်လည်းကောင်း၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ပြဿနာများကိုကန္တာရခရီးအဖြစ် လည်းကောင်း၊ တင်စားကာ သတ္တိ၊ ဇွဲ၊ လုံ့လဟူသော အရည်အချင်းသုံးရပ်နှင့် ပြည့်စုံလျှင် တွေ့ကြုံရသည့် အခက်အခဲမှန်သမျှ အောင်မြင်မည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်
အိုဘယ်ယောကျ်ား ခရီးသွား။

ဖော်လည်းမဆွယ်၊ တစ်ကိုယ်ငယ်
အိုဘယ်လူသား ကြောက်ဘူးလား။

ဤသို့မေးသော်
ရှင်အေးကြည်သာ၊ ပြုံးမျက်နှာဖြင့်
အိုဘာကိုထောက်၊ ကြောက်ရမလဲ
သဟဲဖော်ညို၊ သစ္စာရှိပြီ
ချစ်သည်သဟာ၊ ဖွဲ့လည်းပါ၍
မဏ္ဍာထပ်လောင်း၊ ငယ်ကပေါင်းသည့်
ဆွေကောင်းလုံ့လ၊ တူတကွတည့်
ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်
ငါတွင်သေချာ အောင်ဖို့ရာတည့်။
ယောကျ်ားငါကိုယ်၊ မြွက်ဟဆို
ဖော်မလိုဘဲ တစ်ကိုယ်တဲ[၁]။

တော်ပေ့လူမော်၊ ပွဲတိုင်းကျော်
သံဖော်ဆွေလဲ[၂]။

တူယှဉ်တွဲသည်
အောင်မြဲမုချ အောင်မည်ပ။

**ငွေတာရီ**

၁။ တဲ-တည်း (ကာရန်အရ ပြောစကားသုံးသည်။)
၂။ လဲ-လည်း (ကာရန်အရ ပြောစကားသုံးသည်။)

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | စုံ | = | တော။ |
| ၂။ | မြိုင် | = | တော။ |
| ၃။ | ဆွယ် | = | ယှဉ်ကပ်သည်။ |
| ၄။ | ကန္တာ | = | သွားလာရန်ခက်ခဲသောခရီး။ (ကန္တာရ) |
| ၅။ | တစ်ကိုယ်ငယ် | = | တစ်ကိုယ်တည်း။ |
| | | = | ရယ် (တစ်ကိုယ်တည်းရယ်)<br>(လေးနက်အောင်သုံးသောစကား) |
| ၆။ | အိုဘယ် | = | အိုဘဲ့ (တစ်စုံတစ်ယောက်ကို ခေါ်သည့်အခါ သုံးသောစကား) |
| ၇။ | သဟဲ | = | အပေါင်းအဖော်။ |
| ၈။ | သတ္တိ | = | ရဲရင့်ခြင်း။ |
| ၉။ | ဇွဲ | = | အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်သောအစွမ်း။ |
| ၁၀။ | လုံ့လ | = | ကြိုးစားအားထုတ်ခြင်း။ |
| ၁၁။ | ပွဲတိုင်းကျော် | = | ကိစ္စတိုင်းတွင် အောင်မြင်ကျော်ကြားသည်။ |
| ၁၂။ | လူမော် | = | လူတော်။ |
| ၁၃။ | တော်ပေ့ | = | တော်ပါပေသည်။ |
| ၁၄။ | မုချ | = | မလွဲ၊ ဧကန်။ |

## သင်ခန်းစာအကျဉ်း

ကန္တာရခရီးအလယ်တွင် ခရီးသည်တစ်ဦးသည် အဖော်မပါဘဲ ခရီးသွားနေပါသည်။ မကြောက်ဘူလားဟု မေးသောအခါ ခရီးသည်က ငယ်ပေါင်းဖြစ်သည့် ဇွဲ၊ သတ္တိ၊ လုံ့လတည်းဟူသော သူရဲကောင်း သုံးယောက်အတူပါသည့်အတွက် ဘာမှကြောက်စရာမလိုဟု ပြန်ဖြေသည်။ ထိုအဖော် သုံးဦးနှင့် ဘဝခရီးကို လျှောက်လှမ်းသော ခရီးသည်အဖို့ အောင်ပွဲခံရမည်သာဖြစ်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ 'သူရဲကောင်းသုံးယောက်နှင့်ခရီးသည်' ကဗျာသည် မအောင်မြင်သေးသူများ အတွက်လည်းကောင်း၊ အောင်မြင်မှုရရှိပြီးသူများ အတွက်လည်းကောင်း အစဉ်လမ်းပြပေးနေသော ကဗျာဖြစ်ကြောင်း လေ့လာတင်ပြပါ။

၂။ အောက်ပါဝေါဟာရတို့ကို ဝါကျဖွဲ့ပါ။
လူမော်၊ လုံ့လ၊ သတ္တိ၊ ဇွဲ၊ သဟဲ။

## နှင်းကိုမြင်ခိုက်
## လွှတ်လပ်ရေးခေတ်

'နှင်းကိုမြင်ခိုက်' သည် ကဗျာဆရာ 'နောင်' ၏ ကဗျာ တစ်ပုဒ်ဖြစ်သည်။

'နောင်'၏ အမည်အရင်းမှာ ဦးမောင်မောင်လတ် ဖြစ်သည်။ စလင်းမြို့ဇာတိဖြစ်၍ ၁၉၃၃ ခုတွင် ဖွားမြင်သူ ဖြစ်သည်။ ငယ်စဉ်ကစလင်းမြို့နှင့် ချောက်မြို့တို့တွင် အစိုးရ အထက်တန်းကျောင်းများ၌ ပညာ ဆည်းပူးပြီး ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ဗမာ့ပြည်သူ့ဘဏ်၊ ဘီအိုစီ၊ မြန်မာ့ရေနံကော်ပိုရေးရှင်း တို့တွင် အမှုထမ်းခဲ့သည်။

'နောင်' အမည်ဖြင့် ကဗျာများရေးခဲ့သည်။ အခြားကလောင်အမည်များဖြင့် ဝတ္ထုများ၊ ဘာသာပြန် များကို ရေးသည်။ တေးသီချင်းများရေးဖွဲ့ခြင်း၊ သီဆိုခြင်းများလည်း ပြုခဲ့သည်။

'နှင်းကိုမြင်ခိုက်' ကဗျာတွင် ခေတ်အဆက်ဆက် အခိုင်အမာ တည်ဆောက်အမွေခံခဲ့သော ဝ ရင်းသား ညီအစ်ကိုမောင်နှမချင်း စည်းလုံးညီညွတ်မှု၊ ကိုယ့်ရပ်ကိုယ့်မြေကို မြတ်နိုးတွယ်တာမှုဟူသော ကောင်းမြတ်သော စိတ်ဓာတ်တို့ကို အလေးပေးဖော်ညွှန်းထားပါသည်။

## နှင်းကိုမြင်စိုက်

နှင်းကိုမြင်၍
သဇင်ပွင့်ဦး၊ သူကြည်နူးစဉ်
ရမ့်မြူးရွှင်ပြ နှမနှင့်မောင်
ညီနောင်သားချင်း၊ လက်တွဲရင်းနှင့်
ချစ်ခြင်းခင်ခြင်း၊ ယုံကြည်ခြင်းများ
ဆပွားသစ်သစ်၊ ခိုင်မြဲနှစ်မာ
ကာလကြာလေ၊ စည်းရုံးလေတည့်။

မြေပြန့်တောင်ခုံး၊ ပတ်ကုံးဝန်းကျင်
မြစ်ချောင်းတစ်ကြော၊ လွန်သာမောကို
ချစ်သောစိတ်နှင့်၊ သွေးနှင့်ချွေးနှင့်
အဆင့်ဆင့်ဆက်၊ အသက်သက်များ
စတေးထား၍၊ ဘိုးဘွားပေးဝေ
ချစ်အမွေတည့်။
အနေကြာကြာ၊ အသာမိုးမိုး
ချစ်တိုးလွန်မြတ်၊ သွေးသားထပ်၍
ကိုယ့်ရပ်ကိုယ့်မြေ၊ တွယ်တာပေ၏။

ကိုယ့်နေရာကို
တစ်ဖျာတစ်ကွက်၊ တစ်လက်မလည်း
တသနမြော၊ စုံမက်မောသည့်
သဘောခြင်းရာ၊ ပြောရပါလျှင်
နှင်းရင်နုမှ၊ သဇင်လှကို
မြင်ရကြုံရ၊ ဆောင်းအမြဲမှာ
မပျာအောင်ခြင်း၊ စည်းလုံးခြင်းဖြင့်
သွေးချင်းကိုယ်သား၊ တို့ပိုင်ထားသည်
တာရှားမှုတလွတ်လပ်ခြင်း။

နော

## စကားလုံးအဖွင့်

| | | | |
|---|---|---|---|
| ၁။ | သဇင်ပွင့်ဦး | = | ဦးဦးဖျားဖျားပွင့်သော သဇင်ပန်း။ |
| ၂။ | ဆပွားသစ်သစ် | = | အဆများစွာ အသစ်အသစ် တိုးပွားလာသည်။ |
| ၃။ | နှစ်မာ | = | အနှစ်သာရခိုင်မာသည်။ |
| ၄။ | ပတ်ကုံး | = | ပတ်ဝန်းကျင်။ |
| ၅။ | လွန်သာမော | = | အလွန်သာယာနေသောနေရာ။ |
| ၆။ | အသက်သက် | = | အသက်ပေါင်းများစွာ။ |
| ၇။ | စတေး | = | (ယုံကြည်ချက်အတွက်) အဆုံးရှုံးခံ၍ ဆောင်ရွက်သည်။ အသက်စွန့်သည်။ |
| ၈။ | ဆောင်းအမြှာ | = | ဆောင်းရာသီအေးမြချိန်မှာ။ |

### သင်ခန်းစာအကျဉ်း

နှင်းနှင့် သဇင်ပန်းကိုမြင်ပြီးကြည်နူးကာ ညီနောင် သားချင်းတို့လက်တွဲရင်း ချစ်ခင်ယုံကြည်ပါသ အနှစ်သ ၎ နိုင်မာခဲ့ပါသည်။ ကိုယ့်မြေကိုယ့်ရွာကို ကိုယ့်သွေးသားနှင့် ထပ်တူကာကွယ်ရပါမည်။ ကိုယ ရာကို ဟစ်မှာတမ်းကွက် ဟစ်သတ်မှ ကျူးကျော်မခံပါ။ တို့မြေကိုတို့ပိုင်ထားသည်။ စည်းလုံးခြင်း၊ တ မျှတလွတ်လပ်ခြင်းကို ခိုင်ဆိုင်ထားပါသည်။

### လေ့ကျင့်ခန်းမေးခွန်းများ

၁။ 'နှင်းတို့မြင်နိုက်' ကဗျာတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကောင်းမြတ်သည့် ဆောင်စိတ်ဓာတ်ကို ရဲဝံ့တက်ကြွဖွယ်နှစ်သက် မြတ်နိုးဖွယ်ဖြစ်အောင် မည်သို့စာပန်းချီ ခြယ် ပါသနည်း။

၂။ အောက်ပါစကားလုံးတို့၏ အဓိပ္ပာယ်ကိုရှင်းပြပါ။

ဆပွားသစ်သစ်၊ နှစ်မာ၊ ပတ်ကုံး၊ စတေး၊ ဆောင်းအမြှာ။

## အနုပညာသည်၏ အားမာန်
## လွတ်လပ်ရေးခေတ်

'အနုပညာသည်၏အားမာန်'ကဗျာကိုရေးဖွဲ့သူမှာ ထီလာစစ်သူ ဖြစ်သည်။

ထီလာစစ်သူ၏ အမည်ရင်းမှာ ဦးစိုးညွန့်ဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် ဖွားမြင်၍ မိတ္ထီလာမြို့နယ် ရွှေစစ်သည် ရွာဇာတိဖြစ်သည်။ ရွှေစစ်သည်ရွာ တိုင်းရင်းမြန်မာ အလယ်တန်းကျောင်း၊ မိတ္ထီလာ အမျိုးသားကျောင်းနှင့် သက်ကြီးတက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ စစ်အတွင်းက ဂျပန်စာ နှင့် စစ်ပညာသင်ခဲ့သည်။

၁၉၅၁ ခုနှစ်မှာ စစ်တပ်မတော်တွင် ဝင်ရောက် အမှုထမ်းသည်။ ယူဂိုစလားဗီးယားနိုင်ငံ၌လည်း စစ်ပညာသင်ခဲ့သည်။ တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ အဆင့်ဆင့်တာဝန် ထမ်းဆောင်ခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန အထူးအရာရှိ၊ သစ်လုပ်ငန်းဌာန အထူးအရာရှိ၊ ကြေးမုံသတင်းစာ အယ်ဒီတာချုပ်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟူ၍ နိုင်ငံ့တာဝန် အမျိုးမျိုးထမ်းဆောင်ခဲ့ပြီး ယခုယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ စသည့်စာပေအဖွဲ့အစည်း တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

ထီလာစစ်သူသည် ကဗျာပေါင်းများစွာ ရေးဖွဲ့ခဲ့သည်။ 'မဲခေါင်မြစ်မှ အိုရွက်ဝါ' စသည့် ကဗျာရှည်ကြီးများ ထင်ရှားသည်။ မြပုလဲသွယ်စသည့် ဝတ္ထုများလည်း ရေးဖွဲ့ခဲ့သည်။ ကဗျာသုတေသနစာတမ်းများ၊ ကဗျာဝေဖန်ရေး ကျမ်းများကိုလည်း ရေးသားခဲ့သည်။ ၂၀ ရာစု မြန်မာစာဆို မြန်မာကဗျာကျမ်းထင်ရှားသည်။ စာပေဗိမာန်ဆု၊ အမျိုးသားစာပေ ဆုများရရှိခဲ့သည်။ ဂျပန်နိုင်ငံ၊ အင်ဒိုချိုင်းနား၊ ဗင်းချားဖိုရမ် အဖွဲ့ကြီးက ချီးမြှင့်သော အမြင့်ဆုံးစာပေဘွဲ့ထူးဖြစ်သော တံခွန်စိုက်ကဗျာစာဆိုဘွဲ့ကို မြန်မာနိုင်ငံသားများထဲမှ ပထမဆုံး ဆွတ်ခူးရရှိသူဖြစ်သည်။

'အနုပညာသည်၏ အားမာန်' ကဗျာတွင် အနုပညာသည်တစ်ဦး ထက်သန်တက်ကြွသော အားမာန်ကို ရေးဖွဲ့ ဖော်ထုတ်ပြထားသည်။

## အနုပညာသည်၏ အားမာန်

အနုပညာ၊ ပွင့်လင်းသာသော်
ကဗျာကောင်းကင်၊ ဈာန်သစ်ဝင်ခဲ့
ရင်မှပေါက်ဖွား၊ ပတ္တမြားကို
ပလွှားရင်ဆိုင်၊ အံတုပြိုင်လည်း
အနိုင်မခံ၊ မိုးသောက်ယံမှ
အလျှံရဲရဲ၊ မာန်မီးခဲပင်
အမြဲတောက်လောင်၊ ထွန်းသစ်ပြောင်လျက်
တန်ဆောင်မီးရှူး၊ ဟူးဟူးထန်အံ့။

အားမာန်ပြည့်ဖြိုး၊ သည်းပွတ်နိုးလော့
မိုးလည်းကျဉ်းစွ၊ မြေငယ်လှတည့်
သမုဒ္ဒရာ၊ မဖွဲ့သာသေး
လက်ာမာန်စိတ်၊ စေတသိက်လျှင်
ယိုဖိတ်စွေစွေ၊ အသချေပါ
ငါသေသော်လည်း၊ ငါ့ပစ္စည်းတို့
သည်းစွာကျော်ကြား၊ ဟုန်းဟုန်းကြွားအံ့။

သိပ်သည်းနက်ရှိုင်း၊ လက်ာလှိုင်းလျှင်
အတိုင်းမသိ၊ စွမ်းအားရှိခဲ့
အဘိမ္မော၊ ကြားခဲ့ပါလေ
ဩဇာတိက္ကမ၊ ဘုံလော[illegible]ဝယ်
ဝင်းပတောက်လွန်း၊ မှ[illegible]င်သွန်းသို့
ရွှန်းလက်သရေ၊ တ[illegible]ယ်ပေစွ
စာပေပွင့်ဖူး၊ ဆွတ်[illegible]ူးမိ
မိုးဦးသရစ်၊ အားအ[illegible]သစ်သို့
**ခေတ်ကိုနိုးဆော်၊ ဟိန်းပ[illegible]းကျော်အံ့ ။ ။**

**ထီလာစစ်သူ**

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဈာန်သစ်ဝင် | = | စိတ်အာရုံအသစ်ဝင်စားသည်။ |
| ၂။ | ပလွား | = | ဝင့်ဝါသည်။ |
| ၃။ | အန်တု | = | အားစွမ်းချင်းယှဉ်ပြိုင်သည်။ |
| ၄။ | ဟူးဟူး | = | ပြင်းပြင်းထန်ထန်။ |
| ၅။ | သည်းပွတ် | = | အသည်းစိုင်။ |
| ၆။ | စွေစွေ | = | အဆက်မပြတ်။ |
| ၇။ | အသချေ | = | မရေမတွက်နိုင်အောင် များပြားသည်။ |
| ၈။ | ဟုန်းဟုန်း | = | အရှိန်အဟုန်ဖြင့်။ |
| ၉။ | ဩဇာတိက္ကမ | = | သူတစ်ပါးနာခံ လိုက်နာစေနိုင်သော အစွမ်းသတ္တိ။ |
| ၁၀။ | သရစ် | = | ထွက်သစ်စ အညွန့်အညှောက်။ |
| ၁၁။ | ဟိန်းဟိန်း | = | ထင်ထင်ရှားရှား။ |

## သင်ခန်းစာအကျဉ်း

အနုပညာရှင်၏အနုပညာစိတ် ပွင့်လင်းလာလျှင် ကောင်းကင်တမျှ ကျယ်ပြောသောကဗျာတွင် အနုပညာ ဈာန်ဝင်စားမှုအသစ်များ ဝင်ရောက်လာသည်။ အနုပညာကို အံတုပြိုင်ဆိုင်၍မရ၊ အနိုင်ယူ၍မရ၊ အနုပညာရှင် သေသွားသော်လည်း အနုပညာ ကဗျာ၊ လက်ရာတို့သည် အားသစ်မာန်သစ်များဖြင့် တည်တံ့နေမည်ဟု ယုံကြည်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ဤကဗျာတွင် ကဗျာစာဆိုတစ်ဦး၏ ကဗျာရေးဖွဲ့မှုနှင့် ပတ်သက်သော ခံယူချက်၊ မျှော်မှန်းချက်နှင့် အားမာန်တို့ပေါ် လွင်နေကြောင်း အထောက်အထားပြ၍ ဖြေဆိုပါ။

၂။ အောက်ပါဝေါဟာရတို့ကို ဝါကျဖွဲ့ပါ။
ပလွား၊ အန်တု၊ သည်းပွတ်၊ ဟုန်းဟုန်း၊ သရစ်။

၃။ အောက်ပါအလင်္ကာတို့သည် မည်သို့သောအကြောင်းနှင့် ဆက်စပ်သုံးထားပြီး အဘယ်ကြောင့် ထိုအလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။
ကဗျာကောင်းကင် (ရူပက)၊ မိုးလည်းကျဉ်းစွ၊ မြေငယ်လှတည့်(အတိသယဝုတ္တိ)၊
သမုဒ္ဒရာမဖွဲ့သာသေး (အတိသယဝုတ္တိ)၊ ဟူးဟူးထန် (မြည်သံစွဲ)။

# ဓက်ဆစ်အကွာရာအညွှန်း


**ဓက်ဆစ်**

က

ကလိုင် ... ...

ကိန္နရီ ... ...

ကမ်းကုန် ... ...

ကျက်မြေ ... ...

ကျောက်စက်ကျစမ်းရေ ... ...

ကျိုင်းစင်မြဝါ ... ...

ကျစ်လျစ် ... ...

ကြာသ ဘိန်း ... ...

ကြိုးငေး ... ...

ခ

ဟန့် ... ...

ခတ္တင်းမှဲ ... ...

ခင်ကန်း ... ...

ခန္တာဆဲ ... ...

ချရား ... ...

ခိုးနွယ် ... ...

ဂ

ဂနိုင် ... ...

ဃ

ငှိုတ်ဝင်း ... ...

စ

စပျစ် ... ...

စပျစ်ကျင်း ... ...

စာနွေး ... ...

စုလည်း ... ...

စောလူး ... ...

| **စကာ်ဆစ်** | | **စာမျက်နှာ** |
| --- | --- | --- |
| စိန်တောင်ကြီး | ... ... | ၃၄ |
| စိမ့် | ... ... | ၃၁ |
| စုံပါးရိုက် | ... ... | ၄၅ |
| စုံတောပြား | ... ... | ၃ |
| **ဆ** | | |
| ဆူးပန်း | ... ... | ၄၅ |
| ဆက်ဒန် | ... ... | ၃ |
| ဆောင်းစက်ရိပ်ခို | ... ... | ၂၃ |
| **ဇ** | | |
| ဇမ္ဗူ | ... ... | ၃၄ |
| ဇမ္ဗူစိုးရ | ... ... | ၃၄ |
| ဇွန်လုံး | ... ... | ၃၄ |
| **ည** | | |
| ညက်လှပြာစင် | ... ... | ၃ |
| ညောင်စောင်း | ... ... | ၄၂ |
| ညောင်း | ... ... | ၃၁ |
| ညှာကျင် | ... ... | ၂၃ |
| **တ** | | |
| တစေ | ... ... | ၂၃ |
| တဖျင့်တစ်ပါး | ... ... | ၁၁ |
| တစ်ဗီဇနာ | ... ... | ၃၈ |
| တာဝတိံသာ | ... ... | ၃ |
| တက်တိမ်လော | ... ... | ၃ |
| တောင်တံပြက် | ... ... | ၃၁ |
| တောင်ပြန်လေညင်း | ... ... | ၃၀ |
| တိမ်မင်တုံး | ... ... | ၃၀ |
| တွင်းဆုံးကျ | ... ... | ၁၁ |

**ဝက်ဆစ်**

**ထ**

ထောင်ကနက် ... ...

ထောင်းထောင်း ... ...

ထန်းလျှော် ... ...

**ဓ**

ဓားနှိုး ... ...

ဓားမှာမိုးကြိုး ... ...

**န**

နှာဖျားဥပါယ် ... ...

နှံ့ရှား ... ...

နောင်တ ... ...

နောင့်တည်း ... ...

နယ်ရှစ်ခွင် ... ...

နွေလသန်ပေါက် ... ...

နှိုးဒေါင်းလန်း ... ...

နှင်းသောက် ... ...

**ပ**

ပုတတ် ... ...

ပုရစ် ... ...

ပိုက်တန်း ... ...

ပါဋ်လျှောက် ... ...

ပတ်ကုံး ... ...

ပန်းပျိုပင်ဆင့် ... ...

ပန်းသင်းခွေ ... ...

ပုံးဖာမှောက်ဆင် ... ...

ပျော်ပါးလွင် ... ...

ပြောက် ... ...

| ခေါင်းစဉ် | | စာမျက်နှာ |
|---|---|---|
| **ဖ** | | |
| ဖိုးခေါင် | ... ... | ၃၀ |
| ဖျင် | ... ... | ၃ |
| **ဗ** | | |
| ဗုန်းဗော | ... ... | ၃၄ |
| ဗျာဆို | ... ... | ၃၈ |
| ဗျာဝှန် | ... ... | ၃၀ |
| **မ** | | |
| မကျင့်သီး | ... ... | ၁၁ |
| မပြု | ... ... | ၁၁ |
| မဟာဒုက္ခ | ... ... | ၁၁ |
| မဟာမြိုင် | ... ... | ၄၂ |
| မုရိုး | ... ... | ၄၅ |
| မုလေးရှို | ... ... | ၄၂ |
| မိုးမခ | ... ... | ၆ |
| မစ်ကြီးလျှာ | ... ... | ၃ |
| မယ့်သည်ပင် | ... ... | ၃ |
| မျိုးသည်မင်း | ... ... | ၃ |
| မျက်တခစ် | ... ... | |
| မျက်သုတ်နီစင် | ... ... | ၃ |
| မြူ | ... ... | ၁၅ |
| မြေနှင့်ရန်ဖက် | ... ... | ၂၃ |
| မြို့ဝန်မင်းစာလိပ်မပါဘဲ | ... ... | ၂၃ |
| မြောင် | ... ... | ၂၃ |
| မြိုင် | ... ... | ၃၀ |
| မြိတ်လွတ် | ... ... | ၃ |
| မှည့်ဆောလွယ် | ... ... | ၇ |
| မြှောက်စည် | ... ... | ၇ |

စာမျက်နှာ

ယ
ယရည်း ... ...
ယုဂန် ... ...
ယိုးမှား ... ...
ယုန်ပိုက်စည်း ... ...
ရ
ရထည်း ... ...
ရဝေ ... ...
ရေးတော် ... ...
ရိုက်ဟည်း ... ...
ရင်းဆွဲ ... ...
ရင်းထေ င် ... ...
ရန်သဘ္ဘူ ... ...
ရှိ ... ...
ရှဘ်ရော်လွှစ် ... ...
ရွှေစာထိ ... ...
ရွှေဘုတ် ... ...
လ
လေးမျှာနှစ်ဆယ် ... ...
လူ့ပေါက်ပန်း ... ...
လှိုနိုး ... ...
လောင်ပန်းပွင့် ... ...
လိပ်ပြွား ... ...
[illegible]တော်ကွင်း ... ...
လွေး ... ...
လှည်းစာခေါက် ... ...
ဝ
ဝေယန်နန်းမြင့် ... ...
ဝိဇ္ဇာသိပ္ပ ... ...

| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| **သ** | |
| သကျရှပ် ... ... | ၁၁ |
| သဘင် ... ... | ၁၁ |
| သရီရဓာတ်စွယ် ... ... | ၇ |
| သူရကန်စက် ... ... | ၃၁ |
| သံညောင်း ... ... | ၂၇ |
| သိုး ... ... | ၃ |
| သောင်ရင်း ... ... | ၂၇ |
| သောင်းပြောင်း ... ... | ၁၅ |
| သစ်ခေါက်ဆိုး ... ... | ၄၅ |
| သမွန် ... ... | ၁၁ |
| သွေးလန့် ... ... | ၃၈ |
| သွန်းသွန်း ... ... | ၇ |
| သွမ်းမှန်းသိထွေ ... ... | ၁၁ |
| **ဟ** | |
| ဟုတ်လိနိုးနိုး ... ... | ၁၁ |
| **အ** | |
| အပါချ ... ... | ၁၉ |
| အီသည် ... ... | ၃၀ |
| အိုးစား ... ... | ၁၉ |
| အိုးစားဖက် ... ... | ၁၉ |
| အိုးဝေ ... ... | ၃၁ |
| အင်္ဂပစ္စင် ... ... | ၁၁ |
| အောင်ပင်လယ် ... ... | ၄၅ |
| အုန်းခွံ ... ... | ၁၉ |
| **ဥ** | |
| ဥပါယ် ... ... | ၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပင်ရင်းမြန်မာစာ ရေသည်ပြဇာတ်

## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပင်ရင်းမြန်မာစာ ရေးသည်ပြဇာတ်

## ဒသမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ (၄၂၂၂၈၂)

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

## အမှာစာ

မြန်မာနိုင်ငံ ပညာရေးကို အဆင့်အတန်းမြင့်မားစေရန် ပညာရေးအစီအစဉ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုအစီအစဉ်သစ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာစာအခြေခံခိုင်ခံ့တောင့်တင်း၍ ကျွမ်းကျင်စွာတတ်မြောက် စေရန် မြန်မာစာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံပညာအထက်တန်းမြန်မာစာ သင်ကြားခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ချမှတ်သင်ကြားမည်ဖြစ်ပါသည်။

၁။ စကားပြေလေ့လာရာတွင် အကြောင်းအရာ၊ အရေးအသားနှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိစေရန်။

၂။ ကဗျာကို လေ့လာရာတွင် ကဗျာ့အဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိနားလည်စေရန်။

၃။ ဝေါဟာရ ကြွယ်ဝစေရန်နှင့် ကျွမ်းကျင်စွာ သုံးနှုန်းတတ်စေရန်။

၄။ စာကို ပြေပြေပြစ်ပြစ်နှင့် တန်ဆာဆင်ရေးတတ်စေရန်။

၅။ စာစီစာကုံးလေ့ကျင့်ပေးရန်။

အထက်ပါ ရည်မှန်းချက်နှင့်အညီ အခြေခံပညာ အထက်တန်း ဒသမတန်းတွင် သင်ကြားနိုင်ရန် ရေသည်ပြဇာတ်ကို ရွေးချယ်ပြဋ္ဌာန်းပါသည်။

ရေသည်ပြဇာတ်သည် ဘုရားဟောအဋ္ဌနိပါတ်၊ ဂင်္ဂမာလ ဇာတ်တော်ကိုယူ၍ရေးသော ပြဇာတ်ဖြစ်သည်။ ရေသည်ပြဇာတ် ကိုပင် ဂင်္ဂမာလဇာတ်ဟူ၍လည်းခေါ်ကြသည်။ ရေသည်ပြဇာတ်ကို စီကုံးရေးသားသူမှာ စလေဦးပုညဖြစ်သည်။

### ဦးပုည၏အတ္ထုပ္ပတ္တိ

ဦးပုညသည် စလေမြို့ဇာတိဖြစ်သည်။ စစ်ကိုင်းမင်း လက်ထက် မြန်မာနှစ် ၁၁၇၄ ခု (ခရစ်နှစ် ၁၈၁၂) တွင် ဖွားသည်။ ငယ်မည် မောင်ပုတ်စည် ဖြစ်သည်။ ဦးပုည၏ဖခင်မှာ မြို့သူကြီးရိုးဖြစ်သည်။

ဦးပုည၏ ငယ်ဆရာများမှာ စလေမြို့မ ခင်ကြီးစနှင့် တူမောင်းဆရာတော် ဦးဒီပတို့ဖြစ်သည်။ အမရပူရမြို့ ဗန်းမော် ဆရာတော်ထံ ပညာဆက်လက် ဆည်းပူးသည်။ ဦးပုည၏ ရှင်သာမဏေဘွဲ့မှာ ရှင်ပုညာဘိဓေဖြစ်သည်။

ရှင်လူထွက်ပြီးနောက်မင်းတုန်းမင်းညီတော် ကနောင်မင်းထံတွင် ခစားရသည်။ နောင်တွင် မင်းတုန်းမင်းထံခစားရာ လက်ဖက်ရည်တော်ဘက်တွင် မင်းလှသခ်ယာဟူသောဘွဲ့နှင့် ထမ်းရွက်ရသည်။ ရွာစည်ရွာကိုလည်း စားရသည်။ မင်းတုန်းမင်းထံခစားစဉ် မြင်ကွန်းမြင်းခုံတိုင် မင်းသားတို့ ပုန်ကန်သည့်အရေး၌ ဦးပုညအခါပေးသည်ဟု သင်္ကာမကင်းသဖြင့် မြို့ဝန်ဦးသာအိုးအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားရာမှ ကွပ်မျက်ခံရသည်။ မင်းတုန်းမင်းကြီးကနှမြောလှ၍ 'လူကိုခွေးသတ်လေခြင်း' ဟု မိန့်ခဲ့သည်။

ဦးပုညသည် အာဝဇ္ဇန်းရွှင်သည်။ တန်ဖျာပွတ္တိဉာဏ်လျင်သည်။ ဇဝနပဋိဘာန်ရှင်သည်။ သို့ဖြစ်ရကား သူ့စာများသည် ရွှန်းရွှန်းဝေ၍နေတော့သည်။ 'ကဗျာဉာဏ်အာဘော်ကလည်း ကလော်တိုင်း ထွက်သောကြောင့်' ဟု သူကိုယ်တိုင်ဆိုခဲ့ဖူးသည်။ ဦးပုညသည် လွန်ခဲ့သောနှစ်ပေါင်း ၁၇၀ ကျော်က မြန်မာ၀တ္ထု ဆရာကြီးလည်းဖြစ်သည်။ ပြဇာတ်ရေးဆရာကြီးလည်းဖြစ်သည်။ သူ့ဝတ္ထုများသည် ဇာတ်ကွက်ဇာတ်လမ်း အဆန်းတကြယ်ဖြစ်မှုကြောင့် ကျော်စောသည်မဟုတ်။ လူ့သရုပ်ကို ပီသအောင်ဖန်ဆင်း ပြနိုင်သောဂုဏ်ကြောင့် ကျော်စောခြင်းဖြစ်သည်။ ယခုခေတ် ပညာရှိများက ဦးပုညကို အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယား နှင့်ခိုင်းနှိုင်းလေ့ရှိကြသည်။

**ဦးပုညပြဇာတ်များ**

ဦးပုညသည် မင်းညီမင်းသား မိဖုရားတို့က တိုက်တွန်းသဖြင့် ပြဇာတ်များကို ရေးသားစီကုံးခဲ့သည်။ ရေးသားခဲ့သော ပြဇာတ်များမှာ ရေသည်ပြဇာတ်၊ ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ဝိဇယပြဇာတ်၊ ကောသလပြဇာတ်၊ ဝါသုဒေဝပြဇာတ် စသည်တို့ဖြစ်သည်။

**ဂင်္ဂါမာလခေါ် ရေသည်ပြဇာတ်**

မင်းတုန်းမင်းကြီးနှင့်ညီတော် အိမ်ရှေ့ကနောင်မင်းတို့ စိတ်မကြည်ရှိကြရာမှ ပြန်လည်သင့်မြတ်သောအခါ အိမ်ရှေ့မင်းက တောင်းပန်ဝန်ချခန်းပါသော ရေသည်ပြဇာတ်ကို ဦးပုညအား ရေးသားဆက်သွင်းစေသည်။ ထိုရေသည်ပြဇာတ်ကို မင်းတုန်းမင်းကြီး ဖတ်ရှုရသောအခါ ညီတော်ကနောင်မင်းကို ပိုမိုချစ်ကြည်လာသည်။ ဤပြဇာတ်ကို အထူးနှစ်သက်တော်မူ၍ ရှေ့တော်၌ အခါခါအထပ်ထပ် ဖတ်လျှောက်ကပြ ကြရသည်ဟုဆိုသည်။

**ပြဇာတ်လေ့လာနည်း**

(က) ပြဇာတ်၏သဘော

ပြဇာတ်ဆိုသည်မှာ ကပြရန်ဇာတ်လမ်းတစ်ခုကို ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် စကားပြောခန်းများဖြင့် ရေးဖွဲ့သောရသစာပေ အဖွဲ့တစ်မျိုးဖြစ်သည်။ ရေးဖွဲ့ရာတွင် လင်္ကာဖြင့်လည်းကောင်း၊ စကားပြေဖြင့်လည်းကောင်း ရေးဖွဲ့လေ့ရှိသည်။

(ခ) ဇာတ်လမ်း

ပြဇာတ်တွင် ဇာတ်လမ်းသည် အခြေခံဖြစ်သည်။ မြန်မာ ပြဇာတ်ဆရာတို့သည် အများအားဖြင့် ဘုရားဟောဇာတ်နိပါတ်များမှ ဇာတ်လမ်းကိုယူ၍ လင်္ကာသွားဖြင့် ရေးဖွဲ့လေ့ရှိသည်။ ဇာတ်လမ်းဆင်ရာတွင်ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောသောစကား၊ တစ်ကိုယ်တည်း ပြောသောစကားတို့ဖြင့် ဇာတ်ရည်လည်အောင် ပုံဖော်ရေးဖွဲ့လေ့ရှိသည်ကို သတိပြုရာသည်။

(ဂ) ဇာတ်ကွက်

ပြဇာတ်တွင် ဇာတ်ကွက်သည်လည်း အရေးပါသည်။ ဇာတ်လမ်းတွင် ဇာတ်ကွက်တို့ကိုရွေး၍ တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်မိအောင် ဖွဲ့ရသည်။ ရေသည်ပြဇာတ်တွင် ဇာတ်ကွက်ကို အခန်း ၅ ခန်းခွဲ၍ ဖွဲ့ထားသည်ကိုတွေ့ရသည်။

အခန်း ၁ တွင် ဗာရာဏသီပြည့်ရှင်မင်းကြီး၏ သားတော် ဥဒယကုမ္မာမင်းသား တက္ကသိုလ်ပြည်သို့ ပညာသင်သွားခန်း၊ တက္ကသိုလ်ပြည်မှ အပြန်လမ်းစခန်း၌ နားနေသောအခန်းနှင့် ဗာရာဏသီမြို့မြောက်မျက်နှာက ရေသည်ယောကျ်ား စကားဆိုခန်းကိုဖွဲ့သည်။

အခန်း ၂ တွင် မြို့တောင်မျက်နှာက ရေသည်မိန်းမ စကားဆိုခန်းကိုဖွဲ့သည်။

အခန်း ၃ တွင် တက္ကသိုလ်ပြည်က ပြန်လာသောမင်းသား နေပြည်တော်သို့ရောက်၍ ခမည်းတော် လွန်နှင့်သောကြောင့် မှူးမတ်တို့ကနန်းတင်ရာ နန်းသိမ်းပွဲခံသော အခန်းကိုဖွဲ့သည်။

အခန်း ၄ တွင် ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမ တွေ့ဆုံခန်းကိုဖွဲ့သည်။

အခန်း ၅ တွင် ရေသည်ယောကျ်ားနှင့် ဥဒယမင်းကြီး တွေ့ဆုံပြီးလျှင် ရေသည်ယောကျ်ားအား ထီးနန်းတစ်ဝက်ပေး၍ အိမ်ရှေ့မင်းအဖြစ် ချီးမြှောက်ခန်း၊ ဥယျာဉ်တော်တွင် အိမ်ရှေ့မင်းသည် ဥဒယမင်းကြီး အိပ်ပျော်စဉ် လုပ်ကြံရန်ကြံစည်ခန်း၊ သတိသံဝေဂရကာ လျှော်တေသက်န်းဆင်မြန်း၍ အိမ်ရှေ့မိဖုရား နှင့် တောထွက်ခန်းများကိုဖွဲ့သည်။

(ဃ) ဇာတ်ဆောင်

ပြဇာတ်တွင် ဇာတ်ဆောင်သည် အလွန်အရေးပါသည်။ ဇာတ်ဆောင်တို့၏ လူ့သဘာဝအဖွဲ့ကို အထူးပြုလေ့လာသင့်သည်။ ဇာတ်လမ်းပေါ်လွင်အောင် ဇာတ်ဆောင်များက သရုပ်ဖော်ရသည်။ ဇာတ်ဆောင်များ၏ ပြောဆိုပုံ၊ လှုပ်ရှားပုံကို လေ့လာလျက် လူ့သဘာဝကို ဝေဖန်ပိုင်းခြားနိုင်သည်။

ရေသည်ယောကျ်ား၏ ပြောဆိုပုံ၊ ပြုမူပုံ၊ လှုပ်ရှားပုံတို့ကို လေ့လာ၍ သူဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်သည်ကို အကဲခတ်ဝေဖန်နိုင်ပေသည်။ ဇာတ်ဆောင်သည် အရေးကိစ္စတစ်ခုတွင် မည်သို့ပြုမူဆုံးဖြတ်တတ်သည်။ မည်သို့ကျင့်ကြံ အားထုတ်တတ်သည်ကို လေ့လာ၍ စရိုက်သဘာဝကို ဝေဖန်ဆန်းစစ်နိုင်သည်။

(င) ကာလဒေသနောက်ခံ

ပြဇာတ်တွင် ကာလဒေသနောက်ခံကို ဇာတ်ဆောင်တို့၏ ဖွဲ့နွဲ့ပြောဆိုသောစကားအရ သိရသည်။ အချိန်ကာလမှာ တစ်နေ့တာကာလဖြစ်သည်။ နောက်ခံဒေသများမှာ နေပြည်တော်၊ မြို့မြောက်မျက်နှာ၊ မြို့တောင်မျက်နှာ၊ နန်းတော်နှင့် ဥယျာဉ်တော်စသော နေရာဒေသများဖြစ်သည်။

(စ) ပြဇာတ်စာပေအဖွဲ့အနွဲ့

ရှေးခေတ်ပြဇာတ်စာပေတွင် ဇာတ်ဝင်စကားများကို လင်္ကာဖြင့် ဖွဲ့နွဲ့စီကုံးလေ့ရှိသည်။ စွဲလမ်းစရာဖြစ်အောင် ထိထိမိမိဖွဲ့ရသောကြောင့် လင်္ကာအသွားကို ပြဇာတ်ဆရာတို့ အသုံးပြုကြသည်။ ထိုသို့ဖွဲ့ရာတွင် ဆိုင်းဆင့်၊ ပတ်တိုက်စကားများကို အထူးအရေးပေး၍ဖွဲ့သည်။ ဦးပုညသည် ပြဇာတ်ရေးရာတွင် စကားလုံးပြောင်မြောက်စွာဖြင့် ရသမြောက်အောင်ဖွဲ့သည်။ ဇာတ်ဆောင်တို့၏ ပြောစကားကိုဖွဲ့ရာတွင်လည်း ဇာတ်ဆောင်၏သဘာဝစရိုက်နှင့် ကိုက်ညီအောင် ကြမ်းသင့်သည့်နေရာတွင် ကြမ်း၊ နုသင့်သည့်နေရာတွင်နု၊ ယဉ်သင့်သည့်နေရာတွင် ယဉ်အောင်ဖွဲ့သည်။ ထိုအဖွဲ့မျိုးကို ရေသည်ပြဇာတ်တွင် လေ့လာနိုင်သည်။

အချုပ်အားဖြင့် ပြဇာတ်တစ်ပုဒ်ကို လေ့လာရာတွင် ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်၊ ကာလဒေသနှင့် ပြဇာတ် စာပေအဖွဲ့အနွဲ့တို့ကို သတိပြုလေ့လာရန်ဖြစ်သည်။

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁။ | ဗာရာဏသီပြည့်ရှင်မင်းကြီး၏သားတော် ဥဒယကုမ္မာမင်းသား တက္ကသိုလ်ပြည်သို့ ပညာသင်သွားခန်း။ တက္ကသိုလ်ပြည်မှအပြန်လမ်းစခန်း၌နားနေသော အခန်းနှင့် ဗာရာဏသီမြို့မြောက်မျက်နှာက ရေသည်ယောကျ်ားစကားဆိုခန်း။ | ၁ |
| အခန်း ၂။ | မြို့တောင်မျက်နှာကရေသည်မိန်းမစကားဆိုခန်း။ | ၃ |
| အခန်း ၃။ | တက္ကသိုလ်ပြည်ကပြန်လာသောမင်းသားနေပြည်တော်သို့ရောက်၍ ခမည်းတော်လွန်သောကြောင့် မှူးမတ်တို့ကနန်းတင်ရာ နန်းသိမ်းပွဲခံသောအခန်း။ | ၅ |
| အခန်း ၄။ | ရေသည်ယောကျ်ားနှင့်ရေသည်မိန်းမတွေ့ဆုံခန်း။ | ၅ |
| အခန်း ၅။ | ရေသည်ယောကျ်ားနှင့် ဥဒယမင်းကြီးတွေ့ဆုံပြီးလျှင် ရေသည်ယောကျ်ားအားထီးနန်း တစ်ဝက်ပေး၍ အိမ်ရှေ့မင်းအဖြစ်ချီးမြှောက်ခန်း။ | ၉ |
| | -ဥယျာဉ်တော်တွင်အိမ်ရှေ့မင်းသည်ဥဒယမင်းကြီးအိပ်ပျော်စဉ် လုပ်ကြံရန်ကြံစည်ခန်း။ | ၁၄ |

## ရေသည်ပြဇာတ်

**ဧဃတု သဗ္ဗမင်္ဂလံ။** ။ ဗာရာဏသီပြည့်ရှင်မင်းကြီး ၏သားတော် ဥဒယကုမ္မာမင်းသား တက္ကသိုလ်ပြည်သို့ ပညာသင်သွားစေ။ တက္ကသိုလ်ပြည်က အပြန်လမ်းစခန်း၌ နားနေစေ။

**ဂုင်းဗာရာဏသီမြို့မြောက်မျက်နှာက ရေရောင်းယောကျ်ားထွက်ဆိုရန်စကား။** ။ဩော် . . . လှူဘုံခန်းဝါ၊ လှူပြည်ရွာမှာ၊ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းက နက်လွန်းလို့၊ အသက်ရှိစဉ်၊ မသေခင်ကို၊ ကောက်လျှင်ကြီးဆန်၊ နီတာလံနှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို၊ တစ်လုတ်ကယ် ဝဝ၊ စားလိုက်ရလျှင်ဖြင့် အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့၊ မရပ်မနား၊ ရေကိုရောင်းလို့၊ ဝမ်းကျောင်းပါငြားကပဲ၊ စားရသည့်နေ့၊ တစ်လလုံးတွင်မှ၊ သုံးနပ်လောက်ကယ်သာ တွေ့ရတယ်။ ငွေ့နှယ်ကြေးနှယ်၊ ဘဟာ့နှယ်များကို၊ ကွယ်လေငဲ့ ပိတ်ပိတ်ပျောက်၊ အမွဲတကာ့ထွတ်ခေါင်၊ ဖွတ်မင်းနောင်မှာ၊ ပြာတောင်ကြီး ပေါက်ကရော့၊ **ပြောင်မြောက်အောင်မွဲနိုင်တဲ့ ငါ့ကိုယ်နော်။**

ဟယ် . . . သို့သော်လည်း ယောကျ်ား၊ ကံရှေ့သွား၊ ကံထားရာဟဲ့၊ မနုံနဲ့ပါဘူး၊ အလှဲ့သင့်[၁] ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင် နိုင်သေးသပ၊ ကံဆိုင်လို့တကယ်၊ ချက်ကောင်းကိုတွယ်မိလျှင်၊ ရေသယ်[၂] မောင်မောင်၊ လူနေလှလို့၊ ရွှေချသလိုပြောင်လိမ့်မယ်၊ အဆောင်တော် ရေအိုးနှင့်၊ ဆိုင်းထမ်းပိုး စုံအလင်၊ ရေချိုကိုဆန်နှင့်လဲရအောင်၊ မြို့ထဲသို့ဝင်တော့မယ်၊ မှန်ဝိုင်းရှင်တော်သုံးက၊ ရေပုံးကြီးဆက်။



---

၁ အလှည့်သင့်

၂ ရေသည်

## သင်ခန်းစာအကျဉ်းချုပ်

ရေသည်ယောက်ျားသည် အလွန်ဆင်းရဲသည်။ မုရင်းထမင်းနှင့် ချဉ်ပေါင်ဟင်းကိုသာ စားရသည်။ ကောက်လျှင်ကြီးဆန်နှင့် ငါးသန်သေးသေးနုပ်နုပ်ကို ရေလုံပြုတ်ထားသော ဟင်းနှင့် တစ်လုတ်မျှ ဝဝစားရလျှင် လူဖြစ်ကျိုးနပ်ပြီဟု ထင်မိပါသည်။ သူမှာ ငွေကြေးဟူ၍ ဘာမျှမရှိပါ။ သို့သော်လည်း ကံကောင်းလျှင် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာပါလိမ့်မည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စကားစပ်နှင့်တကွရှင်းပြပါ။

အသက်ရှိစဉ်မသေခင်ကို ကောက်လျှင်ကြီးဆန်၊ နီတာလံနှင့်ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို တစ်လုတ်ကယ်ဝဝ စားလိုက်ရလျှင်၊ အာကပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့။

၂။ အောက်ပါဝေါဟာရတို့ကို ဝါကျအသီးသီးတွင် သုံးပြပါ။

ချက်ကောင်း၊ အဆောင်၊ ကောက်လျှင်၊ မုရင်း။

၃။ အောက်ပါအလင်္ကာတို့ကို သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက် ကြောင်းရှင်းပြပါ။

ဆန့်တွင်းကနက်လွန်းလို့ (ဝဏ်ဝုတ္တိ)၊ ဖွတ်မင်းနောင် (ဝဏ်ဝုတ္တိ)၊ ပြာတောင်ကြီးပေါက် (အတိသယဝုတ္တိ)၊ ရွှေချသလို (ဥပမာ)။

## တစ်ခန်းရပ်

## မြို့တောင်မျက်နှာကရေရောင်းမိန်းမထွက်ဆိုရန်စကားမှာ–

ဩြော် . . . ဗာရာမည်ခေါ်၊ သည်ပြည်တော်မှာ၊ အကျော်ဇေယျ၊ ခေါင်မှာစွဲအောင်၊ မွဲတေလှတဲ့၊ ကျွန်မကိုယ်ငယ်။ တစ်ခါတစ်ရံ၊ လောကဓံမှာ၊ ကံမျက်စိလယ်လို့မှ[၁]၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရှိခဲ့ပြီ။ ပဲစိ[၂]တစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။ ဟင်းလျာကပီလော၊ လည်ချောင်းကိုမြေလှန်၊ ဂလုံဆန်အောင်၊ စုံကန်လို့မျှောရတယ်၊ ကော လိုက်တဲ့ကံ၊ မုရင်းဆန်နှင့်၊ ပွဲရုံချဉ်ပေါင်၊ ကျွေးနိုင်တဲ့မောင်များကို၊ လှူဘောင်တွင်တစ်ခါ၊ ကြိမ်စမ်းချင်ပါဘိ၊ ဇာတာထွန်းပေါ်၊ ကံနှိုးဆော်လို့၊ မတော်တဆ၊ မုရင်းမောင်မောင်၊ ဦးချဉ်ပေါင်ရှိန့်နှင့်၊ အိမ်ထောင်များကျခါမှ၊ ဝဝကြီးပေါင်းလန်အောင်၊ ဝမ်းစည်းစိမ်ခံတော့မယ်။

ဩြော် . . . တောင်ကြံမြောက်ကြံ၊ ဘရုံတောက်တီး၊ ဆင်းရဲခန်းကို၊ နိဒါန်းသွယ်လို့၊ ဘယ့်နှယ်ပင် ညည်းသော်လည်း၊ ဆန်နီးမယ်မဟုကံ၊ ရေကြပ်ကြပ်ရောင်းနိုင်မှ ပြောင်းဆန်ကို ကုပ်မိမယ်၊ စုတ်ပေတောင့် ထမိန်[၃]၊ အစပ်ကတစ်ရာ၊ အဖာက ဗရပျစ်၊ မှောင်ကျအောင်ညစ်ပါတဲ့၊ ပဆစ်အိမ်ကို၊ သုံးလွှန်းလိမ် ခါးတင် ထိုးလို့၊ ရေအိုးကိုရွက်၊ မှူရာတော် နွဲ့နှောင်းနှင့်၊ ရေချိုရောင်းထွက်တော့မယ်၊ ကိုးမျက်စုံ မှန်ဝိုင်းလယ်က၊ မရေသယ်[၄]ကို နေမမြင့်ရအောင်၊ အိုးပင့်တော် မှူလိုက်စမ်း မောင်ကြီးရှင့်။



၁ ကံမျက်စိလည်လို့

၂ ပဲစေ့

၃ ထဘီ

၄ ရေသည်

## သင်ခန်းစာအကျဉ်း

ရေသည်မိန်းမသည် အလွန်ဆင်းရဲပါသည်။ ပဲစေ့တစ်ဝက် ပြောင်းတစ်ဝက်နှင့် ဆန်အနည်းငယ်သာပါသောထမင်းကို ပီလောဟင်းချိုဖြင့် ဂလုံဆန်အောင် ခြေကန်၍မျှောချရပါသည်။ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့် ကျွေးနိုင်သည့် ဖူးစာရှင်ကြုံစမ်းချင်ပါသည်။ ယခုအခြေအနေမှာမူ ရေရောင်းထွက်နိုင်မှ ထမင်းဝဝစားနိုင်မည်ဖြစ်ပါသည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စကားစပ်နှင့် တကွရှင်းပြပါ။

ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်ဆန်ပြက်သိကာ၊ပါကောင်း လို့ပါတော့တယ်။ ဟင်းလျာကပီလော၊ လည်ချောင်းကို မြေလှန်၊ ဂလုံဆန် အောင်၊ စုံကန်လို့မျှောရတယ်။

၂။ ရေသည်မိန်းမ ဆင်းရဲချို့တဲ့ပုံကို ပေါ်လွင်အောင်ရေးပါ။

၃။ အောက်ပါဝေါဟာရတို့ကို ဝါကျအသီးသီးတွင် သုံးပြပါ။

ပဆစ်အိမ်၊ ဗရပျစ်၊ ပေါင်းလန်၊ လောကဓံ၊ ပီလော။

## တစ်ခန်းရပ်

တက္ကသိုလ်ပြည်က ပြန်သောမင်းသားထ၍ ပြည်တော်သို့ ရောက်စေ။ ခမည်းတော် လွန်နှင့်သောကြောင့်မှူးမတ်တို့က နန်းတင်၊ နန်းသိမ်းပွဲခံ။

## သင်ခန်းစာအကျဉ်း

တက္ကသိုလ်ပြည်က ပြန်လာသောမင်းသား နေပြည်တော်သို့ရောက်ရှိ၍ ခမည်းတော်လွန်နှင့်သောကြောင့် မှူးမတ်တို့က နန်းတင်သဖြင့် နန်းသိမ်းပွဲခံသည်။

## တစ်ခန်းရပ်

**အထက်က ရေသည်ယောကျ်ားနှင့်ရေသည်မိန်းမတို့ တွေ့ကြရာမိန်းမကဆိုရန် –**

ဝါးကွဲထမ်းပိုး၊ ဆိုင်းပေါင်ကျိုးနှင့် ပုဆိုးညစ်တော၊ ယောင်[၁]ထန်းစေ့မှုတ်၊ ခေါင်းမွေးစုတ်တဲ့၊ ကျုပ်ဖအေငယ်။ ။ ရေကိုရောင်းစား၊ မောင့်စွမ်းအားနှင့် စီးပွားတစ်နှစ်၊ ဘယ့်လောက်များဖြစ်ပါတုံး။ စစ်စစ်ပေါက်ပေါက်၊ ဝမ်းရေးလောက်၍၊ စားသောက်သည့်ပြင်၊ လက်ကပ်ခြေကပ်၊ ပိုမိုမြတ်လို့၊ အဖတ်တင်၊ အိမ်တွင်ထုပ်ရ၊ ကျုပ်မောင်လှမှာ ငွေစဘယ်လောက်များသလဲ။ ခါးဝတ်လဲမှာ၊ မလွဲစင်စစ်၊ မျက်မြင်ဖြစ်၍ မစစ်သာဘူး၊ ဗလချာ[၂] ချွတ်ခြုံ ဖွားဖက်တော်မှ၊ မပေါ်ရုံ၊ လုံအောင် အနိုင်ဖုံးရတယ်။ စားဖွယ်သောက်ခင်း၊ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်းချဉ်ချို၊ ဘယ့်နှယ်များမျိုရတုံး၊ နှမလိုစိတ်ကစွဲလို့၊ ဖြစ်နဲ့[၃]ကို ပြန်စမ်းပါ့ မောင့်ကြီးရယ်။

**ရေသည်ယောကျ်ားဆို။** ။ ဆံထုံးတော်ကြီး၊ တမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့ -မရေသယ်[၄]။ ။ ကုန်သွယ်ရေရောင်း၊ စီးပွားကြောင်းနှင့်၊ လူကောင်းကိုယ့်မောင်၊ ရှန်းလှဆောင်၊ ဝအောင်စား၍၊ ခါးဝတ်တဲ့ပြင်၊ လက်ကပ်ခြေကပ်၊ ပိုမိုမြတ်လို့၊ အဖတ်တင်၊ အိမ်တွင်အများ၊ သံသေတ္တာနှင့်၊ လုံစွာထား၊ ငွေသားလေးရွေးရှိပါတယ်။ သည်ပစ္စည်းတွေ၊ လေးရွေးငွေကြောင့်၊ စိတ်သေလက်ချ မအိပ်ရနိုင်ဘူး၊ ညမှုညလူ၊ သူခိုးများပူလွန်းလို့၊ ကိုယ်ထူကိုယ်ထ၊ ကင်းဝတ်လှည့်၍၊ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ။ ညစာနံနက်၊ စားရရက်မှာတော့၊ မြက်သီးရောရာ၊ မုရင်းဆိုတဲ့၊ ဆန်အိုတာကို၊ ရတနာချဉ်ပေါင်၊ ငါးပိအလျှင်း၊ ဆီမဆင်းတဲ့၊ ဟင်းများနှောင်နှင့်၊ အာခေါင်ကိုဆွတ်၊ မဝင်မချင်း၊ လည်ချောင်းကိုစင်းပြီးလျှင်၊ အတင်းသာသွတ်ရတယ်။ ခါးဝတ်လဲမှာ၊ မျက်မြင်ပါပဲ၊ ဥစ္စာပြည့်စုံ၊ ခနဝုဏ်နှင့်၊ ကုံလုံဘိခြင်း၊ မသိမ်ဖျင်းပါဘူး၊ လူဆင်းရဲမမှတ်ပါနှင့် အမိငယ်။

---

၁ သျှောင်

၂ ဗလချာ

၃ ဖြစ်နည်း

၄ မရေသည်

**ရေသည်မိန်းမဆို။** ။ငွေလေးရွှေးနှင့်၊ ဈေးအောင်ကြွယ်ဝ၊ ဥစ္စာပေါတဲ့၊ ဇောတိကငယ်။ ။နှမမှာလဲ၊ သည်လိုပဲ၊ မြေထဲသို့မြှုပ်၊ ကိုယ်သဘောကျ၊ ခင်ပွန်းများရခဲ့လျှင်၊ သူဈေးမလုပ်မယ်လို့ ငွေထုပ်ကြီးမား၊ လူမသိအောင်၊ ဖုံးဖိလို့ထားရတယ်။ စီးပွားဆောက်ဦ၊ ကံချင်းပဲနီးရော့ထင့်၊ မောင်ကြီးနှင့်တူရာမှာ၊ ငွေဖြူလေးရွှေးရှိပါတယ်။ သည်ငွေလေးရွှေး၊ ဥစ္စာဝန်လေးလွန်းလို့၊ အရေးမတော်၊ ခိုးသူလုယက်၊ မင်းနှိပ်စက်၍၊ ဖျက်ခဲ့သော်၊ ကူဖော်လောင်ဖက်၊ မရှိလျှင်ခက်တာမို့၊ နှစ်သက်လောက်သူ၊ စည်းစိမ်ကြီးကို၊ ထီးလိုအုပ်၍၊ ချုပ်မည့်လူကို၊ တစ်ဆူယောကျ်ား၊ ဇမ္ဗူမှာရှားလွန်းလို့၊ လင်သားမယူ၊ အပျိုကြီးလုပ်၍၊ ရွက်အုပ်သီးပူရတယ်။ ကံတူတဲ့မယ့်သခင်၊ ဘယ်ခါမှစုရုံးလို့၊ ရွှေပုံးရည်ချဉ်မယ်သီ၊ ထင်ရမွက်ကယ်နှင့်၊ စောင့်လျက်သာ နေရပါတော့တယ် ကျုပ်မောင်ငယ်။

**ရေသည်ယောကျ်ားဆို။** ။ သုံးစွဲမကုန်၊ တောင်နှယ်ပုံ၊ ငွေမှုန်လေးရွှေး၊ ခြိမ့်အောင်ကြွယ်တဲ့၊ မယ်သူဌေးငယ်။ ။ ရွှေးလွန်းလျှင်မရ၊ သေးလွန်းလျှင်မလှတဲ့၊ ရှေးကပုံထား၊ လူထဲမှာနေ၊ လူဖြစ်တွေကို၊ အကျေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေဝုစ်၊ ဘောက်စရာလုပ်ရတုံး။ ငွေထုပ်ချင်းတူ၊ လူရွှယ်ချင်းမျှ၊ အလှချင်းနတ်ဖက်၊ တိုင်း၍ရက်တဲ့၊ ပက္ကလာ၊ မိုးရွာသည်နှင့်၊ အခန့်သင့်၊ အခွင့်ဆီဆိုင်၊ အတိုင်အလှဲ့[၁]၊ အစပ်ဖြင့်တဲ့[၂]လှပေါ့၊ ဂျင်ပဲ့ချင်းပေါက်ကြစို့။ နောက်မဆုတ်တမ်း၊ သည်ယနေ့တွင်ဖြင့် ဘီလူးတွေ့လက်ရသိမ်းလို့၊ အစိမ်းဖမ်း ဖမ်းတော့မည်။ ပတ်ကြမ်းတီး၊ ပွဲပြီးစေကြစို့ငဲ့လေ အမိရယ်။


**ရေသည်မိန်းမဆို။** ။မကြီးသက်လှယ်၊ မျက်ထားချိုတဲ့၊ ကိုရေသယ်[၃]ငယ်။ ။ချစ်တယ်ကြိုက်တယ်၊ အတင်းအကျပ်၊ နောက်ပိုးထပ်လို့၊ တောက်တဲ့ကပ်တွယ်လေသည်။ ဘယ်နှယ့်တုံး ခုတင်ခု၊ အရပ်မှုဆော်သလို၊ တော်ရှုံပင်သော့ပါရော့။ ပေ့ပေ့တန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တလတွန်း[၄]ကြံတယ်လို့၊ ဟန်ပန်ရနိုင်ပါ့မလား။

တစ်နပ်စားမကြံ၊ တကယ်တမ်းမှန်ပါလျှင်၊ စရန်ခန်းဝင်၊ သေတ္တာနှင့်အလေး၊ ငွေလေးရွှေးကို၊ ကြိုက်ကြေးဟင်မှ၊ အကြင်လင်မယား၊ လူနှင့်တူလို့၊ လူခန့်ညားတော့မပ။ ငွေသွားလို့ယူ၊ ငွေမြင်လျှင်၊ လင်လုပ်မည်၊ အဟုတ်ပ ဟာလူရယ်။ ဇမ္ဗူလုံးနတ်၊ တို့မင်းမြတ်မှာလဲ၊ ပြာသာဒ်ဘုံပျံ၊ နန်းသိမ်းပွဲခံမတဲ့၊ ပန်းမန်နံ့သာ၊ လိမ်းကျံကာနှင့် ကြင်ရာမကွဲ၊ အချိုဝယ်လို့၊ ပွဲလယ်မှာ တဲရအောင်၊ ပဲဝက်သပြာ၊ လေးရွှေးဟာကို၊ မြန်စွာသာယူချေတော့ မောင်ကြီးရယ်။

---

၁ အတိုင်အလှည့်
၂ အစပ်ဖြင့်တည့်
၃ ရေသည်
၄ တရတွန်း

ရေသည်ယောက်ျားဆို။ ။ ဟဲ့ . . . ဘကြီးသား၊ တစ်ခါများဖြင့် သိကြားစောင်မ၊ မယားလည်းရပေပြီ။ လူတကာ့နဲ့[၁] ကြင်ရာနတ်ဖက်၊ မောင်ကြီးသက်ကို၊ လက်ချင်းတွဲလို့၊ မင်းပွဲသဘင်၊ မုန့်ပဲစား၍၊ အခဲသားဝင်ရအောင်၊ ငွေစင်ပဲဝက်၊ မသုံးရက်တဲ့၊ အနဂ္ဃရတနာ၊ မြောက်မြို့ရိုးကြား၊ ဝှက်လို့ထားခဲ့တဲ့၊ ကြေးများစွာကို၊ မကြာချက်ချင်း၊ မီးနှင့်အတူ ကျိုက်ကျိုက်ဆူတဲ့၊ သဲပူတွင်းမှာ၊ သိုင်းနင်းကွက်ကျ၊ ရေသည်မ လူ၊ ကြင်သည်းအူ၊ ငွေစယူကြွတော့မည်။ ဗေလုဝစောင်း၊ ငါးကွင်းဥသျှောင်၊ နတ်မင်းဆောင်တဲ့၊ သန်းခေါင်မောင်းမှာ၊ ခုနစ်ချောင်းညှို့ ဆိုင်ရာတို့ပြီးလျှင်၊ ချောပို့တော်မူလိုက်စမ်း ကိုးရှာစား။



**သင်ခန်းစာအကျဉ်း**

ရေသည်ယောက်ျားနှင့် ရေသည်မိန်းမတို့ တွေ့ဆုံ၍ စကားဆိုကြသည်။ ရေသည်မိန်းမက ရေသည်ယောက်ျားကို မောင်ကြီးမှာ တစ်နှစ်လျှင် စီးပွားဘယ်လောက်ဖြစ်ပါသလဲ။ စားပြီးသောက်ပြီး လက်ထဲတွင် ငွေမည်မျှ ကျန်ပါသလဲ။ ဘယ်လိုဝတ်၍ ဘယ်လိုစားပါ သလဲဟူ၍မေးသည်။ ရေသည်ယောက်ျားက ရေရောင်း၍ ဝမ်းကိုဝအောင် စားနိုင်ပြီး ခါးကိုလုံအောင်လည်း ဝတ်နိုင်ပါသည်။ စုထားသော ပစ္စည်းဥစ္စာနှင့် အသပြာငွေလေးရွေးကြောင့် စိတ်ချလက်ချ မအိပ်နိုင်ပါ။ ညစာ မနက်စာ စားရသည့်ရက်များတွင် မုရင်းဆန်ထမင်းနှင့် ဆီမပါ၊ ငါးပိမပါ၊ ချဉ်ပေါင်းဟင်းနှင့် စားရသည်ဟု ပြန်ဖြေသည်။ ရေသည်မိန်းမက- ကျွန်မမှာ မြေထဲမြှုပ်ထားသော ငွေထုပ်ကြီးရှိပါသည်။ အရေးကိစ္စရှိလျှင် ကူဖော်လောင်ဖက်မရှိသော ကျွန်မအတွက် စည်းစိမ်ဥစ္စာကို အုပ်ချုပ်ပေးမည့်သူ လိုအပ်နေပါသည်ဟူ၍ ပြန်ပြောသည့်အတွက် ရေသည်ယောက်ျားက ရေသည်မိန်းမနှင့် မိမိသည် အသက်အရွယ်တူ အလှတူ နတ်ဖက်ထားသကဲ့သို့ လိုက်ဖက်ညီသောကြောင့် လက်ထပ်ရန်အတွက် တင်၍တောင်းနိုင်ရန် မြို့ရိုးကြားတွင် ဝှက်ထားသော အသပြာလေးရွေးကို သွားယူမည်ဟု ပြောသည်။

---

၁ လူတကာနည်း

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စကားစပ်နှင့်တကွ ရှင်းပြပါ။

သည်ပစ္စည်းတွေ လေးရွေးငွေကြောင့်၊ စိတ်သေလက်ချ မအိပ်ရနိုင်ဘူး၊ ညမှုညလူသူခိုးများပူလွန်း လို့ကိုယ်ထူကိုယ်ထ ကင်းဝတ်လှည့်၍စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ။

၂။ အောက်ပါဝေါဟာရတို့၏ အဓိပ္ပာယ်ကို တိကျစွာဖော်ပြပါ။

ဆိုင်းပေါင်ကျိုး၊ ပက္ကလာ၊ ပတ်ကြမ်းတီး၊ ရွက်အုပ်သီး ပြာဿဒ်ဘုံပျံ၊ အနဂ္ဃရတနာ၊ သန်းခေါင်မောင်း၊ သိုင်းနင်း ကွက်ကျခုတင်ခုံ၊ တလတွန်း၊ ဘောက်စရာ ဗေလုဝစောင်း။

၃။ အောက်ပါဝေါဟာရတို့ကို ဝါကျအသီးသီးတွင် သုံးပြပါ။

ချွတ်ခြုံ၊ စစ်စစ်ပေါက်ပေါက်၊ ဗလချာ၊ အလျှင်း၊ အစပ်တည့်။

## တစ်ခန်းရပ်

**ရေသည်ယောကျ်ားမရပ်မနားပြေးသွားသည်ကိုမြင်သောကြောင့်မင်းကြီးဆို၊** ။ မြင်းမိုရ်မြောက်ယံ၊ တန်ခိုးထန်သည့်၊ ကုမ္ဘဏ်မျှော်ထီး၊ ဝေဿဝဏ်နတ်၊ပုံနှိုင်းစပ်တဲ့၊ အမတ်ကြီးတို့။ ။ ငါဘုရင်သည် ဥကင်ညာမော်၊ နန်းမြင့်ပေါ်က၊ ရွှေးတော်ယှဉ်ပြင်၊ ရှုံးရှေ့ခွင်သို့ မျက်ရှင်လျှံမောင်း၊ရွှေမှန်ပြောင်းဖြင့်၊ လမ်းကြောင်းတူရှု ရှုစားတော်မူရာတွင် လူတစ်ယောက်ဟာ၊ အပူမစဲ၊ မီးလောက်ရဲတဲ့၊ သဲပြင်သာမှာ၊ နေဝါညီးညီး၊ မွန်းတည့်တုန်းနေ၊ အခိုးဝေတဲ့၊ နေပူကြီးမှာ၊ လက်သီးချီမြှောက် လက်ပမ်းပေါက်နှင့်၊ ဝမ်းမြောက်အူရွှင်၊ က ကာပြေးလို့၊ ဟန်ရေးဆင်၊ ဖြစ်အင်ထူးလှပါ တကား၊ ကျော်လွှားခုန်ပေါက်၊ တီးလက်ဖျောက်နှင့် မြောက်သို့တူရှု မျက်နှာမူ၍၊ ပူမှန်းမသိ၊ ခွေးတလုံးလုံး၊ လမ်းမဆုံးအောင်၊ ပြေးတုန်းပင် ရှိသေးသည်။ ပီတိရွှင်ရွှင်၊ အူကိုလေပင့်၊ မျက်နှာပွင့်တဲ့၊ ချင့်းရုပ်သွင်မှာ၊ ဘဝင်မြူးလှပါတကား။ ဖြစ်လျှာကြောင်းရေး၊ မှန်ရာကိုမေးရအောင်၊ ပြေးတဲ့လုလင်၊ မဝေးခင်၊ လျင်စွာခေါ်၍၊ ရှေ့တော်သို့သွင်းခဲ့ကြ အမတ်ကြီးများ။

**အရပ်သားရှေ့တော်သို့ရောက်လျှင် -**

**မင်းကြီးဆို၊** ။လုလင်ယောကျ်ား၊ အရပ်သားငယ်။ ။အများ တကာ၊ ခမ္ဘာတာနှင့်၊ နှင့်မှာမတူ၊ မွန်းတည့်တုန်းနေ၊ အခိုးဝေတဲ့၊ သဲမြေပူမှာ၊ တစ်ရှုမနား၊ ကလျက်ပြေးကာ၊ ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊ မုသားမဖန်၊ ဟုတ်တိုင်းပြန်၊ အမှန်တင်စမ်းဟဲ့ အရပ်သား။

**ရေသည်ယောကျ်ားတင်၊** ။ကင်ပါသည်ဘုရား။ ကျွန်တော် ငမွဲ၊ လူဆင်းရဲမှာ၊ ရင်ကွဲလုမျှ ရေရောင်းလုပ်စာ၊ တစ်သက်လုံး ရှာလို့မှ၊ သည်တစ်ခါရဖူးတဲ့၊ ငွေစငွေညှဲ၊ ပဲဝက်ခန့်ကို၊ ရွှေနန်း သနင်း၊ ဘိသိက်ပွဲ ကျင်းရာတွင်၊ လူချင်းတူတူ။ သူများနဲ့[၁]ပင်၊ ငွေစရိတ်ဖြုန်း၊ ဝယ်ကာသုံး၊ လူလုံးပြဝင်မယ်လို့ ချစ်ခင် သက်ထား၊ ကျွန်တော်မျိုး မယားက၊ သွား၍ယူချေ၊ အပြင်းစေ သောကြောင့်၊ နေပူမရှောင်၊ သဲလောင်မစိုး၊ မြောက်မြို့ရိုးမှာ၊ ကြိုးကြိုးစားစား၊ ဝှက်၍ထားခဲ့တဲ့၊ ငွေသားလေးရွှေး၊ ပဲဝက်ကြေးကို၊ အပြေးမြန်စွာ၊ ယူမယ်လို့လာပါသည်၊ ထိပ်ချာရွှေနန်းရှင်ဘုရား။

**မင်းကြီးဆို၊** ။ ဖြစ်ရလေနဲ့[၂] လူဆင်းရဲငယ်၊ ပဲဝက်သပြာ၊ တစ်ဆိတ်စာနှင့်၊ ကျိုးရာမဲ့သီး၊ နေပူကြီးကို၊ တထီးလွှားလွှား၊ နှင့်မယားက၊ စေစားခိုင်းခန့်၊ ခရီးနှယ်စန့်ပလေ၊ ရွှေနန်းမြောက်ကို၊ ခြောက်ယူဇနာ၊ တောင်မှာထို့ဟန်၊ ၁၂ ယူဇနာ၊ သဲ့ျာမချို့၊ တာင်နီးဖို့တဲ့၊ မြို့နှစ်ပြန်ကို၊ မြူဆံလောက်သေး၊ ပဲဝက်အနေ၊ ကြိတ်စာကျေတဲ့၊ ငွေကလေးနှင့်၊ ဘေးကိုမတာ၊ သက်စွန့်ကြိုးပမ်း၊ သွေးသံပင်ခန်းလောက်အောင်၊ တရကြမ်းလာခဲ့တယ်။ ယူဇနာတာထောက်၊ တစ်ဝက်လဲရောက်ကပြီ။ နောက်ကိုလော၍၊ ကရောကပါ၊ နင်မသွားနှင့်တော့။ နင်ထားတဲ့ငွေညှဲ၊ ပဲဝက်ခန့်ကို၊ သန့်သန့်ရှိစေ၊ အခြားရှစ်ရွှေး၊ တစ်ပဲကြေးကို၊ ငါပေးမည်။ ခွန့်ရှည်ခရီး၊ နေပူကြီးကို၊ ခွေးစီတစ်ဖြာ၊ မပြေးပါနှင့်တော့။ သည်သပြာ ငွေတစ်ပဲနှင့်၊ ရောင့်ရဲလို့နေပါတော့ဟဲ့ အရပ်သား။

---

၁ နည်း

**ရေသည်အရပ်သားတင်။** ။တင်ပါသည်ဘုရား။ သနားတော်မူ၊ တစ်ပဲဆိုတဲ့၊ ထိုငွေဖြူကိုလဲ၊ ခံယူပါမည်။ ရေကြည် ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ယူချင်လှပါသေးသည်။ အထည်အထုပ်၊ ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက်မရှု အနည်းငယ်မျှကိုလို့ တယ်ကရ မပြုသင့်ဘူး။ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ၊ အာရုံကိုဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား။

**မင်းကြီးဆို။** ။လုလင်ယောကျ်ား၊ အရပ်သားငယ်။ ။ သွားမည့်တောင်တာ၊ ယူဇနာခြောက်ပြန်၊ ဆမတန်၊ ကန္တာရ ကွာသေးသည်။ ပူဆာညိုးခွေ၊ ပင်ပန်းလို့သေရော့မည်၊ နင့်ငွေကိုထား၊ သဲပူပြင်ကို၊ နင်မသွားနှင့်။ မယားကြင်ရာ၊ နင့်သည်းချာမှာ၊ မျက်နှာရသလောက်၊ စိတ်ရွှင်လန်း၊ ဝမ်းပန်းမြောက်အောင်၊ လက်ရောက်မနှေး၊ တစ်သောင်းသပြာ၊ ချိန်တစ်ရာကို၊ ခုမကြာပေးမည်ဟဲ့။ ဝေးလှသည့်နေရာ၊ မြို့ရိုးမှာဝှက်ခဲ့တဲ့၊ ပဲဝက်ဟာကို၊ မတာမတွယ်၊ တဏှာကိုပယ်ပါရော့။ ကိုယ်ဝယ်အသက်၊ မထောက်မထား၊ မတော်သွားမိလို့၊ ဆုံးပါးပျက်ခဲ့လျှင်၊ ပဲဝက်သပြာ၊ မကယ်ရှာပေဘူး၊ မြန်မာချိန်ငွေစ၊ တစ်ရာပင်ရမှုကို၊ စိတ်ချ၍ နေပါတော့လေဟဲ့ အရပ်သား။(သည်အခန်းတွင် တစ်ပဲ၊ တစ်မူး၊ တစ်မတ်ကစ၍ ဆထက်ဆထက်ပေးသည့်စကားမှာ စကားဖန်ချပ်၍ ပြောစေ။)

**ရေသည်အရပ်သားတင်။** ။တင်ပါသည်ဘုရား။ သနားတော်မူ၊ တစ်ရာဆိုတဲ့၊ ထိုငွေဖြူကိုလည်း၊ ခံယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ယူချင်လှပါသေးသည်။ အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင် ပျောက်ကတဲ၊ မထောက်မရှု အနည်းငယ်မျှရယ်လို့ တယ်ကရ မပြုသင့်ဘူး။ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့်ကြုံသောအခါ၊ အာရုံကိုဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား။

**မင်းကြီးဆို။** ။လုလင်ယောကျ်ား၊ အရပ်သားငယ်။ ။မုန့်စားရင်းလှည်းစီး။ ငါ့နှစ်ကောင်ဖမ်း၊ ငွေပဲခြမ်းကို၊ ပွဲလမ်းချက်ကြီး ပါဘိ။ မငြီးငွေ့လို၊ နင်သည်လောက်ဆိုမင့်၊ ဟိုပဲဝက်ငွေ ဆုံးပါစေ။ တစ်ကုဋေတိတိ၊ နင့်မယားကို၊ ငွေသားဖိလောက်အောင်၊ ကျိုကျိုတက်ဖွေးဖွေး၊ တစ်ခါတည်းဒွေးလောက်ကဲ့၊ ငါပေးတဲ့ငွေကုဋေကို၊ ဣန္ဒြေစောင့်ချုပ်၊ အသာယူပြီးလျှင်၊ လူလှလှလုပ်လေတော့။ ဟိုအုတ်ချပ်ကြား၊ ငွေပဲဝက်သားဟာကိုလူကြားလို့ မကောင်းဘူး။ မျက်စောင်းမျှ မထိုးပါနှင့်တော့ အရပ်သား။

**ရေသည်အရပ်သားတင်။** ။တင်ပါသည်ဘုရား။ သနားတော်မူ၊ တစ်ကုဋေဆိုတဲ့၊ ထိုငွေဖြူကိုလည်း။ ခံယူပါမည်။ ရေကြည် ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ ယူချင်လှပါသေးသည်။ အထည်အထုပ်၊ ငွေစသာဟုတ်ပါစေ။ ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက်မရှု အနည်းငယ်မျှရယ်လို့ တယ်ကရ မပြုသင့်ဘူး။ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့်ကြုံသောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား။

**မင်းကြီးဆို။** ။ လုလင်ယောကျ်ား၊ အရပ်သားငယ်။ ။ဘိန်းစား ဆေးတော်၊ ဆေးမပြတ်သည့်နှယ်၊ တပ်မက်ခြင်းတဏှာ၊ အားကြီးပါဘိ၊ မဟာကုသိုလ်၊ ငါရွှေကိုယ်မှာ၊ အလိုတော်အား၊ ပါရမီပွားစေတော့၊

ဆင်းရဲသားဆို၊ သည်ပုဂ္ဂိုလ်လည်း၊ အလိုပြည့်စုံ၊ မင်းတို့မှာသာ၊ လူ့ပြည်ရွာမှာ၊ ချမ်းသာမှုကိုတော့မည်။ ရွှေဘုံထောင်တည်၊ ကာသိတိုင်းပါ၊ ပွင့်လှိုင်းသာတဲ့၊ ဗာရာပြည်ကို၊ ချစ်ကြည်မြတ်လေး၊ တစ်ဝ္ဂက်ခြမ်းလို့၊ မင်းခမ်းပါပေးမဟဲ့။ ဟို ရှေးကသပြာ၊ ပဲဝက်ဟာကို၊ နေပါစေတော့၊ အစတုံးအောင်၊ စိတ်လုံးလုံးလျှော့ပေရှော့။ ရွှေနန်းကြော့စည်းစိမ်၊ ပြည်တစ်ခြမ်းပေါက်၊ လျှမ်းလျှမ်းတောက်တဲ့၊ မြောက်စံအိမ်မှာ၊ ချမ်းငြိမ်ကျက်သရေ အိမ်ရှေ့မင်းအရာနှင့် ကြီးကျယ်စွာနေပေတော့။ ပြေ[၁]ကိုဝက်လို့ မင်းဖက်ပြုမည်ဟဲ့ အရပ်သား။

ရေသည်အရပ်သားတင်။ ။တင်ပါသည်ဘုရား။ သနားတော်မူ၊ အိမ်ရှေ့အရာ၊ မင်းချမ်းသာကိုလည်း၊ ဝမ်းမြောက်စွာယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွှေး၊ မြို့ရိုးကြားမှာ၊ သူနေရာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ယူချင်လှပါသေးသည်။ အထည်အထုပ်၊ ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေး၍ပင် ပျောက်ကတဲ၊ မထောက်မရှု အနည်းငယ်မျှရယ်လို့၊ တယ်ကရ မပြုသင့်ဘူး။ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့်ကြုံသော အခါ၊ အာရုံကိုဖြတ်နိုင်ခဲ့လှပါသည် ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ကမ္ဘာရှေးလမ်း၊ နီတိကျမ်းနှင့်၊ ထုံးတမ်းညီညီ၊ မင်းလို လိုက်တတ်၊ မင်းကျိုးနပ်တဲ့၊ မတ်ကာဝိတို့။ ။ဝါကေရာဇ် မင်းမြတ်သည်၊ သဗ္ဗညုဉာဏ်၊ မြိုက်နက်တံကို၊ ထဲသံရည်ရော်၊ ရကြောင်းမျှော်၍ သူတော်ပီပီ၊ ဘုရားလောင်းတို့၊ ထုံးဟောင်းကို မှီပြီးလျှင်၊ ပါရမီသုံးဆယ်၊ ကျင့်ထုံးနွယ်ဟု၊ သုံးသွယ်စရိယ၊ စွန့်ခြင်းငါးရပ်၊ ဇောဓိသတ်တို့ မြတ်စာဂကို၊ အရလှမ်း၍၊ မင်္ဂြမ်းထူတော်မူတော့မည်။ သည်ဆင်းရဲသား၊ မျိုးမမြတ်တဲ့၊ လူ့ကပ်ပါးကို၊ သနားကြင်နာ၊ အိမ်ရှေ့အပ်နှင်း၊ ကြီးကျယ်ဝင်း[၂]တဲ့၊ မင်းချမ်းသာကို၊ ညာဇမ္ဗူမော်၊ သောင်းလုံးကျော်အောင်၊ ဆုတော်ပေး၍ အရေးလွှဲတော်မူလိုသည်။ ထီးစည်ဝေါယာဉ်၊ ထမ်းစင်မင်းခမ်း၊ အိမ်ရှေ့မင်္ဂလာ၊ ဆောင်နှင်းရာတဲ့၊ စာတမ်းများကို၊ စုံစမ်းဆင်ခြင်၊ အိမ်ရှေ့အပ်နှံ၊ ဗိုလ်ပေါင်းရုံ၍၊ သကြ်န်ယင်၊ မြှောက်တင်ချီးမြှင့်ကြရမည် မှူးမတ်များ။

---

၁ ပြည်
၂ ကျယ်ဝန်း

## သင်ခန်းစာအကျဉ်း

နေပူထဲတွင် ရေသည်ယောကျ်ားမရပ်မနား ပြေးသွားသည်ကို နန်းမြင့်ပေါ်မှ ဥဒယမင်းကြီးက ရွှေမှန်ပြောင်းဖြင့် ကြည့်၍မြင်သောကြောင့် ရေသည်ယောကျ်ားကို ရှေ့တော်သို့ခေါ်သွင်း၍ အကျိုးအကြောင်းမေးမြန်းပြီး အသပြာလေးရွေးကို အပင်ပန်းခံ၍သွားမယူပါနှင့် မိမိကအစားပေးပါမည်ဟု မင်းကြီးကမိန့်ဆိုပြီး အဆင့်ဆင့်တက်၍ တစ်ကုဋေအထိပေးသည်။ ရေသည်ယောကျ်ားက လက်မခံဘဲ မင်းကြီးပေးသောငွေလည်းယူမည်။ လေးရွေးလည်းယူမည်ဟု အကြိမ်ကြိမ်လျှောက်သည်။ နောက်ဆုံးတွင် အိမ်ရှေ့မင်းအရာပေးရာ အိမ်ရှေ့မင်းအရာလည်း လက်ခံမည်။ ငွေလေးရွေးလည်း သွားယူမည်ဟုလျှောက်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ ရေသည်ယောကျ်ား ငွေလေးရွေးတပ်မက်တွယ်တာပုံကို သင့်စကားဖြင့် ပေါ်လွင်အောင်ရေးသားပါ။

၂။ အောက်ပါအလင်္ကာတို့ကို သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

အူကိုလေပင့်(ဝက်ဝုတ္တိ)၊ ဖြုတ်မျက်လုံးလောက်(ဝက်ဝုတ္တိ)၊ ငါးနှစ်ကောင်ဖမ်း (ဝက်ဝုတ္တိ)။

**အိမ်ရှေ့မင်းအဖြစ်သို့ရောက်၊ ပြည်ကိုတစ်ဝက်စံ၊ အိမ်ရှေ့မင်းဆိုရန်စကားမှာ -**

ရာဇဝသတီ၊ ကျမ်းဂမ္ဘီနှင့်၊ အညီမလွန်၊ ငါ့ထံနီးရင်း၊ ဉာဏ်ကျယ်ဝင်း[1]တဲ့၊ အတွင်းဝန်တို့။ ။ဘုန်းဝှန် ဘုရား၊ ဇမ္ဗူသနင်း၊ တစ်ဆူချင်းတဲ့၊ ထွတ်မင်းဖျားက၊ သနားကြည်ဖြူ၊ မြှောက်စားတော်မူသောကြောင့်၊ ကြီးထူ စည်းစိမ်၊ စံရွှေအိမ်နှင့်၊ ချမ်းငြိမ် ကြည်မွေ့၊ တန်ခိုးကြွေ့၊ အိမ်ရှေ့အရာ ရပေပြီ။ သိင်္ဂီသော်မှော်၊ ရွှေအိမ်ပေါ်မှာ၊ ဖြေဖျော်စေရန်၊ အိမ်ရှေ့မိဖုရား၊ ချီးမြှောက်စားလို့၊ ထားထိုက်တန်ဟဲ့၊ ဘုန်းကံဆောက်ဦ၊ ရှိလောက်သူကို၊ ရွေးယူတိုင်းထွာ၊ လိုက်၍ရှာသော်၊ သံသရာရှေးဟောင်း၊ ဘဝပေါင်းက၊ ဆုတောင်းပါကြ၊ နန်းတော်ရှေ့ဝယ်၊ ရေရောင်းလယ်[2]တဲ့၊ ရေသယ်[3]မနှင့်၊ ချစ်လက်စဟောင်းရှိခဲ့သည်။ ရေကြည်ရောင်းသူ၊ ရှေးအထက်က၊ အသက်အသွင်၊ ငါချစ်ခင်တဲ့၊ ကြင်သည်းအူကို၊ ဇမ္ဗူမင်းစံ၊ ရွှေပိန်းမံတဲ့၊ ယာဉ်ပုံပေါင်းချုပ်၊ ထိန်ထိန်ညီးအောင်၊ ထီးကျိုင်းအုပ်၍၊ ကိုယ်လုပ်တော်များ၊ ရံရွေ ဖော်နှင့်၊ ရွှေတော်နားတွင်၊ သွား၍တောင်းချေရမည် အတွင်းဝန်တို့။

မှူးမတ်တို့ ထွက်သွားမေးမြန်း စုံစမ်းရှာဖွေ၍ရခဲ့သဖြင့် အိမ်ရှေ့မင်းထံသို့ရောက်၍ ဝမ်းမြှောက် ဝမ်းသာ ကြင်နာစုံမက်ခြင်း ရှိသည်နှင့်အညီ ဧင်းရေသည်မကို အိမ်ရှေ့မိဖုရားအရာ၌ထား၍ စံစားပျော်ပိုက် ကြစေ။

**အိမ်ရှေ့မင်းဆို။ ။** အတွင်းဝန်တို့။ ။ အလွန်တရာ၊ ရခဲစွာတဲ့၊ မဟာဥပရာဇ်၊ အရာစည်းစိမ်၊ တန်ခိုးရှိန်နှင့်၊ အိမ်ရှေ့မင်း ဖြစ်ပေပြီ။ သို့ကတဲ၊ ငါ့ဝမ်းထဲမှာ၊ အခဲမကျေ၊ ပဲဝက်ငွေကြောင့်၊ မနေနိုင်အောင်ရှိခဲ့သည်။ အတည်တည် အဝဝ၊ ငါ့ကိုယ်အားကို၊ တရားချ၍၊ မရနိုင်ပါ။ ပဲဝက်ခန့်မျှ၊ သည်ငွေစကို၊ မတနဲ့လို့၊ တကယ့် သဘော၊ ငါ့ရှေ့နားက၊ ဘုရားမတ်မတ်၊ စက်စုံရပ်၍၊ အတပ်ပင်ဟောကတဲ၊ သည်ဇောကို အဟုတ်၊ ငါမချုပ် နိုင်ဘူး။ အုတ်မြို့ရိုးကြား၊ ငါဝှက်လို့ ထားခဲ့တဲ့၊ ငွေသားသပြာ၊ ပဲဝက်ဟာ ကို၊ ကြာမဖြစ်ဘူး၊ သူတကာ ဦးရှော့မည်။ မှူးမတ်များက၊ ရထား ဆင်မြင်း၊ တပ်တော်ခင်းရှော့၊ ချက်ချင်းထ၍၊ ငါကိုယ်တိုင် ယူတော်မူမည် အတွင်းဝန်တို့။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အောက်ပါဝေါဟာရတို့၏ အဓိပ္ပာယ်ကို တိကျစွာဖော်ပြပါ။

စရိယ၊ စာဂ၊ သကြ်န်ယင်၊ သိင်္ဂီ၊ ဇမ္ဗူမင်းစံ၊ စက်စုံ၊ ကျိုင်း။

---

၁ ကျယ်ဝန်း

၂ လည်

၃ ရေသည်

အိမ်ရှေ့မင်း ပဲဝက်သပြာကို အယူသွား၍ အပြန်တွင် ၎င်းအိမ်ရှေ့မင်းနှင့်တကွ မှူးမတ်ဗိုလ်ပါ မောင်းမမိဿံခြံရံလျက် မင်းကြီးဥယျာဉ်သို့ ထွက်တော်မူစေ။

ဥယျာဉ်သို့ရောက်လျှင် မှူးမတ်ဗိုလ်ပါ မောင်းမမိဿံတို့ အလိုရှိရာအရပ်သို့ သွား၍နေကြစဉ်၊ အိမ်ရှေ့မင်းက ဆိတ်ငြိမ်သည့်အခါကိုရ၍ မင်းကြီးကိုသတ်ပြီးလျှင် ဗာရာဏသီပြည်ကို မင်းတစ်ယောက်တည်း ပြုမည်ကြံရာ အိမ်ရှေ့မင်းဆိုရန်စကားမှာ

သည်တစ်ခါဖြင့်၊ ငါလည်းနန်းလောင်း၊ ၎င်းအကြောင်း၊ ဆုတောင်းတိုင်းပြေ့[1]၊ နန်းဦးကိုင်ကို၊ ပိုင်ပိုင်ကြီး တက်ရအောင်၊ ချက်ကောင်းကိုတွေ့ပြီ။ ဘုန်းဟော့ဘုရား၊ ငါ၏အားကို၊ ကိုယ်စား ထပ်တူ၊ ယုံကြည်တော်မူ သောကြောင့်၊ သက်ရှူဖြောင့်ဖြောင့်၊ စိုးမနှောင့်ဘဲ၊ ၎င်းပေါင်ထက်မှာ၊ စက်တော်ခေါ်လို့၊ ပျော်တော်မူ ရှာလေသည်။ ဗာရာပြည်နယ်၊ ဇင်ဂလယ်[2]ကလေးကို၊ နှစ်နယ်ခွဲလို့၊ သိမ်ဖွဲ့သေးနုပ်၊ မင်းနှစ်ယောက်လုပ်ရတယ်၊ စိတ်ရှုပ်စရာ၊ သည်တစ်ခါဖြင့်၊ ဗာရာပြည့်ရှင်၊ ၎င်းလက်ထဲသို့၊ မခေါ်ဘဲဝင်လာပေ့။ မင်ပိတုန်းရောင်၊ မြကေသျှောင်ကို၊ မြအောင်ခိုင်ခိုင်၊ ကျပ်ကျပ်ကြီး ကိုင်လို့မှို့၊ လည်တိုင်ကို ဆတ်ဆတ်၊ သန်လျက်နှင့် ဖြတ်ရလျှင်၊ ပတ်တိတ်လို့ပိန်း၊ တစ်ဖက်ရန် ငြိမ်းရေ့ပ၊ အုပ်ထိန်းနိုင်ငံ၊ ရွှေနန်းလွတ်ရှုံး၊ တိုင်းပြည်ပါကျုံးပြီးလျှင်၊ ငါလုံးလုံးစံရအောင်၊ အကြံမြောက် စေတော့မည်လေဟယ်။

ဩော် . . . ငါကြံတဲ့အခွင့်၊ လမ်းပန်းဖြင့် သင့်လှပေ့၊ ချင့်ချင့်နှိုင်းနှိုင်း၊ ပြန်လှန်ထောက်လို့၊ ရှေ့နောက်ကိုတိုင်းလိုက်လျှင်၊ ရှိုင်းနိုင်မျှအမှု၊ ငါလူစတုံး၊ လူအဆုံးကို၊ ဘုန်းဘုရား သူကောင်းပြုလို့၊ အတုအပ၊ အိမ်ရှေ့နန်းဆက်၊ စည်းစိမ်နက်နှင့်၊ ပြည်တစ်ဝက် ရပေတယ်။ အနန္တကျေးဇူးရှင်ကို၊ သို့စင်ရက်စက်၊ ခင်ပွန်းဖျက်လို့၊ ဝက်စားကျင်းကော်၊ ပြုချေသော်၊ တော်နိုင်မယ် မထင်ပါဘူး လေဟယ်။

ဟယ် . . . ယောကျ်ား၊ တရားဆက်ဆံ၊ သူတော်ကောင်း သဘောနှင့်၊ လောကကိုကြံလျှင်လဲ၊ ပစ္စုပ္ပန်အကျိုးဆက်၊ စီးပွားရေး ပျက်တတ်သည်။ ရက်ရက်ရောရော၊ ကျေးဇူးမမြော် အခွင့်တော်လျှင်၊ ကိုင်သော်ကောလို့၊ တွေးတောမထောက်၊ ပေါက်ပေါက် ရှူရှူ တေနိုင်တဲ့လူမှပဲ၊ ယေဘူယျ[3]အား၊ ကြံရွယ်ဆောင်လို့၊ အောင်သူသာများတတ်တယ်။ တစ်ပါးတည်းပိုင်ပိုင်၊ ဧကရာဇ် မင်းခမ်းနှင့်၊ ရွှေနန်းကိုထိုင်ရအောင်၊ ချိုင်လိုက်တော့မည်လေဟယ်။

ဩော် . . . မတော်လွန်းပေဘူး၊ ရှေ့စွန်းနောက်စ၊ ဆင်ခြင်လို့ ဆလိုက်လျှင်၊ ဒုက္ခတကြီး၊ အထီးကျန်ခဲ့၊ ကိုးရာမဲ့၊ စုတ်ပွဲ့ ချွတ်ခြုံ ငါကဲ့သို့ လူပုံကိုပင်၊ ကြည်ယုံစိတ်တော်၊ နောင်ရေးမြော်၍၊ သူတော်သူကောင်း၊ မြတ်ဆုကို တောင်းပေတဲ့၊ ဘုရားလောင်းကျေးဇူးရှင်၊ ကယ်ဆယ်တင်လို့၊ သို့စင်ကြီးလှ၊ အိမ်ရှေ့ဥပရာဇ်၊ စည်းစိမ်နှစ်ကို၊ ငါစင်စစ်ရပေတယ်။ ဘဝသခင်၊ ကျေးဇူးရှင်ကို။ အရှင်မထား၊ သတ်တော့မည် အကြံနှင့်၊ ကျင့်ဖောက်ပြန်မှားချေက၊ ဘုရားကိုသတ်သကဲ့သို့ ကပ်ကမ္ဘာ အနန္တတွင်၊ မလွတ်ရအမြဲ၊ အဝီစိ အောက်ထပ်မှာ၊ ချိုးကပ်လို့ စွဲရှော့မယ်၊ ငရဲကိုကြောက်၊ ကျေးဇူးကိုထောက်ပြီးလျှင်၊ ဆင်ခြင်ဦးမှ တော်ချည့်မလေ။

---

၁ ပြည့်

၂ ဂျင်ဂလယ်

၃ ယေဘုယျ

ဟယ် . . . ယောက်ျား၊ လူ့ပြည်များမှာ၊ မျောက်သားခင်မင်၊ စားသောက်ချင်မင့်၊ အတွင်သာပြု၊ မျောက်မျက်နှာကို၊ ဘဟာတွက်ရှုတော့မလဲ။ ကျေးဇူးရှင်သော၊ သခင်သော၊ မထောက် မထား၊ ပေါက်တိုင်းစားမှ၊ အမှုသွားချောတော့မယ်။ ဒလဟော မလွတ်၊ ကြက်မခွပ်သလို၊ ရွပ်ရွပ်ချွံချွံ၊ မကြံဘဲညာလိုက်လို့၊ အခါလွန်လျှင်၊ ကိုယ့်ဝန်တစ်စီ၊ ခွင့်မတော်၊ ကိုယ်ပေါ်မှာ ပိရော့မယ်၊ တိကနဲဖြတ်၊ ဦးခင်အောင် သတ်လိုက်မှ၊ တစ်ဇာတ်ပြောင်း၍၊ သူကောင်းဖြစ်တော့မယ် လေဟယ်။

ဟာ . . . မကောင်းဘူး၊ စိတ်မကူးနှင့်၊ ကျေးဇူးကြီးမား၊ စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်းတဲ့၊ မင်းတကား။ တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြံမိငြားလျှင်၊ မှားလို့သာ မှောက်ကရော့မည်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။

ငို။ ။အမယ်မင်း၊ ချွတ်ယွင်းတိမ်းပါး၊ စင်းလုံးချွတ်မှားပေါ့ ဟဲ့။ ဘုရားတစ်ဆူ၊ နှလုံးတော်ဖြူပါတဲ့၊ ဇမ္ဗူလုံးသခင်၊ ကျေးဇူးရှင်ကို၊ အရှင်လတ်လတ်၊ သန်လျက်နှင့် ဖြတ်မယ်လို့၊ မဒပ်မရာ၊ ကြံမိချက်ကယ်နှင့် ပက်စက်ရှာလေတယ်။ စိတ်ဖြာစေ့စေ့၊ နောက်နှင့်ရှေ့ကို၊ အောက်မေ့လိုက်က၊ ငါ့ဖြစ်ချက်ကို၊ ကြက်သီးထပါဘိ၊ စိတ်ချပေါ့တစ်ခါ၊ မကြံပါဘူး၊ သုံးခါလုံးလုံး၊ ယူဟျူးမရ၊ မှားမိတဲ့ကိစ္စကို၊ ဘုန်းဘုရာ့ထံ၊ သဘောရိုးပြန်ပြီးလျှင်၊ မာန်စွယ်ကိုချိုး၊ အသာနှိုး၊ ရှိခိုးတောင်းပန်ရတော့မလေ။

**မင်းကြီးကိုတင်ရန်။** ။ ဓောဓိဆုယူ၊ သဘောတော်ဖြူလှသည့်၊ ဇမ္ဗူကျွန်းလုံးရှင်ဘုရား။ ။ ကျွန်တော်မျိုးသည်၊ မွဲရိုးမက၊ မွဲတေလှတဲ့၊ ဒုက္ခိတအကောင်၊ ရှူးကြောင်ကြောင်ကို၊ ရွှေတောင်ကြီးသခင်၊ မြတ်ရာကိုတင်သောကြောင့်၊ သို့စင်အထူး၊ အိပ်မက်တွင်မှ၊ မမြင်ဖူးတဲ့၊ ကျေးဇူးကြီးလှ၊ အိမ်ရှေ့အရာ၊ မင်းချမ်းသာကို၊ စိတ်လိုရာ ရပေတယ်။ မစချီးပင့်၊ ရာထူးမြှင့်တဲ့၊ ထမင့်းသခင်၊ ကျေးဇူးရှင်ကို၊ သုတ်သင်သတ်ဖြတ်၊ ပြည်ကိုပိုင်နင်း၊ တစ်ပါးချင်း၊ မင်းတံဆိပ်ခတ်မယ်လို့၊ မအပ်မရာ၊ သုံးကြိမ်တိတိ၊ လောဘငြိ၍၊ ကြံမိတာကို၊ ထွတ်ချာဘုန်းလျှံ၊ ကျွန့်ထိပ်ပန်၊ သည်းခံတော်မူပါ ရွှေနန်းရှင်ဘုရား။

**မင်းကြီးဆို။** ။ ဗာရာအောင်ခန်း၊ ပြည်တစ်ခြမ်းကို၊ သိမ်းမြန်း စိုးမှူး၊ သမ္ဘာထူးသည့်၊ ကွန့်မြူးဘုန်းရောင်၊ အိမ်ရှေ့မောင်။ ။ ရွှေတောင်နန်းဖွား၊ နွယ်မပြားတဲ့၊ ညီသားဧကန်၊ မဟုတ်မှန်လျက်၊ တစ်ရံတွေ့လူ၊ မဆိုင်သူကို၊ ကြည်ဖြူမြတ်လေး၊ ထီးစည် ကြငှန်း၊ ပြည်တစ်ခြမ်းနှင့်၊ မင်းခမ်းကိုပေးသေးသည်။ ကျေးဇူးသခင်၊ ငါဘုရင်ကို၊ လုလင်မပြစ်မှားသင့်ဘူး။ သူတစ်ထူးက၊ ပုံ့ပျူးသာညောင်း၊ လို၍တောင်းလျှင်၊ ဦးခေါင်းတော်မြတ်၊ ပြည့်ဥက္ကာင်ကို၊ ဖြတ်၍ဧကန်ငါလှူမည်။ ဘုန်းစည်သနင်း၊ ငါသည့်မင်း၏၊ ရင်တွင်းသည်းချပ်၊ မနောဓာတ်ကို၊ ဖြတ်၍ပေးပါ၊ တောင်းသူလာခဲ့စေ၊ မျက်နှာမနွမ်း၊ ရင်တော်ကိုခြမ်းပြီးလျှင်၊ ချိပ်ပန်းသွေးရှင်၊ ရွှေရင်ချပ်ကို၊ ဖြတ်ကာထွင်၊ လျင်လျင် ငါလှူဒါန်းဝံ့သည်။ ရွှေပြည်ကြီးနတ်၊ ဘုရားပညာ၊ ရကြောင်းရှာတဲ့၊ ငါမင်းမြတ်ကပဲ၊



4B

သတ်၍အဆုံး၊ ယူရအုံး°မလား၊ လုံးလုံးပိုင်လို၊ အမောင်ဆိုလျှင်၊ ပဟိုရ်ထီးစည်၊ တိုင်းပါပြည်ကို၊ မရှည် ရက်ချိန်း၊ ယနေ့သိမ်း၍၊ အုပ်ထိန်းအမောင် စံလေတော့။ စိတ်လျှော့မာန်ပျောက်၊ မောင်မင်းအောက်က၊ လက်ထောက် ငယ်သား၊ ငါ့ကိုပင်ထားပါတော့၊ ခစားဝံ့ပါငဲ့၊ အိမ်ရှေ့မောင်ငယ်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ စကားစပ်နှင့်တကွ ရှင်းပြပါ။

ငါလူစတုံး၊ လူအဆုံးကို ဘုန်းဘုရားသူကောင်းပြုလို့၊ အတုအပ၊ အိမ်ရှေ့နန်းဆက်၊ စည်းစိမ် နက်နှင့် ပြည်တစ်ဝက်ရပေတယ်၊ အနန္တကျေးဇူးရှင်ကို၊ သို့စင်ရက်စက်၊ ခင်ပွန်းဖျက်လို့၊ ဝတ်စား ကျင်းကော်ပြုချေသော်၊ တော်နိုင်မယ် မထင်ပါဘူး လေဟယ်။

၂။ **အောက်ပါအလင်္ကာတို့ကို သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။**

**ဘုရားကိုသတ်သကဲ့သို့** (ဥပမာ)၊ မာန်စွယ် (ရူပက)၊ ချိုးကပ်လိုစွဲ (ဝက်ဝုတ္တိ)၊ ကြက်မခွပ်သလို (ဥပမာ)၊ **မင်းတံဆိပ်ခတ်** (ဝက်ဝုတ္တိ)။

---

၁ ဦး

**အိမ်ရှေ့မင်းဆို။** ။ သံသာကမ်းရပ်၊ ကူးမြောက်ခပ်၍၊ မြတ်နိဗ္ဗာန်ပြည်၊ စိုးအံ့ရည်သည်၊ ဘုန်းစည်ထိပ်ခေါင်တင် ဘုရား ။ ။ကျွန်ုပ်ဝေဘ်မျိုးသည်၊ ကိုးဌာနဘုံ၊ လောကသုံးဖြာ၊ သတ္တဝါတို့၊ တဏှာချုပ်ဟု၊ ကာမဂုဏ်ငါးရပ်၊ ဥပဒ္ဒဝေါ၊ သစ်ကျားပေါတဲ့၊ တောမြောင်ချပ်မှာ၊ ချဉ်းကပ်လွန့်လွန့်၊ မနေဝံ့ပြီဘူး။ လေးကျွန်းဥတ္တဋ်၊ မင်းမန္တာတ်သည်၊ နတ်တို့စည်းစိမ်၊ တာဝတိံကို၊ ဒေဝိန်မြတ်လေး၊ တစ်ဝက်ပေးလို့မှ၊ ပေးရာတွင်မရပ်၊ သိကြားနတ်ကို၊ သတ်၍ ယူမည်၊ အကုန်မှူးချင်လို့၊ ကြံဖူးသည်၊ အောက်ပြည်နရက်၊ သည်ကတက်၍၊ ဘဝဂ်တိုင်အောင်၊ တဏှာလောဘ၊ ကျယ်ပြောလှတဲ့၊ ဘဝဘောင်ကို၊ ပုပ်ဟောင်နံညှီ၊ နှလုံးနောက်လို့၊ ကြောက်လှပြီ။ လောကီအာရုံ၊ ကာမဂုဏ်မှာ၊ ပုံဥပဒေ၊ ကျတ်တွင်းရေသို့၊ သောက်လေသောက်လေ၊ ဝတ်မပြေဘူး၊ အေးထွေမနောက်၊ လေးမဂ်ရေကို၊ ရှာဖွေလို့သောက်ရမှ၊ ဝမ်းမြောက်ရွှင်ပြုံး၊ ရေငတ်စတုံးတော့မယ်။ ဘုန်းဘုရားစည်းစိမ်၊ ဘုံကြငှန်းနှင့်၊ နန်းရွှေအိမ်ကို၊ ကြိုးလိမ်ထူးပတ်၊ ထောင်တန်း လောက်မှတ်ပြီမို့၊ မမြတ်နိုးချင်၊ လက်ငင်းခုပဲ၊ လျှော်တေလဲလို့၊ မြိုင်ထဲသို့ဝင်ပါတော့မည်၊ ထိပ်တင်မင်း မျှော်နောင်ဘုရား။

**မင်းကြီးဆို။** ။ ဥပရာဇ်ဟု၊ ဆုသစ်မြဲနှောင်၊ သမ္ဘာကြွေ့တဲ့၊ အိမ်ရှေ့မောင်ငယ်။ ။ လူ့ဘောင်လောက၊ တဏှာဝန်ကို၊ ကြောက်ရွံ့လှ၍ ဒုက္ခအစုံ၊ ထိုတဏှာကို၊ ဘယာရှုလျက်၊ ယခုစိတ်ချ၊ နိက္ခမဖြင့်၊ ကိစ္စပြီးစေ၊ ကြံပချေ၍၊ မှန်ပေသမျှ၊ မြတ်ရာ ဆုငယ်မို့၊ သာခုခေါ် သင့်လှပေသည်။ လူ့ပြည်၌ဖြစ်စေ၊ စည်းစိမ်နှစ်ကို၊ ယစ်သူသာများ၊ သတိအားဖြင့်၊ တရားပိုက်သူ၊ ရှားသ သူကြောင့်၊ ပွားယူပြဟွစိုရ်၊ သဘောကိုယ်နှင့်၊ တောခိုမည့် ကိစ္စကို၊ တစ်ဝတည်း ခွင့်တော်သာလိုက်ကဲ့ မြတ်ရာသို့ လှမ်းလေတော့၊ အိမ်ရှေ့မောင်ငယ်။

**အိမ်ရှေ့မင်းကန်တော့**

မှန်လှပါ။ ကျေးဇူးသခင်၊ မြတ်အရှင်ကို၊ ကြည်လင် ညွတ်ပျော့၊ မာန်ဖြေလျှော့၍၊ ကန်တော့ပူဇော်ခဲ့ပါသည်။ ကျူးသမ္ဘဒဏ်၊ သုံးပါးကံကို၊ သည်းခံတော်မူပါတော့ ဘုရား။

**မင်းကြီးဆုနင်း**

သာခု သာခု၊ မြတ်သောဆုနှင့်၊ ယခုပြည့်စုံ၊ တရားလှူ၍၊ ပွားဆုံဘာဝနာ၊ ကိုယ်စိတ်ဝမ်း၊ လွန်ချမ်းသာလျက်၊ မှန်းရာတိုင်း ပေါက်ပါစေ အိမ်ရှေ့မောင်ငယ်။

## တစ်ခန်းရပ်

အိမ်ရှေ့မင်းက တောထွက်မည့်အကြောင်းကို အိမ်ရှေ့မိဖုရားအားခေါ်၍ ပြောသည့်အခန်းတွင် အိမ်ရှေ့မင်းဆိုရန် စကားမှာ-

မျက်ရှင်မြစိန်၊ လှတစ်သိန်နှင့်၊ မြောက်အိမ်တော်စံ၊ အလျှင်းမထောင့်၊ သီတင်းစောင့်တဲ့၊ မောင့်သက်နှံ့ငယ်။ ။အကြံယွင်းပါး၊ မှားခြင်း ကြီးမှားခဲ့ပြီ။ ဘုရားတစ်ဆူ၊ ဗုဒ္ဓကို၊ ဇမ္ဗူလုံ့ထီး၊ ကျေးဇူးသခင်၊ မြတ်ရာတင်တဲ့၊ ရှင်မင်းကြီး၊ ကြက်သီးထဖွယ်၊ ပြည်ကို လုယက်၊ နန်းဦးကိုတက်မည်ဟု၊ အသက်ကိုရွယ်မိတယ်။ ဖွယ် - ရှိုင်းပလေ၊ လူ့တိုင်းပြေ[၁]မှာ၊ နေဖို့မကောင်း၊ ရွှေရင်ကြားကို၊ ဓားနှင့်မွှေလို့၊ သေဖို့သာကောင်းတော့တယ်။ တောင်းတောင်း ပန်ပန်၊ အကြောင်းကို ပြန်သောအခါ၊ သည်းခံသည့်အပြင်၊ ဘုန်းရှင်ပင်က၊ ကြင်သနားလို့၊ ငါ့အား ပြည်လုံးနှင်းသေးတယ်။ အံ့ဖွယ်သရဲ ရာဂီမြူမှုင်၊ စွန်းမထင်တဲ့၊ ရွှေစင်ခဲကို၊ မိုက်မဲတွေဝေ၊ မှားမိချေ၍၊ နေမဖြောင့်ပြီ။ တဏှာမစပ်၊ အာရုံဖြတ်လို့၊ မြိုင်ရပ်ကို မှီတော့မယ်။ သာကီလံ့မျက်ဖျော်၊ လှမနော်မှာ၊ အိမ်တော်သာစံရစ်တော့ မအေငယ်။

**အိမ်ရှေ့မိဖုရားဆို။** ။ အော်ကြံ့ရပလေ၊ မယ့်ကေရှင်မှာ၊ သဇင်လို ကုံးပါတဲ့၊ ဘုန်းမြဆွေငယ် ။ ။တောခြေမြိုင်ဝ၊ ကိုယ်တော်မြတ်ကြွခဲ့လျှင်၊ လှမနော်နတ်၊ တည်းခွေခွေ၊ ဘယ်ပုံနှင့်ဖြေရမယ်၊ အနေတော် ကပ်တော့မပ။ မအပ်တဲ့စကား၊ ကြောက်ပါဘိ၊ နားရှိလို့ကြားရတယ်။ ပတ္တမြားအပွင့်၊ မြကေဆင့်၊ မေခင့်လည်ဆွဲ၊ ရဝေရိပ်ကြာ၊ ရွှေလိပ်ပြာ၊ သေခါမှခွဲမယ်လို့၊ စွဲမိတဲ့သခင်၊ လေနွဲ့မည်စိုး၊ ရွှေသည်းမှာပျိုးပါတဲ့၊ မညိုးပင်ကို၊ ရှင်ကွဲဘယ့်နှယ်၊ မသေဘဲနှင့်ခွဲရမယ်၊ ဘုန်းကြွယ်ရွှေကိုယ်၊ မြိုင်ဦးမှာခိုခဲ့လျှင်၊ ငြိုငြင်နွမ်းညစ်၊ မျက်စိသူငယ်၊ သူ့တိုင်းလယ်မှာ၊ မယ်နေရစ်ပါဘူး၊ လမ်းဆစ်တဲ့ မြိုင်ပေါ်သို့၊ ကိုယ်တော်နှင့် လိုက်ပါတော့မည်ဘုရား။

အိမ်ရှေ့မင်းတောထွက်စေ။ မင်းသမီးလိုက်စေ။ ဥယျာဉ်တော်က မင်းကြီးနန်းတော်သို့ပြန်စေ။

ဂင်္ဂါမာလဇာတ်ခေါ် ရေသည်ပြဇာတ် ပြီးပြီ။

---

၁ လူ့တိုင်းပြည်

## သင်ခန်းစာအကျဉ်း

ရေသည်ယောက်ျား အိမ်ရှေ့မင်းဖြစ်ပြီးနောက် ဥယျာဉ်တော်တွင် မင်းကြီးနှင့်အတူရှိစဉ် အိပ်ပျော်နေသော မင်းကြီးကို သတ်၍ ထီးနန်းယူရန် သုံးကြိမ်ကြံစည်သည်။ စိတ်ယုတ်ဝင်တိုင်း စိတ်ကောင်းကပြန်ထိန်းပြီး နောင်တရကာ မင်းကြီးကိုတောင်းပန် ကန်တော့ပြီး အိမ်ရှေ့မိဖုရား (ရေသည်မိန်းမ) နှင့်အတူ တောထွက်သည်။

## လေ့ကျင့်ခန်းမေးခွန်းများ

၁။ အိမ်ရှေ့မင်းက တောထွက်မည့်အကြောင်း မင်းကြီးအား မည်သို့ လျှောက်တင်သနည်း။

၂။ အောက်ပါအလင်္ကာတို့ကို မည်သည့်သင်ခန်းစာတွင် မည်သို့ သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

မေခင့်လည်ဆွဲ (ဝက်ဝုတ္တိ)၊ မညိုးပင် (ရူပက)၊ လေးမင်္ဂရေ (ရူပက)၊ တဏှာချို့ (ရူပက)၊ တဏှာဝန် (ရူပက)၊ ကျုတ်တွင်းရေသို့ (ဥပမာ)၊ ဇမ္ဗူလုံးထီး (ဝက်ဝုတ္တိ)။

# ခက်ဆစ်အဖွင့်

**က**

၁။ ကရောကပါး = ကတိုက်ကရိုက်၊ အလောတကြီး။

၂။ ကာမဂုဏ် = လိုချင်နှစ်သက်ဖွယ်အာရုံ။

၃။ ကာမဂုဏ်ငါးရပ် = ရုပ်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါး။

၄။ ကောလိုက်တဲ့ကံ = အကျိုးပေး နုံ့ဖျင်းသောကံ၊ ညံ့သောကံ။

၅။ ကံမျက်စိလယ် (လည်)လို့မှ = ကောင်းသောကံသည် ရေသည် မိန်းမထံသို့လမ်းမှား၍မျှရောက် မလာ။

၆။ ကိုးဌာနဘုံ = (၃၁) ဘုံကို ကိုယ်၊ ရုပ်နှင့်ပဋိသန္ဓေ စိတ်ကိုစွဲ၍ အမျိုးခွဲခြားပြသောအခါ ရသောကိုးဘုံ။

၇။ ကိုးမျက်စုံ = ကျောက်မျက်ရတနာကိုးပါးစုံလင် စွာ စီခြယ်ထားသော။

၈။ ကောက်လျှင် = စိုက်သည့်ရက်မှ ရက်ပေါင်း ၁၄၀-၁၅၀ အတွင်းမှည့်သောသက်နု စပါးမျိုး။ ကောက်ငယ်၊ ကောက်ကြီး စသောစပါးတို့ထက် သီးလွယ်၍ အလျင်အမြန် စားသုံးရသောစပါး။

၉။ ကင်းဝတ်လှည့် = ခိုးသား၊ ရန်သူတို့၏ အသွားအလာကို လှည့်လည်စောင့်ကြည့်သည်။

၁၀။ ကန္တာရ = သွားလာရန် ခက်ခဲကြမ်းတမ်းသော ခရီး၊ ခရီးခဲ။

၁၁။ ကုမ္ဘဏ် = နတ်ဘီလူးတစ်မျိုး။

၁၂။ ကုံလုံ = ပြည့်စုံသည်။ လုံလောက်သည်။ ကြွယ်ဝသည်။

၁၃။ ကိုယ်လုပ်တော် = ရှင်ဘုရင်၏အပါးတွင် အလုပ်အကျွေး ပြုရသောမယား။ မိဖုရားကြီးထက် အဆင့်နိမ့်၍မောင်းမထက်အဆင့်မြင့်သူ။

၁၄။ ကျိကျိတက် = (ငွေကြေး) အလွန်များပြားစွာ။

၁၅။ ကျိုးရာမဲ့သီး = အကျိုးမရှိ။

၁၆။ ကျတ်တွင်း = တောတွင်းတိရစ္ဆာန်များ ဆားလိုငှာ လျှက်ရ သောက်ရသော ဆားတွင်း ဆားကျင်း။

၁၇။ ကျိုင်း = အရိုးရှည်တပ် ထီးသဏ္ဌာန်၊ မင်း၊ မှူးမတ်အဆောင်အယောင်တစ်မျိုး။

၁၈။ ကြငှန်း = ထီးနန်း။

၁၉။ ကြက်မခွပ် = ဖွံ့ကြီးစွာလုပ်သည်။

၂၀။ ကြိတ်စာကျေ = အလွန်သေးဖွဲ့သိမ်နုပ်၊နည်းပါးသော။

၂၁။ ကြိမ် = တွေ့ဆုံသည်။ ကြုံကြိုက်သည်။

**ခ**

၂၂။ ခုတင်ခု = ခဏာခဏာ။

၂၃။ ခုနစ်ချောင်းညို့ = စောင်းတီးရာတွင် အရင်း မူလအသံ (၇) ပါး။

၂၄။ ခန်းဝါ = နေရာ၊ အရပ်။

၂၅။ ချောပို့ = ခရီးစခန်းတစ်ခုမှတစ်ခုသို့ ခရီးသည်၊ ကုန်ပစ္စည်း စသည်တို့ကို အဆင့်ဆင့် ပို့ဆောင်သည်။

၂၆။ ချက်ကောင်း = အခွင့်ကောင်း။ အခါကောင်း။ အလုပ် အကြံအောင်နိုင်ဖွယ်အကြောင်း ထိရောက်သည့်အချက်။

၂၇။ ချွတ်ခြုံ = ခါးဝတ်ကိုပင်ချွတ်၍ ခြုံရလောက် အောင်ဆင်းရဲသည်။ ဘာမျှမရှိလောက် အောင်မွဲသည်။

**င**

၂၈။ ငါးကွင်းဥသျှောင် = ဥသျှောင် ငါးခုရှိသော နတ်သား။ သိကြားမင်းအသုံးတော်ခံ စောင်းတီး နတ်သား (ပဉ္စသီခနတ်မင်း)။

**စ**

၂၉။ စကားဖန် = ကြားဖြတ်ကာ သိုင်းဝိုင်းချဲ့ထွင်ဖန်တီး ပြောဆိုသောစကား။

၃၀။ စရိယ = အကျင့်။

၃၁။ စာဂ = စွန့်ကြဲပေးကမ်းခြင်း။

၃၂။ စက်စုံ = ခြေတော်စုံ။

၃၃။ စင်းလုံးချွတ် = အလုံးစုံ။

၃၄။ စစ်စစ်ပေါက်ပေါက် = ချွေချွေ တာတာ။ စစ်စစ် စီစီ။ စေ့စပ်စွာ။

၃၅။ စွန့်ခြင်းငါးရပ် = ဥစ္စာပစ္စည်း ဝတ္ထုတို့ကို စွန့်ခြင်း၊ မယားကို စွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကိုစွန့် ခြင်း၊ အသက်ကိုစွန့်ခြင်း။

**ဆ**

၃၆။ ဆိုင်းပေါင်ကျိုး = ထမ်းပိုးဖြင့်ထမ်းသော ဆိုင်းတို့၏အောက်ခြေတွင် သစ်သားပေါင်ခံလေ့ရှိရာ ထိုသစ်သားပေါင်ကျိုးနေသော ဆိုင်းထမ်း။

၃၇။ ဆန်တွင်းက နက်လွန်းလို့ = ဝမ်းရေးခက်လွန်းလို့။

၃၈။ ဆုံးပါး = ကွယ်လွန်သည်။ သေသည်။

ဇ

၃၉။ ဇာတာထွန်းပေါ် = ကံကောင်းသည်။

၄၀။ ဇေယျတု = အောင်မြင်ကြောင်း မင်္ဂလာစကား (မင်္ဂလာရှိစေရန် ပထမဆုံးဆိုသည့် စကား၊ အောင်စေသတည်းဟု အဓိပ္ပာယ်ရသည်)။

၄၁။ ဇင်ဂလယ် (ဂျင်ဂလယ်) = တိုင်းငယ် ပြည်ငယ်။

၄၂။ ဇမ္ဗူ = မြင်းမိုရ်တောင်၏ တောင်ဘက်တွင်ရှိ ဇမ္ဗူသပြေပင် ပေါက်သောကျွန်း။ ဇမ္ဗူဒိပ်ကျွန်း။

၄၃။ ဇမ္ဗူမင်းစံ = စံပြုလောက်သော ဇမ္ဗူရာဇ်ရွှေမျိုး။

၄၄။ ဇမ္ဗူမှာရှားလွန်းလို့ = ကမ္ဘာပေါ်တွင် အလွန်ရှားလွန်းလို့။

ည

၄၅။ ညာဇမ္ဗူမော် = ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းလုံး ကျော် ကြားသော။

တ

၄၆။ တစ်ဆိတ်စာ = မပြောပလောက်သောပမာဏ၊ အနည်းငယ်။

၄၇။ တထီးလွှားလွှား = ဆင်းရဲပင်ပန်းကြီးစွာအားသွန်ခွန်စိုက် ပြု၍။

၄၈။ တဏှာ = လိုချင်တပ်မက်ခြင်း။

၄၉။ တရကြွ = အပြင်းအထန်၊ အတင်းအကြမ်း။

၅၀။ တလတွန်း (တရတွန်း) = အဆက်မပြတ်။ အတင်းအကြမ်း။

၅၁။ တာဝန်း = အကွာအဝေး။ အတိုင်းအရှည်။

၅၂။ တာဝတိံသာ = နတ်ပြည်ခြောက်ထပ်တွင် ဒုတိယမြောက်အထပ်။

၅၃။ တူရူ = မျက်နှာမူရာ ရှေ့တည့်တည့်။

၅၄။ တောင်တာ = ခရီး။ ရှည်လျားဝေးလံသောခရီး။

၅၅။ တစ်ရှူမနား = အသက်မျှမရှူ မရပ်မနားဘဲ။

၅၆။ တန်း = အချုပ်ခန်း၊ ရာဇဝတ်မှုကို စစ်ဆေးဆဲ အခါ ချုပ်ထားသောနေရာ။

၅၇။ တယ်ကရ = ဂရုမစိုက်၊ မလေးမစား။

ထ

၅၈။ ထူး = ဆင်သတ္တဝါတို့၏ လှုပ်ရှားသွားလာမှုကို ချုပ်ထိန်းရန် ခြေတွင်တပ်ဆင်ထားသော ခြေချင်း။

၅၉။ ထဲသံရည်ရော် = ဆန္ဒပြင်းစွာ နှလုံးသွင်းသည်။ စိတ်တွင် စူးစိုက်အာရုံပြုသည်။

ဒ

၆၀။ ဒလဟော = အဆီးအတားမရှိ၊ အရှိန်ပြင်းစွာဖြင့်။

ဓ

၆၁။ ဓမ္မတာ = ဖြစ်မြဲတရား။

န

၆၂။ နရက် = ငရဲ။

၆၃။ နိဒါန်းသွယ်လို့ = အကြောင်းစပ်သွယ်လို့။

ပ

၆၄။ ပဆစ်အိမ် = အဖာအစပ်များလွန်း၍ ပဆစ်အိမ်ကွက်များကဲ့သို့ ဖြစ်နေသော ထဘီ။

၆၅။ ပါရမီ = ဘဝအဆက်ဆက် ဖြည့်ဆည်းအပ်သော အလေ့အထုံ။

၆၆။ ပီလော = ချွဲကျိသော အရည်ထွက်သည့် အရွက်ကိုဟင်းချိုချက်၍ သောက်ရသော အပင် တစ်မျိုး။

၆၇။ ပူဆာညိုးခွေ = လိုအင်ဆန္ဒ မပြည့်ဝခြင်းကြောင့် စိတ်ထိခိုက် နွမ်းလျသည်။

၆၈။ ပက္ကလာ = နေ၊ မိုးကာကွယ်ရန် လယ်သူမများ ဆောင်းလေ့ရှိသောစလူ၊ ဝါးဖပ်စသည် ကို နှီးဖြင့်ချုပ်သတ် ပြုလုပ်ထား၍ ကျောပြင်ပါလုံသည့် ခေါင်းဆောင်းရှည် တစ်မျိုး။

၆၉။ ပေါက်ပေါက်ရှုရှု = ပေါက်ပေါက်မြောက်မြောက်။

၇၀။ ပေါင်းလန် = (လှေ၊ လှည်းပေါင်းမိုး၊ တောင်း၊ တင်း စသည်မဆံ့အောင်) များပြားပြည့်လျှံ သည်။

၇၁။ ပစ္ဆုပ္ပန် = မျက်မှောက်ကာလ။ မျက်မှောက်ဘဝ။

၇၂။ ပတ်ကြမ်းတီး။ = ဇာတ်ကရာ တိုက်ခိုက်ခန်းမျိုးတွင် ပတ်မကြီးသံညံစေလျက် အကြမ်းတီး မှုတ်သည်။

၇၃။ ပတ်တိတ်လို့ပိန်း = လုံးဝပြီးပြတ်သည်။

၇၄။ ပိတ်ပိတ်ပျောက် = လုံးဝပျောက်သည်။

၇၅။ ပုံ့ပျူး = သာယာ။

၇၆။ ပြာသာဒ်ဘုံပျံ = အထက်သို့ပျံတက်သွားသည့်ဟန် ဘုံအဆင့် ဆင့်ပါရှိသည့်အဆောင်။

၇၇။ ပြက်သိကာ = အနည်းငယ်။ ပါသည်ဆိုရုံမျှ အတိုင်းအဆ ပမာဏ။

၇၈။ ပြောင်း = နှံစားပြောင်း။

ဖ

၇၉။ ဖွတ်မင်းနောင် = ဖွတ်မင်း၏ အစ်ကိုခေါ်ရလောက်အောင် မွဲသူ။

ဗ

၈၀။ ဗရပျစ် = ရောထွေး စုခဲရှုပ်ပွေလျက်။

၈၁။ ဗလချာ (ဗရချာ) = စုတ်ဖွာသည်။ ညံ့ဖျင်းသည်။

၈၂။ ဗေလုဝစောင်း = ပဉ္စသီခနတ်သား၏စောင်းအမည်။

၈၃။ ဗောဓိဆုယူ = ဘုရားဆုကိုတောင်းသော။

၈၄။ ဗောဓိသတ် = ဘုရားလောင်း။

၈၅။ ဗုဒ္ဓင်္ကုရ = ဘုရားလောင်း။

ဘ

၈၆။ ဘရုံတောက်တီး = အစီပွာယ်မရှိဘဲ ရောက်တတ်ရာရာ။

၈၇။ ဘဝဂ် = ၃၁ဘုံတွင်အထက်ဆုံးဘုံ။ အထက်ဘုံ။

၈၈။ ဘိသိက်ပွဲ = ရေစင်သွန်း၍ မင်္ဂလာပြုသည့်အခမ်းအနား။

၈၉။ ဘောက်စရာ = ဘာပြုစရာ။

၉၀။ ဘုန်းကံဆောက်ဦ = ဘုန်းတန်ခိုးကြီးဖွယ်ကုသိုလ်အထောက်အပံ့။

၉၁။ ဘုန်းပော့ = ဘုန်းရှိသော။

မ

၉၂။ မနုံနဲ့ = မညံ့ဖျင်း။

၉၃။ မဟာဥပရာဇ် = အိမ်ရှေ့မင်း။

၉၄။ မုရင်း = မိုးကုန်ပြီးနောက် ဆောင်းတွင်းနှင့် နွေအခါတွင်ရေသွင်း၍ စိုက်ပျိုးလေ့ ရှိသော စပါးတစ်မျိုး။

၉၅။ မဂ် = နိဗ္ဗာန်ဝင်ရာလမ်းကြောင်း။

၉၆။ မင်္ဂလံ = မင်္ဂလာ။ အလိုပြည့်ခြင်း။ အောင်မြင်ခြင်း။ ကြီးပွားခြင်း။ ပြည့်စုံခြင်း။

၉၇။ မင်းမန္တာတ် = စကြဝတေးမင်း။

၉၈။ မောင်းမမိဿံ = ဘုရင်၊ မိဖုရားတို့၏အခြံအရံ၊ နန်းတွင်း အမှုလုပ်မိန်းမများ။

၉၉။ မြကေသျှောင် = ဆံထုံး။

၁၀၀။ မြောက်စံအိမ် = နန်းတော်မြောက် အိမ်ရှေ့မင်းနေရာ အိမ်။

၁၀၁။ မြင်းမိုရ် = စကြဝဠာကျွန်းလေးကျွန်း၏ အလယ်ဗဟိုရှိ ယူဇနာရှစ်သောင်းလေးထောင် မြင့်သောတောင်ကြီး။

၁၀၂။ မှန်ဝိုင်း = မှန်စီရွှေချထားသော ဆိုင်းဝိုင်း။

ယ

၁၀၃။ ယူဇနာ = ခရီးအကွာအဝေး အတိုင်းအတာ။ (၁၂. ၇၂ မိုင်နှင့် ညီမျှသည်။)

၁၀၄။ ယေဘုယျ (ယေဘုယျ) = အများအားဖြင့် ဖြစ်တတ်ပျက်တတ် သောသဘော၊ အတိအကျမဟုတ် သောအကြမ်းဖျင်းသဘော။

ရ

၁၀၅။ ရဝေ = နန်းတော်။

၁၀၆။ ရာဂီမြူမျှင် = ကာမဂုဏ်၌ ပြင်းစွာစွဲမက်သော စိတ် ဆန္ဒမြူ အညစ်အကြေး။

၁၀၇။ ရာဇဝသတီ ကျမ်းဂန္ထီ = မင်းခစားများနှင့်ပတ်သက်သည့် ခက်ခဲနက်နဲသော ကျမ်းဂန်များ။

၁၀၈။ ရှောင့်ရဲ = ကျေနပ်တင်းတိမ်သည်။

၁၀၉။ ရွှေးတော်ယူ = ဆင်တပ်တော်အတွက် ရွေးကောက် ခြင်းခံရသော'ရွေးဆင်'တို့ဝင်ထွက်ရာ ရွှေနန်းတော်သစ် တပ်အရှေ့မျက်နှာ တံခါး။

၁၁၀။ ရွှက်အုပ်သီး = လူသူမသိမမြင်စေဘဲ၊ သိုဝှက်လျက်။

၁၁၁။ ရွှက်အုပ်သီးပူ = ကြိတ်၍ပူရသည်။

၁၁၂။ ရွှေတောင် = ထီးနန်း။

လ

၁၁၃။ လူကပ်ပါး = တစ်ရပ်တစ်ကျေးမှ လာရောက်နေ ထိုင်သူ။ သူတစ်ပါးထံတွင် ကပ်မြှောင် ၍ခိုမှီနေထိုင်သူ။

၁၁၄။ လောကဓံ = လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော ဆူကြုံ၊ နိမ့်မြင့်သဘောတရား။

၁၁၅။ လောကသုံးဖြာ = ကာမ၊ ရူပ၊ အရူပ ဟူသော လောက သုံးပါး။

၁၁၆။ လက်ပမ်းပေါက် = စိတ်မာန်တက်ကြွသည့်အခါမျိုး၊ ဝင့်ကြွားလိုသော အခါမျိုး၌ လက် တစ်ဖက်ကိုကွေး၍ ပိုက်ပြီးရင်အုပ်နှင့် လက်မောင်းကွေးဆုံရာချိုင့်ကို ကျန်တစ်ဖက်လက်ဝါးဖြင့် တဖြောင်းဖြောင်းမြည်အောင် ရိုက်ခတ်ခြင်း။

၁၁၇။ လှမနော် = လှပသောမနော်နတ်သမီး။

၁၁၈။ လျှော်တေ = သစ်ပင်မြက်ပင်မှရသောလျှော်ဖြင့် ပြုလုပ်ထားသည့်သက်န်း။

ဝ

၁၁၉။ ဝေဝုစ် = စကားပရိယာယ်။

၁၂၀။ ဝေါယာဉ် = ဘုရင်၊ အိမ်ရှေ့မင်းနှင့် ဘုရင့် အသနားတော်မြတ်ခံရသည့် ပုဂ္ဂိုလ်တို့သာ စီးနင်းရသော လူထမ်းသည့် ယာဉ်တစ်မျိုး။

| | | |
|---|---|---|
| ၁၂၁။ | ဝက်စားကျင်း | = ဝက်များအစာထည့်ကျွေးရန် လုပ်ထားသော / သစ်သားခွက်ရှည်။ |
| ၁၂၂။ | ဝက်စားကျင်း ကော် | = ကျေးဇူးကန်းသည်။ |
| ၁၂၃။ | | |
| ၁၂၃။ | ဝေဿဝဏ်နတ် | = နတ်မင်းကြီးတစ်ပါး။ |

**သ**

| | | |
|---|---|---|
| ၁၂၄။ | သာကီလုံးမျက် ဖျော် | = သာကီဝင်အနွယ်ဖြစ်ပြီး ကြည့်၍ ကောင်းသော၊ လှပတင့်တယ်သော မိဖုရား။ |
| ၁၂၅။ | သံသရာ | = ဘဝအသစ်ဖြစ်ခြင်းဖြင့် အစဉ်မပြတ်ဘဲ အဖန်တလဲလဲ ကျင်လည်ရာဘဝစက်။ (တပြောင်းပြန်ပြန်ကျင်လည်ရာ။) |
| ၁၂၆။ | သံသာကမ်းရပ် | = သံသရာ၏တစ်ဖက်ကမ်း၊ နိဗ္ဗာန်။ |
| ၁၂၇။ | သော်မှော် | = ပန်းပု ပန်းကြွတစ်မျိုး။ |
| ၁၂၈။ | သကြ်န်ယင် | = ခေါင်းဆေးမင်္ဂလာပြုသည်။ |
| ၁၂၉။ | သိင်္ဂီ | = ရွှေကောင်းတစ်မျိုး။ |
| ၁၃၀။ | သိင်္ဂီသော်မှော် | = နုပ်နုပ်စစ၊ လှလှပပရွှေပွင့်ကလေးများ ကြဲထားသောပန်းကြွ။ |
| ၁၃၁။ | သိုင်းနင်းကွက်ကျ | = သိုင်းသမားတို့၏ ခြေနင်းကွက် စနစ်တကျ နင်းသကဲ့သို့ ခြေလှမ်း ခြေကျမှန်မှန်ဖြင့်။ |
| ၁၃၂။ | သန်းခေါင်မောင်း | = သန်းခေါင်တွင် သာယာစွာ မြည်သောစောင်း။ |
| ၁၃၃။ | သဗ္ဗ | = အလုံးစုံ၊ အကုန်။ |
| ၁၃၄။ | သဗ္ဗညုဉာဏ် | = အလုံးစုံသိသောဉာဏ်၊ ဘုရားဉာဏ်။ |
| ၁၃၅။ | သမ္ဘာ | = ဘဝအဆက်ဆက် ပါရမီဖြည့်တင်းမှု ကြောင့် ဖြစ်ပေါ်လာသောဘုန်းကံ။ |
| ၁၃၆။ | သိမ်ဖျင်း | = သေးနုပ်ညှံ့ဖျင်းသည်။ |
| ၁၃၇။ | သုံးလွန်းလိမ် ခါးတင်ထိုး | = ခါးတွင်ထဘီအထက်နားကိုသုံးလိမ် နာနာကျစ်၍ ထိုးထားသည်။ (ထဘီတိုတို ခိုင်ခိုင်ဝတ်သည်ဟု ဆိုလိုသည်။) |
| ၁၃၈။ | သုံးသွယ်စရိယ | = လောကအကျိုးငှာကျင့်ခြင်း၊ ဆွေမျိုး အကျိုးငှာကျင့်ခြင်း၊ ဘုရားဖြစ်ခြင်း အကျိုးငှာကျင့်ခြင်း။ |

**အ**

| | | |
|---|---|---|
| ၁၃၉။ | အကျော်ဇေယျ | = အောင်မြင်ကျော်ကြားခြင်း။ |
| ၁၄၀။ | အခန့်သင့် | = အကြောင်းအခွင့်တိုက်ဆိုင်သည်။ |

၁၄၁။ အစပ်တည့် = ပြေပြစ်ဆီလျော်သည်။ သင့်လျော် ညီညွတ်သည်။

၁၄၂။ အစိမ်းဖမ်း = အချိန်မဆွဲဘဲ၊နှုးနှပ်မနေဘဲအမိအရ ယူသည်။

၁၄၃။ အဆောင် = ကိုယ်နှင့်မကွာဆောင်ယူသောပစ္စည်း။

၁၄၄။ အထီးကျန် = ခိုကိုးရာမဲ့ဖြစ်သည်။ ဆင်းရဲမွဲတေသည်။

၁၄၅။ အနဂ္ဃရတနာ = အတိုင်းမသိ တန်ဖိုးရှိသောရတနာ။

၁၄၆။ အနန္တ = အဆုံးမရှိသော။ အပိုင်းအခြားမရှိသော။

၁၄၇။ အဖတ်တင် = ပိုင်ဆိုင်သောအရာအဖြစ် ကြွင်းကျန် ရစ်သည်။ အကျိုးအမြတ်ကျန်သည်။

၁၄၈။ အမြိုက်နက်တံ = သေခြင်းကင်းမဲ့သောအဖြစ်။ နိဗ္ဗာန်။
(ထူးမြတ်ရာအစစ်အမှန်ဖြစ်သော နိဗ္ဗာန်။)

၁၄၉။ အလျှင်း = အရှင်း။ လုံးဝမပါရှိ။

၁၅၀။ အဝီစိ = ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးဖြစ်သော ငရဲ၏အမည်။

၁၅၁။ အာဂပါးစပ် = သာမန်မဟုတ်သော။ ထူးခြားသောပါးစပ်။

၁၅၂။ အာရုံ = စိတ်၏ကျက်စားရာ။ စိတ်၏မှီတွယ်ရာ။

**ဣ**

၁၅၃။ ဣန္ဒြေ = ကိုယ်၊ နှုတ် စသော အမူအရာတို့ကို စောင့်စည်းမှု။

**ဥ**

၁၅၄။ ဥကင် = ရာဇပလ္လင်၏အထက်ပိုင်းအထွတ်။ မြင့်မြတ်သောအရာ။

၁၅၅။ ဥက္ကဌ် = အထွတ်အထိပ်။ အကြီးအမှူး။ ဦးခေါင်း။

၁၅၆။ ဥပဒ္ဒဝေါ = မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်လာသော ဘေးအန္တရာယ်။

**ေ**

၁၅၇။ ကေရာဇ် = တစ်ပါးတည်းသောမင်း။